





# မြတ်ဗုဒ္ဓ၏ သိပ္ပံနည်းကျ အဆင့်မြင့် ဝိပဿနာ

## (အပါယ်ကင်းလွတ်ရေးတရား)



(ပဋိစ္စသမုပ္ပါဒ်သင်တန်းတရား)

**ဖေမျာမင်း (ကောဝဂူ)**

ဒုတိယအကြိမ်

ရတနာမြတ်သုံးပါးအား ဦးထိပ်ထားလျှက်ဓမ္မပူဇာအဖြစ်
ကျေးဇူးတုံ့ဆပ်ပူဇော်ပါသည်။

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

**စာအုပ် တစ်အုပ်၊ နှစ်အုပ်၊ သုံးအုပ်၊ စသည့် အလှူရှင်များကို**

**စာမျက်နှာအခက်အခဲကြောင့် တစ်ဦးချင်း**

**ဖော်ပြနိုင်ခြင်းမရှိပါသဖြင့်**

**သည်းခံခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါသည်။**

“ဤကောင်းမှုကုသိုလ်ကံစေတနာအပေါင်းတို့ကြောင့်
သတ္တဝါများ သမ္မာသမ္ဗုဒ္ဓဘုရားရှင်၏ တရားတော်မြတ်ကို
သိမြင်ကျင့်ကြံအားထုတ်နိုင်ကြပါစေ။”

# မင်္ဂလာ ကုသိုလ်စာလွှာ
# မင်္ဂလာပြုပါရစေ

ဤ ““မြတ်ဗုဒ္ဓ၏ သိပ္ပံနည်းကျ အဆင့်မြင့်ဝိပဿနာ (အပါယ်ကင်းလွတ်ရေးတရား)”” စာအုပ်ကို ------------------------
------------------------------------------------------------
------------------------------------------------------------
တို့အားဝမ်းမြောက်ဝမ်းသာလှူဒါန်းပါသည်။

ဤ မင်္ဂလာကုသိုလ်သည် အကျွန်ုပ်တို့အတွက် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်ပါစေ။

ဤ မင်္ဂလာကုသိုလ်အဖို့ကိုလည်း မိဘဆရာအစထား၍ ၃၁ ဘုံသား တို့အား အမျှပေးဝေပါ၏။

အမျှ . . . . . . အမျှ . . . . . . အမျှ ယူတော်မူကြပါ။

ကောင်းမှုရှင်

------------------------------------------

------------------------------------------

------------------------------------------

နေ့စွဲ ။ ။ ------------------------

## ပုံနှိပ်မှတ်တမ်း

ကွန်ပျူတာစာစီ - ဥမ္မာမြင့်
အတွင်းဖလင် - ပုံရိပ်ရှင်
မျက်နှာဖုံးဒီဇိုင်း - မီးမီး "စတား"
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၀၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ဒုတိယအကြိမ်၊ ၂၀၁၀၊ မေလ

---

သာသနာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ၊ သာသနာရေးဦးစီးဌာနက ထုတ်ဝေ၍
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ဦးဌေးလှိုင် (မြ-၀၂၄၅၃)
ခရီးဖော်ပုံနှိပ်တိုက်၊ အမှတ်(၇၅)၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၆၆၁၄၆၅ တွင် ရိုက်နှိပ်သည်။

ဆက်သွယ်ရန် -

ဦးဝင်းမောင်
အမှတ် (၁၃၉)၊ ၂ လမ်း(မြောက်)၊ အရှေ့ကြို့ကုန်း
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၄၁၇၃၃၊ ၅၅၁၅၃၇၊ ၅၅၁၅၃၀၊ ၀၉-၅၂၄၀၁၄၁
ဦးမြင့်လွင်
ဖုန်း - ၀၉-၅၂၄၀၉၁၉၊ ၀၀၄-၅၁၉၀၉



ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိမလမဟာထေရ် ရဟန္တာအရှင်မြတ်



မိုးကုတ်ဆရာတော်ဘုရားကြီး

ဒွိပိဋကဓရ၊ ဝိနယဓရ၊ ဝိနယဝိဒူ၊ ဒီဃဘာဏက
ဒီဃနိကာယကောဝိဒ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်ကြီး၏ မဟာနာယက



**ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ**

# ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတ
# မိုးညှင်းသိင်္ဂီကျောင်းတိုက်



(၁၆) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း

☎ - ၀၉၅၁-၉၆၁၂၇

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အရှင်ပဏ္ဍိတ(ဒွိပိဋကဓရ)၏အမှာစာ | |
| ၂။ | ပိုင်းလော့ဆရာတော်၏အမှာစာ | |
| ၃။ | နိဒါန်း | က |
| ၄။ | ကမ္ဘာစောင့်တရားနှစ်ပါး | ၁ |
| ၅။ | ဆုတ်ကပ်တက်ကပ် | ၃ |
| ၆။ | ဒုစရိုက်(၁၀)ပါးပေါ်ပေါက်လာခြင်း | ၃ |
| ၇။ | မျက်မှောက်ခေတ်ကာလ | ၅ |
| ၈။ | ကမ္ဘာစောင့်တရားကြီး(၂)ပါးကိုထိန်းနိုင်လျှင် | ၆ |
| ၉။ | အဘိဓမ္မာပညာကိုသင်ယူဆည်းပူးကြလျှင် | ၇ |
| ၁၀။ | ယန္တရခေတ်အတိတ်ဘဝ အထောက်အထားများ | ၁၁ |
| ၁၁။ | ဝိပဿနာတရားနှင့်တွေ့ရှိပုံ | ၁၈ |
| ၁၂။ | စူဠသောတာပန်နှင့်ကလျာဏပုထုဇဉ် | ၂၄ |
| ၁၃။ | ကမ္မဿကတဉာဏ် | ၂၅ |
| ၁၄။ | သုံးဆယ့်တစ်ဘုံ | ၃၃ |
| ၁၅။ | ငရဲကြီးရှစ်ထပ် | ၃၄ |
| ၁၆။ | အပါယ်လေးပါးကျရခြင်းအကြောင်း | ၃၉ |
| ၁၇။ | အကုသိုလ်ဒုစရိုက်(၁၀)ပါး | ၃၉ |
| ၁၈။ | ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ၊ ကဋတ္တာကံ | ၄၁ |
| ၁၉။ | ကြောက်စရာသေခါနီး | ၄၄ |
| ၂၀။ | ဘာဝနာနှစ်ပါးသာလျှင် အားကိုးဘွယ် | ၄၅ |
| ၂၁။ | ဝိပဿနာကုသိုလ်အကျိုးပေးပုံ | ၄၆ |
| ၂၂။ | သစ္စာနုလောမိကဉာဏ် | ၄၈ |

| | | |
|---|---|---|
| ၂၃။ | သမုတိသစ္စာ၊ ပရမတ္ထသစ္စာ | ၄၉ |
| ၂၄။ | ယထာဘူတဉာဏ် | ၅၄ |
| ၂၅။ | တရားအားထုတ်သည့်ပုဂ္ဂိုလ်(၄)မျိုး | ၅၅ |
| ၂၆။ | အဟိတ်(၃)မျိုး၊ အဟိတ်ပုဂ္ဂိုလ်(၃)မျိုး | ၅၆ |
| ၂၇။ | နာမရူပပရိစ္ဆေဒဉာဏ် | ၅၇ |
| ၂၈။ | ခဏငယ်(၃)ချက် | ၅၉ |
| ၂၉။ | ပစ္စယပရိဂ္ဂဟဉာဏ် | ၆၁ |
| | (က) ရုပ်ဖြစ်ရခြင်းအကြောင်းရင်း(ကံ၊စိတ်၊ဥတု၊အာဟာရ) | ၆၁ |
| | (ခ) နာမ်ဖြစ်ရခြင်းအကြောင်းရင်း(အာရုံ၊ဒွါရ) | ၆၃ |
| ၃၀။ | ပဉ္စဒွါရနှင့် မနောဒွါရနှစ်ဆင့်ဖြစ်ပုံ | ၆၉ |
| ၃၁။ | အာရုံသိသဘော(ခန္ဓာငါးပါး)ဖြစ်ခွင့်ရသောနေရာများနှင့် | ၇၃ |
| | ဖြစ်ပေါ်သောစိတ်၊ ဝေဒနာများ | ၇၄ |
| ၃၂။ | အာရုံသိသဘောနှင့်ခန္ဓာ့လမ်းစဉ် | ၇၅ |
| ၃၃။ | အာရုံဒွါရတည်ဆောက်ပုံ | ၇၅ |
| ၃၄။ | ပဋိစ္စသမုပ္ပါဒ်တရားတော်(အကျဉ်း) | ၇၈ |
| ၃၅။ | ပဋိစ္စသမုပ္ပါဒ်အနုလုံပါဠိ | ၇၉ |
| ၃၆။ | ပဋိစ္စသမုပ္ပါဒ်ပဋိလုံပါဠိ | ၈၁ |
| | (က) မူလနှစ်ဖြာ(အဝိဇ္ဇာ၊တဏှာ) | ၈၂ |
| | (ခ) သစ္စာနှစ်ခုဖြင့်လည်ပုံ | ၈၃ |
| | (ဂ) ဝဋ်သုံးဝနှင့်လည်ပုံ | ၈၄ |
| | (ဃ) အခြင်းအရာနှစ်ဆယ်ဖြင့်လည်ပုံ | ၈၅ |
| ၃၇။ | ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံ | ၈၇ |
| ၃၈။ | အလင်းလေးမျိုး | ၈၈ |
| ၃၉။ | တကယ့်တရားသားနှင့်သမုတ်တဲ့စကားခွဲခြားနားလည်ရန် | ၈၉ |

၄၀။ ဝိဇ္ဇာ(အရှုညဏ်)နှင့်အဝိဇ္ဇာ(ပညာနှင့်မောဟ) ၉၀
၄၁။ ဗုဒ္ဓ၏အဘိဓမ္မာအကျဉ်း ၉၂
၄၂။ ခန္ဓာငါးပါးအမည်နှင့်ဖြစ်ပေါ်လာပုံ ၉၄
၄၃။ ဘုရားရှင်ပြုနိုင်ခဲ့သောအရာ ၉၄
၄၄။ မျက်မြင်အထည်ခန္ဓာနှင့်ခန္ဓာငါးပါး ၉၆
၄၅။ ပညာအလင်းအစွမ်းပြနိုင် ၉၇
၄၆။ လူမိုက်နဲ့ပညာရှိ ၉၉
၄၇။ မောဟနှင့်ပညာဖြစ်ပေါ်ရခြင်း၏အကြောင်းအခြေခံ ၁၀၁
၄၈။ ဗုဒ္ဓပေးခဲ့သောဥပမာဝတ္ထု ၁၀၂
၄၉။ ပိုင်းလော့ဆရာတော်၏တိုက်တွန်းချက် ၁၀၃
၅၀။ သက္ကာယနှင့်သက္ကာယဒိဋ္ဌိ ၁၀၄
၅၁။ ဒုက္ခသစ္စာ "ခန္ဓာငါးပါး" သက္ကာယနှင့် သက္ကာယဒိဋ္ဌိ(၂၀) ၁၀၈
၅၂။ စောင်းအိမ်နှင့်စောင်းသံ ၁၀၉
၅၃။ ခန္ဓာငါးပါးဆိုတာ ၁၁၂
၅၄။ သန္တေလေးမျိုး ၁၁၉
၅၅။ တဏှာမာနဒိဋ္ဌိတို့ကိုသတ်ခြင်း ၁၂၄
၅၆။ အိန္ဒာသေသို့မောင်းနှင်ပို့ ၁၂၇
၅၇။ ခိုကိုးရာမဲ့တွယ်ရာမဲ့ အားနဲ့လှချေပါတကား ၁၂၉
၅၈။ ကိုယ်ပိုင်ဥစ္စာမရှိပါ ထားကာသွားရမှာပါတကား ၁၂၉
၅၉။ လိုမပြည့်ဝအားမရ တဏှာ့ကျွန်ကြီးပါတကား ၁၃၀
၆၀။ ဝိပဿနာ ၁၃၃
၆၁။ နေတံမမ၊ နေသောဟမသို့၊ နမေသောအတ္တာ ၁၃၆
၆၂။ အရှုညဏ်မဂ္ဂင်ငါးပါးနှင့် မဂ္ဂင်ရှစ်ပါး ၁၄၀
၆၃။ ဘဝ ၃-မျိုး ၁၄၁

၆၄။ ဝိပဿနာရှုရမည့်ခန္ဓာ ၁၄၁
၆၅။ ဝိပဿနာပညာ လိုရင်းတိုရှင်းသင်ကြားပုံ ၁၄၂
၆၆။ အနတ္တလက္ခဏာသုတ်လာ မြတ်ဗုဒ္ဓ၏အလုပ်ပေးတရား ၁၄၃
၆၇။ သစ္စာလေးချက်တစ်ပြိုင်နက် ၁၄၆
၆၈။ အချိန်တိုင်းတွေးနေရင်းဘဝပြောင်းနေသည် ၁၅၁
၆၉။ ပိုင်းလော့ဆရာတော်ဟောတဲ့သန္တေလေးမျိုး ၁၅၃
၇၀။ ခန္ဓာငါးပါးသည် ''ဆင်းရဲခြင်းအမှန်'' ဖြစ်ခြင်း ၁၈၀
၇၁။ ရှာကြီး(၆)ရှာမီးလောင်ကျွမ်းခြင်း ၁၈၁
၇၂။ မျက်စိရောဂါဝယ်ယူခြင်း ၁၈၂
၇၃။ ကိလေသာ ၁၈၃
၇၄။ ဓမ္မာရုံအကြောင်း ၁၈၅
၇၅။ ဘဒ္ဒေကရတ္တသုတ္တန် ၁၈၆
၇၆။ အဘိဈ္ဈာ ၁၈၇
၇၇။ အဘိဈ္ဈာဓါတ်ရဲ့အရေးကြီးပုံ ၁၈၈
၇၈။ အခေါ်အရှိနဲ့ တကယ့်အရှိ(ပညတ်နဲ့ပရမတ်) ၁၈၉
၇၉။ သောတာပတ္တိမဂ်ပုဂ္ဂိုလ်(စူဠသောတာပန်)နှင့် မဂ်(၄)ပါး၊ဖိုလ်(၄)ပါး ၁၉၀
၈၀။ မသေခင်ကပဋိသန္ဓေရနေပုံ ၁၉၁
၈၁။ ဝိပဿနာမဂ်နှင့်ဈာန် ၂၀၀
၈၂။ ဈာန်အင်္ဂါ(၅)ပါး ၂၀၁
၈၃။ ဝိပ္ပလ္လာသတရား(၁၂)ပါး ၂၀၂
၈၄။ လမ်းသုံးလမ်းဖြစ်ပေါ်လာပုံ ၂၀၅
၈၅။ လမ်းသုံးလမ်းပုံစံပြရှင်းတမ်း ၂၀၇
၈၆။ တဏှာကျော့ကွင်းမလွတ်ကင်းတရား ၂၁၅
၈၇။ မီး(၁၁)မီး ၂၁၅

၈၈။ ပုဂ္ဂိုလ်သတ္တဝါ သူငါမဟုတ် နာမ်ရုပ်မျှသာ ၂၁၆
၈၉။ ဖြစ်ပျက်မြင်မှနိဗ္ဗာန်ရ ၂၁၈
၉၀။ ခန္ဓာငါးပါးက ဖြစ်ပျက်မို့ ဒုက္ခသစ္စာကိုရှင်းခြင်း ၂၂၀
၉၁။ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ ၂၂၂
၉၂။ သေသွားတာက သမုဒယသစ္စာ ၂၂၂
၉၃။ နောင်ခန္ဓာမလာတာက နိရောဓသစ္စာ ၂၂၃
၉၄။ သစ္စာလေးချက်တစ်ပြိုင်နက်ကိုက်ညီပုံ ၂၂၃
၉၅။ အလှူခံပုဂ္ဂိုလ်(၁၄)ဦး (ဝါ)အပြစ်မှားခံပုဂ္ဂိုလ်(၁၄)ဦး ၂၂၆
၉၆။ သံသရာရှည်လျားပုံ ၂၂၇
၉၇။ ခင်ပွန်းကြီး (၁၀)ပါးကန်တော့ခန်း ၂၃၀
၉၈။ ဒါဏ် (၁၀)ပါး ၂၃၀
၉၉။ ခင်ပွန်းကြီးဆယ်ပါးတို့မှာ ၂၃၁
၁၀၀။ ခင်ပွန်းကြီးဆယ်ပါးကန်တော့ရန်ပြင်ဆင်ပုံ ၂၃၂
၁၀၁။ ခင်ပွန်းကြီးဆယ်ပါးကန်တော့ပုံ ၂၃၃
၁၀၂။ တဏှာအစပ်ဝိပဿနာရှုပွားပုံအလုပ်ပေးတရား ၂၃၈
၁၀၃။ ဝိပဿနာအားထုတ်ရာတွင် သတိပြုရမည့်အချက်များ ၂၃၉
၁၀၄။ ဖယ်ခွါရမည့်ပညတ် ၂၃၉
၁၀၅။ ဝိပဿနာအားမထုတ်မီ ပြုရမည့်ပုဗ္ဗကိစ္စများ ၂၄၀
၁၀၆။ ဝိပဿနာအားထုတ်ပြီး ပြုရမည့်ကိစ္စများ ၂၄၀
၁၀၇။ သံဝေဂလင်္ကာ(၄)ပိုဒ် ၂၄၀
၁၀၈။ နေ့စဉ်ဆင်ခြင်ပွားများရမည့်တရား ၂၄၀
၁၀၉။ ပိုင်းလော့ဆရာတော်၏ သံဝေဂအလုပ်ပေးတရားတော် ၂၄၁
၁၁၀။ အလုပ်ပေးတရား ၂၅၂
၁၁၁။ နိဂုံး ၂၅၈
၁၁၂။ ကျမ်းကိုး ၂၆၁



# ဆရာတော်ဦးပဏ္ဍိတ (ဒွိပိဋကဓရ)

ဒွိပိဋကဓရ၊ ဝိနယဓရ၊ ဝိနယဝိဒူ၊ ဒီဃဘာဏက၊
ဒီဃနိကာယသဂ္ဂဟကောဝိဒ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ
မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏မဟာနာယကဆရာတော်
၏

## အမှာစာ

သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ–

ဘုရားရှင်ဟောကြား မိန့်မှာတော်မူသောစကားအရ ပျော်စရာအားလုံးတို့တွင် တရားနှင့်ပျော်မွေ့တာ အကောင်းဆုံး၊ အချမ်းသာဆုံး၊ အပြစ်အကင်းဆုံး၊ အသန့်ရှင်းဆုံး ဖြစ်ပေသည်။

ပိဋကသုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဆိုသဖြင့် ပျော်စရာတရားတွေက အင်မတန် များပြားလှပေ၏။

စားစရာ ဟင်းခွက်၊ ဟင်းလျာများသော ထမင်းဝိုင်းကြီးပမာ တူလှပေသည်။ ဘယ်လောက်များများ ကောင်းမြတ်သောအရသာနှင့် ခွန်အားဓာတ်ကို ပေးစွမ်းနိုင်သော စွမ်းရည်ချင်းကတော့ တူညီပေ၏။ အကြိုက်ချင်း မတူညီလို့သာ ဟင်းခွက်ဟင်းလျာများနေရပေသည်။

ထိုနည်းတူစွာ နိကာယ်တွေ၊ ဓမ္မက္ခန္ဓာတွေ ဘယ်လောက်များများ၊ မကောင်းမှုဖယ်ရှား၊ ကောင်းကျိုးတရား တွေ တိုးပွားအောင် နိဗ္ဗာန်ပန်းတိုင်ရောက်အောင် ပို့ဆောင်နိုင်သော စွမ်းရည်ချင်းကတော့ မုချပုံသေ တူညီသည်မှာ ကေန်အမှန်ပင် ဖြစ်၏။

ယေဘာ ဓမ္မောဖြစ်သော်လည်း စရိုက်သဘာဝချင်း၊ နေရာချင်း၊ ဝေါဟာရ အသုံးအနှုန်း၊ အပြောအဆိုခြင်း၊ စသည်အချက်အလက် ကွဲပြားနေသောကြောင့် ဓမ္မခန္ဓာတွေ အများကြီး ဟောထားခဲ့ရပေသည်။

အားလုံး တိုက်ဆိုင်မှုရှိရင် သိပါစေ၊ မြင်ပါစေ၊ ကျင့်နိုင်ပါစေ အမြတ်တရားရပါစေ ဆိုတဲ့ စေတနာ မေတ္တာဖြင့် ရေးသားဖြန့်ဝေ သာသနာပြုသည်ဟု ဓမ္မအရသာ ခံစားမိပါ၏။ စာဖတ်သူအားလုံး၊ တရားအသိ ဓမ္မအလင်းရောင် ပွင့်ကာ တရားအရသာများ ခံစားသုံးဆောင်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုပါ၏။

အရှင်ပဏ္ဍိတ (ဒွိပိဋကဓရ)

# မိုးညှင်းသိဂ္ဂိကျောင်းတိုက် (ပိုင်းလှော့) ဆရာတော်၏ အမှာစာ



တန်ဘိုး မဖြတ်နိုင်တဲ့

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့

အဆုံးအမများကို သိပ္ပံအမြင် နှင့် ယှဉ်ပြီး

လက်လှမ်းမှီသမျှ ထဲထဲဝင်ဝင် စုဆောင်းတင်ပြ

မှတ်တမ်းတင်ထားတာမို့

ယောဂီ သူတော်စင်တို့အတွက်

အားထားထိုက်တဲ့

စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါတယ် လို့ . . .

ရှုမြင်ခံစားမိပါတယ်။

အရှင် ဇေယျပဏ္ဍိတ

# နိဒါန်း

စူဠသောတာပန်ဉာဏ်နှင့် မြတ်ဗုဒ္ဓ၏အလုပ်ပေးတရားတော်(အပါယ်ကင်းလွတ်ရေးတရား)(ပဋိစ္စသမုပ္ပါဒ် သင်တန်းတရား)စာအုပ်ကို စုစည်းရေးသားထုတ်ဝေပြီးနောက် ဓမ္မမိတ်ဆွေယောဂီသူတော်စင်များအနေဖြင့် နှစ်သက်သဘောကျကြောင်း၊ နားလည်သဘောပေါက်လွယ်ကြောင်းကြားသိရသည့်အတွက် ကျွန်ုပ်ရင်တွင်း၌ အတိုင်းမရှိဝမ်းသာပီတိ ဖြစ်ခဲ့ရပေသည်။

"အထက်နေပါအုန်း၊ အောက်လုံအောင်ဖုံး" ဆိုသည့်အတိုင်း နိဗ္ဗာန်ရဖို့ထက် အပါယ်မကျအောင် အရင်ဦးစားပေးကျင့်ကြံအားထုတ်ရမည် ဖြစ်ပါသည်။ ကမ္မဿကတဉာဏ်နှင့် သစ္စာနုလောမိကဉာဏ်(၂)ဉာဏ်တွင် ကမ္မဿကတဉာဏ်ရပြီးမှသာ သစ္စာနုလောမိကဉာဏ်ကို ရနိုင်ပေသည်။ သို့ပါ၍ ကျွန်ုပ်ရေးသားပြုစုသော စာအုပ်တိုင်းတွင် ဤဉာဏ်(၂)ဉာဏ်ကို အပိုင်း(၂)ပိုင်းစီခွဲ၍ တင်ပြထားခြင်းဖြစ်ပေသည်။ အပါယ်လေးပါး ကင်းလွတ်ရေးအတွက် အနည်းဆုံး စူဠသောတာပန်ဉာဏ် ရရှိစေရန် ယထာဘူတဉာဏ်(နာမရူပပရိစ္ဆေဒဉာဏ် နှင့် ပစ္စယပရိဂ္ဂဟဉာဏ်)ကို ရှင်းလင်းနားလည်အောင် ပြသထားပေသည်။ စူဠသောတာပန်ဉာဏ်သည် အပါယ်တံခါး တစ်ဘဝ နှစ်ဘဝပိတ်၍ ၄င်းတစ်ဘဝ နှစ်ဘဝအတွင်းမှာပင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရှိကာ ဉာဏ်တစ်ဆင့် တစ်ဆင့်မြင့်တက်ပြီး ဘုံစဉ်စံဖြင့်စံစား၍ နိဗ္ဗာန်ကို စံဝင်မည်ဖြစ်ပေသည်။

သေရေးထက်နေရေးကိုသာဦးစားပေးပြီး လောကီအာရုံကာမဂုဏ်တို့ဖြင့် ပျော်ပါးမော်ကြွားနိုင်ရန် ရှာဖွေ စုဆောင်းရင်း လောဘ၊ ဒေါသ၊ မောဟ တရားတို့ဖြင့်သာ သေဆုံးခြင်း လမ်းဆုံးကိုသာ ရောက်နေကြပေသည်။ လောဘ၊ ဒေါသ၊ မောဟ တရားတို့သည် အစုန်လမ်း (အပါယ်လေးဘုံ)ကို ရောက်စေနိုင်သော တရားများသာဖြစ်ပေသည်။ မြတ်စွာဘုရားရှင်ဟောကြားချက်အရ လူတစ်သိန်း သေ၍ လူ့ပြည်တစ်ယောက် ပြန်မရောက်နိုင်၊ နတ် တစ်သိန်းသေ၍ နတ်ပြည်တစ်ယောက် ပြန်မရောက်နိုင် အားလုံး အပါယ်လေးဘုံသို့သာ သွားကြသည်ဆိုသည့်အတိုင်း လူ့ဘဝတွင် ရေပွက်ပမာကာလသဲ့ လာရောက်၍ ပျော်ပါးမော်ကြွားနေထိုင်ပြီး အပါယ်လေးဘုံကို ပြန်ဆင်းနေရပါသည်။ ကျွန်ုပ်ကိုယ်တိုင် အပါယ်မကျချင်သလို တခြားပုဂ္ဂိုလ်များကိုလည်း မကျစေလိုပါ။ မြတ်စွာဘုရား၏ တရားတော်များကို လေ့လာအားထုတ်ပြီး အပါယ်လေးပါးမကျရောက်ရေး နည်းလမ်းများကို ရှာဖွေ၍ အပါယ်ကင်းလွတ်ရေးတရား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ဓမ္မဒါနပြုရေးသား ပြုစုထုတ်ဝေ

ခြင်းသာ ဖြစ်ပေသည်။ ပုထုဇဉ်အားလုံးသည် ဘယ်ဘဝကလာသည်ကိုမသိ ဘယ်ဘဝရောက်မည်ကို မသိ သေရမည်ကို သိသော်လည်း ဘယ်တော့သေရမည်ကို မသိကြပေ၊ မနက်ဖြန်သေရမည်၊ နောက်တစ်လသေရမည်၊ နောက်တစ်နှစ်တွင်သေရမည်၊ နောက်ဆယ်နှစ်တွင်သေရမည်ကို မသိသဖြင့် သေရေးထက် နေရေးကိုသာ ဦးစားပေးကာ ရှာဖွေစုဆောင်းနေကြပေသည်။ မနက်ဖြန်သေမည်၊ နောက်တစ်လတွင်သေမည်၊ နောက်တစ်နှစ်တွင်သေမည်ဟုသိပါက ဤသို့ကာမဂုဏ်အာရုံတို့ကို ရှာဖွေပြီး ပျော်ရွှင်စွာနေနိုင်မည် မဟုတ်ပါချေ။

တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ၊ သ·စ·အ၊ ပါဠိပါရဂူအဂ္ဂမဟာအကျော် အရှင်သိရိန္ဒာဘိဝံသ (ယော)၏ ''ကိုယ်ပိုင်အလုပ်ခပ်သုတ်သုတ်''ဟူသော ဓမ္မဒါနအဖြစ်ထုတ်ဝေသည့်စာအုပ်အတွင်းမှ ''ကိုယ်ပိုင်အလုပ်ကို တကယ်ဖေါ်ထုတ်နိုင်သောလူ့စွမ်းရည်(၅)ချက်ရှိ၏။ (၁) ယုံကြည်ချက် ခံယူချက်ရှိရမည်။ စိတ်ကျန်းမာရမည်။ (၂) ကိုယ်ကျန်းမာရမည်။ (၃) (တရားဝင်ရောက်နိုင်အောင်) ဖြောင့်စင်းရိုးသားရမည်။ (၄) အလုပ်နှင့်ထိုက်တန်သော လုံ့လအားကိုး ထုတ်သုံးနိုင်ရမည်။ ၁၀-ပိဿာဝန်ကို ၁-ကျပ်သားအားဖြင့်ချီမလျှင် နေရာမှပင်ရွှေ့မည်မဟုတ် (၅) အရှိအတိုင်း နားလည်သဘောပေါက်နိုင်သော အသိတရားရှိရမည်။ ထို (၅)မျိုးရှိမှကိုယ်ပိုင်အလုပ် သရုပ်ပေါ်လာလိမ့်မည်။ လူ့စွမ်းရည် အဖိတ်အစဉ် မရှိရအောင် အစဉ်နိုးချပ်သောသတိ ရှိရမည်။ သတိလွတ်သလောက် အဖိတ်အစဉ်အလေအလွင့် ပေါ်လာမည်။ မြုပ်၍ မျော၍လည်းသွားတတ်သည်။ သွားရင်း သွားရင်း လမ်းစပျောက်တတ်သည်။ မသေချာ မတိကျသော ကိုယ့်ဘဝ ကန့်သတ်ချက်ကိုလည်း သတိဉာဏ် အမြဲထား၍ ကြည့်နေတတ်ဖို့ အထူးလိုအပ်လှသည်။

ဘုရားလက်ထက်ကဗာရာဏသီမြို့၌ ကုန်သည်ကြီး(၁)ယောက်ရှိ၏။ ပစ္စည်းကြွယ်ဝလှသဖြင့် ''ဦးကြွယ်ဝ''ဟု ခေါ်ရမည်ဖြစ်၏။ တစ်ချိန်မှာ ဗာရာဏသီမှ သာဝတ္ထိသို့ လှည်းအစီး(၅၀၀)ဖြင့် အထည်အဝတ် ကုန်ပစ္စည်းရောင်းဖို့သွားသည်။ ထိုအချိန်၌ သာဝတ္ထိတွင် ဘုရားရှင် သီတင်းသုံးလျက် ရှိ၏။ သံဃာ အမြောက်အများလည်း ရှိနေသည်။ သို့သော် ဦးကြွယ်ဝတွင် ဘုရားဖူးဖို့ အစီအစဉ် လုံးဝမပါ။ တရားနာဖို့လည်းထည့်မတွက် ဆွမ်းလောင်းလှူဖို့လည်း စိတ်ကူးမထည့်မိ အဝိဇ္ဇာ တဏှာ ဦးဆောင်၍ ကုန်ရောင်းဖို့တစ်ခုသာ စိတ်ကူးပြီး ဗာရာဏသီမှထွက်လာသည်။ ရက်အတော်ကြာမှ သာဝတ္ထိအနီး မြစ်တစ်ဖက်ကမ်းသို့ရောက်ကြ၏။ နောက်နေ့မှ သာဝတ္ထိဖက်ကူးရန် စိတ်ကူးထား၏။

ညအခါ မိုးကြီးရွာချ၍ မြစ်ရေပြည့်သွားသဖြင့် နောက်နေ့ရောက်သော် သာဝတ္ထိဖက်သို့ လှည်းမကူး နိုင်တော့ပေ၊ ဦးကြွယ်ဝက လုပ်သလိုမဖြစ်ရင် ဖြစ်သလိုလုပ်မယ် '' ဒီမှာ ၁-နှစ်လုံး အေးအေး ဆေးဆေးနေပြီး ကုန်ပစ္စည်းတွေ ကုန်အောင်ရောင်းမယ်၊ ပြီးမှဗာရာဏသီပြန်မယ် '' ဟု သာဝတ္ထိ၌ ၁-နှစ်လုံး အေးအေးဆေးဆေးနေရန် ဆုံးဖြတ်လိုက်၏။ သူ့အစီအစဉ်နှင့်သူတော့ ဟုတ်နေသည်။ ထိုနေ့နံနက် ဘုရားရှင်သည် အရှင်အာနန္ဒာနှင့်အတူ သာဝတ္ထိမြို့အတွင်း ဆွမ်းခံကြွတော်မူရာ မြစ်ကမ်း အရောက်တွင် ဦးကြွယ်ဝကိုမြင်၍ ပြုံးတော်မူ၏။ ပြုံးတော်မူခြင်းအကြောင်းကို အရှင်အာနန္ဒာက မေးလျှောက်သည်တွင် ဦးကြွယ်ဝ၏ သာဝတ္ထိ၌ ၁-နှစ်လုံးနေရန် ဆုံးဖြတ်ထားပုံ သူ့အသက် ၇-ရက်သာ ကျန်တော့ပုံ သတ္တဝါများသည် ဖြစ်ချင်တာလောက်သာစဉ်းစား၍ ဖြစ်နိုင်မဖြစ်နိုင် ဖြစ်နိုင်ခွင့် ရှိမရှိ ဉာဏ်သတိဖြင့်နှိုင်းချိန်ခြင်း မပြုကြပုံ ကိုယ်ပိုင်အလုပ်လက်လွှတ်နေတတ်ပုံကိုမြင်၍ပြုံးကြောင်း မိန့်တော်မူ၏။ အကြောင်းစုံကိုသိရသော အရှင်အာနန္ဒာကား ထိုဒကာကြီးအပေါ် သနားစိတ်ကြီးစွာ ဖြစ်ပေါ်မိ၏။ ဘုရားထံခွင့်ပန်၍ ဦးကြွယ်ဝကို သတိပေးရန် ဆွမ်းခံပုံစံဖြင့် ဟိုဖက်ကမ်းကြွသွား၏။ လှည်းစခန်းသို့ ဆွမ်းခံကြွလာသည်ကိုမြင်၍ ဦးကြွယ်ဝက ပင့်ပြီးဆွမ်းလောင်းလှူ၏။ အရှင်အာနန္ဒာက မေး၏။ '' ဒကာကြီး ဘယ်ကလာခဲ့တုန်း'' ''ဗာရာဏသီက လာခဲ့တာဘုရာ့'' ''ဘာကိစ္စနဲ့ လာခဲ့တုန်း'' ''ကုန်ရောင်းဖို့ ဘုရာ့'' လှည်း(၅၀၀)အပြည့် အထည်အလိပ် ကုန်ပစ္စည်း တင်လာခဲ့တယ် ဘုရာ့၊ '' ဒီမှာ ဘယ်လောက်ကြာအောင်နေမလဲ'' '' တစ်နှစ်လုံး အေးအေးဆေးဆေးနေမယ်ဘုရာ့'' ''ဒကာကြီးကိုယ်ပိုင်ကောင်းမှုကောပြုရဲ့လား'' ''ပြုမှာပါဘုရား'' အနာဂတ်ကို ရွှေ့လိုက်ခြင်းဖြစ်၏။ ယခုဆွမ်းလောင်းနေခြင်းသည်လည်း ကြုံ၍လုပ်နေခြင်းမျှသာဖြစ်၏။ တကယ် လေးလေးနက်နက် ကိုယ်ပိုင်အားကိုးစရာအဖြစ် လုပ်နေခြင်းမဟုတ် အတိတ်ကိုမကျေနပ် ပစ္စုပ္ပန်ကိုလွှတ်၊ အနာဂတ်ကို စိတ်ကူးယဉ်သည့် ပုထုဇဉ်အများစု၏ မျှော်ချစနစ်ဖြင့်သာ သွားနေသည်။ အရာရာမှာ အများ တကာထက် သာလွန်လိုကြသော်လည်း အသိစိတ်ကား အများတကာအနေအထားမှ မရုန်းထွက်လိုကြ၊ မရုန်းထွက်နိုင်ကြ။

''ပြုမှာပါလို့ မရေမရာ လုပ်မနေနဲ့၊ အသက်ဆိုတာ အစိုးရတာမဟုတ်ဘူး'' မှန်ပါ့ ပြုမှာပါဘုရား၊ ကောင်းမှုပြုဖို့ပဲ စီးပွားရှာနေတာပဲ'' ဒကာကြီးကိုယ်ပိုင်ကောင်းမှုဆိုတာ ခုလုပ် လိုက်ရင် ခုစိတ်အေးရမှာပဲ '' ပထမတွင် အရှင်အာနန္ဒာက သွယ်ဝိုက်၍ပြောနေ၏။ ဦးကြွယ်ဝကား

''လုပ်မှာပါ'' က မလျော့ ယခုချက်ချင်း တက်တက်ကြွကြွ လုပ်မည့် အမူအရာမပြ အေးစက်စက် လုပ်နေ၏။ သူ့ဘဝသူ မသိရှာ၍ ဦးစားပေးအလုပ်ကို နားမလည်ရှာ မသိခြင်းက သူ့ကိုမြှုပ်ချ မျှောချနေခြင်းဖြစ်သည်။ မသိသလောက် ကိုယ်ပိုင်အလုပ် နောက်ကျသွားမည်သာဖြစ်သည်။ အရှင်အာနန္ဒာက အတိအကျ တိုက်ရိုက်ကြီးပင် ပြောလိုက်ရတော့၏။ သူ့အကျိုးရှိအောင် သွားခြင်း ဖြစ်သဖြင့် တကယ်အကျိုးရှိမှ သွားရကျိုးနပ်မည်။ ''ဒကာကြီးရဲ့ အသက်ဟာ ၇-ရက်ပဲ ရှိတော့တယ်'' ထိုစကားကိုကြားလိုက်ရသည်နှင့် ဦးကြွယ်ဝ အလွန်အမင်း ထိတ်လန့်သွားသည်။ သေရမည်ကို အလွန်ကြောက်သွား၏။ ကောင်းမှုသာ ကိုယ်ပိုင်အစစ်ဖြစ်ပုံ ကိုယ်ပိုင်လက်ဦးအောင် ခပ်သုတ်သုတ်သာ လုပ်သင့်ပုံကို ရှင်းကနဲ မြင်လာ၏။ သတိဝင်လာ၏။ အားကိုးတကြီးဖြင့် အရှင်အာနန္ဒာကို လျှောက်၏။ '' အရှင်ဘုရား ဒီနေ့ကစ ၇-ရက်ပတ်လုံး ဘုရားအမှူးရှိတဲ့ သံဃာတော်များ တပည့်တော်တို့လှည်းစခန်းကို ဆွမ်းအလှူခံကြွစေလိုပါတယ်ဘုရား ကောင်းမှုပြုလိုလှပါတယ်ဘုရား အရှင်ဘုရားက စီစဉ်ပေးစေချင်ပါတယ်ဘုရား'' '' ဖြစ်အောင် စီစဉ်ပေးမယ် ဒကာကြီး'' ဟု မိန့်ကြားသံကို ကြားရသည်နှင့် ဦးကြွယ်ဝတို့ ဆွမ်းလောင်းရန် ချက်ပြုတ်စီမံကြတော့၏။ အရှင်အာနန္ဒာ လည်း ဘုရားထံသွားလျှောက်ရာ လက်ခံတော်မူ၏။ သံဃာတော်များလည်း ကြွရောက်ရန် လက်ခံ တော်မူကြ၏။ အားကိုးထိုက်ပေစွ။

## အသေမကြောက်လူ(၄)ယောက်

စည်းစိမ်ကာမ၊ ကာယမတွယ်၊ ကောင်းမှုကြွယ်၍၊ စင်ကြွယ်သန့်ရှင်း၊ ယုံမှားကင်းငြား၊ မြတ်တရား ထူးခြားဉာဏ်အမြင်။ အသေမကြောက်၊ လူ ၄-ယောက်၊ အံ့လောက်စွမ်းအားရှင်။

ဦးကြွယ်ဝ ကောင်းမှုပြုခွင့် ကြုံလာပြီ၊ လောက၌ ကြုံကြိုက်တိုက်ဆိုင်မှု ဟူသမျှတို့တွင် သာသနာနှင့် ကြုံကြိုက်တိုက်ဆိုင်မှုသည် အမြင့်မြတ်ဆုံး အားရှိစရာ အကောင်းဆုံးဖြစ်သည်။ ဦးကြွယ်ဝသည် နေအိမ်မှ ထွက်လာခဲ့စဉ်က ဘုရားဖူးရန် အစီအစဉ်မပါခဲ့သော်လည်း ဘုရားဖူး ရတော့မည်။ တရားနာဖို့ ရည်ရွယ်ချက် မပါခဲ့သော်လည်း တရားနာရတော့မည်။ ဆွမ်းလောင်းလှူရန် အစီအစဉ်မရှိခဲ့သော်လည်း ဆွမ်းလောင်းလှူရတော့မည်။ ရက်အကန့်အသတ်ကို ကြိုတင် သိလိုက်ရခြင်း သည်ပင် ဦးကြွယ်ဝအတွက် သာသနာနှင့် မြန်မြန်တွေ့ဆုံခြင်း၏အကြောင်း ဖြစ်သွားသည်။

အချိန်တန်လျှင် ဘုရားအမှူးရှိသော သံဃာတော်များ လှည်းစခန်းသို့ ဆွမ်းခံကြွလာတော်မူကြသည်။ ဦးကြွယ်ဝနှင့် တပည့်များ စိတ်အားထက်သန်ပျော်ရွှင်စွာ ဆွမ်းလောင်းလှူကြသည်။ သရဏဂုံသီလ ဆောက်တည်ကြရသည်။ မြတ်စွာဘုရားက ကိုယ်ပိုင်ရအောင်ယူနည်းတရားများ ဟောကြားပေးသဖြင့် တရားနာကြရသည်။ ဝိပဿနာအသိထိရရှိကြသည်။ တစ်နေ့တည်းဖြင့်ပင် ကိုယ်ပိုင်ကောင်းမှု မြောက်မြားစွာရသွားသည်။ အထူးသဖြင့် တရားနာလိုက်ရသဖြင့် မည်သည့် အစားအစာကို စားရသည်နှင့်မျှ မတူသော အားရှိမှုကို ဦးကြွယ်ဝရသွားသည်။ နောက် ၇-ရက် မြောက်၌သေရမည်ဟု သိထားသူအတွက် တရားမှတပါးမည်သည့် အစားအစာမျှ အားမရှိစေနိုင်တော့ချေ''။ ဟူသည့်ခေါင်းစဉ်ဖြင့် ရေးသားထားသောစာပိုဒ်ကို ဗဟုသုတရဖွယ်၊ သံဝေဂရဖွယ် အနေဖြင့် တင်ပြလိုက်ရပါသည်။

ကျွန်ုပ်တို့သည်လည်း မည်သည့်နေ့ရက် အချိန်ကာလတွင် သေရမည်ကိုမသိပါ ယောဆရာတော်ကြီး မိန့်ကြားသလို ကိုယ်ပိုင်အလုပ်ကိုခပ်သုတ်သုတ်မလုပ်ဘဲ အသေဦးသွားပါက အသေဆိုးနှင့်သေပြီး အပါယ်လေးဘုံသာ ပြန်ကျပေဦးမည်။ မနက်ဖြန်နဲ့နောက်ဘဝ ဘယ်ဟာက ပိုနီးသလဲလို့ဆိုသော် နောက်ဘဝကပိုနီးပါသည် သေခြင်းတရားသည် မနက်ဖြန်မရောက်ခင်မှာပဲ သေနိုင်ပါသည် နေ့မအိပ် ညမအိပ်ပင်ပန်းခံရှာဖွေခဲ့တဲ့ စည်းစိမ်ဥစ္စာတွေကလည်း ဘာတစ်ခုမှ မယူသွားနိုင်အားကိုးမရ ဆွေမျိုးညာတိ ညီအစ်ကိုမောင်နှမ ဇနီး ခင်ပွန်းတွေကလည်းအား ကိုးမရ မိမိရှာဖွေခဲ့သမျှကိုသာ ဝိုင်းဝန်းစားသောက်ကြပြီး ခေါ်ရင်လည်းလိုက်မည့်သူ တစ်ယောက်မှမရှိပါ စားစရာရှိ ဝိုင်းစားကြပေမယ့် ခံစရာရှိရင်တော့ ကိုယ်တစ်ယောက်တည်းခံရမှာဖြစ်ပါသည်။ သို့ပါ၍ မိမိဘဝချမ်းသာရေးအတွက် ကိုယ်ပိုင်အလုပ်ကို ခပ်သုတ်သုတ်ပြုသင့်ပါသည်။ နောက်မှလုပ်မည်ဟု အနာဂတ်ကိုမမျှော်သင့်ပေ၊ ယခု လက်ရှိအချိန်ထက် ကောင်းသောအချိန်မရှိ ဆိုသည့်အတိုင်း ပစ္စုပ္ပန်ကာလမှာပင် ကြိုးစားပွားများသင့်ပါသည်။

ကာလအနေဖြင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့သည်တကယ်မရှိသော ပညတ်တရားများသာ ဖြစ်လေသည်။ မြတ်စွာဘုရားရှင်က အတိတ်၊ အနာဂတ် တရားတို့အား သခ်ိန်းစာရယူနိုင်ရန် ဟောကြားထားခြင်း ဖြစ်လေသည်။ ဘုရားရှင်ဟောကြားထားသောတရားတော်များကို ဘုရားရှင် တပည့်သားသာဝကများဖြစ်ကြသော ရဟန္တာအရှင်မြတ်များ၊ သမုတိသံဃာတော်များ၊ လူပုဂ္ဂိုလ်

အရိယာ ပညာရှိများမှတဆင့် ဆင့်ကဲဆင့်ကဲ လက်ဆင့်ကမ်းသယ်ဆောင်လာသဖြင့် ဘုရားရှင်၏ သာသနာတော် ယနေ့ထိ တည်တံ့ခိုင်မြဲနေခြင်းဖြစ်ပေသည်။ ဘုရား တရားသံဃာ ရတနာမြတ်သုံးပါး တို့၏ ဂုဏ်တော်ကျေးဇူးတော်တို့ကြောင့် သံသရာဝဋ်ဆင်းရဲမှ လွတ်ရာလွတ်ကြောင်းဖြစ်သော နိဗ္ဗာန်လမ်းကို ပေါက်ရောက်နိုင်သည့် နည်းလမ်းများကိုရရှိနိုင်ခြင်း ဖြစ်ပေသည်။ ယခုကဲ့သို့ ဒုလ္လဘ တရားငါးပါးနှင့် ပြည့်စုံသော ခေတ်ကာလကြီးတွင် သံသရာမှလွတ်နိုင်သော အခွင့်အရေးများ ရရှိနေပါလျှက် ထိုလမ်းကြောင်းပေါ်သို့ ရောက်အောင်မလိုက်ဘဲ မေ့လျော့ပေါ့ဆစွာ နေထိုင်ခဲ့ကြ ပါလျှင် နောင်ရှည်လျားလှသော သံသရာ၌ အစုန်၊ အဆန်ကျင်လည်ပြီး ဆင်းရဲဒုက္ခအပေါင်းကို ခံစားရပေလိမ့်မည်။ အိုနာသေ ဆင်းရဲ အပါယ်ဆင်းရဲတို့မှ ကင်းလွတ်လိုပါလျှင် ရခဲလှစွာသောလူ့ဘဝ၌ ခဏတာပျော်ရွှင်ချမ်းသာခြင်း သဘောသာရှိသော ကာမဂုဏ်အာရုံကို ခင်တွယ်သော ကာမတဏှာ၊ ဘဝကိုခင်တွယ်သော ဘဝတဏှာတို့ဖြင့် ခင်တွယ်မနေဘဲ လွတ်မြောက်ရာ လမ်းကိုရအောင် ကြိုးစား အားထုတ်သင့်ပေသည်။

ဘုရားရှင်ဆုံးမတော်မူခဲ့သော **မတ္တာသုခ ပရိစ္စာဂါ**

**ပဿေစေ ဝိပုလံ သုခံ**

**စဇေမတ္တာ သုခံဓိရော**

**သမ္ပဿံ ဝိပုလံ သုခံ။**

ဆိုသည့်အတိုင်း အနည်းငယ်သော ချမ်းသာကို စွန့်ခြင်းကြောင်း ကြီးကျယ်ပြန့်ပြောသော ချမ်းသာကို အကယ်၍ရမည် မြင်ရသည်ဖြစ်အံ့ ကြီးကျယ် ပြန့်ပြောသောချမ်းသာကို မြင်သော ပညာရှိသည် အနည်းငယ်သော ချမ်းသာကိုစွန့်ရာ၏။ တစ်နည်းဆိုသော်-

( ချမ်းသာ၏ မျိုးစေ့ဖြစ်သော ဆင်းရဲကိုလည်း ခံရမည်။ )

အထက်ပါဂါထာကိုကျက်မှတ်၍ အခါအားလျော်စွာ မိမိကိုယ်ကို မိမိသတိပေးသောအားဖြင့် ရွတ်ဆိုပါက များစွာအကျိုးခံစားရလေသည်။ အပါယ်လေးပါး၏ဆင်းရဲကိုလည်း နှလုံးသွင်း၍ အပါယ်မကျရေးတရားများကို ကျင့်ကြံပွါးများသင့်ပေသည်။ အပါယ်လေးပါးဆင်းရဲ၏ ဒုက္ခကို တကယ်မသိ၍သာ ပုထုဇဉ်တို့သည် ဤသို့ ပျော်ရွှင်စွာနေထိုင်နိုင်ကြခြင်း ဖြစ်ပေသည်။ မိလက္ခမုဆိုးကို အဘိညာဏ်ရ ရဟန္တာမထေရ်ကြီးက ပြသဖြင့် ငရဲ၌ ခံစားနေရသော မိလက္ခမုဆိုး၏ အဖိုး အဖွါး

မိဘများ နာကျင်ကြောက်ရွံ့စွာအော်ဟစ်ပြေးလွှားနေသည်ကို မြင်ရသလို မြင်ရပါက အဘယ်သူ မကြောက်မရွံ့နေနိုင်ပါမည်နည်း။ ဤသို့မမြင်နိုင်ကြ၍သာ မကြောက်မရွံ့ ပျော်ပါးနေထိုင်နိုင်ကြခြင်းသာ ဖြစ်ပေတော့သည်။

ကျွန်ုပ်တို့ကိုယ်တိုင် မမြင်နိုင်သော်လည်း ရဟန်းပညာရှိ၊ လူပညာရှိ ဆရာသမားများ သင်ကြားဟောပြသော တရားများကို ယုံကြည်၍ လေ့လာအားထုတ်ပါလျှင် အပါယ်လေးပါးမှ လွတ်ကင်းနိုင်ပေသည်။ ယခုလောလောဆည်အနေဖြင့် ကျွန်ုပ်၏ အနီးကပ်သင်ကြားပြသ ဆုံးမပေးတော်မူသော ဆရာတော်များမှာ ဒွိပိဋကဓရဆရာတော် အရှင်ပဏ္ဍိတ၊ ပြည်တွင်းပြည်ပ သာသနာပြုဆရာတော် အရှင်ဇေယျပဏ္ဍိတနှင့် မသိနားမလည်သော ပါဠိစာပေများအား သင်ကြားပြသပေးသော မိုးကုတ်ဝိပဿနာ ဓမ္မကထိက တာချီလိတ်မြို့ဝေဠုဝန်ကျောင်းတိုက် မဂ္ဂင်ဓမ္မရိပ်သာမှဆရာတော် အရှင်နန္ဒိမာဝံသ၊ အရှင်ပညာသာမိ ဆရာတော်များ၏ အဆုံးအမကိုနာယူ၍ တပည့်သားအဖြစ်ခံယူထားသော ရှေးရှေးသင်ကြားနာယူခဲ့ဖူးသောဆရာတော်၊ သံဃာတော်၊ လူပုဂ္ဂိုလ်၊ ဆရာများ၏ ကျေးဇူးတရားများသည် ပြန်လည်မပေးဆပ်နိုင်လောက်အောင် များပြားလှပေတော့သည်။

ထိုသို့သော ကျေးဇူးတရားများကို ပြန်လည်ပေးဆပ်နိုင်ရန်အတွက်'' သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ'' ဆိုသည့်အတိုင်း အမြတ်ဆုံးဖြစ်သော ဒါနဖြစ်သည့် အမြတ်ဆုံးသော တန်ခိုးဗျာဒိတ်ပြခြင်းဖြစ်သည့် သစ္စာတရားများကို တစ်ဖက်သား နားလည်သဘောပေါက်စေရန် ရှင်းလင်းပြသခြင်းတည်းဟူသော ဓမ္မဒါနဖြင့် သာသနာပြုဖြန့်ဝေပေးနေခြင်းသာ ဖြစ်ပေတော့သည်၊ မိမိကိုယ်ကျိုးရရှိရေး၊ ဂုဏ်ပကာသနရရှိရေး သဘောတရားများ အလျဉ်းမပါရှိချေ။ တစ်ဖက်သား နားလည်သဘောပေါက်ပြီး အပါယ်တံခါးပိတ်ပြီဆိုပါက ဝမ်းသာပီတိဖြစ်ရပေသည်။

ဤစာအုပ်ကို ''မြတ်ဗုဒ္ဓ၏ သိပ္ပံနည်းကျ အဆင့်မြင့်ဝိပဿနာ'' ဟု အမည်ပေးရခြင်းမှာ ပိုင်းလော့ဆရာတော်ဟောကြားသင်ကြားပေးသော မြတ်ဗုဒ္ဓ၏တရားတော်များသည် သိပ္ပံနည်းကျကျ အဆင့်မြင့်ပြီး ခေတ်အမြင်နှင့်အညီ နားလည်လွယ်သောသဘောတို့ကြောင့် '' မြတ်ဗုဒ္ဓ၏သိပ္ပံနည်းကျ အဆင့်မြင့်ဝိပဿနာ'' ဟု အမည်ပေးလိုက်ရခြင်းဖြစ်ပေသည်။ ခန္ဓာ၊ အာယတန၊ ဓါတ်သဘောများနှင့် တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ဝိပဿနာ ပိုင်းဆိုင်ရာ သခ်ံနိုးစာများသည် လက်တွေ့ကျကျ သိပ္ပံနည်းကျ ရှင်းလင်းထားသည့်အတွက် ခေတ်အမြင်နှင့် လျော်ညီသောနည်းပညာရပ် ဖြစ်ပေတော့သည်။ အဓိက

အားဖြင့် ပိုင်းလော့ဆရာတော် သင်ကြားပြသထားသော သခ်ံနဲ့းစာများကို သာရေးသားပြုစုရခြင်း ဖြစ်ပါသည်။ ဆရာတော် ညွှန်ကြားပြသထားသည့်အတိုင်း ကျင့်ကြံပွားများ အားထုတ်ပြီး ကိုယ်တိုင် သိမြင်ကာ မိမိဉာဏ်ရှင်းသလို အများကိုလည်း ရှင်းလင်းနားလည်စေလိုသည့် စေတနာဖြင့် ရေးသားပြုစုထုတ်ဝေရခြင်း ဖြစ်ပါသည်။

ဤကောင်းမှုကံ စေတနာတို့ကြောင့် စစ်မှန်သော သစ္စာတရားများကို သိရှိနားလည်ကာ တဏှာအစပ် အပြီးပြတ်လျှက် အရဟတ္တမဂ်ဖိုလ်တိုင်ပေါက်ရောက်ပြီးသကာလ ခန္ဓာဇာတ်သိမ်း ငြိမ်းချမ်းနိုင်ပါစေဟုသာ အဓိဋ္ဌာန်ပြုဆုတောင်းပတ္ထနာပြုမိပါတော့သည်။

ပဋ္ဌဂုဏ် အဟံဝန္ဒာမိ သဗ္ဗဒါ

ဖေယျာမင်း( ကေတု )
၂၀၀၈-ခုနှစ်၊ဇူလိုင်(၃၁)ရက်

# ကမ္ဘာစောင့်တရားနှစ်ပါး

၂၀၀၁-ခုနှစ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန် နှစ်ပတ်လည်မဂ္ဂဇင်းမှ စာရေးဆရာ ဆုထူးပန်ဆရာဟန် ရေးသားသော ကမ္ဘာစောင့်တရား(၂)ပါး ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရှုမိခဲ့ပါသည်။ မှတ်သားဖွယ်ရာသုတရဖွယ်မို့ တင်ပြပါရစေ။ ကမ္ဘာစောင့် တရားနှစ်ပါး ပျက်စီးသောကြောင့် ယုတ်မာသောတရားဆိုးကြီး(၃)ပါးနှင့် ဒုစရိုက်များပေါ်ပေါက် လာရကြောင်း၊ ထိုယုတ်မာသော တရားဆိုးကြီး(၃)ပါးဆိုသည်မှာ အဓမ္မရာဂ၊ ဝိသမလောဘနှင့် မိစ္ဆာဓမ္မတို့ပင်ဖြစ်လေသည်။

(၁) အဓမ္မရာဂဆိုသည်မှာ မတပ်မက်အပ်သော အမိ၊ အမ၊ နှမ၊ သမီး စသည်တို့ အပေါ်တပ်မက်သော ရာဂတဏှာ ဖြစ်သည်။

(၂) ဝိသမလောဘဆိုသည်မှာ လောကထုံးစံဓမ္မတာအရ မိမိဇနီးမယားအပေါ်၌ ဓမ္မတာ အားလျော်စွာ မှီဝဲခြင်းမပြုဘဲ အလွန်အကျူး နည်းလမ်း မကျ မှီဝဲကျူးလွန်ခြင်းမျိုးဖြစ်သည်။

(၃) မိစ္ဆာဓမ္မဆိုသည်မှာ လိင်တူယောကျ်ားအချင်းချင်း၊ မိန်းမအချင်းချင်း မှားယွင်း ကျူးလွန်ဖေါက်ပြန် ပြုကျင့်ခြင်းမျိုး ဖြစ်သည်။

ထိုယုတ်မာသောတရားဆိုးကြီး(၃)ပါးတို့သည် လူ့လောက၌ ကမ္ဘာစောင့်တရားကြီး(၂)ပါး ဆုတ်ယုတ်ပျက်စီးလာသောကြောင့် ပေါ်ပေါက်လာရသည်။ ဒုစရိုက်အမှုများလည်းပေါ်လာပြီး သက်တမ်းများ ဆုတ်ယုတ်သွားရပေသည်။

ကမ္ဘာစောင့်တရားကြီး(၂)ပါးမှာ အာဇီဝဋ္ဌမကသီလနှင့် ဗြဟ္မစိုရ်တရားတို့ပင်ဖြစ်သည်။

**၁။အာဇီဝဋ္ဌမကသီလ**

အာဇီဝဋ္ဌမကသီလ(၈)ပါးမှာ- သုစရိုက်(၁၀)ပါးတွင် မနောသုစရိုက်(၃)ပါးကိုချန်လှပ်၍ ကာယသုစရိုက် (၃)ပါး၊ ဝစီသုစရိုက် (၄)ပါးနှင့် သမ္မာအာဇီဝဝိရတီတို့ပင်ဖြစ်သည်။ ၄င်းတို့မှာ-

(က) သူ့အသက်သတ်မှုကို မကျူးလွန်ခြင်း (ပါဏာတိပါတာဝေရမဏီ)

(ခ) သူ့ဥစ္စာကိုခိုးယူခြင်းမှရှောင်ကြဉ်ခြင်း (အဒိန္နာဒါနာဝေရမဏီ)

(ဂ) ကာမအမှုကို မကျူးလွန်ခြင်းနှင့် မူးယစ်သေစာ (ကာမေသုမိစ္ဆာစာရာဝေရမဏီ)
သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း

(ဃ) လိမ်ညာခြင်းမှရှောင်ကြဉ်ခြင်း (မုသာဝါဒါဝေရမဏီ)

(င) ကုန်းတိုက်ခြင်းမှရှောင်ကြဉ်ခြင်း (ပိသုဏာဝါစာဝေရမဏီ)

(စ) ဆဲရေးခြင်းမှရှောင်ကြဉ်ခြင်း (ဖရုသဝါစာဝေရမဏီ)

(ဆ) အတင်းအဖျင်းပြောခြင်းကိုရှောင်ကြဉ်ခြင်း (သမ္ဖပ္ပလာပါဝေရမဏီ)

(ဇ) ဒုစရိုက်အလုပ်တို့ဖြင့် စီးပွားမရှာခြင်း (သမ္မာအာဇီဝဝိရတိ)

တို့ဖြစ်လေသည်။

(၂) ဗြဟ္မစိုရ်တရား(၄)ပါးမှာ

(က) မေတ္တာ(အဒေါသ) - သတ္တဝါများအပေါ်ကောင်းစေလိုခြင်း၊ ချစ်ခြင်း သဘောထားရှိခြင်း။

(ခ) ကရုဏာ(အပ္ပမညာ) - မိမိထက်အဆင့်နိမ့်ပါးနေသူ သတ္တဝါများအပေါ် နိုင်လိုမင်းထက်မပြုကျင့်ဘဲ သနားညှာတာတတ်ခြင်း။

(ဂ) မုဒိတာ(အပ္ပမညာ) - မိမိထက်သာလွန်သူများအပေါ် မနာလိုမဖြစ်ဘဲ ဝမ်းမြောက်ဝမ်းသာ စိတ်ထားနိုင်ခြင်း။

(ဃ) ဥပေက္ခာ(တြမဇ္ဈတ္တတာ) - သတ္တဝါများလုံခြုံအေးချမ်း၊ ချမ်းချမ်းသာသာ နေနိုင်ကြသည်ကို တွေ့မြင်ရလျှင် ပူပန်မှုကင်း၍ စိတ်အေးချမ်းသာမှုဖြစ်ခြင်း။

## ဆုတ်ကပ်တက်ကပ်

လူ့လောကကြီးတွင်ကမ္ဘာစောင့်တရား(၂)ပါးနှင့်ညီညွတ်သောကာလတွင် နတ်ပြည်၊ ဗြဟ္မာ့ပြည်ကြီးတို့နှင့်မခြား အခါခပ်သိမ်းအေးငြိမ်းချမ်းသာမှု အစုစုတို့နှင့်ပြည့်စုံကြပေသည်။ အသက်ရှည်မှု၊ ချမ်းသာသုခ ရှိမှုတို့တွင် နတ်ပြည် (၆)ထပ်ထက်ပင်သာလွန်သည်ဟုဆိုပါသည်။

ထိုကမ္ဘာစောင့်တရား(၂)ပါးဆုတ်ယုတ်သွားသောအခါ လူ့လောက၌အရှက်(ဟိရီ)၊ အကြောက်(ဩတ္တပ္ပ) တရား(၂)ပါးကင်းမဲ့လာကြပြီး လောဘ၊ ဒေါသ၊ မောဟတရားများ ကြီးမား လာပေသည်။ ထိုအခါဒုစရိုက်များ ကြီးစိုးလာသည်။ ထိုအခါလူတို့၏သက်တမ်း ဆုတ်ယုတ်လာသည်။ ကမ္ဘာစောင့်တရား(၂)ပါး လုံးလုံး ကွယ်ပျောက်သွားသောအခါ (၁၀)နှစ် သက်တမ်းထိလျော့ကျဆင်းပြီး ကပ်ကြီး(၃)ပါးအကြီးအကျယ် ဖြစ်ပွားလေတော့သည်။ ကမ္ဘာစောင့်တရားကြီး(၂)ပါး တိုးတက် ပြန်သောအခါ လူတို့၏သက်တမ်းမှာ (၁၀)နှစ်တမ်းမှ အသင်္ချေထိတိုးတက်လာပြန်သည်။

## ဒုစရိုက်(၁၀)ပါးပေါ်ပေါက်လာခြင်း

ကမ္ဘာစောင့်တရား(၂)ပါးဆုတ်ယုတ်သွားရခြင်းအကြောင်းရင်းတို့မှာ လောဘ၊ ဒေါသ၊ မောဟ တရား တို့ကြောင့်ပင်ဖြစ်သည်။ ထိုတရားဆိုး(၃)ပါးထူပြောလာသောအခါ လူတို့၏သက်တမ်းသည် တစ်ဆင့်ပြီးတစ်ဆင့် လျော့ကျဆုတ်ယုတ်လာသည်။ သက်တမ်းတစ်သိန်းတမ်းအထိ ဆုတ်ယုတ်လာ စေကာမူ လောဘ၊ ဒေါသ၊ မောဟနည်းပါးသေး သောကြောင့် လူ့လောကကြီးတွင် ခိုးမှု၊ သတ်မှု စသောဒုစရိုက်(၁၀)ပါး မပေါ်ပေါက်သေးပေ။

### ၁။ သတ်မှု(ပါဏာတိပါတာ) နှင့် ခိုးမှု (အဒိန္နာဒါနာ)

သက်တမ်းရှစ်သောင်းတမ်းရောက်သောအခါ လူတို့သည် ကိလေသာများ ပိုမိုထူပြောလာသဖြင့် ခိုးမှု၊ သတ်မှု၊ ဒုစရိုက်(၂)ပါးပေါ်ပေါက်လာရပေသည်။ ထိုဒုစရိုက်(၂)ပါးကြောင့် လူတို့၏ သက်တမ်း သည် (၄၀၀၀၀)တမ်းအထိ ဆုတ်ယုတ်သွားသည်။

### ၂။ လိမ်ညာမှု (မုသာဝါဒ)

အသက်လေးသောင်းတမ်းရောက်သောခေတ်ကာလတွင် မုသာဝါဒ လိမ်ညာမှု ဒုစရိုက်

ပေါ်ပေါက်လာပြန်သည်။ ထိုဒုစရိုက်မှုကြောင့် သက်တမ်းသည် (၂)သောင်းတမ်းထိ ဆုတ်ယုတ်သွားသည်။

**၃။ ကုန်းတိုက်မှု(ပိသုဏဝါစာ)**

အနှစ်(၂)သောင်းတမ်းတွင် တစ်ဦးနှင့်တစ်ဦး မတည့်အောင် ကုန်းတိုက်မှု ဒုစရိုက် ပေါ်လာပြန်သည်။ ထိုဒုစရိုက်ကြောင့် သက်တမ်းလည်း(၁)သောင်းတမ်းထိ ဆုတ်ယုတ်သွားသည်။

**၄။ သူ့သားအိမ်ယာကျူးလွန်မှု (ကာမေသုမိစ္ဆာစာရ)**

လူတို့၏နှစ်(၁)သောင်းတမ်းတွင် ကိလေသာများပိုမိုထူပြောလာကြသဖြင့် သူ့သားမယားများကို မတော်မတရား ကျူးလွန်မှုများဖြစ်ပွားလာသည်။ ထိုဒုစရိုက်မှုကြောင့် သက်တမ်း(၅၀၀၀)ထိ ကျဆင်းသွားပြန်သည်။

**၅။ ဆဲမှု၊ အတင်းအဖျင်းပြောမှု(ဖရုသဝါစာ၊ သမ္ဖပ္ပလာပ)**

အနှစ်(၅)ထောင်တမ်းတွင် ဆဲမှု အတင်းအဖျင်းပြောမှု ဒုစရိုက်(၂)ပါးထပ်မံတိုးပွားလာပြန်သည်။ ထိုဒုစရိုက် (၂)ပါးကြောင့်သက်တမ်း(၂၀၀၀)အထိဆုတ်ယုတ်ကျဆင်းလာပြန်သည်။

**၆။ အဘိဇ္ဈာ၊ ဗျာပါဒ**

သက်တမ်း(၂)ထောင်တမ်းလောက်တွင် သူတစ်ပါးပစ္စည်းဥစ္စာကို မတရားလိုချင်တပ်မက်သည့် အဘိဇ္ဈာတရား နှင့်သူတစ်ပါးသေကြေပျက်စီးစေလိုသည့် ဗျာပါဒတရားဆိုးကြီး(၂)ခု ပေါ်ပေါက်လာပေသည်။ ထိုတရားဆိုးကြီး(၂)ပါးကြောင့်လူတို့၏သက်တမ်းသည်လည်း တစ်ထောင်တမ်းသို့ ဆုတ်ယုတ်သွားပေသည်။

**၇။ မိစ္ဆာဒိဋ္ဌိ**

အနှစ်တစ်ထောင်ကာလတွင် အယူမှားသောမိစ္ဆာဒိဋ္ဌိတရားပေါ်ပေါက်လာသည်။ ထိုမနော ဒုစရိုက်ကြောင့် သက်တမ်း(၅၀၀)အထိဆုတ်ယုတ်သွားသည်။ လူတို့၏သက်တမ်း(၅၀၀)အတွင်းတွင် ဒုစရိုက်(၁၀)ပါး စုံညီစွာပေါ်လာပြီး ဖြစ်သည်။

**၈။ ယုတ်မာသောတရားဆိုးကြီး(၃)ပါး (အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဓမ္မ)**

လူတို့၏သက်တမ်း(၅၀၀)ကျော်ကာလရောက်သောအခါ -

(က) အဓမ္မရာဂ = မတပ်မက်အပ်သော အမိ၊အမ၊နှမ၊သမီးအရင်းစသည်တို့ အပေါ်တပ်မက်သော တဏှာရာဂဆိုး။

(ခ) ဝိသမလောဘ = မိမိဇနီးမယားအပေါ်၌ အလွန်အကျူးနည်းလမ်းမကျ မှီဝဲ ကျူးလွန်ခြင်းရာဂ။

(ဂ) မိစ္ဆာဓမ္မ = လိင်တူချင်းချင်း ကျူးလွန်ဖောက်ပြန်ပြုကျင့်သော ရာဂဆိုး တို့ပေါ်ပေါက်လာပေသည်။

ထိုတရားဆိုးကြီး(၃)ပါးသည် ဒုစရိုက်(၁၀)ပါးနောက်မှ ဖြစ်ပေါ်လာသည့်အလျောက် ဒုစရိုက်(၁၀)ပါးထက် ပိုမိုအပြစ်ကြီးမားလှသည်။ ထိုတရားဆိုးကြီး(၃)ပါးကြောင့် လူတို့၏ သက်တမ်း(၂၀၀)အထိ လျော့ကျသွားသည်။

၉။ လူတို့၏သက်တမ်း(၂၀၀)တွင် ရတနာသုံးပါးနှင့် အမိအဖများအပေါ် ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ် ကျင့်ဝတ်များ အရှိအသေမှုများပျက်စီးလာသဖြင့် သက်တမ်း(၁၀၀)တမ်းမှ (၁၀)နှစ်တမ်းအထိထိုးကျ သွားလေသည်။

ထိုကဲ့သို့သက်တမ်းဆုတ်ယုတ်ပုံအဆင့်ဆင့်ကို ဘုရားရှင်သည် စက္ကဝတ္တိသုတ်တော်တွင် ဟောကြားတော်မူခဲ့ပါသည်။

## မျက်မှောက်ခေတ်ကာလ

ကျွန်ုပ်တို့နေသော ဤကမ္ဘာတွင် ဘုရားငါးဆူပွင့်သဖြင့်ဘဒ္ဒကမ္ဘာဟုခေါ်လေသည်။ ကျန်သော ကမ္ဘာများတွင် ဘုရားမပွင့်ပေ။ ထိုကမ္ဘာများကို သုညကမ္ဘာဟုခေါ်လေသည်။ လူတို့၏သက်တမ်း (၄)သောင်း တမ်းတွင်ပွင့်ခဲ့သော ကကုသန်ဘုရား၊ သက်တမ်း(၃)သောင်းတမ်းတွင်ပွင့်ခဲ့သော ဂေါဏာဂုံဘုရား၊ သက်တမ်း (၂)သောင်းတမ်းတွင် ပွင့်ခဲ့သော ကဿပဘုရားနှင့် အသက်(၁၀၀)တမ်း တွင် ပွင့်ခဲ့သော ဂေါတမဘုရားအပြင် နောင်အသက်တစ်သိန်းတမ်းတွင်ပွင့်မည့် အရိမေတ္တေယျဘုရားတို့ ဖြစ်လေသည်။ ဘုရားရှင်တို့သည် အသက် တစ်သိန်းတမ်းနှင့်အထက်နှင့် အသက်(၁၀၀)တမ်း အောက်တို့တွင် ပွင့်ရိုးထုံးစံမရှိပေ။ အသက်တစ်သိန်းတမ်းအထက်၌ သက်တမ်းရှည်ကြသဖြင့် အနိစ္စ၊ ဒုက္ခ၊အနတ္တတရားတို့ကို မမြင်နိုင်၊ မသိနိုင်ခြင်းကြောင့် လည်းကောင်း၊ အသက်(၁၀၀)တမ်း

အောက်တွင် ကိလေသာ ထူပြောကြမ်းတမ်းခြင်းတို့ကြောင့် တရားကို မသိနိုင်သဖြင့် မပွင့်ခြင်း ဖြစ်လေသည်။ ပွင့်တော်မူသောဘုရားရှင်တိုင်းသည် သက်တမ်းအတိုင်း သက်တမ်းပြည့် နေရသည် မရှိပါ၊ သက်တမ်း၏(၅)ပုံ(၄)ပုံသာနေရပြီး ပရိနိဗ္ဗာန်ပြုရပေသည်။

ဉပမာ- ဂေါတမမြတ်စွာဘုရားရှင်သည် လူ့သက်တမ်း (၁၀၀)တမ်းတွင်ပွင့်ရသော်လည်း သက်တမ်း၏ ၄/၅ပုံဖြစ်သော သက်တော်(၈၀)အထိသာနေရ၍ ပရိနိဗ္ဗာန်ပြုရပေသည်။ ကျန် ဘုရားများလည်း ဤအတိုင်းပင်ဖြစ်လေသည်။

ဂေါတမမြတ်စွာဘုရားရှင်သည် လူ့သက်တမ်း (၁၀၀)တမ်းတွင်ပွင့်တော်မူခဲ့သည်မှာ သာသနာ (၂၅၀၀)ကျော်ပြီး ဖြစ်သည်။ယခုအခါလူတို့၏သက်တမ်း(၇၅)နှစ်မျှသာရှိသည်ဟုယူဆကြသည်။ ယခုခေတ်ကာလတွင် ဒုစရိုက်(၁၀)ပါးလည်း ထူပြောလှသည်။ ရတနာ(၃)ပါးနှင့် အမိအဖတို့အပေါ် ပြုကျင့်ရမည့်ဝတ္တရားများလည်း လျော့နည်းလာပေသည်။ လောကကြီးဆုတ်ယုတ်လာရခြင်း၊ ရောဂါ ဆိုးကြီး ဖြစ်ပွားလာရခြင်းအကြောင်းရင်းမှာ ကမ္မာစောင့်တရား(၂)ပါးပျက်စီးလာမှုကြောင့် ဖြစ်သည်။

**ကမ္ဘာစောင့်တရားကြီး(၂)ပါးကိုထိန်းနိုင်လျှင်**

အာဇီဝဋ္ဌမကသီလရှစ်ပါးနှင့်ဗြဟ္မစိုရ်တရား(၄)ပါးတို့ကို မြဲနေသူ၌ ဒုစရိုက်(၁၀)ပါး အမြဲကင်းလွတ်ပြီး ယုတ်မာသော အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဒိဋ္ဌိဓမ္မ(၃)ပါးတို့လည်းမဖြစ်တော့ပါ။

**(၁) အာဇီဝဋ္ဌမကသီလ(၈)ပါးနိုင်လုံပါလျှင်**

သတ်မှု၊ ခိုးမှု၊ ကာမမှုများဖြစ်သည့် ကာယဒုစရိုက်(၃)ပါး၊ လိမ်ညာမှု၊ကုန်းတိုက်မှုဆဲရေးမှု၊ အတင်းအဖျင်း ပြောဆိုမှုများဖြစ်သည့် ဝစီဒုစရိုက်(၄)ပါး ပေါင်းဒုစရိုက်အမှု(၇)ပါးတို့ အစဉ်ကင်းလွတ် နေကြသည်။

**(၂) ဗြဟ္မစိုရ်တရား(၄)ပါးနိုင်လုံနေပါလျှင်**

မနောသုစရိုက်(၃)ပါးအမြဲတည်၍ မနောဒုစရိုက်(၃)ပါးကင်းလွတ်နေပါသည်။

(က) မေတ္တာ၊ ကရုဏာ၊ ဗြဟ္မစိုရ်တရား(၂)ပါးနိုင်လုံပါလျှင် သူတစ်ပါးအား သေကြေ ပျက်စီးစေလိုသည့် အသေတောင့်တဗျာပါဒ မနောဒုစရိုက်ကင်းလွတ်ပါသည်။

(ခ) မုဒိတာ၊ ဥပေက္ခာဗြဟ္မစိုရ်တရား(၂)ပါးခိုင်မြဲနေပါက သူတစ်ပါးစည်းစိမ်ဥစ္စာတို့ကို မတရားရယူရန် ကြံစည်ခြင်း အဘိဇ္ဈာမနောဒုစရိုက်မှ အစဉ်ကင်းလွတ်နေပေမည်။

(ဂ) ကမ္မာစောင့်တရား ခိုင်လုံသွားပါက မိစ္ဆာဒိဋ္ဌိ မနောဒုစရိုက်မှ ကင်းလွတ်သွားပေသည်။

## အဘိဓမ္မာပညာကို သင်ယူဆည်းပူးကြလျှင်

ကမ္မာစောင့်တရားကြီး(၂)ပါးပျက်ယွင်းမှုကြောင့် သက်တမ်းများဆုတ်ယုတ်လာပြီး ဒုစရိုက် (၁၀)ခုလည်းထူပြောလာသည်။ အကျင့်ယုတ်မာမှု အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဓမ္မတရားဆိုးကြီး (၃)ခု လည်းပေါ်ပေါက်လာပြီး အေအိုင်ဒီအက်စ် ကပ်ရောဂါကြီးများလည်းပေါ်ပေါက်နေပေသည်။ မကြားဝံ့မနာသာ အမှုမျိုးကြီးတွေလည်း ပေါ်ပေါက်နေပေသည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓနိုင်ငံဖြစ်သည့်အလျောက် ကုစားနည်းများရှိပါသည်။ ထိုတရားဆိုးကြီးတို့၏ အရင်းအမြစ်ကိုရှာလျှင် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော တရားဆိုးကြီး (၃)မျိုးကြောင့်ပင်ဖြစ်သည်။ ထိုတရားဆိုးကြီးတို့၏ဇာစ်မြစ်ကို အဘိဓမ္မာဒေသနာတော်တွင် အတိအကျဖော်ပြထားပါသည်။ ကျင့်နည်း၊ ပယ်သတ်နည်းတို့ကိုလည်း ဟောကြားတော်မူပါသည်။ ထို့ကြောင့်မိသားစုအလိုက်၊ ရပ်ကွက်အလိုက်၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ နိုင်ငံ၊ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်အလိုက် အဘိဓမ္မာပညာကို တတ်သိနားလည်နိုင်ရန် သင်ယူဆည်းပူးသင့်ပါသည်။ အဘိဓမ္မာ ပညာကို ဆည်းပူးကျင့်ကြံသူများသည် အသက်ရှည်၍ အနာရောဂါကင်းပါမည်။ ပစ္စုပ္ပန်သံသရာ(၂)ဖြာ တိုးတက်မည်ဖြစ်သည်။ အဘိဓမ္မာပညာကိုလူတိုင်းဆည်းပူးကျင့်ကြံ၍ ဓမ္မပါလနိုင်ငံထူထောင်ကြပါစို့ ဟု ဆုထူးပန်ဆရာဟန်အနေဖြင့် အလေးအနက်တိုက်တွန်းသွားပေသည်။

မြတ်စွာဘုရားဟောကြားခဲ့သော ဓမ္မခန္ဓာပေါင်း(၈၄၀၀၀)ကျော်ကို ပိဋကတ်အနေနှင့်ပုံပါက ပိဋကတ် -၃ပုံ ရလေသည်။ ၄င်းတို့မှာ-

(၁) သုတ္တန်ပိဋကတ် လူပုဂ္ဂိုလ်အားလျော်စွာဟောတော်မူသောတရားတော်

(၂) ဝိနည်းပိဋကတ် ရဟန်းတော်များလိုက်နာရန်ဥပဒေပြတရားတော်

(၃) အဘိဓမ္မပိဋကတ် ထူးကဲသောသဘောတရားများ ဟောပြသည့်တရားတော် တို့ဖြစ်ပေသည်။

ကျွန်ုပ်တို့အနေနှင့် ပိဋကတ်သုံးပုံကိုလေ့လာရန်မလွယ်ကူပါ။ ပိဋကတ်သုံးပုံကို အာဂုံဆောင်ထားသော ဆရာတော်ကြီးများ ကိုယ်တိုင်ကျင့်ကြံ၍ အားထုတ်ခဲ့ကြသော ဆရာတော် သံဃာတော်အရှင်သူမြတ်များနှင့် လူပုဂ္ဂိုလ်ဆရာများမှရေးသားထားသောစာပေများ တရားခွေများကို ဖတ်ရှုနာကြားခြင်းဖြင့် မြတ်စွာဘုရား၏တရားတော်များကို မိမိဉာဏ်မီသလောက် သိရှိနိုင်ပေသည်။ တရားတော်တိုင်းကို ကိုယ်တိုင်မြင်နိုင်မည် မဟုတ်ပေ။ မသိမမြင်တိုင်း ယုံကြည်မှုမရှိဟု ဆိုလျှင် မိမိသာနစ်နာရုံသာ ရှိပေမည်။ ကျွန်ုပ်သည်လည်းပဲ သိပ္ပံပညာ မတောက်တစ်ခေါက်လေး တတ်ရုံဖြင့် "ဟေ့ တို့ကတော့ လက်တွေ့သမားတွေ လက်တွေ့ပြမှယုံမယ် လက်တွေ့မဟုတ်ရင်မယုံဘူးကွ" လို့ မာန်တက်စကား ကြွေးကြော်ခဲ့ဘူးလေသည်။ ကိုယ်ဉာဏ်မမီသည့် မသိနိုင် မမြင်နိုင်သော အရာများစွာရှိလေသည်။ ပုထုဇဉ်သည် သောတာပန်ဉာဏ်ဖြင့် မြင်သောအရာကိုမမြင်နိုင်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာမြင်သောအရာများကို မမြင်နိုင်သလို ရဟန္တာကလည်း ပစ္စေကဗုဒ္ဓါမြင်သောဉာဏ်အရာကို မမြင်နိုင်မသိနိုင်ပေ၊ ပစ္စေကဗုဒ္ဓါက ဘုရားမြင်ခဲ့သော သစ္စာလေးပါးတရားကိုမြင်နိုင်သော်လည်း ဘုရားရှင်ကဲ့သို့ တစ်ဖက်သားနားလည်အောင် ဟောနိုင်စွမ်းမရှိပေ။ ထို့ကြောင့်ဘုရားရှင်မြင်သောဉာဏ်အရာကို ကျွန်ုပ်တို့ သာမန်လူသားများ ဘယ်နည်းနဲ့မှမမြင်နိုင်ပေ။ ဘုရားရှင်ကဲ့သို့ မြင်မှသိမှယုံမည်ဆိုပါက ဘုရားရှင်ဖြစ်အောင် အရင်ပြုလုပ်ရပေမည်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ဖြစ်ရန် အချိန်ကာလအားဖြင့် ဘုရားရှင်ဖြစ်ရန်စိတ်ကူးတာက ၇-သင်္ချေ၊ ဆုတောင်းတာက ၉-သင်္ချေ၊ ပါရမီဖြည့်တာက အနည်းဆုံး ၄-သင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ ဖြစ်သည်။ တစ်သင်္ချေ၏အချိန်ကာလမှာ (၁)နောက်တွင် သုံညပေါင်းအလုံး(၁၄၀)ကမ္ဘာ အချိန်ကာလဖြစ်၍ တစ်ကမ္ဘာ၏အချိန်ကာလမှာ အလျား၊ အနံ၊ အမြင့်တစ်ယူဇနာ(ယခုခေတ်အတိုင်းအတာ ၁၂-မိုင်ခန့်ရှိသည်)ရှိသော ကန်ကြီးတစ်ကန်ထဲသို့ မုန်ညင်းစေ့အပြည့်ထည့်လိုက်ပါ။ နှစ်ပေါင်း(၁၀၀)ကြာလျှင် တစ်စေ့နှုန်းဖြင့်ထုတ်၍ ကန်ထဲမှ မုန်ညင်းစေ့များ ကုန်သွားသောကာလကို တစ်ကမ္ဘာဟု ခေါ်လေသည်။ တစ်ကမ္ဘာ၏ အချိန်ကာလ မည်မျှကြာသည်ကို ခန့်မှန်းနိုင်ပေသည်။

ထို့အတူ တစ်သင်္ချေကာလဆိုလျှင် ယှဉ်ဖွယ်ရာမရှိ ရှည်လျားလှပေသည်၊ ဘုရားရှင်တစ်ဆူဖြစ်ရန် လှူဒါန်းခဲ့သော သွေးများကိုပေါင်းစုကြည့်ပါက ယခုခေတ်သမုဒ္ဒရာကြီး ၄-စင်းတွင်ရှိ ရေများထက် များလေသည်။ လှူဒါန်းခဲ့သောမျက်လုံးပေါင်းမှာ ကောင်းကင်၌ရှိသော ကြယ်တာရာတွေထက်

များသလို လျှုဒါန်းခဲ့သော အသားအရိုးတို့မှာလည်း မြင့်မိုရ်တောင်ထက် မြင့်မားသည်ဟု ဆိုလေသည်။ ဤကဲ့သို့ဘဝပေါင်းများစွာ ဆင်းရဲဒုက္ခခံ၍ ဘုရားဖြစ်အောင်ကျင့်ကြံပြီး အများ ဝေနေယျသတ္တဝါအပေါင်းကို ကယ်တင်လိုစိတ် မိမိတွင်ရှိပါမည်လား ပြန်လည်စဉ်းစားသုံးသပ်သင့်ပေသည်။ ဤကဲ့သို့ အပင်ပန်းအဆင်းရဲခံ ပါရမီ မဖြည့်လိုပါလျှင် ဘုရားရှင်အဖြစ်ကို ဘယ်တော့မှရမည်မဟုတ်ပေ။ ဘုရားရှင်အဖြစ်ကိုမရလျှင် ဘုရားရှင်သိသလို မြင်သလို အဘယ်ကဲ့သို့ မြင်နိုင်ပါမည်နည်း၊ မသိမမြင်၍ မယုံဟုဆိုလျှင် မိမိသာလျှင်နစ်နာပေလိမ့်မည်။ ကျေးဇူးတော်ရှင် ပိုင်းလော့ဆရာတော်ဘုရားဟောခဲ့တာက "ယုံကြည်မှုသဒ္ဓါဆိုတာ၊ နည်းနည်းလေးယုံကြည်ရာကနေ စရမှာ၊ နည်းနည်းယုံကြည်မှ တကယ်လုပ်ပါတယ်၊ တကယ်လုပ်မှ ယုံကြည်စရာတွေထပ်တွေ့၊ ထပ်တွေ့တော့ ပိုယုံကြည် ပိုယုံကြည်တော့ထပ်လေ့လာ၊ ထပ်လေ့လာတော့ယုံကြည်စရာတွေ ထပ်တွေ့လာပါလိမ့်မယ်တဲ့" အရာရာကို ကိုယ်လက်တွေ့မြင်မှ ယုံမယ်ဆိုရင်တော့ အတ္တဝါဒီဆန်သွားပါလိမ့်မယ်၊ မိမိဉာဏ်နဲ့ချင့်ချိန်ပြီးယုံသင့်တဲ့ဟာ ဆိုရင်ယုံကြည်ရပါမယ်။ နောက်တစ်ခါ ပိုင်းလော့ဆရာတော်ဟောထားတာတစ်ခုရှိပါသည်။ ဟိုအရင်က ဆရာကြီးဦးလှသိန်းဆိုတာရှိပါတယ်တဲ့ သူ့ရဲ့တရားပွဲမှာ ပရိတ်သတ် သောင်းနဲ့သိန်းနဲ့ချီပြီး ရှိပါတယ်၊ တရားပွဲပြီးလို့နားနေတဲ့အချိန်မှာ တရားနာပရိတ်သတ်ထဲက လူငယ်လူရွယ်လေးငါးဆယ်ယောက်က ဆရာကြီးထံ ရောက်လာပြီး "ဆရာကြီးခင်ဗျား နတ်ပြည်တကယ်ရှိတယ်ဆိုတာယုံပါသလား" လို့မေးပါတယ်။ အဲတော့ ဆရာကြီးက "မယုံဘူးလို့" ဖြေလိုက်သတဲ့။ အဲဒီလိုဖြေလိုက်တော့ လူငယ်တွေက ဆက်ပြီးတော့ ပြောစရာစကားမရှိတော့ဘူး၊ သူတို့က နတ်ပြည်ရှိတယ်လို့ဆိုမှ မရှိဘူးဆိုတဲ့အယူနဲ့တိုက်ခိုက်မှာကိုး ဒီတော့ဆရာကြီးက "ဘာဖြစ်လို့မယုံသလဲသိလား" လို့ပြန်မေးလိုက်ပြန်တယ်။ အဲဒီတော့မှလူငယ်တွေက "ဟုတ်တယ် ဆရာကြီးဘာဖြစ်လို့မယုံတာလဲ" လို့မေးကြတယ်။ ဆရာကြီးကပြန်ပြီးတော့ဖြေပေးပါတယ်။ "မမြင်ရလို့မယုံတာ" လို့ဖြေလိုက်တယ်။ လူငယ်တွေက ဆက်မေးစရာမရှိလို့ ငြိမ်နေတာပေါ့။ နောက်မှ ဆရာကြီးက အေးအေးဆေးဆေးရှင်းပြတယ်၊ "ကဲ လူလေးတို့ ဒီမှာကြည့်" ဆိုပြီး ကျောက်သင်ပုန်းပေါ်မှာ မြေဖြူနဲ့ "က" ဆိုတဲ့စာလုံးကိုခပ်ကြီးကြီးရေးလိုက်ပြီး "ဒီကျောက်သင်ပုန်းပေါ်မှာ ကကြီးဆိုတဲ့စာလုံးရှိသလားလို့မေးလိုက်တော့ အားလုံးပြိုင်တူပဲ "ရှိပါတယ်ဆရာကြီး" လို့ညီတူဖြေကြပါတယ်၊ ကဲ နောက်ကို ပေသုံးဆယ်လောက်ဆုတ်ပြီး ကြည့်ခိုင်းပြီး ပြန်မေးပြန်တယ်၊

ရှိပါတယ်လို့ပဲ ပြန်ဖြေကြတယ်၊ နောက်ထပ်ပေ(၁၅၀)လောက် ဆုတ်ပြီးကြည့်ခိုင်းပြီးမေးပြန်ပါတယ်၊ သူတို့ကမြင်တော့ မမြင်ရတော့ဘူး ဒါပေမဲ့ကျောက်သင်ပုန်းပေါ်မှာ ကကြီးရေးထားတာရှိတယ်လို့ပဲ ဖြေကြပါတယ်၊ အဲဒီတော့မှဆရာကြီးက မင်းတို့မမြင်ရတာ မရှိဘူးဖြေကြလေလို့ ပြောလိုက်တယ်၊ ဒီတော့မှဘဲလူငယ်တွေ သဘောပေါက်သွားကြတယ်၊ ဒါကြောင့် ကိုယ်မမြင်တိုင်းမရှိဘူးလို့ငြင်းရင် အကြီးအကျယ် ဆုံးရှုံးနစ်နာနိုင်ပါတယ်။




နောက်တစ်ခုက ကျွန်တော်ငယ်ငယ်ကကြားဘူးတဲ့ဥပမာလေးပါ၊ သမင်ခြေရာပျောက်နည်းလို့ အမည်ပေးရင် သင့်တော်ပါမယ်။ သဲသောင်ပြင်တစ်ခုမှာ ကျောက်ဖျာတစ်ခုရှိတယ်ဆိုပါတော့။ ပုံမှာပါတဲ့အတိုင်း ကျောက်ဖျာရဲ့တစ်ဖက်တစ်ချက်မှာ သမင်ခြေရာတွေ တွေ့တယ်ဆိုရင် ဒီသမင်ဟာ ကျောက်ဖျာပေါ် ဖြတ်/မဖြတ် စဉ်းစားကြည့်ပါ။ ကျောက်ဖျာပေါ်မှာ သမင်ခြေရာမတွေ့ရပေမယ့်လည်း ကျောက်ဖျာရဲ့တစ်ဖက် တစ်ချက်ခြေရာတွေကိုကြည့်ခြင်းအားဖြင့် သမင်ဟာ ကျောက်ဖျာပေါ် ဖြတ်တယ်လို့ ယူဆနိုင်ပါတယ်။ ဒါကို ကျောက်ဖျာပေါ်မှာ သမင်ခြေရာမထင်တဲ့အတွက် မယုံဘူးဆိုရင် အဲဒီလူရဲ့ အသိဉာဏ်ကအင်မတန်နိမ့်နေပါပြီ၊ ဉာဏ်နဲ့ချင့်ချိန်ပြီး ယုံသင့်တာကို ယုံကြည်ရပါမယ်။ ဂေ◆ဒူးရှင်ပိဋကတ်သုံးပုံဆောင် ယောဆရာတော်ဘုရားကြီးက ယုံကြည်မှုသဒ္ဓါရှင်းတမ်းမှာ ရှင်းထားတာက “ သဒ္ဓါတရားဟာ အရေးကြီးဆုံးလို့ ပြောတဲ့စကား ဘုရားဉာဏ်တော်နဲ့ဟောခဲ့တာ တစ်ချို့ကိစ္စကိုယ်မြင်တာမဟုတ်ဘူး၊ ယုံကြည်မှုနဲ့သွားရမှာ ဘယ်လိုဥပမာပေးမလဲဆိုတော့ ကမ္ဘာ့ မြေပုံကြီးကို ပြမယ်ဆိုပါတော့ကွယ်တဲ့ ဒီကမ္ဘာ့မြေပုံကြီးကို ယုံလားဆိုတော့ ယုံကြည်တယ်တဲ့ မြေပုံကိုကြည့်ပြီးသွားကြတာကို လက်ခံတယ်တဲ့၊ ဒီလိုယုံကြည်တယ်ပြောရအောင် ကမ္ဘာအနှံ့ကို ရောက်ဖူးလားတဲ့၊ ဘာလို့ယုံကြည်လဲစဉ်းစား အဲဒါကိုယုံကြည်မှုသဒ္ဓါလို့ခေါ်တာပဲတဲ့၊ မှန်တယ်လို့ လက်ခံထားပြီးသွားတော့ ရောက်လည်းရောက်တယ်၊ ဒါဟာ သဒ္ဓါတရား အကြောင်းအကျိုး

ဆက်စပ်ကြည့်တော့ အကုန်မှန်သောကြောင့် လက်ခံယုံကြည်မှုသဒ္ဓါတရား၊ ကိုယ်မရောက်သော်လည်း ယုံကြည်ရမယ်နော်'' လို့ရှင်းထားပါတယ်။

ဒီလိုပါဘဲ ကျွန်ုပ်တို့ခန္ဓာကိုယ်ထဲမှာ ပိုးမျိုး(၈၀)ရှိတယ်လို့ဘုရားကဟောထားတယ်၊ ခုခေတ် သိပ္ပံ ပညာရှင်တွေလည်းရှိတယ်ဆိုတာလက်ခံနေပြီ၊ ဒါပေမယ့် ကျွန်ုပ်တို့ကိုယ်တိုင် မမြင်ရဘူး၊ မမြင်သော်လည်း ယုံနေရတယ်၊ ကြည်လင်သန့်ရှင်းတဲ့ရေထဲမှာ ပိုးမွှားများစွာရှိကြတယ်၊ မမြင်ရဘူး၊ လေထဲမှာလည်း ဘက်တီးရီယားပိုးတွေရှိနေတယ်၊ မမြင်ရဘူး၊ တစ်ချို့ပိုးမွှားတွေကြောင့် ရေသောက်ပြီး မကောင်းသောလေကို ရှူမိပြီးရောဂါတွေဖြစ်ရတာ အားလုံးအသိပါပဲ၊ မမြင်တိုင်းမရှိဘူးဆိုရင် မှားကုန်ပါလိမ့်မယ်။

## ယခုခေတ် အတိတ်ဘဝ အထောက်အထားများ

ကျွန်ုပ်ကိုယ်တိုင်ပင် ငယ်စဉ်အခါက သိပ္ပံပညာလေး မတောက်တစ်ခေါက်သင်ယူပြီး လက်တွေ့မှ ယုံမယ်လို့ အယူစွဲခဲ့ဘူးပါတယ်။ ဗုဒ္ဓဘာသာစာပေတွေ ဖတ်ရှုလေ့လာနားကြားရင်း ရှေ့ဘဝ နောက်ဘဝ ပရလောက တစ္ဆေ သရဲ ပြိတ္တာ၊ အသူရကာယ်တို့ တကယ်ရှိ,မရှိ၊ နတ်ပြည် ခြောက်ထပ် ဗြဟ္မာ(၂၀) တကယ်ရှိ,မရှိ ယုံကြည်ရန်ဝေခွဲမရဖြစ်ခဲ့ရပါတယ်။ တစ်နေ့မှာ အမေရိကန်နိုင်ငံ၊ အောက်(စ)ဖို့(ထ်)တက္ကသိုလ်မှ ဒဿနိကဗေဒ ပါမောက္ခကြီးတစ်ဦးဖြစ်တဲ့ (အိုင်စတီဗီစင်)ဆိုတဲ့ပုဂ္ဂိုလ်နဲ့ မြန်မာပြည်မှာ ဦးဝင်းမောင်တို့နှစ်ဦး စုပေါင်းရေးထားတဲ့ လူ့ဝင်စား ပြဿနာများ စာအုပ်ဟောင်းတစ်ခုကို ဖတ်ရှုလိုက်ရပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံပေါင်းစုံက လူ့ဝင်စားတွေအကြောင်း မှတ်တမ်းပြုစုရေးသားထားတဲ့ စာအုပ်တစ်အုပ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ လူ့ဝင်စားများအကြောင်းလည်း ပါပါတယ်။ ဓါတ်ပုံတွေနဲ့ သေသေချာချာ မှတ်တမ်းတင်ထားတာ တွေ့ရပါတယ်။ တစ်ချို့ တောရွာတွေမှာဆိုရင် မြန်မာပြည်ကို ဂျပန်အစိုးရအုပ်ချုပ်စဉ်က အင်္ဂလိပ်နဲ့စစ်ဖြစ်ပြီးသေသွားတဲ့ လူဖြူလေးနှစ်ယောက်က တောရွာတစ်ရွာမှာ သန္ဓေတည်ပြီး မွေးဖွားတာကို မှတ်တမ်းပြုစုထားတာတွေ့ရပါတယ်။ မိဘနှစ်ပါးကတော့ တောသူတောင်သား အသားအရည်က ညိုညိုမြည်းမြည်း မွေးလာတဲ့သားနှစ်ယောက်က တကယ့်ဗိုလ်ရုပ်ကလေးတွေ သူတို့ရဲ့အတိတ်ဘဝကို ပြန်မှတ်မိနေတယ်၊ ဂျပန်နဲ့စစ်တိုက်ပြီး စစ်လေယာဉ်ပျက်ကျကာ သေဆုံး

သွားရတဲ့အကြောင်း သေပြီးရွာထိပ်ကသစ်ပင်တစ်ပင်မှာ တစ္ဆေသရဲအနေနဲ့ နေရကြောင်း နောက်တော့ မိခင်တော်မယ့်သူထံမှာ သန္ဓေတည်ရန်အတွက် တစ်နေ့ ရေခပ်လာစဉ် ရေအိုးထဲကိုခုန်ချပြီး လိုက်ပါသွားခဲ့ကြောင်း မိခင်ကရေသောက်တော့ ရေခွက်ထဲဝင်ပြီး မိခင်ဝမ်းထဲရောက်သွားကြောင်း ရှင်းပြထားပါတယ်၊ ဒါတွေဟာမယုံကြည်နိုင်စရာတွေပါ။

တစ်ချို့အနောက်နိုင်ငံတစ်ခုမှာ နတ်ဝင်သည်လိုအမျိုးသမီးကြီးတစ်ယောက် ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံ ကြို့ပင်ကောက်မြို့မှာရှိတဲ့ နတ်လေချွန်ပုံစံမျိုးပေါ့၊ ကြားဖူးပါလိမ့်မယ်၊ ဘယ်လောက်နာမည်ကြီးသလဲဆိုရင် သူ့ကိုလာမေးမယ့်လူတွေ များလွန်းလို့ ဘောလုံးကွင်းကြီး တစ်ကွင်းရဲ့အလယ်မှာ စတိတ်စင်(Stage)ကြီးတစ်ခု ထိုးရတယ်၊ မေးမယ့်ပရိတ်သတ်တွေက စတိတ်စင်ရဲ့ပတ်လည်မှာ ဝိုင်းလို့နေကြတယ်။ သူမကိုစောင့်ရှောက်နေတဲ့နတ်ကို နာမည်ပေးထားတာက တိမ်နီနတ်တဲ့ အင်္ဂလိပ်လိုကတော့(Red Cloud)ပေါ့၊ သူမက အဲဒီတိမ်နီနတ်ကတစ်ဆင့် ပရလောက က ပုဂ္ဂိုလ်တွေနဲ့ဆက်သွယ်ပေးတယ်။ အဲဒီတိမ်နီနတ်ဘေးမှာလည်း ပရလောကမှ သတ္တဝါတွေ အများကြီးပဲတဲ့ သူတို့ဆွေမျိုးညီအစ်ကို မောင်နှမတွေနဲ့ဆက်သွယ်ချင်လို့ စောင့်နေကြတာ၊ ဥပမာ ပရိတ်သတ်ထဲက ဦးဖြူရဲ့အမျိုးသမီးက သေသွားတယ်ဆိုပါတော့ နတ်ဝင်သည် အမျိုးသမီးက ကြားကဆက်သွယ်ပြီး စကားပြန်လုပ်ပေးရတယ်။ အဲဒီကျမှ မှာစရာရှိတာ ပြောစရာရှိတာကို ပြောဆိုမှာကြားပြီး ငိုတဲ့သူကငို ဝမ်းနည်းတဲ့သူတွေက ဝမ်းနည်းပေါ့၊ အဲဒီ (Red Cloud)ဆိုတဲ့ တိမ်နီနတ်ကလည်း ကိုယ်ထင်ပြတဲ့အတွက် ဓါတ်ပုံရိုက်ထားတဲ့ပုံပါ ပါလာတယ်။ ကျွန်တော်တို့ တွေ့ဖူးတဲ့ နတ်ပုံစံမျိုးတော့ မဟုတ်ဘူး။ လူရိုင်းတွေ (Red Idian)တွေလိုခေါင်းမှာ အတောင်တွေနဲ့ တပ်ထားတဲ့ပုံ တွေ့ရတယ်။

အဲဒီလိုဖတ်လိုက်ရတော့ ကျွန်တော်အနေနဲ့ နည်းနည်းယုံကြည်လာခဲ့တယ်၊ အတိတ်ဘဝ အနာဂတ်ဘဝ ဆိုတာရှိပါလား၊ ဒါပေမယ့် သိပ်အယုံကြီးတော့မဟုတ်သေးပါဘူး၊ ဘာဖြစ်လို့ နည်းနည်း ယုံရသလဲဆိုတော့ အနောက်နိုင်ငံသားတွေက ကျွန်တော်တို့ နိုင်ငံသားတွေနဲ့မတူဘူး သူတို့က ရုပ်ဝါဒီသမားတွေ ဘာမဆိုလက်တွေ့ကျမှ ယုံတတ်ကြတယ်၊ သူတို့တွေယုံကြည်ပြီဆိုလည်း တော်ရုံတန်ရုံနဲ့တော့မယုံဘူး၊ သေသေချာချာ စူးစမ်းလေ့လာပြီးမှ ယုံကြတာများပါတယ်။ ဒါကြောင့် ကျွန်တော်လည်း နည်းနည်းယုံကြည်လာခဲ့ပါတယ်။ ဒီလိုနဲ့ပဲ ဘာသာရေးစာအုပ်တွေ ဖတ်ရှု

လေ့လာနေရင်း ကျွန်တော့အိမ်ကို ဆွမ်းခံကြွတဲ့ ဦးပဥ္စင်းကြီးတစ်ပါးရဲ့အကူအညီနဲ့ ဣစ္ဆာသယ ကျောင်းတိုက်ကို ရောက်သွားပါတယ်။ ကျောင်းရောက်တော့ ဆရာတော်က အဆောင်လက်ဖွဲ့ ပေးမယ်ဆိုပြီး ကျွန်တော့ကိုဆယ်ပြားစေ့(ယခင်သုံးခဲ့သောအကြွေစေ့) တစ်ခုပေးပြီး လက်ဝါးနှစ်ခု ညှပ်ပြီး လက်အုပ်ချီခိုင်းပါတယ်။ ပြီးတော့မှ ဆရာတော်က ရွတ်ဖတ်ပြီး အစောင့်အရှောက် အပ်နှင်းပေးပါတယ်။ ရွတ်ဖတ်နေဆဲအချိန်မှာ ကျွန်တော်ရဲ့လက်ဖဝါးနှစ်ခုကတဖြည်းဖြည်း တုန်ခါလာပြီး ညှပ်ထားတဲ့ ဆယ်ပြားစေ့ဟာ 'ဂျောက်' ကနဲ ကြမ်းပြင်ပေါ်ကို ကျသွားပါတော့တယ်။ ကျွန်တော်လည်း အံ့ဩထိတ်လန့်စွာနဲ့ ပြန်လည်ကောက်ယူပြီး သိမ်းဆည်းခဲ့ပါတယ်။ ဆက်လက်ပြီး ဆရာတော်က ပရလောကဆိုတာရှိကြောင်း၊ ဝေမာနိက နတ်ပြိတ္တာတွေ တစ္ဆေ၊ သရဲ နာနာဘာဝ သတ္တဝါတွေ များစွာရှိကြောင်း၊ အခါအခွင့်သင့်ရင် လာရောက် လေ့လာရန် လာရောက်ခေါ်ယူမည် ဖြစ်ကြောင်းမိန့်ကြားခဲ့ပါတယ်။ မမြင်ဘူး၊ မကြုံဘူးသောအရာကို မြင်တွေ့ ကြုံတွေ့ခဲ့ရသော ကျွန်တော်ဟာ ပရလောကနဲ့ပတ်သက်၍ သိချင်စိတ် အင်မတန်များပြီး ဆရာတော်ကျောင်းသို့ မကြာခဏ ရောက်ဖြစ်ပါတော့တယ်။ ဆရာတော်က ဘုရားရှိခိုး၊ သရဏဂုံဆောက်တည်မှုများ ပြုနိုင်းပြီး ဘုရားဂုဏ်တော်ကို ပုတီးစိပ်ပွားများနည်းကိုပါ သင်ကြားပေးခဲ့သည့်အတွက် ညစဉ် ဘုရားရှိခိုး၊ ပုတီးစိပ်ဖြစ်ခဲ့ပါတယ်။ တကယ့်သဒ္ဓါတရားတော့မဟုတ်ပေ။ ဘေးအန္တရာယ်ကင်းရန် စီးပွားလာဘ်လာဘ ရရှိရန်သာ ရည်ရွယ်ပြီး ကြိုးစားအားထုတ်ခဲ့ခြင်းသာ ဖြစ်ပါတယ်။

တစ်နေ့ညနေခင်း ဆရာတော်ကျောင်းရောက်နေချိန်မှာ ဆိုက်ကားတစ်စီးနှင့် ကုလား အမျိုးသား သုံးဦးခန့် ဆိုက္ကားကို ဘေးမှဝိုင်းတွန်းရင်း ဝင်လာတာတွေ့ရပါတယ်။ ဆိုက္ကားပေါ်မှာတော့ ကုလားမကြီးတစ်ဦး (ဆာရီ)ဝတ်စုံကြီးနဲ့ ပိုးလိုးပက်လက်ပါလာတာ တွေ့လိုက်ရပါတယ်။ ကျောင်းပေါ် ကို မ,ချီပြီး တင်လာကြပါတယ်။ လူမမာကုလားမကြီးကို သေချာကြည့်လိုက်တော့မှ ပါးစပ်မှ လျှာတစ်လစ်ကြီးထွက်နေပြီး သွားရည်တွေ တမြားမြား ကျနေတာတွေ့ရပါတယ်။ မျက်လုံးကလည်း ပြူးထွက်နေတယ်၊ ဆရာတော်ကဘာဖြစ်တာလဲမေးတော့ ကုလားတစ်ယောက်က ''ဒီနေ့မနက် အိပ်ယာထတဲ့အချိန်မှာ အော်သံကြားလို့ သူ့ခြင်ထောင်ထဲသွားကြည့်တော့ ခုလိုဖြစ်နေတာ တွေ့ရ တာပါပဲဘုရား'' လို့လျှောက်တယ်။ ''ဆေးရုံလည်းသွားပြပြီးပြီ၊ မထူးလို့ပြန်ယူလာတဲ့အခါ မိတ်ဆွေတစ်ယောက်က ဆရာတော့်ထံခေါ်သွားဖို့လမ်းညွှန်လိုက်တာနဲ့ အခုရောက်လာတာပါဘုရား''

တဲ့။ ဒီတော့ဆရာတော်က အေးအေးကိစ္စမရှိဘူးဆိုပြီး ကျောင်းသားတစ်ယောက်ကို ရေတစ်ခွက် ယူခိုင်းလိုက်တယ်၊ ပြီးတော့ ဆရာတော် နှုတ်ဖြင့် ရွက်ဆိုမန်းမှုတ်ပြီး လူမမာရဲ့မျက်နှာကို ရေမန်းကို လက်နဲ့ဆွတ်ပြီး တောက်လိုက်ပါတယ်။ လူမမာက အကြီးအကျယ်အော်ဟစ်ပြီး ငြိမ်ကျသွားပါတယ်။ နောက်ဆရာတော်က ကြိမ်လုံးတစ်ချောင်းကိုယူပြီး နှုတ်မှပြောကာဆိုကာ ကြမ်းပြင်ကို ကြိမ်လုံးဖြင့် ရိုက်လိုက်သောအခါ လူမမာ၏ကိုယ်လုံးမှာ ဆတ်ကနဲ ဆတ်ကနဲခုန်လျှက် ငြိမ်ကျသွားပေတော့သည်။ ဆရာတော်ကရေမန်းဖြင့်ထပ်တောက်လိုက်သောအခါ ''အင်း'' ငြီးသံထွက်ပေါ်လာပြီး မျက်လုံး ကလယ်ကလယ်ဖြင့် ပြန်သတိရလာပါသည်။ ကောင်းစွာသတိရ၍ ထထိုင်ပြီး ဆရာတော်ကို ထိုင်ကန်တော့လိုက်ပါသည်။

ဘုန်းကြီးကျောင်းလာစဉ်က လူ ၂-ယောက် ၃-ယောက်တွဲထူခဲ့ရသောလူမှာ အပြန်တွင် ကိုယ်တိုင် လမ်းလျှောက်၍ ပြန်သွားနိုင်လေသည်။ ပြီးမှ ဆရာတော်အားမေးလျှောက်ကြည့်ရာ ကာလီမနတ်က ပြုစားထားတာဖြစ်ကြောင်း အဲဒီကုလားမိသားစုမှာ ကာလီမနတ်ကိုကိုးကွယ်ကြောင်း ပုံမှန်ပူဇော်ဆက်သနေကျအတိုင်း မပူဇော်သဖြင့် ကာလီမနတ်က ပြုစားထားတာဖြစ်ကြောင်း ရှင်းပြပါသည်။ ဆရာတော်မှ အနုနည်းဖြင့် ချော့မော့ပြောဆို၍မရသဖြင့် ကြိမ်စကြာဖြင့် ဆုံးမလိုက်မှ ရှိခိုးတောင်းပန်ပြီး ထွက်သွားကြောင်း သိခဲ့ရပါသည်။ ပရလောကသတ္တဝါမျိုးစုံရှိကြောင်း သိရှိခဲ့ရ ပါသည်။

ဆက်လက်၍ ကျွန်တော်၏သူငယ်ချင်းတစ်ယောက်အကြောင်း ပြောပြလိုပါသည်။ ပုဂ္ဂိုလ်ရေး အရှင့်ညှာသဖြင့် အမည်အရင်းကို မဖော်ပြလိုပါ။ မောင်စိန်လို့သာ ဖော်ပြပါရစေ၊ တစ်နေ့ ကျွန်တော်သည် သူငယ်ချင်း မောင်စိန်အိမ်သို့ သွားရောက်လည်ပတ်သောအခါ မောင်စိန်က ''သူငယ်ချင်း ငါ့ရဲ့ အဖြစ်ကို ပြောပြချင်တယ်ကွာ၊ ငါပြောရင် ဘယ်သူကမှမယုံကြဘူး၊ ဒါကြောင့်ငါတစ်ယောက်တည်း ကြိတ်ခံနေရတာ၊ အခုဆို(၁၀)ရက်လောက် ရှိပြီ'' အေးပါ၊ ငါနားထောင်ပါမယ်ပြောမှာသာ ပြောစမ်းပါကွာဆိုတော့ သူက အခုညညငါအိပ်မပျော်တာ (၁၀)ရက်လောက်ရှိပြီ၊ ငါနေတဲ့ရပ်ကွက် ကလည်း ကုလားတွေအများဆုံးနေတဲ့ရပ်ကွက်ဆိုတာ မင်းလဲသိသားပဲ ငါကအပေါ်ထပ် အိမ်ရှေ့ ဧည့်ခန်းမှာအိပ်တယ်လေ လွန်ခဲ့တဲ့(၁၀)ရက်လောက်ညမှာပေါ့ ငါအိပ်ပျော်သွားတုန်း အိပ်ယာက လန့်နိုးလာတယ်၊ အိပ်မက်တွေကလဲမကောင်းဘူး ကြောက်ကြောက်လန့်လန့်နဲ့ အိမ်အရှေ့ဘက်

ဝရံတာမှာရှိတဲ့ သံဇကာတွေကို လှမ်းကြည့်လိုက်တဲ့အခါ မျက်လုံးပြူးပြူးနဲ့ ကုလားတစ်ယောက် သံပုရာခွံ ဦးထုပ်အနီကလေးဆောင်းလို့ လျှာတစ်လစ်နဲ့ ငါ့ကိုစိုက်ကြည့်နေတယ်၊ ငါက အိပ်မက်ထဲမှာ မြင်နေတာမှတ်လို့ မျက်လုံးတွေပွတ်ကြည့်လိုက်တယ်။ ဒါပေမယ့် ဒီကုလားရုပ်က ပျောက်မသွားဘူး၊ အဲဒီအချိန်မှာ ငါ့အိမ်က ကြောင်တစ်ကောင်ကနေ အိမ်ခန်းထဲကနေ ငါအိပ်နေတဲ့ဧည့်ခန်းကို ထွက်လာတာ အဲဒီကြောင်က ဦးထုပ်နီနဲ့ကုလား ရပ်နေတဲ့နေရာကို သေသေချာချာ စူးစူးစိုက်စိုက် ကြည့်မာန်ဖီပြီးတော့ ကြောက်အားလန့်အားနဲ့ အိမ်ခန်းထဲပြန်ပြီး ပြေးဝင်သွားတယ်၊ ကြောင်ထွက်ပြေးသွားတာတွေ့တော့မှ ငါ့စိတ်ထဲမှာထင်တာမဟုတ်ဘဲ အပြင်မှာတကယ်တွေ့နေရတာလို့ သိလိုက်တော့ ပိုပြီးကြောက်လာတယ်၊ အိပ်ယာထဲကလည်း မထရဲဘူး စောင်ခေါင်းမြီးခြုံပြီး နေလိုက်တယ်၊ (၁၅)မိနစ်လောက်ကြာတော့ စောင်ကိုလှပ်ကြည့်တဲ့အခါ မရှိတော့ဘူး၊ အဲဒါနဲ့ငါလည်းတစ်ညလုံး အိပ်မပျော်တော့ဘူး၊ ဒါနဲ့မနက်မိုးလင်းတော့ ငါ့မိဘတွေ အကိုတွေကို ဒီအကြောင်းပြောပြတဲ့အခါ သူတို့က လုံးဝမယုံဘူး ဝိုင်းပြီး ရယ်ကြတော့တယ်၊ အဲဒီလိုနဲ့ ညတိုင်းမြင်မြင်နေရတာ ဒီနေ့ထိဘဲ တစ်ရက်မှလည်း မအိပ်ရသေးဘူး ထမင်းလည်းမစားနိုင်ဘူး။ အမြဲတမ်း ဒီကုလားပုံကြီးပဲပေါ်နေတယ်၊ လွန်ခဲ့တဲ့နှစ်ရက်လောက်က ငါ့ကိုရူးသွားပြီထင်လို့ စိတ္တဇဆေးရုံက ဆရာဝန်တစ်ဦးဆီခေါ်သွားတယ်၊ စမ်းသပ်စစ်ဆေးကြည့်တော့လည်း ဘာရောဂါမှမရှိဘူးလို့ပြောတယ်၊ ဒါပေမယ့် ငါခုထိအိပ်မရသေးဘူး သူငယ်ချင်း'' ''အေးပါသူငယ်ချင်းရာ ဒီကိစ္စငါတော့ မတတ်နိုင်ဘူး ငါ့မိတ်ဆွေတစ်ယောက်ရှိတယ် သူ့နာမည်က ဦးသက်တင်တဲ့ သူနဲ့တွေ့တဲ့အခါ မင်းရဲ့ကိစ္စတွေအားလုံးအဆင်ပြေသွားမှာပါ၊ ဒီအပါတ် စနေရုံးပိတ်ရက် သူ့ဆီသွားကြတာပေါ့''လို့ ပြောပြီး ပြန်လာခဲ့ပါတယ်။

စနေနေ့နံက် ရှစ်နာရီလောက် ကျွန်တော်နှင့် မောင်စိန်နှစ်ယောက် ဦးသက်တင်အိမ်ကို သွားကြပါတယ်၊ အကြောင်းစုံရှင်းပြတော့ သူ့အနေနဲ့ မတတ်နိုင်တဲ့အကြောင်း သူ့ဆရာတစ်ဦးရှိကြောင်း သုဝဏ္ဏာတွင်နေကြောင်း ပြောဆိုပြီး အားလုံးအတူတကွ သုဝဏ္ဏာကိုလိုင်းကားစီးပြီး သွားခဲ့ကြပါတယ်။ သုဝဏ္ဏာရောက်လို့ ဆရာအိမ် ဝင်တဲ့အခါ ဆရာကလှိုက်လှဲပျူငှာစွာ ကြိုဆိုပါတယ်၊ အောက်ထပ် ဧည့်ခန်းမှာထိုင်ရင်း ဦးသက်တင်က အကြောင်းစုံကိုရှင်းပြပါတယ်။ အဲဒီတော့ဆရာက စမ်းသပ် ကြည့်ရအောင်ဆိုပြီး ဘောပင်တစ်ချောင်းကို ကောက်ကိုင်ကာ ကျွန်တော့်သူငယ်ချင်း မောင်စိန်ရဲ့ နှုတ်ခမ်းကိုထောက်လိုက်ပါတယ် နှုတ်မှလည်း ''ကဲ … ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနဲ့

ဆန့်ကျင်တဲ့ အမှောင့်ပယောဂရှိရင် အခုဝင်စမ်း'' လို့အမိန့်ပေးလိုက်တဲ့အခါ မောင်စိန်ဟာ တစ်ကိုယ်လုံး တုန်ခါလာပါတယ်၊ ကျွန်တော်ကတော့ သူတို့နှစ်ယောက် ဘာတွေပြော ဆိုကြမယ်ဆိုတာသိချင်လို့ စာအုပ်တစ်အုပ်နဲ့ မှတ်တမ်းလိုက်ရေးနေပါတယ်၊ သူတို့နှစ်ယောက်မေးပုံ ဖြေပုံကတော့ . . .။

ဆရာ။ ။ မင်းဘယ်သူလဲ ၊ ဘာဖြစ်လို့ခုလိုလုပ်တာလဲ။

မောင်စိန်။ ။ ငါကအရင်ဘဝကသူ့ရဲ့ဆရာဘဲ၊ သူ့ကိုငါပြန်ခေါ်မလို့လုပ်တာ။

ဆရာ။ ။ မင်းကဘာလူမျိုးလဲ ၊ မင်းကိုးကွယ်တာကဘယ်သူလဲ။

မောင်စိန်။ ။ ငါကဟိန္ဒူလူမျိုး ၊ ငါ့ရဲ့ဆရာကအလ္လာအရှင်မြတ်။

ဆရာ။ ။ ဟိန္ဒူက အလ္လာအရှင်မြတ်ကို ကိုးကွယ်ရသလား။

မောင်စိန်။ ။ ကိုယ်ကြိုက်ရာ ကိုးကွယ်တာ ဘာဖြစ်လဲ။

ဆရာ။ ။ ကောင်းပါပြီ မင်းအခုဘယ်ဘုံဘဝရောက်နေတယ်ဆိုတာသိလား၊ ဒီဘဝက သေပြီးရင်ကော ဘယ်ကိုရောက်မယ်ဆိုတာသိလား။

မောင်စိန်။ ။ မသိဘူး။

ဆရာ။ ။ မသိရင် သိအောင်ပြောပြမယ်၊ မင်းအခုရောက်နေတဲ့ဘုံဘဝက မကောင်းဆိုဝါး တစ္ဆေသရဲဘုံပဲ၊ အရင်ဘဝက မကောင်းတဲ့ အကုသိုလ်တွေလုပ်ခဲ့လို့ ဒီဘုံဘဝကိုရောက်ရတာ၊ ခုဒီဘဝမှာ သူတစ်ပါးကို ညှင်းဆဲ သတ်ဖြတ်မယ်ဆိုရင် ဒီဘဝကသေပြီးရင် ငရဲကိုကျရအုံးမယ် ၊ ငရဲကိုမကြောက်ဘူးလား၊ မြင်ရောမြင်ဘူးလား။

မောင်စိန်။ ။ ငရဲကိုမကြောက်ဘူး၊ မြင်လည်းမမြင်ဖူးဘူး။

ဆရာ။ ။ ကောင်းပြီ ဒါဆိုမင်းကိုငရဲပြမယ်၊ ခေါင်းငုံ့လိုက် ၊ ''ကဲ … ငရဲကြီး ရှစ်ထပ် တိုက်ရိုက်ပွင့်စေ''လို့ အမိန့်ပေးပြီးမောင်စိန်ရဲ့ဦးခေါင်းကို လက်ဝါးနဲ့ သပ်ချလိုက်ပါတယ်၊ အဲဒီတော့မောင်စိန်ဟာ မျက်လုံးပြူး မျက်ဆံပြူးနဲ့ထအော်တော့တာဘဲ။ ''အား ‥ မကြည့်ရဲဘူး၊ ကြောက်တယ် ကြောက်တယ်''ဆိုပြီး အတင်းရုန်းကန်နေပါတယ်။ ဒီတော့မှ ဆရာက-

ဆရာ။ ။ ကဲ … မင်းမကြည့်ရဲရင်မပြတော့ပါဘူး ၊ ခု ငရဲကိုတွေ့ပြီမဟုတ်လား၊ သွားကော သွားချင်သေးလား။

မောင်စိန်။ ။ တွေ့ပါပြီ၊ ကြောက်လှပါပြီ၊ သွားလည်းမသွားချင်ပါဘူးဆရာရယ်၊ ကျွန်တော့်ကိုကယ်ပါအုံး။

မောင်စိန်တွင်ဝင်ပူးနေသောကုလားက ဘာတွေမြင်ခဲ့သည်ကိုတော့ ကျွန်တော်မသိပါ၊ အင်မတန် ကြောက်စရာကောင်းမှန်းတော့သိနေပါသည်။ ဆက်လက်ပြီးတော့ ဆရာက-

ဆရာ။ ။ မင်းကိုကယ်နိုင်တာ ဗုဒ္ဓဘုရားရှင်ပဲရှိတယ်၊ ငါ့ရဲ့ဦးခေါင်းပေါ်မှာ ကြည့်လိုက် ဗုဒ္ဓမြတ်စွာဘုရားရှင် ရောင်ခြည်တော် ကွန့်မြူးပြီး သီတင်းသုံး ထိုင်နေတော်မူတယ်၊ ဘုရားရှင်ကိုဦးချလိုက် ..၊ ဦးချလိုက် ..၊ ဆရာက ပြောဆိုပြီး ကျွန်တော့်သူငယ်ချင်းမောင်စိန်က တုန်တုန်ရီရီနဲ့ မျက်လုံးပြူးပြီး ဆရာရဲ့ ဦးခေါင်းတော်ပေါ် စိုက်ကြည့်ကာ လက်နှစ်ဖက်နဖူးပေါ်တင် လက်အုပ်မိုးပြီး ရှိခိုးဦးချလိုက်ပါတော့တယ်၊ ဆရာက ရပါပြီ၊ ပြန်လို့ ရပါပြီလို့ ပြောလိုက်တော့ မောင်စိန်ဟာတုန်ရီနေရာကနေ ငြိမ်သက်သွား ပါတော့တယ်။

ပြီးတော့ မောင်စိန်ကဘာတွေဖြစ်သွားတာလဲလို့ ကျွန်တော့်ကိုမေးပါတယ်။ ကျွန်တော်က သူနဲ့ဆရာ ပြောဆိုခဲ့တဲ့မှတ်တမ်းကို ထုတ်ပြတော့ သူအင်မတန်အံ့ဩသွားပါတယ်။ ဒါတွေပြောတာ ငါလုံးဝမသိဘူးလို့ပြောပါတယ်။ ပြီးတော့မှ ဆရာကိုကန်တော့ရင်း ကျေးဇူးတင်စကားဆိုပါတယ်၊ ဆရာက လိုအပ်တာစမ်းသပ်စစ်ဆေးပြီး သောက်ဆေး လိမ်းဆေးတွေပေးပါတယ်၊ နောက် သုံးရက်လောက်ကျရင် ပြန်လာပြဖို့ ပြောပါတယ်၊ ဒီလိုနဲ့ပဲ ကျွန်တော်တို့သုံးယောက် ဆရာ့ကို နှုတ်ဆက်ပြီး တလမ်းလုံးဖြစ်ခဲ့တဲ့အကြောင်းအရာတွေကို ပြန်စမြုံ့ပြန်ရင်းနဲ့ လိုင်းကားစီး ပြန်လာကြပါတယ်၊ နောက်သုံးရက်ကြာတဲ့အခါ ကျွန်တော်တို့ မောင်စိန်နဲ့မလိုက်ဖြစ်တော့ပါဘူး၊ မောင်စိန်က ဆရာ့ထံ ၃-၄ကြိမ်သွားရောက်ကုသရင်း သူ့ရဲ့ရောဂါ ပျောက်ကင်းသွားပါတယ်။ ခုဆိုရင်အိမ်ထောင်ကျ ပြီးသားသမီးတွေရနေပါပြီ။

# ဝိပဿနာတရားနှင့်တွေ့ရှိပုံ

ကျွန်တော်ကတော့အတွေ့အကြုံတစ်ခုတိုးလေ ဘုရားတရားသံဃာအပေါ် ယုံကြည်မှု ပိုလာလေပါပဲ။ လောကမှာကိုယ်မသိသေးတာတွေ အများကြီးရှိပါသေးတယ်ဆိုတာ ကောင်းကောင်း သဘောပေါက်ပါတော့တယ်။

ယုံကြည်မှုသဒ္ဓါများပြားလာသည့်အလျောက် ဘာသာရေးစာပေများ ပိုမိုဖတ်ရှုလေ့လာခဲ့ ပါတယ်။ ဒါန၊ သီလ၊ ဘာဝနာအပြင် ဝိပဿနာကိုပါ စိတ်ပါဝင်စားလာပါတယ်။ ကျွန်တော့်အိမ် ခေါင်းရင်းက အဘဦးသိန်းဟန်ရဲ့ကျေးဇူးကြောင့်ပဲ ရပ်ကွက်ဓမ္မာရုံမှာ ပခုက္ကူဆရာကြီးဦးကြင်ရွှေရဲ့ ဝိပဿနာသင်တန်းကို ညစဥ်နာယူ သင်တန်းတက်ခဲ့ပါတယ်။ ဆရာကြီးဦးကြင်ရွှေကိုယ်တိုင် ဟောခြင်းတော့မဟုတ်ပါ။ ဆရာကြီးဟောထားသော တိပ်ခွေ(၃၆၀)ခန့်ကို တနင်္ဂနွေနေ့မှလွဲ၍ ကျန်ရက်များတွင်ညစဥ်တရားနာ သင်တန်းတက်ခဲ့ပါတယ်။ ကမ္ဘာဖြစ်တည်ပျက်ကအစ လူသားများ ဖြစ်ပေါ်လာပုံအပြင် ရုပ်သဘော နာမ်သဘောနောက် သစ္စာလေးပါးနဲ့ နိဗ္ဗာန်တရားတော်များကို နာကြားခဲ့ရတဲ့အတွက် ဝိပဿနာလုပ်ငန်းကို အနည်းငယ် နားလည်လာပါတယ်။ ညမှာတရားနာ နေ့ဘက် အားတဲ့အချိန် ဣန္ဒာသယဆရာတော်ထံ တရားမေးမြန်းလျှောက်ထားပြီး တပည့်တော် အနေနဲ့ အခု ဝိပဿနာလုပ်ငန်းကို စိတ်ဝင်စားတဲ့အကြောင်း၊ ဝိပဿနာအားထုတ်နိုင်ရန် နည်းလမ်း ပေးတော်မူပါဘုရားလို့ လျှောက်ခဲ့ပါတယ်။ ဆရာတော်က စာအုပ်ထည့်တဲ့ဗီရိုထဲက စာအုပ်တစ်အုပ် ယူပေးပါတယ်။ သစ္စာဒီပကဆရာကြီးဦးကြည်ရဲ့ **'ဒိဋ္ဌဓမ္မော'** စာအုပ်ဖြစ်ပါတယ်။ ဖတ်ကြည့်တော့ ရုပ်သည် ဖောက်ပြန်ပျက်စီးတတ်တဲ့သဘော နာမ်သည်သိတတ်တဲ့သဘော ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ ငါ လူ နတ် ဗြဟ္မာ၊ အသက်လိပ်ပြာဆိုတာမရှိဘဲ ရုပ်တရားနာမ်တရားသာရှိကြောင်း ရုပ်၏ ဖေါက်ပြန်မှုသဘောကို နာမ်ကသိဖို့လိုကြောင်း၊ ဖောက်ပြန်တာကိုသိနေတယ်လို့ ရှုမှတ်ရမှာဖြစ်ကြောင်း သိရှိလေ့လာရသည့်အတွက် ဝိပဿနာလုပ်ငန်းကို စတင်အားထုတ်ဖြစ်ပါတော့တယ်။ ရုပ်သဘော နာမ်သဘောတွေသည် ကျွန်ုပ်တို့ခန္ဓာမှာ အမြဲရှိနေသည့်အတွက် သမာဓိထူးထူးခြားခြား ထူထောင်စရာ မလိုပဲ တိုက်ရိုက်ဝိပဿနာရှုနိုင်သဖြင့် ထိုင်လိုက်သည့်အခါ ကြမ်းပြင်နှင့် တင်ပါး ထိသိသဘောတွေ ပေါ်နေပြီး တင်းမှုလျော့မှုသဘောများ၊ လက်နှစ်ဖက်ထပ်ထားသည့်နေရာ၌ ရှုကြည့်သောအခါ ပူနွေးမှု လှုပ်ရှားမှုများတွေ့နေရပေသည်။ မျက်စိဖြင့်တွေ့ခြင်းမဟုတ်ပါ၊ ဉာဏ်ဖြင့်တွေ့ခြင်းသာ ဖြစ်သည်။

ထိုထိုသဘောတရားတို့သည် ရုပ်တရား၏ဖေါက်ပြန်မှုသဘောများသာဖြစ်ပြီး ၄င်းဖေါက်ပြန်မှုကို သိနေတာသည် နာမ်၏သဘောသာဖြစ်ပေသည်။ ထို့ကြောင့် ဖေါက်ပြန်တာကို သိနေတယ်လို့ ရှုမှတ်နေစဉ် ရုပ်နာမ်ကိုသာသိသဖြင့် ဝိပဿနာဖြစ်နေပေတော့သည်။ ဆရာကြီးဦးကြည်သည် စာအရေးအသား အလွန်ကောင်းမွန်ပြီး ဆွဲဆောင်မှုအားကောင်းသောကြောင့် ဒိဋ္ဌဓမ္မောစာအုပ် မထူမပါးလေးကို တစ်ညတည်းဖြင့် ကုန်အောင်ဖတ်ရှုမိပေတော့သည်။

အနည်းငယ်သဘောပေါက်သည့်အခါ ဝိပဿနာတရားအားထုတ်သည့် အလေ့အကျင့် ဖြစ်လာပါသည်။ အားလပ်သောအချိန်များတွင် အခြားဝိပဿနာလုပ်ငန်းဆိုင်ရာစာအုပ်များကို ဆက်လက်လေ့လာဖတ်ရှုမိပါသည်။ လေ့လာဖတ်ရှုအားထုတ်ဖူးသော ဝိပဿနာလုပ်ငန်းဆိုင်ရာစာအုပ် များမှာ ဆရာကြီးဦးကြင်ရွှေ၏ ဝိပဿနာသင်တန်းဆိုင်ရာစာအုပ်များ၊ သစ္စာဒီပကဆရာကြီးဦးကြည်၏ ဒိဋ္ဌဓမ္မော၊ သိတာနဲ့သိစရာ အစရှိသော စာအုပ်များ၊ လယ်တီဒီပနီအဆီပေါင်းချုပ်၊ အနာဂါမ် ဆရာသက်ကြီး၊ မဟာစည်ဝိပဿနာ၊ သပိတ်အိုင်ဆရာတော်ဦးကိတ္တိ၏ စူဠသောတာပန်ဖြစ်ခဏ်း ဓါတ်ကမ္မဋ္ဌာန်း၊ ဝိပဿနာဆရာကြီးဦးဗဂျီဝိုင်၏ ဝိပဿနာအခြေခံနှင့်အဖြေမှန် စာအုပ်များ ဖတ်ရှုလေ့လာအားထုတ်ခဲ့ဖူးပါသည်။ ဆရာသမားထံအနီးကပ် လမ်းညွှန်မှုဖြင့် အားထုတ်ခြင်းမျိုးတော့ မဟုတ်ခဲ့ပါ။ သို့သော်ဝိပဿနာနှင့်ပတ်သက်၍ အတော်အသင့် နားလည်သဘောပေါက်ခဲ့ပါသည်။ ၁၉၈၉-ခုနှစ်တွင် လုပ်ငန်းတာဝန်အရ ရန်ကုန်မြို့မှ မြစ်ကြီးနားမြို့သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင် ခဲ့ပါသည်။ ထိုကာလတွင် ဘာသာရေးနှင့်ကင်းကွာခဲ့ပါသည်။ ၁၉၉၄-ခုနှစ်တွင် မြစ်ကြီးနားမြို့မှ ကျိုင်းတုံမြို့သို့ လုပ်ငန်းတာဝန်အရ ပြောင်းရွှေ့ခဲ့ရပြန်ပါသည်။ ၁၉၉၇-ခုနှစ်တွင် ဌာနဆိုင်ရာအလုပ်မှ နုတ်ထွက်ခဲ့ပြီး ကိုယ်ပိုင်တည်ဆောက်ရေးလုပ်ငန်း လုပ်ဆောင်ခဲ့ပါသည်။ ထိုကာလအတောအတွင်း ၌လည်း ဘာသာရေးကို မေ့လျော့နေခဲ့ပါသည်။ ၂၀၀၀-ခုနှစ်၌ တာချီလိတ်မြို့သို့ ဟိုတယ် တည်ဆောက်ရေးလုပ်ငန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပြန်ပါသည်။ ၂၀၀၃-ခုနှစ်တွင် တာချီလိတ်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၃၄၈)တွင် မိုးကုတ်ဝိပဿနာတရားများကို နာကြားရင်း အဖွဲ့ချုပ်မှ နာယကဆရာတော်အရှင်စန္ဒာသိရိ၏ တာဝန်ပေးချက်အရ အမှုဆောင်နာယကတာဝန်ယူ၍ ရိပ်သာတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရင်း မိုးကုတ်ဝိပဿနာတရားများကို နာကြားလေ့လာခွင့် ရခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာစာအုပ်များ၊ ဆရာတော်ဘုရားကြီး

ဟောကြားတော်မူခဲ့သော တရားတော်စာအုပ်များ၊ စီဒီခွေများနာကြားလေ့လာခဲ့ပါသည်။ ရိပ်သာအဖွဲ့ခွဲတွင် တရားစခန်းပွဲတစ်နှစ် ၄-ကြိမ်ပြုလုပ်လျှက်ရှိရာ ရန်ကုန်အဖွဲ့ချုပ်မှ စီစဉ်ပေးသော ကမ္မဋ္ဌာနာစရိယဆရာတော်များနှင့် အနီးကပ်ချဉ်းကပ်၍ တရားတော်များမေးလျှောက်ခြင်း၊ မှတ်သားလေ့လာခြင်းပြုခဲ့သဖြင့် အသိဉာဏ်တိုးတက်လာကြောင်း သတိပြုမိပါသည်။ ဆရာပေါင်းစုံထံမှ နာယူသင်ကြားခဲ့သော အသိတရားဖြင့် ယောဂီများအလွယ်တကူ သိရှိနားလည်စေရန် စေတနာဖြင့် "အဓိက အရေးကြီးသောဝိပဿနာလုပ်ငန်းဆိုင်ရာမှတ်စုများ"၊ "အခြေခံပဋ္ဌိစ္စသမုပ္ပါဒ်နှင့် ရှုဋ္ဌသောတာပန်"၊ "ဓာ(၇)ကြိမ်နှင့်ယောဂီကျင့်စဉ်" စာအုပ်များကို စုစည်းရေးသားပြုစုပြီး ၊ ငွေကြေးမတတ်နိုင်သော ဓမ္မမိတ်ဆွေယောဂီများအား အခမဲ့ဝေငှ ဓမ္မဒါနပြုခဲ့ပါသည်။ ငွေကြေးတတ်နိုင်သူများအားလည်း စာအုပ်တန်ဖိုးကုန်ကျစရိတ်ထက်လျော့နည်းသောအလှူငွေကို ကောက်ခံပြီးဖြန့်ဝေပေးခဲ့ပါသည်။၂၀၀၇-ခုနှစ် နှစ်ဦးပိုင်းလောက်တွင် ဓမ္မမိတ်ဆွေကြီးတစ်ဦးဖြစ်သော ဦးဝင်းမောင်ထံမှ ပေးလှူခဲ့သည့် ပိုင်းလော့ဆရာတော်၏ "ခင်ပွန်းကြီးဆယ်ပါး MP3 "ခွေကိုနာကြားမိရာမှ မိမိရှုမှတ်နေသော အားထုတ်နည်း၊ မိမိသိနေသော အသိဉာဏ်နှင့် ကွာဟနေကြောင်း သတိပြုမိခဲ့ပါသည်။ ဆရာတော်၏အခွေထဲမှ "နေတာမမ၊ နေသောဟမသွိ၊ နမေသောအတ္တာ" ဟူသောစကားလုံးများ၏ အဓိပ္ပါယ်ကိုလည်း နားမလည်ဖြစ်ခဲ့ရပါသည်။ ဆရာတော်ဟောသောတရားများမှာ အကြောင်းနှင့်အကျိုး ဆက်စပ်မှုရှိပြီး ယွှခေတ်သိပ္ပံပညာဖြင့် ယုံကြည်နိုင်လောက်အောင် အထောက်အထားများပြပြီး ဟောကြားထားသည်ကိုသိရ၍ ဆရာတော်ဟောသောတရားများကို လေ့လာလိုစိတ်ပြင်းပြခဲ့ပါသည်။ ထို့ပြင်ဆရာတော်အသံမှာ မေတ္တာဓါတ်ခံအားကောင်းမှုကြောင့် နာကြားသူ ရင်ထဲ၌အေးပြီး စိတ်ကိုကြည်လင်စေခဲ့ပါသည်။ ၂၀၀၇-ခုနှစ် သင်္ကြန်ကာလ ကျွန်တော်ရန်ကုန်သို့သွား၍ ဆရာတော်ကျောင်းရှိရာ မြောက်ဒဂုံသို့ သွားရောက်ခဲ့ပါသည်။ တရားဟောချိန်နှင့် တိုက်ဆိုင်နေသဖြင့် အများနှင့်အတူ ဝင်ရောက်ထိုင်ပြီး တရားနာခဲ့ပါသည်။ တရားသဘောကိုနားမလည်သေးသောကြောင့် ဆရာတော်ဟောသောတရားများကို နားမလည်ခဲ့ပါ၊ ဓမ္မာရုံတွင် တရားနာယောဂီများ ပြည့်လျှံနေပြီး အပြင်၌ရွက်ဖျင်တဲထိုးကာ တရားနာပရိတ်သတ် အပြည့်ရှိပေသည်။ တရားနာယောဂီများ၏ ငါးဆယ်ရာနှုန်းခန့်မှာ လူငယ်လူရွယ်အမျိုးသား၊ အမျိုးသမီးများ ဖြစ်ကြပါသည်။ မှတ်စုစာအုပ်ကိုယ်စီနှင့်ရေးမှတ်ကြပြီး ဆရာတော် ထုတ်ပေးထားသော ပုံပြသင်တန်းမှတ်စု၌ တရားတော်များကို ရုပ်ပုံကလေး

များဖြင့် ရှင်းပြထားသည်ကို တွေ့ရှိရပါသည်။ တရားပွဲအပြီး ဆရာတော်က သူ့အခန်းပြန်အနားယူချိန် ကျွန်တော်နှင့်မိသားစုက သွားရောက်ဖူးမျှော်ကန်တော့ခဲ့ပါသည်။

တရားဓမ္မကိစ္စ မေးလျှောက်လိုသော်လည်း မိမိကိုယ်တိုင် ဘာတစ်ခုမျှ နားမလည်သေးသည့်အတွက် ဓမ္မပူဇာကန်တော့ပြီး ပြန်ထွက်ခဲ့ကြပါသည်။ ဆရာတော့်တရားများကို သေသေချာချာ လေ့လာမည်ဟု ဆုံးဖြတ်ကာ စာအုပ်အရောင်းဌာနသို့သွားရောက်၍ ဆရာတော်ဟောကြား ရေးသားသော စာအုပ်များဖြစ်သည့် မြတ်ဗုဒ္ဓ၏အဆုံးအမနှင့် အနိုင်းမဲ့သစ္စာ၊ ဇာတိမလာရေးနှင့် နိဗ္ဗာန်အမြင်၊ တုနှိုင်းမဲ့ကြည်ညိုဖွယ်မြတ်ဗုဒ္ဓနှင့် မြတ်ဗုဒ္ဓ၏အလုပ်ပေးတရား၊ သက္ကာယဒိဋ္ဌိ(၂၀)နှင့် သံသရာမှ ထွက်လမ်းမြင်သောဉာဏ်၊ ယောဂီများအတွက် အခြေခံသိမှတ်စရာ(သံဝေဂရဖွယ် ယောနိသောမနသိကာရ)၊ ပြုဖွယ်အဆုံးအမဩဝါဒများ၊ တရားမွန်ပုံပြ သင်တန်းမှတ်စု စသည့်စာအုပ်များ ဗီစီဒီတရားခွေများ၊ MP3 ခွေများဝယ်ယူခဲ့လေသည်။ သကြ်န်ရုံးပိတ်ရက် ကုန်ဆုံး၍ တာချီလိတ်မြို့သို့ ပြန်လာခဲ့ပါသည်။ တာချီလိတ်ရောက်ပြီးနောက်ပိုင်း ဆရာတော်စာအုပ်များကို အားလပ်ချိန်တိုင်း နေ့ရောညပါ သေသေချာချာဖတ်ခဲ့ခြင်း၊ တရားခွေများနာကြားခြင်း၊ လက်တွေ့စမ်းသပ် အားထုတ်ခြင်း၊ မှတ်စုရေးသားပြုစုခြင်း စသည်တို့ကို အချိန်ရလျှင် ရသလိုလေ့လာနာကြား စမ်းသပ်အားထုတ်ခဲ့ပါသည်။ အချိန်ကာလအားဖြင့် ၃-လခန့် အင်တိုက်အားတိုက်လေ့လာခဲ့သောအခါ အတော်အသင့် နားလည်ခဲ့ပါသည်။

ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်များ လိုလားတောင့်တနေတဲ့ နိဗ္ဗာန်ဆိုတာဘယ်လိုဟာမျိုးလဲ၊ ရှုဉာဏ်ငါးပါး၊ သက္ကာယဒိဋ္ဌိ(၂၀)၊ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်၊ ဝိပဿနာဆိုတာဘာလဲ၊ တဏှာရဲ့သဘောတရား၊ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ၊ ဝိပဿနာအားထုတ်ပုံ အားထုတ်နည်း စသည့်ဝိပဿနာလုပ်ငန်းဆိုင်ရာ သိသင့်သိထိုက်သော အချက်အလက်များကို နားလည်သဘောပေါက်ခဲ့ပါသည်။ ဆရာတော်သည် ပုဂ္ဂိုလ်စွဲဆရာစွဲမရှိဘဲ မြတ်စွာဘုရားရှင်၏တရားတော်များကို မိမိနားလည်တတ်ကျွမ်းသလို ကျင့်ကြံအားထုတ်ခဲ့ကြသော ရှေးဆရာတော်ကြီးများ၏ နည်းပေါင်းစုံကို လေ့လာအားထုတ်ကျင့်ကြံခဲ့ပြီး ကိုယ်တိုင်သိရှိမြင်တွေ့ခဲ့ရသော အသိတရားအတိုင်း ယောဂီများနားလည်သဘောပေါက်စေရန် ပုံစံမျိုးစုံ ရေးဆွဲပြီး သင်ကြားပေးခဲ့ခြင်းဖြစ်လေသည်။

''နှုတ်တစ်ရာ စာတစ်လုံး၊ စာတစ်ရာ ပုံတစ်ချပ်'' ဆိုသည့်အတိုင်း ပုံစံရေးဆွဲပြီး

သင်ကြားပြသခဲ့သဖြင့် အမြင်ပိုရှင်း နားလည်သဘောပေါက်လွယ်ပေတော့သည်။ မြတ်စွာဘုရား၏ နိဗ္ဗာန်ရောက်ကြောင်းအလုပ်ပေးတရားများကို သင်ကြားပြသပေးသဖြင့်လည်း အခြားနည်းများနှင့် မတူဘဲ တမူထူးခြားပြီး ရှုမှတ်ရသည်မှာ လွယ်ကူခြင်း၊ ပေါ့ပါးနေခြင်း၊ ရှုမှတ်ပြီး ရင်တွင်း အေးချမ်းနေခြင်း စသည့်အကျိုးတရားများ ရရှိခဲ့ပေသည်။ တရားရှုမှတ်နည်းက အင်မတန်လွယ်ပါသည်။ ဘာကြောင့်ဤရှုနည်းအတိုင်း ရှုမှတ်ရတယ်ဆိုတာကို ရှင်းပြရတာကခက်တာပါ၊ အဲဒီလိုမှ မရှင်းပြရင် ရှုမှတ်တဲ့အခါ ဉာဏ်မရှင်းတဲ့အတွက် ဉာဏ်ပြတ်သားနေအောင် အခြေခံကအစ သင်ပြရခြင်း ဖြစ်ပါသည်။ ဆရာတော်က ကိုယ်တိုင်လေ့လာ ကိုယ်တိုင်ရှုမှတ်ပွားများပြီး ကိုယ်တိုင်သိရှိလာသည့် အတိုင်း ကျွန်ုပ်အပါအဝင် ယောဂီအပေါင်းတို့အား အလွယ်တကူ နားလည်စေရန် သင်ပြပေးခြင်း ဖြစ်ပါသည်။ ဆရာတော်၏ကျေးဇူးသည် အင်မတန်ကြီးမားလှပေသည်။ ဆရာတော်သည် မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်ကြီးမှ ဓမ္မကထိကတစ်ဦးလည်း ဖြစ်ပါသည်၊ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီး ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာနှင့် ခန္ဓာဉာဏ်ရောက်တရားများကိုလည်း ဟောကြား ပေးသည်။ ဆရာတော်ရေးသားသောစာအုပ်များနှင့် တရားခွေများ အတော်အသင့်လေ့လာပြီးသောအခါ ၂၀၀၇ ခုနှစ် နှစ်ဦးပိုင်း၌ ရန်ကုန်မြို့တွင်ရှိ ဆရာတော်ကျောင်းတွင် (၅) ရက်တရားစခန်း ဝင်ကာ အသေးစိတ်လေ့လာခွင့်ရခဲ့ပါသည်။ မိမိကိုယ်တိုင်သိရှိနားလည်လာသောအခါ အခြားယောဂီ ဓမ္မ မိတ်ဆွေများအားလည်း သိစေလိုသည့်စေတနာ တဖွားဖွား ဖြစ်ပေါ်လာသည့်အတွက် ၂၀၀၇-ခုနှစ် ဇူလိုင်လ(၁)ရက်နေ့မှ(၃၁)ရက်ထိ ညသင်တန်းတစ်ကြိမ်၊ ၂၀၀၇-ခုနှစ် ဩဂုတ်လ(၃)ရက်မှ (၃၁) ရက်ထိ တစ်ကြိမ်၊ ၂၀၀၈-နှစ် မတ်လ(၉)ရက်မှ ဧပြီလ (၅)ရက်ထိ တစ်ကြိမ်၊ ၂၀၀၈-ခုနှစ် အောက်တိုဘာ(၄)ရက်မှ (၁၄)ရက်ထိတစ်ကြိမ် တရားစခန်းသင်တန်းများ ပို့ချခဲ့ပါသည်။ တရားစခန်း သင်တန်းတက်သူ ယောဂီ(၅၀)ဦးမှ (၁၀၀)ဦးကြား ရှိပါသည်။ သင်တန်းပြသရာတွင် သင်ခန်းစာ အလိုက် အလွယ်တကူ သင်ကြားနိုင်ရန်ရည်ရွယ်၍ "စူဠသောတာပန်ဉာဏ်နှင့် မြတ်ဗုဒ္ဓ၏အလုပ်ပေး တရားတော် (အပါယ်ကင်းလွတ်ရေးတရား) " စာအုပ်ကိုစုစည်းရေးသားပြုစုပြီး သာသနာရေးဦးစီး ဌာနမှ ခွင့်ပြုချက်ဖြင့် ပထမအကြိမ်ထုတ်ဝေခဲ့ပါသည်။ အဓိကအားဖြင့် ပဋိစ္စသမုပ္ပါဒ်ကို နားလည်သိရှိ လိုသောယောဂီများအတွက်ရည်ရွယ်ပြီး ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ ရရှိသောငွေများကို သာသနာ တိုးတက်ပြန့်ပွားရေးလုပ်ငန်းများအတွက်သာ အသုံးပြုမည်ဖြစ်ပါသည်။ တရားတော်ကို တကယ်

စိတ်ဝင်စား သိရှိလိုပြီး စာအုပ်ဝယ်ယူရန် ငွေကြေးအခက်အခဲ ရှိသူများအား ဓမ္မဒါနအနေဖြင့် လှူဒါန်းမည်ဖြစ်ပါသည်။ အချိန်မရွေး လာရောက်အလှူခံနိုင်ပါသည်။

ကျွန်ုပ်အနေနှင့် သစ္စာတရားနှင့် တွေ့ရခြင်းသည် အနန္တောအနန္တငါးပါး၏ ဂုဏ်ကျေးဇူးတော်ကြောင့် ဖြစ်သလို ကျွန်ုပ်ပြုခဲ့သော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တွေကြောင့်ဆိုလျှင် မမှားနိုင်ပေ။ မိမိကိုယ်တိုင်နားလည် သိရှိလာသော (၃၁)ဘုံ၌ကျင်လည်နေကြသော သတ္တဝါတို့၏ဖြစ်စဉ်ကို ကြည့်ပြီး အပါယ်လေးဘုံ မကျရောက်ရေး၊ အိုနာသေကင်းလွတ်ရာနိဗ္ဗာန်ရရှိရေးအတွက် အနည်းဆုံး စူဠသောတာပန်ဉာဏ်ရရှိရေးကို ဦးစားပေးပြီး ရေးသားပြုစုကာ သင်တန်းများပို့ချပေးခဲ့ခြင်း ဖြစ်ပါသည်။

ရှေးဆရာတော်ကြီးတွေ မိန့်ကြားထားသည့်အတိုင်း "အထက်နေပါအုံး အောက်လုံအောင်ဖုံး" တဲ့။ ပုထုဇဉ်အတွက် နိဗ္ဗာန်ရဖို့ထက် အပါယ်မကျဖို့က ပိုအရေးကြီးပါသည်။ အပါယ်မကျရင် ဒီသစ္စာတရားတွေနဲ့ တချိန်ချိန်မှာပြန်တွေ့နိုင်ပါသေးသည်။ အပါယ်ကျသွားရင်တော့ တော်တော်နဲ့ သုဂတိဘုံကိုပြန်မတက်နိုင်တဲ့အတွက် သစ္စာတရားနဲ့တွေ့ဖို့ဆိုတာ မလွယ်ကူတော့ပါဘူး၊ ဒါကြောင့် အပါယ်မကျဘဲ နိဗ္ဗာန်ကို ဘုံစဉ်စံနဲ့ စံဝင်နိုင်တဲ့နည်းကို ရှာဖွေခဲ့ခြင်းဖြစ်ပါတယ်။ မူလသပိတ်အိုင် ဆရာတော်ဦးကိတ္တိရေးသားပြုစုတော်မူခဲ့တဲ့ စူဠသောတာပန်ဖြစ်ခဏ်း ဓါတ်ကမ္မဋ္ဌာန်းကျမ်း စာအုပ်ပါးပါးလေးတစ်အုပ်၊ မိတ်ဆွေတစ်ဦးရဲ့ကျေးဇူးနဲ့ ရခဲ့ပါတယ်။ အပါယ်မကျအောင် စူဠသောတာပန်ဉာဏ် ရနိုင်တဲ့နည်းပေးထားပါတယ်။ ယထာဘူတဉာဏ်လို့ခေါ်တဲ့ ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်ရရင် စူဠသောတာပန်ပါဘဲ၊ မိုးကုတ်ဆရာတော်ဘုရားကြီးကတော့ ဖြစ်ပျက်ကိုမြင်ရင် စူဠသောတာပန်ဉာဏ်လို့ ဟောခဲ့ပါတယ်၊ ပိုင်းလော့ဆရာတော်ကတော့ တဏှာအစပ်ကိုဖြတ်တတ်ရင် စူဠသောတာပန်လို့ ဆိုပါတယ်။ ဉာဏ်ကိုပေးတဲ့အမည်ပါ၊ လူပုဂ္ဂိုလ်ကိုပေးတဲ့အမည် မဟုတ်ပါဘူး၊ စူဠသောတာပန်ဉာဏ် ရတဲ့ပုဂ္ဂိုလ်ဟာ သီလမခိုင်မြဲသေးပါဘူး၊ ဘာမဂ်ဉာဏ်ဖိုလ်ဉာဏ်မှလဲမရသေးပါဘူး၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ အပြီးအပိုင်ပြုတ်သွားရင်တော့ သောတာပန်လို့ခေါ်ပါတယ်၊ သောတာပန်ဖြစ်ဖို့ကလဲ စူဠသောတာပန် ကနေ ဖြစ်ရမှာပါ၊ စူဠသောတာပန်ဉာဏ်ရရင် နောက်တစ်ဘဝနှစ်ဘဝ အပါယ်မလားတော့ပါဘူး၊ အဲဒီတစ်ဘဝ နှစ်ဘဝအတွင်းမှာပဲ ဉာဏ်တွေတစ်ဆင့်ထက်တစ်ဆင့်မြင့်လို့ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ တွေမှာ ဘုံစဉ်စံ ခံစားရင်းနဲ့ နောက်ဆုံးနိဗ္ဗာန်ကို စံဝင်ရပါမယ်၊ အင်မတန်ကောင်းတဲ့ နည်းလမ်းမို့ လောကီအာရုံကာမဂုဏ်တွေနဲ့ ရှာဖွေနေထိုင်စားသောက်ရင်း သေတဲ့အခါ အပါယ်ကျနေရတဲ့

ကျွန်တော်တို့ ပုထုဇဉ်လူသားတွေအတွက် ရှာဖွေပြီးတင်ပြရခြင်း ဖြစ်ပါတယ်။ ဒါတွေက အထောက်အထားအပြည့်အစုံရှိပါတယ်။ ပထမထုတ်ဝေခဲ့တဲ့ ''စူဠသောတာပန်ဉာဏ်နှင့်မြတ်ဗုဒ္ဓ၏ အလုပ်ပေးတရားတော်(အပါယ်ကင်းလွတ်ရေးတရား)''စာအုပ် စာမျက်နှာ(၁၆၅)မှာ သေသေချာချာ ရှင်းထားပါတယ်။ သပိတ်အိုင်ဆရာတော်ဘုရားကြီးရေထားတဲ့အတိုင်း အကျဉ်းပြန်ရေးပြရရင် . . .။

## စူဠသောတာပန်နှင့် ကလျာဏပုထုဇဉ်

စူဠသောတာပန်နှင့်ကလျာဏပုထုဇဉ်ဖြစ်လျှင် အပါယ်ကိုမကျတော့ဘဲ ဒုတိယဘဝစသည်တို့၌ မဟာသောတာပန်ကြီး ဖြစ်ကြပေလိမ့်မည်။ စူဠသောတာပန်ဆိုတာသည် သောတာပန်ကလေး၊ သောတာပန်လောင်းဟု ဆိုလိုသည်။

**''သောတံ အာဒိတော ပတ္တိ သုပါပုဏာိသူတိ သောတပန္နာ၊ စူဠသောတပန္န စူဠသောတပန္နာ။''**
(မဂ္ဂသံယုတ်အဋ္ဌကထာ)

**ယေ** အကြင် နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် **သောတံ** မဂ္ဂင်ရှစ်ပါးတည်းဟူသော ရေအယဉ်သို့ **အာဒိတော** အစစွာ၊ **အပတ္တိသုပါပုဏာိသု** ရောက်ကုန်ပြီ။ **ဣတိတသမာ** ထို့ကြောင့်၊ **တေ** ထိုဉာဏ်နှစ်ပါးနှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့သည် **သောတပန္နာ** သောတာပန်မည်ကုန်၏။ **စူဠ** ငယ်ကုန်သော၊ **သောတာပန္န** သောတာပန်ပုဂ္ဂိုလ်တို့သည်၊ **စူဠသောတာပန္နာ** သောတာပန်ငယ်မည်၏။

''တနည်းအားဖြင့် ယထာဘူတဉာဏ်နှင့်ပြည့်စုံ၍ ဝိပဿနာတရား ပွားများအားထုတ်လျက်နေသော ပုဂ္ဂိုလ်ကို စူဠသောတာပန်ဟုခေါ်ဆို၏။''

ထို့ကြောင့်စူဠသောတာပန်ဖြစ်ရန်အတွက် ယထာဘူတဉာဏ်(ဟုတ်တိုင်းမှန်စွာသိသောဉာဏ်)ကိုသိဖို့ လိုပေသည်။ ထိုယထာဘူတဉာဏ်ကို နောက်ပိုင်း၌သေချာစွာရှင်းလင်းဖော်ပြပါမည်။

## ဉာဏ်နှစ်ဉာဏ်

မြတ်စွာဘုရားရှင်ပွင့်တော်မူခဲ့သည်မှာ နှစ်ပေါင်း(၂၅၀၀)ကျော်ခဲ့လေပြီ၊ ဘုရားရှင်ပွင့်တော်မူရခြင်း၏ အဓိကအကြောင်းရင်းနှစ်ချက်မှာ-

၁။ မသေခင်ကာလမှာ ကျွန်ုပ်တို့အားလုံး လောကခံကို ခံနိုင်ရည်ရှိဖို့

၂။ သေကာလကျတော့လည်း အပါယ်လေးပါးလွတ်ဖို့၊ နိဗ္ဗာန်ရောက်ဖို့ ဖြစ်လေသည်။

ပိုင်းလော့ဆရာတော်ဆုံးမထားသလို ကျွန်ုပ်တို့တွေဟာ တကယ်တန်း ဝိပဿနာကို အချိန်တိုင်းအချိန်တိုင်းပွားမယ်ဆိုရင် မနိုင်ကြသေးဘူး။ ဒီတော့ဝိပဿနာတရားနဲ့လွတ်တဲ့အချိန် ကုသိုလ်စိတ်နဲ့နေတတ်ဖို့လဲလိုအပ်ပါတယ်။ အဲဒီလို ကုသိုလ်စိတ်နဲ့နေတတ်ဖို့ဟာ ကုသိုလ်တရား အကုသိုလ်တရားကိုလည်း နားလည်ဖို့လိုပါတယ်။ မြတ်စွာဘုရားဟောခဲ့သော တရားများတွင် အဓိကအားဖြင့် ဉာဏ်နှစ်ဉာဏ်သာ ရှိလေသည်။

(၁) ကမ္မဿကတဉာဏ် နှင့်

(၂) သစ္စာနုလောမိကဉာဏ် တို့ဖြစ်ပါသည်။

## ကမ္မဿကတဉာဏ်

ကမ္မဿကတဉာဏ်ဆိုသည်မှာ ကံ ကံ၏အကျိုးကိုယုံကြည်သောဉာဏ်ဖြစ်သည်။ ကောင်းတာလုပ် ကောင်းတာဖြစ်မည်။ မကောင်းတာလုပ် မကောင်းတာဖြစ်မည်ကို သိသောဉာဏ် ဖြစ်သည်။

ရှေးကကောင်းလို့ခုကောင်းတယ် ခုကောင်းရင်နောင်ကောင်းပါလိမ့်မယ်။

ရှေးကဆိုးလို့ ခုဆိုးတယ် ခုဆိုးရင်နောင်ဆိုးပါလိမ့်မယ် …တဲ့ ၊ ပုထုဇဉ် ၄-မျိုးထဲမှာ ကမ္မဿကတဉာဏ်မရှိတဲ့ပုဂ္ဂိုလ်ဟာ အမိုက်ဆုံး အညံ့ဆုံး အန္ဓဗာလပုထုဇဉ်ပါဘဲ ။ အဲဒီပုထုဇဉ် ၄-မျိုးကိုပြန်ပြမယ်ဆိုရင် -

| | |
|---|---|
| ၁။ အန္ဓဗာလပုထုဇဉ် | ကန်းလဲကန်း၊ မိုက်လဲမိုက်သည့်ပုဂ္ဂိုလ်(ပညာမျက်စိမရှိ၊ မိုက်မဲသောပုဂ္ဂိုလ်) (ကမ္မဿကတဉာဏ်တောင်မရှိတဲ့ပုဂ္ဂိုလ်) |
| ၂။ အန္ဓ ပုထုဇဉ် | ကန်းသည့်ပုဂ္ဂိုလ် (ပညာမျက်စိမရှိသောပုဂ္ဂိုလ်) |
| ၃။ ကလျာဏပုထုဇဉ် | ကံ ကံ၏အကျိုးကိုယုံကြည်၊ ရပ်သဘော၊ နာမ်သဘောကို နားလည်သူ |

၄။ စူဠသောတာပန် ယထာဘူတဉာဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့ဖြစ်လေသည်။

များသောအားဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကမ္မဿကတဉာဏ်အပြည့်အဝရှိသူ အင်မတန်ရှားပါသည်။ အကုသိုလ်ဒုစရိုက်(၁၀)ပါးကျူးလွန်လျှင် အပါယ်လေးဘုံကျမည်။ မကောင်းမှု ခံစားရမည်။ ကုသိုလ်သုစရိုက်(၁၀)ပါးကျင့်ကြံလျှင် ကောင်းရာသုဂတိရောက်မည်၊ ကောင်းကျိုး ခံစားရမည်ကိုတော့ ဗုဒ္ဓဘာသာဝင်တိုင်း သိတာများပါသည်။ သို့သော် ကျွန်ုပ်တို့တစ်နေ့တစ်နေ့ ကြုံတွေ့ခံစားနေရသော ဆင်းရဲမှု ချမ်းသာမှု၊ စိတ်ပျော်ရွှင်မှု၊ စိတ်ဆင်းရဲမှု၊ စိတ်ညစ်မှု၊ အလုပ်အကိုင် အဆင်ပြေမှု၊ အဆင်မပြေမှုတွေကအစ စားသောက်နေရတာမစားမသောက်ရတာ၊ ငွေရှာလို့လွယ်တာ၊ မလွယ်တာ၊ သူတစ်ပါးအပြောအဆို ခံရတာ၊ သူတစ်ပါးချိုးမွမ်းခံရတာ၊ စည်းစိမ်ဥစ္စာပစ္စည်းတွေရတာ၊ မီးလောင်ဆုံးရှုံးတာ၊ သူခိုးခိုးခံရတာ၊ မတရား စွပ်စွဲခံရတာတွေအားလုံးဟာ အတိတ်ကမိမိပြုခဲ့တဲ့ ကံတွေကြောင့်ပါပဲ၊ လယ်တီဆရာတော်ဘုရားကြီးက တရားပွဲတစ်ခုကအပြန် သင်္ဘောစီးပြီး ပြန်လာခဲ့ ပါတယ်။ သင်္ဘောဆိပ်ကမ်းဆိုက်တော့ ဆရာတော်ဘုရားကြီးရဲ့ ကပ္ပိယကအော်ကြီးဟစ်ကျယ်နဲ့ "ဆရာတော်ဘုရား ဆရာတော်ဘုရား...။ ဒုက္ခရောက်ကုန်ပြီဘုရား၊ ဂါတ်တိုင်မှ ဖြစ်မယ်၊ ဆရာတော့် ပစ္စည်းတွေသူခိုးခိုးခံရပြီ ဘာမှမရှိတော့ဘူး" လို့ပြောပါတယ်။ အဲဒီတော့ ဆရာတော်ကြီးက "ဟဲ့ ဟဲ့ ..ကပ္ပိယကြီး...။ မလုပ်ပါနဲ့ တော်ကြာ အရင်ဘဝက ငါသူခိုးကြီးမှန်းလူတွေသိကုန်ပါလိမ့်မယ်" တဲ့။

အဲဒါကမ္မဿကတဉာဏ်ပါပဲ၊ ကျွန်ုပ်တို့ဆိုရင် သူခိုးကိုအပြစ်တင်မယ်၊ ဂါတ်တိုင်မယ်၊ သူခိုးကို ကျိန်ဆဲမယ်၊ အပူခါတ်တွေပွားတော့မယ်၊ ပစ္စည်းတွေဆုံးရှုံးလို့စိတ်ဆင်းရဲမယ်၊ တရားသဘောသိတဲ့ သူတော်စင်တွေကျတော့ သူတစ်ပါးကိုအပြစ်မတင်ဘူး၊ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတော့ အပြစ်တင်စရာ ပုဂ္ဂိုလ်သတ္တဝါလည်း မရှိတော့ဘူး၊ ဒါကြောင့် တရုပ်ပညာရှိကြီးတစ်ဦးဖြစ်တဲ့ ကွန်ဖြူးရှပ်က -

" အသိပညာမဲ့သူဟာ ပြဿနာတစ်ခုဖြစ်လာရင် သူတစ်ပါးကို အပြစ်တင်တတ်တယ် "

"အသိပညာအနည်းငယ်ရှိသူကတော့ ပြဿနာတစ်ခုဖြစ်လာရင် ကိုယ့်ကိုယ်ကို အပြစ်တင် တတ်တယ် "

"အသိပညာအရှိဆုံးပုဂ္ဂိုလ်ကတော့ ပြဿနာတစ်ခုဖြစ်လာရင် အပြစ်တင်စရာ ပုဂ္ဂိုလ်သတ္တဝါ ရှာမတွေ့ဘူးတဲ့"

အကြောင်းတရားကြောင့် အကျိုးဖြစ်တယ်လို့သိရင် မပူလောင်တော့ဘူး အေးချမ်းနေမယ် ပစ္စည်းဥစ္စာဆိုတာလည်းကံရှိရင်ရမှာ ကံမရှိတော့ရင် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ကုန်မှာပဲ၊ သူတစ်ပါး အပြစ်တင်ခံရတာ၊ စွပ်စွဲခံရတာလည်း အတိတ်ကံကြောင့်ပါပဲ။

မြတ်စွာဘုရားရှင်လက်ထက်က သောတာပန်ပုဂ္ဂိုလ်ကြီးတစ်ဦးရှိခဲ့တယ်။ ဘုရား ကျောင်းတော်မှာ ဥပုသ်စောင့်ညအိပ်၊ မနက်စောစော ငါးပါးသီလခံယူပြီး အိမ်ပြန်ကြတယ်၊ လမ်းခုလပ်မှာ ရေအိုးစင်နား ရေသောက်နေတုန်း ဘုရင့်ဘဏ္ဍာတော်ပစ္စည်းခိုးလာတဲ့ သူခိုးကို ရဲမက်တွေက နောက်ကလိုက်ကြတယ်၊ သူခိုးကမလွတ်နိုင်မှန်းသိတော့ ခိုးလာတဲ့ပစ္စည်းထုပ်ကို သောတာပန် ပုဂ္ဂိုလ်ကြီးနားပစ်ချပြီး ထွက်ပြေးသွားတယ်။ ရဲမက်တွေက နောက်ကလိုက်လာပြီး သောက်ရေအိုး စင်နား ရောက်လာတော့ သူခိုးမိပြီဆိုပြီး အထုပ်အထည်နဲ့ဖမ်းခေါ်သွားတယ်။ ခိုးမှုနဲ့ တခါတည်း သတ်ပစ်လိုက်တယ်၊ ဘယ်လိုမှဖြေရှင်းလို့မရဘူး၊ ဒီအကြောင်းကိုရဟန်းတွေက မဖြစ်သင့်ဘူးဆိုတဲ့ အကြောင်း ပြောဆိုနေကြတာ ဘုရားရှင်ကကြွလာပြီး ဖြစ်သင့်လို့ဖြစ်တာလို့ မိန့်တော်မူခဲ့တယ်၊ ရဟန်းတွေက အမိန့်ရှိပါဘုရားလို့ဆက်လျှောက်တော့ မြတ်စွာဘုရားရှင်က သောတာပန်ပုဂ္ဂိုလ်ကြီးရဲ့ အတိတ်ဇာတ်ကြောင်းကို ပြန်ဟောပြတယ်၊ တစ်ခုသောဘဝကသူဟာ စစ်တပ်မှာအုပ်ချုပ်ရတဲ့ စစ်သူကြီးတစ်ဦး ဖြစ်ခဲ့တယ်တဲ့၊ တိုင်းပြည်မှာတော့ သူပုန်တွေထတော့ သူကခရီးသည်တွေ ရေလမ်း ခရီးသွားတဲ့နေရာမှာ စောင့်ရှောက်ဖို့တာဝန်ကျတယ်၊ စက်လှေ၊ သင်္ဘောတွေနဲ့ခရီးသွားတွေ လုံခြုံအောင် စောင့်ရှောက်ပို့ပေးရတဲ့ တာဝန်ပေါ့၊ တစ်ညနေမှာ စစ်သူကြီးရှိတဲ့လှေဆိပ်ကို လူငယ်သမီးရည်းစားစုံတွဲ ခိုးပြေးလာတာ စက်လှေက မနက်ကျမှထွက်မှာမို့ အဲဒီလှေဆိပ်မှာ ညအိပ်ရတယ်၊ စစ်သူကြီးက သမီးရည်းစားစုံတွဲမိန်းကလေးကို သဘောကျပြီးလိုချင်တော့ အကောက်ကြံတယ်၊ သူ့ရဲ့ပတ္တမြား တစ်လုံးကို လူငယ်စုံတွဲစီးလာတဲ့လှည်းယာဉ်ပေါ်မှာ သွားထားခိုင်းလိုက်တယ်၊ ပြီးတော့ ပတ္တမြား ပျောက်တယ်ပြောပြီး လိုက်ရှာကြတာ လှည်းပေါ်မှာတွေ့တော့ လူငယ်ကို သူခိုးလို့စွပ်စွဲပြီး ဘယ်လိုမှ ငြင်းမရဘဲနဲ့ နောက်ဆုံးသတ်ပစ်လိုက်တယ်။ ပြီးမှ မိန်းကလေးကိုမတရားသိမ်းပိုက်လိုက်တယ်။ အဲဒီမကောင်းမှုကံကြောင့် ငရဲကျရတယ်၊ ငရဲက ကံကုန်လို့ပြန်တက်လာတဲ့အခါ သောတာပန်ဖြစ်နေ

ပေမယ့်လည်း သူပြုခဲ့ဘူးတဲ့ကံကြောင့် သူခိုးအစွပ်စွဲခံပြီးသေရတယ်လို့ မိန့်ကြားတော်မူခဲ့တယ်။ ဒါကြောင့် လောကမှာ မဖြစ်သင့်တာမရှိဘူး၊ အားလုံးဟာဖြစ်သင့်လို့ဖြစ်တာ၊ ဆင်းရဲတာလဲ အတိတ်ဘဝက သူများပစ္စည်းခိုးခဲ့လို့။ အမျိုးသမီးဖြစ်ရတာ၊ ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်ဖြစ်ရတာ ကာမေသုမိစ္ဆာစာရာကံ ကျူးလွန်ခဲ့လို့ သူတစ်ပါးလိမ်ညာတာခံရတာ ကိုယ်လိမ်ညာခဲ့လို့၊ စိတ်ဝေဒနာရှင်(အရူး)ဖြစ်ရတာ သူရာမေရယကံကျူးလွန်လို့ ဖြစ်ကြတာပါ။ ဒါတွေတကယ်ယုံကြည်မှ ကမ္မဿကတာဉာဏ်ရှိမှာဖြစ်ပါတယ်။

ကျွန်တော်ရဲ့ ကိုယ်တွေ့ဖြစ်ရပ်နဲ့တိုက်ဆိုင်လို့ တင်ပြပါရစေ၊ တာချီလိတ် မိုးကုတ် ဝိပဿနာအဖွဲ့(၃၄၈) တရားစခန်းပွဲကျင်းပတဲ့အချိန် ညဘက်တရားပွဲ ၇း၀၀ နာရီမှာစပါတယ်၊ အဲဒီနေ့က ကျွန်တော့်ဖိနပ်ဟောင်းက ရေစိုနေလို့ ကတ္တီပါဖိနပ်အသစ်ကလေးတစ်ရံ ထုတ်စီးသွားမိတယ်၊ ဓမ္မာရုံပေါ်တက်တော့ ဖိနပ်စင်ပေါ် တင်ထားခဲ့ရတယ်၊ တရားနာလို့အပြီးမှာ ကျွန်တော်က အမှုဆောင်ဆိုတော့ တရားနာပရိသတ်တွေအရင်ဆင်းပြီး နောက်ဆုံးမှဆင်းရတယ်။ ဖိနပ်စင်ပေါ်ကြည့်တော့ ကျွန်တော့်ဖိနပ်မတွေ့တော့ဘူး၊ တရားနာပရိတ်သတ် တစ်ယောက်မှမရှိတော့ဘူး၊ ဖိနပ်စင်အောက်အခင်းမှာ ကတ္တီပါဖိနပ်အဟောင်းတစ်ခုပဲတွေ့ရတယ်၊ အဲဒီမှာ ချက်ချင်း ဒီကမ္မဿကတာဉာဏ်က ဝင်လာတယ်။ ငါခိုးထားတာအခုပေါ်ပြီလို့။ ဒါပေမယ့်ကိုယ့်ကိုယ်ကို ဖြေသိမ့်မိသေးတယ်။ ငါမခိုးခဲ့မိတာ သေချာရင်တော့ နောက်နေ့မှာ ဖိနပ်မှားစီးသွားတာသိလို့ ပြန်လာလဲရင်လဲမှာ၊ စမ်းကြည့်အုံးမယ်ဆိုပြီး အဲဒီဖိနပ်အဟောင်းလေးကို သေချာသိမ်းထားလိုက်တယ်။ နောက်နေ့ညနေကျတော့ စောစောသွားပြီး မနေ့က သူချွတ်ခဲ့တဲ့နေရာမှာ သူ့ဖိနပ်ကိုသွားထားလိုက်တယ်။ ဒီလိုနဲ့တရားနာကြတယ်၊ ထုံးစံအတိုင်းကျွန်တော်က နောက်ဆုံးမှဆင်းတာ၊ တွေ့ရပါပြီ ကြမ်းပြင်မှာကျွန်တော်ထားခဲ့တဲ့ဖိနပ်ဟောင်းလေး တစ်ရံပဲကျန်တယ်၊ အဲဒီတော့မှ သေချာပြီ၊ သေချာပြီ၊ ငါခိုးခဲ့တာသေချာပြီလို့ ရဲရဲတင်းတင်း ဆုံးဖြတ်လိုက်ပါတော့တယ်။ ဒီလိုဆုံးဖြတ်လိုက်တော့ ခိုးတဲ့သူအပေါ် အပြစ်မမြင်တော့ဘူး၊ ဒေါသစိတ်မဖြစ်တော့ဘူး၊ ခိုးခဲ့တဲ့ အကြောင်းတရားကြောင့် အခိုးခံရတယ်ဆိုတဲ့ အကျိုးတရားရတာပါဘဲ၊ အကြောင်းအကျိုးသိရင် အေးချမ်းတယ်၊ အကုသိုလ်စိတ်မလာတော့ဘူး။

[ဆရာတော်အရှင်အာဒိစ္စရံသီ (ယွှင် ရတနာသုံးပါးကိုးကွယ်ဆည်းကပ်လာသူ တစ်ယောက်အကြောင်း ရေးတဲ့ စာရေးဆရာဦးဆန်းလွင်) ဟောထားတဲ့ ၇-ရက်အလွတ်သင် ဝိပဿနာသင်တန်း

တရားခွေထဲမှာ နာလိုက်ရတာ တစ်ခုရှိပါတယ်။ ဆရာဦးဆန်းလွင် ဘုန်းကြီးဝတ်ပြီး တောရ ဆောက်တည်ပါတယ်၊ တစ်နေ့ ဆွမ်းခံကြွဖို့ တောလမ်းကကြွတဲ့အခါ တစ်နေရာမှာ ကျားကြီး တစ်ကောင်က လမ်းရဲ့တစ်ဖက်မှာရောက်နေတာ တွေ့ရတယ်၊ ပုထုဇဉ်ဆိုတော့ ပထမ ကြောက်စိတ် ဝင်လာပါတယ်၊ ပြီးတော့မှဆရာတော်က ကမ္မဿကတာဉာဏ်ကို သွားသတိရလိုက်ပါတယ်။ ငါ ဒီကျားကိုသတ်ခဲ့တဲ့ကံပါလာရင် ဘယ်နေရာမှာနေနေ ကျားကိုက်လို့သေမှာဘဲ၊ ကျောင်းထဲမှာနေလည်း လာကိုက်သတ်မှာပဲ၊ ရှောင်ပြေးလို့ရမှာမဟုတ်ဘူး၊ သူ့ကိုမသတ်ခဲ့ရင် သူကလည်း ငါ့ကို ပြန်သတ်စရာ မရှိဘူးလို့ ကမ္မဿကတာဉာဏ်ကိုယုံကြည်စွာနဲ့ ရဲရဲတင်းတင်းဘဲ ဆက်ကြွသွားတယ်၊ ကျားကြီးနား ရောက်တော့ ကျားကြီးကလှည့်ထွက်သွားတယ်၊] ကျွန်တော်တို့ကော ဒီလိုယုံကြည်နိုင်ပါ့မလား၊ တကယ်တော့ယုံကြည်ရပါမယ်၊ ကမ္မဿကတာဉာဏ်မရှိတဲ့သူဟာ သစ္စာနုလောမိကဉာဏ်မရနိုင်ပါဘူး၊ ကံရဲ့အရာဟာ အင်မတန်ဆန်းကျယ်တယ်၊ ဒါကြောင့် ဘုရားရှင်က လူတွေမကြံစည်အပ်တဲ့အရာ ၄-ခုရှိကြောင်း ဟောကြားခဲ့ပါတယ်။

(ဗု ၊ ဈာန်၊ လော၊ ကံ ဤလေးတန် မကြံစည်အပ်ရှုးတတ်လှ၏တဲ့)

၁။ ဗု (ဗုဒ္ဓ) = ဘုရားရဲ့အရာကိုမကြံစည်အပ်

၂။ ဈာန် = ဈာန်အရာကို မကြံစည်အပ်

၃။ လော(လောက) = လောကရဲ့အရာကိုမကြံစည်အပ်

၄။ ကံ = ကံရဲ့အရာကိုမကြံစည်အပ် တဲ့။

သဘောကတော့ ပုထုဇဉ်တွေဉာဏ်နဲ့လိုက်မမှီအောင် ကျယ်ဝန်းလွန်းလို့ပါပဲ၊ ဒီလောကကြီးမှာပဲ ကြည့်ပါ၊ အကုသိုလ်ဒုစရိုက်တွေလုပ်ပြီး ကြီးပွားချမ်းသာနေတယ်၊ တချို့ကျတော့ ကုသိုလ်တရားတွေ ပွားများနေပေမယ့် ဆင်းရဲနွမ်းပါးနေတယ်။ အပေါ်ယံကြည့်ရင်တော့ ကမ္မဿကတာဉာဏ်ကိုတောင် ပယ်သွားနိုင်တယ်၊ မကောင်းတာလုပ် မကောင်းတာမဖြစ်ဖူး၊ ကောင်းတာလုပ် ကောင်းတာမဖြစ်ဖူး၊ သူဖြစ်ချင်သလိုဖြစ်နေတယ်လို့ ထင်သွားနိုင်ပါတယ်။ အဲဒီလိုဖြစ်ရတာ ဘာကြောင့်လဲလို့ သိရအောင် ပိုင်းလော့ဆရာတော်ဟောပြထားတာလေး တင်ပြပါမယ်၊ ဆရာတော်ဟောပြတာက . . .။

တစ်ခါတုန်းက မောင်ဖြူနဲ့ မောင်မဲ ဆိုတဲ့သူငယ်ချင်းနှစ်ယောက်ရှိတယ်၊ မောင်ဖြူက

ကောင်းမှုကုသိုလ် တရားတွေအကုန်လုပ်တယ်၊ မောင်မဲကတော့ အကုသိုလ်တရားတွေ အကုန်လုပ်တယ်။ ကုသိုလ်ဆိုဘာမှ စိတ်မဝင်စားဘူး၊ သူတို့နှစ်ယောက်ကကွဲသွားကြပြီး အရွယ်ရောက်တဲ့အခါ ပြန်ဆုံကြတော့ အကုသိုလ်လုပ်တဲ့ မောင်မဲကကြီးပွားချမ်းသာပြီး ၊ ကုသိုလ်လုပ်တဲ့မောင်ဖြူက ဆင်းရဲသတဲ့၊ ဒါကြောင့် သူတို့နှစ်ယောက်တိုင်ပင်ပြီး ဘာကြောင့်ဒီလိုဖြစ်ရတာလဲဆိုတာ သိချင်လို့ တောရဆောက်တည်နေတဲ့ ဈာန်အဘိညာဏ်ရ ရသေ့ကြီးတစ်ပါးဆီ သွားကြတယ်၊ လမ်းခုလပ်မှာ အကုသိုလ်တွေလုပ်တဲ့ မောင်မဲက ခလုတ်တိုက်ပြီးလဲကျတဲ့နေရာက ရွှေအိုးတစ်လုံး ကောက်ရတယ်၊ ကုသိုလ်တွေလုပ်တဲ့မောင်ဖြူကတော့ ငုတ်စူးပြီးဖျားတယ်၊ ရသေ့ကြီးကျောင်း ရောက်တော့ မေးကြတဲ့အခါ ရသေ့ကြီးက အခုအချိန်ဟာမောင်မဲက အတိတ်ဘဝတုန်းက အကြီးအကျယ် လှူခဲ့တဲ့ ကံတွေအကျိုးပေးနေတဲ့အချိန် ဒါကြောင့်ဘယ်လောက်အကုသိုလ်တွေလုပ်လုပ် ကုသိုလ်အကျိုးအားက ကြီးတော့ ရွှေအိုးတစ်လုံးကောက်ရတာ၊ တကယ်လို့အကုသိုလ်တွေသာမလုပ်ခဲ့ရင် ဒီအချိန်မှာရွှေအိုးတွေ အများကြီးရမှာ ဒါပေမယ့်ဒီကံတွေကုန်ပြီ၊ ဒီရွှေအိုးတစ်လုံးကနောက်ဆုံးပဲတဲ့၊ မောင်ဖြူကတော့ အတိတ်ဘဝက ပြုခဲ့တဲ့ အကုသိုလ်ကံတွေအကျိုးပေးနေတာ ကုသိုလ်တရားတွေသာမလုပ်ခဲ့ရင် ဒီအချိန်သေရမှာ ကုသိုလ်တရားတွေကြောင့်မသေဘဲနဲ့ ငုတ်စူးပြီးဖျားရုံ ဖျားတာလို့ရှင်းပြလိုက်တော့ အားလုံးသဘောပေါက်သွားတယ်၊ ဒီဥပမာအတိုင်းပါပဲ။ ဒီလောကမှာ မူးယစ်သောက်စား အပျော်အပါးတွေနဲ့နေ အကုသိုလ်ဒုစရိုက်တွေပြုကျင့်ပြီး ချမ်းသာတဲ့ပုဂ္ဂိုလ်တွေ ရှိသေးတယ် အားမကျပါနဲ့ အဟောင်းစားလို့ခေါ်တယ်တဲ့။ ကံကုန်သွားရင်တော့ အောက်ကိုဆင်းရတော့မှာလို့ ဆရာတော်က မိန့်ကြားခဲ့ပါတယ်၊ ဆရာတော် ဆက်လက်အမိန့်ရှိတာက ဘုရားရှင်က ကံကို အဓိကထားပြီးဟောခဲ့တယ် " သဗ္ဗေသတ္တာ ကမ္မဿကာ၊ ကမ္မဒါယာဒါ၊ ကမ္မယောနိ၊ ကမ္မဗန္ဓူ၊ ကမ္မပ္ပဋိသရဏာ၊ ယံကမ္မံကရိဿတိ၊ ကလျာဏံဝါ ပါပကံဝါတဿ ဒါယာဒေါ၊ ဘဝိဿတိ"၊ (ခပ်သိမ်းကုန်သော သတ္တဝါတို့သည် ကံကိုပင်ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏၊ ကံ၏အမွေခံဖြစ်၏၊ ကံသာလျှင် အကြောင်းရှိ၏၊ ကံသာလျှင် အဆွေအမျိုးရှိ၏၊ ကံသာလျှင် ကိုးကွယ်မှီခိုရာရှိ၏၊ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိမိပြုမိသောကံ၏ အမွေခံသာဖြစ်ရပေမည်။) "စေတနာအဟံ ဘိက္ခဝေ ကမ္မံဝဒါမိ" "ကံသာလျှင်အမိ ကံသာလျှင်အဖ"လို့သာ ဟောခဲ့ပါတယ်၊ ခုခေတ်လူတွေတစ်ချို့က ကံကိုပစ်ပယ်တဲ့သဘောမျိုးတွေယူဆပြီး ကံကိုယုံ၍ဆုံးပုံမနင်းရ၊ ကံကိုချည်း

အားမကိုးပါနဲ့အုံး၊ ဉာဏ်နဲ့ဝီရိယလည်းထည့်ပါအုံးဆိုပြီး ကံကိုအဓိက မထားကြဲတော့ပါဘူးတဲ့၊ တချို့က ဆိုသေးတယ်၊ "ကံမရှိ ဉာဏ်ရှိတိုင်းမွဲ"တဲ့၊ တကယ်တော့သဘော မပေါက်ကြလို့ပါ၊ ကံမရှိတဲ့သူဟာဉာဏ်လဲမရှိပါဘူး၊ ကံ၊ဉာဏ်၊ ဝီရိယတွေကတွဲနေတယ်၊ ကံပါရင် ဉာဏ်၊ ဝီရိယတွေက ပါပြီးသားပါ။ ဘုရားကတော့ ကံကိုအဓိကထားပြီး ဟောသွားပါတယ်။ ကံကိုယုံကြည်ကြပါ။

ဒါလောက်ဆို ကမ္မသကတာဉာဏ်ကို နားလည်လောက်ပါပြီ။ ကောင်းကောင်းဆိုးဆိုး ကြုံတွေ့ခံစားနေရတာအားလုံး မှန်သမျှသည် ကံကြောင့်သာ ဖြစ်ပါတယ်။ ကံကောင်းချင်ရင် ကောင်းတဲ့ကံတွေများများလုပ်ပါ။ ကံဆိုးချင်ရင်တော့ ဆိုးတဲ့ကံလုပ်ပေါ့။ ဘုရားကလမ်းပြပြီးသား ကိုယ်ကြိုက်ရာလမ်းလုပ်ရုံပါပဲ။ ကောင်းတဲ့ကံ ဓါတ်ရိပ်ဓါတ်ခိုးတွေလာချင်ရင် ကောင်းတဲ့ကုသိုလ်တရားတွေဖြစ်တဲ့(ဒါန၊ သီလ၊ ဘာဝနာ၊ ဝိပဿနာ)တရားတွေလုပ်ရမှာ ဖြစ်ပါတယ်။ ဒါဆို မကောင်းတဲ့ကံတွေလည်း ဝင်လို့မရဘူး၊ မတည့်တဲ့ဓါတ်၂-ခုဟာ ပေါင်းလို့မှ မရတာ၊ ဆရာတော် ဉပမာပေးထားတာက တိမ်ဆိုတာရေခိုးရေငွေ့တွေကဖြစ်တာ၊ ပင်လယ်သမုဒ္ဒရာမှာရှိတဲ့ ရေတွေက နေရဲ့အပူရှိန်ကြောင့် ရေးခိုးရေငွေ့အဖြစ် ပြောင်းလဲပြီး ကောင်းကင်မှာတိမ်ဖြစ်သွားကြတယ်၊ တိမ်တိုက်တွေက ပေါ့ပါးပြီးလေတိုက်ရာကို လွင့်သွားတဲ့အခါ အောက်မှာအအေးဓါတ်(အစိုဓါတ်)ရှိရင် အဲဒီ အအေးဓါတ်ရဲ့ဆွဲအားကြောင့် မိုးရွာချတယ်၊ အောက်မှာအပူဓါတ်ရှိရင်တော့ အဲဒီတိမ်တွေဟာ လွင့်ပျောက်ကုန်ရောတဲ့၊ အားလုံးဟာရုပ်သဘော ဓါတ်သဘောတွေချည်းဘဲ၊ ဆရာတော် ဟောပြတာ သိပ်သဘာဝကျတယ်၊ ကိုယ့်မှာကုသိုလ်ဆိုတဲ့အအေးဓါတ်ရှိရင် အတိတ်ကအအေးဓါတ်(ကုသိုလ်) နဲ့ပြုခဲ့တဲ့ ကောင်းကံတွေက မိုးရွာချသလိုရွာချမှာပဲ၊ အကုသိုလ်(အပူဓါတ်)ရှိရင်တော့ အတိတ်က အအေးဓါတ်နဲ့ပြုခဲ့တဲ့ ကောင်းကံတွေက ဘယ်ကလာလို့ရပါ့မလဲ လွင့်ပျောက်ကုန်မှာပေါ့၊ ဒါကြောင့် ဂင်္ဂါဝါဠူ သဲစုမကပွင့်ခဲ့တဲ့ဘုရားရှင်တိုင်း ဟောကြားတဲ့တရားတစ်ပုဒ်ရှိပါတယ်။ အဲဒါကတော့-

(၁) မကောင်းမှုရှောင်

(၂) ကောင်းမှုဆောင်

(၃) ဖြူအောင်စိတ်ကိုထားတဲ့။

(၁) မကောင်းမှုရှောင်ဆိုတာ မကောင်းမှုအကုသိုလ်ဒုစရိုက်(၁၀)ပါး၊ အုပ်စုဖွဲ့ရင် အပါး (၄၀)ကို ရှောင်ရပါမယ်။

(၂) ကောင်းမှုဆောင်ဆိုတာ ကောင်းတဲ့ကံသုစရိုက်(၁၀)ပါး၊ အုပ်စုဖွဲ့ရင် အပါး(၄၀)ကို ဆောင်ရပါမယ်၊ ကောင်းတာမှန်သမျှ အကုန်လုပ်ရပါမယ်။

(၃) ဖြူအောင်စိတ်ကိုထားဆိုတာက စိတ်ကလေးကိုဖြူစင်အောင်ထားပါ၊ အရောင်မဆိုးပါနဲ့တဲ့၊ ဘာအရောင်တွေလဲဆိုတော့ (လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ)တရားတွေပါပဲ။

ကုသိုလ်တရားတွေကအအေးဓါတ်သဘောပါ၊ ဒါနပြု သီလဆောက်တည် ဘာဝနာတွေပွားနေတဲ့အချိန်မှာ ရင်ထဲမှာအေးချမ်းနေပါတယ်။ အကုသိုလ်တရားကတော့ လောဘ၊ ဒေါသ၊ မောဟမီးတွေဖြစ်တဲ့အတွက် ပူလောင်လို့အပူဓါတ်လို့ ခေါ်တာပါ။ ဆရာတော်ဟောထားတာက အအေးဓါတ်များရင် အရောင်တွေ တောက်လာတယ်၊ ဟော်မုန်းတွေကောင်းလာမယ်၊ ကိုယ်ရောင်တွေလင်းလာမယ်၊ အသွေးအသားတွေကြည်လင်လာမယ်၊ ဉာဏ်တွေကောင်းလာမယ်၊ ကုသိုလ်ပြုနေတဲ့အချိန်မှာ ဘေးကကြည့်တော့လှူပဲတဲ့။ ဒါပေမယ့် သူ့အသွင်သဏ္ဍာန်က အရောင်အဝါတွေတောက်ပြီးနတ်အသွင်သဏ္ဍာန် ဖြစ်နေပါတယ်။ ဒါဆို ဉာဏ်တွေပွင့်လင်းလာမယ်၊ ဝိပဿနာအားထုတ်တဲ့အခါမဂ်ဉာဏ်ဖိုလ်ဉာဏ်ကို အလွယ်တကူရနိုင်ပါတယ်၊ ဒါကြောင့် ဝိပဿနာရဲ့ အခြေခံအထောက်အပံ့တရားဖြစ်တဲ့တရား(ဒါန၊သီလ၊ ဘာဝနာ)တရားများကို ကမ္မဿကတဉာဏ် သဘောပေါက်ပြီးအလင်းဓါတ်အားကောင်းအောင် ကြိုးစားကျင့်ကြံအားထုတ်ကြပါလို့ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပုထုဇဉ်တွေကျင့်ကြံပြုလုပ်နိုင်တဲ့ တရားငါးပါးနဲ့ ရောက်နိုင်တဲ့လားရာဂတိတွေကတော့-

(၁) အကုသိုလ်တရား(ဒုစရိုက် ၁၀-ပါး/၄၀ပါး) ----------- အပါယ်လေးဘုံ

(၂) ကုသိုလ်တရား (ဒါန) ----------- လူ၊ နတ်

(၃) ကုသိုလ်တရား (သီလ) ----------- လူ၊ နတ်

(၄) ကုသိုလ်တရား (ဘာဝနာ) ----------- ဗြဟ္မာ

(၅) မဟာကုသိုလ်တရား (ဝိပဿနာ) ----------- နိဗ္ဗာန် တို့ဖြစ်ပါတယ်။

အပါယ်လေးဘုံ လူ၊ နတ်၊ ဗြဟ္မာ တွေကလောကီမှာရှိတဲ့ဘုံတွေ အားလုံး(၃၁)ဘုံရှိပါတယ်။ နိဗ္ဗာန်ကတော့ လောကုတ္တရာ လို့ခေါ်ပါသည်။

## သုံးဆယ့်တစ်ဘုံ

| | | |
|---|---|---|
| အသညသတ်ဘုံ | (၁)ဘုံ (ရုပ်ချည်းသက်သက်ဘုံ) | ဗြဟ္မာဘုံ (၂၀)ဘုံ |
| ရူပဘုံ | (၅)ဘုံ (သုဒ္ဓါဝါသ) | |
| | (၁၀)ဘုံ (ရိုးရိုးဗြဟ္မာ) | |
| အရူပဘုံ(၄)ဘုံ | (နာမ်ချည်းသက်သက်ဘုံ) | |
| ပရနိမ္မိတဝသဝတ္တီ | | နတ်ပြည် (၆)ထပ် |
| နိမ္မာနရတိ | | |
| တုသိတာ | | |
| ယာမာ | | |
| တာဝတိံသာ | | |
| စတုမဟာရာဇ် | | |
| လူ | | လူဘုံ (၁)ဘုံ |
| ငရဲ | | အပါယ်(၄)ဘုံ |
| တိရစ္ဆာန် | | |
| ပြိတ္တာ | | |
| အသူရကာယ် | | စုစုပေါင်း (၃၁)ဘုံ |

လောကီအနေဖြင့် ၃၁-ဘုံရှိပါသည်၊ ပုထုဇဉ်တို့၏ အမြဲနေအိမ်ဖြစ်သော အပါယ်လေးဘုံကိုသာ တင်ပြပါမည်။ ကျန်သောဘုံများကို ပထမထုတ်ဝေခဲ့သော "စူဠသောတာပန်နှင့်မြတ်ဗုဒ္ဓ၏အလုပ်ပေး တရားတော်" စာအုပ်တွင်ဖော်ပြပြီးဖြစ်၍ ထပ်မံမဖော်ပြတော့ပါ။ သံဝေဂဉာဏ်ရစေရန်အတွက် သတ္တဝါတို့ အမြဲနေအိမ်ဖြစ်သော အပါယ်လေးဘုံကိုသာ ဖော်ပြမည်ဖြစ်ပါသည်။

**အပါယ်လေးဘုံ**

ချမ်းသာကင်းသောဘုံများကို အပါယ်ဘုံဟုခေါ်သည်။ ထိုအပါယ်ဘုံသည် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံဟု(၄)မျိုးရှိသည်။

**ငရဲဘုံ** ချမ်းသာဟူသရွေ့ မြူတစ်စေ့မျှမရှိသောဘုံ။

# ငရဲကြီးရှစ်ထပ်

၁။ သိဉ္ဇိုဝ်း (သဉ္ဇိဝ) ငရဲ

၂။ ကာလသုတ် (ကာသုတ္တ)ငရဲ

၃။ သဃ်တ ငရဲ

၄။ ရောရုဝ ငရဲ

၅။ မဟာရောရုဝ ငရဲ

၆။ တာပန ငရဲ

၇။ မဟာတာပန ငရဲ

၈။ အဝီစိ ငရဲ

## ငရဲကြီး '၈'ထပ်

**၁။ သိဉ္ဇိုဝ်း 'သဉ္ဇိဝ' ငရဲ - သံ-အဖန်ဖန်+ ဇီဝ အသက်ရှင်ခြင်း။**

**သဉ္ဇိဝငရဲ** - သေလိုက်၊ ရှင်လိုက်ဖြင့် အကြိမ်ကြိမ် အထပ်ထပ်နှစ်ပေါင်းများစွာ ခံစားရသော ငရဲဖြစ်သည်။

**ကျခံရသူများ**- သတ္တဝါတို့အား အနိုင်အထက် ဖိနှိပ်ချုပ်ချယ် နှိပ်စက်တတ်သောပုဂ္ဂိုလ်များ နှိပ်စက်ညှဉ်းဆဲသတ်ဖြတ်တတ်သော ခိုးသားဓားပြ လူဆိုးများကျခံကြရသည်။

**၂။ ကာလသုတ္တငရဲ - ကာလ-မဲနက်သော ၊ သုတ္တ -မျဉ်းကြောင်း**

**ကာလသုတ်ငရဲ** - မဲနက်သောအဆင်းရှိသည့် သံပူမျဉ်းကြိုးတို့ဖြင့် '၄'မြှောင့်၊ '၆'မြှောင့်၊ '၈'မြှောင့် စသည် မျဉ်းဆွဲပြီး သစ်တုံးကိုရွေသကဲ့သို့ အရွေခံရသောငရဲဖြစ်သည်။

**ကျခံရသူများ** - သူတပါးအား ညှဉ်းဆဲနှိပ်စက်တတ်သော လူသတ်၊ ထောင်မှူး၊ အရာထမ်း အမှုထမ်းများ သီလပျက် အကျင့်မဲ့ လူ ရဟန်းများကျခံရသည်။

၃။ **သင်္ဃာတငရဲ - သံ-ပြင်းထန်စွာ+ ဃတ- ကြိတ်ချေခြင်း၊**

ပူလောင်သော သံတောင်ကြီး '၄' လုံးတို့ဖြင့် လေးဘက်ညပ်၍ ကြိတ်ခြေညပ်သတ်ခံရသော ငရဲဖြစ်သည်။

**ကျခံရသူများ** - ဆင်၊ မြင်း၊ ကျွဲ၊ နွားစသည့် သတ္တဝါအား ညှဉ်းဆဲနှိပ်စက်တတ်သော ဆင်ထိန်း၊ မြင်ထိန်းတို့ ကျခံကြရသည်။

၄။ **ရောရုဝငရဲ - ရောရုဝ- အမြဲငိုကြွေးရခြင်း**

အလွန်ပူလောင်သော သံမီးကျီးခဲ မီးလျှံတို့ဖြင့် ဒွါရ '၉' ပေါက်တို့မှ စုပြုံဝင်ဖောက်ကာ လောင်ကျွမ်းခံရသူတို့အော်ဟစ်ငိုကြွေးသံ ဆူညံနေသော ငရဲဖြစ်သည်။

**ကျခံရသူများ** - တောမီးရှို့သူ၊ ရေသတ္တဝါတို့အား နှိပ်စက်သတ်ဖြတ်သူ တံငါသည်၊ ကုန်းသတ္တဝါတို့အား နှိပ်စက်သတ်ဖြတ်သူ တောလိုက်မုဆိုး ငှက်မုဆိုးတို့ ကျခံကြရသည်။

၅။ **မဟာရောရုဝ - မဟာ**-ကြီးလေးပြင်းထန်သော၊ **ရောရုဝ**-ရောရုဝငရဲ၊ **ဇာလ**-မီးတောက်မီးလျှံ ရှိသော၊

**ရောရုဝ**- ရောရုဝငရဲ။

ပူ၊ ငံ၊ စပ် အခိုးအငွေ့တို့ဖြင့် ပြင်းထန်စွာ လောင်ကျွမ်းခံရသော ရောရုဝထက် ပိုမိုပြင်းထန် ခံစားရသော ငရဲဖြစ်သည်။

**ကျခံရသူများ** - မိဘဆရာသမားနှင့် သီလရှိသူတို့၏ ပစ္စည်းဘဏ္ဍာများကို ခိုးယူ၊ ကဲ့ဖှက်၊ ယူငင်သုံးစွဲသူတို့ကျခံကြရသည်။

၆။ **တာပနငရဲ - တာပန - ပူလောင်စေခြင်း။**

အလျှံညီးညီး သံမဏိမီးတို့ဖြင့် အပူတိုက်ပေး၍ အထက်ပါငရဲတို့ထက် ပိုမိုပြီး ဆင်းရဲခံရသော ငရဲဖြစ်သည်။

**ကျခံရသူများ**- အများမှီခိုနေထိုင်ရာ တိုက်တာ၊ အိမ်၊ ရေတွင်း၊ ဇရပ်တန်ဆောင်း၊ သတ္တဝါတို့အား သနားညှာတာမှုကင်းသော မီးမြိုက်ခြင်း၊ မီးလောင်တိုက်သွင်းခြင်း ပြုလုပ်သူတို့ ကျခံရသည်။

၇။ **မဟာတာပနရဲ - မဟာ-ကြီးမားပြင်းထန်သော ၊တာပန -ပူလောင်စေသောငရဲ၊** တာပနငရဲထက် ပိုမိုလွန်ကဲ စွာဆင်းရဲခံရသောငရဲဖြစ်သည်။

**ကျခံရသူများ** - လောကတ္တရာဓမ္မများ မှားယွင်းပျက်ပြယ်စေအောင် မိစ္ဆာဒိဋ္ဌိ'အယူမှား' သို့ရောက်အောင် လမ်းညွှန်ပြသူ အဓမ္မဝါဒီများ ကျခံကြရသည်။

၈။ **အဝီစိငရဲ - န-မရှိခြင်း၊ ဝီစိ-အကြားအလပ်၊ လစ်ဟာနေသောနေရာ။**

မီးလျှံ၊ ဒုက္ခဝေဒနာ၊ ခံရသူသတ္တဝါ '၃'မျိုးတို့ အကြားအလပ်မရှိ ပြည့်ကျပ်လျှက်ရှိသော ငရဲဖြစ်သည်။

**ကျခံရသူများ** -အမိသတ်သူ၊ အဖသတ်သူ၊ ရဟန္တာသတ်သူ၊ သံဃာကိုသင်းကွဲအောင်လုပ်သူ၊ ဘုရားကို သွေးစိမ်းတည်အောင်လုပ်သူတို့ ကျခံကြရသည်။

## ငရဲသက်တမ်း

လူတို့၏အနှစ် '၉'သန်းသည် **သိဉ္ဇိုင်းငရဲ** ၌ '၁'ရက်ဖြစ်၏။ သိဉ္ဇိုင်းငရဲသည် ထိုရက်၊ လ၊ နှစ် အားဖြင့် အနှစ်ငါးရာသက်တမ်းရှိ၏။

လူတို့၏အနှစ် '၃'ကုဋေ '၆'သန်းသည် **ကာလသုတ်**ငရဲ ၌'၁'ရက်ဖြစ်၏။ ကာလသုတ်ငရဲသည် ထိုရက်၊လ၊နှစ် အားဖြင့် အနှစ်တစ်ထောင်သက်တမ်းရှိ၏။

လူတို့၏အနှစ် '၁၄'ကုဋေ '၄'သန်းသည် **သင်္ဃာတ**ငရဲ ၌'၁'ရက်ဖြစ်၏။ သင်္ဃာတငရဲသည် ထိုရက်၊လ၊နှစ် အားဖြင့် အနှစ်နှစ်ထောင်သက်တမ်းရှိ၏။

လူတို့၏အနှစ် '၅၇'ကုဋေ '၆'သန်းသည် **ရောရုဝ**ငရဲ ၌'၁'ရက်ဖြစ်၏။ ရောရုဝငရဲသည် ထိုရက်၊လ၊နှစ် အားဖြင့် အနှစ်လေးထောင်သက်တမ်းရှိ၏။

လူတို့၏အနှစ် '၂၃၀'ကုဋေ '၄'သန်းသည် **မဟာရောရုဝ**ငရဲ ၌'၁'ရက်ဖြစ်၏။ မဟာရောရုဝငရဲသည် ထိုရက်၊လ၊နှစ် အားဖြင့် အနှစ်ရှစ်ထောင်သက်တမ်းရှိ၏။

လူတို့၏အနှစ် '၉၂၀'ကုဋေ '၆'သန်းသည် **တာပန**ငရဲ ၌'၁'ရက်ဖြစ်၏။ တာပနငရဲသည် ထိုရက်၊ လ၊ နှစ် အားဖြင့် အနှစ်တစ်သောင်းခြောက်ထောင်သက်တမ်းရှိ၏။

လူတို့၏အနှစ် '၃၆၈၆'ကုဋေ '၄'သန်းသည် **မဟာတာပန**ငရဲ ၌'၁'ရက်ဖြစ်၏။ မဟာတာပန ငရဲသည် ထိုရက်၊ လ၊ နှစ် အားဖြင့် နှစ်ပေါင်းသုံးသောင်းနှစ်ထောင် **"အန္တရကပ်ထက်ဝက်"** သက်တမ်း ရှိ၏။

လူတို့၏အနှစ် '၁၄၇၄၅'ကုဋေ '၆'သန်းသည် **အဝီစိ**ငရဲ ၌'၁'ရက်ဖြစ်၏။ အဝီစိငရဲသည် ထိုရက်၊ လ၊ နှစ် အားဖြင့် နှစ်ပေါင်းခြောက်သောင်းလေးထောင် **"အန္တရကပ်တစ်ကပ်"** သက်တမ်း ရှိ၏။

## ဥဿဒ ငရဲငယ်များ

ငရဲကြီးရှစ်ထပ်တွင် တစ်ထပ်လျှင် တစ်မျက်နှာစီ၌ ဥဿဒငရဲ 'ငရဲငယ်' လေးထပ်စီခြံရံသဖြင့် ငရဲကြီးတစ်ထပ်လျှင် ငရဲငယ်ပေါင်း '၁၆'ထပ်ရှိသည်။ ငရဲငယ်များကို ဥဿဒငရဲဟုခေါ်သည်။ ၎င်းတို့မှာ-

(၁) ဘင်ပုပ်ငရဲ 'ဂူထ'
(၂) ပြာပူငရဲ 'ကုက္ကုဠ'
(၃) လက်ပံတောငရဲ 'သိပ္ပလိဝန'
(၄) သန်လျက်တောငရဲ 'အသိပတ္တ'
ကြိမ်ပိုက်ချောင်းငရဲ 'ဝေတ္တရဏီ' တို့ဖြစ်သည်။

(၁) **ဂူတကူပ - မစင် ဘင်ပုပ်ငရဲ**

အတွင်းအနက်ယူဇနာတစ်ရာရှိ၍ ပွက်ပွက်ဆူနေသော မစင်ကျင်ကြီးများနှင့်ပြည့်လျှံနေသည်။ မစင်အနံ့သည် ယူဇနာတစ်ရာတိုင်အောင် အနံ့နံစေသည်။

မစင်ဘင်ပုပ်ငရဲတွင်းထဲ၌ ပိန်းကောလေ့ ပမာဏရှိသော ပိုးလောက်တို့သည် ချွန်ထက်သော နှတ်သီးတို့ဖြင့် ထိုးဆိတ်စားသောက်ခြင်းကိုခံရခြင်း၊ ဆာလွန်း၍မစင်ကို စားကြရသည်။

**ကျခံရသူများ** - ကြမ်းတမ်းခက်ထန်သောစိတ်ရှိကာ သူတစ်ပါးအား သတ်ဖြတ်သူ ကျေးဇူးကန်းသူ မနာလိုဝန်တို ဖြစ်သူတို့ ခံစားရ၏။

(၂) ကုက္ကုဋ - ပြာပူငရဲ

အိမ်လုံးလောက်ရှိ နီနီရဲသော မီးကျီးခဲတို့ကို ပြာအပြည့်ဖြင့် ဖုံးထားသည့်အပေါ်တွင် ဒယ်အိုးထဲ နှမ်းစေ့လှော်သကဲ့သို့ ပူပြင်းမှုကို ခံစားကြရသည်။ ၎င်းပြာအပူရှိန်သည် ယူဇနာတစ်ရာအထိ ပြန့်နှံ့ပူနေသည်။

**ကျခံရသူများ** - အသိဉာဏ်ပညာ တရားဓမ္မတို့၌ မနာလိုဝန်တိုမှုဖြစ်သောသူတို့ ခံစားရ၏။

(၃) သိမ္ဗလိဝနငရဲ - လက်ပံတောငရဲ

နှစ်ပေ၊ သုံးပေခန့်ရှိ ရဲရဲနီသော သံဆူးချွန်ကြီးများအပြည့်ရှိသည့် '၁'ယူဇနာမျှမြင့်သော လက်ပံတောသည် ယူဇနာ '၁၀၀' ခန့်ကျယ်၏၊ ထိုသံဆူးလက်ပံပင်သို့ တက်လိုက်ဆင်းလိုက်ဖြင့် ဆင်းရဲကြီးစွာ ခံစားကြရ၏။

**ကျခံရသူများ** - စည်းစိမ်ဥစ္စာအား၊ ကာယအား၊ ဉာဏအားဖြင့် မိမိအောက်နိမ့်ကျသူတို့အား နိုင်ထက်ကလူ နှိပ်စက်ညှဉ်းဆဲပြုမူသူတို့ ခံစားကြရ၏။

(၄) အသိပတ္တဝနငရဲ - သန်လျက်တောငရဲ

ပြာပူငရဲခံရပြီး ပြေးလာသူတို့ ဥယျာဉ်အမှတ်ဖြင့် လာရောက်ကြသောအခါ ချွန်ထက်သော သန်လျက်၊ ခရင်း၊ လှံနှင့် တူသောသစ်ရွက်တို့ဖြင့် တစ်ကိုယ်လုံး ခုတ်ဖြတ်ခံကြရ၏။

**ကျခံရသူများ** - ကုန်းတိုက်စကားပြောကြားသူ၊ လိမ်လည်ပြောဆိုသူတို့ ခံစားကြရသည်။

**ဝေတ္တရဏီ** - ကြိမ်ပိုက်ချောင်းငရဲ

အလွန်စပ်ငန်သော ကြေးနီပူရေတို့ဖြင့် သံတံကျင်ပမာ စူးရှသောကြိမ်တို့ ရောယှက်ကာ ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားရာ ငရဲဘုံဖြစ်သည်။

**တိရစ္ဆာန်ဘုံ**

တိရစ္ဆာန်ဘုံဆိုသည်မှာ ဘုံသီးခြားမရှိ ၎င်းတို့၏ခန္ဓာကိုယ်သည်ပင်လျှင် ဘုံဖြစ်သည်။ သို့မဟုတ် ၎င်းတို့၏ စုဝေးနေထိုင်ရာဌာနသည် ဘုံဖြစ်သည်။

**ပြိတ္တာဘုံ**

ပြိတ္တာဘုံဆိုသည်မှာ သီးခြားကန့်သတ် သတ်မှတ်ထားသော အရပ်ဒေသမရှိ။ တနည်းအားဖြင့် ၎င်းတို့ ကျင်လည်ကျက်စားရာ တော၊ တောင်၊ သမုဒ္ဒရာ၊ ပင်လယ်၊ ကမ်းခြေ စသည့်အရပ်ဒေသ များကိုပင် ပြိတ္တာဘုံဟုခေါ်သည်။

ပြိတ္တာအမျိုးအစားများစွာရှိသည့်အနက် သုတ်ပါထေယျလာ မှတ်သားစရာပြိတ္တာ '၄' မျိုးမှာ-

(၁) **ပရဒတ္တူပဇီဝိကပြိတ္တာ** - သူတစ်ပါးတို့ စွန့်ကြဲသော အစာကိုစားရသောပြိတ္တာ၊

(၂) **ခုပ္ပိပါသိကပြိတ္တာ** - အစာငတ်၊ ရေငတ်ခံရသောပြိတ္တာ

(၃) **နိဇ္ဈာမတဏှိကပြိတ္တာ** - ခန္ဓာတစ်ကိုယ်လုံး မီးလျှံလောင်ကျွမ်းခံရသောပြိတ္တာ၊

(၄) **ကာလကဉ္စိကပြိတ္တာ** - အသား၊ အသွေးခြောက်ခန်းသည့် ပြိတ္တာ တို့ဖြစ်သည်။

**အသူရကာယ်ဘုံ**

အသူရကာယ်ဆိုသည်မှာ ဘုံသီးခြားမရှိ ၄င်းတို့ကျက်စားရာ ဒေသများသည်ပင် အသူရကာယ်ဘုံ ဖြစ်သည်။

အသူရကာယ်နှစ်မျိုးမှာ - (၁) **နတ်အသူရာ** (၂) **ပြိတ္တာမျိုးအသူရာ** တို့ဖြစ်သည်။

## အပါယ်လေးပါးကျရခြင်းအကြောင်း

အပါယ်လေးဘုံ၏ဆင်းရဲကိုသိရှိပြီးဖြစ်သောကြောင့် အကျွန်ုပ်တို့သည် အပါယ်မကျရေး အတွက် ဦးစားပေး လုပ်ဆောင်ရပေမည်။ အပါယ်ကျရခြင်းသည် အကျိုးတရားပင်ဖြစ်သည်။ အပါယ်ကျရခြင်း၏ အကြောင်းတရားကိုရှာဖွေ၍ အကြောင်းကိုသတ်လျှင် အကျိုးမလာနိုင်တော့ပေ။

အကြောင်းတရားနှစ်ပါးရှိလေသည်။

(၁) ဒုစရိုက်(၁၀)ပါး၊ အပါး(၄၀)ကျူးလွန်မိ၍ အပါယ်ကျရခြင်းတစ်ကြောင်း၊

(၂) ဒုစရိုက်မှ မကျူးလွန်သော်လည်းဘဲ မိမိတို့စိတ်၌ဖြစ်ပေါ်သော လောဘ၊ ဒေါသ၊ မောဟစေတ်များကို မပါယ်သတ်နိုင်သဖြင့် အပါယ်ကျရခြင်းတစ်ကြောင်း၊

## အကုသိုလ်ဒုစရိုက်(၁၀)ပါး

**(က) ကာယဒုစရိုက်သုံးပါး**

၁။ ပါဏာတိပါတကံ = သတ္တဝါတို့ကိုသေစေလိုသောစေတနာဖြင့်သတ်ဖြတ်မှု၊

၂။ အဒိန္နာဒါနကံ = သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာကို မတရားရယူလိုသော စေတနာ ဖြင့် ခိုးဝှက်လုယက်လှည့်ပတ်တိုက်ခိုက်ယူမှု၊

၃။ ကာမေသုမိစ္ဆာစာရကံ = အုပ်ထိန်းသူ ပိုင်ဆိုင်သူတို့ ခွင့်မပြုသဖြင့် မသွားအပ်သော ဝတ္ထုကာမတို့၌ ယုတ်မာစွာကျင့်ကြံကျူးလွန်မှု၊

(ခ) **ဝစီဒုစရိုက်သုံးပါး**

၁။ မုသာဝါဒကံ = သူတစ်ပါးအား အကျိုးပျက်စီးစေလိုသော စေတနာဖြင့် မဟုတ်မမှန် လိမ်လည်၍ပြောဆိုမှု၊

၂။ ပိသုဏာဝါစာကံ = ချစ်ခင်ညီညွတ်နေသူတို့ အချစ်ပျယ်၍ ကွဲပြားစေလိုသော စေတနာဖြင့် ချောပစ်ကုန်းတိုက်ပြောဆိုမှု၊

၃။ ဖရုသဝါစာကံ = သူတစ်ပါးတို့အား နားနှလုံးမချမ်းသာ၍ နာကျည်းစေလိုသော စေတနာဖြင့် ကြမ်းတမ်းယုတ်မာစွာ ဆဲရေးတိုင်းထွာပြောဆိုမှု၊

(ဂ) **မနောဒုစရိုက်သုံးပါး**

၁။ အဘိဇ္ဈာကံ = သူတစ်ပါး၏စည်းစိမ်ဥစ္စာကို မိမိ၏ စည်းစိမ်ဥစ္စာအဖြစ်သို့ ရောက်စေလိုသော စေတနာဖြင့် ကြံစည်မှု။

၂။ ဗျာပါဒကံ = သူတစ်ပါးတို့၏စည်းစိမ် ဂုဏ်သိမ်ပျက်စီးခြင်းနှင့် သတ္တဝါတို့ သေကြေပျက်စီးခြင်းကို ဖြစ်ပေါ်စေလိုသော စေတနာဖြင့် ကြံစည်မှု။

၃။ မိစ္ဆာဒိဋ္ဌိကံ = ကောင်းမှု၊ မကောင်းမှုကိုပြုသော်လည်း ကောင်းမှုကံ၊ မကောင်းမှုကံမဖြစ်၊ ထိုကောင်းမှုကံ မကောင်းမှုကံ၏ အကျိုးလည်းမရှိဟု ကံနှင့်ကံ၏အကျိုးကို ပါယ်၍ လွဲမှားစွာ ရှုမြင်ယုံကြည်ယူဆမှု။

တို့ဖြစ်သည်။ အထက်ပါဒုစရိုက်(၁၀)ပါးကို ရှောင်ကြဉ်လျှင် သုစရိုက်(၁၀)ပါးရသည်။ အထက်ပါ ဒုစရိုက်ဆယ်ပါးကို အုပ်စုနှင့်ခွဲပါက-

| | |
|---|---|
| (၁) မိမိကိုယ်တိုင်ကျူးလွန်ရင် | (၁၀)ပါး |
| (၂) သူတစ်ပါးကို စေခိုင်းတာက | (၁၀)ပါး |
| (၃) သူတစ်ပါးလုပ်တာကို အားပေးရင် | (၁၀)ပါး |
| (၄) သူတစ်ပါးပြုလုပ်တာကို ဝမ်းမြောက်ရင် | (၁၀)ပါး |

စုစုပေါင်းအပါး (၄၀) ရပါတယ်၊ သုစရိုက်လည်းဒီအတိုင်းပါပဲ။ ဒီဒုစရိုက်(၁၀)ပါး/အပါး (၄၀)ကိုရှောင်ကြဉ်ရင် အပါယ်လေးပါးမကျနိုင်ပါဘူး။

တစ်ချို့က ဒါနတွေပြု၊ သီလတွေစောင့်ထိန်း၊ ဘာဝနာတွေ ပွားများနေပေမဲ့လည်း မိမိစိတ်မှာ ဖြစ်ပေါ်တဲ့ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တို့ကို ဝိပဿနာဉာဏ်နဲ့ မဖြတ်နိုင်တဲ့အတွက် အပါယ်လေးပါးကျရပါတယ်။ ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း အိပ်ယာဝင်သောအခါ ငါသည် အထက်ပါဒုစရိုက်(၁၀)ပါးတွင် ငါ၏စိတ်ကျက်စားနေသည်က များပါသလော၊ သို့မဟုတ် ထိုဒုစရိုက် (၁၀)ပါးမှလွတ်၍ ကုသိုလ်စိတ်တွေများ၍ ကုသိုလ်ဇောတွေများပါသလော စစ်ဆေးလျှင် တစ်နေ့တစ်နေ့ တွင် အထက်ပါဒုစရိုက်(၁၀)ပါးတွင် မည်မျှကျူးလွန်ကျက်စားနေသည်ကို သေချာစွာတွေ့ရှိရပေလိမ့်မည်။ ထိုမျှနေ့စဉ်နေ့တိုင်း အကုသိုလ်စိတ်တွေ အကုသိုလ်ဇောတွေ အကျများ၍ အာသေဝနပစ္စည်း ရနေကြပါလျှင် တစ်နည်းဆိုသော် အာစိဏ္ဏကံအားလျော်စွာ နေ့ရှိသမျှအားကောင်းနေသော် သေခါနီး တွင် ထိုအာစိဏ္ဏကံသည် မကောင်းကျိုးကိုပေးတော့မည်မှာ သေချာလှျက်ရှိတော့၏၊ အာစိဏ္ဏကံထိုမျှ အားကောင်းနေပါလျှင် သေခါနီးတွင် အာသန္နကံလည်း တိုးနိုင်ရန် အခါအခွင့် မသာနိုင်တော့ပေ၊ အကျိုးပေးအနေနှင့် ကံ ၄-မျိုးရှိသည်။

**(၁) ဂရုကံ ၊(၂) အာသန္နကံ၊ (၃) အာစိဏ္ဏကံ၊ (၄) ကဋတ္တာကံ** တို့ဖြစ်သည်။

**၁။ ဂရုကံ**

ဂရုကံတွင် (က) အင်မတန်အပြစ်ကြီးသော အကုသိုလ်ကံ (ပဉ္စာနန္တရိယကံ)

(ခ) အင်မတန် တန်ခိုးအာနုဘော်ကြီးသောကုသိုလ်ကံ(လောကုတ္တရာကံနှင့် မဟဂ္ဂုတ် ကုသိုလ်ကံတို့ဖြစ်သည်) လောကုတ္တရာကံသည် ဝိပဿနာ ကုသိုလ်ကံဖြစ်၍ မဟဂ္ဂုတ်ကုသိုလ်ကံဆိုသည်မှာ ဈာန်နှင့်ယှဉ်သော ကံကိုခေါ်လေသည်။

**၂။ အာသန္နကံ**

ရှေးကပြုခဲ့ပြီး၍ သေခါနီးအခါ၌ အောက်မေ့အပ်သောကုသိုလ်၊ အကုသိုလ်ကံသည်လည်းကောင်း၊ သေခါနီးသောအချိန်၌ ပြုအပ်သောကုသိုလ်၊ အကုသိုလ်ကံသည်လည်းကောင်း အာသန္နကံမည်၏။

**၃။ အာစိဏ္ဏကံ**

အမြဲမပြတ် နေ့စဉ်ဝတ်ထား၍ လေ့လာပြုလုပ်အပ်သော ကုသိုလ်၊ အကုသိုလ်ကံသည် လည်းကောင်း တစ်ကြိမ်ပြုပြီးနောက် အမြဲမပြတ် ဆင်ခြင်အောက်မေ့အပ်သော ကုသိုလ် အကုသိုလ်ကံ သည် လည်းကောင်း အာစိဏ္ဏကံမည်၏။

**၄။ ကဋတ္တာကံ**

ဂရုက၊ အာသန္န၊ အာစိဏ္ဏကံ အခြေအနေသို့ မရောက်တတ်ဘဲ ဤဘဝ၌ပြုလုပ်ခဲ့သော ကံများနှင့် ရှေးရှေးဘဝများ၌ ပြုလုပ်ခဲ့သောကံများတည်း။ ဤကံတို့လည်းအခွင့်သာသည့်အခါ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးကို ပေးနိုင်၏။

အထက်ပါကံလေးမျိုးတို့၏ အလှည့်စဉ်အတိုင်း အကျိုးပေးပုံမှာ အကြင်ပုဂ္ဂိုလ်တစ်ဦးတွင် ကံလေးမျိုးစလုံး ရှိငြားအံ့။ **ဂရုကံ**သည်ရှေးဦးစွာ စုတိ၏အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌အကျိုးပေး၏။ ထိုကံ မရှိခဲ့သော် **အာသန္နကံ**သည် အကျိုးပေး၏၊ အာသန္နကံမရှိခဲ့သော် **အာစိဏ္ဏကံ**သည် အကျိုး ပေး၏၊ ထိုအာစိဏ္ဏကံ မရှိခဲ့သော် **ကဋတ္တာကံ** သည် အကျိုးပေး၏။

## ကမ္မဒိဋ္ဌိက

အနှစ် ၅၅-နှစ်တိုင်တိုင် သူတစ်ပါး၏အသက်ကိုသတ်လျက် အသက်မွေးမြူလာခဲ့သော ကမ္မဒိဋ္ဌိက အမည်ရှိသော သူသတ်ယောက်ျားသည် သေခါနီး၌ အရှင်သာရိပုတ္တရာ၏တရားကိုနာရ၍ အနုလောမိကခန္တီ ဟုဆိုအပ်သော ဝိပဿနာဉာဏ်ကို ဖြစ်စေပြီးလျှင် သေသည်၏အခြားမဲ့၌ နတ်ပြည်သို့ရောက်နိုင်၏ဟု ဆိုဘွယ်ရှိ၏။ ထို့ကြောင့် ငါလည်းသေခါနီးတွင် အရှင်ကောင်း အရှင်မြတ် များ၏တရားကို နာခံမှတ်သားအာရုံပြု၍သေမည်ဟု ယူဆဘွယ်ရှိ၏(ဝါ) ငါသည်သေခါနီးတွင် ကုသိုလ်ကောင်းမှုတို့ကို ကျနစွာပြုလုပ်ကာ သေမည်ဟုလည်း ယူဆဘွယ်ရှိ၏။

သို့သော် ယခုအခါ သေခါနီးတွင် တရားနာလိုသူ တရားနာကြားနိုင်သူ မည်မျှရှိပါသနည်း ဟုလည်း စုံစမ်းဆင်ခြင်အပ်လေသည်။ မိမိသည်မည်သည့်ရောဂါနှင့် မည်သည့်အချိန်အခါတွင် မည်သည့်နေရာ၌ သေမည်ဟု အဘယ်သူပြောဆိုနိုင်ပါအံ့နည်း။ ရုတ်တရက် လေထိုး၍ စကားမေး မရဘဲသေသူ၊ လေသင်ဓုန်းဖြတ်၍ မတ်တပ်ပုံရက်သားကျကာသေသူ မီးဘေး၊ ရေဘေး၊ ခိုးသူဓါးပြဘေး

တို့ဖြင့်သေသူ၊ ကားတိုက်၊ မီးရထားမှောက်၊ လေယာဉ်ပျံပျက်ကျ၍သေသူ စသည့်သေခြင်းမျိုးနှင့် မိမိမသေရဘူးဟူ၍ အာမခံသူသည် ပြောဆိုနိုင်ပါအံ့နည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ -

**ဇီဝိတံ ဗျာဓိ ကာလောစ၊**

**ဒေဟနိက္ခေပနံ ဂတိ။**

**ပဉ္စေတေ ဇီဝလောကသ္မိံ။**

**အနိမိတ္တာ နနာယရေ။** ဆိုလိုရင်းကား သတ္တဝါတို့သေခြင်း၌ မသိမမြင်နိုင်သည်မှာ ငါးပါး ရှိ၏။

၁။ အသက်အရှည်အတို

၂။ မည်သည့်ရောဂါ

၃။ သေမည့်နေ့ရက်အချိန်ကာလ

၄။ သေရမည့်နေရာအရပ်

၅။ လားရမည့်ဂတိတို့ဖြစ်လေသည်။

ထိုသို့သေရမည့်ဘေးနှင့် အချိန်ကာလ နေရာဌာနတို့ကို မသိနိုင်ရကာ ငါသေခါနီးတွင် တရားနာလိုက်ဦးမည်၊ အလှူပေးလိုက်ဦးမည်ဆိုသည်မှာ အားကိုးလောက်ဘွယ်မရှိချေ။

**အာသန္နကံ**

ထိုနေ့စဉ်နှင့်အမျှပြုလုပ်နေသော လောဘဇော၊ ဒေါသဇော၊ မောဟဇောများဖြစ်ကြသော အာစိဏ္ဏကံသာ မကသေး၊ သေခါနီးတွင်အာသန္နကံပါ ဖြစ်ချင်ရပါလျှင် ကုသိုလ်ကောင်းမှုကို မြောက်များစွာလုပ်ကိုင်ခဲ့သူကိုပင် အပါယ် ၄-ဘုံသို့ချခြင်း ခံရရှာလေသည်။

**တိဿမထေရ်**

ရဟန်းတရားကိုအားထုတ်နေသော တိဿမထေရ်သည် ရရှိသော သင်္ကန်းကို လွန်စွာစွဲလမ်း တပ်မက်နှစ်သက်ခဲ့ရကား၊ ပျံလွန်တော်မူသည်၏အခြားမဲ့၌ ထိုသင်္ကန်း၌ပင် သန်းချေးဖြစ်၍နေပြီးလျှင် ''ငါ့သင်္ကန်း ငါ့သင်္ကန်းဟု'' မြည်တမ်းနေသည်ကို ဘုရားရှင်တွေ့မြင်ရ၍ ''ချစ်သားတို့ ...။ တိဿမထေရ်၏သင်္ကန်းကို ခွဲဝေကာ မယူကြလင့်ဦး''ဟု မိန့်တော်မူ၏။ ဤ၌ သေခါနီးစွဲလမ်းသော ကံ အဟုန်တည်း။

**ဧရကပတ္တနဂါး**

ကဿပဘုရားရှင်လက်ထက်၌ ရဟန်းတရားကို နှစ်ပေါင်း(၂၀၀၀၀)တိုင်တိုင် အားထုတ်လာခဲ့၏၊ အခါတစ်ပါးတွင် လှေစီးရာ လှေမသွားမီ ကမ်းရှိ သမန်းမြက်ကလေးကို ကိုင်တွယ်ကြည့်နေစဉ် လှေသမားသည် လှေလှော်လိုက်သောအခါ သမန်းမြက်ကလေးသည် ပြတ်ပါသွားလေ၏။ ထိုရဟန်းကြီးသည် ပျံလွန်တော်မူခါနီးတွင် မိမိ၏ဝိနည်းတော်ကို စစ်ဆေးသောအခါ အနီးအနားတွင် ထိုစဉ်အခါက တစ်ပါးသောရဟန်းမျှမရှိ၍ ဒေသနာမကြားခဲ့ရသည်ကို အနည်းငယ် ကုက္ကုစ္စဖြစ်ပြီးလျှင် စုတေလတ်သော် ထိုစွဲလမ်းမှုကြောင့် ဧရကပတ္တနဂါး သွား၍ဖြစ်ရရှာ၏။

**မလ္လိကာ**

ကောသလမင်းကြီး၏ မလ္လိကာအမည်ရှိသော မိဖုရားသည် မင်းကြီးနှင့်အတူ အသဒိသဒါန အစရှိသော များစွာသော ကုသိုလ်ကောင်းမှုတို့ကိုပြုလုပ်လျှက်ရှိ၏၊ သေခါနီးတွင် တစ်ခါက အပြစ်မရှိသော ကောသလမင်းကြီးကို မတရားသက်သက် လိမ်လည်လှည့်ဖြား၍ ပြောဆိုမိခဲ့သည်ကို ပြန်လည်သတိရမှုကြောင့် သေသည်၏အခြားမဲ့၌ ငရဲတွင် ခံရလေသည်။

**အသောကမင်းကြီး**

ရေတွင်းရှစ်သောင်းလေးထောင်၊ ရေကန်ရှစ်သောင်းလေးထောင် စသည့်အလှူကြီးများကို အမျိုးမျိုး လှူဒါန်းခဲ့ပါလျှက် သေခါနီးတွင် အနည်းငယ်ဒေါသထွက်မိသဖြင့် ထိုဒေါသဇောနှင့်ပင် စုတေရှာရကာ သေသောအခါ၌ စပါးကြီးမြွေဖြစ်ရသည်ဟုလည်း ဆိုစမှတ်ရှိ၏။

## ကြောက်စရာသေခါနီး

ထိုထိုသော သက်သေသာဓကများကိုထောက်သော် နေ့စဉ်အကုသိုလ် ဒုစရိုက်(၁၀)ပါးတို့ကို အများအားဖြင့် ကျူးလွန်နေသူတို့သည် သေသောအခါ အဘယ်လျှင်ကြောက်ဖွယ်ရာ မကောင်းဘဲရှိပါအံ့နည်း။

အများအားဖြင့် လူတို့သေခါနီးတွင် သားသမီးအတွက်ပူပန်၏၊ သားသမီးကို စိတ်စော၏၊ လင်အတွက် မယားအတွက် စိတ်စော၏၊ ဥစ္စာစီးပွားအတွက်စိတ်စော၏၊ မိဘညီအစ်ကို မောင်နှမအတွက် စိတ်စော၏။ ထိုမှတစ်ပါး သေခါနီးတွင် မှာခဲ့ချင်၏၊ လျှာလေးလာ၏၊ စကားမပြောနိုင်၊

လက်ခြေနှင့်ပြရန်ကိုလည်း လက်ခြေကိုသယ်၍မရ၊ မ၍မရ၊ ထိုအခါသေသူသည် ဘာစိတ်ဖြစ်ပေါ်လာမည်နည်း၊ အကုသိုလ်စိတ်သာ ဖြစ်ဘွယ်ရှိတော့သည်။

## ဘာဝနာနှစ်ပါးသာလျှင်အားကိုးဖွယ်

သေခါနီးစိတ်ကိုဖြောင့်နိုင်ရန် သေခါနီးမှကျင့်၍မရ၊ အချိန်လည်းမရှိတော့၊ ထိုစိတ်မျိုးပေါ်လာလျှင် အခြားကုသိုလ်စိတ်ဘက်သို့ ပြောင်းလွဲနိုင်ရန် ယခုကျန်းမာစဉ်အခါက သမထလုပ်ငန်း၊ ဝိပဿနာများကို ကျင့်ထားပါမှ ထိုသေခါနီးအချိန်တွင် မိမိစိတ်ကို မိမိနိုင်၍ အကုသိုလ်စိတ်၊ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်မှ ကုသိုလ်စိတ်သို့ ပြောင်းရွှေ့ယူငင်ထားရှိနိုင်လေသည်။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာကို အာသေဝနပစ္စည်းရအောင် ကြိမ်ဖန်များစွာ ထုံထားသူလေ့ကျင့်ထားသူသည် ယခုချက်ချင်းပင်လျှင် မိမိစိတ်ကို လိုရာအာရုံသို့ ရွှေ့ယူနိုင်လေသည်။ ထိုကဲ့သို့မိမိစိတ်ကို အမြဲနိုင်နင်းနေသူဖြစ်ထားပါမှ သေခါနီးတွင် အကုသိုလ်စိတ်မှ ကုသိုလ်စိတ်သို့ လွယ်ကူစွာရွှေ့ပြောင်းထားနိုင်ပေမည်။ ထို့ကြောင့် သေခါနီးတွင် အလွန်အရေးကြီးရကား လားရာဂတိ ကောင်းစိမ့်သောငှာ သမထဘာဝနာ၊ ဝိပဿနာဘာဝနာများကို ယခုကစ၍ လေ့ကျင့်ထားရပေမည်။

သမထဘာဝနာဖြစ်စေ၊ ဝိပဿနာဘာဝနာဖြစ်စေ လေ့ကျင့်နိုင်နင်းထားသူသည် သေခါနီး၌သာ အသုံးဝင်သည်မဟုတ်၊ ယခုလောလောဆယ်လည်း အကုသိုလ်စိတ်ကူးနေစဉ် သတိရလျှင်ချက်ချင်း ကုသိုလ်စိတ်ကို ပြောင်းနိုင်သဖြင့် မသေမီလည်း များစွာအကျိုးရှိလေသည်။

အထက်ပါ အကြောင်းအခြင်းအရာတို့ကို ထောက်သောလူတို့သည် သေခါနီးတွင်စိတ်ထားမထားတတ်နိုင်ရကား သေသည်၏အခြားမဲ့၌ သစ်ပင်မှသစ်ရွက်ငယ်သည် လေတိုက်သောအခါလေတွင်ပါရှိသွားပြီးလျှင် ကျချင်သည့်နေရာ လေထားရာ၌ ကျရာဘိသကဲ့သို့မဖြစ်စေရန် မိမိလားရာဂတိကို ကောင်းစွာအလိုရှိသောသူသည် သမထဘာဝနာ၊ ဝိပဿနာဘာဝနာမှတစ်ပါး အခြားကိုးကွယ်ရာ မရှိတော့ချေ။ ထိုဘာဝနာနှစ်ခုတွင် ဝိပဿနာဘာဝနာကို အဓိက တင်ပြလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ဝိပဿနာ၏ တန်ခိုးအာနိသင်သည် ကြီးမားသောကြောင့်ဖြစ်သည်။ ဒါန၊ သီလ၊ သမထဘာဝနာတို့သည် အပါယ်လေးပါး စိတ်မချရသေးသလို နိဗ္ဗာန်ကိုလည်း မရောက်နိုင်ပါ။ ဝိပဿနာအားထုတ်မှသာ အပါယ်လေးပါးစိတ်ချရ၍ နိဗ္ဗာန်ကိုစံဝင်နိုင်မှာဖြစ်ပါသည်။ ထို့ကြောင့်

* ဒါနလောက်သာ ပြည့်စုံစွာနဲ့ လေးဝအပါယ် လွတ်ပြီကွယ်ဟု စိတ်ဝမ်းရွှင်ပြန့်စ်သိမ့်က အားရ၍လည်းမနေနဲ့။
* သီလလောက်သာ ပြည့်စုံစွာနဲ့ လေးဝအပါယ် လွတ်ပြီကွယ်ဟု စိတ်ဝမ်းရွှင်ပြန့်စ်သိမ့်က အားရ၍လည်းမနေနဲ့။
* သမထလောက်သာ ပြည့်စုံစွာနဲ့ လေးဝအပါယ် လွတ်ပြီကွယ်ဟု စိတ်ဝမ်းရွှင်ပြန့်စ်သိမ့်က အားရ၍လည်းမနေနဲ့။
* ဝိပဿနာ ပြည့်စုံပါမှ အပါယ်လေးဝ လွတ်ကြရ၍ နိဗ္ဗာနဝါတ်ရမည်မှတ်။ ဟုဆိုရပေမည်။

## ဝိပဿနာကုသိုလ်အကျိုးပေးပုံ

ဒါနသီလဘာဝနာ စသည်တို့နှင့် ပါတ်သက်၍ အင်္ဂုတ္တိုရ်ပါဠိတော် နဝကနိပါတ် ဝေလာမသုတ်၌ လာရှိသည်မှာ-

* နေ့စဉ်နေ့တိုင်း ထမင်းရေချောင်းစီး လှူဒါန်းအပ်သော ဝေလာမပုဏ္ဏားဏ်အလှူထက် သောတာပန် တစ်ယောက်အား တစ်နပ်သောဆွမ်းကို လှူရခြင်းက ပို၍အကျိုးကြီး၏။
* ထိုမှတစ်ဖန် သောတာပန်ဦးပေါင်း(၁၀၀)ကို ဆွမ်းလှူဒါန်းရသည်ထက် သကဒါဂါမ် တစ်ယောက်အား ဆွမ်းလှူဒါန်းရသောအလှူက ပို၍အကျိုးကြီး၏။
* ထိုမှတစ်ဖန် သကဒါဂါမ်ဦးပေါင်း(၁၀၀)အား ဆွမ်းလုပ်ကျွေးရသည်ထက် အနာဂါမ် တစ်ယောက်အား ဆွမ်းလှူဒါန်းရသောအလှူက ပိုမိုအကျိုးကြီ၏။
* ထိုမှတစ်ဖန် အနာဂါမ်ဦးပေါင်း(၁၀၀)အား ဆွမ်းလုပ်ကျွေးရသောအလှူထက် ရဟန္တာတစ်ပါး အား ဆွမ်းလှူဒါန်းရသောအလှူက ပိုမိုအကျိုးကြီး၏။
* ထိုမှတစ်ဖန် ရဟန္တာပေါင်း(၁၀၀)အား ဆွမ်းလုပ်ကျွေးရသောအလှူထက် အရှင်ပစ္စေကဗုဒ္ဓါ တစ်ပါးအား ဆွမ်းလှူဒါန်းရသောအလှူက ပိုမိုအကျိုးကြီး၏။
* ထိုမှတစ်ဖန် အရှင်ပစ္စေကဗုဒ္ဓါ(၁၀၀)တို့အား ဆွမ်းလုပ်ကျွေးရသောအလှူထက် သဗ္ဗညုတ ဘုရားရှင်အား ဆွမ်းလှူဒါန်းရသောအလှူက ပိုမိုအကျိုးကြီး၏။
* ထိုမှတစ်ဖန် ဘုရားရှင်တစ်ပါးတည်းကို ဆွမ်းလုပ်ကျွေးရသောအလှူထက် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းလှူဒါန်းရသောအလှူက ပိုမိုအကျိုးကြီး၏။

* ထိုမှတစ်ဖန် တစ်ဆင့်တက်ပြန်သော် ဘုရားရှင်နှင့်တကွ သံဃာတော်တို့ကို ဆွမ်းလှူရသော အလှူထက် သံဃာအများ သုံးစွဲနိုင်သော သံဃိကကျောင်းတစ်ကျောင်းကို ဆောက်လုပ်လှူဒါန်းရသောအလှူက ပိုမိုအကျိုးကြီး၏။
* ထိုမှတစ်ဖန် သံဃိကကျောင်းတစ်ကျောင်းကို ဆောက်လုပ်လှူဒါန်းရသည်ထက် သရဏဂုံသုံးပါးကို ဆောက်တည်ရသောကုသိုလ်က ပိုမိုအကျိုးကြီး၏။
* သရဏဂုံသုံးပါးကို ဆောက်တည်ရခြင်းထက် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ဆောက်တည်ရခြင်းသည် ပိုမိုအကျိုးကြီး၏။
* သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကိုဆောက်တည်ရခြင်းထက် နွားနို့တစ်ညှစ်ခန့်သော အချိန်ကာလမျှပင် မေတ္တာဘာဝနာကို ပွားများရခြင်းသည် ပိုမိုအကျိုးကြီး၏။
* မေတ္တာဘာဝနာကိုပွားများရသဖြင့် ရရှိအပ်သောအကျိုးထက် အနိစ္စသညာဝိပဿနာကို ပွားများရခြင်းကုသိုလ်သည် ပိုမိုအကျိုးကြီး၏ဟု ဘုရားရှင်သည် ထင်ရှားစွာဟောခဲ့လေပြီ။

အထက်ပါတရားတော်ကိုစစ်ဆေးသည်ရှိသော် ဒါနထက်သီလမြတ်ကြောင်း၊ သီလထက် ဘာဝနာမြတ်ကြောင်း ထင်ရှားလေတော့၏။

လူတို့သည် ကုသိုလ်ပြုလုပ်နေကြသည်မှာ အများအားဖြင့် တစ်မဂ်တစ်ဖိုလ်ကို ရည်ရွယ်၍ ဝိဝဋ္ဋကုသိုလ် ပြုသူကားနည်းပါး၍ ယခုဘဝရှေးဘဝများတွင် သုခစည်းစိမ်ကို ခံစားလိုမှုကိုသာရည်စူး၍ ပြုလုပ်သူက များပြားလေသည်။ ထို့ထက် ဆိုးဝါးနစ်နာသူကား ပကာသနရရှိရေးအတွက်နှင့် ဂုဏ်တု ဂုဏ်ပြိုင် မနာလိုသောစိတ်ဖြင့် ပြုလုပ်သူဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ယခုဘဝအတွက် ဒါန သီလကိုပြုသည်ဖြစ်စေ၊ နောင်တစ်မလွန်ဘဝအတွက် ပြုသည်ဖြစ်စေ ကောင်းသည်သာတည်း၊ ဤသို့ပြုလုပ်သဖြင့်လည်း လာမည့်ကုသိုလ်များ အလျှင်အမြန် ရောက်ရှိလာ၍ လာမည့်ဆဲဆဲ အကုသိုလ်များ ထိုက်သည့်အားလျော်စွာ ရပ်တန့်သွားသည်မှာ ယုံမှားဘွယ် မရှိချေ။ ထို့ပြင် လာမည့်ဘဝများတွင်လည်း ထိုကုသိုလ်၏အကျိုးကို ခံစားရမည်ပင် ဖြစ်လေသည်။ နောက်ဆုံး ဝိပဿနာတရားတော်နှင့်တွေ့၍ သစ္စာလမ်းကြောင်းပေါ်ရောက်ရှိကာ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတို့ကို ရရှိနိုင်ပေသည်။ သို့သော်ဝိမုတ္တိခေတ်(ဝိပဿနာတရားများ ထွန်းကားသောခေတ်ကာလ)နှင့်ကြုံတွေ့ခိုက် ဝိပဿနာတရားကို အဓိကထား ကျင့်ကြံအားထုတ်ခြင်း

သည်သာ အကောင်းဆုံးဖြစ်ပေသည်။ ဤမျှလောက်ဆိုလျှင် ကမ္မဿကတဉာဏ်နှင့် ဝိပဿနာတရား အားထုတ်သင့်ပုံကို နားလည်လောက်ပါပြီ၊ ထို့ကြောင့် ဝိပဿနာလုပ်ငန်း တစ်နည်းအားဖြင့် သစ္စာနုလောမိကဉာဏ်အပိုင်းကို ဆက်လက်တင်ပြပါရစေ။

## သစ္စာနုလောမိကဉာဏ်

ဝိပဿနာလုပ်ငန်း မရှင်းလင်းမီ အခြေခံကျသောအပိုင်းများမှ စ၍ရှင်းရပါမည်။ မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း ကျွန်ုပ်တို့နေထိုင်သော ဘဒ္ဒကမ္ဘာရှိရာ စကြဝဠာတစ်ခုရှိသလို အခြားစကြဝဠာပေါင်းအနန္တရှိလေသည်။ စကြဝဠာအနန္တရှိသကဲ့သို့ စကြဝဠာတစ်ခုတွင် ကမ္ဘာတစ်ခုရှိသဖြင့် ကမ္ဘာပေါင်းလည်း အနန္တရှိလေသည်။ ၄င်းအနန္တစကြဝဠာကို လောကအနေနှင့် ပိုင်းခြားပါက လောကသုံးပါးရရှိလေသည်။

(၁) သတ္တလောက — သက်ရှိသတ္တဝါများကိုခေါ်သည်။ ဥပမာ- လူနှင့်တကွကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများအပြင် ငရဲ၊ ပြိတ္တာ၊ နတ်၊ ဗြဟ္မာ ဟူသော တခြားပုဂ္ဂိုလ်သတ္တဝါတွေကို ဆိုလိုသည်။

(၂) ဩကာသလောက — ရှိရှိသမျှပုဂ္ဂိုလ်၊ သတ္တဝါများတည်နေရာ လောကကြီးကိုခေါ်သည်။ ဥပမာ- အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာပြည်နှစ်ဆယ် ပါဝင်သောကမ္ဘာ့လောကတွေ၊ လောကသားတွေ တည်ရှိရာ၊ အနန္တကမ္ဘာကိုဆိုလိုသည်။ (ဝါ) အနန္တစကြဝဠာကို ဆိုလိုသည်။

(၃) သင်္ခါရလောက — ကံ၊ စိတ်၊ ဥတု၊ အဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်ပေါ်လာကြကုန်သော ရုပ်နာမ်ခန္ဓာအစုအဝေးတို့(ဝါ) နာမ်တရား၊ ရုပ်တရားတို့ကို သင်္ခါရဟုခေါ်သည်။ လောကသုံးပါးကို ကြည့် သတ္တလောကတွင် ရုပ်တရားနှင့်နာမ်တရား၊ ဩကာသလောကတွင် ရုပ်တရားနှင့် သင်္ခါရလောက၌ ရုပ်နာမ်တို့၏ ပြုပြင်ပြောင်းလဲတတ်သော သဘောသာ ရှိလေသည်။ ရုပ်သည် သိတတ်သော သဘောမရှိ၊ နာမ်သည် သိတတ်သောသဘောရှိ၏၊ ထို့ကြောင့် မသိတာရုပ်၊ သိတာနာမ်ဟု ခေါ်နိုင်လေသည်။

လောကဌ် သစ္စာ(၂)မျိုးရှိလေသည်၊ ၎င်းတို့မှာ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့ဖြစ်သည်။

**သမုတိသစ္စာ(အခေါ်အရှိသစ္စာ)**

လောကဌ်လူတို့သုံးစွဲခေါ်ဝေါ်နေကြသော လူနတ်ဗြဟ္မာ၊ အိုးအိမ်တိုက်တာ၊ အဆောက်အဦ၊ ချောင်း၊ မြောင်း၊ ပင်လယ်သမုဒ္ဒရာ စသည့်အခေါ်အနေဖြင့်ရှိသောသစ္စာကို သမုတိသစ္စာဟုခေါ်သည်။ တကယ့်အရှိ တရားမဟုတ်ပေ။




**ပရမတ္ထသစ္စာ(တကယ့်အရှိသစ္စာ)**

အခေါ်အရှိတရားမဟုတ်ဘဲ တကယ့်အရှိတရားဖြစ်သည်။ ပရမတ်သည်တကယ်ရှိသော အဆုံးစွန် မှန်ကန်သည့်သဘောဖြစ်ပြီး ဉာဏ်မျက်စိဖြင့် ခွဲခြားစိတ်ဖြာ စိစစ်ကြည့်လျှင် ပြောင်းလဲခြင်း မရှိချေ။ စိစစ်လေလေ အမှန်ရှိကြောင်း ထင်ရှားလေလေဖြစ်၏။ ပရမတ္ထသစ္စာသည် အဆုံးစွန် မှန်ကန်သော သဘောတရားဖြစ်၏၊ စကြဝဠာအနန္တ၌ အမှန်တကယ်ရှိသော အခြေခံသဘောတရားမှာ လေးပါးသာရှိ၏။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် တို့ဖြစ်သည်။

**(၁) စိတ် (ဝိညာဏ်)**

အာရုံကိုသိတတ်သောသဘော၊ အာရုံကိုကိုင်းညွတ်တတ်သောသဘောပင်ဖြစ်သည်။ စိတ်တစ်ခု ယုတ် ကိုးဆယ်ဆိုသည့်အတိုင်း (၉၀)ထဲမှ တစ်ခုယုတ်လျှော့ပါက (၈၉)ပါးရသည်။ ၎င်း(၈၉)ပါးကို အကျယ်ဖွဲ့ပါက (၁၂၁)ပါးရလေသည်။ သိတတ်သောသဘောမှန်သမျှ စိတ်ဟုသိပါ။

## (၂) စေတသိက်

စိတ်ကိုမှီတွယ် စိတ်ကိုချယ် မှတ်ကွယ်စေတသိက်လို့ ဆိုပါသည်၊ အာရုံကို သိတတ်သော စိတ်ကိုမှီတွယ်၍ လောဘစိတ်၊ ဒေါသ၊ မောဟစိတ်၊ မေတ္တာ၊ ဂရုဏာ စသဖြင့်ကွဲပြားအောင် ချယ်လှယ်တတ်သောကြောင့် စေတသိက်ဟုခေါ်သည်။ စေတသိက်(၅၂)ပါးရှိသည်။ ၎င်းတို့မှာ-

(၁) ဝေဒနာစေတသိက် (၁) ပါး

(၂) သညာစေတသိက် (၁) ပါး

(၃) သင်္ခါရစေတသိက် (၅၀)ပါး

စိတ်နှင့်စေတသိက်သည် နာမ်တရားဖြစ်၍ ၎င်းနာမ်တရားသည် မျက်စိတစ်မှိတ်လျှပ်တပြက်တွင် ကုဋေတစ်သိန်းကျော် ချုပ်ပျောက်ပျက်စီးလေသည်။

## (၃) ရုပ်

ဖောက်ပြန်ပျက်စီးတတ်သောသဘောကြောင့် ရုပ်ဟုခေါ်လေသည်။ ရုပ် ၂၈-ပါးရှိသည်၊ ဝိပဿနာအားထုတ်ရန် အဓိကရုပ်(၈)ပါးကို နားလည်ရပေမည်။ ၎င်းတို့ကို အဋ္ဌကလာပ်ရုပ်(၈)ပါးဟုခေါ်သည်။ ၎င်းအဋ္ဌကလာပ်ရုပ်(၈)ပါးသည် ဘူတရုပ်လေးပါးမှ ပေါက်ဖွားလာခြင်းဖြစ်သည်။ ရုပ်မှုန်တစ်ခုကို ခွဲစိတ်မယ်ဆိုရင် -

| | | |
|---|---|---|
| ၁။ | သန်းဦးခေါင်းပမာဏရှိရုပ်မှုန်၏ (၇)ပုံ (၁)ပုံသည် | လိက္ခာမြူ |
| ၂။ | ၎င်းလိက္ခာမြူ၏ (၃၆)ပုံ (၁)ပုံသည် | ရထရေမြူ |
| ၃။ | ရထရေမြူ၏ (၃၆)ပုံ (၁)ပုံသည် | တဇ္ဇာရီမြူ |
| ၄။ | တဇ္ဇာရီမြူ၏ (၃၆)ပုံ (၁)ပုံသည် | အဏုမြူ |
| ၅။ | အဏုမြူ၏ (၃၆)ပုံ (၁)ပုံသည် | ပရမာဏုမြူ ရလေသည်။ |

၎င်းပရမာဏုမြူကို ခွဲစိတ်ပါက ဓါတ်ကြီးလေးပါးရ၏။ ၎င်းကိုဘူတရုပ်လေးပါးဟုခေါ်သည်။ ၎င်းတို့မှာ-

(၁) ပထဝီ (မြေဓါတ်) - မာမှု၊ ပျော့မှု၊ နူးညံ့မှု၊ ချောမွေ့မှု၊ ကြမ်းတမ်းမှုသဘော။

(၂) အာပေါ (ရေဓါတ်) - ဖွဲ့စည်းမှု၊ ယိုစီးမှုသဘော။

(၃) တေဇော (မီးဓါတ်) - ပူမှု၊ အေးမှု၊ နွေးမှုသဘော။

(၄) ဝါယော (လေဓါတ်) - တွန်းကန်မှု ရုန်းကန်လှုပ်ရှားမှုသဘော။

၄င်းဓါတ်လေးပါးပေါင်းဆုံမိပါက နောက်ထပ်ဥပါဒါရုပ် ၄-ပါးထပ်ပေါ်လာပေသည်။ ၄င်းတို့မှာ-

(၁) ဝဏ္ဏ - အရောင်အဆင်း

(၂) ဂန္ဓ - အနံ့

(၃) ရသ - အရသာ

(၄) ဩဇာ - အဆီဓါတ်




ဘူတရုပ်လေးပါးဖြစ်သော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောနှင့် ၄င်းဘူတရုပ်ကို မှီ၍ဖြစ်သော ဥပါဒါရုပ်လေးပါးဖြစ်သည့် ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ စုစုပေါင်းကို အဋ္ဌကလာပ်ရုပ် ၈-ပါးဟုခေါ်သည်။ ပုံစံနှင့်ပြပါက အထက်ပါပုံအတိုင်း ရလေသည်။

၄င်းပရမာဏုမြူကို လူ့မျက်စိဖြင့်မမြင်နိုင်၊ နတ်မျက်စိဖြင့် မြင်နိုင်၏။ ဘုရားဉာဏ်တော်နှင့် ကြည့်ပါက ပရမာဏုမြူတစ်လုံးတွင် ကလာပ်စည်း(၅၀) သဘောအားဖြင့် တည်ရှိကြောင်း ဉာဏ်တော်ဖြင့် မြင်နိုင်၏။ လောကသုံးပါးတွင်ရှိ ရုပ်တရားဟူသမျှတို့သည် ၄င်းပရမာဏုမြူမှုန်လေးများ ပေါင်းစပ်ထားခြင်းသာ ဖြစ်ပေသည်။ သက်ရှိသတ္တဝါတို့တွင်ရှိသော ရုပ်တရားဟူသမျှသည်လည်းကောင်း၊ သက်မဲ့ရုပ်ဝတ္ထု ပစ္စည်းအားလုံးတို့သည်လည်းကောင်း၊ ပရမာဏုမြူလေးများ ပေါင်းစုပြီး ဖြစ်ပေါ်ရခြင်း ဖြစ်ပေသည်။ ပရမာဏုမြူ တစ်လုံးနှင့်တစ်လုံးကြားတွင် အာကာသဓါတ် (အပေါက်အကြား)ရှိလေသည်။ မြင်တွေ့သမျှ ရုပ်ဝတ္ထုပစ္စည်းမှန်သမျှ တစ်သားတည်း အပေါက်အကြား မရှိဟု ထင်နေရပါသည်။ ကြွေပန်းကန်တစ်လုံး၊ သံတုံးတစ်တုံး၌လည်း အပေါက်အကြား အာကာသဓါတ် ရှိလေသည်။ အကောင်အထည် အတုံးအခဲအနေနှင့် မဟုတ်ဘဲ ပရမာဏုမြူရုပ်မှုန်ကလေးများ စုပေါင်းဖွဲ့စည်းထားခြင်းသာ ဖြစ်လေသည်။ ၄င်းပရမာဏုမြူ ရုပ်မှုန်ကလေးများသည် မျက်စိတစ်မှိတ် လျှပ်တပြက်တွင် ကုဋေ(၅၀၀၀)ကျော် ချုပ်ပျောက်ပျက်စီးလျှက် ရှိပေသည်။

## (၄) နိဗ္ဗာန်

နိဗ္ဗာန်ကိုတဏှာတည်းဟူသော ကွန်ယက်မှ လွတ်မြောက်ခြင်းသဘော(ဝါ) ဝဋ်ဆင်းရဲအပေါင်းမှ ကင်းရာကုန်ရာ ချုပ်ငြိမ်းရာဖြစ်သော သဘောတရားဖြစ်သည်။(တစ်နည်း) ဒုက္ခခပ်သိမ်းချုပ်ငြိမ်းနေသော ချမ်းသာခြင်း အစစ်အမှန်သဘောဖြစ်၏။

နိဗ္ဗာန်ဆိုတာ နိဝါနကလာတာပါ။ နိ=မရှိခြင်း၊ ဝါန=တဏှာ ဒီတော့ နိဝါနဆိုလျှင် တဏှာမရှိရာ နိဗ္ဗာန်ပါဘဲ၊ တစ်ချို့ကနိဗ္ဗာန်ကို မြင်စရာ၊ ခံစားစရာအနေနဲ့ရှာနေကြတယ်။ တကယ်တော့ နိဗ္ဗာန်ဆိုတာ တဏှာမရှိရာ (ဝါ) တဏှာမရှိတဲ့အချိန် နိဗ္ဗာန်ရနေတာပါပဲ။ တစ်ချို့က နိဗ္ဗာန်ကို ဦးတည်ချက်ထားပြီး တရားအားထုတ်ကြပါတယ်။ ဒါကို ပိုင်းလော့ဆရာတော်က အဓိကအနေနဲ့ ရည်ရွယ်ချက်ပြောင်းရမယ်လို့ ဆိုပါတယ်။ ဘယ်လိုပြောင်းရမလဲဆိုရင် "ဇာတိမလာရေး"လို့ ရည်ရွယ်ချက်ပြောင်းပါတယ်။ ဇာတိမလာရင် ခန္ဓာထပ်မရတော့ပါဘူး။ ခန္ဓာထပ်မရရင် အိုနာသေလွတ်ပါပြီ၊ အိုနာသေမရှိရာနိဗ္ဗာန်ပါပဲ။ ဒါကြောင့် ဇာတိမလာရေးကို ရည်ရွယ်ချက်ထားပြီး ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းပါရစေ။

နိဗ္ဗာန်ကို သေပြီးမှရမှာမဟုတ်ပါဘူး၊ မသေခင်ကတည်းကရမှာပါ။ အခုနေ ဝိပဿနာအားထုတ်လို့ တဏှာအစပ်ပြတ်နေရင် တဏှာမရှိတဲ့အချိန်ဖြစ်နေပါပြီ။ တဏှာမရှိရာ နိဗ္ဗာန်ဆိုတော့ အဲဒီတဏှာပြတ်ဆဲကာလနိဗ္ဗာန်ပါပဲ၊ တဏှာအစပ်ပြတ်အောင် ရှုမှတ်ပွားများနေတဲ့အချိန်ဟာ ယောဂီပါပဲ၊ တဏှာအစပ်ပြတ်အောင် ရှုမှတ်တဲ့နေရာဟာရိပ်သာပါ။ ဒီတော့ နေရာဒေသအချိန်ကာလမရွေးပါဘူး၊ ရှုမှတ်တဲ့အချိန်မှာယောဂီ၊ ရှုမှတ်တဲ့ နေရာဟာရိပ်သာပါ။ ရိပ်သာမှာနေပြီး ယောဂီဝတ်စုံဝတ်ထားပေမယ့် တဏှာအစပ်ဆက်နေရင်တော့ ယောဂီမဟုတ်သလို ရိပ်သာလည်းမဟုတ်ပါဘူး၊ သန့်စင်ခန်းထဲမှာ ကျင်ကြီးကျင်ငယ်စွန့်ရင်းနဲ့ ရှုမှတ်နေရင် အဲဒီသန့်စင်ခန်းဟာ ရိပ်သာဖြစ်သလို ရှုမှတ်တဲ့လူဟာလည်း ယောဂီပါပဲ။ ဒါကြောင့် မိမိကိုယ်ကို အမြဲနှလုံးသွင်းထားဖို့က "ငါတကယ် တဏှာပြတ်တဲ့အချိန်လား" "ဒါမှမဟုတ် တကယ့်ယောဂီလား"ဆိုတာ အမြဲနှလုံးသွင်းနေရပါမယ်။ တဒင်္ဂတဏှာအစပ်ပြတ်ရင် တဒင်္ဂနိဗ္ဗာန်ရနေပါပြီ ထာဝရဆိုတာ တဒင်္ဂတွေ ပေါင်းပြီးမှ ဖြစ်လာတာပါ။ ဒါကြောင့် နိဗ္ဗာန်ကိုအပြီးအပိုင်ရချင်တယ်ဆိုရင် တဒင်္ဂပေါင်းများစွာရနိုင်ဖို့အတွက် ကြိမ်ဖန်များစွာ အားထုတ်ရပါမယ်။

နိဗ္ဗာန်လေးမျိုးလေးစားရှိပါတယ်၊ နိဗ္ဗာန်အဆင့်ဆင့်နဲ့ မဂ်ဉာဏ်/ဖိုလ်ဉာဏ်တွေကိုပြမယ်ဆိုရင်

| အဆင့် | မဂ်/ဖိုလ် | ပုဂ္ဂိုလ် (ဉာဏ်ကိုပေးသောအမည်) |
|---|---|---|
| (၁) ပထမနိဗ္ဗာန် | သောတာပတ္တိမဂ်/ဖိုလ် | သောတာပန် |
| (၂) ဒုတိယနိဗ္ဗာန် | သကဒါဂါမိမဂ်/ဖိုလ် | သကဒါဂါမ် |
| (၃) တတိယနိဗ္ဗာန် | အနာဂါမိမဂ်/ဖိုလ် | အနာဂါမ် |
| (၄) စတုတ္ထနိဗ္ဗာန် | အရဟတ္တမဂ်/ဖိုလ် | ရဟန္တာ |

* ဆိုလိုတာကတော့ သောတာပတ္တိမဂ်/ဖိုလ် ရတဲ့ပုဂ္ဂိုလ်ကို သောတာပန်လို့ခေါ်ပါသည်။ ပထမနိဗ္ဗာန်ပါ။

* သကဒါဂါမိမဂ်/ဖိုလ် ရတဲ့ပုဂ္ဂိုလ်ကျတော့ သကဒါဂါမ် ခေါ်ပြီး ဒုတိယနိဗ္ဗာန်ရတာပါ။

* အနာဂါမိမဂ်/ဖိုလ် ရတဲ့ပုဂ္ဂိုလ်ကျတော့ အနာဂါမ်ခေါ်ပြီး တတိယနိဗ္ဗာန် နဲ့

* အရဟတ္တမဂ်/ဖိုလ် ရတဲ့ပုဂ္ဂိုလ်ကျတော့ ရဟန္တာလို့ခေါ်ပါတယ်၊ ရတဲ့နိဗ္ဗာန်က စတုတ္ထနိဗ္ဗာန်ပါ။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဆိုတာ လူပုဂ္ဂိုလ်ကိုပေးတဲ့ အမည်မဟုတ်ပါဘူး။ ဉာဏ်ကိုပေးတဲ့အမည်ပါ။ ဒါကြောင့် ပိုင်းလော့ဆရာတော်က အထက်မဂ်တွေဆိုတာကွယ် ဉာဏ်တွေ တစ်ဆင့်ထက်တစ်ဆင့် ရှင်းရှင်းသွားတာကိုပြောတာပါလို့ ရှေးဆရာတော်ကြီးတစ်ပါးက ဟောထားကြောင်း ဆုံးမခဲ့ပါတယ်။

နိဗ္ဗာန်ဆိုတာ တဏှာမရှိရာဆိုတော့ တဏှာမရှိအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို နောက်ပိုင်း ဝိပဿနာလုပ်ငန်းကျ ရှင်းလင်းပြပါမယ်။ ယောဂီတွေကို တရားစခန်းသင်တန်းပေးတုန်းက အခု လေးငါးရက်အတွင်း ယောဂီတို့ နိဗ္ဗာန်ရအောင်လုပ်ပေးမယ်လို့ အာမခံခဲ့ပါတယ်။ သင်တန်းသား ယောဂီတွေက နိဗ္ဗာန်ရဲ့သဘောတရားကို တကယ်မသိသေးတော့ နိဗ္ဗာန်ရတော့မယ်ဆိုပြီး အရမ်းဝမ်းသာနေကြတယ်။ တဏှာစပ်ပြတ်ရင် နိဗ္ဗာန်ဆိုတာမှ သဘောမပေါက်ကြသေးတာကိုး။ ခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာ၊ အရှုခံ၊ ရှုဉာဏ်၊ နိဗ္ဗာန်၊ သက္ကာယဒိဋ္ဌိ စတဲ့ဝိပဿနာလုပ်ငန်းဆိုင်ရာတွေ သင်တန်းပေးပြီး ဝိပဿနာအားထုတ်နည်း တဏှာအစပ်ဖြတ်နည်းကို ဘုရားပေးသနားတော်မူတဲ့ တိုက်ရိုက်အလုပ်ပေးတရားတော်ကြီးကို ပိုင်းလော့ဆရာတော်သင်ပြလို့ သိတဲ့အတိုင်း ပြန်လည်သင်ပြပြီး တရားအားထုတ်ခိုင်းပါတယ်။ အလုပ်ပေးတရားအနေနဲ့ အနည်းငယ်ဟောကြားပေးပြီး ထိုင်ခိုင်းတဲ့အခါ

တဏှာအစပ်ဖြတ်တတ်သွားပါတယ်။ ဝိပဿနာက ရှုတဲ့အချိန်မှာ ခံစားမှုမရှိပါဘူး၊ ဝိပဿနာက ထတဲ့အချိန်မှာ ဈာန်ရဲ့သဘောကြောင့်အေးချမ်းတဲ့ခံစားမှုရှိနေပါတယ်။ တဏှာအစပ်ပြတ်တဲ့ အချိန် နိဗ္ဗာန်ပဲလို့ ရှင်းပြလိုက်တော့ ယောဂီအားလုံး သဘောပေါက်သွားပါတယ်။

ဒါကြောင့် နိဗ္ဗာန်ကိုခံစားစရာ မြင်စရာအနေနဲ့ ရှာဖွေလို့မရပါဘူး။ တဏှာစပ်ပြတ်အောင်သာ ကြိမ်ဖန်များစွာ အားထုတ်ဖို့လိုပါတယ်။ တဏှာအစပ်အပြီးပြတ်ရင်တော့ နောင်ခန္ဓာ ထပ်မလာတော့တဲ့ အတွက် နိဗ္ဗာန်ကို အပြီးတိုင်အောင် ရောက်ပါပြီ။ ထို့ကြောင့် ဇာတိအပြီးအပိုင် မလာရေးကို အဓိကရည်မှန်းချက်ထားပြီး တဏှာအစပ်အပြီးပြတ်အောင် ကြိမ်ဖန်များစွာ အားထုတ်ကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ယထာဘူတဉာဏ်

ယထာဘူတဉာဏ်ကို တစ်နည်းအားဖြင့် စူဠသောတာပန်ဉာဏ်ဟု ခေါ်လေသည်။ ပုထုဇဉ် အားလုံးတို့သည် ပညာမျက်စိမရှိသောကြောင့် ဟုတ်တိုင်းမှန်စွာမမြင်ဘဲ၊ မရှိတရားကိုအရှိထင်၊ အရှိတရားကို မရှိထင်နေသော မိစ္ဆာဒိဋ္ဌိ(မှားယွင်းသောအယူကြောင့်) အပါယ်လေးပါးမလွတ်နိုင်သလို နိဗ္ဗာန်လည်းမရနိုင်ခြင်း ဖြစ်သည်။ အပါယ်လေးပါးလွတ်ချင်၊ နိဗ္ဗာန်ရချင်ပါက အနည်းဆုံး ယထာဘူတ ဉာဏ်လောက် နားလည်ထားသင့်ပေသည်။ ယထာဘူတဉာဏ်(ဝါ) စူဠသောတာပန်ဉာဏ်ရရန် မိမိဖာသာအားထုတ်၍မရနိုင်ပေ၊ မြတ်စွာဘုရားရှင်ဟောကြားသော တရားတော်များကို မပျောက် ပျက်အောင်ကာကွယ်စောင့်ရှောက်ကာ သယ်ဆောင်လာခဲ့သည့် သံဃာတော်အရိယာအရှင်မြတ်များ လူပုဂ္ဂိုလ်ဆရာများထံမှ သင်ယူနာကြားရပေမည်။ ကိုယ်တိုင်ကျင့်ကြံအားထုတ်၍ တရားသိသောပုဂ္ဂိုလ် ၂-ဦးသာရှိသည်။ ၎င်းတို့မှာ-

(၁) သမ္မာသမ္ဗုဒ္ဓဘုရားရှင် နှင့်

(၂) ပစ္စေကဗုဒ္ဓါ ခေါ် ဘုရားငယ်တို့ပင်ဖြစ်သည်။ ထိုနှစ်ပါးမှလွဲ၍ ကျန်သောပုဂ္ဂိုလ်များသည် တရားနာ တရားသင်ကြားဘို့လိုပေသည်။ တရားအားထုတ်သည့်ပုဂ္ဂိုလ် (၄)မျိုးရှိသည်။

## တရားအားထုတ်သည့် ပုဂ္ဂိုလ် (၄)မျိုး

(၁) ဥဂ္ဃဋိတညူ ပုဂ္ဂိုလ် - တရားတော်ကို တစ်ပိုဒ်တစ်ဂါထာနာကြားရုံဖြင့် တရားရသော ပုဂ္ဂိုလ်၊

(၂) ဝိပဉ္စိတညူ ပုဂ္ဂိုလ် - တရားတော်ကို တစ်ပိုဒ်တစ်ဂါထာ နာကြားရုံဖြင့် တရားမရဘဲ၊ သဘော အဓိပ္ပါယ်ပေါက်အောင် ဥပမာ-ဥပမေယျတို့ဖြင့် ပြသမှ တရားရသောပုဂ္ဂိုလ်၊

(၃) နေယျ ပုဂ္ဂိုလ် - တရားတော်ကို တစ်ပိုဒ်တစ်ဂါထာ နာကြားရုံဖြင့်လည်း တရား မရနိုင်ဘဲ၊ ထပ်ခါထပ်ခါ ကြိမ်ဖန်များစွာ ဥပမာ ဥပမေးယျတို့ဖြင့် ဟောပြောပြသမှ တရားရသော ပုဂ္ဂိုလ်၊

(၄) ပဒပရမပုဂ္ဂိုလ် - မည်သို့ပင်ကြိမ်ဖန်များစွာ ဟောကြားဟောကြား၊ ဥပမာ ဥပမေယျ တို့ဖြင့် ရှင်းပြ ရှင်းပြ ဒီဘဝတရားမရနိုင်သောပုဂ္ဂိုလ်ကို ဆိုလိုသည်။

အထက်ပါပုဂ္ဂိုလ်လေးမျိုးထဲတွင် မိမိသည် ဘယ်အမျိုးအစား၌ပါနေသည်ကို ဆန်းစစ်ကြည့်ဖို့ လိုပေသည်။ အခုခေတ်ကိုလေသာထုပြောသောခေတ်တွင် နံပါတ်(၃)အမျိုးအစားနှင့် နံပါတ်(၄) အမျိုး အစားများသာ ရှိလေသည်။ နေယျပုဂ္ဂိုလ်လား၊ ပဒပရမပုဂ္ဂိုလ်လားဟု ခွဲခြားသိဖို့လိုပေမည်။ နေယျပုဂ္ဂိုလ်ဆိုပါက ဒီဘဝမဂ်ဉာဏ်ဖိုလ်ဉာဏ် ရရှိနိုင်လေသည်။ ပဒပရမပုဂ္ဂိုလ်ဖြစ်လျှင် ဒီဘဝ တရားမရနိုင်ပေ။ သို့သော် အရှုံးမရှိပါ။ ယခုဘဝတွင် နာကြားအားထုတ်ခဲ့သောအရှိန်ကြောင့် နောက်ဘဝ၌ တရားရရှိနိုင်ပါသည်။ ပဒပရမပုဂ္ဂိုလ်ပဲဆိုပြီး မနာကြားအားမထုတ်လျှင် ဘယ်ဘဝမှာမှ တရားရမည်မဟုတ်ချေ။ ထို့ကြောင့် မည်သည့်အမျိုးအစား ပုဂ္ဂိုလ်ဖြစ်ဖြစ် တရားနာသင့် အားထုတ်သင့် ပေသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက ဟိပဟိတ်ပုဂ္ဂိုလ်ဆိုရင် ဒီဘဝ တရားရမယ်၊ ထောင်နိုင်တဲ့ နားပါရင် တိဟိတ်ပါပဲလို့ ဟောကြားထားပါတယ်။ ထောင်နိုင်တဲ့နားပါတယ်ဆိုတာ ဝိပဿနာတရား၊ သစ္စာတရားများ နာကြားလိုစိတ်၊ အားထုတ်လိုစိတ်ရှိခြင်းကို ဆိုလိုပေသည်။ တိဟိတ်ပုဂ္ဂိုလ်ဆိုသည်မှာ အဟိတ်သုံးခုပါသောပုဂ္ဂိုလ် ဖြစ်သည်။

**အဟိတ်(၃)မျိုးမှာ**

၁။ အလောဘဟိတ် ပေးချင်ကမ်းချင် လှူချင်၊ တန်းချင်၊ စွန့်ကြဲချင် စသည့် ဒါနတရားကို လုပ်ဆောင်ရန် စိတ်စေတနာပါသူကိုဆိုလိုသည်။

၂။ အဒေါသဟိတ် မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားစသည့်စိတ်စေတနာပါသူကို ဆိုလိုသည်။

၃။ အမောဟဟိတ် သစ္စာတရား ဝိပဿနာတရားတို့ကို စိတ်ပါဝင်စားသူကိုခေါ်သည်။

**အဟိတ်ပုဂ္ဂိုလ်(၄)မျိုးရှိသည်။**

၁။ တိဟိတ်ပုဂ္ဂိုလ် အလောဘစိတ်၊ အဒေါသစိတ်၊ အမောဟဟိတ် အဟိတ်(၃)မျိုး ရှိသောပုဂ္ဂိုလ်ကို တိဟိတ်ပုဂ္ဂိုလ်ဟုခေါ်သည်။ ဤတိဟိတ်ပုဂ္ဂိုလ်သည် ဒီဘဝမဂ်ဉာဏ်ဖိုလ်ဉာဏ်တရား ရနိုင်၏။

၂။ ဒွိဟိတ်ပုဂ္ဂိုလ် အလောဘဟိတ်၊ အဒေါသဟိတ် နှစ်ဟိတ်သာပါပြီး အမောဟဟိတ် မပါသောပုဂ္ဂိုလ်ကိုခေါ်သည်။ ဒီဘဝတရားမရနိုင်။

၃။ သုဂတိဟိတ်ပုဂ္ဂိုလ် အမိဝမ်းတွင်းမှမွေးလာကတည်းက ဆွံ့အ၊ နားမကြား၊ ကျိုးကန်း နေသည့် ပုဂ္ဂိုလ်ကိုခေါ်သည်။ ဒီဘဝတရားမရနိုင်။

၄။ ဒုဂတိဟိတ်ပုဂ္ဂိုလ် အပါယ်လေးဘုံသားများဖြစ်သော ငရဲသား၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံသားများကို ခေါ်သည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရနိုင်ပေ။

မိမိကိုယ်ကိုပြန်ဆန်းစစ်ပါက ဒါန၊ သီလ၊ ဘာဝနာနှင့်ဝိပဿနာတရား၊ သစ္စာတရားများကို စိတ်ဝင်စားသည်ဆိုပါက တိဟိတ်ပုဂ္ဂိုလ်ဟုယူဆနိုင်ပါသည်။ ထိထိရောက်ရောက် နာကြား အားထုတ်ပါက မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်လေသည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရန်အတွက် အခြေခံဖြစ်သော ယထာဘူတဉာဏ် (စူဠသောတာပန်ဉာဏ်) ကိုလေ့လာမည်ဆိုပါက ၄င်းယထာဘူတဉာဏ်တွင်-

(၁) နာမရူပ ပရိစ္ဆေဒဉာဏ်နှင့်

(၂) ပစ္စယပရိဂ္ဂဟဉာဏ် ဟူ၍ ဉာဏ်(၂)ဉာဏ်ရသည်။

## (၁) နာမရူပ ပရိစ္ဆေဒဉာဏ် (နာမ်ရုပ်ကိုပိုင်းခြားသိသောဉာဏ်)

နာမ်ကိုပိုင်းခြားသိသောဉာဏ်ကို နာမပရိစ္ဆေဒဉာဏ်ဟူခေါ်၍၊ ရုပ်ကိုပိုင်းခြားသိသောဉာဏ်ကို ရူပပရိစ္ဆေဒဉာဏ် ဟုခေါ်ပေသည်။ နာမ်ရုပ်အကြောင်းကို ပရမတ္ထသစ္စာ(၄)ပါးတွင် ရှင်းပြပြီး ဖြစ်သဖြင့် နားလည်သဘောပေါက်ပြီး ဖြစ်ပါလိမ့်မည်။ နာမ်သည် သိတတ်သောသဘောဖြစ်ပြီး ရုပ်သည် သိတတ်သောသဘောမရှိသဖြင့် မသိတာရုပ် သိတာနာမ်ဟုဆိုလိုသည်။ လောကသုံးပါးတွင် လူ၊ နတ်၊ ဗြဟ္မာ၊အပါယ်လေးဘုံသား စသည်ဖြင့်မည်သို့ပင်ခေါ်ကြသော်လည်း ၎င်းတို့မှာ ပညတ်အခေါ်အဝေါ်များသာ ဖြစ်ပေသည်။ တကယ့် အစစ်အမှန်ရှိသော သဘောတရားများမဟုတ်ပါ။ တကယ့် အစစ်အမှန်ရှိသော ပရမတ်သဘောတရားကို ရှာကြည့်ပါက လောကအနေနှင့် စိတ်၊ စေတသိက်၊ ရုပ်တို့သာရှိလေသည်။ ၎င်းတို့ကို ခန္ဓာအနေနှင့်ပြမည်ဆိုပါက

| | | | |
|---|---|---|---|
| ၁။ ရူပက္ခန္ဓာ(ရုပ်) | ဖေါက်ပြန်ပျက်မှုသဘော | (ရေမြှုပ်ကဲ့သို့) | - ရုပ် (၂၈)ပါး |
| ၂။ ဝေဒနက္ခန္ဓာ(ဝေဒနာ) | ခံစားမှုသဘော | (ရေပွက်ကဲ့သို့) | -စေတသိက်(၅၂)ပါး |
| ၃။ သညက္ခန္ဓာ(သညာ) | မှတ်သားမှုသဘော | (တံလျှပ်ကဲ့သို့) | |
| ၄။ သင်္ခါရက္ခန္ဓာ(သင်္ခါရ) | ပြုပြင်မှုသဘော | (ငှက်ပျောတုံးကဲ့သို့) | |
| ၅။ ဝိညာဏက္ခန္ဓာ(ဝိညာဏ်) | သိမှုသဘော | (မျက်လှည့်ကဲ့သို့) | - စိတ် (၁)ပါး |

တစ်လောကလုံးကိုခြုံကြည့်ပါက အစစ်အမှန်တကယ့်အရှိတရားအနေဖြင့် ခန္ဓာငါးပါးသာ ရလေသည်။ ခန္ဓာငါးပါးသာလျှင် ပရမတ္ထတရားဖြစ်လေသည်။ ခန္ဓာငါးပါးသည် အမြဲတန်းရှိနေသော သဘောမဟုတ်ပေ။ အကြောင်းတိုက်ဆိုင်မှ ပေါ်လာခြင်းဖြစ်ပြီး ပေါ်ပြီးချုပ်ပျောက်သည့်သဘောသာ ရှိလေသည်။ ဖြစ်ပြီးပျက်သွားသည့်သဘောသာရှိသဖြင့် အကောင်အထည်အတုံးအခဲ အနှစ်သာရမရှိပေ၊ မြတ်စွာဘုရားက-

(၁) ရုပ်ကိုရှုတဲ့အခါ ရုပ်ကိုမြင်ရမည်မဟုတ် ရေမြှုပ်ကဲ့သို့မြင်ရမယ်တဲ့၊ ရေမြှုပ်ဆိုတာကတော့ အခုခေတ် ဂက်စ်ပါတဲ့အချိုရည်ကိုဖွင့်ပြီး ဖန်ခွက်ထဲထည့်လိုက်တဲ့အခါ အမြှုပ်ကလေးတွေထလာပြီး ကြည့်ရင်းကြည့်ရင်းနဲ့ ပျောက်ပျောက်နေတာကို တွေ့ရပါမယ်။ အဲဒီသဘောအတိုင်းပါပဲ ရုပ်ကိုရှုတဲ့အခါ ရေမြှုပ်လို ကြည့်ရင်းပျောက် နေတဲ့သဘောသာတွေ့ရပါမယ်။ အဲဒီလိုမတွေ့ဘဲ ပူတယ်၊ အေးတယ်၊

လှုပ်တယ်၊ မာတယ်၊ ပျော့တယ်၊ ကြမ်းတမ်းတယ်လို့ မြင်နေရင် အမြင်မှန်မဟုတ်သေးဘူး။ ဘုရားဟောတဲ့အတိုင်း ရုပ်ကိုရေမြှုပ်ကဲ့သို့မြင်ဖို့ ခဲယဉ်းပါတယ်။ ရုပ်တရားရဲ့ဖြစ်ပျက်မှုသဘောက အင်မတန်မြန်ပါတယ်။ မျက်စိတမှိတ်လျှပ်တစ်ပြက်မှာ ကုဋေငါးထောင်ကျော် ဖြစ်လိုက်ပျက်လိုက်နဲ့မို့ တကယ့်ဖြစ်ပျက်ကို ပစ္စုပ္ပန်တည့်တည့်မြင်ဖို့ရာ ဘုရားဉာဏ်တော်နဲ့သာ မြင်နိုင်ပါတယ်။ လျှပ်စစ်မီးချောင်းမီးထွန်းလိုက်တဲ့အခါ တစ်စက္ကန့်မှာအကြိမ်(၅၀)ခန့် ဖြစ်လိုက် ပျက်လိုက်နဲ့ ချုပ်ပျောက်နေတဲ့သဘောရှိပါတယ်၊ တစ်စက္ကန့်မှာ အကြိမ်ငါးဆယ်နှုန်း ဖြစ်ပျက်တာတောင် မီးချောင်းကတဆက်တည်းလင်းနေတယ်လို့ ထင်ရရင် မျက်စိတမှိတ်ဆိုတာ တစ်စက္ကန့်ရဲ့လေးဆယ့်ရှစ်ပုံတစ်ပုံရှိတယ်လို့ ရှေးဆရာတွေက ဆိုထားပါတယ်။ အဲဒီ မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာ ကုဋေငါးထောင်ကျော်ဖြစ်ပျက်တဲ့ရုပ်တရားတွေက ရှေ့ကပျက်သွားလိုက် နောက်ကအစားထိုးလိုက်နဲ့ မြန်လွန်းတဲ့အတွက် တစ်ဆက်တည်းဖြစ်နေတယ်လို့ ထင်နေရတဲ့သဘောပါ။

၂။ ဝေဒနာကိုရှုတဲ့အခါ ဝေဒနာကိုတွေ့နေရင်မဟုတ်သေးပါဘူး။ ဘုရားက ရေပွက်ကဲ့သို့မြင်ရမယ်လို့ ဟောထားတယ်။ ရေပွက်ဆိုတာက ထမင်းအိုးတည်တဲ့အခါ ထမင်းရည်မှာ မီးအပူရှိန်ကြောင့် ပွက်ကနဲပွက်ကနဲပေါ်ပြီး ပျောက်ပျောက်သွားပါတယ်။ အဲဒီဥပမာလိုပဲ ဝေဒနာကိုပေါ်ပြီးပျောက်ပျောက်သွားတဲ့ သဘောသာ တွေ့ရပါမယ်။ နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ ကောင်းတယ်၊ မကောင်းဘူးလို့ ဝေဒနာခံစားမှု ပေါ်နေရင် အဲဒီရှုနည်းဟာ မဟုတ်သေးပါဘူး။ ပေါ်ပြီးပျောက်ပျောက်နေတဲ့ သဘောသာ တွေ့မှ အမှန်ဖြစ်ပါတယ်။ ဝေဒနာကိုရေပွက်လို့ မြင်အောင်ရှုဖို့ရာ အင်မတန်ခက်ပါတယ်။

၃။ သညာကိုရှုတဲ့အခါ မှတ်သားတဲ့သဘောကိုတွေ့ရမှာ မဟုတ်ပါဘူး။ တံလျှပ်ကဲ့သို့ တွေ့ရမယ်လို့ဆိုပါတယ်။ တံလျှပ်ဆိုတာက နေအပူရှိန်ပြင်းပြင်းပူတဲ့အခါ ကတ္တရာလမ်းတို့ သဲသောင်ပြင်တို့ လယ်ကွင်းပြင်နေရာတွေမှာ အဝေးကကြည့်ရင် ရေလို့ထင်ရတဲ့အရိပ်တွေ ပေါ်ပေါ်လာပါတယ်။ အနီးကပ်ကြည့်တဲ့အခါကျတော့ မရှိတော့ပါဘူး၊ နီးလာလေ တဖြည်းဖြည်းပျောက်သွားလေပါပဲ။ ဒီသဘောအတိုင်းပါပဲ၊ မနောမှာပေါ်တဲ့ ခန္ဓာငါးပါးမှာ သညက္ခန္ဓာ မှတ်သားမှုသဘောကြောင့် ယခင်က မြင်ဘူး၊ ကြားဘူး၊ နံဘူး၊ စားဘူး၊ ထိသိဘူးတဲ့ အာရုံပုံရိပ်တွေ မနောမှာပေါ်လာပါတယ်။ အဲဒီပုံရိပ်တွေဟာ သေသေချာချာကြည့်တဲ့အခါ တဖြည်းဖြည်းနဲ့ ပျောက်သွားတဲ့သဘောကို တွေ့ရပါမယ်။

ပေါ်လာတဲ့ပုံရိပ်ကို ကိုင်တွယ်လို့မရတဲ့အတွက် အကောင်အထည် မဟုတ်ကြောင်း အနတ္တသဘောကို လည်း မြင်လွယ်ပါတယ်။ ဗိုင်းလော့ဆရာတော် ဟောထားတာက သညာကိုရှုပြီး ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ် များပါတယ်၊ ဒါကြောင့် သညာကိုရှုတာ အကောင်းဆုံးပဲလို့ ဟောကြားထားပါတယ်။

၄။ သင်္ခါရကိုရှုတဲ့အခါ ပြုပြင်မှုသဘောကိုတွေ့ရမှာ မဟုတ်ပါဘူး။ ငှက်ပျောတုံးကဲ့သို့ တွေ့ရမယ်လို့ ဟောထားပါတယ်။ ငှက်ပျောတုံးတစ်တုံးကိုယူပြီး ခွါကြည့်တဲ့အခါ ငှက်ပျောတုံးသာ ကုန်သွားမယ် အနှစ်သာရ မတွေ့ပါဘူး။ ဒါကြောင့် သင်္ခါရကိုရှုရင်လည်း အနှစ်သာရမရှိကြောင်း တွေ့မှသာ မှန်ပါမယ်။ အဲဒီသဘောက လည်းမြင်ဖို့မလွယ်ပါဘူး။

၅။ ဝိညာဏ်ကိုရှုတဲ့အခါ မျက်လှည့်ကဲ့သို့ တွေ့ရမယ်တဲ့။ မျက်လှည့်ဆိုတာ တကယ်မဟုတ်ပါဘူး။ လိမ်ညာလှည့်ဖြားထားတဲ့သဘောပါ။ မျက်လှည့်လို့မြင်မှသာ အမြင်မှန်ပါ။

အထက်ပါ နာမ်ခန္ဓာလေးပါးဖြစ်တဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့အား မျက်စိတမှိတ် လျှပ်တစ်ပြက်မှာ ကုဋေတစ်သိန်းကျော် ဖြစ်လိုက်ပျက်လိုက်နဲ့ ချုပ်ပျောက်ပျက်စီးနေပါတယ်။ ရုပ်တရား ဖြစ်ပျက်ထက် (၁၇)ဆ ပိုပြီးမြန်ပါတယ်။ ရုပ်တရား နာမ်တရားတွေရဲ့ ဖြစ်ပျက်ဆိုတာ ခဏငယ် သုံးချက် ခေါ်ပါတယ်။

## ခဏငယ်(၃)ချက်

၁။ ဥပါဒ် (ဖြစ်တာ)

၂။ ဌီ (တည်တာ)

၃။ ဘင် (ပျက်တာ)

ရုပ်နဲ့ပတ်သက်လို့ ရုပ်တရားစတင်ဖြစ်ပေါ်လာတဲ့ သဘောက ဥပါဒ်(ဖြစ်) လို့ခေါ်ပြီး ပျက်သွားတဲ့ သဘောကို (ဘင်)လို့ခေါ်ပါတယ်။ ဥပါဒ်နဲ့ ဘင်ကြားကာလမှာတည်ဆဲကာလမို့ တည်(ဌီ) လို့ခေါ်ပါတယ်။ ခဏဖြစ်ပြီး ခဏပျက်တဲ့သဘောမို့ ခဏငယ်သုံးချက် ခေါ်ပါတယ်။ နာမ်တရားကလဲ ဒီအတိုင်းပါပဲ၊ နာမ်တရားက ရုပ်တရားထက်(၁၇)ဆပိုမြန်ပါတယ်။ ဆိုလိုတာက ရုပ်တစ်ကြိမ် ဖြစ်ပျက်ရင် နာမ်(၁၇)ကြိမ် ဖြစ်ပျက်ပါတယ်၊ ဥပမာ (တစ်)ဆိုတဲ့အသံကို ကြားလိုက်သည်ဆိုပါက ၎င်းကို ပုံနှင့်ပြမည်ဆိုလျှင် အောက်ပါပုံအတိုင်း တွေ့ရပါမည်။ (တစ်)ဟူသော ရုပ်အသံ ခဏငယ် သုံးချက်ဖြင့် ဖြစ်ပျက်သွားပါက နာမ်တရားဟူသော စိတ်တို့သည် (၁၇)ကြိမ်(ဥပါဒ်၊ ဌီ၊ ဘင်)

ခဏာငယ်သုံးချက်ဖြင့် ဖြစ်ပျက်သွားလေသည်။ ရုပ်နှင့်စိတ် အစဉ်ဖြစ်ပျက်ပုံမှာ -

| နာမ်သက် | | ရုပ်သက် |
|---|---|---|
| ၁။ အတီတဘဝင် | ဘာမှမသိလိုက် | ဥပါဒ်(ဖြစ်) |
| ၂။ ဘဝင်္ဂစလန | အာရုံကိုအနည်းငယ်ထိခိုက်သွားသည် သို့သော် မထင်ရှားပေ။ | |
| ၃။ ဘဝင်္ဂုပစ္ဆေဒ | ပိုမိုလှုပ်ရှားလာ၏၊ သို့သော် မထင်ရှားပေ။ | |
| ၄။ ပဉ္စဒွါရာဝဇ္ဇန်း | ဆင်ခြင်လာတော့သည်။ | |
| ၅။ သောတဝိညာဏ် | ကြားစိတ်(သောတဝိညာဏ်) ပေါ်လာ၏။ | |
| ၆။ သမ္ပဋိစ္ဆိုင်း | အသံကိုနားစိုက်၏။ | |
| ၇။ သန္တီရဏ | အထက်ကဆင်ခြင်ခဲ့သည်ကို စုံစမ်းတော့၏။ | |
| ၈။ ဝုဋ္ဌော | ကောင်းမကောင်းတိကျစွာဆုံးဖြတ်၏။ | |
| ၉။ ဇော | | ဌီ (တည်) |
| ၁၀။ ဇော | ကောင်းလျှင်ကောင်းသလို မကောင်းလျှင်မကောင်းသလို | |
| ၁၁။ ဇော | ကျနစွာ အရသာခံစားသော ဇောကြိမ်ဖြစ်၏။ | |
| ၁၂။ ဇော | | |
| ၁၃။ ဇော | | |
| ၁၄။ ဇော | | |
| ၁၅။ ဇော | ဇောစိတ်ကျပြီး ၎င်းဇောစိတ်ကို အာရုံပြုသည့် တဒါရုံ | |
| ၁၆။ တဒါရုံ | ၂-ကြိမ်ကျသည်။ | |
| ၁၇။ တဒါရုံ | | ဘင် (ပျက်) |

ဤသို့လျှင်စိတ်ပေါင်း (၁၇)လုံးတို့သည် မိမိတို့ကိစ္စကို မိမိတို့တာဝန်ကျေအောင် ဆောင်ရွက်သွားသောအခါ (တစ်)ဟူသော အသံကိုကြားလိုက်ရ၏။




ထိုကဲ့သို့ပင်ကျန် အာရုံများဖြစ်သော အဆင်း၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာ တို့၌လည်း နာမ်တရားတို့သည် (၁၇)ကြိမ်သာ ဖြစ်ပျက်လေသည်။ နာမ်သက် အမှတ်စဉ်(၅)ဖြစ်သည့် သောတဝိညာဏ်နေရာ၌ အဆင်းဆိုလျှင် စက္ခုဝိညာဏ်၊ အနံ့ဆိုလျှင် ဃာနဝိညာဏ်၊ အရသာဆိုလျှင် ဇိဝှာဝိညာဏ်၊ တွေ့ထိစရာဆိုလျှင် ကာယဝိညာဏ်နှင့် ကြံတွေးစရာဆိုပါက မနောဝိညာဏ်ဟူ၍ ပြောင်းလဲသွားပေမည်။ နာမ်တရား၏ဖြစ်ပျက်ပုံမှာ တော့ဆက်သဘောရှိပြီး ရုပ်တရား၏ဖြစ်ပျက်ပုံမှာ ထပ်ဆက်သဘောဖြစ်ပေမည်။ ဤရုပ်သဘောနာမ်သဘောများကို မြတ်စွာဘုရားရှင်၏ ဉာဏ်တော်ဖြင့်သာ သိရှိနိုင်လေသည်။ ဘုရားရှင် သိတော်မူသည့်အတိုင်း ဟောပြောသင်ပြခဲ့သဖြင့် ကျွန်ုပ်တို့ အနေနှင့် သိရခြင်းသာဖြစ်ပေသည်။

## ၂။ ပစ္စယပရိဂ္ဂဟဉာဏ် (နာမ်ရုပ်ဖြစ်ကြောင်းကိုသိသောဉာဏ်)

နာမရူပပရိစ္ဆေဒဉာဏ်ရပြီးသူသည် ပစ္စယပရိဂ္ဂဟဉာဏ်ရအောင် လေ့လာအားထုတ်ဖို့ လိုပေသည်။ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုသည်မှာ နာမ်ရုပ်ဖြစ်ကြောင်းကိုသိသောဉာဏ်ဖြစ်သည်။ ပထမဦးစွာ ရုပ်ဖြစ်ကြောင်းကို အရင်လေ့လာပါမည်။

### (က) ရုပ်ဖြစ်ရခြင်းအကြောင်းရင်း

လောက၌ရှိကြကုန်သော ရုပ်တရားမှန်သမျှတို့သည် အကြောင်းတရားလေးပါးကြောင့် ဖြစ်ကြလေသည်။ ဘယ်သိကြား ပြဟ္မာကဖန်ဆင်း၍ ဖြစ်ပေါ်လာခြင်းမဟုတ် အကြောင်းတရား လေးပါးမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ဖြစ်သည်။

### ကံ

သတ္တဝါတွေမျိုးစုံဖြစ်လာရခြင်းသည် အတိတ်ဘဝကပြုလုပ်ခဲ့သော ကံတွေကြောင့်ဖြစ်သည်။ အတိတ်ဘဝမှ ဒါန၊ သီလ တရားတွေကျင့်ကြံပွားများ အားထုတ်ခဲ့၍ ယခုဘဝတွင် လူ နတ်ခန္ဓာများရပေသည်။ သမထဘာဝနာတရား အားထုတ်ခဲ့၍ ဗြဟ္မာခန္ဓာများရသကဲ့သို့ အကုသိုလ်ဒုစရိုက်(၁၀)ပါးကျူးလွန်ခဲ့သဖြင့် အပါယ်လေးဘုံခန္ဓာများရနေပါသည်။ သီလကုသိုလ်ကံကြောင့် ယနေ့တိုင်အသက်ရှည်နေကြသည်။ အသက်ရှည်သဖြင့် ရုပ်တွေတည်မြဲနေခြင်း ဖြစ်ပေသည်။ ကျွန်ုပ်တို့လူသားတွေပြုလုပ်ခဲ့သော ကုသိုလ်ကံကြောင့် စားသောက်ဖွယ်ရာ ပေါများပြီး ရုပ်ခန္ဓာကြည်လင်စွာ အသက်ရှင်ကြသလို ပြုခဲ့သောအကုသိုလ်ကံတွေကြောင့် အငတ်ဘေးဆိုက်ကာ သေဆုံးသဖြင့် ရုပ်ခန္ဓာတွေပျက်စီးနေရပေသည်။ ထို့ကြောင့် ကံသည် ရုပ်ဖြစ်ရခြင်း အကြောင်းရင်းပေတည်း။

### စိတ်

နာမ်တရားဟုခေါ်သည့်စိတ်ကြောင့် ရုပ်ခန္ဓာတည်တန့်ခိုင်မြဲနေခြင်းဖြစ်သည်။ စိတ်ဆင်းရဲလျှင် ရုပ်သည် ညှိုးနွမ်းနေပြီး စိတ်ချမ်းသာပါက ရုပ်ခန္ဓာသည် ကြည်လင်အေးချမ်းပေမည်။ ဒေါသစိတ်ထွက်နေလျှင် မျက်နှာမှာ ကြမ်းတမ်းသောရုပ်ဖြစ်လာပြီး မေတ္တာစိတ်ဖြစ်ပါက အေးချမ်းနေပေမည်။ စိတ်ဆင်းရဲလွန်း၍ မိမိကိုယ်ကို သတ်သေသူများပင်ရှိသည် မဟုတ်ပါလော။ ထို့ကြောင့် စိတ်သည် ရုပ်တရားကိုထောက်ပံ့ထားလေသည်။

### ဥတု

ရာသီဥတုအပူအအေးမျှတမှုကြောင့် ရုပ်တရားများတည်မြဲနေခြင်းသည် အပူလွန်ကဲ အအေးလွန်ကဲပါက ရုပ်တရာများ ပျက်စီးနိုင်လေသည်။ သတ္တဝါများလည် အသက်သေကြေဆုံးရှုံးနိုင်လေသည်။

### အာဟာရ

သတ္တဝါမှန်သမျှ အာဟာရမှီဝဲသုံးဆောင်ရပါသည်။ ထမင်းအသက်(၇)ရက်၊ ရေအသက်တစ်မနက် ဆိုသကဲ့သို့ အာဟာရမမှီဝဲရပါက ရုပ်သည်ခိုင်ခန့်မှု မရှိတော့သဖြင့် သေကြေပျက်စီးနိုင်

ပေသည်။ သံပုရာသီး စား၍ ရှုံ့မဲ့သောရုပ်၊ ငရုပ်သီးစား၍ ပူလောင်သောရုပ်များ ဖြစ်ပေါ်လာရသည်။ အာဟာရသည် ရုပ်တရားကို ထောက်ပံ့ခြင်းဖြစ်ပေသည်။

ကျွန်ုပ်တို့လူသားများ ယနေ့ထိ အသက်ရှင်သန်နေခြင်းသည် (တစ်နည်း) လူရုပ်ခန္ဓာများ ယနေ့ထိ တည်တန့်နိုင်ခဲ့ရခြင်းအကြောင်းရင်း သတ္တဝါများ ရှင်သန်နေရသည့်အကြောင်းရင်းသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါးကြောင့်ဖြစ်သည်။ သိကြား ဗြဟ္မာကဖန်ဆင်း၍ ဘုရားသခင်ကဖန်ဆင်း၍ ဖြစ်ပေါ်လာခြင်း မဟုတ်ပေ။ ရုပ်ဖြစ်ရခြင်းအကြောင်းရင်းကို နားလည်ပြီဟု ယူဆမိပါသည်။

## (ခ) နာမ်ဖြစ်ရခြင်းအကြောင်းရင်း။

သုံးဆယ်တစ်ဘုံတွင်ရှိသော လူနတ်ဗြဟ္မာ အပါယ်လေးဘုံသားဟု မည်သို့ပင်ခေါ်စေ တကယ့် အရှိတရား ပရမတ္ထအနေဖြင့်ကြည့်ပါက စိတ်၊ စေတသိက်၊ ရုပ် တရားများသာရှိပေသည်။ ခန္ဓာ အနေဖြင့်ပြပါက ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူ၍ ခန္ဓာငါးပါး ရပေသည်။ စိတ်နှင့် စေတသိက်သည် နာမ်တရား၊ ရုပ်က ရုပ်တရားဖြစ်သည့်အတွက် ချုံ့လိုက်ပါက နာမ်ရုပ်နှစ်ပါးသာ ရလေသည်။ ရုပ်အကြောင်း၊ နာမ်အကြောင်းကိုရှင်းလင်းပြီးဖြစ်၍ နာမရူပ ပရိစ္ဆေဒဉာဏ် နားလည်ပြီးလောက်ဖြစ်ပါပြီ။ ပစ္စယပရိဂ္ဂဟဉာဏ်ရရန်၊ ရုပ်ဖြစ်ကြောင်း နာမ် ဖြစ်ကြောင်းကို သဘောပေါက်နားလည်ရပါမည်။ ရုပ်ဖြစ်ကြောင်းကို ရှင်းလင်းပြီးဖြစ်၍ နာမ်ဖြစ်ရခြင်း အကြောင်းရင်းကို ဆက်လက်ရှင်းလင်းရန်လိုပါသည်။ နာမ်ဖြစ်ရခြင်းအကြောင်းရင်းမှာ အာရုံနှင့် ဒွါရ တိုက်၍ နာမ်တရားဖြစ်လာရခြင်း ဖြစ်ပေသည်။ ကျောက်ခဲနှစ်လုံးအားနဲ့ခတ်လိုက်သလို မီးပွင့်ပြီး ပျက်သွားသော သဘောသာရှိသည်။ ကောင်းကင်၌ လျှပ်စီးလက်သလို မတည့်သော ဓါတ်နှစ်ခု ပေါင်းဆုံပြီး ပျက်သွားသလို အာရုံနှင့်ဒွါရသည်လည်း နှစ်ခုပေါင်းဆုံလောင်ကျွမ်းပြီး ပျက်သွားသည့် သဘောသာရှိလေသည်။ ၄င်းတို့ကိုပုံစံဖြင့်ပြပါက အောက်ပါပုံစံရလေသည်။




**ဒွါရ**

ဒွါရဆိုသည်မှာ အပေါက်ဖြစ်သည်၊ သတ္တဝါအားလုံးကိုခြုံကြည့်ပါက ဒွါရ ၆-ပါးထက် ပိုသောသတ္တဝါ မရှိပါ။ ၎င်းဒွါရ ၆-ပါးမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် (ဘဝင်)တို့ဖြစ်သည်။ မိမိကိုယ်တွင် ရှိသောကြောင့် အတွင်းသဠာယတနဟုလည်းခေါ်သည်။ အခံဓါတ် (၆)ပါးဟုလည်း ခေါ်လေသည်။

**အာရုံ**

အာရုံဆိုသည်မှာ ပြင်ပ၌ရှိသော ဗဟိဒ္ဓအာရုံများကို ခေါ်သည်။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်(ဘဝင်) ဆိုသည့် ဒွါရ(၆)ပါးနှင့် တိုက်မည့် အာရုံမှာလည်း (၆)ပါးရှိသည်။ ၎င်းတို့မှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာ တို့ဖြစ်သည်။ အပြင်တွင် ရှိသောကြောင့် အပြင်သဠာယတနဟု ခေါ်သကဲ့သို့ ဒွါရကိုလာတိုက်မည့် ဓါတ်သဘောတရားများ ဖြစ်သည့်အတွက် အတိုက်ဓါတ်(၆)ပါး ဟုလည်း ခေါ်လေသည်။

အထက်ပါဒွါရနှင့် အာရုံတိုက်ပြီး အပွင့်ဓါတ်နာမ်တရားများ ပေါ်လာလေသည်။ ဥပမာ-မျက်စိနှင့် အဆင်းတိုက်၍ မြင်စိတ်ပေါ်လာသည်ဆိုပါက ဝိညာဏ်(ဝါ) မြင်စိတ်ကို အထူးသိမှုအနေဖြင့် အဓိကထားပြီး ပြောသော်လည်း မြင်စိတ်(စက္ခုဝိညာဏ်)နှင့်အတူ စေတသိက်များဖြစ်သော ဝေဒနာ၊

သညာ၊ သင်္ခါရတို့သည် လည်းတစ်ပေါင်းတည်းပါပြီးဖြစ်လေသည်။ ရုပ်နာမ်ပေါင်းလောင်ပြီး အာရုံသိသဘောတစ်ခု ဖြစ်လေသည်။ တစ်နည်း ခန္ဓာငါးပါး တစ်ခုပေါ်ပြီးပျောက်သွားသည့်သဘောရှိသည်။ ၄င်းခန္ဓာငါးပါးသည် တူရာလေးမျိုး ရှိသည်။ ၄င်းတို့မှာ-

| စဉ် | ဒွါရ (ရုပ်)<br>အတွင်းအာယတန(၆)ပါး<br>အတိုက်ဓာတ်(၆)ပါး | အာရုံ(ရုပ်)<br>အပြင်အာယတန(၆)ပါး<br>အတိုက်ဓာတ်(၆)ပါး | နာမ်တရား<br>အမွှင့်ဓာတ်(၆)ပါး | မှတ်ချက် |
|---|---|---|---|---|
| ၁ | မျက်စိအကြည်<br>(စက္ခုပသာဒ) | အဆင်း (ရူပါရုံ) | မြင်သိစိတ်<br>(စက္ခုဝိညာဏ်) | အလင်းရောင်(အာလောက)+<br>နှလုံးသွင်းမှု<br>(ယောနိသောမနသိကာရ) |
| ၂ | နားအကြည်<br>(သောတပသာဒ) | အသံ (သဒ္ဒါရုံ) | ကြားသိစိတ်<br>(သောတဝိညာဏ်) | အဆါက်အကြား(အာကာသဓာတ်)+ နှလုံးသွင်းမှု<br>(ယောနိသော မနသိကာရ) |
| ၃ | နှာခေါင်းအကြည်<br>(ဃာနပသာဒ) | အနံ့ (ဂန္ဓာရုံ) | နံ့သိစိတ်<br>(ဃာနဝိညာဏ်) | လေဓာတ်(ဝါယောဓာတ်)+<br>နှလုံးသွင်းမှု<br>(ယောနိသောမနသိကာရ) |
| ၄ | လျှာအကြည် (ဇိဝှာပသာဒ) | အရသာ (ရသာရုံ) | ရသာသိစိတ်<br>(ဇိဝှာဝိညာဏ်) | ရေဓာတ်(အာပေါဓာတ်)+<br>နှလုံးသွင်းမှု<br>(ယောနိသောမနသိကာရ) |
| ၅ | ကိုယ် (ကာယပသာဒ) | တွေ့ထိစရာ (ဖောဋ္ဌဗ္ဗာရုံ) | ထိသိစိတ်<br>(ကာယဝိညာဏ်) | မြေဓာတ်(ပထဝီဓာတ်)+<br>နှလုံးသွင်းမှု<br>(ယောနိသောမနသိကာရ) |
| ၆ | မနောအကြည် (မနော) | ကြံတွေးစရာ (ဓမ္မာရုံ) | ကြံသိစိတ်<br>(မနောဝိညာဏ်) | ပုံသဏ္ဍာန်အမှုအရာသိ |

| ဓါတ် (၁၈) ပါး | အပြင်အာယတန (၆)ပါး | အတွင်းအာယတန (၆)ပါး | |
|---|---|---|---|
| အခံဓါတ် ၆ - ပါး | ၁။ အဆင်း | ၁။ မျက်စိ | ကျောက်ခဲနှစ်လုံးအားနဲ့ခတ်လိုက်၍ |
| အတိုက်ဓါတ် ၆ - ပါး | ၂။ အသံ | ၂။ နား | မီးပွင့်ပြီး ပျောက်သွားသလို |
| အပွင့်ဓါတ် ၆ - ပါး | ၃။ အနံ့ | ၃။ နှာခေါင်း | ဒွါရနဲ့အာရုံတိုက်မိ၍ |
| ၁၈ - ပါး | ၄။ အရသာ | ၄။ လျှာ | ဝိညာဏ်ပေါ်လာပြီး |
| | ၅။ တွေ့ထိစရာ | ၅။ ကိုယ် | ခန္ဓာငါးပါး တပြိုင်နက်ဖြစ် |
| | ၆။ ကြံတွေးစရာ | ၆။ စိတ် | တပြိုင်နက် ပျက်သွားသည်။ |

(၁) တူသောအာရုံ (အာရုံတစ်ခုတည်းကို ကျက်စားကြသည်)

(၂) တူသောမှီရာ (အာရုံတစ်ခုတည်း၌ မှီကြသည်)

(၃) တူသောဖြစ်ခြင်း (တစ်ချိန်တည်းပြိုင်တူဖြစ်ကြသည်)

(၄) တူသောချုပ်ခြင်း (တစ်ချိန်တည်းပြိုင်တူချုပ်ကြလေသည်)

ဒွါရအာရုံတိုက်၍ နာမ်တရားဖြစ်ပုံကို တစ်ဖက်ပါပုံစံဖြင့် ပြသနိုင်လေသည်။

အာရုံသိသဘောခန္ဓာငါးပါးတို့သည် နှစ်ဆင့်နှစ်ဆင့် ဖြစ်ပေါ်လျှက်ရှိသည်။ ဥပမာ- မျက်စိနှင့် အဆင်း တိုက်ပါက မျက်စိ၌ခန္ဓာငါးပါးဖြစ်ပေါ်၏။ (ပုံ-၁) ၄င်းနောက် ကာလမခြား




(ပုံ -၁)

စိတ်နှင့်ဓမ္မာရုံတိုက်၍ ခန္ဓာငါးပါးတစ်ဆင့်ထပ်ပေါ်ပြန်သည်။ (ပုံ-၂)

သူ့သဘောတရားကို အစဉ်လိုက် ဆိုကြည့်မည်ဆိုလျှင် -




(ပုံ -၂)

မျက်စိ + အဆင်း = မြင်သိစိတ် (ခန္ဓာငါးပါး) ကာလမခြား စိတ်(ဘဝင်) + ဓမ္မာရုံ = ကြံသိစိတ်(ခန္ဓာငါးပါး)ဟု ဆိုနိုင်လေသည်။ ၎င်းပုံစံအတိုင်း ရေးဆွဲပါက အောက်ပါအတိုင်း ရလေသည်။

| | | | |
|---|---|---|---|
| ၁ | မျက်စိ + အဆင်း | မြင်သိစိတ် | ခန္ဓာ(၅)ပါး (ဥပေက္ခာဝေဒနာ) |
| ၂ | နား + အသံ | ကြားသိစိတ် | ခန္ဓာ(၅)ပါး (ဥပေက္ခာဝေဒနာ) |
| ၃ | နှာခေါင်း + အနံ့ | နံ့သိစိတ် | ခန္ဓာ(၅)ပါး (ဥပေက္ခာဝေဒနာ) |
| ၄ | လျှာ + အရသာ | စားသိစိတ် | ခန္ဓာ(၅)ပါး (ဥပေက္ခာဝေဒနာ) |
| ၅ | ကိုယ် + တွေ့ထိစရာ | ထိသိစိတ် | ခန္ဓာ(၅)ပါး (ဒုက္ခ/သုခဝေဒနာ) |

ကာလမခြား

စိတ် + ဓမ္မာရုံ = ကြံသိစိတ် (ခန္ဓာ(၅)ပါး)

ထိုသဘောတရားအတိုင်း နှစ်ဆင့်နှစ်ဆင့်ဖြစ်ပေါ်လျှက်ရှိပေသည်။ ကာလမခြား ၏ အဓိပ္ပါယ်ကို ဘုရားရှင်ပေးထားသည့် ဥပမာအတိုင်း ရှင်းပြမည်ဆိုပါက-

**ဥပမာ(၁)**

နွေခေါင်ခေါင် အရွက်ကျနေတဲ့သစ်ကိုင်းတစ်ကိုင်းဟာ နေရောင်ထိုးနေသည့်အတွက် မြေပြင်တွင် အရိပ်ပေါ်နေပေမည်။ ၎င်းသစ်ကိုင်းပေါ်သို့ ငှက်တစ်ကောင်လာနားမည်ဆိုပါက သစ်ကိုင်းအရိပ်တွင် ငှက်နားသည့်အရိပ် တပြိုင်နက် ပေါ်လာပေမည်။ ငှက်အရင်နားပြီးမှ အရိပ်ပေါ်ခြင်းဖြစ်သည်။ သို့သော် အင်မတန် လျှင်မြန်လွန်း၍ တစ်ပြိုင်နက်တည်း ပေါ်သည်ဟုထင်ရသည်၊ ဤသည်ကို ကာလမခြားဟုခေါ်သည်။ မျက်စိမှာ မြင်ခန္ဓာပေါ် ကာလမခြား မနောမှာ ကြံတွေးခန္ဓာ ထပ်ပေါ်ပါသည်။ လျှင်မြန်လွန်းသည့်အတွက် တစ်ပြိုင်နက်ပေါ်သည်ဟု ထင်ရသော်လည်း မြင်ခန္ဓာပေါ်ပြီးမှ ကြံတွေးခန္ဓာပေါ်ခြင်းဖြစ်လေသည်။

**ဥပမာ(၂)**

သားရေနှစ်ဖက်ကျက်ထားသော စည်တော်တစ်ခုကို တစ်ဖက်ကိုအချိုသကာရည် သုတ်လိမ်းလိုက်ပါ။ အချိုသကာရည်ကြောင့် ယင်ကောင်တစ်ကောင်လာနားသည်ဆိုပါစို့။ ထိုအချိန်တွင် စည်တော်၏ ကျန်တစ်ဖက်ကိုလက်ဖြင့် တီးခတ်လိုက်သောအခါ တီးခတ်လိုက်သည်နှင့် ယင်ကောင် ထပျံသွားပါလိမ့်မည်။ စည်တီးခတ်ချိန်နှင့် ယင်ကောင်ပျံသန်းချိန် တစ်ပြိုင်နက်ဟု ထင်ရသော်လည်း တီးခတ်ပြီးမှ ယင်ကောင်ထပျံခြင်း ဖြစ်လေသည်။ ဤသဘောတရားကို ကာလမခြားဟုခေါ်လေသည်။

ယထာဘူတဉာဏ်၏အနှစ်ချုပ်အရ (၁) နာမရူပပရိစ္ဆေဒဉာဏ်နှင့် (၂) ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ဉာဏ်သည် စူဠသောတာပန်ဉာဏ်ဟုလည်းခေါ်သည်။ စူဠသောတာပန်ဉာဏ်ရပါက ပုထုဇဉ်လေးမျိုးထဲတွင် အမြင့်ဆုံးဖြစ်သည့်အပြင် မဂ်လမ်း၊ ဖိုလ်လမ်း၊ နိဗ္ဗာန်လမ်းပေါ်ခြေလှမ်း စတက်မိပြီဖြစ်သောကြောင့် ဒီဘဝ သေပြီးနောက်တစ်ဘဝနှစ်ဘဝ အပါယ်မလားတော့ပေ။ ၎င်းနောက် တစ်ဘဝနှစ်ဘဝအတွင်းမှာပင် မဟာသောတာပန်အစစ်ကြီးဖြစ်ကာ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့၌ ဘုံစဉ်စံ၍ နိဗ္ဗာန်သို့ စံဝင်နိုင်ပေသည်။ အင်မတန်အကျိုးရှိသဖြင့် အသင်ယောဂီသူတော်စင်အပေါင်းတို့သည် အထက်နေပါအုန်း၊ အောက်လုံအောင်ဖုံး ဆိုသည့်အတိုင်း အပါယ်မကျဘဲ မဂ်ဉာဏ်ဖိုလ်ဉာဏ် အဆင့်ဆင့်တက်နိုင်သည့် စူဠသောတာပန်ဉာဏ်ရအောင် ကြိုးစားအားထုတ်တော်မူကြပါကုန်။

**ဤတွင်စူဠသောတာပန်ဖြစ်ခဏ်းပြီး၏။**

## ပဉ္စဒွါရနှင့်မနောဒွါရ နှစ်ဆင့်ဖြစ်ပုံ

ပဉ္စဒွါရဆိုသည်မှာ အပြင်တွင်ရှိသောဒွါရ(၅)ပေါက်ကို ဆိုလိုသည်။ ၄င်းတို့မှာ -

(၁) မျက်စိအကြည် (စက္ခုပသာဒ)

(၂) နားအကြည် (သောတပသာဒ)

(၃) နှာခေါင်းအကြည် (ဃာနပသာဒ)

(၄) လျှာအကြည် (ဇိဝှာပသာဒ)

(၅) ကိုယ်အကြည် (ကာယပသာဒ) တို့ဖြစ်သည်။

မနောဒွါရဆိုသည်မှာ စိတ်(ဘဝင်) (မနော)ကိုခေါ်သည်။ ပုံစံနှင့်ပြပါက-

အာရုံနဲ့ဒွါရတိုက်တဲ့အခါ ပဉ္စဒွါရဝီထိမှာ ခန္ဓာငါးပါးတစ်ပြိုင်နက်ဖြစ်တစ်ပြိုင်နက်ချုပ်ပါတယ်။ ကာလမခြားဘဲ နောက်လိုက်မနောဝီထိမှာ ခန္ဓာငါးပါးထပ်ပြီး တစ်ပြိုင်နက်ဖြစ်တစ်ပြိုင်နက်ချုပ်ပါတယ်။ ဒီနှစ်ဆင့်အထိက ပရမတ္ထသဘော တရားပဲရှိပါသေးတယ်၊ မျက်စိနဲ့ ပတ်သက်လို့ ဥပမာပြပါ့မယ်။



မျက်စိအကြည်နဲ့ သစ်ပင်ဆိုတဲ့အဆင်းနဲ့တိုက်သည်ဆိုပါက-

| | | | | |
|---|---|---|---|---|
| ၁။ မျက်စိအကြည်နှင့် သစ်ပင်အဆင်းသည် | (ရုပ်တရား) | ရူပက္ခန္ဓာ | ရုပ် | ပရမတ္ထသစ္စာ |
| ၂။ မျက်စိတွင်ပေါ်သည့်ဥပေက္ခာဝေဒနာက | (ဝေဒနာ) | ဝေဒနက္ခန္ဓာ | စေတသိက် | ပရမတ္ထသစ္စာ |
| ၃။ မှတ်သားတတ်သည့်သဘောက | (သညာ) | သညက္ခန္ဓာ | စေတသိက် | ပရမတ္ထသစ္စာ |
| ၄။ ပြုပြင်ပြောင်းလဲလိုက်သည့်သဘောက | (သင်္ခါရ) | သင်္ခါရက္ခန္ဓာ | စေတသိက် | ပရမတ္ထသစ္စာ |
| ၅။ သိတတ်သောသဘောက | (ဝိညာဏ်) | ဝိညာဏက္ခန္ဓာ | စိတ် | ပရမတ္ထသစ္စာ |

အာရုံနဲ့ဒွါရတိုက်တော့ ကျောက်ခဲနှစ်လုံးအားနဲ့ခတ်လိုက်သလို မီးပွင့်ပြီး တစ်ပြိုင်နက်ဖြစ်၊ တစ်ပြိုင်နက် ချုပ်သွားပါတယ်။ ကာလမခြားဘဲ စိတ်(ဘဝင်)နဲ့ ဓမ္မာရုံ(ပုံသဏ္ဌာန်အမှုအရာ)နဲ့တိုက်ပြီး မနောမှာခန္ဓာငါးပါး ထပ်ဖြစ်ပါတယ်။ ဓမ္မာရုံဆိုတာပုံသဏ္ဌာန်အမှုအရာပေါ်လာတာပါ။ မနောမှာ သစ်ပင်ပုံရိပ်ခပ်ပါးပါးလေး ပေါ်လာပါတယ်။ မိုးကုတ်ဆရာတော်ဘုရားကြီးက မှန်ထောင်တရားလို့ ဆိုပါတယ်။ အခုခေတ်ဆိုရင် Digital ကင်မရာပုံစံမျိုးပေါ့။ ကင်မရာမှန်ဘီလူးနဲ့ သစ်ပင်ကိုချိန်လိုက်တဲ့ အခါ မှန်ဘီလူးကတစ်ဆင့် နောက်က(Screen)မှာပုံရိပ်ပေါ်နေပါတယ်။ ဒီအတိုင်းပါပဲ၊ မနောမှာ ပေါ်တဲ့ ပုံရိပ်ကတော့ ထင်ထင်ရှားရှားကြီးမဟုတ်ဘူး။ ခပ်ပါးပါးလေးပေါ်တာပါ။ နောက်လိုက်မနော ဒွါရဝီထိမှာဖြစ်တဲ့ ခန္ဓာငါးပါးကလည်း ပရမတ္ထသက်သက်ပဲရှိ ပါသေးတယ်။ သူ့သဘောကလည်း ပေါ်ပြီးပျောက်ဖို့လာတာပါ။ ပေါ်ပြီးပျောက်သွားပါတယ်။ အဲဒါကို အဝိဇ္ဇာ မောဟရှိသူတွေက ပေါ်လာတဲ့ပုံရိပ်ကို အကောင်အထည်ထင်လိုက်တာကြောင့် မှားယွင်းတဲ့ဒိဋ္ဌိ ဖြစ်သွားတာပါ။ ဒိဋ္ဌိကြောင့်ပဲ ငါရယ်သူရယ်လို့ထင်တဲ့မာန အဲဒီမာနကြောင့် အာရုံကပ်ငြိခြင်းဆိုတဲ့ တဏှာ ဖြစ်ရတာပါ။ တဏှာဖြစ်တော့ အာရုံတွေဆက်ရောပေါ့၊ အမှန်တော့ ပဥ္စဒွါရဝီထိမှာပဲဖြစ်ဖြစ် မနောဒွါရဝီထိ မှာပဲဖြစ်ဖြစ် ပေါ်သမျှရုပ်နာမ်တွေဟာ ပေါ်ပြီးချုပ်ပျောက်ဖို့သာ လာတာဖြစ်ပါတယ်။ ရုပ်တရား တို့သည် မျက်စိတမှိတ် လျှပ်တစ်ပြက်မှာ ကုဋေငါးထောင်ကျော် ဖြစ်ပျက်ချုပ်ပျောက်နေသလို နာမ်တရားတို့သည်လည်း မျက်စိတမှိတ်လျှပ်တပြက်မှာ ကုဋေတစ်သိန်းကျော် ဖြစ်ပျက်ချုပ်ပျောက် နေပါတယ်။ အဲဒါကို အထည်မထင်ရင် ကိစ္စကပြီးနေပါပြီ။ ပရမတ္ထသဘောတရားက ပေါ်ပြီး ချုပ်ပျောက်မှာပါ။ ဒါကို မိုးကုတ်ဆရာတော်ဘုရားကြီးက ဖြစ်ပျက်လို့သုံးတာ ဖြစ်ပါတယ်။ ကာလ မခြားဖြစ်ပုံကို တဖက်ပါပုံနဲ့ကြည့်ပါ။

# အာရုံသိသဘော(ခန္ဓာငါးပါး) ဖြစ်ခွင့်ရသော နေရာများနှင့် ဖြစ်ပေါ်သော စိတ်၊ ဝေဒနာများ



ပုံတွင်ပြထားသည့်အတိုင်း မျက်စိတွင်အဆင်းနှင့်တိုက်၍ မြင်ခန္ဓာပေါ်သည်၊ စိတ်အနေနှင့် မြင်စိတ်ပေါ်၍ ဝေဒနာအနေနှင့် ဥပေက္ခာဝေဒနာပေါ်မည်။ အာရုံသိသဘော ခန္ဓာငါးပါး တစ်ပြိုင်နက်ဖြစ် တစ်ပြိုင်နက်ချုပ်သွားသည်။ ကာလမခြားစိတ်(ဘဝင်)တွင် ခန္ဓာငါးပါးအသစ်ဖြစ်ပေါ်သည်။ ဓမ္မာရုံ၌ ပုံသဏ္ဍာန်အမှုအရာ ပေါ်လာသည်။ စိတ် ဝေဒနာအနေနှင့် ဖြစ်ပေါ်ပုံကိုပြမယ်ဆိုရင်-

| | စိတ် | ဝေဒနာ |
|---|---|---|
| အပြင်အာရုံကိုနှစ်သက်လျှင် | (လောဘစိတ်) | သောမနဿဝေဒနာ |
| အပြင်အာရုံကိုမနှစ်သက်လျှင် | *ဒေါသစိတ် | ဒေါမနဿဝေဒနာ |
| နှစ်သက်သည်မဟုတ်၊ မနှစ်သက်သည်မဟုတ်လျှင် | (မောဟစိတ်) | ဥပေက္ခာဝေဒနာ |
| အပြင်အာရုံကြောင့်လှူချင်တန်းချင်ပေးချင်ကမ်းချင်လျှင် | *အလောဘစိတ် | သောမနဿဝေဒနာ |
| အပြင်အာရုံကြောင့် မေတ္တာသက်ဝင်လျှင် | (အဒေါသစိတ်) | သောမနဿဝေဒနာ |
| မနောတွင်ကြံတွေးစိတ်ကြောင့် ကျေနပ်နှစ်သက်လျှင် | (လောဘစိတ်) | သောမနဿဝေဒနာ |
| မနောတွင်ကြံတွေးစိတ်ကြောင့် မကျေနပ်မနှစ်သက်လျှင် | *ဒေါသစိတ် | ဒေါမနဿဝေဒနာ |
| ကျေနပ်သည်မဟုတ်၊ မကျေနပ်သည်မဟုတ်လျှင် | (မောဟစိတ်) | ဥပေက္ခဝေဒနာ |
| ကြံတွေးစိတ်ကြောင့် ပေးချင်ကမ်းချင်လှူချင်တန်းချင်လျှင် | *အလောဘစိတ် | သောမနဿဝေဒနာ |
| ကြံတွေးစိတ်ကြောင့် မေတ္တာသက်ဝင်လျှင် | (အဒေါသစိတ်) | သောမနဿဝေဒနာ |

တူရာတူရာပေါင်းပါက စိတ်အနေနှင့် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အလောဘစိတ်၊ အဒေါသစိတ်တို့ဖြစ်ပြီး ဝေဒနာအနေနှင့် သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာတို့ဖြစ်သည်။

ထို့အတူ နားနှင့်အသံတိုက်၍ ကြားခန္ဓာပေါ်ပြီး ကာလမခြား စိတ်(ဘဝင်) ၌ဖြစ်နိုင်သော စိတ်တို့မှာ (လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အလောဘစိတ်၊ အမောဟစိတ်) စသည်တို့ဖြစ်ပြီး ဝေဒနာများမှာ (သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ)တို့ဖြစ်လေသည်။

နှာခေါင်းနှင့်အနံ့တိုက်၍ နံခန္ဓာပေါ်ပြီး ကာလမခြား စိတ်(ဘဝင်)၌ ဖြစ်နိုင်သော စိတ်တို့မှာ (လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အလောဘစိတ်၊ အဒေါသစိတ်)တို့ဖြစ်ပြီး ဝေဒနာများမှာ (သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာနှင့် ဥပေက္ခာဝေဒနာ)တို့ဖြစ်သည်။

လျှာနှင့်အရသာတိုက်၍ စားခန္ဓာပေါ်ပြီး ကာလမခြား စိတ်(ဘဝင်)၌ ဖြစ်နိုင်သောစိတ်၊ ဝေဒနာ၊

ကိုယ်နှင့်တွေ့ထိစရာတိုက်၍ ထိသိခန္ဓာပေါ်ပြီး ကာလမခြား စိတ်(ဘဝင်)၌ဖြစ်နိုင်သောစိတ်၊ ဝေဒနာ၊

စိတ်(ဘဝင်)နှင့်ဓမ္မာရုံတိုက်၍ ကြံတွေးခန္ဓာပေါ်ပြီး ကာလမခြား စိတ်(ဘဝင်)၌ဖြစ်နိုင်သော စိတ်၊ ဝေဒနာတို့မှာ (လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အလောဘစိတ်၊ အဒေါသစိတ်)နှင့် (ဒုက္ခဝေဒနာ၊ သုခဝေဒနာ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာနှင့် ဥပေက္ခာဝေဒနာ) တို့ဖြစ်လေသည်။ ထိုမနောတွင်ပေါ်သော လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အလောဘစိတ်၊ အဒေါသစိတ်တွေကြောင့် ဇော(၇)ကြိမ်ပေါ်ပြီး အကျိုးပေးနေခြင်း ဖြစ်ပေသည်။

လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်ကြောင့် ဇော(၇)ကြိမ်ပေါ်ပြီး အပါယ်လေးဘုံ ဇာတိရပါတယ် (အစုန်လမ်း)

အလောဘစိတ်၊ အဒေါသစိတ်ကြောင့် ဇော(၇)ကြိမ်ပေါ်ပြီး လူ၊ နတ်၊ ဗြဟ္မာဇာတိရပါတယ်၊ (အဆန်လမ်း)

အမောဟစိတ်ကို အစားထိုးရှုမှတ်ပွားများမယ်ဆိုရင် မဂ်ဇောဖြစ်ပြီး နိဗ္ဗာန်ရမှာဖြစ်ပါတယ်။ (နိဗ္ဗာန်လမ်း)

ဘုရားရှင်ဟောထားတာက -

မကောင်းမှုရှောင်ရင် အပါယ်လေးဘုံဇာတိလွတ်မယ်။

ကောင်းမှုဆောင်ရင် လူ၊ နတ်၊ ဗြဟ္မာ ဇာတိတွေရမယ်။

ဖြူအောင်စိတ်ကိုထားဆိုတာက လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ မဖြစ်ပဲ အမောဟ ပညာနဲ့ ခန္ဓာငါးပါးရဲ့သဘောအမှန်ကို အရှိအရှိအတိုင်း သိနေမယ်ဆိုရင် ဖြူစင်နေတဲ့အတွက် နိဗ္ဗာန်လမ်းကို ရောက်ပါလိမ့်မယ်။ သံသရာဝဋ်ဆင်းရဲဒုက္ခအပေါင်းက ကင်းလွတ်ချင်ရင်တော့ နိဗ္ဗာန်လမ်းကို လျှောက်ရပါမယ်။ နိဗ္ဗာန်လမ်းရောက်ပို့ ဝိပဿနာတရားပွားများအားထုတ်ကြပါ။ အာရုံသိသဘောနှင့် ခန္ဓာလမ်းစဉ်ပုံကို လေ့လာလို့ရှိရင် နားလည်ပါလိမ့်မည်။

(အာရုံသိသဘောနှင့် ခန္ဓာ့လမ်းစဉ်ပုံကိုကြည့်ပါ)




အာရုံသိသဘောနှင့် ခန္ဓာလမ်းစဉ်အကြောင်းကို ''စူဠသောတာပန်ဉာဏ်နှင့် မြတ်ဗုဒ္ဓ၏ အလုပ်ပေးတရားတော်'' စာအုပ်၌ ဖတ်ရှုလေ့လာနိုင်ပါသည်။

## အာရုံဒွါရတည်ဆောက်ပုံ

ဒွါရ(၆)ပါးတည်ဆောက်ပုံကို ပိုင်းလော့ဆရာတော်ဟောကြားထားတဲ့အတိုင်း တင်ပြပါ့မယ်။ ဘုရားရှင်က ပင့်ကူအိမ်နဲ့ ဥပမာပေးခဲ့ပါတယ်။ ရှေးတုန်းက ဆေးကျမ်းပညာ၊ ခန္ဓာဗေဒပညာတွေ မထွန်းကားသေးတော့ ဘုရားရှင်က အားလုံးနားလည်လွယ်အောင် ပင့်ကူအိမ်နဲ့ဥပမာပေးခဲ့တာတဲ့။ ပင့်ကူအိမ်ဟာ အားလုံးသိတဲ့အတိုင်း အိမ်ဖွဲ့ရင်ကြိုးတွေသွယ်ထားပါတယ်။ အလယ်မှာ ခပ်စိပ်စိပ်လေးယက်ပြီး ပင့်ကူက အလယ်မှာ ထိုင်ပါတယ်။ ကြိုးတစ်ချောင်းမှာ ပိုးကောင်လေးတစ်ကောင် လာငြိတယ်၊ ကြိုးလှုပ်တော့ပိုးကောင်ရှိရာသွားတယ်။ သွားပြီးအဲဒီမှာ ပိုးကောင်ကိုမစားဘူး၊ အလယ်မှာ ပြန်ယူပြီးစားတာ။ ကျွန်တော်တို့ရဲ့နောက်ကျောအလယ်မှာ ကျောရိုးမကြီးက ဦးခေါင်းကတစ်ဆင့် မြီးညောင်းရိုးအထိအောင်ရှိတယ်။ အဲဒီကျောရိုးကြီးက ရေခဲမုန့်ခွက်ကလေးတွေထပ်ပြီးထားသလိုပဲ အလယ်မှာ ခေါင်းပွကြီးဖြစ်နေပါတယ်။ အဲဒီခေါင်းပွကြီးထဲမှာ အသားပိတ် အာရုံကြောမကြီးက တောက်လျှောက်ရှိတယ်။ ကြက်လည်ပင်းရိုးကို ချိုးလိုက်တဲ့အခါ အထဲကအဖြူရောင် အဆံအတိုင်း ပါဘဲ၊ အဲဒီအာရုံကြောမကြီးက ဦးနှောက်နဲ့ဆက်သွယ်ထားတယ်၊ တစ်ခါဦးနှောက်နဲ့နှလုံးအိမ်ကလည်း သွေးလွှတ်ကြော သွေးပြန်ကြောတွေနဲ့ ဆက်သွယ်ထားတယ်။ ပြီးရင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်အနှံ့မှာရှိတဲ့ အကြည်ရုပ်တွေနဲ့ ဆက်သွယ်ထားပါတယ်။ (၁)ကမျက်လုံး၊ (၂)ကနားအကြည်ဓါတ်၊ (၃)ကနှာခေါင်းအကြည်ဓါတ်၊ (၄)ကလျှာအကြည်ဓါတ် (၅)ကကိုယ်အနှံ့ အာရုံကြောတွေကို ဆက်သွယ်ထားပြီး ဘဝင်မှာထိုင်တယ်။ အိပ်နေရင်ဘဝင်စိတ်ဖြစ်နေလို့ ငါးဒွါရနဲ့ အဆက်အသွယ်မရဘူး၊ အာရုံဒွါရတိုက်ပေမယ့်လည်း နာမ်ခန္ဓာလေးပါးဖြစ်တဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တွေမပေါ်ဘူး၊ နိုးတဲ့အခါ ဝီထိစိတ်က အကုန်ဆက်သွယ်လိုက်တာပါ။

ဥပမာ- နားမှာအသံတိုက်ပြီဆိုလှုပ်သွားမယ်၊ တိုက်တယ်ဆိုရင် ဒီနာမ်လေးပါးက နားမှာ လာပေါင်းပြီးသားဖြစ်သွားတယ်။ သဘောကတော့ နားမှာကြားခန္ဓာငါးပါးဖြစ်ပြီး ချုပ်ပျောက် သွားတယ်။ ကာလမခြားဘဲ မနောမှာပြန်ထိုင်ပြီးကျက်စားတယ်၊ (ဝါ) မနောမှာခန္ဓာငါးပါးထပ်ပေါ်ပြီး ချုပ်ပျောက်သွားပြန်တယ်။ အဲဒီအစဉ်အတိုင်းကိုပဲ ဘုရားဟောခဲ့တာ။ အဲဒီ ၂-ခုကို ဝီထိစဉ်နဲ့ ပြောမယ်ဆိုရင် နားမှာအသံတိုက်ချိန်၌ ဘဝင်အားဖြင့် အတီတဘဝင်ဖြစ်တယ်။ ဘဝင်လှုပ်ပြီး ဘဝင်ပြတ်လပ်ပြီးတော့မှ အာဝဇ္ဇနဖြစ်တယ်၊ ငါးဒွါရမှာဝိညာဏ်ဖြစ်ခွင့်ရတယ်၊ တစ်နေရာစီ၊

## အာရုံဒွါရတည်ဆောက်ပုံ




၁ – မျက်စိအကြည် (သန်းဦးခေါင်းပမာဏ)
၂ – နားအကြည် (ကြေးနီလက်စွပ်ကွင်းပမာဏ– အမွေးလိမ်)
၃ – နှာခေါင်းအကြည် (ဆိတ်ခွာ သဏ္ဍာန်)
၄ – လျှာအကြည် (ကြာရွက်သဏ္ဍာန်)
၅ – ဆံပင်၊ လက်သည်းစသည်အာရုံကြော မရောက်သည့် နေရာတို့မှအပ –ထိလျှင်သိနိုင်သောနေရာအားလုံး။

မျက်စိမှာတိုက်လည်းဒီအတိုင်းပဲ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် တိုက်ရင် ငါးနေရာမှာ ဒီအတိုင်းပဲ၊ ပဉ္စဝိညာဏ်ငါးပါး ပဉ္စဝိထိလို့ခေါ်ပါတယ်။ ပြီးရင် သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ပထမအကြိမ် ဆုံးဖြတ်ချက်မပီပြင်သေးဘူး။ တစ်ခါ မနောမှာထပ်ပြီး အာဝဇ္ဇနဖြစ်တယ်၊ ဝုဋ္ဌောခေါ်တယ်။

မနောဝိညာဏ် ဖြစ်တယ်၊ လက်ခံတယ်၊ စုံစမ်းတယ်၊ ပြီးရင် မနောဒွါရဝဇ္ဇန်းကဆုံးဖြတ်တယ်၊ ၂-ကြိမ်ဖြစ်ပါတယ်၊ အာရုံ ၅-ပါးနဲ့ ဒွါရ ၅-ပါးတွေ့ကြချိန်မှာ-

စက္ခုဒွါရမှာဆိုရင် အလင်းရောင်လိုပါတယ်။ မြင်စရာရူပါရုံလည်းရှိတယ်၊ မြင်နိုင်စွမ်းတဲ့ စက္ခုပသာဒ လည်းရှိတယ်၊ ဒါပေမယ့်အလင်းရောင်မရှိတဲ့အရပ်မှာဆိုရင် မမြင်နိုင်ပါဘူး၊ မမြင်ရင် မြင်မှုခန္ဓာမပေါ်တော့ဘူး။ ဒီအတိုင်းပဲ အသံနဲ့ နား တွေ့ချိန်မှာ လေရောက်နိုင်တဲ့ အပေါက် အကြားလိုပါတယ်။

အနံ့နဲ့ နှာခေါင်းတွေ့ချိန်မှာ လေလိုပါတယ်။ ပြီးတော့လျှာနဲ့ အရသာတွေ့ချိန်မှာ အာပေါခေါ် အရည်လိုတယ်။ အစာအဟာရဟာ ခြောက်သွေ့နေရင် အရသာမပေါ်ပါဘူး။ ကိုယ်နဲ့အတွေ့မှာ ပထဝီဓါတ်လိုပါတယ်။ ကာယပသာဒရဲ့ မှရာမဟာဘုတ်မှာ ပထဝီဓါတ်က အချုပ်ပဲ။

အာရုံနဲ့ ဒွါရ မထိတဲ့အချိန်မှာတော့ ဘဝင်စိတ်ဖြစ်နေပါတယ်၊ ဘဝင်စိတ်မှာ အသိမရှိပါဘူး၊ ကံ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးမှာ တစ်ပါးပါးကိုသာ အာရုံပြုနေတာပါ၊ ပင်ကိုယ်အာရုံသဘောကနေ တစ်မျိုး ဖြစ်သွားတာကို ဘဝင်လှုပ်တယ်လို့ခေါ်ပါတယ်တဲ့၊ နိုးကြားသွားတဲ့သဘောဖြစ်ပါတယ်။ အဲဒီကနေ မနောဒွရ ဝဇ္ဇန်းကျမှ အာရုံနဲ့ဒွါရအပေါ်လိုက်ပြီး ဆင်ခြင်ရုံပဲရှိပါသေးတယ်။ ဝုဋ္ဌောလို့ ခေါ်ပါတယ်၊ ဝုဋ္ဌောပြီးမှ ဇော(၇)ကြိမ် ဖြစ်ပါတယ်။ အဲဒီကျမှ ဇောအလိုက် ကုသိုလ် အကုသိုလ် ဖြစ်ပါတယ်၊ ဒီဝုဋ္ဌောမှာတော့ ဆင်ခြင်ပြီး ဆုံးဖြတ်တဲ့ အပိုင်းရောက်ပါပြီ၊ အာဝဇ္ဇန်းမတိုင်မီအထိ ကုသိုလ် အကုသိုလ်မဖြစ်သေးပါဘူး။ ဇော(၇)ကြိမ်ကျပါတယ်။ ပထမဇောတစ်ကြိမ်၊ သတ္တမဇော တစ်ကြိမ်နဲ့ အလယ်ဇော ၅-ကြိမ်ဖြစ်ပါတယ်။ မနောတွင်ဖြစ်ပေါ်သော စိတ်အတိုင်း အကျိုးပေးတဲ့ သတ္တိတွေဟာ အသွေးအသားရိုးတွင်းချဉ်ဆီတွေမှာ ကိန်းပါတော့တယ်။ ဆိုလိုတာက-

| | | |
|---|---|---|
| လောဘဇော ဆိုရင် အကျိုးပေးလာရာဂတိက | ပြိတ္တာ | အစုန်လမ်း |
| ဒေါသဇော ဆိုရင် အကျိုးပေးလာရာဂတိက | ငရဲ | |
| မောဟဇော ဆိုရင် အကျိုးပေးလာရာဂတိက | တိရစ္ဆာန် | |
| အလောဘဇော ဆိုရင် အကျိုးပေးလာရာဂတိက | လူ၊ နတ် | အဆန်လမ်း |
| အဒေါသဇော ဆိုရင် အကျိုးပေးလာရာဂတိက | လူ၊ နတ်၊ ဗြဟ္မာ | |
| အမောဟဇော ဆိုရင် အကျိုးပေးလာရာဂတိက | နိဗ္ဗာန်လမ်း — | နိဗ္ဗာန်လမ်း |

လမ်းသုံးလမ်းကိုသွားမယ့် သတ္တဝါတွေ အသွေးအသားမှာကိန်းသွားပါတယ်။ သေခါနီးကျတော့ အသွေးအသားမှာအကိန်းများတဲ့သတ္တဝါဓာတွေကြောင့် ဆိုင်ရာဆိုင်ရာအကျိုးပေးတဲ့ဘုံကို ရောက်ရခြင်းဖြစ်ပါတယ်။ ဒါကြောင့်အပါယ်လေးပါးမကျရောက်အောင် ကောင်းသော သုဂတိ ရောက်အောင် အဆန်လမ်းသတ္တဝါတွေဖြစ်တဲ့ အလောဘ၊ အဒေါသတရားတွေ များများကျင့်ကြံ အားထုတ်ထားဖို့လိုပါတယ်။ (၃၁)ဘုံကလွတ်ချင်ရင်တော့ အမောဟ ဝိပဿနာပညာတွေ အသွေး အသားမှာ သတ္တဝါကိန်းအောင် ကြိမ်ဖန်များစွာ ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းပါရစေ။

## ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်(အကျဉ်း)

ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကို အကျဉ်းသဘောတင်ပြသွားပါမယ်။ ပထမထုတ်ဝေခဲ့သော စူဋသောတာပန်နှင့်မြတ်ဗုဒ္ဓ၏အလုပ်ပေးတရားစာအုပ်တွင် ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကို တော်တော် ပြည့်စုံအောင်တင်ပြထားပြီး ဖြစ်ပါသည်။ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကိုမတင်ပြမီ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးတို့အား ဆရာတော်ဘုရားကြီး ရေးစပ်သီကုံးထားသော မူလနှစ်ဖြာ လင်္ကာဆောင်ပုဒ်နှင့် အဖြေ၊ အဝိဇ္ဇာနှင့်တဏှာအရင်းခံ လင်္ကာ ဆောင်ပုဒ်တို့ဖြင့် ပူဇော်ကန်တော့လိုက်ကြပါစို့။

### မူလနှစ်ဖြာလင်္ကာဆောင်ပုဒ်

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့် ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို အလွယ် ကျက်မှတ်၊ သိစေအပ်သည် သံသရာမှလွတ်ကြောင်းတည်း ။

### မူလနှစ်ဖြာလင်္ကာဆောင်ပုဒ်နှင့်အဖြေ

မူလနှစ်ဖြာ(အဝိဇ္ဇာနှင့်တဏှာ)၊ သစ္စာနှစ်ခု(သမုဒယသစ္စာ၊ ဒုက္ခသစ္စာ)၊ လေးခုအလွှာ(အတိတ် အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊ ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာ)၊ အင်္ဂါတစ်ဆယ့်နှစ်ပါး (အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာမရဏ)၊ တရားကိုယ်များနှင့်သုံးပါးအစပ်(သင်္ခါရနဲ့ဝိညာဏ်တစ်စပ်၊

ဝေဒနာနဲ့ တဏှာ တစ်စပ်၊ ကမ္မဘဝနဲ့ဇာတိတစ်စပ်)၊ နှစ်ရပ်မူလ၊ဝဋ္ဋ်သုံးဝနှင့်(ကိလေသဝဋ္ဋ်၊ ကမ္မဝဋ္ဋ်၊ ဝိပါကဝဋ္ဋ် ... ကိလေသဝဋ္ဋ် သုံးပါး(အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်) ကမ္မဝဋ္ဋ်နှစ်ပါး(သင်္ခါရနှင့်ကမ္မဘဝ) ဝိပါကဝဋ္ဋ်ရှစ်ပါး(ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာမရဏ၊ ဥပပတ္တိဘဝ)၊ ကာလသုံးဖြာ(လွန်လေပြီးသောအတိတ်ကာလ၊ ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ၊ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ)၊ ခြင်းရာနှစ်ဆယ်(အတိတ်အကြောင်းအခြင်းအရာ ငါးပါး၊ ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါး၊ ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါး၊ အနာဂတ်အကျိုးအခြင်းအရာ ငါးပါး၊ (အတိတ်အကြောင်းအခြင်းအရာငါးပါး- အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။ ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါး- ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါး-တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ။ အနာဂတ်အကျိုးအခြင်းအရာငါးပါး- ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။) ဤရှစ်သွယ်ကို အလွယ်ကျက်မှတ်၊ သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

## အဝိဇ္ဇာနှင့်တဏှာအရင်းခံ လင်္ကာဆောင်ပုဒ်

အဝိဇ္ဇာနှင့်တဏှာအရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်နာမ်ရုပ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်၊ ဖြစ်ပြန်နည်းအလျော်၊ ဗြဟ္မာသိကြား စသည်များက ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်ရလာရမှု မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မျှော် . . . သာဓု . . သာဓု . . သာဓု . . .။

## ပဋိစ္စသမုပ္ပါဒ်အနုလုံပါဠိ

အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာမရဏ၊ သောကပရိဒေဝ၊ ဒုက္ခ ဒေါမန ဿုပါယာသ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ ။

လွန်လေပြီးသော အတိတ်ကာလက သမုဒယသစ္စာဖြစ်သည့် အဝိဇ္ဇာ မသိ၍ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနဉ္ဇာဘိ သင်္ခါရတွေ ပြုလုပ်ခဲ့သဖြင့် ပုညာဘိသင်္ခါရကြောင့် ယခုဘဝပစ္စုပ္ပန် ကာလ၌ ဒုက္ခသစ္စာဖြစ်သော လူနတ် ခန္ဓာငါးပါးဖြစ်သည့်(ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)ဆိုသည့် ပဋိစ္စသမုပ္ပါဒ်ခန္ဓာငါးပါးရရှိလေသည်။

အပုညာဘိသင်္ခါရကြောင့် ယခုဘဝ ပစ္စုပ္ပန်ကာလ၌ ဒုက္ခသစ္စာဖြစ်သော အပါယ်လေးဘုံ ခန္ဓာဖြစ်သည့် (ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)ဆိုသည့် ပဋိစ္စသမုပ္ပါဒ် ခန္ဓာ ငါးပါးရရှိလေသည်။

အာနဉ္ဇာဘိသင်္ခါရကြောင့် ယခုဘဝပစ္စုပ္ပန်ကာလ၌ ဒုက္ခသစ္စာဖြစ်သော ဗြဟ္မာခန္ဓာ ဖြစ်သည့်(ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ဆိုသည့် ပဋိစ္စသမုပ္ပါဒ် ခန္ဓာငါးပါးရရှိလေသည်။

မည်သို့ပင် အပါယ်လေးဘုံသားခန္ဓာ၊ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာများရရှိသော်လည်း ခန္ဓာရသည်နှင့် (ရာဂ၊ ဒေါသ၊ မောဟ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ)တည်းဟူသော မီး(၁၁)မီးတို့လောင်ကျွမ်းခံရသဖြင့် ဒုက္ခသစ္စာမည်ပေသည်။ မိမိရရှိသော ခန္ဓာကို ဒုက္ခသစ္စာဟု မသိမှု အဝိဇ္ဇာကြောင့် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ တည်းဟူသော တဏှာသုံးမျိုးကြောင့် ဥပါဒါန် စွဲလန်းဖြစ်ပြီး ကမ္မဘဝဆိုသည့် (ကာယကံ၊ ဝစီကံ၊ မနောကံ) တစ်နည်း ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနဉ္ဇာဘိသင်္ခါရတို့ကို ပြုလုပ်ကြလေသည်။ ၎င်းတို့သည် ခန္ဓာရကြောင်း သစ္စာဖြစ်သဖြင့် သမုဒယသစ္စာ ဖြစ်လေသည်။

၎င်းသမုဒယသစ္စာဖြစ်သော တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့ကြောင့် နောင်ဖြစ်လတ္တံ့ အနာဂတ် ကာလတွင် ဒုက္ခသစ္စာဖြစ်သည့် အပါယ်လေးဘုံဇာတိ၊ လူနတ်ဇာတိ၊ ဗြဟ္မာဇာတိများ ထပ်မံ ရရှိလေသည်။ ဇာတိရသောကြောင့် အိုခြင်း၊ သေခြင်းတရားများ မလွတ်နိုင်သဖြင့် နောက်ထပ်တစ်ဖန် သေပွဲဝင်ခဲ့ရပြန်ပါသည်။

အဝိဇ္ဇာနှင့်တဏှာအရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်ရုပ်နာမ်ပေါ်ဆိုသည့်အတိုင်း ခန္ဓာငါးပါးကို ဒုက္ခသစ္စာဟု မသိမှုအဝိဇ္ဇာကြောင့် ယခုလက်ရှိဘဝ၊ နောင်ဘဝတို့ကိုလိုချင်သည့်တဏှာဖြင့် ဥပါဒါန်

စွဲစွဲလန်းလန်းဖြစ်ပြီး ကုသိုလ်ကံ၊ အကုသိုလ်ကံများကို အားထုတ်ခဲ့ကြပေသည်။ ထိုအားထုတ်မှုကြောင့် အပါယ်လေးဘုံ၊ လူ၊ နတ် ဗြဟ္မာ နာမ်ရုပ်များ ဖြစ်ပေါ်လာရပေသည်။

အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်၊ ဆိုသည့်အတိုင်း အပင်မှမျိုးစေ့တွေရ မျိုးစေ့မှအပင် ပြန်ဖြစ်သကဲ့သို့ ဆက်စပ်နေပြီး ကာယကံ၊ ဝစီကံ၊ မနောကံ(ဝါ) ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနဉ္စာဘိသင်္ခါရတွေကြောင့် (၃၁)ဘုံသား ခန္ဓာ(နာမ်ရုပ်)တွေရ။ နာမ်ရုပ်တွေရတော့ ကံတွေပြန်လုပ် သဖြင့် အကြိမ်ကြိမ် အဖန်ဖန် သံသရာရေယဉ်ကြောတွင် မြုပ်မျော၊ ပေါ်မျော မျောနေရပေသည်။

ဗြဟ္မာသိကြား စသည်များက ထင်ရှားပြုပြင် စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့် လူနတ်များစွာ သတ္တဝါတို့ ဖြစ်လာရမှုမဟုတ်ဟု ဉာဏ်ဖြင့်ရှု၍မြှော် ဆိုသည့်အတိုင်း လူနတ်များစွာ သတ္တဝါ ခန္ဓာတွေ ဖြစ်လာရခြင်းသည် ဗြဟ္မာသိကြားတို့မှ ပြုပြင်စီရင် ဖန်ဆင်းထားခြင်းကြောင့် မဟုတ်ဘဲ ကံတွေပြုလုပ်၍ ခန္ဓာတွေရ ခန္ဓာတွေရတော့ကံတွေပြန်လုပ်သဖြင့် ခန္ဓာတွေဖြစ်ရကြောင်း ဉာဏ်ဖြင့် သိနိုင်လေသည်။

နံပါတ်(၁) အကွက်တွင် ခန္ဓာငါးပါးကို ဒုက္ခသစ္စာဟု မသိသော အဝိဇ္ဇာကြောင့် နံပါတ်(၄) အကွက် မရဏ သေခြင်းဖြင့် အဆုံးသတ်ရလေသည်။ ဒါကြောင့် စွန်းလွန်းဆရာတော်ဘုရားကြီးက-

" မသိတော့လိုချင်၊ လိုချင်တော့စွဲလန်း၊ စွဲလန်းတော့အားထုတ်၊ အားထုတ်တော့ရရှိ၊ ရရှိတော့ ခံကြပေရော့"လို့ဆိုခဲ့ပါတယ်။ ဒါကြောင့်သိရင် မလိုချင် မလိုချင်ရင် မစွဲလန်း၊ မစွဲလန်းရင် အားမထုတ်၊ အားမထုတ်တော့ ခန္ဓာမရ၊ ခန္ဓာမရရင် ဒုက္ခခံစရာမရှိတော့ပါ။ မီး(၁၁)မီးတို့၏လောင်ကျွမ်းသော ဒုက္ခကိုသိ၍ ခန္ဓာမလိုချင်ပါက ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုရမှာ ဖြစ်ပါတော့သည်။ဝေဒနာပစ္စယာတဏှာ ပဋိစ္စသမုပ္ပါဒ်လည်လမ်း ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်ပဋိလုံပါဠိ

အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓါ သင်္ခါရနိရောဓေါ၊ သင်္ခါရနိရောဓါ ဝိညာဏနိရောဓေါ၊ ဝိညာဏနိရောဓါ သဠာယတနနိရောဓေါ၊ သဠာယတနနိရောဓါ ဖဿနိရောဓေါ၊ ဖဿနိရောဓါ ဝေဒနာနိရောဓေါ၊ ဝေဒနာနိရောဓါ တဏှာနိရောဓေါ၊ တဏှာနိရောဓါ ဥပါဒါနနိရောဓေါ၊

ဥပါဒါနန်နိရောဓါ ဘဝနိရောဓေါ၊ ဘဝနိရောဓါ ဇာတိနိရောဓေါ၊ ဇာတိနိရောဓါ ဇရာမရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမန သုပါယာသ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓေါ ဟောတိ။

အဝိဇ္ဇာဆိုတဲ့ မသိမှုမောဟ ချုပ်လျှင် သင်္ခါရချုပ်ပါတယ်၊(အဝိဇ္ဇာချုပ်တယ်ဆိုတာ ခန္ဓာငါးပါးကို ဒုက္ခသစ္စာလို့မသိတဲ့မောဟကနေ ဒုက္ခသစ္စာလို့သိတဲ့ ဝိဇ္ဇာ(ပညာ) ဝင်လာတာကို ဆိုပါတယ်။

သင်္ခါရချုပ်တော့ ဝိညာဏ် (ပဋိသန္ဓေဝိညာဏ်) မလာတော့ပါဘူး။

| | |
|---|---|
| ဝိညာဏ် | မလာရင် နာမ်ရုပ်(ခန္ဓာငါးပါး) မလာတော့ပါဘူး။ |
| နာမ်ရုပ် | မလာရင် သဠာယတန မဖြစ်တော့ပါဘူး။ |
| သဠာယတန | မဖြစ်ရင် ဖဿ မပေါ်တော့ပါဘူး။ |
| ဖဿ | မပေါ်ရင် ဝေဒနာ မရှိတော့ပါဘူး။ |
| ဝေဒနာ | မရှိရင် တဏှာ မကူးတော့ပါဘူး။ |
| တဏှာ | မကူးရင် ဥပါဒါန် မမြောက်တော့ဘူး။ |
| ဥပါဒါန် | မမြောက်ရင် ဘဝ မဖြစ်တော့ပါဘူး။ |
| ဘဝ | မဖြစ်ရင် ဇာတိ မလာတော့ပါဘူး။ |
| ဇာတိ | မလာရင် အိုနာသေကလွတ်ပါပြီ . . . အိုနာသေလွတ်ရာ နိဗ္ဗာန်ပါ။ |

ထို့ကြောင့် အိုနာသေလွတ်ရာ နိဗ္ဗာန်ကို ရဖို့အတွက် အဝိဇ္ဇာကနေ ဝိဇ္ဇာဖြစ်အောင် နာယူမှတ်သား ကျင့်ကြံပွားများအားထုတ်ကြပါ။

ဝေဒနာနိရောဓါ တဏှာနိရောဓေါ ပဋိစ္စသမုပ္ပါဒ် ထွက်လမ်းဖြစ်လေသည်။

**မူလနှစ်ဖြာ (အဝိဇ္ဇာနှင့်တဏှာ)**

နံပါတ်(၂) အကွက်တွင်ရှိ ဒုက္ခသစ္စာဖြစ်သော (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ခန္ဓာငါးပါးရရှိခြင်းသည် နံပါတ်(၁)အကွက်တွင်ရှိ သမုဒယသစ္စာဖြစ်သော (အဝိဇ္ဇာနှင့်သင်္ခါရ) တို့ကြောင့် ဖြစ်လေသည်။ အဝိဇ္ဇာသည် ယခုဘဝ ခန္ဓာငါးပါးရခြင်း၏ အဓိကလက်သည် မူလပထမ ဖြစ်သည်။

ထို့အတူ နံပါတ်(၄)အတွက် ဇာတိ(ဇာတိဖြစ်ရင် ခန္ဓာငါးပါးရသည်) ဇရာ မရဏ တည်းဟူသော ဒုက္ခသစ္စာဖြစ်ရခြင်းသည် နံပါတ်(၃)အကွက်တွင်ရှိ သမုဒယသစ္စာဖြစ်သော (တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ) တို့ကြောင့်ဖြစ်လေသည်။ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလတွင် ခန္ဓာငါးပါး ထပ်ရခြင်း၏ မူလအကြောင်းရင်းမှာ တဏှာဖြစ်သည်။

ထို့ကြောင့်ယခုဘဝခန္ဓာငါးပါးရခြင်း၏ အဓိကလက်သည်ဖြစ်သော အဝိဇ္ဇာနှင့် နောင်ဘဝ ခန္ဓာငါးပါး ရရှိခြင်း၏ လက်သည်ဖြစ်သော တဏှာတို့ကို မူလနှစ်ဖြာဟုခေါ်လေသည်။

## သစ္စာနှစ်ခုဖြင့်လည်ပုံ

နံပါတ်(၁)အကွက်လွန်လေပြီးသော အတိတ်ကာလက ဒုက္ခဖြစ်ကြောင်းသစ္စာဖြစ်သည်။ **သမုဒယသစ္စာ** ကြောင့် နံပါတ်(၂)အကွက် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလတွင် **ဒုက္ခသစ္စာ(ခန္ဓာငါးပါး)** ရ ရလေသည်။ ခန္ဓာငါးပါးကို ဒုက္ခသစ္စာမသိမှု အဝိဇ္ဇာကြောင့် နံပါတ်(၃)အကွက်တွင်ရှိ တဏှာ၊ ဥပါဒါန်၊ ကံတည်းဟူသော **သမုဒယသစ္စာ**တွေ ထပ်မံပြုလုပ်သဖြင့် နံပါတ်(၄)အကွက်တွင်ရှိ **ဒုက္ခသစ္စာ**ဖြစ်သော ဇာတိ(ခန္ဓာငါးပါး) ဇရာမရဏတို့ ထပ်မံရရှိလေသည်၊ ပုထုဇဉ်တို့သည် ပညာ မျက်စိ မရှိသောကြောင့် -

**သမုဒယသစ္စာ**တွေလုပ်လိုက် **ဒုက္ခသစ္စာ**တွေရလိုက် သမုဒယသစ္စာတွေ ထပ်လုပ်လိုက် ဒုက္ခသစ္စာတွေ ထပ်ရလိုက်နှင့် သံသရာရေအလျဉ်ကြောတွင် အယုတ်သစ္စာနှစ်ခုဖြင့်သာ လည်ပတ်နေခဲ့သည်မှာ သံသရာအစမှ ယနေ့တိုင်အောင်ပင် ဖြစ်ပေသည်။ အမှန်တရားကိုသိသော ဝိဇ္ဇာဉာဏ်မရပါက နောင်ရှည်လျားလှသော သံသရာတွင် အယုတ်သစ္စာနှစ်ပါးဖြင့်သာ ထပ်မံ လည်ပတ်ပြီး (၃၁)ဘုံ၌ မြုပ်မျော ပေါ်မျော မျောရပေဦးမည်။

ဝိဇ္ဇာဉာဏ်ရမှသာ အမြတ်သစ္စာနှစ်ပါးဖြစ်သော နိရောဓနှင့် မဂ္ဂသစ္စာဝင်လာ၍ ပဋိစ္စသမုပ္ပါဒ်ထွက်လမ်းဖြင့်သံသရာမှ အပြီးတိုင်လွတ်မြောက်နိုင်ပေသည်။ ဝိဇ္ဇာဉာဏ်ရရန် ကြိုးစား အားထုတ်ကြပါ ။

**သုံးပါးအစပ်**

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းတွင် အစပ်သုံးစပ်ရှိသည်-

၁။ သင်္ခါရနှင့် ဝိညာဏ်အစပ် (သေပြီးမှစပ်ရသည့်အတွက် **အသေစပ်** ခေါ်သည်)

၂။ ဝေဒနာနှင့် တဏှာအစပ် (မသေခင်စပ်သည့်အတွက် **အရှင်စပ်** ခေါ်သည်)

၃။ ကမ္မဘဝနှင့် ဇာတိအစပ် (သေပြီးမှစပ်ရသည့်အတွက် **အသေစပ်** ခေါ်သည်)

အသေစပ် ၂-စပ်နှင့် အရှင်စပ်တစ်စပ်ရှိသည်။ ပဋိစ္စသမုပ္ပါဒ်အလည်ရပ်ရန် အသေစပ် ၂-စပ်မှ ဖြတ်၍မရ၊ အရှင်စပ်၌သာ ဖြတ်ရပေမည်။ အရှင်စပ်မှာ ဝေဒနာနှင့် တဏှာ အစပ်ဖြစ်သည်။

## ဝဋ်သုံးဝနှင့်လည်ပုံ

ဝဋ်အနေနဲ့ သုံးပါးရှိပါသည်။ ၁။ ကိလေသဝဋ် ၂။ ကမ္မဝဋ် ၃။ ဝိပါကဝဋ် တို့ဖြစ်လေသည်။

**ကိလေသဝဋ်သုံးပါးမှာ -**

၁။ အဝိဇ္ဇာ

၂။ တဏှာ

၃။ ဥပါဒါန် တို့ဖြစ်ပြီး။

**ကမ္မဝဋ်နှစ်ပါးမှာ-**

၁။ သင်္ခါရနှင့်

၂။ ကမ္မဘဝ တို့ဖြစ်ပါသည်။

**ဝိပါကဝဋ်ရှစ်ပါး-**

၁။ ဝိညာဏ်

၂။ နာမ်ရုပ်

၃။ သဠာယတန

၄။ ဖဿ

၅။ ဝေဒနာ

၆။ ဇာတိ

၇။ ဇရာ မရဏ

၈။ ဥပပတ္တိဘဝ တို့ဖြစ်လေသည်။

ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်ရသည်။

ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်ရလေသည်။ တစ်နည်းဆိုသော်-

နံပါတ်(၁)အကွက် သမုဒယသစ္စာဖြစ်သော ကိလေသဝဋ် နှင့်ကမ္မဝဋ်နှစ်ပါးကြောင့် နံပါတ်(၂) အကွက်တွင် ဒုက္ခသစ္စာဖြစ်သည့် ဝိပါကဝဋ်ရခြင်းဖြစ်ပေသည်။

ယခုဖြစ်ဆဲ ပစ္စုပ္ပန်ဘဝတွင် ထပ်မံ၍ သမုဒယသစ္စာဖြစ်သော ကိလေသဝဋ်နှင့် ကမ္မဝဋ် နှစ်ပါးကိုထပ်မံ ပြုလုပ်ကြသဖြင့် နောင်ဖြစ်လတ္တံ့ အနာဂါတ်ကာလ၌ ဒုက္ခသစ္စာဖြစ်သော ဝိပါကဝဋ် ထပ်မံရခြင်းဖြစ်လေသည်။ ထို့ကြောင့် နံပါတ်(၁)အကွက်က ကိလေသဝဋ်နှင့် ကမ္မဝဋ်၊ ၎င်းဝဋ်ကြောင့် နံပါတ်(၂)အကွက်တွင် ဝိပါကဝဋ် ရသည်။ ၎င်းဝိပါကဝဋ်ကို ဒုက္ခသစ္စာမှန်းမသိ၍ နံပါတ်(၃)အကွက်၌ ကိလေသဝဋ်နှင့် ကမ္မဝဋ်များ ထပ်မံပြုလုပ်ခဲ့သဖြင့်နံပါတ်(၄) အကွက်တွင် ဝိပါကဝဋ် ထပ်မံရရှိနေ လေသည်။ ဤနည်းအားဖြင့် သံသရာအစမှ ယနေ့တိုင်အောင် လည်နေရခြင်းဖြစ်သည်။

ဆက်လက်၍ ဝိပဿနာဉာဏ်ဖြင့် မဖြတ်ပါက နောင်ရှည်လျားလှသော သံသရာတွင် ဆက်လက် မျောပါရပေဦးမည်။ ခန္ဓာငါးပါး၏ ဒုက္ခသစ္စာကို အမှန်အတိုင်း ရှုမြင်ပါက ကိလေသာ (၁၅၀၀)မလာတော့ပေ။ ဝဋ်သုံးပါးကထွက်မြောက်လိုပါက ဝိပါကဝဋ်နှင့် ကိလေသဝဋ် နှစ်ခုကြားမှ ထွက်ရပေမည်။ ဝိပါကဝဋ်ကို အမှန်အတိုင်း ဒုက္ခရယ်လို့သိလျှင် ကိလေသာမဖြစ်တော့တဲ့အတွက် ကိလေသဝဋ်မှ လွတ်မြောက်ပေတော့သည်။ ကိလေသဝဋ်မှ လွတ်မြောက်လျှင် ကမ္မဝဋ်လည်း မပေါ်တော့ပေ။ ကမ္မဝဋ်မပေါ်ပါက အဘယ်မှာလျှင် ဝိပါကဝဋ် လာပါအံ့တော့မည်နည်း။ ဝဋ်သုံးပါးက လွတ်ရင် ပဋိစ္စသမုပ္ပါဒ်ရပ်ပါပြီ ။

## အခြင်းရာနှစ်ဆယ်ဖြင့်လည်ပုံ

အခြင်းအရာနှစ်ဆယ်ဆိုတာ-

အတိတ်အကြောင်းအခြင်းအရာငါးပါး (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ)

ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)

ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါး (တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ)

အနာဂတ်အကျိုးအခြင်းအရာငါးပါး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)

စုစုပေါင်းအခြင်းအရာနှစ်ဆယ်ဖြစ်ပါတယ်။

အကြောင်းအခြင်းအရာတွေဖြစ်တဲ့ အတိတ်အကြောင်းအခြင်းအရာငါးပါးနဲ့ ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါးတွေကို ကြည့်မယ်ဆိုရင် (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ) ဆိုတဲ့ ၅-မျိုးသာတွေ့ရပါမယ်။ အဲဒီငါးပါးကလည်း ကိလေသဝဋ္ဋ-၃ပါးနဲ့ ကမ္မဝဋ္ဋ ၂-ပါးပေါင်းထားတာပါ။

အကျိုးအခြင်းအရာတွေဖြစ်တဲ့ ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါးနဲ့ အနာဂတ်အကျိုးအခြင်းအရာငါးပါးတွေကိုကြည့်မယ်ဆိုရင်လည်း (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ဆိုတဲ့ ခန္ဓာငါးပါးသာရပါတယ်။ ဝိပါကဝဋ္ဋရှစ်ပါးနဲ့အတူတူပါပဲ၊ ခန္ဓာရရင် ဇာတိ၊ ဇရာမရဏ၊ ဥပပ္ပတ္တိဘဝတွေလဲ ပါပြီးသားပါ။

အဲဒီလိုတူတဲ့အတွက် ဝဋ္ဋသုံးပါးလည်းသလိုပါပဲ။

နံပါတ်(၁)အကွက်သမုဒယသစ္စာဖြစ်သော အတိတ်အကြောင်းအခြင်းအရာငါးပါးကြောင့် နံပါတ်(၂)အကွက် ဒုက္ခသစ္စာဖြစ်တဲ့ ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါး(ခန္ဓာငါးပါး)ရပါတယ်၊ ရရှိတဲ့ ခန္ဓာငါးပါးကို ဒုက္ခသစ္စာလို့မသိတော့ ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါး(သမုဒယသစ္စာ)တွေကို ထပ်မံပြုလုပ်တဲ့အတွက် နံပါတ်(၄)အကွက် အနာဂတ်အကျိုးအခြင်းအရာငါးပါးဖြစ်တဲ့ ခန္ဓာငါးပါး (ဒုက္ခသစ္စာ)တွေရပါတယ်။ ဒီလိုနဲ့ပဲ တစ်ဘဝပြီးတစ်ဘဝ ခန္ဓာတွေဆက်ကာဆက်ကာဖြစ်ပြီး ပဋိစ္စသမုပ္ပါဒ်လည်နေတဲ့အတွက် (၃၁)ဘုံက မလွတ်နိုင်ဖြစ်ရတာပါ။

(အဝိဇ္ဇာနဲ့တဏှာကခွဲလို့မရပါဘူး၊ အဝိဇ္ဇာရှေ့ကသွားရင် တဏှာနောက်ကလိုက်တယ်၊ တဏှာရှေ့ကသွားရင် အဝိဇ္ဇာကနောက်ကလိုက်ပါတယ်၊(အတိတ်အကြောင်းအခြင်းအရာငါးပါးနဲ့ ပစ္စုပ္ပန်အကြောင်း အခြင်းအရာငါးပါးကိုကြည့်ပါ။) အဝိဇ္ဇာကြောင့်တဏှာဖြစ်သလို တဏှာဖြစ်ရင်လည်း အဝိဇ္ဇာကပါပြီးသားပါ။ ဒါကြောင့်အဝိဇ္ဇာကိုသတ်နိုင်ရင် တဏှာသေပါတယ်။ အဝိဇ္ဇာကိုသတ်ချင်ရင် ဝိဇ္ဇာဖြစ်အောင်လုပ်ရပါမယ်။ ဝိဇ္ဇာဖြစ်ဖို့ ကိုယ့်ဟာကို ကျင့်လို့မရပါဘူး၊ တရားနာရပါမယ်၊ စာပေတွေသင်ရပါမယ်၊) ဒါကြောင့် တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မမှတ်၊ ပဋိပတ်ကွာ ဤငါးဖြာ သာသနာကွယ်ကြောင်းတည်းတဲ့။

တရားလည်းနာရပါမယ်၊ တရားစာတွေ ခုလိုဖတ်ကြားမှတ်သားပြီး သင်ယူရပါမယ်။ နှုတ်ကလည်း ကျက်မှတ်ရပါမယ်၊ သိအောင်လည်းမှတ်ရပါမယ်။ ပဋိပတ်ဆိုတဲ့ ကျင့်ကြံအားထုတ်မှုလည်း ရှိရပါမယ်။ ဒီ (၅)ချက်နဲ့ပြည့်စုံရင် သာသနာနဲ့ တကယ်တွေ့ပါပြီ။ မကွယ်တော့ပါဘူး။ ဒါကြောင့် ကြိုးစားပြီး သင်ယူရပါမယ်။

## ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံ (တဏှာအစပ်ပြတ် ဝိပဿနာရှုပွားပုံ)

ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံကို မတင်ပြမီ သိသင့်သိထိုက်သော အချက်များကို ကြိုတင်ရှင်းလင်းပါမည်။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာတွင် နံပါတ်(၂)အကွက်၌ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူသော ခန္ဓာငါးပါးရသည်။ ရှင်းလင်းပြီးဖြစ်ပါသည်။ ၄င်းခန္ဓာငါးပါးသည် ပဋိစ္စသမုပ္ပါဒ်နည်းအရ သတ္တဝါတို့ ဖြစ်စဉ်ကိုပြလို၍ဖော်ပြထားသော ခန္ဓာငါးပါးဖြစ်ပါသည်။

ဝိညာဏ်သည် ပဋိသန္ဓေဝိညာဏ်ဖြစ်သည်။ ပဋိသန္ဓေဝိညာဏ်သည် မိခင်ဝမ်းအတွင်း၌ရှိသော ကာလာလရေကြည် ခေါ် ရုပ်တရားနှင့်ပေါင်းစပ်ပြီး နာမ်၊ ရုပ် ဖြစ်လာလေသည်။ နာမ်ရုပ်ဖြစ်လာပြီး ကာလာလရေကြည်မှာ(၇)ရက်ကြာလျှင် အမြှုပ်၊ နောက်(၇)ရက်ကြာလျှင် သားတစ် (မုန့်ကျွဲသဲပမာ) နှင့် နောက် (၇)ရက်ကြာလျှင် ခက်မငါးဖြာစသည်ဖြင့် တစ်ဖြည်းဖြည်းဖြစ်ပေါ်ကြီးထွားလာပြီး ပထမဦးစွာ ဟဒယရုပ်အကြည်စပေါ်လာသည်၊ ပြီးလျှင် ကိုယ်အကြည်ပေါ်လာ၏၊ ပြီးလျှင် လျှာအကြည်၊ နှာခေါင်းအကြည်၊ နားအကြည်စသည်ဖြင့်ပေါ်ပြီးနောက်ဆုံး မျက်စိအကြည် ပေါ်လာလေသည်။ ၄င်းအကြည်ရုပ်များကို အတွင်း သဠာယတနခေါ်လေသည်။ ၄င်းအတွင်း သဠာယတနတို့သည် အပြင်သဠာယတနနှင့် တိုက်လိုက်သည့်အခါ ဖဿ ပေါင်းဆုံမှုဖြစ်ပေါ်လာသည်။ ဖဿ ဆိုသည်မှာ တရားသုံးခုပေါင်းခြင်းကိုဆိုလိုသည်။ ဘယ်တရားသုံးခု ပါလဲဆိုလျှင် ဒွါရရယ်၊ အာရုံရယ် နာမ်တရားတို့ဖြစ်သည်။ ပုံစံကိုကြည့်ပါ။

### အာရုံသိသဘော

ဖဿဖြစ်ပေါ်သောအခါ ဝေဒနာပေါ်လာရပေသည်။ ခန္ဓာငါးပါး တစ်ပြိုင်နက်ဖြစ်



တစ်ပြိုင်နက်ချုပ် သွားလေသည်။ အထက်ပါပုံတွင်တွေ့ရသည့်အတိုင်း-

၁။ ဒွါရနှင့်အာရုံသည် - ရုပ် (၂၈)ပါး (ရူပက္ခန္ဓာ)

၂။ စေတသိက်ထဲမှာ ဝေဒနာက(၁) (ဝေဒနက္ခန္ဓာ)

၃။ စေတသိက်ထဲမှာ သညာက(၁) (သညက္ခန္ဓာ)

၄။ စေတသိက်ထဲမှ သင်္ခါရက(၅၀) (သင်္ခါရက္ခန္ဓာ)

၅။ စိတ်ဖြစ်သော ဝိညာဏ်(၈၉) (ဝိညာဏက္ခန္ဓာ)

ခန္ဓာငါးပါးပေါ်လာရခြင်း ဖြစ်သည်။

မိခင်ဝမ်းထဲ၌ရှိသောအချိန်တွင် ပဋိသန္ဓေစိတ်ဖြင့်နေ၍ မိခင်ဝမ်းမှထွက်သောအခါ ပဝတ္တိစိတ်ဖြင့် နေလေသည်။ ပဝတ္တိစိတ်တို့မှာ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိသိစိတ်၊ ကြံတွေးစိတ်တို့ဖြစ်ပြီး တစ်လှည့်စီဖြစ်ပေါ်၍ ကျွန်ုပ်တို့ အသက်ရှင်နေခြင်းဖြစ်ပေသည်။ မြင်စိတ်၊ ကြားစိတ်၊ စားစိတ်၊ နံစိတ် စသဖြင့် အထူးသိမှုသဘော စိတ်(ဝိညာဏ်) ဟုဆိုထားသော်လည်း စိတ်နှင့်ယှဉ်ဖေါ်ယှဉ်ဖက်ဖြစ်သော စေတသိက်များဖြစ်သည့်(ဝေဒနာ၊ သညာ၊ သင်္ခါရ) တို့လည်း တစ်ပေါင်းတည်းပါပြီးဖြစ်လေသည်။ ရှေးပိုင်း၌ တူရာလေးမျိုးဖြင့်ရှင်းပြထားပြီးဖြစ်ပါသည်။ တူသောအာရုံ၊ တူသောမှီရာ၊ တူသောဖြစ်ခြင်း၊ တူသောချုပ်ခြင်း စသည့်တူရာလေးမျိုးဖြစ်သည်။ ထို့ကြောင့် စေတသိက်ကိုစိတ်ကိုမှီတွယ် စိတ်ကိုချယ် မှတ်ကွယ် စေတသိက် ဟုဆိုလေသည်။ စိတ်၊ စေတသိက်၊ ရုပ်တို့ပေါင်းဆုံ၍ အာရုံသိသဘော ခန္ဓာငါးပါးဖြစ်ပေါ်ပုံနှင့်မောဟ၊ ပညာအပိုင်းကို ယောဆရာတော်ကြီး၏အဆုံးအမအား ပိုင်းလော့ဆရာတော်သင်ကြားပြသထားသည့်အတိုင်း တင်ပြပါရစေ ··။ အလင်းလေးမျိုးကစပြီး ရှင်းပြပါ့မယ် ။

**အလင်းလေးမျိုး**

၁။ နေရဲ့အလင်း

၂။ လရဲ့အလင်း

၃။ မီးရဲ့အလင်း

၄။ ပညာအလင်း လောကီပညာအလင်း

လောကုတ္တရာပညာအလင်း

အလင်းရဲ့တန်ဘိုးကို လူတွေသတိမထားမိကြပါဘူး။ အခုနေမီးမှောင်သွားမယ်ဆိုရင် မိမိရဲ့လက်၊ မိမိပတ်ဝန်းကျင်ကိုမမြင်ရတော့ပါဘူး၊ မှောင်ထဲမှာလမ်းလျှောက်ရင် စူးညှောင့်ခလုတ်တွေနဲ့လည်း ထိခိုက်နိုင်မယ်။ ချောင်းကမ်းပါးထဲလည်း ကျသွားနိုင်ပါတယ်။ အလင်းရဲ့တန်ဖိုးသည် အာရုံတွေကိုအမှန်အတိုင်း ဆုံးဖြတ်နိုင်မယ်။ ရှေ့မှာဖြစ်မယ့်လမ်းကောင်းလမ်းဆိုးတွေကိုလည်း သိနိုင်မယ်။ အဲဒီဥပမာလိုပဲ ဒီအလင်း (၄)မျိုးထဲမှာ ရှေ့ကဖော်ပြတဲ့အလင်း (၃)မျိုးကိုတော့ အားလုံးသဘောပေါက်ကြပါတယ်။ သို့သော် ပညာအလင်းကိုတော့ ရှိတယ်လို့ ဘယ်သူမှမထင်ကြဘူး။ မသိခင်ကတော့ ပညာအလင်းကို တင်စားတာလို့ပဲထင်မိတယ်။ တကယ်ရှိတဲ့တရားလို့မထင်မိကြဘူး၊ စာအုပ်စာပေတွေဟာ ပညာတွေပဲလို့ထင်မိတယ်။

## တကယ့်တရားသားနှင့် သမုတ်တဲ့စကား ခွဲခြားနားလည်ရန်

''ပညာ'' ဆိုတဲ့စကားလုံးသည် တကယ့်ရှိတဲ့ တရားသားမဟုတ်ဘူး။ ပညာသည် စကားလုံးတစ်ခု ဖြစ်နေတယ်။ တကယ့်အရှိတရားကသပ်သပ်၊ တကယ့်အရှိတရားကို ဘုရားက''ပညာ'' လို့သမုတ်တာ။ တကယ့်အရှိတရားက အလင်းဓါတ်တစ်မျိုး၊ ''ပညာ'' ကဘုရားပေးတဲ့ အမည်နာမတစ်ခု၊ သေသေချာချာမှတ်ပါ။ ဥပမာပြောရအောင် အခုသိပ္ပံဆရာတွေရဲ့လေ့လာချက်စမ်းသပ်ချက်တွေကို မဂ္ဂဇင်းတွေမှာဖတ်ရတယ်။ ရောဂါပိုးတွေအကြောင်းကို နာမည်အမျိုးမျိုး ပေးကြတယ်၊ ဒါဟာမေးခိုင်ပိုး၊ ဒါဟာတီဘီပိုး၊ ဘာပိုးညာပိုး စသည်ဖြင့် အမည်အမျိုးမျိုးပေးကြတယ်။ ဒါကိုဖတ်ရင်းနဲ့ သဘောပေါက်မိတယ်၊ လူတွေသတိမထားမိတာနော်၊ ဒီရောဂါပိုးတွေပြပါဆိုလျှင်၊ အဏုကြည့်မှန်ဘီလူးနဲ့ ကြည့်တဲ့အခါ အသွင်သဏ္ဌာန်တစ်ခုဟာ အပြောင်းအလဲ ရှိနေတာကို မြင်နေရမှာပဲ။ သွေးထဲမှ ပစ္စည်းတစ်ခုကိုမြင်ရမှာဖြစ်ပါတယ်။ အဲဒီပစ္စည်းဟာ စကားမှမပြောဘဲ ကိုယ့်ဘာသာကိုယ် နာမည်ပေးကြတာ၊ သွေးထဲမှာရှိတဲ့ ပစ္စည်းတွေက ဘယ်မှာစကားပြောလို့လဲ၊ ဒါကိုကိုယ့်အယူအဆနဲ့ကိုယ် ငှက်ဖျားပိုး၊ မေးခိုင်ပိုး၊ ဘီပိုး၊ စီပိုး စသည်ဖြင့်အမည်နာမအမျိုးမျိုးပေးကြတယ်။ တကယ်ရှိတဲ့တရားသည် စကားမပြောဘူး၊ ဒီတော့အားလုံးသဘောပေါက်သင့်တာ ပညာဆိုတာသည် ခေါ်တဲ့ စကားတစ်ခု၊ အခေါ်စကားဖြစ်ပါတယ်။ ပညာဆိုတဲ့စကားလုံးရဲ့ အခေါ်ခံရတဲ့သဘောက ဘာကိုခေါ်တာလဲ၊ ဒါကိုသိဖို့လိုအပ်တယ်၊ ဘုရားတရားတော် အင်မတန်

နက်ရှိုင်းလွန်းလို့ ပြန်ပြောပြမယ်။ ပညာဆိုတဲ့စကားသည် အားလုံးကခေါ်တဲ့ စကား၊ အခေါ်ခံရတဲ့ သဘောသည် ဘာကိုခေါ်တာလဲ၊ ဒါကိုရှာရမှာ ရှာနိုင်တယ်ဆိုရင်တော့ အဲဒီမှာပဲ ဝိပဿနာ တရားကပါသွားပြီတဲ့၊ အဲဒါသည် အဝိဇ္ဇာနဲ့ဆန့်ကျင်ဘက်ပဲ၊ အဝိဇ္ဇာကို စိတ်မှာယှဉ်တဲ့ အမှောင်ဓါတ်လို့ခေါ်ပြီး"ပညာ" ကိုတော့ စိတ်မှာယှဉ်တဲ့ အလင်းဓါတ်လို့ ခေါ်ပါတယ်တဲ့။ တစ်နည်း ပညာကို ဝိဇ္ဇာလို့လည်း ခေါ်သေးတယ်။

ဒီတော့အဝိဇ္ဇာဆိုတာသည် အမှောင်ဓါတ် "သစ္စာမသိခြင်း" လို့ပြပါတယ်တဲ့။ စကားလုံး တွေဟာ သေသေချာချာမစဉ်းစားရင် တော်တော်ကိုပဲ လိုက်ရခက်တယ်။ ဒီတော့ဘုရားရှင် အမိန့်ရှိတဲ့ပညာအလင်းသည် ဘာကိုဆိုလိုတာလဲလို့ သိဖို့လိုအပ်ပါတယ် ။

## ပညာအလင်း

ပညာအလင်းမှာ ၂-မျိုးရှိပါတယ်။ (၁) လောကီပညာအလင်း နဲ့

(၂) လောကုတ္တရာပညာအလင်း တို့ဖြစ်လေသည်။

၄င်းအလင်း(၂)လင်းသည် ဘာကိုလဲလို့သိဖို့လိုအပ်ပါတယ်၊ ဒါသည်ဘုန်းဘုန်းစကား မဟုတ်ပါဘူး။ ပိဋကတ်သုံးပုံအာဂုံဆောင်ထားတဲ့ ယောဆရာတော်ဘုရားကြီးရဲ့ အဆုံးအမပါတဲ့ ။ အစကပညာအလင်း ဆိုတာသည် တင်စားတာလို့ထင်ခဲ့တယ်၊ ဆရာတော်ကြီးကပညာအလင်းသည် တကယ်ရှိတယ်လို့ဆိုထားပါတယ်။ ပိဋကတ်တော်တွေဟာ ဓမ္မခန္ဓာပေါင်း(၈၄၀၀၀)ကျော်ရှိပါတယ်။ ဘုန်းဘုန်းတို့ အကုန်လုံးမဖတ်ဖူးပါဘူး၊ ဒါတွေကို အာဂုံဆောင်ထားတဲ့ ပုဂ္ဂိုလ်ကြီးက ရှိတယ်ဆိုရင် ရှိရမယ်။ သို့သော်လည်း ရှိပုံရှိနည်းကို ဂဃနဏ သိဖို့လိုအပ်ပါတယ်တဲ့။ အဲဒါကိုသင်ရအောင်။

## (ဝိဇ္ဇာ) အရှည်ဏ်နှင့် အဝိဇ္ဇာ (ပညာနှင့်မောဟ)

နှုတ်တရာစာတစ်လုံး စာတစ်ရာပုံတစ်ချပ်တဲ့ ရှေးပညာရှိကြီးတွေရဲ့စကားရှိပါတယ်၊ တစ်နည်းအားဖြင့် "စကားတစ်ထောင်၊ ပုံကောင်းတစ်ချပ်" ပုံစံထုတ်တာအင်မတန်ထိရောက် ပါတယ်။ ပုံစံထုတ်တာ ပုံစံလေး ဆွဲတာသည် (International Language ) လို့ခေါ်တာပါပဲ။ တစ်ကမ္ဘာလုံးနားလည်တဲ့ ဘာသာရပ်တစ်ခုပဲ။ ဝေါဟာရပဲ။ ပုံကြည့်တယ်ဆိုရင် ကိုယ်တိုင် နားလည်ကြတာပါပဲ။




ပုံစံထုတ်သင်တာသည် အထိရောက်ဆုံးလို့မှတ်ပါ။ ဘုရားရှင်အမိန့်ရှိတာက ပညာဆိုတဲ့သဘော တရားနဲ့ဆန့်ကျင်ဘက်အမှောင် အဝိဇ္ဇာဆိုတဲ့သဘောနှစ်ခုရှိတာကို ဘုရားကအမိန့်ရှိခဲ့တာ။ တကယ်တော့ ပညာဆိုတဲ့ သဘောတရားအလင်းသည် **စိတ်မှာယှဉ်တဲ့အလင်းဓါတ်** တစ်မျိုးကို အမည်ပေးခဲ့ တာလို့မှတ်ပါ၊ စကားမပြောပါဘူး၊ ဘုရားကပညာလို့ အမည်ပေးလိုက်တာနော်၊ **စိတ်မှာယှဉ်တဲ့ အမှောင်ဓါတ်**ကို မောဟ၊ အဝိဇ္ဇာ လို့ဘုရားအမည်ပေးခဲ့တယ်၊ ပြန်ပြောပါမယ်၊ မိမိတို့ သန္တာန် စိတ်မှာယှဉ်တဲ့ အမှောင်ဓါတ်က အဝိဇ္ဇာမောဟ။ ဒီအဝိဇ္ဇာမောဟ ဆိုတာသည် တရားသားမဟုတ် စကားလုံးသာဖြစ်သည်။ တရားသား ဆိုတာသည် စိတ်မှာဖြစ်တဲ့ အမှောင်ဓါတ်လို့မှတ်ရမယ်။ ပညာ

ဆိုတာသည်လည်း တရားသား မဟုတ်ဘူး၊ စိတ်မှာယှဉ်တဲ့အလင်းဓါတ်သာလျှင် တရားသားဖြစ်တယ်။

ဒါကိုတစ်ဖက်သားနားလည်အောင် သူ့အချိုးတူရာဆိုသလိုပဲ အမည်ပေးခဲ့တာ၊ ရောဂါပိုးတွေကို အမည်မပေးဘဲ ထားမယ်ဆိုရင် ခွဲခြားသိနိုင်ပါ့မလား . . မသိနိုင်ဘူးနော်။ ဒီလိုပဲ စိတ်ကိုလည်း အဆစ်အပိုင်း လေးတွေနဲ့ခွဲခြားပေးခဲ့တယ်။ စိတ်မှာယှဉ်တဲ့ အလင်းဓါတ်ကို ဘုရားရှင်ကပညာလို့ အမည်ပေးခဲ့တယ်။ အမှောင်ဓါတ်ကို မောဟ အဝိဇ္ဇာလို့ အမည်ပေးခဲ့တယ်။ စိတ်ရဲ့သဘောကို အကြွင်းမဲ့သိတာသည် ဘုရားတစ်ပါးပဲရှိပါတယ်။

## ဗုဒ္ဓ၏အဘိဓမ္မာအကျဉ်း

စိတ်သည် မြင်ရတာမဟုတ်သည့်အတွက်ကြောင့်နော် စိတ်ရဲ့မှီရာဌာနကို ခုချိန်ထိ သိပ္ပံပညာရှင်တွေ ဘယ်နေရာလဲဆိုတာကို အတိအကျမပြနိုင်ခဲ့သေးဘူး။ သို့သော် ဘုရားရှင်သည် ပြထားပေးခဲ့ပြီးပြီ။ သွေးလည်ပတ်တဲ့အချိန် နှလုံးအိမ်မှာ ဒီသွေးလည်ပတ်တဲ့အချိန် စိတ်မှီတဲ့နှလုံးအိမ်မှာ ဒီသွေးက ဖြတ်သန်းသွားခိုက် အနည်းငယ်သောသွေး၌ ဖြတ်ကနဲပေါ်လိုက်ချုပ်လိုက်နဲ့ လျှပ်စစ် လက်သကဲ့သို့ ဖြစ်နေတယ်လို့ဆိုတာ သိရတယ်။ ပေါ်တဲ့အခါမှာလည်း အကြိမ်နှုန်းဟာ ဘယ်လောက် ရှိသလဲဆိုရင် မျက်တောင်တစ်ခတ်မှာ ကုဋေတစ်သိန်းကျော်ရှိတယ်တဲ့။ ဒီအတိုင်းနာလိုက်တော့ ပေါ့ပေါ့လေး ထင်ချင်ထင်ကြမယ်။

ဂဏန်းရေတွက်ကြည့်ရအောင် ခု၊ ဆယ်၊ . . . . . သိန်း၊ သန်း ကုဋေနော်၊ ဆယ်သန်းမှာ တစ်ကုဋေ၊ ဒီမှာပြတာက ကုဋေပေါင်းတစ်သိန်းကျော်မဟုတ်လား၊ ကြိမ်နှုန်းသည် မျက်တောင် တစ်ခတ်လေးမှာပြတဲ့ အကြိမ်နှုန်းနော်၊ တစ်စက္ကန့်ရဲ့လေးဆယ့်ရှစ်ပုံတစ်ပုံရှိတယ်လို့ဆိုတယ်၊ အင်မတန် သေးငယ်တဲ့ မျက်တောင်တစ်ခတ်ကာလလေးမှာ သူ့ရဲ့အကြိမ်နှုန်းကို ဘုရားကအကြွင်းမဲ့ ရေတွက်နိုင်ခဲ့တယ်။ အဲဒါသည် သဗ္ဗညုတဉာဏ်တော်ကြီးရဲ့ ကြည်ညိုစရာအချက်ပဲ။

အခုပရိယတ္တိစာသင်တိုက်ကြီးတွေမှာ စာပေပညာကို ဆရာတော်တွေ သင်ကြားပေးနေကြတာက မျက်တောင်တစ်ခတ်မှာ ကုဋေတစ်သိန်းကျော်ထဲက ဘုရားပိုင်းခြားပြခဲ့တာကိုပဲ သင်နေကြရတာနော်။ တစ်ကြိမ် ပေါ်တဲ့အခိုက်မှာ ယှဉ်ပါတဲ့ စိတ်မှာယှဉ်တဲ့စေတသိက်တွေကို ဘုရားက အမျိုးအစားခွဲထားတာ၊ အဲဒါကိုဘုရား အသေးစိတ်ဟောခဲ့တယ်၊ အဘိဓမ္မာဆိုတာ တခြားမဟုတ်ဘူး၊ သတ္တဝါတွေရဲ့သန္တာန်မှာဖြစ်ပေါ်တဲ့ ဓမ္မသဘောပါပဲ။

စိတ်ရဲ့သဘောတရားဟာမှတ်ပါ။ ဒီက(ပုံပြ) ကံရယ်၊ စိတ်၊ ဥတု၊ အာဟာရနဲ့ အညမည သဘောတဲ့၊ ရုပ်နဲ့အညမညဖြစ်ပြီးတော့မှ ဖြတ်ကနဲပေါ်ခွင့်ရတယ်၊ သေချာမှတ်ပါ။ စိတ်ချည်းပဲ သပ်သပ်ပေါ်နေတာ မဟုတ်ဘူး၊ **ကျောက်ခဲနှစ်လုံးကိုအားနဲ့ခတ်လိုက်တဲ့အခါ မီးထွက်သလိုပဲတဲ့။** မျက်စိနဲ့အဆင်းတိုက်ချိန်၊ နားနဲ့ အသံတိုက်ချိန်၊ နှာခေါင်းနဲ့အနံ့တိုက်ချိန်၊ လျှာနဲ့အရသာတိုက်ချိန်၊ ကိုယ်မှာလည်း အာရုံကြောအဖျား လေးတွေကိုလာတိုက်ချိန်၊ အာရုံဒွါရတိုက်ချိန်မှာသာလျှင် ဒီ(ပုံပြ) နှလုံးသွေးနဲ့ ဦးနှောက်အာရုံကြော ဆက်သွယ်ထားတာကိုး ၊ နားမှာအာရုံကြောရှိနေတာကို အသံလှိုင်းက လာတိုက်တယ်၊ သို့သော် အိပ်ပျော်နေရင် ဘဝင်စိတ်ဖြစ်ပေါ်နေတယ်၊ မသိဘူးတဲ့။ နိုးတော့မှ လျှပ်စစ်လိုဆက်သွယ်နေသောကြောင့် နားမှာအသံတိုက်တယ်ဆို ဒီလေးခုပေါင်းပြီးသားဖြစ်သောကြောင့် ဖြတ်ကနဲဖြစ်သွားပြီး နားနဲ့အသံကရုပ်၊ ပြီးရင်စေတသိက်တွေကို ဘုရားကအမည်ပေးလိုက်တယ်။ (၅၂)ပါးရှိတာကို ဝေဒနာ၊ သညာ၊ သင်္ခါရလို့ အမည်ပေးလိုက်တယ်။

ပုံကိုကြည့်လိုက်တော့ ဝေဒနာမှာ(၁)၊ သညာမှာ(၁)၊ သင်္ခါရမှာ(၅၀)လို့ အမည်ပေးလိုက်သေးတယ်နော်။ အဓိပ္ပါယ်ကထိုအာရုံကိုခံစားတာက ဝေဒနာ၊ မှတ်သားတာက သညာ၊ ဖြစ်အောင်စေ့ဆော်ပေးတာက သင်္ခါရ၊ အတွေးအသိအမှတ်ပြုတာက ဝိညာဏ်လို့ အမည်ပေးလိုက်တယ်၊ ဝိညာဏ်ဆိုတာက ပင်မစိတ်ရဲ့အမည်တဲ့။ ဒီသုံးခု(ဝေဒနာ၊ သညာ၊ သင်္ခါရ)ကစေတသိက်ရဲ့အမည်လို့ အမည်ပေးထားတယ်၊ နာမ်လေးပါးခေါ်တယ်။ ခွဲလို့မရဘူးတဲ့။

အာရုံဒွါရတိုက်ချိန်မှာ ဝေဒနာကခံစားတယ်။ သညာကမှတ်သားတယ်၊ သင်္ခါရက ဆွဲစုပေးလိုက်တယ်။ ဒါကိုဝိညာဏ်က အသိအမှတ်ပြုပေးတာဖြစ်တယ်လို့ပြတယ်။ ပြောချင်တာက အာရုံသိတချက်မှာ စိတ်ရော စေတသိက်ရော ရုပ်ရော တစ်ပေါင်းတည်းဖြစ်တဲ့အတွက် သိတာပါ။

ဒါကြောင့်သိဆိုရင် နာမ်အပြင် ရုပ်သဘောလည်းပါတယ်လို့ ဆိုရမယ်။ ရုပ်နာမ်တစ်ပေါင်းတည်းဖြစ်၊ တစ်ပေါင်းတည်းချုပ်လို့ပြောတာ။ သဘောပေါက်ရဲ့လား။ နည်းနည်း ဦးနှောက်စားသွားပြီလား။ မှတ်သာ မှတ်ထားပါ၊ နောက်တော့ တဖြည်းဖြည်းသဘောပေါက်လာလိမ့်မယ်။ ပြောချင်တာက ဘုရားဉာဏ်တော်ရဲ့ အဓိကကျက်စားရာ အကြီးမားဆုံး အခက်အခဲလို့ မှတ်ထားရမယ်နော်။ ဝိပဿနာအခြေခံရှိပြီးသားဖြစ်တဲ့အတွက် တိုးပြီးသင်ရအောင်နော် ။

## အာရုံသိသဘော




## ခန္ဓာငါးပါးအမည်နှင့် ဖြစ်ပေါ်လာပုံ

ဥပမာ - ကောင်းကင်၌လျှပ်စစ်လက်သည့်ပမာ။

- ကျောက်ခဲနှစ်လုံးကိုအားနဲ့ခတ်ပါက မီးထွက်သကဲ့သို့

**အာရုံသိသဘော**

- ရုပ်
  - ရုပ် = ဖောက်ပြန်မှုသဘော (ရေမြှုပ်ကဲ့သို့)
- နာမ်
  - ဝေဒနာ = ခံစားမှုသဘော (ရေပွက်ကဲ့သို့)
  - သညာ = မှတ်သားမှုသဘော (တံလျှပ်ကဲ့သို့)
  - သင်္ခါရ = စေ့ဆော်မှုသဘော (ငှက်ပျောတုံးကဲ့သို့)
  - ဝိညာဏ် = အထူးသိမှုသဘော (မျက်လှည့်ကဲ့သို့)

## ဘုရားရှင်ပြုနိုင်ခဲ့သောအရာ

ဘုရားဆိုတဲ့ သဗ္ဗညုတဉာဏ်တော်ပိုင်ရှင်ကြီးသည်၊ အခက်ဆုံး ဘာကိုဖေါ်ထုတ်လဲမေးရင် စိတ်၊ စေတသိက်၊ ရုပ်တွေပေါင်းစပ်လို့ အာရုံသိဆိုတဲ့သဘောတရားလေးကို ဖေါ်ထုတ်တာဖြစ်တယ်၊ ဟိုတုန်းက အရှင်နာဂသေနနဲ့ မိလိန္ဒမင်းကြီးက ဘုရားရဲ့ပိဋကတ်တော်ကို အင်မတန် ဝါသနာပါ လေ့လာပြီး အမေးကောင်းလွန်းလို့ နောက်ဆုံးပညာရှင်ဖြစ်လာတယ်။

သူမေးတဲ့မေးခွန်းတွေကို တော်တော်များများ သံဃာတော်တွေဟာ မဖြေနိုင်ကြဘူး။

နောက်ဆုံး အရှင်နာဂသေန(ရှင်နာဂသိန်) ရဟန္တာမထေရ်ပေါ်လာတော့ အတိုချုံးပြောရရင် အမေးအဖြေပြုကြတာပေါ့နော်။ မိလိန္ဒပညာဆိုတဲ့ ပညာခန်းဟာ အလွန်အင်မတန်မှတ်စရာကောင်းတယ်၊ အဲဒီစာအုပ်ကို အလျဉ်းသင့်ရင် ဖတ်ကြည့်ကြပေါ့။ အဲဒီမှာ အကောင်းဆုံးမေးခွန်းတစ်ခုကိုကြည့်ရအောင်။

မိလိန္ဒမင်းကြီး - အရှင်ဘုရား သဗ္ဗညုတဉာဏ်တော်ပိုင်ရှင် အကြီးမားဆုံးဘုရားရှင်ပြုခဲ့တဲ့ ပြုနိုင်ခဲတဲ့အရာ ရှိပါသလား။ အခက်ခဲဆုံးတရားဟာ ဘာကိုဆောင်ရွက်ခဲ့ပါသလဲ၊ ဘာကိုဖေါ်ထုတ်ခဲ့ပါသလဲ။

(တနည်း) ဉာဏ်တော်ကြီးနဲ့ ဘာကိုဖေါ်ထုတ်ခဲ့သလဲလို့ မေးခဲ့တယ်နော် ။

ရှင်နာဂသေန - ရှိတယ် မင်းကြီး၊ အာရုံသိတစ်ချက်မှာ စိတ်၊ စေတသိက်၊ ရုပ်တွေပေါင်းစပ်တာကို ဖေါ်ထုတ်နိုင်ခဲ့တယ်တဲ့ ။

ဘုန်းဘုန်းခုနကပြောခဲ့တဲ့စကားတွေပါဘဲနော်။ အာရုံသိတစ်ချက်မှာ ပေါ်တာကို ဖေါ်ထုတ်ပေးနိုင်ခဲ့တယ်နော်။

မင်းကြီး - နားမလည်ဘူးတဲ့၊ ဘယ်လောက်ခက်ပါသလဲ။

အရှင်နာဂသေန - ပင်လယ်ကမ်းစပ်က လှေကလေးနဲ့သွားပြီး၊ ပင်လယ်ရေကိုလက်ခုပ်နဲ့ယူပြီး ပင်လယ်ထဲမှာ ပေါင်းပြီးစီးဝင်တဲ့မြစ်တွေရဲ့အရသာနဲ့ မြစ်ရေတွေကို ခွဲထုတ်ပေးပါလို့ပြောတယ်။ ပင်လယ်ရေ အငန်ဓါတ်တစ်မျိုးပဲရှိတယ်နော် ။ အဲဒီအငန်ဓါတ်ထဲမှာ မြစ်ရဲ့အရသာ ဥပမာဖြင့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်စသည်ဖြင့် ရှိတယ်နော်၊ အဲဒါကိုပြန်ခွဲထုတ်ပေးပါတဲ့ ။

မင်းကြီး - မဖြစ်နိုင်ပါဘူးဘုရားတဲ့ ၊ ခေါင်းခါတယ်။

အရှင်နာဂသေန - အဲဒါမှလွယ်ရင်လွယ်ဦးမယ်တဲ့၊ အာရုံသိတစ်ချက်မှာ ဒီသဘောတရားတွေ ပေါင်းစပ်တာကို ဘုရားရှင်ကဟောနိုင်ခဲ့တာတဲ့။ အမိန့်ရှိတယ်နော်၊

ဥပမာ ပြောရအောင်၊ ဘုန်းကြီးက အသံပြုလိုက်လို့ နားကကြားလိုက်တယ်ဆိုပါစို့။

အာရုံဆိုတာသည်တစ်ခြားမဟုတ်ပါဘူး၊ အဆင်းအာရုံ၊ အသံအာရုံ၊ အနံ့အာရုံ၊ အရသာအာရုံ၊ အတွေ့အထိအာရုံ၊ နောက်စိတ်ကူးမှာပေါ်တဲ့အာရုံ၊ အဲဒါကိုမမြှာအာရုံလို့ခေါ်တယ် (တစ်နည်း) မြှာရုံလို့ခေါ်ပါတယ်။

'ပြည်' ရွှေဆံတော်ဘုရားလို့ပြောလိုက်မယ်။ စကားလုံးလေး(၆)လုံးတည်းနော်၊ နားထဲမှာ ကြားလိုက်တယ်။ ပြီးရင် 'ကာလမခြား' ဘုရားပုံပေါ်သွားတယ် မဟုတ်လား။ နောက် "ဆယ်ထပ်ကြီးဘုရား" . . .ပေါ်တယ်မဟုတ်လား။ **ဒါကိုသိလို့ခေါ်တာပဲနော်၊ ဘယ်လိုလုပ်သိသလဲလို့မေးမယ်။** အဲဒီသိတဲ့သဘောတရား ဖြစ်ပေါ်တာသည် ဘာကြောင့်ဖြစ်တာလဲလို့ ဘုန်းကြီးကမေးမယ်။ စဉ်းစား၊ နားရှိလို့ ကြားတယ်ဖြေမှာပေါ့၊ **အသံကြားတဲ့အချိန်လေးမှာ ဘာတွေပေါင်းစပ်တယ်ဆိုတာကိုဘုရားကပြောတာနော်။** အဲဒီလိုနားက ကြားလိုက်တယ်ဆိုရင်ပဲ ဘာတွေပေါင်းစပ်တယ်ဆိုတာ ဘုရားကဟောပြခဲ့တာ။ **အဲဒါသည်ပင်လျှင် အခက်ခဲဆုံးအရာတဲ့၊ သိပ္ပံဆရာတွေခုထိ စိတ်ဘယ်မှာရှိမှန်းတော့မသိသေးဘူး၊ ခွဲဝေလို့မရသေးဘူးနော်၊ အဲဒါသည် ဘုရားအရာလို့မှတ်ပါ။** နားလည်ပြီလား၊ ဒါသည်အခက်ခဲဆုံးအရာတဲ့။

## မျက်မြင်အထည်ခန္ဓာနှင့်ခန္ဓာငါးပါး

အဲဒီမှာ အာရုံ-ဒွါရကို ရပ်လို့ခေါ်တယ်။ ဝေဒနာ၊ သညာ၊ သင်္ခါရသည် စေတသိက်(၃)ခု။ ဝိညာဏ်သည် စိတ်ဆိုတော့ လေးခုဖြစ်မသွားဘူးလား။ ဒီတော့ ဒီဘက်ကရုပ်ရယ်၊ ဒီက(ပုံပြ) နာမ်လေးခုနဲ့ လာပေါင်းတော့ ငါးခု၊ အဲဒီငါးခုပေါင်းစုမှသိတာပါတဲ့။ အဲဒီငါးခုကိုပေါင်းလိုက်တာသည် ပါဠိလို ခန္ဓာလို့ခေါ်တယ်။ ခန္ဓာဆိုတာ အပေါင်းအစု၊ ဝိပဿနာပညာကို တစ်ဖြည်းဖြည်းတိုးသင်လာပြီ သတိထားပြီး နားထောင်ကြနော်။

ခန္ဓာဆိုတာ အပေါင်းအစုလို့ခေါ်တယ်။ ခန္ဓာစကားသည်ကား အပေါင်းအစုမှန်ရင် အကုန်သုံးလို့ရတယ်။ ဒီကိုယ်လုံးကြီးလဲခန္ဓာပဲ၊ ဆံပင်၊ ခြေသည်း၊ လက်သည်း အစရှိသဖြင့်(၃၂)စုသော ကောဋ္ဌာသ၊ နောက်ဆုံး ကျင်ကြီးကျင်ငယ်အထိအောင် ပေါင်းစုထားတဲ့အတွက် ခန္ဓာလို့ခေါ်တယ်။

ဒီကိုယ်လုံးကြီးသည် မျက်မြင်အထည်ခန္ဓာ၊ ခန္ဓာငါးပါးမဟုတ်ဘူး၊ အာရုံဒွါရ တိုက်ချိန် သိသဘောတရားသာလျှင် ခန္ဓာငါးပါးဖြစ်တယ်။ ဝိပဿနာသမားသည် ခန္ဓာငါးပါးကို သဘော ပေါက်ပြီး ရှုမှတ်ရမှာ၊ အခုယောဂီတွေအများဆုံးတွေ့နေရတာက၊ ဒီကိုယ်လုံးကြီးကို ခန္ဓာငါးပါး ထင်ပြီးရှုနေကြတာကြောင့် ခရီးမရောက်ကြတာ၊ သေသေချာချာမှတ်ကြနော်။ (မိုးကုတ်ဆရာတော် ဘုရားကြီးက တစ်ခါတစ်ရံ ခန္ဓာငါးပါးတုံးကြီးလို့ပြောတာက 'သိ' သဘောနဲ့ဆက်သွယ်နေတဲ့

သဟာဇာတ၊ နိဿယ၊ အညမညပစ္စည်းတွေကြောင့် ပရိယာယ်နဲ့ နားလည်ဖို့ပြောတာမှတ်ပါ။) အထည်အတုံးအခဲထင်နေရင် ဒိဋ္ဌိမကွာနိုင်ဘူးလို့မှတ်။

## ပညာအလင်းအစွမ်းပြနိုင်

ခန္ဓာငါးပါးသဘောတရားသည် အာရုံဒွါရတိုက်ချိန်လေးမှာ သိတစ်ခုဖြစ်လိုက်ပြီး ကာလမခြား မနောမှာ ထပ်ပြီးသိလိုက်တာနဲ့ တစ်ပြိုင်နက် ပျောက်သွားတယ်။ အဲဒါကို နောက်စိတ်က လက်ခံဆုံးဖြတ်တယ်လို့မှတ်ပါ။ ဒီမှာပါလာပြီ၊ နားလည်လား၊ လက်ခံဆုံးဖြတ်တာနော်၊ ဆုံးဖြတ်ရင် ခုနကပြောတဲ့ အမှောင်နဲ့အလင်းဟာ အစွမ်းပြတော့တာပဲ။ ဒါသည်အရေးအကြီးဆုံးအချက်ပဲ။

ဥပမာ- လူတစ်ယောက်က မိမိကို ဆဲတယ်ဆိုပါစို့၊ မခံချင်အောင်ပြောမယ်၊ နောက်ဆုံး သတ်ချင်လောက်အောင် ကိုယ့်ကိုပြောဆိုဆက်ဆံတယ်ဆိုရင် နားမှာမကြားရဘူးလား၊ ကြားရတယ်နော်၊ နောက်မျက်စိနဲ့လည်း မြင်တယ်၊ ထရံခြားနေလည်းမနောမှာ အရိပ်ကပေါ်မနေဘူးလား၊ ဒါကို ဘယ်လိုဖြေရှင်းမလဲစဉ်းစား၊ ဒီမှာ ဆုံးဖြက်ချက်ချတဲ့အခါ ခုနကပြောတဲ့အမှောင်နဲ့အလင်း(၂)ခု ပေါ်လာလိမ့်မယ်။

စိတ်မှာယှဉ်တဲ့ အမှောင်များတဲ့ပုဂ္ဂိုလ်ကျရင် ရှေ့မှာဘာဖြစ်မယ်ဆိုတာကို မတွေးနိုင်ဘူး၊ ဒီလောက်တောင်ဖြစ်တဲ့ကောင် နဂါးမှန်းသိအောင် အမောက်ထောင်ပြမှဖြစ်မယ်ဆိုပြီး ထွက်ရိုက်ပစ်လိုက်ရော၊ ဆုံးဖြတ်ချက်ကနော်၊ ဒီအခါမှာတဖက်လူကသေသွားပြီ။ ဒီပြဿနာရောအေးပြီလား၊ မအေးဘူးနော်၊ ကိုယ်လည်း အဖမ်းခံရမယ်၊ ရုံးမှာလည်းအမှုရင်ဆိုင်ဖို့ အကြိမ်ကြိမ်သွားရမယ်၊ အဲဒီအခါအလုပ်ပျက်ပြီး စီးပွားကျမယ်။ တစ်ဖက်နဲ့တစ်ဖက်လည်းအာဃာတဖြစ်မယ်။ နောက်ဆုံး ထောင်ကျမယ်။ ဒီအခါများစွာ မဆင်းရဲဘူးလား၊ အဲဒီ ကွင်းဆက်တွေသည် အမှောင်သမားရဲ့ ဆုံးဖြတ်ချက်ကြောင့်ခံစားရတာ။

အလင်းသမားက ဒီလိုမဟုတ်ဘူး၊ အတွေးပုံကိုဖေါ်နိုင်တယ်၊ သွားရိုက်မိခဲ့ရင်ဆိုတဲ့ ဆိုးကျိုးရဲ့ နောက်ဆက်တွဲပုံကို ဖေါ်နိုင်တယ်။ ရှေ့မှာဖြစ်မဲ့အကြောင်းအရာကို ပညာအလင်းနဲ့ကြည့်မိနိုင်တယ်။ တကယ်တော့ ဆဲတယ်ဆိုတာလည်း အချိန်ကာလတစ်ခုလောက်ပဲကြာတာဖြစ်တယ်။ ရှောင်သွားတာ ကောင်းပါတယ် လို့ဆုံးဖြတ်တယ်။ အဲဒါသည် ပညာရှိအလင်းဓါတ်နဲ့ မြင်နေတာဖြစ်တယ်။

အဲဒီလိုအတွေးပုံလေးတွေကို မှန်အောင်ဖေါ်နိုင်တဲ့နေရာမှာ နေအလင်းနဲ့ဖေါ်လို့ရပါ့မလား၊ လအလင်းနဲ့ရော၊ မီးအလင်းနဲ့ရောဖေါ်နိုင်ပါ့မလား၊ စဉ်းစား၊ မဖေါ်နိုင်ဘူးနော်၊ ဒါကြောင့် ဒါသည် ပညာအလင်း ဖြစ်တယ်လို့မှတ်၊ ဒေါသဖြစ်လို့မှောင်သွားရင်မြင်သေးလား၊ သဘောပေါက်ကြလား။

ဥပမာအားဖြင့် မောဟဆိုတဲ့ အမှောင်ဓါတ်ထဲမှာပါတာသည် ရာဂလည်းပါတယ်နော်၊ အုပ်စုနော်၊ လောဘ၊ ဒေါသ၊ မောဟဆိုတာသည် အမှောင်အုပ်စုလို့မှတ်ပါ။ အိမ်ထောင်ကျတဲ့ ပုဂ္ဂိုလ်ဆိုရင် သားသမီးတွေ ရပြီးနောက်(တိုတိုပြောကြစို့)။ ယူခါစတော့ အဲဒါတွေမပါဘူးတဲ့။ နောက်ပိုင်းမှသိတာပေါ့။ အရေးကြီးတာ အမှောင်နဲ့အလင်းပဲ၊ အမှောင်ဓါတ်က ရှေ့မှာလာတာ မမြင်ဘူးပေါ့။ ရှေ့မှာဖြစ်မဲ့ ကောင်းကျိုးဆိုးကျိုးတွေကို ပညာအလင်းနဲ့ အရှည်ကြည့်ရတာလို့မှတ်ပါ။ ပုစ္ဆာတစ်ခု ဘုန်းဘုန်းမေးမယ်၊ တစ်လမှာ လစာတစ်သိန်းရတယ် ဆိုပါစို့၊ တစ်လကို လေးသောင်း ပိုချင်တယ်၊ တစ်နေ့ဘယ်လောက်သုံးရမလဲ စဉ်းစားပြီးအဖြေထုတ်ကြနော်။

တစ်လဝင်ငွေဟာ တစ်သိန်းမှာလေးသောင်းကိုယ်ဖယ်လိုက်ရင် ခြောက်သောင်းကျန်မယ် မဟုတ်လား။ ရက်(၃၀)ဆိုရင်တစ်နေ့ကို နှစ်ထောင်သုံးမယ်လို့ အဖြေမရဘူးလား၊ ရပြီနော်။ အဲဒီလိုအတွေးပုံရိပ်တွေကို ဖေါ်တဲ့နေရာမှာ နေရဲ့အလင်းနဲ့ ဖေါ်လို့ရပါ့မလား၊ လရဲ့အလင်းနဲ့ရော၊ မီးရဲ့အလင်းနဲ့ရော ဖေါ်လို့မရဘူးနော်။ ပညာအလင်းနဲ့မှ ဖေါ်လို့ရတယ်မှတ်ပါ။ အဲဒီအလင်းဓါတ်ကို ဘုရားပြောတာပါ။ အတွေးပုံရိပ်တွေဆက်စပ် ဖေါ်နိုင်တာသည် ပညာအလင်းကြောင့်ဖြစ်တယ်။ သဘောပေါက်ပြီလား။

စီးပွားရေးလုပ်မယ်ဆိုပြီး ချောင်ကျတဲ့နေရာမှာဆိုင်သွားထွက်မယ်ဆိုရင်ရော ဒီဆိုင်ဟာ ရောင်းကောင်းပါ့မလား၊ မကောင်းနိုင်ဘူးနော်၊ တကယ့်နေရာကောင်းကို ရွေးချယ်နိုင်ရင်ဆိုရင်တော့ ရောင်းကောင်းမှာပေါ့။ ရှေ့ကိုဆက်စပ်တွေးခေါ်မှုမှာ အလင်းဓါတ်နဲ့သာတွေးခေါ်နိုင်မှာပေါ့။ အမှောင်ဓါတ်နဲ့တွေးခေါ်နိုင်ပါ့မလား၊ မတွေးခေါ်နိုင်ဘူးနော်။ ဒါကြောင့်အရာရာမှာ ဆုံးဖြတ်ချက်ချတာသည် အရေးကြီးဆုံးပါ။ ဒါလေးမှတ်ထားပါ။ အဲဒါဘုရားတရားတော်မှာပါပြီးသားနော်။

ဒီတော့အာရုံကို လက်ခံဆုံးဖြတ်တယ်ဆိုတာသည် စာပေမှာပါပြီးသား။ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ မနောဒွါရဝဇ္ဇန်းလို့ခေါ်တယ်။ လက်ခံတယ်၊ စူးစမ်းတယ်၊ ဆုံးဖြတ်တယ်။ ဒီပုံစံလုပ်မယ်လို့ ရှုထောင့် အမျိုးမျိုး ကွင်းဆက်အမျိုးမျိုးကကြည့်ပြီး ဆုံးဖြတ်ချက်ချတာသည် အမှန်၊ ကိုယ်ရှုံးမှာကိုမကြည့်ဘဲ

မိမိရမယ့်အကြောင်းကိုသာကြည့်တဲ့ ပုဂ္ဂိုလ်သည်အများဖြစ်တယ်။ ဒီနေရာမှာပဲ ပညာမရှိတဲ့ပုဂ္ဂိုလ်နဲ့ ရှိတဲ့ပုဂ္ဂိုလ်ရဲ့ကွားခြားချက်၊ အရာရာတိုင်းမှာကွာသွားပြီ ။

ဥပမာ- ချဲထီထိုးတဲ့ပုဂ္ဂိုလ်တွေကိုကြည့်၊ အဲဒီပုဂ္ဂိုလ်တွေဟာ ကိုယ်ရမှာပဲကြည့်တယ်၊ ဘယ်လောက်ဖိုး ထိုးရင်တော့ ဘယ်လောက်ရမှာပဲလို့တွက်တယ်။ တချို့ရှိတာပေါင်ထိုး၊ အိမ်ပေါင်ထိုး၊ မပေါက်တော့ ဒုက္ခရောက်ပြီ၊ ဘာကွာလဲဆိုတော့ အတွေးဆုံးဖြတ်ချက်ကွာတာ၊ မရခဲ့ရင် ဘာနဲ့ အစားထိုးမလဲဆိုတဲ့အတွေး မရှိဘူး၊ **'မောဟ'** အမှောင်ဖုံးနေတယ်။ လောဘများတော့ အမှောင်အောက် ရောက်သွားတယ်နော်။ ပညာရှိကတော့စဉ်းစားတယ်၊ မရခဲ့ရင်ဘာနဲ့အစားထိုးမလဲပေါ့။ ရှေ့မှာ ဖြစ်မဲ့လမ်းကောင်း လမ်းဆိုးကို ပညာအလင်းက ကြည့်တယ်၊ အမှောင်သမားမှာတော့ မကြည့်နိုင်ဘူးလို့ မှတ်ပါ။

## လူမိုက်နဲ့ပညာရှိ

ဘနည်းအားဖြင့်မှောင်တာကိုမိုက်တယ်လို့ခေါ်တယ် မဟုတ်လား။ တစ်ချို့မိုက်တယ်လို့ ပြောတယ်နော်၊ သူတို့မှာ ပညာအလင်းဓါတ်မဝင်နိုင်တော့ မိုက်တာပေါ့။ ဒါဖြင့်နှစ်လုံးထီထိုးတဲ့ ပုဂ္ဂိုလ်တွေဟာ လင်းတာလား၊ မှောင်တာလား (မှောင်တာပါဘုရား) သူတို့ကိုပညာရှိခေါ်မလား လူမိုက်ခေါ်မလား (လူမိုက်ပါ)၊ နှစ်လုံးထီ ထိုးတဲ့သူတွေ ဒီလိုပုံစံဆို မဟုတ်သေးဘူးနော်၊ မိုက်တဲ့ ဓါတ်ကိန်းနေတာကိုး၊ မိုက်တဲ့ဓါတ်ဟာ စိတ်မှာယှဉ်ထားတော့ဒီ(ပုံပြ) အသွေးအသားမှာ ဖုံးသွားတာမို့ ဒီအချိန်မှာ သူ့ကို လူမိုက်လို့ခေါ်တာပဲလေ။

လူမိုက်နဲ့ပညာရှိဆိုတာ တခြားမှာသွားမရှာပါနဲ့၊ မော်လမြိုင်ဘက်မှာ ရဟန္တာဖြစ်သွားတဲ့ ဂျူးဂျူးကျဆိုတဲ့ ဆရာတော်တစ်ပါးရှိတယ်။ အဲဒီဆရာတော် ရေးခဲ့တဲ့စာတွေကိုဖတ်ရတော့ တအား သဘောကျတယ်။ လူမိုက်နဲ့ ပညာရှိဆိုတာ တခြားသွားမရှာပါနဲ့။ မိမိသန္တာန်မှာ ဖြစ်နေတာပါတဲ့။ တစ်ခါတစ်ရံတအားမိုက်ပြီး တစ်ခါတရံ တအားလင်းတယ်။ နှစ်ပိုင်းဖြစ်နေတာနော်။ ချဲထီတွေပေါက်မှ ဖြစ်မယ်ဆိုပြီး လောဘတွေတက် မတရားထိုးပြစ်မယ်ဆိုရင် အဲဒီအချိန်မှာ အမှောင်ဓါတ်တွေ ဖုံးပြီးနေတော့ တစ်ကိုယ်လုံးကို သဟဇာတအညမညပစ္စည်းသဘောနဲ့ ဆက်နွယ်သွားမယ်။ ဒီအချိန်၊ တစ်ကိုယ်လုံးမှာ အမှောင်ဓါတ်တွေဖုံးပြီး လူမိုက်ကြီးဖြစ်နေတာပေါ့။

အလင်းဓါတ်လွှမ်းမိုးချိန် ဒီအချိန်မှာ ဘုရားဟောတော်မူတာက ကုသိုလ်ဓါတ်ပေါ့နော်၊ အဲဒီဓါတ်နဲ့ မိဘဆရာသမား၊ အလှူခံပုဂ္ဂိုလ်ကိုကြည့်ပြီး ၊ စေတနာမေတ္တာအပြည့်နဲ့ နှလုံးအေးအောင်လို့ ဆိုပြီး ပေးပျော်တဲ့ ပီတိကိုထည့်မယ်ဆို(တစ်နည်း) ပေးပျော်တဲ့သတ္တိကို ထည့်မယ်ဆိုရင် တကယ် ချမ်းသာပါတယ်လို့ အမှန်ကို သိတယ်ဆို အလင်းဓါတ်ကရနေပြီ။ ကိုယ်ရတဲ့ပိုက်ဆံ(သို့) လှူဖွယ်ရာ တစ်ခုကို တစ်ပတ်တစ်ခါလှူမယ်။ တစ်လတစ်ခါလှူမယ်လို့ စိတ်မှာ ရည်မှန်းစုထားပြီး လှူတဲ့အခါ မပျော်ဘူးလား၊ ပျော်နေမှာပေါ့။

အဲဒီအခါ ကျိန်းသေချမ်းသာမှာ အမှန်ပါပဲ။ လမ်းမှန်ကိုသိလို့သာ ပညာရှိဖြစ်တာ။ ဘုန်းကြီးတော့ လမ်းမှန်ကိုပြတော့ထားခဲ့ပြီးနော်။ ပြန်မိုက်ရင်တော့ မပြောတတ်ဘူး၊ အမှန် တကယ်တော့ အချိန်ပိုင်းလူမိုက်၊ အချိန်ပိုင်းပညာရှိဖြစ်တာပါ။ အမြဲတမ်းမိုက်နေတာမဟုတ်ပါဘူး။ ခု-ဒကာတွေ တရားနာချင်စိတ်ဖြစ်တယ်။ ဘုရားရဲ့တရားတော်ကို ယုံကြည်မှုအပြည့်ရှိတာသည် အလင်းဓါတ်ရှိနေတာ မဟုတ်ဘူးလား။ ဒီအချိန်မှာ ပညာရှိပဲပေါ့။

တီဗွီ(TV) ကြည့်၊ ဗီဒီယိုကြည့် ဘောလုံးပွဲကြည့်ပြီး အားမလိုအားမရဖြစ်နေတယ်ဆို၊ ဒီချိန်မှာ လူမိုက်ဖြစ်သွားပြန်ရော၊ အချိန်ပိုင်းလူမိုက်၊ အချိန်ပိုင်းပညာရှိ၊ အမြဲတမ်းမိုက်နေတာမဟုတ်သလို၊ အမြဲတမ်း လင်းနေတာလည်းမဟုတ်ပါဘူး၊ သဘောပေါက်ပြီလား၊ လူတွေမှာ မိုက်တဲ့အချိန်နဲ့ လင်းတဲ့အချိန် ဘယ်အချိန်ကပိုများနေလဲ စဉ်းစားကြ။ (မိုက်တဲ့အချိန်က များပါတယ်ဘုရား)

လူတစ်ယောက်ဟာ လောကလွန်အောင် ကျင့်မယ်ဆိုရင်တော့ လောကုတ္တရာ ပြောတာနော်၊ လောက+ဥတ္တရ လောကကို **ဖောက်ပြန်မှုမှ လွန်မြောက်ခြင်း**ဆိုတဲ့ နယ်ပယ်သည် ဘုရားပွင့်မှ ပေါ်တာပါတဲ့။ ဘုရားဆိုတာသည် 'ဗုဒ္ဓ'၊ ဗုဒ္ဓ ဆိုတာသည် 'ပွင့်ခြင်း' ဒီပညာအလင်းသည် အမှောင်ဓါတ် အလင်းဓါတ်ဖောက်ပြန်မှုမရှိ၊ ရာနှုန်းပြည့်အမြဲအလင်းဓါတ် ဖောက်ပြန်မှုမရှိ၊ ရာနှုန်းပြည့်အမြဲအလင်းဓါတ် ရရှိထားတာက 'ဗုဒ္ဓ'။ အတုမရှိ ပညာအလင်းပွင့်နေတာမို့ ဗုဒ္ဓလို့ မှတ်ကြပါ။ အရှင်မြတ်ကြီးရဲ့သဗ္ဗညာန်မှာ အတုမရှိ ပညာလင်းပွင့်ခြင်းကြောင့် ဗုဒ္ဓလို့ အမည်ပေးလိုက် တာတဲ့။ ကိုယ်တော်တိုင် ဝန်ခံတော်မူတာ ဖြစ်ပါတယ်။

## မောဟနှင့်ပညာဖြစ်ပေါ်ရခြင်း၏ အကြောင်းအခြေခံ

တစ်ခါတလေ ဘုရားရှိခိုးရတာ ရင်ထဲအေးချမ်းလိုက်တာ ဒီလိုနော်။ တစ်ခါတစ်လေကျတော့လည်း အော်ဟစ်ပြီး ဒေါသတွေဖြစ်လို့၊ တစ်ခါတစ်လေကျတော့လည်း အဲဒီလိုဒေါသထွက်ရမှာကို ရှက်တယ်၊ ဖြစ်ကြတယ်နော်၊ ဒါသည် မိုက်တဲ့အခါ တအားမိုက်၊ ပညာအလင်းရှိတဲ့အခါ တအားရှိနဲ့ လူတွေစိတ်ဟာ မငြိမ်ဘူးနော်၊ နှစ်ပိုင်း ဖြစ်နေတယ်။ ဒီလိုမဟုတ်လား။

ဒါသည် ဘာကြောင့်ဖြစ်နေတာလဲလို့ အကြောင်းရှာရမယ်။ လူတွေစိတ်မှာ အမှောင်နဲ့အလင်းသည် ဘာကြောင့်ယှဉ်ပါလည်းဆိုတော့ စိတ်မှာမှီဖြစ်တဲ့ စိတ်အမှီခံဖြစ်တဲ့ အမှီခံရဲ့သွေးမှာ ရုပ်တွေမှာ သတ္တိကိန်းနေလို့ပါတဲ့။ အဲဒီသတ္တိဟာ ကြောက်ရတယ်။ သေသေချာချာမှတ်ကြပါ။ ဒီခေတ်အနေနဲ့ ဥပမာပေးစရာတွေများတော့ အင်မတန်ကောင်းတယ်။ ကက်ဆက်ထဲကို သီချင်းတိတ်ခွေထည့်လိုက်တယ်၊ ဖွင့်တဲ့အခါ တရားသံ ထွက်ပါ့မလား (မထွက်)၊ အဲဒီ အတိုင်းပဲမှတ်ပါ။

ဘာကြောင့်သတ္တိကိန်းလည်းဆိုတော့ မျက်စိနဲ့နားသည် အဓိကပဲတဲ့။ မြင်နေကြားနေရတာတွေသည် အမှောင်ဓါတ်များတဲ့ ပုဂ္ဂိုလ်တွေရဲ့အပြောအဆို အမူအရာတွေကို မြင်ပါကြားပါများရင် အခွေဖမ်းသလိုပဲ အဝိဇ္ဇာအမှောင်ဓါတ် မောဟအမှောင်ဓါတ်တွေပဲ ကိန်းတော့တာပဲ။ ဒါကြောင့်မို့ ဘုရားရှင်ဟာ သတ္တဝါတွေရဲ့ ကြီးပွားချမ်းသာမှုအကြောင်းကို ဟောကြားပါဘုရားလို့ မင်္ဂလသုတ်မှာ တရားတောင်းတဲ့အခါ အဲဒီအချက်တွေကို ဟောပြခဲ့တာ။ 'အသေဝနာစဗာလာနံ' က စဟောတော့တာပဲ။ အမှောင်ဓါတ် အမိုက်ဓါတ်များတဲ့ ပုဂ္ဂိုလ်တွေရဲ့ အပြောအဆို အမူအရာတွေကို နှလုံးမသွင်းနဲ့တဲ့၊ ဒီကစတယ်။

ပညာဓါတ်များတဲ့ပုဂ္ဂိုလ်တွေရဲ့ အပြောအဆို အမူအရာတွေကို နာယူပြီး နှလုံးသွင်းပါတဲ့။ ဒါတွေသည် သတ္တဝါတွေရဲ့ကြီးပွားကြောင်း အခြေခံအချက်ပဲ။ ကမ္ဘာပေါ်မှာ ရေးချင်တာရေးကြပါစေ။ ဘုရားဟောကို ကျော်လို့မရပါဘူး။ ဒီအချက်တွေကို ကျော်လို့မရပါဘူး၊ ဒါသည် အခြေခံအကျဆုံးအချက်ပါပဲ။ အသိမှန်မှ အကျင့်မှန်မယ်။ နားလည်ပြီလား။

ဒီတော့ အကြွင်းမဲ့ အမှောင်နဲ့အလင်းကို နည်းလမ်းအမှန်ဆုံး သဘာဝနိယာမအမှန်ကို သိသွားတာသည် 'ဗုဒ္ဓ' တစ်ပါးပဲရှိတယ်။ ဖြည့်စရာ နှုတ်စရာမရှိအောင် သဘာဝအကျဆုံးကို သိတာသည် ဘုရားတစ်ပါးပဲ ရှိတယ်လို့မှတ်ပါ။ ဘုရားဟောမှန်သမျှသည် ဖြည့်စရာမရှိ၊ နှုတ်စရာမရှိဘူး၊ ဘုရားကိုယ်တော်တိုင် အာမခံပြီးသားနော်။

## ဗုဒ္ဓပေးခဲ့သော ဥပမာဝတ္ထု

ကျေးညီနောင်ဇာတ် ဥပမာအနေနဲ့ ပြောရအောင်။ ကျေးသားပေါက်လေး(၂)ကောင်၊ အပျံသင်ခါစလေးပေါ့။ တစ်နေ့ မုန်တိုင်းတိုက်လို့ လေထဲလွင့်ပါသွားတယ်။ တစ်ကောင်က ဓါးပြတွေနေတဲ့ လက်နက်ပုံပေါ်မှာ သွားကျတယ်။ တစ်ကောင်ကတော့ ရသေ့နေတဲ့ကျောင်းသင်္ခမ်းမှာ သွားကျတယ်။ အဲဒီ ကျေးလေး(၂)ကောင်ဟာ တဖြည်းဖြည်းကြီးလာတယ်တဲ့။ တစ်နေ့ အဲဒီတိုင်းပြည်က ဘုရင်ဟာ သမင်လိုက်ရင်း ရထားထိန်းနဲ့နှစ်ယောက် နယ်ကျော်ပြီး ဓါးပြတွေနေတဲ့နယ်ထဲ ရောက်သွားတယ်။ အရိပ်ကောင်းတဲ့ သစ်ပင်ကြီးတစ်ပင်အောက်မှာ ဘုရင်ကြီးဟာ မောမောနဲ့နားနေပါတယ်။ အဲဒါကို ဓါးပြတွေမွေးထားတဲ့ ကျေးသားလေးကမြင်တယ်။ မျက်စိကမြင်တယ်။ နားကကြားတယ်၊ ရိုက်ခတ်တာပေါ့နော်၊ အမှောင်သမားဆိုတော့ မြင်လိုက်တယ်ဆိုရင်ပဲ အဝတ်အစားက လှလိုက်တာ လာကြလုကြ သတ်ကြဟေ့ဆိုပြီး ဓါးပြမိတ်ဆွေတွေကိုခေါ်တယ်။ ဆုံးဖြတ်ချတယ်၊ တပြိုင်နက်ကံမြောက်တာပဲ၊ အဲဒါကို တဏှာ ဥပါဒါန် ကံ လို့ခေါ်တယ်။ တွဲလျက်ပါလာတာ။ နံပါတ်(၂) အကွက်ကတော့ မနောအထိ ပေါ်လာတဲ့အာရုံတွေကို ပြောတာ။ အာရုံသိတယ်ဆို ငါးမျိုးပေါင်းထားတာပဲ။ သိတာကိုပြောတာနော်၊ သိတာကို ဒီက(ပုံပြ)ဆုံးဖြတ်တဲ့အခါ အဝိဇ္ဇာဖုံးလို့ရှိရင် တဏှာ ဥပါဒါန် ကံ ဒီဘက်ကိုသွားမယ်။ သူ့မှာအမှောင်ဓါတ်ကများလွန်းတော့ သတ်ဖို့လောက်ပဲ။ ဒီထဲမှာ (ပုံပြ) သတ္တိကိန်းထားတာကိုး၊ သူ့မှာသတ်ဖို့ လုဖို့လောက်ပဲရှိတယ်။ ဘုရင်ကဒီနေရာဟာ အန္တရာယ်မကင်းဘူးဆိုပြီး ထွက်သွားတယ်။ ဓါးပြတွေကတော့ ဘုရင်ကိုဘယ်သတ်ရဲပါမလဲ၊ ဘယ်ထိရဲပါမလဲ။ မထိရဲဘူးပေါ့။

တခြားနေရာကို ထွက်သွားတော့ ကျောင်းသင်္ခမ်းတစ်ခုကို ရောက်သွားတယ်။ ဒီအချိန် ရသေ့တွေက သစ်သီးရှာသွားနေတော့ မရှိဘူးပေါ့။ ကျေးသားလေးတစ်ကောင်တည်းရှိတယ်။ ဘုရင်ကိုမြင်တော့ ဒီနေရာမှာ တစ်နဲ့တစ်ကောင် ဆုံးဖြတ်ချက်ချပုံက မတူဘူး။

"မြတ်သောမင်းကြီး၊ ကောင်းသောလာခြင်းဖြစ်ပါစေ" တဲ့။ ဒီရေက အေးပါတယ်။ သစ်သီးက ချိုမြိန်ပါတယ်။ သောက်ပါဦး၊ သုံးဆောင်ပါဦး၊ ကျွန်တော်မျိုးမှာ လက်မပါလို့ မပေးနိုင်တာကို ခွင့်လွှတ်ပါလို့ပြောတယ်။ ဟိုကျေးသားလေးနဲ့ ဆုံးဖြတ်ချက်ချတာ တူရဲ့လား၊ မတူဘူးနော်၊ ဘုရင်ကြီးက အံ့သြသွားတယ်။ ခုနက ကျေးသားလေးက မိုက်လိုက်တာ။ ဒီကျေးလေးက လိမ္မာလိုက်တာလို့ ပြောတာနော် . . .။

''မင်းကြီး သူနဲ့ကျနော်ဟာ ညီအစ်ကိုအရင်းပါ၊ သူကမိုက်တဲ့သူတွေနဲ့ပေါင်းသင်းနေရလို့ မိုက်မဲနေတာ။ ကျွန်တော်မျိုးကတော့ ပညာရှိနဲ့ပေါင်းသင်းနေရတာမို့ လိမ္မာတာဖြစ်ကြောင်း ပြန်လျှောက်ထားတယ်တဲ့။ (တသွေးသားထဲနော်) သို့သော် ဒီက(ပုံပြ)ကြားရတဲ့ မိတ်ဆွေကောင်းကွာလို့ပါ၊ နှလုံးသွင်းတာကွာလို့ပေါ့။ လူတစ်ဦးနဲ့တစ်ဦး ဆုံးဖြတ်ချက်ချတာလည်း မတူဘူး၊ **တစ်ကမ္ဘာလုံးကို ပြောတာနော်** ၊ မောဟသတ္တိ များများကိန်းထားရင် ဆုံးဖြတ်ချက်ဟာ အမှောင်ဓါတ်ပါသွားပြီ၊ အမှားဖြစ်သွားပြီ၊ ပညာသတ္တိများတယ်၊ အလင်းဓါတ်များတယ်ဆိုရင်ဖြင့် ဆုံးဖြတ်ချက်ဟာ မှန်သွားပြီ၊ သတ္တဝါတွေရဲ့ ချမ်းသာဆင်းရဲသည် ဒီအပေါ်မှာ မူတည်ပါတယ်။ သဘောပေါက်ပြီလား။

တစ်လောကလုံး တစ်ဦးနဲ့တစ်ဦး အရည်အချင်းကွာတာသည် ဒါကြောင့်ပါပဲ။ ကျန်တာမရှိပါဘူး၊ ဆုံးဖြတ်ချက်ချတဲ့နေရာမှာ အလင်းဓါတ်များရင် အရှည်ကြီးချမ်းသာမယ်၊ အမှောင်ဓါတ်များတဲ့ ပုဂ္ဂိုလ်မှာတော့ ချမ်းသာခြင်းဟာတိုတာပေါ့၊ ဘုန်းဘုန်းပြောတာကို သဘောပေါက်လောက်ပါပြီ။

## ပိုင်းလော့ဆရာတော်၏တိုက်တွန်းချက်

''သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ တရားရှုရင် သေအောင်ရှု မဂ်မပေါ်နိုင်ဘူး''

(မိုးကုတ်ဆရာတော် ဘုရားကြီး)

''နာမရူပပရိစ္ဆေဒဉာဏ်လောက်မှမရရင် ဝိပဿနာဉာဏ်မဖြစ်နိုင်ဘူး''

(မဟာစည် ဆရာတော်ဘုရားကြီး)

ဆရာတော်ကြီးများရဲ့ဆုံးမပုံကိုထောက်ရှု၍ အရှုခံ ရုပ်+နာမ် (ခန္ဓာငါးပါး) အပေါ်မှာ အမှန်အတိုင်း သိမြင်မှ သက္ကာယဒိဋ္ဌိ ကွာလို့ ဝိပဿနာမဂ်ဉာဏ်ပေါ်ပါလိမ့်မယ်။ သက္ကာယဒိဋ္ဌိကို ပယ်ရာတွင် -

ပထမ - ဉာတပရိညာနှင့်ပယ်ခြင်း ၊ (အသိဖြတ်)

- တီရဏပရိညာနှင့်ပယ်ခြင်း ၊ (အပွားဖြတ်)

- ပဟာနပရိညာနှင့်ပယ်ခြင်း ၊ (အပါယ်ဖြတ်) သုံးဆင့်ရှိကြောင်း မိုးကုတ်ဆရာတော်ဘုရားကြီးက ဘုရားဟောအတိုင်း ဟောပြောဆုံးမတော်မူခဲ့ပါတယ်။

ရုပ်+နာမ်(ခန္ဓာငါးပါး) ကို ပိုင်းခြားသိမြင်ရင်တော့ "သမ္မာသမ္ဗုဒ္ဓ" သိသူပါပဲ။ ဆရာအကူအညီမရှိဘဲ ပိုင်းခြားသိမြင်ရင်တော့ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓါတစ်ဦးဦးသာ ဖြစ်ပါလိမ့်မယ်။ ဘုရား သာသနာတော်တွင်းမှာ ပစ္စေကဗုဒ္ဓါမပေါ်ကောင်းပါ၊ ဘုရားအဆုံးအမကို ဆရာအဆက်ဆက် နည်းခံနလုံးသွင်းမှ ရုပ်+နာမ်(ခန္ဓာငါးပါး)ကို သဘောပေါက်သိမြင် နားလည်လာပါလိမ့်မယ်။ ဤအဆင့်ကို **ဉာတပရိညာ** လို့ခေါ်ပါသည်။ အရှုခံရုပ်+နာမ်(ခန္ဓာငါးပါး)အပေါ်မှာ ဘုရားရှင်ဟောတော်မူသည့်အတိုင်း အမှန်သိမြင် နားလည်သဘောပေါက်တော့မှ ဝိပဿနာဉာဏ်ပေါ်ပါလိမ့်မည်။ ရှုတတ်ပါလိမ့်မည်။ လက်တွေ့(ဉာဏ်တွေ့) တိုက်ရိုက်ရှုမှတ်နိုင်ပါပြီ၊ ဤအဆင့်ကို **တီရဏပရိညာ** လို့ခေါ်ပါတယ်။ ကျင့်သားတက်လာပြီး လျှင်မြန်စွာ ဖြစ်ပေါ်ချုပ်ပျောက်လျှက်ရှိသည့် ရုပ်+နာမ်(ခန္ဓာငါးပါး)၌ အမြင်မမှားတော့ဘဲ၊ အရှိကိုအရှိအတိုင်း (ဘူတံ ဘူတတော ပဿတိ) သိမြင်တော့မှ ဝိပဿနာမဂ်မှ လောကုတ္တရာမဂ်ဉာဏ်ဝင်လို့ သက္ကာယဒိဋ္ဌိကို ရှင်းရှင်းပြတ်ပြတ် ပါယ်နိုင်ပါလိမ့်မည်။ ဤအဆင့်ကို **ပဟာနပရိညာ** ဟုခေါ်ပါသည်။

ဤကျမ်းစာမှာ ပထမအဆင့်(ဉာတပရိညာ)အဖြစ် ယောဂီတို့အား အထောက်အပံ့ရနိုင်ပါစေရန် သက္ကာယဒိဋ္ဌိ(၂၀)အကြောင်းရေးသားအပ်ပါသည်။ အခြေခံနာမရူပပရိစ္ဆေဒဉာဏ်လို့ပဲခေါ်ခေါ်၊ ဉာတပရိညာလို့ပဲခေါ်ခေါ် အရှုခံရုပ်+နာမ်(ခန္ဓာငါးပါး) ကိုဘုရားအဆုံးအမအတိုင်း သိမြင်နားလည် သဘောမပေါက်ပါက ဘယ်လိုပုဂ္ဂိုလ်မျိုးမှ ဝိပဿနာလမ်းကြောင်းပေါ်ရောက်နိုင်မှာမဟုတ်ပါဘူး။

ဒါကြောင့်မိမိတို့ရှုမှတ်ရမည့် အရှုခံ ရုပ်+နာမ် (ခန္ဓာငါးပါး)အကြောင်းကို အထူးအရေးထားပြီး လေ့လာတော်မူကြပါရန် တိုက်တွန်းအပ်ပါသည်။

**အရှင်ဇေယျပဏ္ဍိတ**
**(ပဓါနနာယကဆရာတော်)**

## သက္ကာယနှင့် သက္ကာယဒိဋ္ဌိ

သက္ကာယဆိုတာ အစစ်အမှန်ရှိတဲ့တရားပါ၊ တစ်လောကလုံးကိုကြည့်လိုက်ရင် အစစ်အမှန်ရှိတဲ့ တရားဆိုလို့ စိတ်၊ စေတသိက်၊ ရုပ်တွေပါဘဲ။ အဲဒီစိတ်၊ စေတသိက်၊ ရုပ်တွေဟာလည်း အာရုံနဲ့ ဒွါရတိုက်ပြီး ဖြစ်ပေါ်လာတဲ့ အာရုံသိသဘော(ခန္ဓာငါးပါး)ပင် ဖြစ်လေသည်။

| | | | |
|---|---|---|---|
| ၁။ ရူပက္ခန္ဓာ | (ရုပ်) | - ရုပ် | သက္ကာယ (အစစ်အမှန်ရှိသောတရား) |
| ၂။ ဝေဒနက္ခန္ဓာ | (ဝေဒနာ) | စေတသိက် | |
| ၃။ သညက္ခန္ဓာ | (သညာ) | | |
| ၄။ သင်္ခါရက္ခန္ဓာ | (သင်္ခါရ) | | |
| ၅။ ဝိညာဏက္ခန္ဓာ | (ဝိညာဏ်) | - စိတ် | |

သက္ကာယဒိဋ္ဌိဆိုသည်မှာ အစစ်အမှန်ရှိသောသက္ကာယတရားများဖြစ်သည့် (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်)တို့အပေါ် အသက်လိပ်ပြာ၊ အကောင်အထည်၊ အတုံးအခဲ၊ ငါ၊ အတ္တ စသဖြင့်မှားယွင်းစွာ ယူလိုက်ခြင်း သည်သက္ကာယဒိဋ္ဌိ ဖြစ်လေသည်။ မိစ္ဆာဒိဋ္ဌိ(၆၂)ပါးတို့၏ အဓိကခေါင်းဆောင်မှာ သက္ကာယဒိဋ္ဌိ ဖြစ်လေသည်။ ၄င်းသက္ကာယဒိဋ္ဌိတစ်ခုကို သတ်လျှင် (၆၂)ပါးသောဒိဋ္ဌိ အကုန်သေလေသည်။ ဒိဋ္ဌိသတ်နည်း သုံးနည်းရှိသည်။ နည်းသုံးနည်းနှင့် တာဝန်သုံးရပ်မှာ-

| | | |
|---|---|---|
| ၁။ ဉာတပရိညာ | အသိနဲ့ဖြုတ်ခြင်း | ဆရာ့တာဝန် |
| ၂။ တိရဏပရိညာ | အပွားနဲ့ဖြုတ်ခြင်း | ယောဂီတာဝန် |
| ၃။ ပဟာနပရိညာ | အပါယ်နဲ့ဖြုတ်ခြင်း | ဓမ္မတာဝန် |

တို့ဖြစ်သည်။

ခန္ဓာငါးပါးကို အသက်လိပ်ပြာ အကောင်အထည် အတုံးအခဲ၊ ငါ၊ အတ္တ စသည်ဖြင့် ယူလိုက်ခြင်းသည် အဝိဇ္ဇာအမှောင်ဖုံးထားသဖြင့် အကောင်အထည်ထင်မှသာ သက္ကာယဒိဋ္ဌိ ဖြစ်ရလေသည်။ အခုကျွန်ုပ်တို့ အားလုံးသည် ကိုယ့်ကိုယ်ကို အသက်ရှူဆဲ ထုတ်ဆဲ အမူအယာတိုင်းမှာ စိတ်နဲ့ကြည့်တဲ့အခါ ကိုယ့်ကိုယ်လုံးကြီးကို အတုံးအခဲ၊ အကောင်အထည် ထင်နေပါတယ်။ မျက်စိမှိတ်လိုက်တဲ့အချိန်လေးကို ကြည့်လိုက်ရင် မျက်နှာအမူအရာ၊ ကိုယ်အမူအရာတွေကို အကောင်အထည်အတုံးအခဲလို့ ထင်နေကြပါတယ်။ အဲဒီလိုထင်ရင် ငါဆိုတဲ့ အထင်ကပ်ပါမလာဘူးလား။ ကပ်ပါနေရင် ''ငါ့''အတွက်လို့စိမံချက်တွေပေါ်နေပါတယ်။ ဒါဆိုရင် ပဋိစ္စသမုပ္ပါဒ် အကွက်နံပါတ်(၃)ဘက်ရောက်သွားပါပြီ။ အဓိကအချက်က အထင်မှားကြီးကိုပျောက်အောင် အမြင်မှန် အစား

ထိုးရမှာ၊ ခန္ဓာငါးပါးလို့ ပိုင်းခြားသိတဲ့ဉာဏ် ပေါ်လာအောင် သင်ယူနာကြားရမှာ ဖြစ်ပါတယ်။ ခန္ဓာငါးပါးကို ပိုင်းခြားသိမြင်တဲ့ အလုပ်ကလည်း ဘုရားရဲ့ဉာဏ်တော်ကျက်စားရာ အလုပ်ဖြစ်နေပါတယ်။ ကိုယ့်ဘာသာကို တရားထိုင်ရင်းနဲ့ ဒါဒုက္ခသစ္စာခန္ဓာငါးပါးလို့ ခွဲခြားပြီး သိလာစရာအကြောင်းမရှိပါဘူး၊ သမာဓိ ဈာန်တွေရအောင် အားထုတ်ပေမယ့်လည်း ရုပ်နာမ်တွေ ဖောက်ထွင်းသိလာစရာ အကြောင်းမရှိပါဘူး။ ၃၂-ပါးသော လက္ခဏာတော်ပြည့်စုံတဲ့ ဘုရားမှသာလျှင် ကိုယ့်ဘာသာကိုယ်ကျင့်ရင်းနဲ့ သိနိုင်တာလို့ မှတ်ကြရပါမယ်။ ကျန်တဲ့ပုဂ္ဂိုလ်များသည် ဆရာ့ထံနည်းခံယူကြရပါမယ်။ အရှင်သာရိပုတ္တရာသည် ဘုရားပြီးလျှင် ပညာအရာမှာ အကြီးဆုံးပုဂ္ဂိုလ်ပဲ။ ဒါပေမယ့် အရှင်သာရိပုတ္တရာမထေရ်ကြီးတောင်မှ ဆရာထံနည်းရမှ သိတာပါ။

မဟာစည်ဆရာတော်ဘုရားကြီးကလည်း ခန္ဓာငါးပါးကိုသိဖို့ အရေးကြီးတဲ့အကြောင်း မိန့်ကြားခဲ့ပါတယ်။ မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း တရားထိုင်တော့မယ်ဆိုရင် ပထမဦးစွာ သက္ကာယဒိဋ္ဌိကိုပြုတ်အောင် သင်ပေးပါဦးတဲ့။ ခန္ဓာငါးပါးဖြစ်ပေါ်ပုံအကြောင်းကို သင်ပေးပါဦးတဲ့။ နားလည်ပြီဆိုမှ ထိုင်ခိုင်းပါလို့ အတန်တန်မှာကြားခဲ့ပါတယ်။ ခန္ဓာငါးပါးသည် အရှုခံတရားသာ ဖြစ်ပါသည်။ အရှုခံကိုနားမလည်ရင် နိဗ္ဗာန် တကယ်မဝင်ပါဘူး၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရပါဘူး၊ ကျွန်ုပ်တို့အပါအဝင်ယောဂီတွေက ခန္ဓာငါးပါးနဲ့ ဒီကိုယ်လုံးကြီးကို တော်တော်များများ ရောထွေးနေကြပါတယ်။ ဒီကိုယ်လုံးကြီးကိုတစ်ခါတလေ ဆရာတော်ဘုရားကြီးက ခန္ဓာငါးပါးတုံးလို့ သုံးတဲ့အခါ သုံးလိုက်တယ်။ ဒါကိုတိုက်ရိုက်သွားယူပြီး ပရိယာယ်နားမလည်ဘဲ ခန္ဓာငါးပါးလို့တင်ပြလိုက်ပြန်တော့ လွဲသွားကြတာပေါ့။ ဒါသတိထားရမယ့်အချက်ပဲ။ နောက်တစ်ချက် ခက်ခဲတာက ဘုရားဟော ပိဋကတ်စာပေတွေက နက်ရှိုင်းတယ်၊ ကျယ်လည်းကျယ်တယ်တဲ့။ ဒါကိုပိဋကတ် ပင်လယ်လို့ သုံးကြတယ်။ ပိဋကတ်ပင်လယ်ကို တဖက်ကမ်းရောက်အောင်ကူးတယ်ဆိုတာ နိဗ္ဗာန်ကို ပေါက်အောင် ဖတ်မှတ်တာကိုပြောတာပါ၊ ပိဋကတ်ပင်လယ်ကိုကူးတဲ့နေရာမှာ ဟိုဘက်ကမ်းရောက်ဖို့မလွယ်ဘူး။ စာဖတ်တဲ့အခါမှာလည်း နည်း(၄၀)ဆိုတာကိုတတ်မှ ကျော်နိုင်လွှားနိုင် ဖတ်နိုင်တာပါ။ ကျွန်ုပ်တို့ နည်း(၄၀)ကို မတတ်သော်လည်း ရဟန္တာလို့သမုတ်တဲ့ ဆရာတော်ဘုရားကြီးတွေရဲ့ အဆုံးအမတွေ၊ ဓါတ်တော်ကျတယ်ဆိုတဲ့ ဆရာတော်ဘုရားကြီးတွေ ဟောပြောခဲ့တဲ့တရားတွေကို လိုက်ရှာစုဆောင်းပြီး ပြန်လည်သင်ကြား ဟောပြပေးတဲ့ ပိုင်းလော့ဆရာတော်ရဲ့ကျေးဇူးကြောင့် ခုလိုသိရှိတာဖြစ်ပါတယ်။

ကျွန်တော်တို့က ကိုယ်ဘာသာကိုယ် လိုက်လံစုဆောင်းမယ်ဆိုရင် ဒီဘဝသက်တမ်းသာကုန်သွားမယ် အခုလိုအသိတရားတွေရမှာမဟုတ်ပါဘူး။ ဓါတ်တော်ကျတဲ့ဆရာတော်တိုင်းဆုံးမခဲ့တာက ခန္ဓာငါးပါးကို တိတိကျကျပြခဲ့တာကိုဆရာတော်ကမိန့်ပါတယ်။ ဆက်လက်ပြီး ဆရာတော်က ဓါတ်တော်ကျတဲ့ သပိတ်အိုင်တောရ ဆရာတော်ဘုရားကြီးကလည်း ခန္ဓာငါးပါးကို ရှင်းရှင်းလင်းလင်းပြခဲ့ကြောင်း၊ နောက်ဓါတ်တော်ကျတဲ့ မြိုင်က ဦးဇာဂရဆိုတဲ့ဆရာတော်ဘုရားကြီးလည်း ခန္ဓာငါးပါးကို ပြခဲ့ကြောင်း၊ တံတားဦးက ဆရာတော်ကြီးဦးကုသလ၊ မိုးကုတ်ဆရာတော်ဘုရားကြီး၊ မဟာစည်ဆရာတော် ဘုရားကြီးတို့ကလည်း ခန္ဓာငါးပါးကို အရေးကြီးဆုံးပါပဲလို့ ရှင်းပြခဲ့တဲ့အကြောင်း၊ ထိပ်တန်း ဆရာတော်ဘုရားကြီးတွေ အကုန်လုံးခန္ဓာငါးပါးသိဖို့ အရေးကြီးဆုံးလို့ ရှင်းပြခဲ့တဲ့အကြောင်း ဟောကြားထားပါတယ်။ ဒီခန္ဓာငါးပါးကလည်း ဘုရားရှင်ရဲ့ အဓိကပညာကျက်စားရာ အခက်ခဲဆုံး အရာလို့ တင်ပြထားပြီးဖြစ်ပါတယ်။ ခန္ဓာငါးပါးနဲ့ ဒီကိုယ်လုံးကြီး ရောထွေးနေတာကို အရင် ရှင်းလင်းအောင် သင်ယူနာကြားရပါမယ်။

မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်ရဖို့၊ အပါယ်လေးပါးမကျရောက်ဖို့ အဓိကအရေးတကြီးဖြုတ်ရမှာက ဒီသက္ကာယဒိဋ္ဌိပါ။ ဘယ်လောက် အရေးတကြီးဖြုတ်ဖို့ လိုသလဲဆိုရင် ရင်ဝလှံစူး၊ ဦးခေါင်းမီးလောင် နေရင်တောင် လှံကိုအရင်မနုတ်ပါနဲ့၊ မီးကိုအရင်မငြိမ်းပါနဲ့တဲ့ ၊ အဲဒါတွေထက်ပိုအရေးကြီးတဲ့ သက္ကာယ ဒိဋ္ဌိကိုအရင်ဖြုတ်ပါတဲ့၊ သက္ကာယဒိဋ္ဌိမဖြုတ်ဘဲနဲ့ သေရင်တော့ ဘဝတွေကြိမ်ဖန်များစွာ သေရပါ လိမ့်မယ်တဲ့။ ဒါကြောင့် သက္ကာယဒိဋ္ဌိကို အရင်ဖြုတ်ပါလို့ ဟောကြားခဲ့ပါတယ်။ နောက်ပြီး ဒီဒိဋ္ဌိဖြုတ် တရား(သစ္စာတရား)ကိုနာကြားဖို့အတွက် လှံချွန်နဲ့ နေ့ကို အကြိမ်(၃၀၀) ညကို အကြိမ်(၃၀၀) အထိုးခံပြီးမှ ဟောကြားပေးမယ်ဆိုလို့ရှိရင်လည်း လှံချွန်နဲ့ အထိုးခံပြီးတရားနာပါလို့ ဟောကြား ထားပါတယ်။ သက္ကာယဒိဋ္ဌိ မပြုတ်ခဲ့လို့လဲ ကျွန်ုပ်တို့ယောဂီတို့ သံသရာ အစကနေ ယနေ့တိုင်အောင် ဂင်္ဂါဝါဠုသဲစုမက ဘုရားအဆူဆူပွင့်ခဲ့ပေမယ့်လည်း (၃၁)ဘုံသံသရာထဲက မထွက်နိုင်ခဲ့ကြပါဘူး။ ဒီတရားတွေသာ မသိရင်လည်း နောင်ရှည်လျားလှတဲ့ သံသရာမှာ မြုပ်မျောပေါ်မျော မျောရပါဦးမယ်၊ ဒါကြောင့်ဒီသက္ကာယဒိဋ္ဌိ မပြုတ်ပြုတ်အောင် ဉာတပရိညာ၊ တိရဏပရိညာ တို့ဖြင့် ပွားများ အားထုတ်၍ ပဟာနပရိညာထိ ဆိုက်ရောက်အောင် ကျင့်ကြံကြပါလို့ အနူးအညွတ် တိုက်တွန်းလိုက် ရပါသည်။

## ဒုက္ခသစ္စာ "ခန္ဓာငါးပါး" သက္ကာယနှင့်သက္ကာယဒိဋ္ဌိ(၂၀)

ခန္ဓာငါးပါးဆိုတာ (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်)တို့ဖြစ်ပါတယ်။ အဲဒီငါးခုသည် အာရုံ ဒွါရတိုက်ချိန်၌ တစ်ပေါင်းတည်းဖြစ်၊ တစ်ပေါင်းတည်းချုပ်ပါတယ်။ ငါးခုပေါင်းစုတော့မှ သိသဘောတရား ပေါ်လာတာ-

| | |
|---|---|
| မျက်စိမှာလာပေါင်းစုရင် | 'အဆင်းသိ' |
| နားမှာလာပေါင်းစုရင် | 'အသံသိ' |
| နှာခေါင်းမှာလာပေါင်းစုရင် | 'အနံ့သိ' |
| လျှာမှာလာပေါင်းစုရင် | 'အရသာသိ' |
| ကိုယ်မှာလာပေါင်းစုရင် | 'အတွေ့အထိသိ' |
| ဘဝင်မှာလာပေါင်းစုရင် | 'ကြံသိ' ပုံသဏ္ဍာန်အမူအရာတွေ 'သိ'တယ် ခေါ်ပါ |

တယ်။

သိသဘောတစ်ချက်၌ စိတ်၊ စေတသိက်၊ ရုပ်တွေပေါင်းဆုံသွားပါတယ်။ အဲဒီသိသဘောတရား၊ အဲဒီသိစိတ်ဟာ ဒီကိုယ်လုံးကြီးထဲမှာ မရှိပါဘူး။ အာရုံဒွါရပေါင်းဆုံမှ ပေါ်လာတဲ့ 'သိ' သဘောတရားသာ ဖြစ်ပါတယ်။ လယ်တီဆရာတော်ဘုရားကြီးက ဆုံးမခဲ့ပါတယ် "သက္ကာယဒိဋ္ဌိ" ကို ရှင်းလင်းအောင် ပါယ်နိုင်အောင် သင်ပေးပါဦး၊ သင်ပေးလို့ရှုတတ်ရင် အနတ္တဆိုက်ပြီး ရပြီလို့ဆိုပါတယ်။

"သန္တော ကာယော သက္ကာယော၊ သက္ကာယေ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ " သက္ကာယဒိဋ္ဌိအရ ထင်ရှားရှိတဲ့ ခန္ဓာဟာ သက္ကာယပဲ၊ ထင်ရှားရှိတယ်ဆိုတာ အတုံးအခဲပြောတာမဟုတ်ဘူး၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ သဘောခန္ဓာငါးပါးပဲ။ အဲဒီခန္ဓာငါးပါးအပေါ်မှာ မှားယွင်းစွာမှတ်ထင်မှုဟာ သက္ကာယဒိဋ္ဌိ ဖြစ်တာပါပဲ။ ခန္ဓာငါးပါးမှာ လေးမျိုးစီမှားမှားယွင်းယွင်း ယူတော့ သက္ကာယဒိဋ္ဌိ(၂၀)ဖြစ်သွားပါတယ်။ ဘုရားရှင်က လွယ်ကူအောင် စောင်းအိမ်နဲ့ စောင်းသံ ဥပမာပေးခဲ့ပါတယ်။

# စောင်းအိမ်နှင့် စောင်းသံ

တစ်နေ့မှာစောင်းသမားတစ်ယောက်ဟာ စောင်းကြိုးကိုတီးခတ်ပြီး ဘုရင့်နန်းတော်အိမ်နဲ့ မလှမ်းမကမ်းကနေ သွားတယ်။ စောင်းသံကြားလို့ ဘုရင်ဟာ စောင်းသမားကို ခေါ်ခိုင်းပါတယ်။ အနားရောက်တော့ ''စောင်းသမား ငါစောင်းသံကို ကြည့်ချင်တယ်လို့ ဘုရင်ကပြောတယ်။ စောင်းသမားကဖြေရှာပါတယ်၊ ''မင်းကြီး…။ စောင်းသံဟာ စောင်းကြိုးကို လက်နဲ့ တီးခတ်ချိန်မှာ အသံထွက်တာပါ။ ဒီအထဲမှာမရှိပါဘူး။ ကြည့်လို့မရပါဘူး''လို့ ပြန်ဖြေတယ်၊ ဒါပေမယ့် ရှင်ဘုရင်က အသံတွေ ဒီအိုးထဲမှာရှိလို့ တီးတိုင်းထွက်တာဖြစ်ရမယ်လို့ ထင်နေတယ်။ အဲဒီလိုထင်တော့ ငါ့ကိုပေးလို့ပြောင်းပြီး စောင်းမှာရှိတဲ့အပေါက်က လှန်လှောကြည့်ပါတယ်။ အထဲမှာစောင်း သံရှိတယ် ထင်ပြီးဘုရင်က ကြည့်တော့ မတွေ့ဘူး၊ ဒီတော့ ဒီစောင်းသံ အပုန်းကောင်းတယ်တဲ့။ အိမ်ကိုခွဲ ကြည့်စမ်းဆိုပြီး လေးစိပ်ခွဲခိုင်းတယ်။ စောင်းသံကထွက်မလာပါဘူး၊ နောက်တစ်ခါ ရှစ်စိပ်ခွဲခိုင်း ပြန်တယ်။ ခွဲလဲ ထွက်မလာပါဘူး၊ အသားထဲမှာရှိမလား ပုန်းကွယ်နေမလားဆိုပြီး အသားကို ထုထောင်းချေခိုင်းတယ်၊ အကုန်လုံး ထောင်းထုချေပစ်လိုက်တော့လည်း အသံကထွက်မလာပါဘူးတဲ့။

အမှုန့်ထဲမှာရှိမလားဆိုပြီး မီးရှို့ခိုင်းပြန်တယ်။ အမှုန့်ကိုမီးရှို့တော့လည်း အသံက ထွက်မလာ ပါဘူး၊ ပြာထဲမှာပုန်းနေမလားဆိုပြီး ရေဖျော်ရင်ထွက်လာမှာပဲဆိုပြီး ရေဖျော်ခိုင်းတယ်၊ ဒါပေမယ့် ထွက်မလာပါဘူး။

စောင်းသံဟာ စောင်းကြိုးထဲမှာမရှိသလို အိုးထဲမှာလည်းမရှိပါဘူး၊ အသားထဲမှာလည်း မရှိပါဘူး၊ တီးတုန်းသာ ထွက်လာပြီး မြဲမလားပျောက်မလား . . . ပျောက်သွားမယ်၊ ဒီကိုယ်လုံးကြီး တွေက စောင်းအိမ်နဲ့တူတယ်၊ 'သိ' သဘောတရားက စောင်းသံနဲ့တူတယ်။ ခန္ဓာငါးပါးစုံလို့ သိသဘောတရားက စောင်းသံနဲ့တူတယ်၊ ဒီအတိုင်းပါပဲ 'သိ' သဘောတရားဆိုတဲ့ ဉာဏ်နဲ့သာ မြင်ရသော သဘောခန္ဓာသည် စောင်းသံနဲ့တူပါတယ်။ ဒီကိုယ်လုံးကြီးသည်စောင်းအိမ်နဲ့တူပါတယ်။ အဲဒီတော့ ''နား'' ထဲမှာလည်း 'သိ'ဆိုတဲ့သဘောတရားမရှိပါ။ အသံသိဆိုတဲ့ သဘောတရားသည် နားထဲမှာလည်းရှိမနေပါဘူး၊ 'အဆင်းသိ' ဆိုတဲ့သဘောတရားသည်လည်း မျက်လုံးထဲမှာမရှိပါဘူး၊ 'အရသာသိ' တဲ့သဘောတရားသည်လည်း လျှာထဲမှာရှိမနေပါဘူး။ အတွေ့အထိ ဓါတ်သုံးပါး၊ အကြမ်းအနု၊ အပူအအေး၊ အတင်းအလျော့ ဝါယောသဘောကို'သိ' သဘောတရားသည်လည်း

# သက္ကာယဒိဋ္ဌိ (၂၀)

စောင်းသံ
(ဉာဏ်မြင်သဘောခန္ဓာ)
ခန္ဓာငါးပါး



စောင်းအိမ်
(မျက်မြင်အထည်ခန္ဓာ)

| အတွင်းအာယတန | | အပြင်အာယတန |
|---|---|---|
| ဒွါရ | | အာရုံ |
| အခံဓါတ် | အပွင့်ဓါတ် | အတိုက်ဓါတ် |
| မျက်စိ | ► ၁ * ◄ | အဆင်း |
| နား | ► ၂ * ◄ | အသံ |
| နှာခေါင်း | ► ၃ * ◄ | အနံ့ |
| လျှာ | ► ၄ * ◄ | အရသာ |
| ကိုယ် | ► ၅ * ◄ | ထိတွေ့စရာ |
| စိတ် | ► ၆ * ◄ | ကြံတွေးစရာ |

၁ – မြင်သိစိတ် (ခန္ဓာငါးပါး)
၂ – ကြားသိစိတ် (ခန္ဓာငါးပါး)
၃ – နံ့သိစိတ် (ခန္ဓာငါးပါး)
၄ – စားသိစိတ် (ခန္ဓာငါးပါး)
၅ – ထိသိစိတ် (ခန္ဓာငါးပါး)
၆ – ကြံသိစိတ် (ခန္ဓာငါးပါး)




အာရုံနဲ့ ဒွါရက မွေးတဲ့ခန္ဓာ
(ခန္ဓာငါးပါး)

"အဖေ အမေ မွေးတဲ့ အချိန်တစ်ဆယ်၊ တစ်ဆယ့်ငါးလေးတဲ့ ခန္ဓာကို ရှုခိုင်းတာမဟုတ်၊ အာရုံနဲ့ဒွါရက မွေးတဲ့ခန္ဓာကို ရှုခိုင်းတာဖြစ်တယ် "

(မိုးကုတ်ဆရာတော်ကြီး)

ကိုယ်လုံးထဲမှာ ရှိမနေပါဘူး၊ အတွေးပုံတွေ ဓမ္မာရုံတွေကိုသိတဲ့ သဘောတရားလည်း နှလုံးသားထဲမှာ အမြဲရှိမနေပါဘူး၊ ရှိတယ်ဆိုရင် အိပ်ပျော်နေလည်း သိရမှာပေါ့၊ အိပ်ပျော်နေလည်း တောက်လျှောက် သိနေရမှာပေါ့၊ ဒီစောင်းအိမ်နဲ့ စောင်းသံပေါ်မှာ အမှား ၄-ချက်က-

(၁) စောင်းအိမ်ထဲမှာ စောင်းသံရှိတယ်၊

(၂) စောင်းသံထဲမှာ စောင်းအိမ်ရှိတယ်၊

(၃) စောင်းအိမ်ကို စောင်းသံထင်တယ်၊

(၄) စောင်းသံကို စောင်းအိမ်ထင်တယ်။

အဲဒီသဘောအတိုင်းပါဘဲ ခန္ဓာငါးပါးဖြစ် ရုပ်ပေါ်မှာ ၄-ချက်၊ ဝေဒနာပေါ်မှာ ၄-ချက်၊ သညာပေါ်မှာ ၄-ချက်၊ သင်္ခါရပေါ်မှာ ၄-ချက်၊ ဝိညာဏ်ပေါ်မှာ ၄-ချက် စုစုပေါင်း (၂၀)။ ဒါကြောင့် သက္ကာယဒိဋ္ဌိ ၂၀-လို့ခေါ်ပါတယ်။ ရုပ်ဆိုတာသည် ပူသဘော၊ အေးသဘော၊ မာသဘော၊ ပျော့သဘော၊ လှုပ်သဘော၊ ငြိမ်သဘောတွေထဲက ပူသဘောဖြစ်တဲ့ ရုပ်(ရူပက္ခန္ဓာ)ကို အမှား ၄-ချက်နဲ့ပြမယ် ဆိုရင်-

| | |
|---|---|
| ၁။ ရုပ်ပေါ်၌ အမှား ၄-ချက် | (၁) ငါပူတယ် |
| | (၂) ပူတာငါပဲ |
| | (၃) ငါ့အထဲပူတာရှိတယ် |
| | (၄) ပူတဲ့အထဲငါရှိတယ်၊ စသဖြင့် ၄-ချက် |
| ၂။ ဝေဒနာပေါ်၌ အမှား ၄-ချက် | (၁) ငါခံစားတယ် |
| | (၂) ခံစားတာငါပဲ |
| | (၃) ငါ့အထဲခံစားတာရှိတယ် |
| | (၄) ခံစားတဲ့အထဲ ငါရှိတယ်၊ စသဖြင့် ၄-ချက် |
| ၃။ သညာပေါ်၌ အမှား ၄-ချက် | (၁) ငါမှတ်သားတယ် |
| | (၂) မှတ်သားတာငါပဲ |
| | (၃) ငါ့အထဲမှတ်သားတာရှိတယ် |
| | (၄) မှတ်သားတဲ့အထဲ ငါရှိတယ်၊ စသဖြင့် ၄-ချက် |

၄။ သင်္ခါရပေါ်၌ အမှား ၄-ချက် (၁) ငါပြုပြင်တယ်
(၂) ပြုပြင်တာငါပဲ
(၃) ငါ့အထဲပြုပြင်တာရှိတယ်
(၄) ပြုပြင်တဲ့အထဲ ငါရှိတယ်၊ စသဖြင့် ၄-ချက်
၅။ ဝိညာဏ်ပေါ်၌ အမှာ ၄-ချက် (၁) ငါသိတယ်
(၂) သိတာငါပဲ
(၃) ငါ့အထဲသိတာရှိတယ်
(၄) သိတဲ့အထဲ ငါရှိတယ်၊ စသဖြင့် ၄-ချက် တို့ဖြစ်သည်။

ရုပ်ပေါ်၌အမှား ၄-ချက်၊ ဝေဒနာပေါ်၌အမှား ၄-ချက်၊ သညာပေါ်၌အမှား ၄-ချက်၊ သင်္ခါရပေါ်၌ အမှား ၄-ချက်နဲ့ ဝိညာဏ်ပေါ်၌ အမှား ၄-ချက်ဖြစ်၍ စုစုပေါင်း သက္ကာယဒိဋ္ဌိ ၂၀ ဖြစ်သည်။ သက္ကာယဒိဋ္ဌိ ကိုမရှင်းလင်းဘဲနဲ့ တရားထိုင်ရင်၊ ထိုင်တဲ့ပုဂ္ဂိုလ်များဟာ ငါ့ပေါင်ထဲက ဝေဒနာ၊ ကိုယ်လုံးထဲကဝေဒနာ၊ ခါးထဲက ဝေဒနာထင်ပြီးလိုက်တော့ အစကတည်းက လွဲနေတာဖြစ်သောကြောင့် နိဗ္ဗာန်တစ်သက်မပေါ်နိုင်ပါဘူးတဲ့၊ ကိုယ်လုံးထဲက ခေါင်းထဲကထင်ပြီး ဝေဒနာလိုက်နေကြတယ်ဆိုရင် အစကတည်းက သက္ကာယဒိဋ္ဌိ ၂၀ ထဲမှာ ပါနေပါတယ်။ မိုးကုတ်ဆရာတော်ဘုရားကြီးစကားနဲ့ပြောရင် ဒိဋ္ဌိတန်းလန်းနဲ့ ကျင့်ခဲ့ပါသော် သေအောင်ထိုင် မဂ်မပေါ်ပါဘူးလို့ ဟောခဲ့ပါတယ်။ အစကတည်းက မှားနေလို့ ဉာဏ်မလာပါဘူး၊ ဒါမဟာစည်ဆရာတော်ဘုရားကြီး၊ မိုးကုတ်ဆရာတော်ဘုရားကြီးနဲ့ လယ်တီဆရာတော်ဘုရားကြီးတွေ ဆုံးမတဲ့စကားပါ။ ဒီကိုယ်လုံးကြီးထဲမှာဝေဒနာရှိတယ်လို့ထင်တဲ့သူက သက္ကာယဒိဋ္ဌိ-၂၀ ထဲမှာ ပါနေပါတယ်။ ဒါကြောင့် သေသေချာချာနားလည်အောင်သင်ယူကြပါ။

## ခန္ဓာငါးပါးဆိုတာ

ဒီမှာ ဥပမာပြောမယ်နော်။ ဒီငါးခုကိုဆိုကြည့်ပါဦး၊ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ရိုးရိုးဖြေကြပါ။ ကိုယ့်သဘောနဲ့ကိုယ်ဆို ဒီ(၅)ခုက တစ်ခုစီလို့ ထင်တယ်မဟုတ်လား၊ အဲဒါမှားနေတယ်၊ အဲဒါ ဆရာရဲ့လက်ထပ်သင်တဲ့ပညာမရလို့ဘဲ။ အဲဒီငါးခုက တစ်ပေါင်းတည်းဖြစ် တစ်ပေါင်းတည်းချုပ်၊ ဝေဒနာသပ်သပ်၊ ဖဿသပ်သပ်လို့ ထင်နေတဲ့ပုဂ္ဂိုလ်က အလွဲ၊ ကိုယ့်နည်း

## အာရုံ 'သိ' သဘော




ဥပမာ –ကောင်းကင်၌လျှပ်စစ်လက်သည့်ပမာ
–ကျောက်ခဲနှစ်လုံးကို အားနဲ့ခတ်ပါက မီးထွက်သကဲ့သို့

ကိုယ့်ဟာနဲ့နဲ့ နားလည်သလိုဆို ဝေဒနာသပ်သပ်ယူလိုက်တာပေါ့၊ အဲဒါဆိုသွားပြီပဲ။ ကျင့်လို့မရတော့ဘူး၊ ဆရာကိုယ်တိုင် လက်ထပ်သင်တာ မရလိုက်လို့ သဘောပေါက်ကြလား။ မိုးကုတ်ဆရာတော်ဘုရားကြီးက ဆရာဆက်ဆက်ရခဲ့တာပါ။ ဝိညာဏ်ဆိုတာ တစ်ခုတည်း မဖြစ်ကောင်းပါဘူး၊ ဝိညာဏ်ဆိုတာ စိတ်အမည်လေ၊ စိတ်ဆိုရင် စေတသိက်မပါဘူးလား၊(ပါပါတယ်ဘုရား)။ စိတ်ဆိုတာ သူ့ချည်းမပေါ်ပါဘူး၊ အာရုံဒွါရတိုက်ချိန်မှာပေါ်တော့ သဠာယတန ပါမလာဘူးလား၊ တစ်ပေါင်းတည်းနော်၊ ခွဲလို့မှမရဘဲ၊ အဲဒီလို နားလည်ထားရမှာ၊ ဒါလည်းပဲ အဆက်ဆက် ဆရာထံနည်းမခံရင် ရပါ့မလား၊ (မရပါဘူးဘုရား)။ တကယ့်ထိပ်တန်းဆရာတော်ကြီးတွေ သင်တဲ့အခါ ပါပါတယ်။ ဆရာတော်ကြီးတွေဆီက ရတဲ့နည်းတွေပါ။ ဒီနေ့ စာတတ်ရုံနဲ့မလိုဘူးလို့ ပြောတဲ့ပုဂ္ဂိုလ်တွေ မှန်ပါ့မလား၊ (မမှန်ပါဘူးဘုရား)။ မှားပေိမ့်မယ်၊ ဘုရားဟောတဲ့နည်းပညာ စာထဲမှာရှိတယ်။ ပါဠိလိုဆောင်ထားတာ၊ ဒါကိုဆရာယံနည်းခံပြီး ဆောင်ထားလို့ရကြတာ။ သဘောပေါက်ပြီနော်၊ ဘုန်းဘုန်းတို့အင်မတန် ကံကောင်းတယ်၊ တကယ်လို့ တစ်ပေါင်းတည်းဆိုတဲ့ အယူအဆကိုသာ ဆရာတော်ဘုရားကြီးက မပြောခဲ့ရင် ဘုန်းဘုန်းဟောနိုင်မှာမဟုတ်ဘူး၊ ခန္ဓာဆိုတာ အပေါင်းအစု၊ ဒီကိုယ်လုံးကြီးလည်း ခန္ဓာပဲ။ ဒါကိုကလေးလည်း မြင်တယ်၊ ခွေးလည်းမြင်တဲ့ခန္ဓာပဲ။ ခန္ဓာငါးပါးက အင်မတန်

နက်ရှိုင်းပါတယ်၊ ဉာဏ်နဲ့သာသိရမယ့်ခန္ဓာပါ။ ရပြီနော်၊ နားမှာကြားလည်း မနောမှာ အရိပ်လေး ပေါ်တယ်၊ ဒါခန္ဓာပဲ၊ 'သိ' သဘောလေးပဲ၊ အဲဒါကို နောက်စိတ်က လက်ခံဆုံးဖြတ်တဲ့အခါ အကောင် အထည် မဟုတ်ကြောင်း ဆုံးဖြတ်ရမှာ၊ တံလျှပ်ကဲ့သို့ဆိုတာ သင်ပြီးပြီနော်၊ ရုပ်ဘက်ကကြည့်ရင် ရေမြှုပ်ကဲ့သို့ ဝေဒနာဘက်ကကြည့်ရင် ရေပွက်ကဲ့သို့၊ သညာဘက်ကကြည့်ရင် တံလျှပ်ကဲ့သို့၊ သင်္ခါရဘက်ကကြည့်ရင် ငှက်ပျောတုံးကဲ့သို့၊ ဝိညာဏ်ဘက်ကကြည့်ရင် မျက်လှည့်ကဲ့သို့၊ ဆိုကြည့်ရအောင်နော်၊ ရုပ်ဖောက်ပြန်မှုသဘော(ရေမြှုပ်ကဲ့သို့)၊ ဝေဒနာ=ခံစားမှုသဘော (ရေပွက်ကဲ့သို့)၊ သညာ=မှတ်သားမှုသဘော (တံလျှပ်ကဲ့သို့)၊ သင်္ခါရ=စေ့ဆော်မှုသဘော(ငှက်ပျောတုံးကဲ့သို့)၊ ဝိညာဏ်= အထူးသိမှုသဘော(မျက်လှည့်ကဲ့သို့) ဒီ(၅)ခုဟာ ဘယ်ဘက်ကကြည့်ကြည့် ဆရာတော်ကြီးတွေ ဟောတယ် မဟုတ်လား၊ ရုပ်တစ်ခုတည်း ရှုလည်းရပါတယ်လို့ ပြောတယ်မဟုတ်လား၊ သို့သော် တစ်ပေါင်းတည်းဆိုတဲ့ အယူအဆမရှိသေးဘဲနဲ့ တစ်ခုချင်းရှုရတယ်ဆိုရင်တော့ လွဲသွားလိမ့်မယ်၊ သဘောပေါက်ကြလား၊ ဒါကိုသိရမယ်၊ အဲဒီငါးခုကို ပြန်ကြည့်ရအောင်၊ တံလျှပ်ကဲ့သို့ဆိုတာ အနှစ်သာရရှိပါ့မလား၊ (မရှိပါဘုရား)။ ရေမြှုပ်ကဲ့သို့ဆိုတာရော အနှစ်သာရရှိပါ့မလား (မရှိပါဘုရား)။ မိုးပေါက်ကျတယ်၊ ရေပြင်ပေါ်ကို မိုးပေါက်ကျရင် ထထမခုန်ဘူးလား၊ (ခုန်ပါတယ်ဘုရား)။ မြဲရဲ့လား၊ (မမြဲပါဘူးဘုရား)။ အနှစ်သာရရော ရှိရဲ့လား။ (မရှိပါဘူးဘုရား)။ ထမင်းအိုးပွက်တဲ့အခါမှာရော ရေပွက်တာ တွေ့တယ်မဟုတ်လား၊ မြဲပါ့မလား။ အနှစ်သာရရော ရှိပါ့မလား။ (မရှိပါဘူးဘုရား)။ တံလျှပ်ကလည်း အငွေ့လိုဖြစ်မနေဘူးလား။ အနှစ်သာရ မရှိဘူး။ ငှက်ပျောတုံးကလည်း တစ်ဖတ်ချင်း ခွါ ကိုင်စရာကျန်ပါ့မလား၊ (မကျန်ပါဘူးဘုရား)။ သုံးည(၅)လုံး ပေါင်းမယ်။ ''တစ်''ဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဘုရား)။ အဲဒီအတိုင်းပဲ၊ ခန္ဓာငါးပါးသဘောတရားသည် အနှစ်သာရမရှိပါလို့ မြင်ရမယ်။ အတုံးအခဲလို့ထင်ရင် မှားမှာနော်၊ သူတို့ပေါင်းလို့ဖြစ်လာတဲ့ အရိပ်အမူအယာတွေကို တွေးလိုက်ရင် ငါနေတဲ့အိမ်လို့ ပြောလိုက်တာနဲ့ မျက်နှာရော အိမ်ရော ပေါ်လာတယ်။ ပေါ်လာတာကို နောက်စိတ်က ပညာအလင်းနဲ့ ကြည့်လိုက်တဲ့အခါ အနှစ်မရှိပါဘူး၊ အငွေ့လိုပါပဲလို့ ရှုလိုက်တာနဲ့ ဆက်ပြီးဖွဲ့စရာ မရှိဘူး။ ပြိုကွဲသွားတာ။ သူကစကားမပြောဘူး၊ သူကစကားမှမပြောတာကိုး။ ပညတ္တိံထပေတွာ ဝိသေသေန ပဿတီတိ ဝိပဿနာ တဲ့ အထည်ပညတ်၊ ဝစီပညတ်တွေကို ဖယ်ခွါပြီးမှ ပရမတ္ထအရှိကို ပညာဖြင့် ရှုမြင်ခြင်းကို ဝိပဿနာခေါ်တာတဲ့။ အတုံးအခဲ အထည်လို့ထင်တဲ့ပညတ်၊ စကားပြောတယ်

လို့ ထင်တဲ့ ပညတ်တွေကို ဖယ်ရမယ်။ ပေါ်တဲ့အမူအရာများသည် စကားမပြောပါ။ ပြောပါ့မလား။ (မပြောပါဘူးဘုရား)။ အကွေးပုံရိပ်တွေ ဉာဏ်အလင်းနဲ့ သတိထားကြည့်မယ်ဆိုရင် စကားပြောတဲ့ အသံမပါဘူး။ အတုံးအခဲလည်းမဟုတ်ဘူး၊ အငွေ့လိုဖြစ်နေတာပါ။ အဲဒီအတိုင်း အမှန်သိရင်ရပြီနော်။ သဘောပေါက်ကြလား။ ဒါကိုသိပြီဆို တည့်သွားပြီလို့မှတ်ပါ။ ဉာဏ်တည့်သွားပြီ၊ တကယ်ရှုတဲ့အခါ ရှုတဲ့ဉာဏ်ကို မဂ်ဉာဏ်လို့ခေါ်ပါတယ်။ ဘာလို့ မဂ်ဉာဏ်လို့ခေါ်တာလဲ မဂ်ဆိုက်တာ ဘယ်လိုမျိုးလဲလို့ သိချင်တာမဟုတ်လား။ ဘုန်းဘုန်းလည်းအရမ်းသိချင်လို့ လေ့လာခဲ့ရတာပဲ၊ ဘွဲ့ရပြီးမှ ရဟန်းဝတ်ရတယ်၊ ဘုရားတရားသည် အခက်ခဲဆုံးပညာဖြစ်သောကြောင့် ဒီပညာကို လိုချင်ခဲ့တယ်။ နိဗ္ဗာန်ဆိုတာ သိချင်လွန်းလို့ မဂ်ဆိုတာသိချင်လွန်းလို့တော့ အချိန်အများကြီးပေးပြီး ဘဝကိုရင်းခဲ့ရတာပါ။ တကယ် သိချင်လို့ ရှာရတာဆိုတော့ ဒါကို ဝိုးတိုးဝါးတားလုပ်လို့ မရဘူးပေါ့။ မိမိရရ ရှာရမှာလေ။ ဘုရားတရားက သေချာစစ်ဆေးလေ အမှန်ရလေပဲလို့ မှတ်ကြပါ။ မဂ်ခေါ်တဲ့ အကြောင်းက သံသရာဆိုတဲ့ ခန္ဓာအစဉ်အတန်းမှ ထွက်နိုင်သောကြောင့် ထွက်လမ်းကိုမဂ်လို့ခေါ်တာပါ။ ပါးစပ်ပေါက် ကိုလည်း မဂ်ပေါက်သုံးတယ်နော်၊ ကုလားစကားနော်၊ နားကိုလည်းမဂ်ပေါက်လို့သုံးတယ်၊ ကျန်ဒွါရ တွေကိုလည်း မဂ်ပေါက်လို့သုံးတယ်။ ထွက်လမ်းမှန်ရင် မဂ်လို့သုံးတာ၊ အဲဒါကိုဘုရားက ဉာဏ်ထည့် တယ်။ ထွက်လမ်းဉာဏ်၊ ထွက်လမ်းမြင်တဲ့ဉာဏ်၊ ဘယ်ကထွက်သလဲမေးရင် တိုက်ရိုက်အဓိပ္ပါယ်က သံသရာမှ ထွက်သောဉာဏ်၊ ရှုမှတ်သည့်ဉာဏ်အလင်းသည် သံသရာမှထွက်မြောက်သောဉာဏ်နော်၊ ရိုးရိုးလောကီဉာဏ်မဟုတ်ပါဘူး။ ဂဏန်းသင်္ချာပုစ္ဆာကိုတွက်လို့ အဖြေထွက်လာတာကို လောကဉာဏ်၊ အခုသံသရာမှ ထွက်မြောက်စေသော ဉာဏ်ကိုဗမာလိုပြောရင် သံသရာမှထွက်မြောက်စေသောဉာဏ်၊ ပါဠိလိုကမဂ်ဉာဏ်လို့ပြောတာ၊ တရားထိုင်ရင်းနဲ့ ဝုန်းကနဲ လာပေါ်တာမဟုတ်ပါဘူး၊ သဘော ပေါက်ကြလား၊ အစကတည်းက စနစ်တကျချ ထားတဲ့ဉာဏ်က မဂ်ဉာဏ်ဖြစ်ရမှာ၊ ဝိပဿနာ မဂ်ဉာဏ်က စရတာပါ။ ဘယ်ကစတာတုန်း၊ (ဝိပဿနာမဂ်ဉာဏ်ကပါဘုရား)။ ပုဗ္ဗဘာဂရှေးဦးမဂ် လို့ခေါ်တယ်။ အစကတည်းက ဒီဉာဏ်ကရှိပြီးသား၊ အစကတည်းက ပါပြီးသားနော်၊ ပုဗ္ဗဘာဂ ရှေးဦးမဂ်ဆိုတာ ဒီနေ့အဖို့ နေရောင်ခြည်လာတယ်ဆိုတာ ဝိပဿနာက ရှေးဦးမဂ်၊ သတ္တဝါအထည် မဟုတ်ပါဘူးလို့ အမှန်ဆုံးဖြတ်တဲ့ ဉာဏ်အလင်းကို ပုဗ္ဗာဂရှေးဦးမဂ်လို့ခေါ်တာပါ။ ဒီအထဲမှာ ရှေးဦးမဂ်ဉာဏ် ရှိကိုရှိရမှာ၊ သဘောပေါက်ကြလား၊ နားလည်တယ်နော်၊ အဲဒီမှာ ကြည့်ရင်းကြည့်ရင်းနဲ့

ရှင်းရှင်းသိလာတော့မှ လောကုတ္တရာမဂ်က ပေါ်လာမှာ၊ ရှင်းရှင်းသိလာတော့မှ မြင်သွားရင် ဟုတ်ပြီနော်၊ အထက်မဂ်ဉာဏ်တွေဆိုတာ အခြားမဟုတ်ပါဘူး၊ ဉာဏ်တွေရှင်းသထက်ရှင်းအောင်မြင်တာကို ပြောတာပါ။ ဒါကို ဘယ်သူရေးသလဲဆိုတော့ ပရိတ်ကြီးနိဿယ(၁)ကိုရေးခဲ့တဲ့ ဆရာတော် ဦးဝါသေဋ္ဌ အမိန့်ရှိခဲ့တာ။ အထက်မဂ်ဆိုတာ အမြင်ရှင်းသထက် ရှင်းသွားတာကို ပြောတာပါတဲ့။ ပါဠိကို မြန်မာလို နားလည်နေတာကိုး၊ မဂ်ဆိုတာထွက်လမ်း၊ ဒွါရမှန်သမျှ မဂ်လို့ခေါ်တာပါ၊ ထွက်လမ်းဉာဏ် ဆိုတာ ဘယ်ကထွက်သလဲလို့မေးရင် သံသရာခန္ဓာအစဉ်အတန်းမှ လွတ်မြောက်တဲ့ဉာဏ်၊ ထွက်မြောက် တဲ့ ဉာဏ်၊ ဘုန်းဘုန်းတို့ သချ်ာပုစ္ဆာ တွက်တာကို လောကီဉာဏ်၊ ဘုန်းဘုန်း သချ်ာပုစ္ဆာတွက်တာကို လောကီဉာဏ်၊ ဘုန်းဘုန်းတို့က လောကုတ္တရာမဂ်ဉာဏ် လိုချင်တာနော်၊ အစဉ်တန်းတာတွေကိုပဲ ပြမယ်၊ အာရုံဒွါရတိုက်တယ်၊ ဘယ်မှာတိုက်တိုက် မနောမှာပေါ်တယ်။ ပေါ်တာကိုအမှန်အတိုင်း နောက်စိတ်ကသိတဲ့ အလင်းဓါတ်မလာရင် အဝိဇ္ဇာဖုံးထားလို့ အထည်ထင်တော့တာပဲနော်၊ အထည် ထင်ရင် အမြင်မှားကို ဒိဋ္ဌိလို့ခေါ်တယ်၊ အဲဒါ သက္ကာယဒိဋ္ဌိပဲ၊ ဒီတော့မှ ငါဆိုတာတွဲပြီးပါလာ တော့တာပဲ၊ အထည်ထင်ရင်ပါလာပြီ၊ ပြီးရင်ငါ့ပစ္စည်းလို့ စိမ်ကိန်းတပ်သွားပြီ၊ ဒါဆို တဏှာပေါ် သွားပြီ။ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ် တပေါင်းတည်းပဲ၊ ခွဲလို့မရပါလို့ မိုးကုတ်ဆရာတော် ဘုရားကြီးက အမိန့်ရှိပြီးသား နားလည်ပြီးနော်၊ ဒိဋ္ဌိရှိရင် တဏှာရှိတယ်၊ မာနလည်းရှိတယ်၊ အဲဒီ ၃-ခုကတစ်ပေါင်းတည်း၊ အဲဒါကို အကင်းပါးရမယ်၊ တဏှာပြောရင် ဒိဋ္ဌိ မာန ရှေ့ရှိပြီးသား၊ တစ်ပေါင်းတည်းခွဲလို့မရဘူး၊ သိထားနော်၊ ဒါအရေးကြီးတယ်၊ ဒီ ၃-ခုလွှမ်းမိုးထားလို့ရှိရင် ဆုံးဖြတ်ချက်ကလွဲပြီတဲ့။ ဝုဋ္ဌောနေရာမှာ မနောဒွါရဝဇ္ဇန်းလို့ ခေါ်တယ်။ ဆုံးဖြတ်ချက်က အထည်လို့ ဆုံးဖြတ်လိုက်တဲ့အခါ လွဲသွားပြီ၊ မဂ်ဇောမလာတော့ဘူး။ အဲဒီဇောကတော့ အမြင်မှားကို ခန္ဓာ ထပ်ဖြစ်တယ်။ ကိလေသာလို့ခေါ်တာပါ။ ကိလေသာဖြစ်တဲ့ဇောက အဲဒီအရှိန်ကြောင့် နှလုံးသွေးမှာ ထပ်ဖွဲ့တယ်။ ထပ်ဖွဲ့တော့ ပုံရိပ်ထပ်ပေါ်တာပါ။ ဒီပုံရိပ်တွေထပ်ဖြည့်၊ ပြီးတော့ ထပ်ဆုံးဖြတ်တာပါ။ ဆုံးဖြတ်တော့ တဏှာ၊ မာန၊ ဒိဋ္ဌိ ထပ်ပါတာပေါ့။ ထပ်ပါတော့ ဘာဇောဖြစ်မလဲ။ (ကိလေသာဇောပါ ဘုရား)။ အဲဒီဇောကြောင့် ထပ်ပြီးမှီပြန်တာပေါ့။ ထပ်ပြီးပုံ ထပ်ဖွဲ့၊ ဖွဲ့တော့အထည် ထင်နေတာပေါ့၊ အထည်ထင်လေလေ ရင်ထဲကစကားက ပါလေလေနော်၊ ပါလာပြန်တော့ တဏှာ၊ မာန၊ ဒိဋ္ဌိ အပြည့်ပါလာတာ။ ထပ်ပြီးဆုံးဖြတ်၊ ဆုံးဖြတ်လေလေ ဇောထွက်လေလေ၊ အကြိမ်ကြိမ်စွဲမှီတော့

တာပေါ့။ ငြိမ်းရမှာကို မငြိမ်းဘဲ အသက်ဝင်ပြီး ထပ်ထပ်ဖြစ်တာနော်၊ ထပ်ထပ်ဖြစ်တာကို တဖန်စွဲမှီတယ်လို့ ခေါ်ပါတယ်။ တစ်ဖန်ကို ပဋိ၊ စွဲမှီတာကို "သန္ဓေ"၊ ပဋိသန္ဓေယူတယ်လို့ခေါ်တာပါ။ အဲဒါမှ ပဋိသန္ဓေအစစ်၊ ဟိုဘက်ကဟာက မမြင်ရတဲ့ ပဋိသန္ဓေ၊ ဒီမှာက တကယ်မြင်ရတဲ့ ပဋိသန္ဓေ၊ အရေးကြီးတယ်။

ဥပမာအားဖြင့် ဥမ္မာဒန္တီဇာတ်ထုပ်မှာကြည့်ရင် ဘုရားအလောင်းတော်ဖြစ်တဲ့ စစ်သူကြီးက ဥမ္မာဒန္တီကို မြင်လိုက်တယ်မဟုတ်လား၊ ပန်းတွေကြဲတာကိုမြင်လိုက်တယ်၊ မျက်စိနဲ့မြင်တာပဲ မဟုတ်လား၊ အဆင်းလှိုင်းလေးပဲ ဝင်လာတာ၊ ကိုယ်လုံးဝင်လို့ရပါ့မလား၊ (မရပါဘူးဘုရား)၊ ကိုယ်လုံး ဝင်လို့ မရဘူးနော်၊ မနောမှာ သွားပေါ်တာပါ။ အင်မတန်လျှင်မြန်စွာပဲ အဝိဇ္ဇာဖုံးထားတော့ အကြိမ်ကြိမ်ဒီမှာထပ်ပြီး စွဲမှီသွားတာ၊ တိတ်ခွေဖမ်းသလိုပဲ တိတ်ခွေဖမ်းတော့ သတ္တိကိန်း မသွားဘူးလား။ ပုံကိုမမြင်ရတော့ဘူး၊ ပြီးသွားပြီ။ သို့သော် နန်းတော် ရောက်ပေမယ့်လည်း ဒီပုံကအထပ်ထပ် အသက်ဝင်တော့တာပဲ။ အကြိမ်ကြိမ်စွဲမှီပြီးတော့ သန္ဓေမှီနေတာပါ။ အဲဒီမှာတင် ထပ်ဆင့်တဏှာရဲ့သဘောတရားက ပုံတွေကိုအများကြီး ထပ်ထပ်ပွားပေးတာ၊ အတူနေဖို့ထိုင်ဖို့တွေ ဟိုတုန်းက သူပေးတုန်းက မယူခဲ့တာတွေ၊ လွတ်တဲ့ငါးကြီးတယ်ပေါ့၊ အဲဒီမှာ တွေးတွေးပြီး တမ်းတတော့ တဏှာ ဥပါဒါန်အကြီးအကျယ် ဖြစ်တော့တာပဲ။ 'လောင်' တော့တာပေါ့။ အိပ်လို့မရ ရှူးမတတ်ခံစားရတာ၊ အဲဒါ ဘာကြောင့်လဲဆိုရင် ဒီအစဉ်အတန်းပါပဲ၊ နားလည်ပြီလား၊ တစ်ခါ ဥပမာဖြင့် နှာခေါင်းနဲ့ကြည့်ပါဦး။ နှာခေါင်းမှာ အနံ့နံတယ်၊ သူများအိမ်နံ့ရဲ့ခြားနေတယ်၊ ညှော်နဲ့ ပတ်သက်ပြီး ရန်ဖြစ်ကြတာ ရှိတယ်နော်။ ငရုပ်သီးကြော်တော့ ညှော်တာပေါ့။ မမြင်ရပါဘူး၊ အနံ့ နှာခေါင်းမှာ လာထိတယ်၊ မနောမှာပုံပေါ်တယ်၊ အထည်ထင်ပြီးတော့ လူတောထဲနေပြီး လူလိုမသိဘူး၊ အကြော်ညှော်တာ အသိမပေးကြဘူးနဲ့ ရန်ဖြစ်ကြပြန်ရော၊ မေ့လျော့မှုဆက်တာပါ၊ အစဉ်အတန်းပါပဲ။ ဆရာတော်ဘုရားကြီးက အမိန့်ရှိတယ်၊ ခင်ဗျားတို့ မျက်လုံးဖွင့်မှာကို ကြောက်တယ်၊ ဖွင့်ရင် ဒီကနေ ဒီရောက်အောင် ဒိုင်းဒိုင်းပြေးတာတဲ့၊ နားဖွင့်မှာကိုလည်းကြောက်တယ်၊ ဒီကနေ ဒီရောက်အောင် ပြေးတာတဲ့ အဆက်မပြတ်တတ်ကြဘူး၊ နှာခေါင်းဖွင့်မှာ၊ လျှာအရသာ စားသိမှာ၊ ကိုယ်ကကိုယ်ထိမှာ ကျုပ်ကအရမ်းကြောက်တာတဲ့၊ အဆက်မပြတ်တတ်ကြဘူး၊ ဒိုင်းဒိုင်းပြေးနေကြတာတဲ့။ 'စ' ပေး လိုက်ရင် ဒီရောက်အောင်ပြေးနေတာပဲ။ ဒီမှာ အစပ်ကိုမမြင်တော့ မပြတ်တတ်ဘူး၊ အင်မတန်မြန်

တာနော်၊ စကားအရသာ ကြာနေတာ၊ ဘုရားမို့သာ တစ်ဆင့်ချင်းပိုင်းပြနိုင်တာပါ။ သေခါနီးကို ကြည့်ရအောင်၊ သေခါနီး မျက်စိကလည်း မမြင်တော့ဘူး၊ နားကကြားပါ့မလား၊ (မကြားပါဘူး ဘုရား)။ မကြားဘူး အနံ့ရပါ့မလား၊ (မရပါဘူးဘုရား)၊ အရသာရောပေါ်ပါ့မလား။ (မပေါ်ပါဘူး ဘုရား)။ ကိုယ်မှာတော့ လောင်နေမှာပဲ၊ လောင်နေတော့ မနောမှာ အရိပ်ပေါ်နေပြီပေါ့။ ပေါ်တော့ မနောတံခါးပွင့်နေပြီ၊ နံပါတ်(၃) အကွက်ဘက်ရောက်နေပြီ၊ ကမ္မဘဝရောက်နေပြီ၊ အဲဒီအချိန်မှာ လောင်ပြီးတင်းတော့ ကြမ်းတမ်းနေပါတယ်။ ဘေးကကြည့်တော့လူပဲ၊ ပုံရိပ်တွေရှည်ထွက်နေပြီး ကြမ်းတမ်းနေပြီ၊ သဘောပေါက်ကြလား၊ အဲဒီကြမ်းတမ်းနေတဲ့အချိန်မှာ အကြိမ်ကြိမ် သန္တေမှီတယ်လို့ ခေါ်တယ်၊ အဲဒီအချိန် အရှိန်အဟုန်က အင်မတန်လောင်နေပြီ၊ ဘဝလည်းပြောင်းလဲနေပြီး နောက်ဆုံးပိတ် နှလုံးသွေးရပ်သွားပြီဆိုရင် ဒီမှာ အရှိန်ရှိနေသေးတယ်။ ဓာရှိနေသေးတယ်၊ အကုသိုလ်နဲ့ယှဉ်တဲ့ ဓာရှိမနေဘူးလား၊ (ရှိနေပါတယ်ဘုရား)။ ရှိနေရင် နောက်ဆုံးပိတ် ခန္ဓာကပေါ်ပြီးချုပ်သွားတယ်၊ ဒီခန္ဓာကဟိုဘက်မလိုက်သွားဘူးနော်၊ သိသဘောခန္ဓာ၊ ရုပ်နာမ်ပေါင်းတဲ့ခန္ဓာက ချုပ်သွားတယ်၊ ဓာကြောင့် ဒီမှာမှီသလိုပဲ၊ ကာလမခြားဖြစ်တာပါ၊ ဒါလည်း အနတ္တအရပဲ၊ အဲဒီမှာ ဘယ်သူမှ တားလို့မရပါတဲ့၊ ဘုရားလည်းမကယ်နိုင်ဘူးနော်၊ ဖြစ်ချင်ရာဖြစ်ဆို မဖြစ်ချင်တာဖြစ်ရမှာပဲ။ ဖြစ်ချင်တာဖြစ်ဆိုပြီး သုံးကြတယ်ဟုတ်လား၊ အဲဒီအခါကျမှ မဖြစ်ချင်တာဖြစ်ရမှာ၊ အကုသိုလ်လိုင်း များရင် များသလို အစုန်လမ်းပဲ၊ နိမ့်ပါးတဲ့ဥသန္တေ၊ သားအိမ်ဆိုလည်းခွေးတွေ၊ ဝက်တွေ၊ နွားတွေ ဖြစ်သွားမှာပဲ၊ အညိဆိုလည်း မြွေစိမ်းမြီးချောက်လိုအကောင်တွေ ဖြစ်သွားမှာပဲ၊ ဥပပတ္တိဆို ပြိတ္တာ၊ ငရဲသားဖြစ်မှာ၊ အထက်တော့ မဆန်ဘူး၊ ဒီကျတော့ ဘယ်သူမှကယ်လို့မရပါဘူး၊ ကိုယ်မှား ကိုယ်ခံပဲဗျာ။ လယ်တီဆရာတော်ဘုရားကြီး ဆုံးမဖူးပါတယ်။

ခရမ်းဘက်ကို နယ်လှည့်တရားဟောတော့ ကျောင်းတွေမှာတည်းပြီး ဟောရတယ်၊ အဲဒီ ကျောင်းမှာ ကျောင်းထိုင်ဆရာတော်ကြီးက ပျံလွန်တော်မူတာမကြာသေးဘူးတဲ့၊ ညနေပိုင်း ဆရာတော်ကြီးလမ်းလျှောက်တော့ ဝိုးတိုးမှောင်တောင်အချိန်မှာ ဘွားခနဲပေါ်လာတာ မဲမဲကြီးတဲ့၊ ပေတနယ်ပယ်သတ္တဝါနော်၊ ဆရာတော်ကြီးက ရဟန္တာဆိုတော့ ကြောက်စိတ်မရှိဘူးလေ၊ ဟဲ့ ဘယ်သူလဲလို့မေးတယ်တဲ့၊ တပည့်တော်ပါဘုရားလို့ ပြန်ဖြေသတဲ့။ ဆရာတော်ကြီးကသိလိုက်တယ်၊ အေးအေးဆေးဆေးပဲဆူတယ်၊ နင်တို့ကလည်းဟာ ကိုယ့်ဒကာတွေကိုတော့ အပါယ်မကျအောင်

ဟောပြီး ကိုယ့်ကျတော့ ပြိတ္တာဖြစ်ရမလားပေါ့၊ ဆူတယ်။ တပည့်တော်သေခါနီးမှာ ဖြတ်ပါတယ်ဘုရား၊ ဖြတ်တော့ဖြတ်တယ်ပေါ့တဲ့၊ ဖြတ်တာနည်းမှားနေတာကိုး။ ဒိဋ္ဌိရှိနေတော့ ဖြတ်တာ မတတ်ရင်ခက်တယ်နော်၊ ငါနဲ့ဖြတ်တာကိုး ပေါ်တဲ့အမူအရာ ငါ့အိမ်၊ ငါ့ပစ္စည်းဆိုပြီး ငါနဲ့ဖြတ်နေတာ မရဘူးလေ၊ ငါနဲ့ဉာဏ်လုံးနေတာကိုး၊ မရဘူးပေါ့။ ဖြတ်နေတဲ့အချိန်မှာပဲ အာရုံကြောတွေ သေလုသေခင် ဖြစ်နေတာ။ ဒီမှာ ဒကာမတစ်ယောက်က 'နား' နားကပ်ပြီး ကျောင်းကိုဘယ်သူ့အပ်ရမလဲဘုရားဆိုပြီး ကုန်းအော်လိုက်တာကြားပြီး ရင်ထဲပုံတွေပေါ်တော့ မနောမှာ ကျောင်းပုံပေါ်လည်းပေါ်ရော အဲဒီမှာတင် အဆင်မပြေတာတွေ လျှောက်တွေးတော့ ပူတော့တာပေါ့။

## သဒ္ဓေလေးမျိုး

အပူခါတ်ဆိုတော့ ကံမြောက်သွားတယ် မဟုတ်လား၊ ကမ္မဘဝရောက်သွားတာကြည့်နော်၊ အရှိန်က လောင်တာပိုများသွားတာကိုး ခါတ်ရိပ်ခါတ်ခိုးကြမ်းပြီး ဘေးကကြည့်တော့လူပဲ၊ ဒါပေမယ့် ပြိတ္တာလိုဖြစ်ပြီး တန်ခိုးကျသွားတယ်၊ အဲဒီအချိန်မှာ နှလုံးသွေးရပ်သွားတာ၊ ဘာမှလုပ်လို့မရတော့ဘူး၊ ဇောအရှိန်က ပြိတ္တာဇောအရှိန်၊ အကုသိုလ်ဇောအရှိန်၊ ဥပပတ္တိပြိတ္တာဖြစ်သွားတာနော်၊ ပြင်ဖို့မမီလိုက်ဘူး။ ကိုယ်မှားရင် ဘယ်သူခံရမလဲ။ (ကိုယ်ပဲခံရပါမယ်ဘုရား)။ ကျောင်းကြီးဘယ်လောက်ပဲကြီးကြီး ဘယ်လောက်ပဲတန်ဖိုးရှိတာဖြစ်ဖြစ် ပါးစပ်နဲ့ ဝါးစားလို့မရပါဘူး၊ စိတ်ကသာတွေးရတာပါ။ သဘောပေါက်ကြလား၊ ပူအောင်တွေးရင် ပြိတ္တာဖြစ်မှာ၊ ကိုယ်ပဲရှုံးတယ်။ မှတ်ကြပါ။ စိန်တွေ၊ ရွှေတွေ၊ ရတနာတွေကို ပါးစပ်ကဝါးစားလို့မရပါ။ စိတ်ကသာကျက်စားရတာ။ ကျက်စားရင်းနဲ့ အဆင်မပြေတွေးပူလာရင် တန်ခိုးကျသွားပြီး ကိုယ်ပဲရှုံးမှာ။ ဒါကြောင့် စည်းစိမ်ဥစ္စာပစ္စည်းများသည် ပညာမရှိတဲ့ အဝိဇ္ဇာဖုံးတဲ့ ပုဂ္ဂိုလ်များအဖို့အပါယ်ရိက္ခာတဲ့။ စိတ်က အစားမှားလို့ ကျက်စားမှားလို့ရှိရင် အပါယ်ရိက္ခာဖြစ်ကုန်မှာကို သဘောပေါက်ကြပါ။ အိုးအိမ်တွေ စည်းစိမ်တွေ ဘယ်လောက်ပဲရှိရှိ ပါးစပ်က စားလို့မရပါဘူး၊ စိတ်ကပဲ ပုံဖော်ကျက်စားရတာ။ အဲဒါစိတ်မချလို့ပူရင် ခါတ်ရိပ်ခါတ်ခိုးတွေညှပ်ပြီး ကိုယ်ပဲရှုံးမှာပဲ။ အရေးကြီးတယ်နော်၊ ဒါဘုန်းဘုန်း ခြောက်တာမဟုတ်ဘူး၊ တကယ့်ဖြစ်စဉ်အမှန်၊ ဆရာတော်ဘုရားကြီးကို ကယ်ပါအုံးလို့ လျှောက်တော့ နောက်နေ့ ပရိက္ခရာအစုံဝယ်နိုင်းပြီး အမျှပေးရတယ်။ အဲဒီဆရာတော်က ဆရာတော်ကြီးကို ကြည်ညိုတာကိုး။




အမျှပေးတော့မှ ဝမ်းသာပီတိဖြစ်ပြီး အရောင်တောက်သွားတာ။ နတ်ဘဝကို ချက်ချင်းပြောင်းသွားတယ်၊ ဥပပတ္တိဘဝက လွယ်တယ်နော်၊ စိတ်ပြောင်းတာနဲ့ ရုပ်ပါတန်းပြောင်းသွားတာ ကျွတ်တန်းဝင်တယ် ဆိုပါတော့။ ဒီအကူးအစပ်က မှတ်ထားပါ။ ဘယ်သူမှ တားလို့ဆီးလို့မရပါ။ ဓမ္မသဘောတဲ့။ ၂ုက်နှာမလိုက်ဘူး။ ဘုန်းဘုန်းတို့လည်း ဒါကိုအင်မတန်ကြောက်တာ၊ ဒီနေရာလေး အရေးကြီးဆုံး ဖြစ်နေပါတယ်။ ဒါကိုကြောက်လို့ရှိရင် ဒီဘက်ကိုလည်းကြောက်ရမယ်။ ဒီဘက်က အပါယ်လေးပါး ကြောက်ရင် ဒီအစပ်ကိုကြောက်ရမယ်။ သဘောပေါက်ကြလား၊ ဒီအစပ်မှာ အဆက်အဖြတ်လေးကို ဖြတ်သလား၊ ပြတ်သလား၊ ဆက်သလားဆိုတာ သတိထားရလိမ့်မယ်။ ဆက်တာကြမ်းသွားရင် အကုသိုလ်ဇော နားလည်ပြီနော်၊ ဆက်တာသိမ်မွေ့သွားရင် ကုသိုလ်ဇော၊ ဒါပေမယ့် ဘဝတစ်ဖန် စိတ်မချရသေးဘူး။ ပြတ်မှစိတ်ချရမှာကိုး။ အဲဒီမှာ သန္ဓေ-၄ မျိုးကို ကြည့်လိုက်တော့ ဥပပတ္တိသန္ဓေ ဆိုတာ အခြားမဟုတ်ပါဘူး ဗြဟ္မာ၊ ပြိတ္တာ၊ နတ်၊ ငရဲသား၊ ဘွားကနဲပေါ်တာ ဒီ ၃မျိုးက ဒီဘက်က

မဆင်းရဲဘူး၊ ဒီဘက် ၃ ခုက ဆင်းရဲတယ်၊ ဒါအကျိုးပေးနည်းနည်းကွာသောကြောင့်လို့ မှတ်ကြပါ။ နံပါတ်(၄)အကွက်ကို ကြည့်လိုက်ပါ။ ဇာတိနေရာမှာ သီးခြားထည့်မထားဘူးလား။ အကျိုးပေး မတူသောကြောင့် ထည့်မထားတာ။ နားလည်ပြီနော်၊ ဇာတိနေရာမှာ အကျိုးပေးမတူသောကြောင့် နည်းနည်းခွဲထားတာ၊ ဆရာတော်ဘုရားကြီးက ဉာဏ်ကြီးတယ်နော်၊ သပ်သပ်နည်းနည်းခွဲပေး ထားတာ။ အကျိုးပေးမတူလို့ ဘွားကနဲပေါ်တာ၊ ဟိုသန္ဓေ (၃)ခုလို မဆင်းရဲလို့ အကျိုးပေးမတူသော ကြောင့် အကျိုးတရားနေရာမှာ သီးခြားခွဲပေးထားခဲ့တာ။

ဒီ(၄)မျိုးကို ဘုန်းဘုန်းတို့ ပုံစံချကြည့်ရအောင်၊ နံပါတ်(၁)က ဥသန္ဓေ၊ (၂)က သားအိမ်သန္ဓေ၊ (၃)က အညိသန္ဓေ၊ (၄)က ဥပပတ္တိသန္ဓေ၊ အညိသန္ဓေကို တချို့ကမသိသေးဘူး၊ ရခိုင်ကို ဘုန်းဘုန်းရောက်တုန်းက တွေ့ရတာပါ။ စွယ်တော်ရွက် ၂-ရွက်ပူးနေတယ်။ ပူးရင်းပူးရင်း နောက်နေ့ ကြည့်တော့ အကြောလေးတွေပေါ်ပြီး ခေါင်းလေးပါပေါ်လာတယ်။ အဖျားကခေါင်းပေါ်တာ အညာက ရှိနေသေးတယ်၊ ဘုန်းဘုန်းကဆန်းလို့ကြည့်တာ၊ နောက်နေ့ထပ်ကြည့်တော့ ခြေလက်လေးတွေ ထွက်လာတယ်။ သစ်ရွက်ကဖြစ်တာ၊ နောက်ကြည့်ရင်းနဲ့ အညာပြုတ်ပြီး အကောင်ဖြစ်သွားတယ်၊ ပုရွက်ဆိတ်တွေက လိုက်စားနေတာတွေ့ရတယ်။ အဲဒါကို အညိသန္ဓေခေါ်တယ်။

ပဲလင်းမြွေသီးတန်းလန်းကြီး အဖျားကနေခေါင်းအထိ မြွေဖြစ်သွားတာ ရခိုင်မကြီး ပြောပြတာသိရတယ်။ အဲဒါလည်း အညိသန္ဓေပဲ။ သဘောပေါက်ကြလား။ ကျမ်းထဲမှာပါတာက ပဒုမ္မဒေဝီ၊ ပဒုမ္မာကြာဖူးထဲမှာ သန္ဓေမှီပြီး ကလေးမလေးဖြစ်တာမျိုး၊ အဲဒါကို အညိသန္ဓေခေါ်တယ်။ သန္ဓေဘယ်နှစ်မျိုးရှိလဲ၊ (လေးမျိုးပါဘုရား) ပြန်ဆိုပါဦး၊ ''ဥသန္ဓေ၊ သားအိမ်သန္ဓေ၊ အညိသန္ဓေ၊ ဥပပတ္တိသန္ဓေ'' လေးမျိုးနော်၊ အဲဒီ ၄-မျိုးပဲလှည့်ပြီး မှီကြတာပါ။

## သံသရာဆိုတာ

ယောနိလေးတွေ လှည့်ပတ်ခွေလျက်ဆိုနေတာ ဒါကိုပြောတာ၊ သန္ဓေစွဲတာ၊ ဒီ ၄မျိုးမှလွဲပြီး မရှိပါ။ စဉ်းစားကြပေါ့။ စဉ်းစားကြပေါ့၊ 'ဥ'သမားကလည်း ဥမှာမှီတဲ့အပြင် ကျန် ၃မျိုးကိုလည်း သွားနိုင်တယ်နော်။ အညိသမားကလည်း အညိမှာမှီတဲ့အပြင် ကျန် ၃မျိုးကိုသွားနိုင်တယ်။ ဥပပတ္တိ သန္ဓေမှီတဲ့သမားကလည်း ကျန် ၃မျိုးကို သွားနိုင်ပါတယ်။ ခွေးလည်း ခွေးပြိတ္တာ ရှိတယ်နော်၊ ခွေးရုပ်နဲ့ ခွေးပြိတ္တာဖြစ်တယ်၊ ဝက်ပြိတ္တာ၊ နွားပြိတ္တာ၊ ကျွဲပြိတ္တာတွေရှိပါ့။ ဥပပတ္တိဘဝရှိတယ်။

ဝက်ပြိတ္တာလည်း ဝက်ပုံကြီးနဲ့သွားနေတာ၊ တချို့မြင်တယ်။ ဒီသန္ဓေ ၄မျိုးလှည့်ပြီး မှီနေတယ်။ ဒီ ၄မျိုးက မထွက်နိုင်ဘူးနော်၊ ထွက်နိုင်ရဲ့လား၊ (မထွက်နိုင်ပါဘူးဘုရား)။ အဲဒါကို ခန္ဓာအစဉ်တန်းခြင်းလို့ ခေါ်ပါတယ်။ ခန္ဓာအစဉ်တန်းနေတာပါ။ ပြတ်တယ်လို့မရှိပါဘူး၊ တဏှာအဆက်က မပြတ်တတ်တော့ ခန္ဓာအစဉ်တန်းနေတာ၊ အဲဒါကို သံသရာလို့ခေါ်တာ၊ ဒါကို ဘယ်လိုခေါ်သလဲ။ (သံသရာလို့ ခေါ်ပါတယ် ဘုရား)၊ ခန္ဓာအစဉ်တန်းခြင်းကို သံသရာလို့ခေါ်တာနော်၊ သံသရာက မထွက်နိုင်ကြဘူး၊ သဘောပေါက်ကြလား၊ ထွက်လမ်းမြင်တဲ့ဉာဏ်ကို မဂ်ဉာဏ်ခေါ်ရမှာ၊ တဏှာအစပ်ကရှုတော့မယ်၊ ပေါ်တဲ့ခန္ဓာကို နောက်စိတ်က ကာလမခြား လက်ခံဆုံးဖြတ်တဲ့အခါ ဘုရားက "နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာ" ရှုတဲ့၊ ခန္ဓာငါးပါးသိပြီးနော်၊ နေတံမမ ပညတ်ကိုခွါခိုင်းတာပါပဲ၊ အဓိကအားဖြင့် အိမ်သည် စိတ်ပဲယူပါ၊ ကိုယ်မှာပေါ်တာယူပါ၊ ကိုယ်အမူအရာ၊ အသက်ရှုတိုင်း ထွက်တိုင်း ကိုယ်မှာလောင်ရင် မျက်နှာအမူအရာပေါ်နေမှာ နောက်ဆုံးပတ်ဝန်းကျင်ပါ လာပေါ်မှာ အရိပ်လာပေါ်မှာ၊ ပေါ်တာကိုနောက်ဉာဏ်က မေးရုံပဲ စကားပြောသလားလို့ မေးပါတဲ့။ အရုပ် စကားနဲ့ဆို တို့များသည် မင်းပိုင်တဲ့အိမ်ပါလို့ အရိပ်က စကားပြောပါ့မလား၊ (မပြောပါဘူးဘုရား)။ ပုံရိပ်ကစကားမပြောဘူးနော်၊ နောက်မျက်နှာအမူအရာကိုလည်း ပြန်ကြည့်ရအောင် တို့များသည် မင်းပိုင်တဲ့ နှာခေါင်း၊ မျက်နှာလို့ပြောပါ့မလား၊ (မပြောပါဘုရား)။ အပြင်မှာ ငါးဒွါရ ရှိပါတယ်၊ မနောကတော့ နံပါတ်(၆)ထားပါ၊ ကျန်တာတွေကတော့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ ဒီလေးခု ကိုပဲ ဘုန်းဘုန်းတို့ထားခဲ့ပါ။ ဒါအိမ်သည်စိတ်တွေပါ။ သေလဲ သေခါနီး သူမလာဘူး၊ အမြဲမပြတ် တွေ့နေရ မှာက ဒီ ၅-ခုနဲ့တွဲတာပါပဲ။ ကိုယ်မှာပေါ်ရင် ဦးနှောက်အာရုံကြောတွေရှိနေတဲ့ ကာလပတ်လုံး ဆက်သွယ် နေတာရှိသောကြောင့် မနောမှာပဲ ပေါ်မှာပဲ၊ အမြဲမပြတ် တွေ့နေရမှာ မနောမှာပဲပေါ်မှာပဲ။ ဒါအဆက်အသွယ် ရှိနေတာနော်၊ မပြတ်ဘယ်နေရာထိထိ အာရုံကြောနဲ့ဆက်သွယ်နေရာ ဒီမှာ လာပေါ်နေမှာပဲ။ ခုနေစဉ်းစားကြည့်ပါ၊ ခြင်က နှာမောင်းသေးသေးနဲ့ နဖူးကို လာကိုက်တယ်၊ စစ်ကနဲဆို ဒီမှာလာမပေါ် ဘူးလား၊ (ပေါ်ပါတယ်ဘုရား)။ ပေါ်တာပဲ။ နဖူးရော ခြင်ရော ဒီမှာလာမပေါ်ဘူးလား၊(ပေါ်ပါတယ်ဘုရား)။သဘောပေါက်လား၊ အဲဒီအတိုင်းပဲနော်၊ အသက်မရှုလဲဘဲ ကိုယ်မှာတရှိန်းရှိန်းနဲ့ လောင်နေရင် ငြိမ်ပြီးနေကြည့်လိုက်ပါ၊ လက်မောင်းတွေ မျက်နှာတွေ ရေးရေးလေး ပေါ်နေပါတယ်။ ပေါ်တဲ့အမူအရာအရိပ်ကို နောက်စိတ်က ပညာမလာတော့ ပညာမဦးစီးတော့ အတုံးအခဲ

ငါလို့ထင်ထားတာကိုး၊ သဘောပေါက်လား။ မျက်နှာအမူအရာ ငါလို့ထင်တယ်၊ ငါ့ကိုယ်လို့ထင်ထားလိုက်တယ်။ ပြီးတော့ငါ့ကိုယ်ထဲက ဝေဒနာလို့ ထင်လိုက်တော့ လွဲသွားတာပေါ့။ အဲဒီက စမှားတော့တာပဲ၊ ပြန်ပြောမယ်နော်၊ မျက်စိမှိတ်လိုက်တာနဲ့ မကြည့်ပဲနဲ့ရှုလိုက်တဲ့အမူအရာ ပါးပါးလေး၊ မျက်နှာအမူအရာ ပါမနေဘူးလား၊ (ပါပါတယ်ဘုရား) ပါတာကို၊ ''ငါ''လို့ ထင်မထားဘူးလား။ ငါ့ကိုယ်ထဲကလို့ ထင်ပြီး ရှုနေတာမဟုတ်လား၊ အဲဒီကစမှားတာပဲ။ အဲဒီလို ဆက်ရှုနေရင် သေအောင်ရှုမဂ်ဆိုတာ လာမှာမဟုတ်ဘူး၊ စကတည်းက ဝိပဿနာမဂ်မှ မလာဘဲကိုး၊ ဝိပဿနာမဂ်မလာရင် လောကီမဂ်၊ လောကုတ္တရာမဂ် မလာဘူးပေါ့။ နေရောင်ခြည် မထွက်ရင် နေထွက်မှာမဟုတ်တော့ဘူးလေ။ ပုဗ္ဗဘာဂ ရှေးဦးမဂ်မှ မလာတာကိုး၊ အစကတည်းက မှားနေလို့ သဘောပေါက်လား။ သတိထားရမဲ့အချက်နော်၊ အဘိဓါန်ကျမ်းကို လက်မလွှတ်နဲ့၊ အဓိကထားနော်၊ ဘုရားဟောကရှိပြီးသားနော်၊ ငြိမ်ဆဲ ရှုဆဲ အမူအရာမှာ ကိုယ်မှာ မပြတ်လောင်ရင် လက်တွေခြေတွေ ခေါင်းတွေ ပါးပါးလေးပေါ်နေတာ၊ သဘောပေါက်ကြလား၊ ပေါ်တဲ့အမူအရာကို ဘုရားက မိအောင်ရှုခိုင်းတာ၊ နားလည်ပြီလား၊ မှတ်ကြပါ၊ သိမ်မွေ့စွာနဲ့ သိမ်မွေ့တဲ့ မျက်နှာအမူအရာ ပါးပါးလေးပေါ်နေမှာနော်၊ မများဘူး၊ မကြီးဘူး၊ အင်မတန်သေးငယ်တဲ့ ရုပ်ကလာပ် အမှုန်ကလေးတွေဖွဲ့တာပါ။ တစ်ကိုယ်လုံးပေါ်မှာနော်၊ အဲဒီပေါ်တဲ့အမူအရာကို နောက်စိတ်ကလက်ခံတဲ့အခါမှာ (နေတံမမ) နောက်စိတ်မှာ ပညာအလင်းပါရမယ်၊ သခ်ါရ(၅၀)ထဲမှာ မောဟအမှောင်ဖယ်၊ ဘုရားပေးတဲ့ ပညာအလင်းခါတ်နဲ့ ရှုရမှာ။ ရှုတဲ့အခါ ဆုံးဖြတ်ချက်ကမှန်ရမယ်၊ ဒီမှာဆုံးဖြတ်မှာနော်၊ ဆုံးဖြတ်မှ ဇောဆိုတာ ထွက်မှာ၊ ဆုံးဖြတ်တဲ့အခါမှာ အမှား(၃)ချက်ကို တွန်းဖယ်မှာ၊ တဏှာကိုလည်းဖယ်ရမယ်၊ မာနကိုလည်း ဖယ်ရမယ်၊ ဒိဋ္ဌိကိုလည်းဖယ်ရမယ်၊ တပေါင်းတည်းဖယ်ရမှာနော်၊ ဒါကို ဘုရားရှင်က (နေတံမမ- နဧတံမမ)၊ ဧတံ-ထိုသဘောတရားသည်ကား၊ နမမ= ငါပိုင်ငါဆိုင်မဟုတ်ပါ။ ငြိမ်ပြီးတော့ ပါးပါးလေးမျက်နှာအမူအရာ ပေါ်နေမှာပဲ။ မပေါ်မရှိဘူးနော်၊ ပေါ်တယ်၊ အပါးအထူပဲကွာမယ်၊ သဘောပေါက်လား၊ အဲဒီတော့ ပေါ်တာကို ဉာဏ်နားနဲ့နားထောင်ကြည့်ပါ၊ ကျွန်တော်ဟာ ခင်ဗျားပိုင်တဲ့ မျက်နှာပါလို့ ပြောပါ့မလား၊ (မပြောပါဘုရား)၊ အဲဒါလေးပဲ ဂရုစိုက်ပေးလိုက်၊ ပညတ်ကိုခွါပြီ၊ စကားပညတ်တွေ ခွါပြီ၊ ဝစီပညတ်ကို အရင်ခွါရမယ်၊ အဘိဓါန် မှာလည်းပါပြီးသားပါ၊ အထည်ပညတ်၊ ဝစီပညတ်ကိုလိုက်ရင် မနိုင်တော့ဘူးဆိုတာ ပြောပြီးသားနော်၊ ပြီးရင် အသစ်အသစ်

ဒီမှာလောင်ရင် မနောမှာ တဖြန်းဖြန်းပေါ်တာနော်၊ မပြတ်လောင်ရင် မပြတ်ပေါ်နေမှာပဲ၊ ပြုခဲ့တဲ့ ကံအရှိန်ကြောင့် အကျိုးတရားအဖြစ်နဲ့ ပေါ်နေမှာ၊ အာရုံကြောတွေ တိုက်နေမှာပဲ။ တိုက်တယ်ဆိုရင် ဒီမှာလောင် ဒီမှာပေါ်နေတာ၊ မပြတ်ပေါ်နေမှာ ရှောင်လို့မရဘူးနော်၊ ဘုရားမှာလည်းရှိတယ်၊ ရဟန္တာမှာလည်းရှိမယ်၊ ဒါမငြိမ်းဘူး၊ ဒီ ၂ ဆင့်က လောင်မှာပဲ။ အဲဒီ ၂-ဆင့်က မငြိမ်းဘူး၊ သေသေချာချာမှတ်၊ နောက်ကဉာဏ်ကသာ ဖြတ်တာပဲ ကွာတယ်၊ ဘုရားလည်းသိမယ်၊ ရဟန္တာလည်း သိမှာပဲ၊ ဘာမှမသိတာသွားပြီး နိဗ္ဗာန်မလုပ်နဲ့။ သဘောပေါက်ကြလား၊ ဘာမှ မသိဘူးဆိုရင် အိပ်ပျော်သွားရင်တော့ အဆက်အသွယ် ပြတ်သွားမှာ၊ ဘာမှ မသိတာ သွားနိဗ္ဗာန်မလုပ်နဲ့၊ တချို့က ဘာမှမသိချင်အောင်ကြိုးစားနေတယ်၊ ဘာမှမသိအောင်ကြိုးစားရင် အိပ်ပျော်နေမှရမှာ၊ သွားမလုပ်နဲ့ သိနေတယ်။ ဘုရားရှင် အနတ္တလက္ခဏာမှာ ပြန်ကြည့်နော်၊ (၇)ရက်လုံးလုံး လမ်းလျှောက်ရင်း ဖိုလ်ဝင်စားတာ၊ သတ္တဌာနမှာ လမ်းလျှောက်ရင်း ဝင်စားတာ၊ နိဗ္ဗာန်အာရုံပြုနေတာနော်၊ ဘာမှမသိတာ မဟုတ်ဘူး၊ သတိထားပါ။ ပြုတဲ့ကံအရှိန် မကုန်မချင်း သိနေမှာလေ၊ စိတ်ကအတုံးအခဲ အထည် မယူဘူး၊ ဉာဏ်နဲ့အမှန်ကြံတာ။

## တဏှာ မာန ဒိဋ္ဌိတို့ကိုသတ်ခြင်း

နေတံမမ၊ ဧတံ= ထိုအရာသည်ကား၊ နမမ=ငါပိုင်ပါလို့မပြောပါဘူး။ ခင်ဗျားပိုင်လို့မပြော ဘူးနော်၊ အဲဒါကိုသိပေးရမယ်၊ မျက်နှာအမူအရာ၊ ပတ်ဝန်းကျင် အမူအရာပါ တွဲပေါ်လာတာနော်၊ ပေါ်တာကိုငြိမ်ပြီး ငါ့အိမ်၊ 'ငါ'လို့ ပြောသလား၊ နားထောင်ကြည့်လိုက်ပါ။ ခင်ဗျားပိုင်တဲ့မျက်နှာလို့ ပြောသလား၊ မပြောရှာဘူး၊ သဘောပေါက်ကြလား၊ ဒါနဲ့ပါတ်(၃)တဏှာကို သတ်တာနော်။

ဒုတိယအဆင့်က မာနသတ်တော့မယ်၊(နေသောဟမသ္မိ) ပါဠိ၊ (နဧသော ဟမသ္မိ)။ ဧသော=ထိုအရာ သည်ကား၊ နဟမသ္မိ=ငါဖြစ်နေတယ်လို့ မပြောပါဘူးတဲ့၊ ငါလို့မပြောပါဘူး၊ ငါမဟုတ်ဘူးလို့ ပြောတာနော်၊ အသစ်အသစ် လောင်လို့ရှိရင် မျက်နှာအမူအရာက တဖြန်းဖြန်း ပေါ်နေမှာ၊ တံလျှပ်လိုပေါ်နေမှာပဲ၊ ပေါ်တဲ့သဘောတရားကို ဉာဏ်ကစိုက်ပြီးကြည့်တဲ့အခါ (ဉာဏ်နဲ့ ငါယှဉ်ကြည့်မှာ)၊ ငါပါဆိုတဲ့ စကားလုံး ပါပါ့မလား၊ (မပါပါဘူးဘုရား) ဒါကိုသိပေးနေရုံလေးပဲ။ အေးအေးဆေးဆေး အမှန်သိပေးနေရုံလေးပါပဲ၊ နားလည်ပြီနော်၊ ဒါ မာနကိုသတ်တာပါ။




ဒိဋ္ဌိကိုသတ်တော့မယ်၊ (နမေသောအတ္တာ)၊ ဧသော=ထိုအရာသည်ကား၊ မေ=ငါ၏၊ နအတ္တာ=သက်ဝင် ထင်ရှားတဲ့ အတုံးအခဲမဟုတ်ပါ။ ဟုတ်တာက တံလျှပ်ဖြစ်နေတာ၊ တံလျှပ်လို တရိပ်ရိပ်ပေါ်ပြီး ပြိုကွဲနေတာပါ၊ အသစ်အသစ်ပေါ်ပြီး ပျောက်နေတာပဲရှိတယ်၊ အဲဒီအတိုင်း သိပေးနေတာပါ။ ဘုရားက အနတ္တလက္ခဏသုတ္တန်မှာ ဟောပြီးသား၊ ပဉ္စဝဂ္ဂီငါးဦးကိုဟောတဲ့ တရားဦးပါ၊ အဲဒီအတိုင်း ရှုလို့ရှိရင် ခန္ဓာငါးပါးပေါ်မှာ၊ ကြိမ်ဖန်များစွာ ရှုမှတ်တာများရင် ငြီးငွေ့လိမ့်မယ်၊ ငြီးငွေ့တယ်ဆိုတာ အထည်မဟုတ်ကြောင်း အကောင်အထည်မဟုတ်ကြောင်း သိနေတာပါ၊ မဟုတ်တာကို ဟုတ်တာလုပ်ရတာ၊ ပင်ပန်းပြီ၊ မဟုတ်တာကို အဟုတ်မှတ်ပြီးဆက်ရင် ဇာတိလာတော့မယ်၊ အဲဒါရှုလိုက်တာနဲ့ မဟုတ်မှန်းသိနေပြီ၊ ကြာတော့စိတ်ဝင်စားစရာမှ မဟုတ်ဘဲ၊ အကောင်အထည်လုပ်ပြီး ဆက်တွေးစရာမှမဟုတ်တာ၊ ဆက်တွေးရင် စိတ်ဝင်စားတယ်ခေါ်တာပေါ့၊ စိတ်မဝင်စားတာ ငြီးငွေ့တယ်ခေါ်တယ်၊ ဆက်တွေးချင်စရာမဟုတ်ဘူးလို့ သိသွားရင် ဆက်ကို မတွေးချင်တော့တာ၊ ဆက်တွေးလို့ရှိရင် ခန္ဓာအစဉ်တန်းသွားလိမ့်မယ်။ ကံမြောက်သွားပြီ၊ ကံမြောက်ရင် အကြောတွေတင်းပြီး လောင်တာပဲ မဟုတ်လား၊ ဇာတိဖြစ်မှာနော်၊ အမှန်အတိုင်းသိရင် လွတ်မြောက်နေပါမယ်။ အကြောတွေအကုန်လျော့နေတယ်။ သဘောပေါက်ပြီး ဆက်မတွေးချင်စရာ မဟုတ်တော့ ဆက်ကိုမတွေးချင်တာ၊ တဏှာလုံးဝ မလာတော့ဘူး၊ တဏှာမလာရင် ဇာတိကုန်သွားပြီ၊ ဒါဆို

ဓိဏာဓာတိ အကျင့်မှန်ပြီနော်၊ ကိစ္စပြတ်ပြီ၊ ဒီအတိုင်းဘုရားဟောခဲ့တာပါ၊ အခုပေးတဲ့နည်းက ဘုရားကိုယ်တိုင် တိုက်ရိုက်ပေးတဲ့နည်း၊ ဘုန်းဘုန်းပေးတာမဟုတ်ဘူး၊ ဘုန်းဘုန်းတို့ အခြေခံသင်ခဲ့ရတဲ့ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့တပည့် ကျောင်းမှာ ဆရာတော်ကြီးက ဖြစ်၊ ပျက်နဲ့ စခဲ့ရတာ။ မဟာစည်ဆရာတော်ဘုရားကြီးရှိတော့လည်း ကိုယ်တိုင်လေ့လာတဲ့အခါ အမှတ်နဲ့ပဲ သွားရတယ်။ သို့သော် အင်မတန်ဖေါက်ထွင်းရတာ၊ အမှတ်ထဲကနေ ဒီတရားရအောင် မနည်းရှာရတယ်၊ ဖြစ်ပျက်ထဲကနေ မနည်းရအောင်ရှာရတယ်၊ မရ ရအောင်ရှာရတာ။ ဘုရားစကားတော့မဟုတ်ဘူး၊ သာဝကစကား၊ မှန်တော့မှန်တယ်၊ ပြည့်စုံမှာမဟုတ်ဘူး၊ တိုက်ရိုက်အလုပ်ပေးစကားက မှန်တယ်၊ ထပ်ဆင့်ရှင်းလင်းချက်တွေ ရှာရတာ၊ တော်တော်ပင်ပန်းခဲ့ရတယ်၊ ဒါကြောင့် ဘုန်းဘုန်းက စဉ်းစားတယ်၊ ဘုရားကိုယ်တိုင် တိုက်ရိုက်အလုပ်ပေးတဲ့တရားဆို တို့အတွက် တော်တော်အဆင်ပြေမယ်လို့ ရှာရင်းနဲ့ ရွှေဟင်္သာဆရာတော်ဘုရားကြီး အမိန့်ရှိတာကို သိလိုက်တာ၊ ဝိပဿနာကို အားထုတ်ပါ သလားလို့ မေးတဲ့အခါ (စာရေးဆရာကမေးတာနော်) အနတ္တလက္ခဏာသုတ္တန်တော့ ပွားပါတယ်လို့ အမိန့်ရှိလိုက်တဲ့အခါမှ ဘုန်းဘုန်းက သေချာလေ့လာရတယ်။ စာရေးဆရာက အနတ္တလက္ခဏာသုတ္တန် ကို ဝိပဿနာမထင်တော့ ဆရာတော်ဘုရား ဝိပဿနာမှ ဟုတ်ပါ့မလားလို့ ပြောလိုက်မိတယ်၊ အဲဒီလိုပြောလိုက်မိတော့ ဆရာတော်ကြီးက တယ်မိုက်တဲ့ကောင်တွေကိုးလို့ ဆုံးမလိုက်တာနော်၊ ဒီစကားက အရေးကြီးတယ်ဆိုပြီး ရှာတော့မှ သေချာစစ်ဆေးလိုက်တော့ ရဟန္တာဖြစ်ခါနီး ပုဂ္ဂိုလ်တိုင်း ၉၀%ကျော်လောက်(စာမှာကြည့်လိုက်တော့) ဒီတရားနဲ့ အဆုံးသတ်တာပါ၊ အကုန်လုံး အလုပ်ပေးနဲ့ အဆုံးသတ်တာပဲ။ ရာဟုလာသုတ္တန်မှာလည်း ဒါပဲပါတာပဲ၊ နေတံမမ-နဲ့ပဲ အပြီးသတ်တာ၊ ဒါနဲ့ပဲ အကုန်ဖြတ်ပစ်တာ၊ ဘုရားရှင်နှုတ်ကပေးတဲ့ အလုပ်ပေးတရားကြီး ဖြစ်နေပါတယ်လို့ မှတ်ရမယ်။ နားလည်ပြီလား၊ သုတ္တန်နည်းအရ ခန္ဓာငါးပါးကို ရူပက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ မပြောကြဘူးလား၊ တစ်ပိုဒ်စီတော့ ရေးရတာပေါ့၊ သို့သော် တစ်ပေါင်းတည်းဖြစ်၊ တစ်ပေါင်းတည်းချုပ်၊ ဝိညာဏ်ဆို တစ်ပေါင်းတည်း ပါပြီးသားလေ၊ အဲဒီလို ပေါင်းစုတတ်ရမယ်၊ နားလည်ပြီလား၊ ရုပ်သပ်သပ်၊ နာမ်သပ်သပ်ရှုလို့ပြီးပါ့မလား၊ ရုပ်သပ်သပ်၊ နာမ်သပ်သပ်ထင်ရင်မှားနေပြီ၊ သဘောပေါက် လား၊ တချို့က ရုပ် နာမ်ခွဲလိုက်သေးတယ်၊ တချို့ဆို ခွဲတာထက်တောင်ဆိုးသေးတယ်၊ တခြားစီဆို သွားပြန်တာပဲ၊ တချို့ဆို နာမ်ကခိုင်းတယ်လို့ပြောသေးတယ်၊ ဘုရားက တဏှာခိုင်းတာလို

ဟောထားတာလေ၊ နာမ်ခိုင်းတာမှ မဟုတ်တာ၊ ဘုရားကတဏှာ့ကျွန်လို့ ဟောထားတာနော်၊ သဘောပေါက်လား၊ ရုပ်နာမ်ပေါ်တဲ့သဘောတရားကို အမှန်မသိတော့မှ တဏှာဝင်တော့မှာ ငါ့အတွက်ဘာလုပ်မယ်လို့ တဏှာခိုင်းလို့ လုပ်ရတာ၊ ငါကခိုင်းတာ ဟုတ်ရဲ့လား၊ ရုပ်-နာမ်အမှန် မသိလို့ အဝိဇ္ဇာဖုံးပြီး တဏှာခိုင်းတာပြောတာ၊ ဘုရားစကားက တဏှာခိုင်းတာ၊ နာမ်ကခိုင်းတယ်ဆို ဟုတ်ပါ့မလား၊ ရုပ်နာမ် မခွဲပစ်နဲ့နော်၊ ခွဲပစ်ရင်မှားလိမ့်မယ်၊ အပြောမှားရင် အလုပ်မှားမှာပဲ။ နားလည်တယ်နော်။

## အိုနာသေသို့ မောင်းနှင်ပို့

ဘုန်းဘုန်းတို့ဆရာတော်တစ်ပါးသက်တော်-၇၀၊ဝါတော် -၃၀ မန္တလေးဘက်ကပါ၊ တောမှာ တွေ့တာပဲ။ဘုန်းဘုန်းကိုကြည့်ပြီးဆုံးမခဲ့တယ်၊ သူကသေခါနီးပြီ၊ ဆေးကုနေရှင်းပြောပြတာ၊ ကိုယ်တော်လေးတဲ့ တစ်ချိန်မှာ ကိုယ်တော်လေးက သာသနာ့သူပုန် ဖြစ်မလား၊ သာသနာ့ တံခွန်ဖြစ်မလား၊ တစ်ခုခုပဲတဲ့၊ သာသနာ့သူပုန်က အမှန်တရားဘက်ကနေတိုက်ရင် သူပုန်ဖြစ်လိမ့်မယ်တဲ့၊ တံခွန်ဖြစ်ချင်ရင် အလိုက်သင့်နေပါတဲ့။ ကြိုက်တာလုပ် မတိုက်နဲ့တဲ့၊ ဘုန်းဘုန်းကိုမှာခဲ့တာနော်၊ မှန်တယ်ထင်ပြီး တိုက်တဲ့ဘက်မသွားနဲ့တဲ့၊ အတိုက်နဲ့ဆို သာသနာ့သူပုန် ဖြစ်လိမ့်မယ်၊ အလိုက်သင့်လေး နေသွားပါတဲ့၊ အဲဒါဆို တံခွန်ဖြစ်လိမ့်မယ်တဲ့ မှာခဲ့တာနော်၊ တရားဟောတဲ့အခါမှာ သတိထားပါ။ စကားလုံးမမှားစေနဲ့တဲ့၊ စကားလုံးမှားလို့ အကျင့်မှားရင် ကိုယ်မှာအပြစ်ရှိတယ်တဲ့။ သဘောပေါက်လား၊ စကားလုံးကို ဂရုစိုက်ပါတဲ့။ လူကြီးဆိုရှေ့ကြိုမြင်တာပေါ့၊ သေချာမှာခဲ့တာ၊ ဘုန်းဘုန်း ငယ်ငယ်တုန်းကဆို မှန်တယ်ထင်ရင် တိုက်ချင်တယ်၊ အလိုက်သင့်လေးနေခိုင်းတာ၊ အပေါ်ကကျော်လိုကျော်၊ အောက်ကဝင်လိုဝင်၊ ဘေးကသွားလိုသွားပါ၊ မတိုက်ပါနဲ့တဲ့။ ဆုံးမခဲ့တာ၊ အဲဒီလိုဆို တံခွန်ဖြစ်မယ်တဲ့။ အခုလည်းဘုန်းဘုန်းတို့ ဘယ်သူ့ကိုမှ မတိုက်ပါဘူး၊ မတိုက်ရဲပါဘူး၊ အခုအရှိကို အရှိအတိုင်း လမ်းကြောင်း သွားတာနော်၊ ဘုရားဟောအတိုင်း သွားတာမို့ ဆရာတော်ဘုရားကြီးဟောတာ အကုန်မှန်တယ်၊ ဆင်ခြေရာထဲမှာ ကျန်တဲ့ခြေရာ အကုန်ဝင်တယ်၊ အကုန်မှန်ပါတယ်လို့မှတ်ကြပါ၊ နားလည်တယ်နော်။

ဆရာတော်ဘုရားကြီးတွေဆုံးမလို့ ဘုန်းဘုန်းတို့သိလာခဲ့တာ၊ သို့သော် ကိုယ့်ဒဂ္ဂါကို

ပြန်ပေးတဲ့အခါ ဟိုဘက်ကနည်းက အင်မတန်ပင်ပန်းတယ်၊ ဆရာတော်ကြီးတွေ ပေးတဲ့နည်းက ရှင်းလင်းချက်တွေပါနေလို့ ဒီလိုပြောချင်တာ၊ ဘုရားပေးတဲ့နည်းက အမြန်ခရီးရောက်တယ်၊ သဘောပေါက်လား၊ ဒါကြောင့် ဒီနည်း ပြန်သင်ပေးနေတာ၊ နားလည်ပြီလား၊ ဘုန်းဘုန်းကြောင့် ဝါဒတစ်ခုထွက်မလာစေချင်ဘူး၊ ဆရာတော်ကြီးတွေက အမှတ်တမဲ့နဲ့ ဟောခဲ့ကြလို့၊ မိုးကုတ်နည်း မဟာစည်နည်းဆိုပြီး နည်းတွေထွက်လာတာ၊ အဲဒီလိုထွက်တာ မကြိုက်လို့၊ ကိုယ်ကြောင့် မိုးညှင်းသီဂီနည်းဆိုပြီး ထွက်လာမှာကြောက်တယ်၊ မထွက်စေရဘူး၊ ဘယ်သူဆုံးမခဲ့တာလဲဆိုရင် ဝေဘူဆရာတော်ဘုရားကြီးဆုံးမခဲ့တာ၊ အားလုံးသည် တို့တရားမဟုတ်ဘူး၊ ဘုရားရဲ့တရား၊ ငါ့ကြောင့် ငါ့တရားလို့ ထွက်မလာစေရဘူးလို့ ပြောခဲ့တာ။ ဝေဘူတရားလို့ ထွက်မှမလာဘဲ။ ဝေဘူတရားလို့ ထွက်လာသလား၊ ဝေဘူနည်းလို့ထွက်လာသလား၊ (မထွက်ပါဘူးဘုရား)။ ကြိုကာခဲ့တာနော်၊ ဘုန်းဘုန်းသိပ်သဘောကျတာ၊ အဲဒီလိုကာရမှာ (ဆရာတော်ဘုရားကြီးတွေက အမှတ်တမဲ့နဲ့ ဟောခဲ့တော့ မိုးကုတ်မဟာစည်နည်းဆိုပြီး နည်းတွေကွဲသွားရော) ကိုယ့်ကြောင့်ကွဲသွားတာ ဖြစ်မနေဘူးလား၊ သတိထားရမှာ၊ ဆရာတော်ဘုရားကြီးတွေက ရည်ရွယ်ချက်မရှိပါဘူး၊ သို့သော်အမှတ်တမဲ့နဲ့မို့ နည်းတွေထွက်သွားတာ။ အဲဒီမှာ လိုင်းတွေ ကွဲသွားကြတာ၊ မနည်းပြန်စေ့နေရတာ၊ အမှန်အတူတူပါပဲ။ ဘုန်းဘုန်းပြောချင်တာက ဘုရားပေးတဲ့နည်းပဲ ဟောတာလို့ပြောမှာနော်၊ ဘုန်းဘုန်းနည်းမပါပါဘူး။ ဘုရားတိုက်ရိုက်ပေးတဲ့ အလုပ်ပေးတရားပါ။ အနုတ္တလက္ခဏသုတ္တန်ကရှိပြီးသား၊ အဲဒီအတိုင်းဟောတာ၊ ဘုရားပေးတဲ့နည်းအတိုင်းကျင့်ရင် တကယ်မြန်မှာပါ။ ဘာမှဖြည့်စရာ နှုတ်စရာမရှိပါဘူး၊ သာသာလေး ပါပဲ။ မပင်ပန်းပါဘူး၊ နားလည်ပြီလား၊ အဲဒီအထဲမှာ နေရာ၊ ဌာန မပါပါဘူး၊ ဒါသတိထားရမဲ့အချက်၊ မနောတံခါးပေါ်တာကိုသာ နောက်စိတ်က အမှန်ရှုတာပဲပါတယ်။ ကြိုက်တာပေါ်နိုင်တယ်၊ ကသောကမျော ဖျက်စရာမလိုဘူး၊ ဖြစ်ပျက်ဆိုတာ ဖျက်ပစ်တာမဟုတ်ဘူး၊ ဖျက်ပစ်တယ်ဆို မှားတယ်။ ပေါ်တာကို အတင်းခေါင်းခါဖျက်စရာမလိုဘူး၊ ပေါ်ချင်တာပေါ်ပါစေ၊ ပေါ်တာကို အမှန်သိပေးလိုက်တာနဲ့ သူ့ဟာသူပျောက်သွားလိမ့်မယ်။ အဲဒါ ဖြစ်-ပျက်ပဲ။ ပျောက်အောင်လည်း ကြိုးစားဖို့ မလိုဘူး၊ အမှန်သိအောင်ပဲ ကြိုးစားရမှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ အမှန်သိရမယ်။ အမှန်ဆုံးဖြတ်ပေးရမယ်၊ ဒါတွေပဲ ဘုရားဟောခဲ့တာပါ။ ပျောက်အောင်ဆုံးဖြတ်ရမှာလည်း မဟုတ်ဘူးနော်၊ အမှန်သိရမှာ ဝယမ္မော ကုန်တာသိရမှာ၊ သူ့ဟာသူ ကုန်သွားလိမ့်မယ်၊ ပထမ

အမှန်သိအောင်ကြိုးစားရမှာ၊ ဘုရားဟောတဲ့အတိုင်း သွားရအောင်၊ ဒီအတိုင်းသွားရမယ်၊ အလုပ်လုပ်ကြည့်ရအောင်၊ အားလုံးထိုင်ကြည့်ရအောင်၊ ယောဂီအားလုံးကို အားရပါတယ်။ ဒီတရားမျိုးကို စိတ်ဝင်တစား နာကြတာ၊ ဘုန်းဘုန်း အင်မတန်သဘောကျတယ်။ အားလုံး သံဝေဂ အရင်သိမ်းရအောင်၊ သံဝေဂအရေးကြီးပါတယ်။ ဘုရားပေးတဲ့ သံဝေဂပါ၊ မျက်စိမှိတ်ထားနော်၊ မျက်စိမှိတ်ပြီး နှလုံးသွင်းရင်း လိုက်ဆိုကြပါ။

**"အိုနာသေသို့၊ မောင်းနှင်ပို့၊ လူတို့မမြဲပါတကား"**

## ခန္ဓာဇာတ်သိမ်း ငြိမ်းနိုင်ကြပါစေ

အချိန်တိုင်း အချိန်တိုင်းကို နှလုံးသွင်းနော်၊ ရှုဆဲထုတ်ဆဲငြိမ်ဆဲမှာ အချိန်ကုန်နေပါတယ်။ အချိန်ကုန်တာနဲ့အမျှ ရုပ်နာမ်ပေါင်းလောင်တာဖြစ်သောကြောင့် ပြန်ငယ်တာ မဟုတ်ပါဘူး၊ ရင့်ရော် အိုမင်းလာတယ်။ နာတဲ့ဘက် သေတဲ့ဘက်ကို သွားနေတာပါ၊ ဒါမမြဲသဘောအမှန်၊ တကယ် သွားနေပါတယ်။ သေကာလကို နှလုံးသွင်းကြမယ်၊ အသက်ရှုလို့မရ၊ လက်ခြေ မလို့ မရ၊ ဘာမှ အားကိုးမရှိပါ။

**"ခိုကိုးရာမဲ့၊ တွယ်ရာမဲ့၊ အားနဲ့လှချည်ပါတကား"**

စဉ်းစားပါ၊ သေခါနီးကာလကို မှန်းကြည့်ပါ။ အခုသေခါနီးပြီလို့ စိတ်ကိုချထားပါ။ အခုနေသေရင် အကုန်ထားခဲ့ရမှာ၊ အားကိုးလည်းမရှိပါ။ လက်ကလည်း 'မ' မရ၊ အသက်လည်း ရှုမရ၊ မနော်တခါးမှာပေါ်နေတဲ့ အိုးအိမ်တွေ၊ သားတွေ၊ သမီးတွေကလည်း ကိုယ့်ကို မကယ်နိုင်၊ တခြားစီပါပဲ။ ဘာမှ အားကိုးမရှိပါဘူး။ အားကိုးအစစ်ကတော့ ဘုရားဟောတဲ့ဉာဏ်၊ ဝိပဿနာမဂ်ဉာဏ်ဟာ အားကိုးအစစ်ပါပဲ၊ အားကိုးအစစ်နဲ့နေမယ်၊ ကျန်တာတွေက အစစ်မဟုတ်လို့ အဓိကမထားပါနဲ့၊ အားကိုးအစစ်မဟုတ်ပါဘူး၊ သိထားကြပါ။ လိုက်ဆိုပါဦး။

**"ကိုယ်ပိုင်ဥစ္စာမရှိပါ၊ ထားကာသွားရမှာပါတကား"**

အားလုံးပိုင်တယ်ထင်တဲ့ဟာတွေမဟုတ်ပါ။ အကုန်စိတ်ကခွါလိုက်ပါ။ ကိုယ့်ကိုယ်လုံးကြီးက အစ မပိုင်၊ အကုန်ထားခဲ့ရမှာတွေ ကိုယ့်ရဲ့အဖိုးအဖွားတွေ ကြည့်လိုက်ပါ၊ အကုန်ထားခဲ့ကြရတာ၊ ကိုယ့်ကိုယ်လုံးကြီးလည်း မမြဲပါဘူး၊ မြေကြီးသြဇာပဲ ဖြစ်သွားကြတာ၊ ဘာယ်ဟာမှ ပိုင်တာမရှိပါ၊

ငါပိုင် ငါဆိုင်တယ် ထင်ရင် မှားပါလိမ့်မယ်။ တကယ်ရှိတာလည်း အထည်သတ္တဝါမရှိပါ၊ ခန္ဓာငါးပါး 'သိ' သဘောသာဖြစ်နေပါတယ်။ ဒါကို သံသရာမှာတောင့်တတွေနဲ့ အချိန်များစွာ တဏှာခိုင်းချင်တာ ခိုင်းတာခံနေရတာ၊ ဆိုကြပါဦး။

**"လိုမပြည့်ဝ အားမရ၊ တဏှာ့ကျွန်ကြီးပါတကား"**

ဟိုးအထက်ဖြဟ္မာကစလို့ ခြင်၊ သန်း၊ ဂျပိုးတိုင်အောင် သတ္တဝါတွေမှာ စကားတွေ ပြောနေကြတယ်။ ရင်ထဲမှာ စကားတွေပြောနေကြတာ၊ ဘယ်သူနဲ့ပြောသလဲမေးတော့ အရိပ်ကို အကောင်ထင်၊ ခန္ဓာငါးပါးကို အထည်ထင်ပြီး ပြောနေကြတာ။ အာရုံနဲ့ဒွါရတိုက် မနောမှာလာထင် နောက်စိတ်က အတုံးအခဲအထည်ထင်ပြီး၊ ငါ ငါ့ပတ်ဝန်းကျင်ထင်ပြီး တဏှာအစွမ်း ဒိဋ္ဌိအစွမ်းနဲ့ ရှေ့ဆက်ဆက်ပြီး တဏှာရှိမှ မာနရှိတာ၊ ဒိဋ္ဌိမာနရှိမှ တဏှာလာတာ၊ ဒိဋ္ဌိမာနမရှိရင် တဏှာ မလာနိုင်ဘူး၊ ဒီတော့မှ တဏှာခိုင်းချင်တာ ခိုင်းတာ ခံနေရတာ။ သံသရာအဆက်ဆက် ပုံသဏ္ဌာန်တွေ မျိုးစုံပြောင်းပြီး သန္ဓေ(၄)မျိုးလှည့်ပြီး သွားရတာတွေ တဏှာအစပ် မပြတ်နိုင်ဘဲလို့ မှတ်ကြပါ။ အိုးအိမ် တိုက်တာ၊ စီးပွားတွေဟာ ပါးစပ်က စားလို့မရ၊ စိတ်ကသာ ပုံဖော်ကျက်စားတာ၊ ကျက်စားတော့ ပညာက မဦးစီးဘဲနဲ့ ဒိဋ္ဌိက ဦးစီးမယ်ဆိုရင် အဝိဇ္ဇာဦးစီးခဲ့ရင် တဏှာခိုင်းသမျှ ခံရတော့မယ်လို့ မှတ်ကြပါ။ တဏှာအစပ်ပြတ်မှ အေးတော့မယ်လို့ ဆုံးဖြတ်ရမယ်၊ တဏှာ အစပ်ပြတ်တာ မခက်တော့ပါဘူး၊ ဘုရားပေးတဲ့ ပညာအရ ယခုရှုဆဲအမူအရာ၊ ထုတ်ဆဲအမူအရာတွေ ပေါ်နေပါတယ်။ ရှေ့နောက်ဝဲယာမှာလည်း ပတ်ဝန်းကျင်ရှိသယောင်ယောင် ထက်ဝန်းကျင်အားလုံး တီဗွီ(TV)စက်မျက်နှာပြင်မှာ လာထင်သလို ပုံရိပ်တစ်ခုတည်းပါပဲ။ မနောမှာလာထင်တာပါပဲ။ တို့များသည် မင်းတို့ပိုင်ဆိုင်တဲ့ ကမ္ဘာကြီးပါ၊ တို့များကတော့ မင်းတို့တိုင်းပြည်၊ တောတောင်တွေပါလို့ ထိုပုံရိပ်တွေက စကားမပြောပါ။ တို့များသည် မင်းတို့ရဲ့ ထိုထိုအရိပ်တွေက စကားမပြောပါဘူး၊ တို့များကတော့ မင်းတို့ရဲ့ အဖေပါ၊ အမေပါ၊ သားသမီးပါ၊ မင်းရဲ့ စီးပွားပါလို့ ထိုထိုအရိပ်တွေက စကားပြောသံမပါပါဘူး၊ တို့များသည် မင်းတို့ရဲ့ ကျောင်းခန်း၊ မင်းတို့ရဲ့ ဓမ္မာရုံကြီးပါလို့ မပြောပါဘူး၊ တို့များသည် မင်းတို့ရဲ့ အပေါင်းအသင်းပါလို့ ပုံရိပ်တွေက စကားမပြောပါဘူး။ နောက်ဆုံး ပါးပါးလေးကပ်ပါနေတဲ့ မျက်နှာအမူအရာ၊ ကိုယ်အမူအရာ အရိပ်ကလည်း မင်းပိုင်တဲ့ ခေါင်းပါ။ မင်းကိုယ်လုံးကြီးပါ၊ မင်းလက်မင်းခြေပါလို့ စကားပြောသံမပါပါဘူး၊ တိတ်ဆိတ်နေပါတယ်၊

ဉာဏ်နားနဲ့ ထောင်ကြည့်ပါ။ ပညတ္တိထပေတွာ-ဝိသေသေန ပဿတီတိ ဝိပဿနာ၊ ဝစီပညတ်၊ စဖယ်ပြီးနော်၊ 'နေသောဟမသ္မိ' ငါပါလို့ ဝန်မခံကြောင်း၊ အသစ်အသစ်ရှုဆဲ အမူအရာ၊ ထုတ်ဆဲ အမူအရာ အရိပ်ကလည်း မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ မေး၊ မျက်နှာ၊ ရင်ဘတ်နဲ့ခါး၊ ခြေ၊ လက် အားလုံးက ငါပါလို့ဆိုတဲ့အသံ ပါမလာပါဘူး။ အမူအရာအရိပ်က အရိပ်ပါပဲ၊ ငါဆိုတဲ့ ဝန်ခံတဲ့အသံ ပါမလာပါဘူး၊ တံလျှပ်လို တရိပ်ရိပ် ထပ်ခါ အသစ်အသစ် ပေါ်နေပါတယ်၊ ပါးပါးလေး ပေါ်နေပါတယ်။ ကိုယ်ပသာဒမှာလောင်၊ မနောမှာလာပွင့်၊ တရိပ်ရိပ်နဲ့ငါပါလို့ စကားပြောတဲ့အသံ ပါမလာပါဘူး၊ "နမေသောအတ္တာ" ဧသော=ထိုအရာသည်ကား၊ မေ=ငါ၏၊ နအတ္တာ=ပိုင်ဆိုင်တဲ့ အနှစ်သာရ၊ အတုံးအခဲ သက်ဝင်ထင်ရှားတဲ့သဘော၊ အစိုင်အခဲ မဟုတ်ပါ။ ဟုတ်တာက တံလျှပ်လို ဖြစ်နေပါတယ်၊ အငွေ့လိုပါပဲ။ တံလျှပ်ဆိုတာ အငွေ့လိုပါပဲ၊ တရိပ်ရိပ်နဲ့ အသစ် အသစ် အစားထိုးရင်း ပြီးဆုံးနေတာပါ။ ဘာမှတောင်းဆိုချက် မပါပါဘူး၊ အထက်ဝန်းကျင်အားလုံး တံလျှပ်လို အငွေ့လို ဖြစ်နေပါတယ်။ အစိုင်အခဲ ဖွဲ့စည်းပုံမရှိပါ။ တိတ်ဆိတ်နေပါတယ်၊ တရားထိုင်ချိန် ဆိတ်သုန်း နေပါတယ်။

တဏှာဆိုတာ တစ်နည်းပြောရရင် အတွေးအားလုံးရဲ့အစလေးပါပဲ၊ ဒိဋ္ဌိ၊ မာနနဲ့ပေါင်းမှ အသက်ဝင်လာတာပါ။ အတွေးအစပါပဲ၊ အထည်ထင်ရင် တွေးကြမှာပဲ၊ အရှိကိုအရှိအတိုင်း ပညာ အလင်းဦးဆောင်ကြည့်တဲ့အခါ တံလျှပ်အငွေ့လိုပါပဲ။ အသက်ဝင်တာမဟုတ်ပါဘူး၊ အတုံးအခဲလည်း မဟုတ်ပါဘူး၊ ထက်ဝန်းကျင် ပုံသဏ္ဌာန်မဲ့ပါပဲ။ အရိပ်ပုံသဏ္ဌာန်မရှိပါဘူး၊ တံလျှပ်အငွေ့လို ဖြစ်နေပါတယ်။ အသစ်အသစ်အစားထိုးရင်းနဲ့ အငွေ့လိုပျက်ပြယ်သွားတာပါလို့ အမှန်အတိုင်း ဆုံးဖြတ်ပေးနေရုံပါ၊ သိပေးနေရုံပါပဲ၊ တဏှာ၊ ဒိဋ္ဌိ၊ မာနမရှိပါ။ လွတ်မြောက်နေပါတယ်။ လမ်းတည့် နေပါပြီ၊ အခုနေ ငါ့အိမ်လို့ ငါနဲ့အိမ်ပုံပညတ်တပ်ကြည့်မယ်၊ ငါ့အိမ်လို့ စိတ်ထဲကနေ စကားပြောဖို့ ကြိုးစားကြည့်ပါ၊ အတွေးစကားပေါ့နော်၊ ကြိုးစားကြည့်ပါ၊ သဘောပေါက်လောက်ပါပြီ။

တဖြည်းဖြည်း မျက်လုံးပြန်ဖွင့်မယ်၊ နှိုင်းယှဉ်ခံစားကြည့်ရတယ်၊ ရှုပြီးတိုင်း ရှုပြီးတိုင်း မရှုခင်က ခံစားမှု၊ ရှုပြီးခံစားမှု နှိုင်းယှဉ်ကြည့်ပေးရမယ်၊ မျက်လုံးလေးဖွင့်ပါ၊ ထက်ဝန်းကျင်ကို နှိုင်းယှဉ်ခံစားကြည့်ပါ။ မရှုခင်ကတော့ ပတ်ဝန်းကျင်က ရှုပ်ထွေးပြီးဆူညံတယ် ထင်ရတယ်နော်၊ ရှုပြီးတဲ့အခါမှာ တိတ်ဆိတ်မသွားဘူးလား၊ (သွားပါတယ်ဘုရား)။ သဘောပေါက်တယ်နော်၊ ရင်ထဲမှာ

တွေးစရာ၊ ပြောစရာရှိသေးလား။ (မရှိပါဘူးဘုရား)။ စိတ်ဆိုတာ နှစ်စိတ်မဖြစ်ကောင်းဘူးလေ၊ ပြီးခဲ့တဲ့အချိန် ပြန်မလာတော့ဘူး၊ ရှေ့လည်း အာရုံနဲ့ဒွါရမတိုက်သေးလို့ မပေါ်သေးဘူး၊ ပေါ်တုန်း ပေါ်ဆဲမှာ အမှန်အတိုင်းဆုံးဖြတ်တော့ ရှေ့ကဖြစ်-ပျက်၊ နောက်က မဂ်ဉာဏ်သဘောပေါက်လား၊ ပေါ်ချင်တာပေါ် နောက်စိတ်က အမှန်ဆုံးဖြတ်တာကိုး၊ ဆုံးဖြတ်ချက်ချတော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ မဂ္ဂင်ပါမသွားဘူးလား၊ ရှစ်ပါးတစ်ပေါင်းတည်းနော်၊ အဲဒီတော့မှ အမှန်အတိုင်း ဆုံးဖြတ်တော့ အတုံးအခဲအထည်ရှာမရ၊ ငါဆိုတဲ့စကားလုံးမရှိဘူး၊ ဆက်စရာမရှိတော့ တဏှာမလာဘူး၊ တဏှာ မလာတော့ စိမ်ကိန်းချတာတွေ လာသေးလား။ (မလာပါဘူးဘုရား)၊ ဒါဆိုကံလည်းမလာတော့ဘူး၊ အာရုံကြောတွေ လျှော့သွားပြီ၊ ရှုမှတ်တဲ့အခါမှာ တွန်းအားတွေ လာသေးလား၊ (မလာတော့ပါဘူး ဘုရား)။ တွန်းအားလာ မလာ သိရအောင် ဘုန်းဘုန်းကစကားပြောခိုင်းကြည့်တာ၊ ငါ့အိမ်လို့ စကားလုံးရှာကြည့်ခိုင်းတာ၊ ပြောရတာ၊ အားရှိရဲ့လား၊(မရှိပါဘုရား)။ တွန်းအားပြန်ထွက်သွားတာနော်၊ နားလည်ပြီနော်၊ လမ်းတည့်နေပါပြီ၊ ဒီအတိုင်းကြိမ်ဖန်များစွာ ဆက်ကျင့်ကြပါ၊ ဆက်ကျင့်တော့မှ မေးခွန်းမေးလို့ရမှာ၊ မနက်ဖြန်နေ့လည်မှာ ထပ်ဟောမယ်၊ ဟောတဲ့အခါ ရိုးရိုးမဟောချင်ဘူး၊ ယောဂီတွေအလုပ်လုပ်ရင်း အတွေ့အကြုံအရမေးတဲ့ မေးခွန်းကို ဘုန်းဘုန်းလိုချင်တယ်၊ စာနဲ့ရေး မေးကြပါ။ ရှေ့ဟောစရာအများကြီးကျန်သေးတယ်၊ ဘုန်းဘုန်းဆက်ဟောရင် ဉာဏ်မီမှာမဟုတ်ဘူး၊ အလုပ်လုပ်ရင်းနဲ့ မေးစရာရှိတာကို စာနဲ့ရေးမေးမှ ဘုန်းဘုန်းပြောလို့ကောင်းမှာ၊ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်များ မေးတာကို ဘုန်းဘုန်းလိုချင်တယ်၊ အဲဒီလိုမေးခွန်းနဲ့ သွားချင်တယ်၊ သဘောပေါက်ကြလား၊ စာလေးတွေရေးပြီး ကြိုပေးထား၊ မနက်ဖြန်နေ့လယ်ကျတော့ ထပ်ပြီးဟောပေးမယ်။ကဲနားကြ ရအောင်။

ဤကဲ့သို့ဘုရားရှင် ဟောကြားဆုံးမတော်မူတဲ့အတိုင်း မိမိတို့သန္တာန်မှာ အရှုခံ၊ အရှုဉာဏ် တည့်အောင် ရှုတတ်ပုံ၊ ဉာဏ်ကအရှုခံ၊ အရှုဉာဏ်တည့်အောင် ရှုဖို့မှတ်ထားကြပါ၊ အရှုခံတရားဆိုတာ ခန္ဓာငါးပါး၊ ဘယ်အချိန်မှာပေါ်တာလဲ၊ အာရုံ-ဒွါရတိုက်ချိန်ပေါ်တာနော်၊ ကာလမခြား မနောထိပေါ်မှာ၊ နောက်စိတ်က ကာလမခြား လက်ခံဆုံးဖြတ်တာကို သိပြီမဟုတ်လား။ လက်ခံဆုံးဖြတ်တဲ့အခါ စိတ်မှာယှဉ်တဲ့အလင်းဓါတ် ယှဉ်ပြီဆိုရင် ဒါအရှုဉာဏ်ဖြစ်ပြီ၊ အမှောင်ဓါတ်ရှိရင် အဝိဇ္ဇာဖုံးလို့ ဒိဋ္ဌိ၊ မာန၊ တဏှာ လာမယ်၊ သံသရာဆက်မယ်၊ သဘောပေါက်ပြီနော်၊ ဤကဲ့သို့ ပိုင်းခြားနားလည်လျှက်

ငါရှုတာမဟုတ်ကြောင်း သဘောပေါက်ကြပါစေ၊ ခုနရှုတာ ငါ ရှုတာမဟုတ်ပါ။ အရှုခံ၊ အရှုဉာဏ် တည့်သွားတာနော်၊ တည့်သွားမှ ငါမဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း ပေါ်တာနော်၊ ဒါကြောင့်တဏှာ လာသေးလား၊ မလာဘူးနော်၊ ဒီအတိုင်း သွားရမှာ၊ ဒါဆို ဇာတိမလာရာကို ရောက်ပါပြီလို့မှတ်ကြပါ၊ ဤကဲ့သို့ ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း သဘောပေါက်လျက် ကြိမ်ဖန်များစွာ ပွားများ အားထုတ်ကုန်ပြီးလျှင် ဉာဏ်ရင့်သထက်ရင့်လို့ အထက်မဂ် အထက်ဖိုလ်တိုင်အောင် ပေါက်မြောက်လျက် ခန္ဓာဇာတ်သိမ်း ငြိမ်းနိုင်ကြပါစေ။

(သာဓု၊ သာဓု၊ သာဓု)

## ဝိပဿနာ

ဝိပဿနာဆိုတဲ့စကားလုံးရဲ့အဓိပ္ပါယ်ဖွင့်ဆိုချက်ကို မျိုးစုံဖွဲ့ဆိုကြပါတယ်။ 'ဝိ' ဆိုတာ အထူး၊ 'ပဿနာ' ဆိုတာ ရှုမှတ်တာ၊ ဒီတော့ ဝိပဿနာဆိုရင် အထူးရှုမှတ်တာလို့ ဘာသာပြန်ထားတာလည်း တွေ့ရပါတယ်။ အဖြစ်ကိုမြင်ရင် သမထ၊ အပျက်ကိုမြင်မှ ဝိပဿနာလို့လည်းဆိုပါတယ်။ မိုးကုတ် ဆရာတော်ဘုရားကြီးက ရှေ့စိတ်ကို နောက်စိတ်နဲ့ကြည့်တာ ဝိပဿနာလို့ဆိုသလို၊ ရုပ်နာမ်နှစ်ခုကို ဉာဏ်တစ်ခုနဲ့ ကြည့်တာဝိပဿနာလို့လည်း ဆိုထားတာ တွေ့ရပါတယ်။

ကျွန်တော့်အနေနဲ့ ကျေးဇူးရှင်ပိုင်းလော့ဆရာတော် သင်ထားတဲ့အတိုင်း ဝိပဿနာရဲ့ အဓိပ္ပါယ် ကို ဖွင့်ဆိုရရင် ပိုင်းလော့ဆရာတော်က ဝိပဿနာဆိုတာ-

''ပညတ္တိံ ထပေတွာ ဝိသေသေန ပဿတီတိ ဝိပဿနာ'' လို့ ရှေးဆရာတော်ကြီးတွေက ဟောကြား ထားကြောင်းဖော်ပြထားပါတယ်၊ အဓိပ္ပါယ်ကတော့-

''ပညတ်ကိုပါယ်ခွါ၍ အထူးအားဖြင့် ပရမတ္ထသဘောဖြစ်သော ခန္ဓာငါးပါးကို ပညာဖြင့် ရှုမှတ်ခြင်းသည် ဝိပဿနာ''လို့ ဘာသာပြန်ဆိုထားပါတယ်။ ဝိပဿနာရဲ့သဘောအဓိပ္ပါယ်ကို ပထမ ထုတ်ဝေတဲ့ ''စူဠသောတာပန်ဉာဏ်နှင့်မြတ်ဗုဒ္ဓ၏အလုပ်ပေးတရားတော်'' စာအုပ်မှာ အသေးစိတ် ရေးပြီးသားဖြစ်ပါတယ်။ အကျဉ်းသဘောအားဖြင့် ဖော်ပြပါမည်။

ပညတ်ကိုပါယ်ခွါ၍ ဆိုတော့ ပါယ်ခွါရမည့်ပညတ် (၃)မျိုးရှိပါတယ်။ ၎င်းတို့မှာ-

၁။ ဝစီပညတ် (စကားလုံးပညတ်)

၂။ အထည်ပညတ် (အကောင်အထည်ပညတ်)

၃။ ကာလပညတ် (အချိန်ကာလပညတ်) ဟူ၍ဖြစ်လေသည်။

ခန္ဓာငါးပါးဖြစ်ခွင့်ရတဲ့နေရာတွေဟာ (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်) ၆ နေရာရှိပါတယ်။ ဒါကိုဒွါရလို့ခေါ်ပါတယ်။ အဲဒီဒွါရတွေကို အတွင်းအပြင်ခွဲမယ်ဆိုရင် (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်)က အပြင်ဒွါရတွေဖြစ်ပြီး စိတ်(ဘဝင်)ကတော့ အတွင်းဒွါရခေါ်ပါတယ်။ အပြင် ၅-ဒွါရမှာတိုက်ပြီး ကာလမခြား မနောဒွါရမှာ ထပ်ဖြစ်တာ သဘောပေါက်မှာပါ၊ မှတ်မိအောင်ပုံလေးပြန်ကြည့်ပါ။




အပြင်ဒွါရ ၅-ခုကိုလည်း ခေ့သည်နဲ့အိမ်သည်ခွဲမယ်ဆိုရင်၊ မျက်စိ၊နား၊နှာခေါင်း၊ လျှာက အမြဲတမ်း အာရုံသိသဘောမရှိတဲ့အတွက် **ဧည့်သည်**လို့ခေါ်ပါတယ်။ 'ကိုယ်'ကတော့ အိပ်ပျော်နေလည်း ရှိနေတယ်၊ သေခါနီးနောက်ဆုံးအချိန်ထိလဲ ရှိနေတယ်၊ ဒါကြောင့် **အိမ်သည်**လို့ ခေါ်ပါတယ်။ ဒါကြောင့် ဧည့်သည်မှာ မရှာဘဲ အိမ်သည်မှာရှာတာ အကောင်းဆုံးပါ။

မျက်စိမှိတ်လို့ အသက်ရှုလိုက်တာနဲ့ ကိုယ်မှာလောင်ပြီး ကာလမခြား မနောရောက်ပါတယ်။ မနောမှာ စိတ်(ဘဝင်)နဲ့ဓမ္မာရုံ(ပုံသဏ္ဍာန်အမူအရာသိ)တိုက်ပြီး ခန္ဓာငါးပါး ထပ်ဖြစ်ပါတယ်။ ကိုယ်မှာလောင်ပြီး ပေါ်တဲ့ခန္ဓာငါးပါးက ပဉ္စဒွါရဝီထိဖြစ်ပြီး မနောမှာပေါ်တဲ့ခန္ဓာငါးပါးက နောက်လိုက်မနောဒွါရဝီထိ ဖြစ်ပါတယ်။ ဒီနှစ်ဆင့်အထိက ပရမတ္ထသဘောပဲ ရှိပါသေးတယ်၊ ကိုယ်မှာပေါ်တဲ့ခန္ဓာငါးပါးက ချုပ်ပျောက်ပြီး မနော ရောက်တယ်။ မနောမှာခန္ဓာငါးပါးပေါ်ပြီး ချုပ်ပျောက်သွားပါတယ်၊ ရုပ်သဘော နာမ်သဘောတွေဟာ ပေါ်ရင် ပျောက်ဖို့လာတာပါ။ နာမ်တရားက မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မှာ ကုဋေတစ်သိန်းကျော်တောင် ချုပ်ပျောက်ပျက်စီးပြီး၊ ရုပ်တရားက မျက်စိတစ်မှိတ်လျှပ်တစ်ပြက်မှာ ကုဋေပေါင်း(၅၀၀၀)ကျော် ချုပ်ပျောက်ပျက်စီးပါတယ်။ ဒါကို နောက်စိတ်က အဝိဇ္ဇာဖုံးလို့ မောဟစေတသိက်နဲ့ ဆုံးဖြတ်တဲ့အခါ မနောမှာပေါ်တဲ့ ပုံရိပ်ကို အကောင်အထည် အတုံးအခဲလို့ထင်လိုက်ပါတယ်၊ အဲဒီမှားယွင်းသောအယူအဆ၊ အမြင်ဖြစ်တဲ့အတွက် ဒိဋ္ဌိလို့ခေါ်ပါတယ်။ အဲဒီလိုအကောင်အထည်ထင်တဲ့ဒိဋ္ဌိပေါ်လာရင် ရှုနေတာငါနဲ့ သူရယ်လို့ 'မာန'ပေါ်လာပါ တယ်။ 'မာန'ကြောင့် အာရုံ၌ကပ်ငြိခြင်းဆိုတဲ့ တဏှာပေါ်လာခြင်းဖြစ်ပါတယ်။ စာအရသာ အစဉ်လိုက် ပြောရပေမယ့် တကယ့်သဘောတရားကတော့ အင်မတန်လျှင်မြန်စွာ ကူးသွားပါတယ်၊ သဘောကတော့ တဏှာ မာန ဒိဋ္ဌိ တစ်ပေါင်းတည်းဖြစ်သွားပါတယ်။ ပုံနဲ့ပြမယ်ဆိုရင် အောက်ပါပုံအတိုင်းရပါမယ် . . .။




ဆိုလိုတာက စိတ်မှာယှဉ်တဲ့အမှောင်ဓါတ်(အဝိဇ္ဇာ)ကြောင့် မနောမှာပေါ်တဲ့ပုံရိပ်ကို အကောင်အထည် အတုံးအခဲလို့ထင်တဲ့ အထည်ပညတ် ပြီးရင် အာရုံ၌ကပ်ငြိခြင်း တဏှာဖြစ်ပေါ်ပြီး ဝစီပညတ် (စကားလုံး ပညတ်တွေ)ပေါ်လာပြီး စကားတွေပြောနေပါတယ်။ ဥပမာ မျက်စိမှိတ်ပြီး အသက်ရှုလိုက်လို့ ကိုယ်မှာလောင်ပြီး မနောမှာ မိမိရဲ့ရင်ဘတ်၊ ပခုံး၊ မျက်နှာ၊ ခေါင်း၊ လည်ပင်း၊

ရင်ဘတ်နှင့်ကျော၊ ဝမ်းဗိုက်နှင့်ခါး ခြေထောက်ပိုင်း နောက်ပြီး ကိုယ်ထိုင်နေတဲ့ ဘေးမှာရှိတဲ့ ယောဂီတွေ အိမ်တွေ လမ်းတွေ ဆက်ခါဆက်ခါ ပေါ်လာပါတယ်။

အဲဒီပေါ်လာတဲ့ပုံရိပ်တွေကို စိတ်မှာယှဉ်တဲ့အမှောင်ဓါတ် (မိစ္ဆာပဿတိ) စိတ်အမြင်မှား ဖြစ်ပြီး အကောင်အထည်တွေ အတုံးအခဲတွေ အသက်ဝင်လှုပ်ရှားနေသလို ထင်လိုက်ပါတယ်၊ အဲဒါ ဒိဋ္ဌိပါ၊ တကယ်တော့ မနောမှာ ပေါ်တဲ့ပုံရိပ်တွေဟာ အကောင်အထည်အတုံးအခဲ သက်ဝင်လှုပ်ရှားမှု မရှိပါဘူး၊ စိတ္တဇအာပေါရဲ့ ဖွဲ့စည်းမှုကြောင့် ရုပ်မှုန်လေးတွေဖွဲ့ပြီး ပျောက်သွားတဲ့သဘောပဲ ရှိပါတယ်၊ စိတ်ရဲ့ဖွဲ့အားက မျက်စိတမှိတ် လျှပ်တစ်ပြက်မှာ ကုဋေတစ်သိန်းကျော်တဲ့အတွက် ရုပ်မှုန် (ပရမာဏုမြူ) လေးတွေပေါင်စုပြီး ပုံရိပ်ပေါ်လာတာ ဖြစ်ပါတယ်။ ပေါ်လာတဲ့ရုပ်ပုံတွေရဲ့ ပျက်နှုန်းက ကုဋေ (၅၀၀၀)ကျော်ပဲ ရှိတယ်ဆိုတော့ ဖွဲ့အားထက် ပျက်အားကနည်းနေတဲ့အတွက် ပုံရိပ်တွေ ကျန်နေတာ ဖြစ်ပါတယ်၊ အကောင်အထည်လို့ထင်တဲ့ အထည်ပညတ် ပေါ်လာပြီဆိုရင် ဝစီပညတ်လိုက်လာပါပြီ၊ ဒါဟာငါ့ခေါင်းပဲ၊ ငါ့ခြေပဲ၊ငါ့လက်ပဲ၊ ငါ့ကိုယ်လုံးပဲ၊ ငါတို့ရဲ့ ဓမ္မာရုံကြီးပဲ၊ ငါတို့ရဲ့အိမ်ပဲ စသဖြင့် ဝစီပညတ်ပေါ်လာပါတော့တယ်၊ ဒါတွေက စိတ်အမြင်မှား(ကိလေသာ) ကြောင့်ဖြစ်လာတာပါ။ အဲဒီလိုပေါ်လာတဲ့ပုံရိပ်တွေကို အထည်ပညတ်၊ ဝစီပညတ်၊ မဖြစ်အောင် ဘယ်လို ရှုရမယ်ဆိုတာ မြတ်စွာဘုရားက နည်းပေးထားပါတယ်၊ (နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာ) လို့ရှုပေးရမယ်တဲ့။

## နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာ

နေတံမမ ॥ ॥ ပေါ်တဲ့အမှုအရာအရိပ်ဖြစ်တဲ့ကိုယ်လုံးအမှုအယာ၊ မျက်နှာလက်ခြေအမှုအရာ အားလုံးဟာ "ကျွန်တော်သည်ခင်ဗျားပိုင်တဲ့ လက်ခြေဦးခေါင်းပါ၊ ခင်ဗျား ပိုင်တဲ့ အိုးအိမ်တွေပါလို့ မပြောကြောင်း" အဲဒါကိုသိပေးနေတော့ ဝစီ ပညတ် မလာတော့ပါဘူး။

နေသောဟမသ္မိ ॥ ॥ အသစ်အသစ်ပေါ်တဲ့အခါ မျက်နှာအမှုအရာပေါ်လာမယ်၊ ပတ်ဝန်းကျင် ပေါ်လာမယ်၊ ဒါကိုငါ့မျက်နှာမဟုတ်ပါလား၊ ငါ့ပတ်ဝန်းကျင်မဟုတ်ပါလား တစ်နည်းအားဖြင့် 'ငါ'လို့မဟုတ်ကြောင်း သိပေးနေရမယ်တဲ့။

နမေသောအတ္တာ ။ ။ အကောင်အထည်အတုံးအခဲ အသက်ဝင်တာမဟုတ်ဘူး၊ အငွေ့လိုဖြစ်နေတာတဲ့ ပျက်နေတယ်။ အဲဒီအတိုင်းရှုမယ်ဆိုတည့်ပြီ၊ မရှုပ်ပါဘူး၊ ဘုရားဟောခဲ့တာ ရှင်းရှင်းလေးပါ၊ ရှုပ်ကိုမရှုပ်ပါဘူး၊ ဒါဟာဘုရားပေးတဲ့အလုပ်ပေးတရားပဲ။

(အနတ္တလက္ခဏာသုတ္တန်ကြီး ရှိနေတယ်နော်၊ အဲဒါကို ဘုန်းဘုန်းကပြန်သင်ပေးနေတာ၊ အဲဒီအတိုင်း ရှုမှတ်တယ်ဆို တဏှာအစပ်ပြတ်ထွက်သွားလိမ့်မယ်၊ ပြတ်တယ်ဆို ဥပါဒါန်၊ ကံ မလာဘူး၊ ဇာတိမလာဘူး၊ ကျိန်းသေသွားပြီ)။

(ပိုင်းလော့ဆရာတော်)

နေတံမမ၊ နေသောဟမသို့၊ နမေသောအတ္တာဆိုတာဝိပဿနာရဲ့အစပဲရှိပါသေးတယ်၊ ဝိပဿနာအားထုတ်တဲ့ယောဂီအဖို့ စစချင်း ဖြစ်ပျက်မြင်ဖို့ရာ မလွယ်ပါဘူး၊ ခန္ဓာငါးပါးရဲ့သဘောတရားကိုနားလည်ပြီး ဘုရားပေးတဲ့ အလုပ်ပေးတရားအတိုင်း ပေါ်လာတဲ့ခန္ဓာပေါ်မှာ အမှန်အတိုင်း သမ္မာဒိဋ္ဌိအမြင့်မှန်နဲ့ ရှုမှတ်နေရင် တဏှာ၊ မာန၊ ဒိဋ္ဌိမလာတဲ့အတွက်၊ ဥပါဒါန်၊ ကံမဖြောက်တော့ပါဘူး၊ ကမ္မဘဝ မဖြောက်ရင် ဇာတိမလာတော့ဘူး၊ ဇာတိမလာရင် အိုနာသေလွတ်ပါပြီ၊ အိုနာသေလွတ်ရာ နိဗ္ဗာန်ပါ၊ ဖြစ်ပျက်မြင်ဖို့ရာ ကာလကိုနားလည်မှ ရှုတတ်မှာဖြစ်ပါတယ်၊ နိဗ္ဗာန်ဆိုတာ ကာလသုံးပါးကလွတ်နေရပါမယ်။ အဲဒီလိုပါပဲ အရှုခံခန္ဓာငါးပါးကို ရှုမှတ်ဆဲအချိန်မှာလည်း ကာလသုံးပါးမှလွတ်နေရပါမယ်၊ ကာလကလည်း အသေးငယ်ဆုံး အချိန်ကာလထိယူရမှာ ဖြစ်ပါတယ်။ ကာလကိုအသေးဆုံးအချိန်ကာလအထိချုံ့ကြည့်မယ်ဆိုရင် -

(၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့၊ နေ့လည်(၁၂:၀၀)နာရီကို ပမာပြု၍ပြပါမည်)

| **အတိတ်ကာလ** | **အနာဂတ်ကာလ** | **ပစ္စုပ္ပန်ကာလ** |
|---|---|---|
| ယွင်ဘဝ | နောင်ဘဝ | ယခုဘဝ |
| လွန်ခဲ့သော(၁၀)နှစ် | နောင်(၁၀)နှစ် | ယခုနှစ် |
| လွန်ခဲ့သော(၅)နှစ် | နောင်(၅)နှစ် | ယခုနှစ် |
| ၂၀၀၇-ခုနှစ် | ၂၀၀၉-ခုနှစ် | ၂၀၀၈-ခုနှစ် |
| ပြီးခဲ့တဲ့ ၆-လက | နောက် ၆-လ | ယခုလ |

| | | |
|---|---|---|
| ပြီးခဲ့တဲ့အပါတ် | နောက်အပါတ် | ယခုအပါတ် |
| မနေ့က | မနက်ဖြန် | ယနေ့ |
| ခုမနက် | ညနေ | နေ့လည် |
| မနက်၁၁း၃၀ | နေ့လည်၁၂း၃၀ | နေ့လည်၁၂း၀၀နာရီ |

အဲဒီလို အသေးဆုံးအချိန်နဲ့ ကြည့်လိုက်တဲ့အခါ ၁၂း၀၀ နာရီတိတိကိုကြည့်မယ်ဆိုရင် နာရီလက်တံရယ် မိနစ်လက်တံနဲ့ စက္ကန့်တံ ၃ခု တစ်ထပ်တည်းကျတဲ့ အချိန်ကိုကြည့်လိုက်တဲ့အခါ ကြည့်တဲ့အချိန်မှာပဲ စက္ကန့်တံက ၁၂း၀၀နာရီ (၀၀)မိနစ် (၀၀)စက္ကန့်ကို ကျော်သွားတာတွေ့ရပါမယ်၊ တစ်စက္ကန့်ရဲ့ ရွေ့ပြောင်းမှုတောင် အင်မတန်မြန်နေတဲ့အတွက် ကြည့်လို့မရပါဘူး၊ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်ဆိုတာ တစ်စက္ကန့်ရဲ့ (၄၈)ပုံ (၁)ပုံရှိတဲ့ အင်မတန်သေးငယ်တဲ့အချိန်ကာလ ဖြစ်ပါတယ်။ အဲဒီအချိန်ကာလအတွင်းမှာ ဖြစ်ပျက်ပြောင်းလဲသွားတဲ့(နာမ်ကကုဋေတစ်သိန်းကျော်) (ရုပ်ကကုဋေငါးထောင်ကျော်) ပျက်သွားတဲ့အဖြစ်အပျက်ကို ဘုရားဉာဏ်တော်နဲ့သာမြင်နိုင်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ မမြင်နိုင်ပါဘူး၊ ဒါကြောင့် ရုပ်နာမ်(ခန္ဓာငါးပါး)ရဲ့ ဖြစ်ပျက်ကိုရှုမယ်ဆိုရင် အချိန်တွေကုန်နေသလို အချိန်ကာလနဲ့အတူ ခန္ဓာငါးပါးဖြစ်တဲ့ (ရုပ်၊ ဝေဒနာ၊ သညာ၊သင်္ခါ၊ဝိညာဏ်)တို့ဟာလည်း ချုပ်ပျောက်နေတဲ့သဘောကိုသာ ဉာဏ်နဲ့သိနေဖို့လိုပါတယ်····

ပိုင်းလော့ဆရာတော် ဥပမာပေးထားတာက အခုဆရာတော် တရားဟောနေတဲ့အခါ ကြားခန္ဓာတွေပေါ်နေသလို အချိန်တွေလည်း ကုန်ဆုံးချုပ်ပျောက်နေပါတယ်··တဲ့ ····အဲဒီတော့ ဆရာတော်ကမေးတယ် အချိန်ကုန်နေတာကိုသိနေတာလား···စကားပြောသံကိုကြားနေတာလားတဲ့ တကယ်တော့ အချိန်တွေကုန်သွားတာကိုမသိပါဘူး·· စကားပြောသံသာကြားနေရတာဖြစ်ပါတယ်···· ဒါကြောင့်ခန္ဓာငါးပါးရုပ်သဘောနာမ်သဘောတို့သည်အချိန်ကာလ ချုပ်ပျောက်နေသလို ချုပ်ပျောက်နေတဲ့သဘောတရားတို့ကိုသာ သိနေဖို့လိုပါတယ်···အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလ(၃)ပါးအရကြည့်မယ်ဆိုရင် အာရုံသိသဘောတစ်ခု ဖြစ်တဲ့အချိန် ပြီးခဲ့တဲ့အတိတ်မှာဖြစ်ပျက်ခဲ့တဲ့ရုပ်နာမ် သဘောတွေမရှိတော့ပါဘူး···(အတိတ်မရှိတော့ဘူး) အနာဂတ်ဖြစ်တဲ့အာရုံသိသဘောကလည်းရောက်မလာ သေးလို့ရှုလို့မရပါဘူး····လက်ရှိပစ္စုပ္ပန်တည့်တည့် အချိန်မှာဖြစ်ပေါ်တဲ့ခန္ဓာငါးပါးသဘောဟာလည်းကြည့်ရင်း အချိန်ကာလကုန်ဆုံးသလို ချုပ်ပျောက်နေတဲ့အတွက်

ပစ္စုပ္ပန်မှာလည်းအထည်အနေနဲ့တင်ကျန်တာမရှိပါဘူး··· ဒီသဘောနားလည်ရင် ကာလသုံးပါးလွတ်ပါပြီ···။ ဘုရားရှင်က **အတိတ်ကိုအစဉ်မလိုက်ရာ အနာဂတ်ကိုလည်း မတောင့်တရာ** ယခုပေါ်ဆဲပစ္စုပ္ပန်အခြေအနေမှာဝိပဿနာပညာနဲ့ ရှုမှတ်ရမယ်လို့ဟောပြောထားပါတယ်······ ။




စီးဆင်းနေတဲ့ ချောင်းရေမြစ်ရေထဲမှာ ပုံပါအတိုင်းလက်ကိုနှစ်ထားလိုက်ပါက ရေစီးဆင်းမှုနှင့်ထိတွေ့မှု သဘောရှိနေပါလိမ့်မည်····။ မထိသေးသောရေသည် အနာဂတ်ခန္ဓာပင်ဖြစ်သည် ထိပြီးစီးဆင်းသွားသောရေသည် အတိတ်ခန္ဓာဖြစ်သည်၊ ထိဆဲကာလခန္ဓာကိုရှုမှတ်ပြန်လျှင်လည်းစီးဆင်းသော ရေနှင့်အတူ ချုပ်ပျောက်နေသည် မရှိတော့သည့်သဘောသာ တွေ့ရပါလိမ့်မည်··။ ထို့ကြောင့် အတိတ်ခန္ဓာမရှိတော့ အနာဂတ်ခန္ဓာရောက်မလာသေး ယခုဖြစ်ဆဲပစ္စုပ္ပန်ခန္ဓာ၌လည်းအထည် မတင်ကျန်သဖြင့် ခန္ဓာငါးပါးသည်ကာလသုံးပါးမှ လွတ်နေပေသည်။

နောက်တစ်မျိုး ဥပမာကတော့ ရေမှာအရုပ်ရေးသလိုပါပဲ။ တည်ငြိမ်နေတဲ့ရေပြင်မှာတုတ်တစ်ချောင်းနဲ့ အရုပ်ရေးမယ်ဆိုရင် တုတ်နဲ့မရေးခင်ရေးတဲ့အရာ မရှိသလိုပါပဲ ရေးပြီးနောက်မှာလည်း တောက်လျှောက်ပျက်နေတဲ့အတွက် အရာမရှိပါဘူး···။ရေးဆဲကာလမှာ ကြည့်လိုက်တော့လည်း အရာမထင်ဘဲ ချုပ်ပျောက်နေတာပဲတွေ့ရပါတယ်···ဒီသဘောအတိုင်းပါပဲ ခန္ဓာငါးပါးဟာ အချိန်နဲ့အမျှပေါ်ပြီးချုပ်ပျောက်နေတဲ့အတွက် မပေါ်ခင်မရှိသလို ပေါ်ပြီးပျောက်သွားလို့မရှိတော့ပါဘူး····။ ပေါ်ဆဲမှာလည်း ချုပ်ပျောက်နေတဲ့အတွက် အထည်အနေနဲ့မကျန်ပါဘူး အတိတ်ခန္ဓာမရှိသလို အနာဂတ်ခန္ဓာလည်း ရောက်မလာသေးလို့ မရှိပါဘူး ပစ္စုပ္ပန်ခန္ဓာမှာလည်း အစဉ်ချုပ်ပျောက်နေတဲ့အတွက် အထည်ကျန်တာမရှိပါဘူး····။ဒီသဘောကိုမြင်ရင်ခန္ဓာငါးပါးရဲ့ ကာလသုံးပါး လွတ်မြောက်ပုံကိုသဘောပေါက်လောက်ပါပြီ ။

ဒီနည်းအတိုင်းရှုတဲ့အခါ ပေါ်လာသမျှပုံရိပ်တို့သည် ငါ့ခေါင်း၊ ငါ့ခြေ၊ ငါ့လက်၊ ငါ့ကိုယ်လုံးကိုယ်ထည် ငါ့ပတ်ဝန်းကျင်လို့ စကားမပြောသလို ငါလို့လည်းဝန်မခံပါဘူး····။ ဒီလိုမပြောကြောင်း သိပေးနေရင် ဝစီပညတ် လွတ်ပါပြီ။ မနောမှာပေါ်သမျှခန္ဓာငါးပါးသည် ရုပ် (ဖေါက်ပြန်ပျက်စီးတတ်သောသဘော)ရေမြုပ်ကဲ့သို့ကြည့်ရင်း ပျောက်နေတဲ့သဘောသာတွေ့ရပါမယ်။ အကောင်အထည် အတုံးအခဲအနေနဲ့ မတွေ့ရတဲ့အတွက် အထည်ပညတ်လဲ လွတ်နေပါပြီ။ ဝေဒနာ(ခံစားတတ်သောသဘော)သည်လည်း ရေပွက်ပမာပေါ်ပြီး ပျောက်တာကိုသာ တွေ့နေတဲ့အတွက် အကောင်အထည် အတုံးအခဲမဟုတ်၍ အထည်ပညတ်လွတ်သွားပါပြီ၊ သညာကလည်းတံလျှပ်ကဲ့သို့ သာတွေ့နေရတဲ့အတွက် အကောင်အထည်မဟုတ်မှန်းသိတော့ အထည်ပညတ်လွတ်နေပါတယ်··· သင်္ခါရကလည်း ငှက်ပျောတုံးကဲ့သို့ အဖတ်တွေတစ်ခုချင်းခွာကြည့်ပေးမဲ့ အနှစ်သာရမတွေ့ရပါဘူး···။ ဒါကြောင့် အထည်ပညတ်လွတ်နေပါတယ်····ဝိညာဏ်ကတော့မျက်လှည့်လိုအမှန်တကယ် မဟုတ်တဲ့အတွက် အထည်ပညတ်လွတ်နေပါတယ် ကာလပညတ်ကတော့ အတိတ်ခန္ဓာမရှိတော့ အနာဂတ်ခန္ဓာ ရောက်မလာသေး ပေါ်ဆဲပစ္စုပ္ပန်ခန္ဓာကလည်း အချိန်နဲ့အမျှ ချုပ်ပျောက်နေလို့ အထည်တင်ကျန်တာမရှိတဲ့အတွက် ကာလသုံးပါး လွတ်နေပါတယ်···ဝစီပညတ်၊အထည်ပညတ်နဲ့ကာလပညတ် သုံးပါးလွတ်နေတဲ့အတွက် ဒီလိုရှုမှတ်မယ်ဆိုရင် ဝိပဿနာရှုနည်းမှန်နေပါပြီ။ ဒါကြောင့် ပညတ်သုံးပါးလွတ်အောင်ရှုမှတ်ပွားများကြပါ·······။

**အရှုဉာဏ်ငါးပါးနှင့်မဂ္ဂင်ရှစ်ပါး**

| | | | |
|---|---|---|---|
| ပညာမဂ္ဂင် ၂-ပါး | သမ္မာဒိဋ္ဌိ- မှန်ကန်သောအယူ | ရှုဉာဏ်ငါးပါး ပဉ္စင်္ဂိကမဂ် | အဋ္ဌင်္ဂိကမဂ် မဂ္ဂင် -၈ ပါး |
| | သမ္မာသင်္ကပ္ပ- မှန်ကန်သောအကြံ | | |
| သမာဓိမဂ္ဂင် -၃ပါး | သမ္မာဝါယမ- မှန်ကန်သောအားထုတ်မှု | | |
| | သမ္မာသတိ- မှန်ကန်သောအောက်မေ့မှု | | |
| | သမ္မာသမာဓိ- မှန်ကန်သောတည်ကြည်မှု | | |
| သီလမဂ္ဂင် -၃ပါး | သမ္မာဝါစာ- မှန်ကန်သောပြောဆိုမှု | | |
| | သမ္မာကမ္မန္တ- မှန်ကန်သောပြုလုပ်မှု | | |
| | သမ္မာအာဇီဝ- မှန်ကန်သောသက်မွေးမှု | | |

ဝိပဿနာအားထုတ်ရှုမှတ်ဆဲ၌ အရှုဉာဏ်ငါးပါးနှင့်သာရှုမှတ်ရန်လိုပါသည်။

## ဘဝ(၃)မျိုး

အာရုံသိသဘောခန္ဓာငါးပါးဖြစ်ပေါ်တဲ့အချိန်ဟာ ဘဝပါပဲ…ဒီအာရုံသိသဘော ဖြစ်ပေါ်တဲ့ အချိန်ကာလကို ကြည့်မယ်ဆိုရင် အမြန်ဆုံးဖြစ်တဲ့နာမ်သက်နဲ့ကြည့်ပါက မျက်စိတစ်မှိတ်လျှပ်တပြက်မှာကုဋေတစ်သိန်းကျော် ခဏငယ်သုံးချက် (ဥပါဒ်၊ဌီ၊ဘင်)နဲ့ဖွားသေဖြစ်တဲ့အတွက် ဘဝဆိုတာဖွားသေပါပဲ….။ အိပ်ပျော်နေတဲ့အချိန်ကျတော့ နှလုံးအိမ်နဲ့အဆက်အသွယ် မရတဲ့အတွက် အာရုံသိသဘော မရှိတော့ပါဘူး။ ဘဝင်စိတ်ဖြစ်နေပါတယ်..။အဲဒါကိုဘဝမြုံတယ်လို့ ခေါ်ပါတယ်..။ အကြည်ရုပ်တွေအားလုံး ချုပ်သွားတဲ့အခါမှာ အာရုံသိသဘော မရှိတော့ပါဘူး….။ ဒါကို ဘဝသေတယ် ခေါ်ပါတယ်…။ ဒါကြောင့် လူရှင်မှာဆိုရင် (အာရုံသိသဘောနဲ့ ကိုယ်လုံးကိုထည်) ရှိပါတယ်…။လူသေမှာတော့ အာရုံသိသဘော မရှိတော့ဘဲ ကိုယ်လုံးကိုယ်ထည်ကြီးသာ ရှိပါတယ်..။ ဒါကြောင့် ကျွန်ုပ်တို့ ရှင်သန်နေတဲ့ဘဝရဲ့သက်တမ်းဟာ လောကီပညတ်အနေနဲ့ (၄၅၊၅၀၊၆၀၊၇၅) စသည်ဖြင့် ပြောနေပေမယ့်လည်း ပရမတ်သဘောနဲ့ကြည့်ရင် မျက်စိတစ်မှိတ်လျှပ်တပြက်မှာ ကုဋေတစ်သိန်း ပုံတစ်ပုံပဲသက်တမ်းရှိပါတယ်…။

## ဝိပဿနာရှုရမည့်ခန္ဓာ

ဝိပဿနာရှုရမယ့်ခန္ဓာဟာ ဒီကိုယ်လုံးကြီးမဟုတ်ပါဘူး၊ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောထားသလို အဖေအမေမွေးတဲ့ခန္ဓာကို ရှုရမှာမဟုတ်ဘူး၊ အာရုံဒွါရကမွေးတဲ့ ခန္ဓာကိုရှုရပါမယ်တဲ့၊



အာရုံဒွါရကမွေးတဲ့ ခန္ဓာတွေက အပြင်ဒွါရမှာ မြင်ခန္ဓာငါးပါး၊ ကြားခန္ဓာငါးပါး၊ နံခန္ဓာငါးပါး၊ စားခန္ဓာငါးပါး၊ ထိသိခန္ဓာငါးပါးရှိတဲ့အထဲက အိမ်သည်ဖြစ်တဲ့ ထိသိခန္ဓာငါးပါးကို ရှုရတာအလွယ်ကူဆုံးနဲ့ အကောင်းဆုံးဖြစ်ပါတယ်။ ထိသိခန္ဓာငါးပါးဆိုပေမယ့်လည်း ကာလမခြား မနောရောက်နေတဲ့အတွက် ပင့်ကူနေနည်း၊ ဖွတ်ဖမ်းနည်းအရ မနောမှာပဲရှုရပါမယ်။ ဒါကြောင့် မနောမှာပေါ်တဲ့ ခန္ဓာငါးပါးကို ရှုမယ်ဆိုရင် ကိုယ်မှာထိသိခန္ဓာပေါ်မယ်၊ ကာလမခြား မနောမှာ ပုံသဏ္ဌာန်အမူအရာသိနဲ့ ကြံတွေးခန္ဓာပေါ်ပါမယ်။

ရှုပုံရှုနည်းကတော့ ဓမ္မာရုံ(ပုံသဏ္ဌာန်အမူအရာ)တွေကို နေတံမမ၊ နေသောဟမသွိ၊ နမေသောအတ္တာလို့ ရှုမှတ်ပွားများတဲ့နည်းပဲ ဖြစ်ပါတယ်။

## ဝိပဿနာပညာလိုရင်း တိုရှင်းသင်ကြားပုံ

တိုတိုပြောကြည့်မယ်၊ အာရုံဒွါရတိုက်ရင် မှတ်ထားပါ၊ နောက်ဆုံးမနောမှာဘဲ သွားဆုံးတယ်၊ ဘယ်ကလာလာ နောက်ဆုံးပိတ် မနောမှာပဲ သွားဆုံးတယ်လို့မှတ်ပါ။ ပင့်ကူအိမ်ပမာလိုပဲ။ ပင့်ကူဟာကြိုးတွေသွယ်ထားတယ်၊ သူကအလယ်မှာထိုင်နေတယ်၊ အကောင်လေးတွေ ကြိုးမှာလာငြိတဲ့အခါလှုပ်မသွားဘူးလား၊ ပိုးကောင်ရှိတဲ့ဆီကို သွားမယ်နော်၊ ပြီးရင်အလယ်မှာ ပြန်စားမယ်၊ ဒီအတိုင်းပဲလို့မှတ်ထားပါ။

ဘုန်းကြီးက ကိုယ်နေတဲ့အိမ်လို့ ပြောလိုက်တယ်ဆိုပါစို့၊ နားမှာကြားလိုက်တယ်မဟုတ်လား၊ မနောမှာလည်း ပေါ်သွားတယ်မဟုတ်လား၊ (ဆင် ...)၊ နားကိုလာပြီး မြည်လိုက်တယ်၊ သိလိုက်တယ်နော်၊ မနောမှာ ပြန်ပုံပေါ်တာပဲ၊ ပုံပေါ်လို့ဆုံးဖြတ်တဲ့အခါ ဒီဘက်က ပညာအလင်းဘုရားပေးတဲ့ ပညာအလင်း ထည့်တော့မယ်၊ (အတုမရှိပညာနဲ့ ဘုရားရှင်ဖြိုခွဲပြီး သိခဲ့တာကို ဘုန်းဘုန်းတို့ သင်တော့မယ်၊ ဘုရားရှင်ဉာဏ်နဲ့ ဖြိုခွဲပြီးသိထားတဲ့ အသိကို ကိုယ်ဘာသာကိုယ်ကျင့်လို့ ရပါ့မလား၊ မရဘူးနော်။)

ဘာကြောင့်လဲမေး (၃၂)ပါးသောလက္ခဏာနဲ့ ပြည့်မှ မပြည့်တာဘဲ၊ လက်ချောင်းတွေဆိုလည်း ထိပ်တွေ အကုန်ညီသွားတယ်။ ခြေတော်လည်း ဒီအတိုင်းပဲ၊ ဘုန်းကြီးတို့လက်ချောင်းတွေက အတိုအရှည် ရှိနေတယ်လေ၊ ဘုရားလက္ခဏာတော်နဲ့ အဝေးကြီးရယ်၊ လျှာတော်မှာလည်း ထူးခြားတယ်၊

တအားနှုးညံ့ပြီး နဖူးအုပ်လို့ရတယ်၊ နားလည်းနိုက်လို့ရတယ်၊ အဲဒီထဲက အာရုံကြောတွေ ဘယ်လောက်ကောင်းတယ်ဆိုတာ ခန့်မှန်းကြည့်တော့ပေါ့။

အဲဒီလို ရုပ်လက္ခဏာမျိုး ပိုင်ရှင်သည်သာလျှင် ကိုယ်ဘာသာကိုယ်ကျင့်တယ်ဆိုရင် သစ္စာကို ဖောက်ထွင်းသိတော့တာပဲ၊ နိဗ္ဗာန်ကို ကိုယ်တိုင်ကျင့်ရင်း သိသွားတော့တာပဲ၊ ဒါဟာ နိဗ္ဗာန်ပဲလို့ ကိုယ်တိုင်ကျင့်ရင်း သိတာနော်။ **ကျန်တဲ့ပုဂ္ဂိုလ်က မသိသေးပဲနဲ့ကျင့်ရင် သိမလာဘူး၊ စိတ်ချ၊ တရားကျင့်တဲ့အခါ ကိုယ့်ဘာသာကိုယ် နိဗ္ဗာန်ပေါ်မယ်ထင်သလား၊ မရဘူး၊ ဆရာမရှိဘဲနဲ့ အလိုလို ဉာဏ်နဲ့လင်းပြီး နိဗ္ဗာန်ပေါ်တာသည် ဘုရားအလုပ်။ နိဗ္ဗာန်ကို မသိသေးဘဲနဲ့ ထိုင်တဲ့ပုဂ္ဂိုလ်သည် ဘယ်တော့မှ သိမလာဘူး၊ စိတ်ချ ။ သေသေချာချာမှတ်ပါနော်။**

အယူအဆလေးတွေ သိပ်အရေးကြီးတယ်၊ ကပ်ပြီး ချော်နေတာ၊ ပြင်ကြနော်။ တချို့က ထိုင်နေရင်း နိဗ္ဗာန်ပေါ်မယ်ထင်လို့ ထိုင်တာတပုံကြီးရှိတယ်၊ မသိသေးဘဲ ထိုင်နေရင်း သိလာမှာ မဟုတ်ဘူး၊ စိတ်ချ။ ပထမ အသိကို အရင်ရှာရတယ်။ နိဗ္ဗာန်ဟာ ဒါပဲလို့သိအောင် နာရတယ်၊ ဆိုလိုတာက ဘုရားရှာပြီးခဲ့တာကို အဆင်သင့် အရင်ယူရတာပေါ့။ ဒါဟာ ဟုတ်ပြီလို့သိအောင် လင်းအောင် အရင်နာရတယ်။ **"သို့သော် နာရင်းနဲ့တော့လည်း မရဘူးနော်၊ အခံဓါတ် ပါရမီက ကောင်းမှ ဒါဟာဟုတ်ပါလား၊ နိဗ္ဗာန်ပါလားလို့သိတာနော်။"** သိပြီဆို ကျင့်တော့။ သဘော ပေါက်လား။

မသိသေးဘဲကျင့်လို့ရမှာမဟုတ်ဘူး။ ဒါကိုသတိထားကြပါ။ ဒီတော့ တရားရှုမှတ်ရင်းနဲ့ ကိုယ်ဘာသာ ကိုယ် နိဗ္ဗာန်ပေါ်လာမှာ မဟုတ်ဘူး။ ဒါဟာ နိဗ္ဗာန်ပဲလို့ တရားနာရင်းနဲ့ ဪ . . ဟုတ်ပါလားလို့ သိသွားပြီဆို ဆက်ကျင့်တော့။ သေသေချာချာ မှတ်ပါဦး။

## အနတ္တလက္ခဏာသုတ်လာ မြတ်ဗုဒ္ဓ၏အလုပ်ပေးတရား

အတုမရှိပညာအလင်းပိုင်ရှင်ကြီးဟာ ဘယ်လိုရှုရလဲလို့ နည်းပေးတဲ့အခါ မနောမှာ ပေါ်လာတဲ့ အာရုံကို နောက်စိတ်က လက်ခံဆုံးဖြတ်တဲ့အခါမှာ ဒီဘက်ကပညာအလင်းဟာ ဘုရားပေးတဲ့ပညာတဲ့။ ဒီပေါ်တဲ့ အာရုံသည် အကောင်အထည်မဟုတ်ပါဘူးတဲ့။ သေသေချာချာမှတ်ပါနော်။

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်လို့ အမည်ပေးခဲ့တာပေါ့၊ ဒီအမည်တွေကို မယူပါနဲ့တဲ့။ ဘုရားက သတ်မှတ်ပေးခဲ့တဲ့စကား၊ တကယ်ရှုမှတ်တဲ့အခါမှာလည်း ရုပ်လို့စကားမပြောပါဘူး။

ရေမြုပ်လိုပဲ တဖွားဖွားပေါ်ရင်း ပျောက်နေပါတယ်တဲ့။ ဝေဒနာလို့လည်း မပြောဘူးတဲ့၊ ဝေဒနာတွေ့တယ် ဆိုတဲ့ ပုဂ္ဂိုလ်သည် ပညတ်အနေနဲ့ ညာတာပဲ။ ဒီနေရာမှ ဝေဒနာဆိုတဲ့စကားနဲ့ သွားမတွေ့နဲ့။ ကိုယ့်ကိုမသိဘဲနဲ့ ပြောနေတာပါ။ ရေပွက်ပမာလိုပဲ၊ ပျောက်နေတာတွေ့လိမ့်မယ်တဲ့။

သညာလို့လည်းစကားမပြောဘူး၊ သညာတွေ့တယ်ဆိုတဲ့ပုဂ္ဂိုလ်သည် ဖြီးချတာပဲ။ တကယ် မသိဘူး၊ ကိုယ့်ကိုယ်ကို သိသယောင်ယောင်ဖြစ်ပြီး ညာတာပဲ၊ သညာလို့ရှုမှတ်တဲ့အခါ မပြောပါဘူး။ မပါဘူးတဲ့။ အလုပ်မှာ တံလျှပ်လိုတွေ့နေလိမ့်မယ်တဲ့။ ဘုရားအမိန့်ရှိပြီးသားပါ။

သင်္ခါရလို့လည်း မတွေ့ပါဘူး၊ စေ့ဆော်မှုသဘော ငှက်ပျောတုံးပမာလိုပဲ၊ အားစိုက်ပြီး ကြည့်လို့ရှိရင် အရှုခံတရားဟာ ငှက်ပျောတုံးကို ခွါကြည့်လို့ရှိရင် တစ်ခုမှ မကျန်သလိုပဲ၊ အားလုံး ပျောက်သွားလိမ့်မယ်။ အဲဒီလိုတွေ့ရလိမ့်မယ်တဲ့။

နောက် ဝိညာဏ်ဆိုတဲ့စိတ်ကလည်း မျက်လှည့်လိုပဲ။ သိလိုက်တာနဲ့ ပေါ်တဲ့ပုံရိပ်တွေဟာ အကောင်အထည်မဟုတ်ဘူး၊ မျက်လှည့်ပစ္စည်းလိုပဲ။ ပျောက်သွားလိမ့်မယ်တဲ့။ တကယ်မဟုတ်မှန်း သိရမယ်။ အဲဒီ ငါးမျိုးသည် တစ်ပေါင်းတည်းဖြစ်တာကြောင့် တစ်မျိုးတည်းကိုပဲ ရှုရင်ပြီးပါတယ်တဲ့။

ဘုန်းဘုန်းတို့ကြိုက်တာ **"သညာဘက်က ရှုမှတ်တာပိုကြိုက်ပါတယ်"** ကြိုက်တာတွေးလိုက်၊ တွေးလိုက်ဆိုတဲ့နေရာမှာ နားမှာကြားလို့ဖြစ်စေ၊ မျက်စိမြင်လိုက်လို့ဖြစ်စေ၊ ကိုယ်မှာထိလို့ဖြစ်စေ၊ မြင်ခဲ့၊ ကြားခဲ့တာတွေသည် မနောမှာပေါ်တာတွေကို တွေးတာပေါ့နော်၊ တွေးလို့ပေါ်တဲ့အာရုံကို နောက်ကဆုံးဖြတ်ရတာဖြစ်တယ်၊ ဒါသည်အရှုခံ အရှုဉာဏ်ပါပဲ။ ဆုံးဖြတ်တဲ့အခါ တံလျှပ်လိုပဲလို့ နားလည်လိုက်ရင်ပြီးဘယ်။

တရားရှုနည်းကို လွယ်အောင်သင်ပေးခဲ့တာပါ။ ပုစ္ဆာအဖြေထုတ်သလိုပါပဲ။ ဘုန်းကြီးက(၅၀)နဲ့ (၇၀) ပေါင်းမယ်၊ ဘယ်လောက်ရလဲ။ (၁၂၀) ။ ဒါဖြင့်ဘုန်းကြီးပြောတဲ့အသံထဲမှာ အဖြေပါသလား၊ (မပါပါဘုရား)။ မနောမှာပုံပေါ်တာနဲ့ တပြိုင်နက် အဖြေပါသလား၊ မပါဘူးနော်၊ တအောင့်လေး နေပြီးမှ အဖြေထွက်တာ။ မဟုတ်လား၊ ဒါသည်နောက်စိတ်က လက်ခံဆုံးဖြတ်လိုက်တာပဲ။ သဘောပေါက်ပြီလား။

ရှေ့မှာ ကြား . . ကြား . . ရင်း၊ မနောပေါ် . . ပေါ် . . ရင်းကတော့ အသိလေးပဲ ဖြစ်တယ်။ ဒါကို အရှုခံခေါ်တယ်၊ နောက်စိတ်က လက်ခံဆုံးဖြတ်တဲ့အခါမှာ(၁၂၀)ဆိုတဲ့စကားသည်

ပညာအလင်းက အဖြေထွက်လိုက်တာနော်။ ပြန်ပြောမယ်။ (၅၀)နဲ့ (၂၀)ပေါင်းမယ်၊ (၇၀)။ အဲဒီ(၇၀) သည် ဘုန်းကြီးပြောတဲ့ အထဲမှာပါ ပါသလား။ မပါဘူးမဟုတ်လား။ ဘယ်သူဖော်လဲဆိုတော့ ပညာအလင်းက ဖော်လိုက်တာပါ။ နောက်စိတ်မှာ ယှဉ်တဲ့ပညာက ဖော်လိုက်တာပဲ။ ရှေ့က(၅၀)နဲ့ (၂၀)သည် အရှုခံတရား၊ (၇၀)ကတော့ ရှုညဏ်က ပေးတဲ့အဖြေ။ ဘုန်းဘုန်းပြောတာ သဘော ပေါက်ပြီလား။ ရှေ့စိတ်၊ နောက်စိတ်နော်။ အဲဒီအတိုင်းပါပဲ။ ကိုယ်နေတဲ့အိမ်လို့ ပြောလိုက်မယ်။ နားမှာလည်းကြားလား။ အဲဒီပေါ်တာကို နောက်စိတ်က ရှုမှတ်ပေးတာပဲ။ အဲဒီအိမ်ပုံသည် အကောင် အထည်ဟုတ်ရဲ့လား။ တံလျှပ်လိုပဲ အငွေ့ဖြစ်ပြီး ပျောက်နေတယ်။ အဲဒီလိုရှုမှတ်တတ်တယ်ဆို လမ်းကြောင်းတည့်သွားပါပြီ။ ဒီအာရုံကို ဆက်စရာမရှိတော့ဘူး။

အသက်မှမဝင်တော့ဘဲ၊ ပျောက်သွားပေါ့။

အဲဒီမှာပြန်ပေါ်တာပဲ။ တင်းတာ၊ ပျော့တာဖြစ်တော့တာပဲ။ ပေါ်တဲ့နေရာကို အမှန်အတိုင်း အ-နေရာမှာ အ-ပြုတ်ပြီး ဝိဇ္ဇာဆိုတဲ့ အလင်းဓါတ်ဝင်သွားပြီဆိုရင် အကောင်အထည် မဟုတ်မှန်း သိတာနဲ့တပြိုင်နက် ပျောက်မသွားဘူးလား။ ဒါဆို တဏှာမလာတော့ဘူး။ တဏှာမရှိတာကို နိဝါန ခေါ်တယ်။ နိ- ဆိုတာ မရှိတာ၊ ဝါန- ဆိုတာ တဏှာ၊ အဲဒါကို နိဗ္ဗာန်လို့ခေါ်တာပါ။ (၁) နိ+ဝါန၊ (၂) နိ+ဗ+ ါ+န (၃) နိ+ဗ္ဗ+ န၊ 'ဝ' ကို 'ဗ'ပြုပြီးတော့ ဒွေးဘော်ဆင့် ပြန်ကပ်တော့ နိဗ္ဗာန် ဖြစ်သွားတာ နားလည်ပြီနော်။

ဒီတော့ အမှန်သိချိန်လေးမှာ တဏှာအစပ်ပြတ် ထွက်သွားပြီ။ အဲဒါနိဗ္ဗာန်၊ နိဗ္ဗာန်ဆိုတာ တဏှာမရှိတော့ ဉပါဒါန်လာသလား၊ (မလာ) ။ မလာရင် ကမ္မဘဝရော လာပါမလား။ မလာဘူးနော်။ ဒါဆို ဇာတိလည်း မလာတော့ဘူး။ အဲဒါကို လိုချင်တာပဲ။ ဇာတိမလာမှတော့ အို၊ နာ၊ သေ၊ လာစရာအကြောင်း မရှိတော့ဘူးပေါ့။ အိုနာသေ ဆင်းရဲကို လွတ်ချင်လို့ ဒီတရားအားထုတ်ကြတာလေ၊ ဒါဆို လမ်းမှန်ဖြစ်ပြီပေါ့။ ဘုရားပေးထားတဲ့ နည်းဟာ မရှုပ်ပါဘူး၊ အလွန်ရှင်းပါတယ်။

ပါဠိလိုပြောရအောင်....ပေါ်ချင်တာပေါ် ရှုမှတ်တဲ့အခါကျရင်တဲ့ ဘုရားက "နေတံမမ... နေသောဟမသ္မိ... နမေသော အတ္တာ" လို့ရှုရမယ်တဲ့ ။ အဓိပ္ပါယ်ကိုမြန်မာလိုပြောရရင် နေတံမမဆိုတာ တခြားမဟုတ်ပါဘူး။ ပေါ်တဲ့အမှုအယာအရိပ်ဖြစ်တဲ့ ကိုယ်လုံးအမှုအယာ၊ မျက်နှာ၊ လက်၊ ခြေ၊ အမှုအယာအာလုံးဟာ ကျွန်တော်သည် ခင်ဗျားပိုင်တဲ့ လက်၊ ခြေ၊ ဦးခေါင်းပါ၊

ခင်ဗျားပိုင်တဲ့ အိုးအိမ်တွေလို့ မပြောကြောင်း၊ တကယ်လည်း ပြောမှမပြောတာပဲနော်။ အဲဒါကို သိပေးနေတော့ ပညတ်မလာဘူးခေါ်တယ်။ နေသောဟမသွိ…အသစ်… အသစ်ပေါ်တဲ့အခါ မျက်နှာအမူအရာ ပေါ်လာမယ်။ ပတ်ဝန်းကျင်ပေါ်လာမယ်။ ဒါကိုငါ့မျက်နှာမဟုတ်ပါလား။ ငါ့ပတ်ဝန်းကျင် မဟုတ်ပါလား။ တနည်းအားဖြင့် ငါလို့မဟုတ်ကြောင်း သိပေးနေရမယ်တဲ့။ ဘယ်မှာပြောလို့လဲ စကားလုံးမပါဘူး တကယ်တမ်းပေါ်တဲ့အရိပ်တွေသည် စကားလုံး လုံးဝ မပါ ပါဘူး။ စကားမပြောဘူး။ ပြီးရင် အကောင်အထည် အတုံး အခဲ အသက်ဝင်တာ မဟုတ်ပါဘူး။ အငွေ့လိုဖြစ်နေတာတဲ့။ ပျက်နေတယ်။ နမေသောအတ္တာပြောတာ။ ဒါဆို တဏှာပါပြုတ်ထွက်သွားပြီ။ အဲဒီအတိုင်းရှုနေမယ်ဆိုရင် 'တည့်ပြီ' တဲ့။ မရှုပ်ပါဘူး။ ဘုရားဟောထားခဲ့တာ ရှင်းရှင်းလေးပါ။ ရှုပ်ကိုမရှုပ်ပါဘူး။ ဒါဟာ ဘုရားပေးထားတဲ့ အလုပ်ပေးတရားပဲ။

အနတ္တလက္ခဏာသုတ္တန်ကြီး ရှိတယ်နော်။ အဲဒါကို ဘုန်းကြီး ပြန်သင်ပေးနေတာ။ သဘောပေါက်ပြီလား။ အဲဒီအတိုင်း ရှုမှတ်တတ်တယ်ဆို တဏှာအစပ်ပြုတ်ထွက်သွားလိမ့်မယ်။ ပြုတ်တယ်ဆို ဥပါဒါန်၊ ကံ-မလာဘူး။ ဇာတိမလာဘူး။ ကျိန်းသေသွားပြီ။

## သစ္စာလေးချက် တစ်ပြိုင်နက်

ဘုရားတရားက နက်နဲတော့ ကျောင်းမှာဆို မနက်ပိုင်း အေးအေးဆေးဆေး စိတ်လန်းဆန်းတဲ့ အချိန်မှာ သင်တာများတယ်။ အခုဟာ အချိန်မရတော့ ရတဲ့အချိန်ကို သင်ပေးရတာမို့ ကြိုးစားပြီးတော့ နာယူကြပါ။ နည်းနည်းတော့ ဉာဏ်ကစားရလိမ့်မယ်။ သုံးဆယ့်တစ်ဘုံမှာ တကယ်ရှိတဲ့တရားသည် ဘာကိုလည်းလို့ ရှာရလိမ့်မယ်၊ အခေါ်ရှိတာနဲ့ တကယ်ရှိတာ မတူဘူး၊ အခေါ်ရှိကတစ်မျိုး တကယ် အရှိက တစ်မျိုး၊ မတူဘူးနော်။

ဥပမာလူလို့ပြောလိုက်မယ်၊ ဒါဟာစကားလုံးတစ်ခုအခေါ်။ လူတကယ်ရှိသလားလို့ ရှာတဲ့အခါ ဒါဟာ လူပါလို့ပြောမှာပြမှာပေါ့။ ပြောတဲ့နေရာကိုလက်နဲ့ကိုင်ကြည့်တဲ့အခါ ပူတယ်၊ အေးတယ်၊ ပျော့တယ်၊ မာတယ် ခံစားရမယ် မဟုတ်လား၊ သိလိုက်ပြီးရင် မျက်စိမှိတ်ထား၊ သို့သော် မကြည့်ဘဲနဲ့လက်တွေ၊ မျက်နှာတွေပေါ် မနေဘူးလား၊ အဲဒါသည် ဘုရားပြောတဲ့ခန္ဓငါးပါးဖြစ်တယ်။ အာရုံသိကတော့ပေါ်နေမယ်တဲ့၊ အဲဒီအာရုံသိကို နောက်စိတ်နဲ့ကြည့်တဲ့အခါ ကျွန်တော် 'လူ'ပါလို့ အဖြေပေးသလားမပြောဘူးနော်။

## သစ္စာလေးချက်တပြိုင်နက်

ယံကိဉ္စိ သမုဒယ ဓမ္မ နိရောဓ ဓမ္မန္တိ




“အခေါ်အရှိလိုက်စားဘိ ရောက်၏ပါယ်လေးရွာ
တကယ်အရှိလိုက်စားဘိ ရောက်၏သေလွတ်ရွာ”

(သမုတိသစ္စာလည်း အစွန်းမနာပါစေနဲ့
ပရမတ္ထသစ္စာလည်း နယ်မကျော်ပါစေနဲ့)

အရိပ်ကအဖြေမပေးဘူးလေ၊ ဘယ်ပြောမလဲ၊ နားကိုကိုင်ကြည့်ရင်လည်း အေးတာပူတာ ပျော့တာမာတာ တွေ့နေမယ်။ မနောမှာလည်း ပုံရိပ်ပေါ်နေတယ်မဟုတ်လား၊ အဲဒီအရိပ်သည်

စကားပြောလားဆိုတော့ မပြောဘူး။ ဒါဖြင့်လူတကယ်ရှိတာလား၊ ခန္ဓာငါးပါးက တကယ်ရှိတာလား၊ (ခန္ဓာငါးပါးက တကယ်ရှိတာပါဘုရား)။ ဒါဖြင့်အခေါ်ကသပ်သပ်၊ တကယ့်အရှိက ခန္ဓာငါးပါး မဟုတ်လား၊ ဒါသည် လောက၊ လောက ဆိုတာသည် ဘာကိုသတ်မှတ်တာလဲလို့ ဘုရားဟောမှာ ကြည့်တော့ ခန္ဓာငါးပါးကိုပြောတာပါပဲ။

ဘုန်းကြီးက လောကကြီးလို့ ပြောလိုက်မယ်၊ နားမှာကြားသွားတယ်မဟုတ်လား။ သေသေချာချာမှတ်ကြပါ အဲဒီလိုနားမှာကြားသွားတယ်ဆိုရင် ဒီကဦးနှောက်နဲ့အာရုံကြောက ဆက်ထားတာကိုး။ အဆက်အသွယ်ရှိ နေတယ်နော်။ ဒီကအသံလှိုင်းရိုက်ခတ်လိုက်တော့ နားနဲ့ အသံတိုက်ချိန်မှာ နာမ်လေးပါးပေါင်းသောကြောင့် ခန္ဓာငါးပါးဖြစ်လိုက်တယ်။ ပြီးရင်ကာလမခြား၊ မနောမှာလာပြီး ပေါ်တာပါပဲ။ တီဗီဖမ်းစက်ဖွင့်သလို ပုံဖွဲ့တယ်။ လောကကြီးဆိုတာ ပေါ်မလာဘူးလား။ ပေါ်တဲ့ပုံကို နှောက်စိတ်ကလက်ခံဆုံးဖြတ်တယ်။

ပညာအလင်းနဲ့ကြည့်တာနော်။ တီဗီစက် မျက်နှာပြင်ပေါ်မှာ ပေါ်တဲ့ပုံရိပ်ဟာ တစ်ပုံထဲ မဟုတ်လား။ အရုပ်တစ်ခုတည်းနော်။ အဲဒီအတိုင်းပဲ လောကလို့ သိလိုက်တာဟာ မနောမှာ လာထင်ဟပ်တယ်။ နှောက်စိတ်ကကြည့်တဲ့အခါ လောကကိုကြည့်တာလား။ တံလျှပ်လို့ ခန္ဓာငါးပါး ပေါ်တာကို ကြည့်ရမှာလား(ခန္ဓာ…)။ဒါဖြင့် အသက်ဝင်သေးလား။ မဝင်တော့ဘူးနော်။ ရှေ့ဆက်တွေး တာရော ရှိသေးလား။ မရှိတော့ဘူးပေါ့။ ဒါဆို တဏှာမလာတော့ဘူး။ တကယ့်တကယ် ရှုစရာ မများဘူး။ ခန္ဓာငါးပါး တစ်ခုတည်းရှိတယ်။

အသက်ရှုလို့ ကိုယ်မှာထိတယ်ဆို မနောမှာ မျက်နှာ၊ ကိုယ်၊ ခြေလက်၊ အမှုအယာ ပေါ်လာတယ်။ အဲဒါကို ရှုတဲ့အခါ ခုနလိုပဲ ငါပိုင်တာလို့မပြောကြောင်း ငါလို့မပြောကြောင်း။ အကောင်အထည်မဟုတ်ကြောင်း သိပေးလိုက်ရုံပါပဲ။ သိပေးလိုက်တယ်ဆိုရင်ပဲ ဆက်ပြီး စကားပြော စရာ ရှိပါ့မလား မရှိတော့ဘူး။အသက်မဝင်တော့ဘူးပေါ့။ ဒါဆိုရပြီ။

အဲဒီလိုရှုမှတ်တဲ့နည်းဟာ သစ္စာလေးပါးတစ်ခါတည်း ပြီးသွားနိုင်တယ်တဲ့ မှတ်ပါနော်။ အာရုံ-ဒွါရ တိုက်လို့သိဆိုရင် ရုပ်၊နာမ် တပေါင်းတည်းဖြစ်တာပါတဲ့။ သို့သော်စိတ်သည် နှစ်စိတ် မဖြစ်ကောင်းဘူးတဲ့။ နားမှာ အသိပေါ်တယ်ဆို ကျန်တာတွေမပေါ်နိုင်ဘူး၊ မြန်လွန်းလို့ ဆက်တိုက် ထင်ရတာပါ၊ ဒီကတွေးချိန်မှာလည်း ကျန်တာတွေမပေါ်နိုင်ဘူး၊ ပေါ်သမျှတွေသည်လည်း ပေါ်ပြီးတာနဲ့

တပြိုင်နက် အစအနမကျန်အောင် ပျောက်သွားတယ်။ မလာတော့ဘူး၊ အဲဒီသဘောတရားကို နောက်စိတ်က အမှန်သိတဲ့ပညာအလင်းနဲ့မှ ရတာပါ။ ခုနပြောခဲ့တဲ့ အလင်းဓါတ်နဲ့မှ ရတာပါ။

မောဟပယ်တဲ့ အလင်းဓါတ်နဲ့မှ မြင်ရတာပါ။ တကယ်လို့များနောက်စိတ်မှာ အမှောင်ဖုံးနေမယ်ဆိုရင် အကောင်အထည်ထင်တယ်တဲ့။ အကောင်အထည်ထင်တာကို 'ဒိဋ္ဌိ' လို့ခေါ်တယ်။ အတုံးအခဲ အစိုင်အခဲ ထင်တာကို 'ဒိဋ္ဌိ' လို့ခေါ်တယ်။ သူငါထင်ရင် 'မာန' ဆက်တာသည် 'တဏှာ' ဖြစ်တယ်။ ဒါဆို ရုပ်ရှင်ဖလင် ကွက်ဇာတ်လမ်းလိုပဲ အတွေးတွေကရှည်ပြီး မဆုံးတော့ဘူး၊ ရင်ထဲမှာ စကားတွေပြောပြီး နေခဲ့တယ်၊ သေခါနီးတောင် ရင်ထဲမှာ စကားတွေမရပ်တန့်တော့ဘူး၊ လာကြပါဦး၊ ကယ်ပါဦးနဲ့ အော်ဟစ်ရုန်းကန်ပြီး တင်းသေတဲ့ပုဂ္ဂိုလ်သည် အပါယ်လေးပါးပဲ။ နလုံးအေးပြီး ငါနဲ့ယှဉ်ရင်လည်း အထက်ဆန်ပြီး နောက်သေမှာပဲ။ အကောင်အထည် ထင်သေးတယ်၊ အသက်ဝင် သေးတာကိုး တကယ်တော့ အသက်မဝင်ပါဘူး။ အကောင်အထည် မဟုတ်ကြောင်း ဆုံးဖြတ်လို့ရှိရင် ချုပ်ငြိမ်းတာ သွားပေါ်တယ်။ ဒါဆိုရင် မဆက်တော့ဘူး။ ဒီအခါ ဇာတိမလာတော့ဘူး၊ သံသရာ လွတ်တဲ့လမ်းတဲ့၊ နားလည်ပြီလား။

ဒါကိုဘုရားရှင်ကကြည့်တဲ့အခါ၊ အာရုံ-ဒွါရတိုက်ချိန်ပေါ်သမျှသည်ကား ရုပ်နာမ်ပေါင်းပြီး လောင်တာ ဖြစ်သောကြောင့် ဆင်းရဲသက်သက်ပဲ ဘာမှသုံးမရပါတဲ့၊ ဒုက္ခသစ္စာခေါ်ပါတယ်။ အခုကြားသမျှ တွေးသမျှတွေဟာ လောင်တာပါပဲ။ မရှိတော့ဘူး၊ ပြန်မလာတော့ဘူး၊ ဟုတ်ရဲ့လား၊ ခုနကပြောသမျှ ကြားသမျှတွေဟာ ရှိသေးလား၊ ပြန်တွေးလည်း အဟောင်းမလာဘူး၊ အသစ်ပဲ လာတယ်။ ခုနေ တရားပွဲမစခင်လေးတင် ကန်တော့ခဲ့တယ်လို့ပြောတော့ ပေါ်လာတယ်မဟုတ်လား၊ အဲဒါသည် အခုတွေးလို့အခုပေါ်တာ မဟုတ်လား။ ခုနကပြောခဲ့လုပ်ခဲ့တာတွေဟာ တကယ်တော့ ရှိတာမှမဟုတ်ဘဲ။

ညနေက ဘာဟင်းနဲ့စားခဲ့သလဲလို့ မေးမယ်။ ဒီအခါ ကိုယ်စားခဲ့တာမပေါ်ဘူးလား၊ ဒါဟာ ညနေက ခံစားချက်တွေမဟုတ်တော့ဘူး။ အခုတွေးလို့ အခုပေါ်တာဖြစ်တယ်၊ မရှိတော့ဘူး၊ ဘယ်တော့မှပြန်မလာတော့ဘူး၊ သဘောပေါက်ပြီလား၊ ပေါ်သမျှသည်ကား အစအနမကျန်အောင် ပျောက်ဖို့ပဲ။ လောင်တာသက်သက်ပဲ။ ဘာမှသုံးမရဘူး၊ ဆင်းရဲသက်သက်ပဲ။ ဒါကို နောက်စိတ်က အကောင်အထည်ထင်လို့ ဆက်တယ်ဆိုရင်ဖြင့် သံသရာမဆုံးတော့ဘူးတဲ့။ တွေးရင်းတွေးရင်း ကြမ်းလာရင် မကောင်းတော့ဘူး။ အစုန်လမ်းပဲ။ အေးသွားတယ် ဆိုရင်အဆန်ပေါ့။ ဒါပဲရှိတယ်။

ဘုရားပွင့်လို့သာ ထွက်လမ်းရတာ၊ အကောင်အထည်မဟုတ်ပါဘူးလို့ အမှန်သိရင် ပျောက်တာ သွားတွေ့တာပါပဲ။ နိရောဓခေါ်တယ်တဲ့၊ မဆက်တော့ဘူး၊ နိရောဓဆိုတာ ပြောရင် သွားခြင်းတဲ့။ နိ ဆိုတာမတဲ့။ နိရောဓဆိုတော့ မသွားတော့ မဆက်တော့ဘူး။ ချုပ်ငြိမ်းသွားတယ်၊ ရပ်သွားတယ်။ ဒီဘက်က သိတဲ့ဉာဏ်ကတော့ ခန္ဓာအစဉ်အတန်းအဆက်မှ ထွက်မြောက်ရာဖြစ်သောကြောင့် ထွက်လမ်းမဂ်လို့ ခေါ်တယ်။ စာပေမှာ ပါးစပ်ပေါက်လည်း မဂ်၊ နားပေါက်လည်း မဂ်ပဲ။ ထွက်ပေါက်မှန်သမျှ မဂ်ပဲ။ ဒီမှာ ဉာဏ်ထည့်သောကြောင့် 'မဂ်ဉာဏ်' မဂ္ဂသစ္စာခေါ်တယ်၊ ထွက်လမ်းတဲ့။ သံသရာက ထွက်တဲ့လမ်း။

ဒါကတော့ ဆင်းရဲကိုဖြစ်စေတဲ့ အထင်မှားအမြင်မှားသဘော၊ ဒီဘက်ကနောက်စိတ်က အဝိဇ္ဇာဖုံးတဲ့ အုပ်စုကို 'ဒုက္ခသမုဒယသစ္စာ'လို့ခေါ်တယ်။ သမုဒယသစ္စာလို့ခေါ်တယ်။ ဒုက္ခသစ္စာသည် ပိုင်းခြားသိရမယ့် တရားတဲ့။ ဘုရားဟောပေးခဲ့တယ်နော်၊ ဒီဟာသည် ပယ်ရမယ့်တရား၊ တွန်းဖယ်တာ မဟုတ်ပါဘူး၊ ဒီကအလင်း လာတယ်ဆိုရင် အမှောင်ပျောက်သွားတယ်၊ ပယ်ပြီးသား တရား ဖြစ်သွားတယ်။ ဒါသည် ပွားရမယ့်တရား သူ့ကိုပွားလို့ရှိရင် မပြတ်ချုပ်တာတွေ့ပြီ၊ ဆိုက်ရောက်တာ။ သိ၊ ပါယ်၊ ဆိုက်၊ ပွား လေးပါးသစ္စာတစ်ခါတည်း ပြီးတာပါပဲ။

အသက်ရှုလို့ ကိုယ်မှာထိရင် မနောအထိပေါ်ပါတယ်။ အရှုခံ ခန္ဓာငါးပါး၊ အဲဒါကို နောက်ကိုစိတ်က ပညာအလင်းနဲ့ကြည့်တဲ့အခါ တံလျှပ်လိုပျောက်သွားတယ်ဆို ဆက်ပါဦးမလား၊ မဆက်လို့ ချုပ်တာတွေ သွားတွေ့တယ်ဆို တဏှာ အစပ်ပြတ်ပြီး နိရောဓ ဖြစ်သွားတာပဲ။ နားလည်တယ်နော်။

ဘုရားပေးတဲ့နည်းဟာ အလွန်ရှင်းပါတယ်။ သို့သော် ခန္ဓာငါးပါးကို ပိုင်းခြားနားလည်ဖို့တော့ လိုအပ်တယ်။ တကယ်တော့ ဒီအဆင့်ကိုရောက်နိုင်ဖို့အတွက် ကျောင်းမှာဆို ဆယ်နာရီလောက် အချိန်ယူပြီး သင်ပေးတယ်။ ဒီမှာနာရီဝက်တောင်အချိန်မရတော့ ဒီနေရာကို ဟောပြရတာ သိပ်တော့အားမရဘူး။ သို့သော် အတတ်နိုင်ဆုံး ကြိုးစားသင်ပေးတာကို ရသလောက် မှတ်သား ထားလိုက်ပါ။ နောင်တစ်ချိန် အကြောင်းညီညွတ်ခဲ့ရင် ထပ်သင်ပေးပါဦးမယ်။ ဘုန်းဘုန်းတို့တာတွေဟာ ဒီတရားကိုဘုရားတစ်ခါပွင့်မှ နာရတဲ့တရားတွေလို့ မှတ်ပါ။ အလွန်အင်မတန် ကုသိုလ်ကံကောင်းလွန်းလို့ လူဖြစ်ခွင့်ရတယ်။ ဘုရားသာသနာတော်နဲ့ကြုံရတယ်။ ရပ်ပြစ်ရှစ်ပါးနဲ့လွတ်လို့ အင်မတန် ကံကောင်း ကြပါတယ်နော်။ ကြိုးစားပြီး ရတုန်းနာယူကြ။

ဆက်ရအောင်အာရုံ ဒွါရတိုက်လို့ မနောအထိ ပေါ်တာသည် နံပါတ်(၂)အကွက်ဖြစ်တယ်။ ဒီငါးခုသည် "တစ်ပေါင်းတည်းဖြစ် တပေါင်းတည်းချုပ်" တစ်ခုစီမဟုတ်ဘူးနော်။ နောက်စိတ်က ပညာအလင်းနဲ့ကြည့်တဲ့အခါ 'အ'ပြုတ်သွားတယ်ဆိုရင် သတ္တဝါအထည်မဟုတ်ဘဲ ပျောက်သွားတာကိုတွေ့နေမယ်။ မဆက်တော့ဘူး။ ဒါဆိုရင် ဒီဘက်ကို မဆက်တော့ဘူး။ အဆက်ပြတ်သွားပြီ။ ဇာတိမလာတော့ဘူး၊ အခက်ဆုံးပညာဖြစ်နေတယ်။ အနည်းဆုံး ဆယ်နာရီလောက်သင်မှ ပြည့်စုံမယ်။ နောက် အကြောင်းညီညွတ်ရင် ကျောင်းသာ လာနာကြပေါ့နော်။ ပြည်နဲ့ရန်ကုန်က မဝေးပါဘူးဗျာ။ ကျောင်းမှာတော့ လစဉ်သင်ပေးတယ်။ နောင်တစ်ချိန်ရောက်ခဲ့ရင်တော့ သင်ပေးပါဦးမယ်။ အခုတော့ ဒီလောက်နဲ့ကျေနပ်ကြတော့နော်။

## "အချိန်တိုင်းတွေးနေရင်း ဘဝပြောင်းနေသည်"

ဆရာတော်ရေးသားထားသော ဆောင်ပုဒ်တစ်ခုဖြစ်လေသည်။ ဆရာတော်ထုတ်ဝေ ထားသော စာအုပ်များတွင် ရှေ့ဖက်စာမျက်နှာ၌ဆရာတော်ပုံနှင့် အောက်တွင် "အချိန်တိုင်း တွေးနေရင်း ဘဝပြောင်းနေသည်" ဟူသောဆောင်ပုဒ်ရေးထားသည်ကိုတွေ့ရလေသည်။ ဆရာတော်က ဘာကိုဆိုလိုသည်ကို အစကမသိခဲ့ပါ။ ဆရာတော်၏တရားတော်များ နာကြား ဖတ်ရှုပြီးမှသာ ဆရာတော်၏ ဆိုလိုရင်းကို သဘောပေါက်ခဲ့လေသည်။

အာရုံဒွါရတိုက်၍ အာရုံသိသဘောဖြစ်သည့်အခါ မနောထိလောင်ပြီး ခန္ဓာငါးပါး ထပ်ဖြစ်သည်ကို အသင်ယောဂီတို့ သဘောပေါက်ပြီး ဖြစ်ပါလိမ့်မည်။ 'သိ'သဘောတစ်ချက်တွင် စိတ်၊ စေတသိက်၊ ရုပ်တွေ ပေါင်းလောင်ပြီး မျက်စိတစ်မှိတ် လျှပ်တစ်ပြက်တွင် ရုပ်တရားကကုဋေ ၅၀၀၀ကျော်၊ နာမ်တရားက ကုဋေတစ်သိန်းကျော် ဖြစ်လိုက်ပျက်လိုက်နှင့် အကြိမ်များစွာ ချုပ်ပျောက်ပျက်စီးသွားလေသည်။ အာရုံသိသဘော တွင်ရုပ်နာမ်တွေသည် အကြိမ်များစွာဖြစ်ပြီး ပျက်သွားသော်လည်း အသွေးအသားရိုးတွင်းချဉ်ဆီတို့၌ သတ္တိကိန်း ကျန်ရစ်ခဲ့လေသည်။ ၎င်းသတ္တိတို့မှာ-

၁။ လောဘဇော (အကုသိုလ်) ကြောင့် ကိန်းသောသတ္တိ။ - အစုန်လမ်း ။
၂။ ဒေါသဇော (အကုသိုလ်) ကြောင့် ကိန်းသောသတ္တိ။ ။
၃။ မောဟဇော (အကုသိုလ်) ကြောင့် ကိန်းသောသတ္တိ။ ။

ဘုရားပွင့်လို့သာ ထွက်လမ်းရတာ၊ အကောင်အထည်မဟုတ်ပါဘူးလို့ အမှန်သိရင် ပျောက်တာ သွားတွေ့တာပါပဲ။ နိရောဓခေါ်တယ်တဲ့၊ မဆက်တော့ဘူး၊ နိရောဓဆိုတာ ပြောရင် သွားခြင်းတဲ့။ နိ ဆိုတာမတဲ့။ နိရောဓဆိုတော့ မသွားတော့ မဆက်တော့ဘူး။ ချုပ်ငြိမ်းသွားတယ်၊ ရပ်သွားတယ်။ ဒီဘက်က သိတဲ့ဉာဏ်ကတော့ ခန္ဓာအစဉ်အတန်းအဆက်မှ ထွက်မြောက်ရာဖြစ်သောကြောင့် ထွက်လမ်းမဂ်လို့ ခေါ်တယ်။ စာပေမှာ ပါးစပ်ပေါက်လည်း မဂ်၊ နားပေါက်လည်း မဂ်ပဲ။ ထွက်ပေါက်မှန်သမျှ မဂ်ပဲ။ ဒီမှာ ဉာဏ်ထည့်သောကြောင့် 'မဂ်ဉာဏ်' မဂ္ဂသစ္စာခေါ်တယ်၊ ထွက်လမ်းတဲ့။ သံသရာက ထွက်တဲ့လမ်း။

ဒါကတော့ ဆင်းရဲကိုဖြစ်စေတဲ့ အထင်မှားအမြင်မှားသဘော၊ ဒီဘက်ကနောက်စိတ်က အဝိဇ္ဇာဖုံးတဲ့ အုပ်စုကို 'ဒုက္ခသမုဒယသစ္စာ'လို့ခေါ်တယ်။ သမုဒယသစ္စာလို့ခေါ်တယ်။ ဒုက္ခသစ္စာသည် ပိုင်းခြားသိရမယ့် တရားတဲ့။ ဘုရားဟောပေးခဲ့တယ်နော်၊ ဒီဟာသည် ပယ်ရမယ့်တရား၊ တွန်းဖယ်တာ မဟုတ်ပါဘူး၊ ဒီကအလင်း လာတယ်ဆိုရင် အမှောင်ပျောက်သွားတယ်၊ ပယ်ပြီးသား တရား ဖြစ်သွားတယ်။ ဒါသည် ပွားရမယ့်တရား သူ့ကိုပွားလို့ရှိရင် မပြတ်ချုပ်တာတွေ့ပြီ၊ ဆိုက်ရောက်တာ။ သိ၊ ပါယ်၊ ဆိုက်၊ ပွား လေးပါးသစ္စာတစ်ခါတည်း ပြီးတာပါပဲ။

အသက်ရှူလို့ ကိုယ်မှာထိရင် မနောအထိပေါ်ပါတယ်။ အရှုခံ ခန္ဓာငါးပါး၊ အဲဒါကို နောက်ကိုစိတ်က ပညာအလင်းနဲ့ကြည့်တဲ့အခါ တံလျှပ်လိုပျောက်သွားတယ်ဆို ဆက်ပါဦးမလား၊ မဆက်လို့ ချုပ်တာတွေ သွားတွေ့တယ်ဆို တဏှာ အစပ်ပြတ်ပြီး နိရောဓ ဖြစ်သွားတာပဲ။ နားလည်တယ်နော်။

ဘုရားပေးတဲ့နည်းဟာ အလွန်ရှင်းပါတယ်။ သို့သော် ခန္ဓာငါးပါးကို ပိုင်းခြားနားလည်ဖို့တော့ လိုအပ်တယ်။ တကယ်တော့ ဒီအဆင့်ကိုရောက်နိုင်ဖို့အတွက် ကျောင်းမှာဆို ဆယ်နာရီလောက် အချိန်ယူပြီး သင်ပေးတယ်။ ဒီမှာနာရီဝက်တောင်အချိန်မရတော့ ဒီနေရာကို ဟောပြရတာ သိပ်တော့အားမရဘူး။ သို့သော် အတတ်နိုင်ဆုံး ကြိုးစားသင်ပေးတာကို ရသလောက် မှတ်သား ထားလိုက်ပါ။ နောင်တစ်ချိန် အကြောင်းညီညွတ်ခဲ့ရင် ထပ်သင်ပေးပါဦးမယ်။ ဘုန်းဘုန်းတို့တာတွေဟာ ဒီတရားကိုဘုရားတစ်ခါပွင့်မှ နာရတဲ့တရားတွေလို့ မှတ်ပါ။ အလွန်အင်မတန် ကုသိုလ်ကံကောင်းလွန်းလို့ လူဖြစ်ခွင့်ရတယ်။ ဘုရားသာသနာတော်နဲ့ကြုံရတယ်။ ရပ်ပြစ်ရှစ်ပါးနဲ့လွတ်လို့ အင်မတန် ကံကောင်း ကြပါတယ်နော်။ ကြိုးစားပြီး ရတုန်းနာယူကြ။

ဆက်ရအောင်အာရုံ ဒွါရတိုက်လို့ မနောအထိ ပေါ်တာသည် နံပါတ်(၂)အကွက်ဖြစ်တယ်။ ဒီငါးခုသည် ''တစ်ပေါင်းတည်းဖြစ် တပေါင်းတည်းချုပ်'' တစ်ခုစီမဟုတ်ဘူးနော်။ နောက်စိတ်က ပညာအလင်းနဲ့ကြည့်တဲ့အခါ 'အ'ပြုတ်သွားတယ်ဆိုရင် သတ္တဝါအထည်မဟုတ်ဘဲ ပျောက်သွားတာကိုတွေ့နေမယ်။ မဆက်တော့ဘူး။ ဒါဆိုရင် ဒီဘက်ကို မဆက်တော့ဘူး။ အဆက်ပြတ်သွားပြီ။ ဇာတိမလာတော့ဘူး၊ အခက်ဆုံးပညာဖြစ်နေတယ်။ အနည်းဆုံး ဆယ်နာရီလောက်သင်မှ ပြည့်စုံမယ်။ နောက် အကြောင်းညီညွတ်ရင် ကျောင်းသာ လာနာကြပေါ့နော်။ ပြည်နဲ့ရန်ကုန်က မဝေးပါဘူးဗျာ။ ကျောင်းမှာတော့ လစဉ်သင်ပေးတယ်။ နောင်တစ်ချိန်ရောက်ခဲ့ရင်တော့ သင်ပေးပါဦးမယ်။ အခုတော့ ဒီလောက်နဲ့ကျေနပ်ကြတော့နော်။

## ''အချိန်တိုင်းတွေးနေရင်း ဘဝပြောင်းနေသည်''

ဆရာတော်ရေးသားထားသော ဆောင်ပုဒ်တစ်ခုဖြစ်လေသည်။ ဆရာတော်ထုတ်ဝေ ထားသော စာအုပ်များတွင် ရှေ့ဖက်စာမျက်နှာ၌ဆရာတော်ပုံနှင့် အောက်တွင် ''အချိန်တိုင်း တွေးနေရင်း ဘဝပြောင်းနေသည်'' ဟူသောဆောင်ပုဒ်ရေးထားသည်ကိုတွေ့ရလေသည်။ ဆရာတော်က ဘာကိုဆိုလိုသည်ကို အစကမသိခဲ့ပါ။ ဆရာတော်၏တရားတော်များ နာကြား ဖတ်ရှုပြီးမှသာ ဆရာတော်၏ ဆိုလိုရင်းကို သဘောပေါက်ခဲ့လေသည်။

အာရုံဒွါရတိုက်၍ အာရုံသိသဘောဖြစ်သည့်အခါ မနောထိလောင်ပြီး ခန္ဓာငါးပါး ထပ်ဖြစ်သည်ကို အသင်ယောဂီတို့ သဘောပေါက်ပြီး ဖြစ်ပါလိမ့်မည်။ 'သိ'သဘောတစ်ချက်တွင် စိတ်၊ စေတသိက်၊ ရုပ်တွေ ပေါင်းလောင်ပြီး မျက်စိတစ်မှိတ် လျှပ်တစ်ပြက်တွင် ရုပ်တရားကကုဋေ ၅၀၀၀ကျော်၊ နာမ်တရားက ကုဋေတစ်သိန်းကျော် ဖြစ်လိုက်ပျက်လိုက်နှင့် အကြိမ်များစွာ ချုပ်ပျောက်ပျက်စီးသွားလေသည်။ အာရုံသိသဘော တွင်ရုပ်နာမ်တွေသည် အကြိမ်များစွာဖြစ်ပြီး ပျက်သွားသော်လည်း အသွေးအသားရိုးတွင်းချဉ်ဆီတို့၌ သတ္တိကိန်း ကျန်ရစ်ခဲ့လေသည်။ ၎င်းသတ္တိတို့မှာ-

၁။ လောဘဇော (အကုသိုလ်) ကြောင့် ကိန်းသောသတ္တိ။ - အစုန်လမ်း ။<br>
၂။ ဒေါသဇော (အကုသိုလ်) ကြောင့် ကိန်းသောသတ္တိ။ ။<br>
၃။ မောဟဇော (အကုသိုလ်) ကြောင့် ကိန်းသောသတ္တိ။ ။

၄။ အလောဘဇော (ကုသိုလ်) ကြောင့်ကိန်းသောသတ္တိ။ - အဆန်လမ်း ။
၅။ အဒေါသဇော (ကုသိုလ်) ကြောင့်ကိန်းသောသတ္တိ။ ။
၆။ အမောဟဇော (မဟာကုသိုလ်) ကြောင့်ကိန်းသောသတ္တိ။ - နိဗ္ဗာန်လမ်း ။
တို့ဖြစ်လေသည်။

အစုန်လမ်းနှင့် အဆန်လမ်းသည် တဏှာမာနဒိဋ္ဌိ၏လက်အောက်ခံဖြစ်ပြီး နိဗ္ဗာန်လမ်းမှာမူ တဏှာအစပ် ဖြတ်ရှုနည်းဖြစ်သဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိမှ လွတ်ကင်းခြင်းသဘော ရှိလေသည်။ အာရုံသိသဘောတို့သည်လည်း ကျွန်ုပ်တို့ အိပ်ပျော်နေချိန်မှအပ ရှုဆဲ၊ ထုတ်ဆဲ၊ ငြိမ်ဆဲကာလတွင် အချိန်ပြည့် ရှိနေလေသည်။ အာရုံသိသဘောရှိနေတိုင်း လမ်းသုံးလမ်းကို သွားနေခြင်းသာ ဖြစ်လေသည်။

ယခုကဲ့သို့ တဏှာအစပ်ဖြတ်နည်း၊ ဝိပဿနာပညာမသင်ကြား မတတ်မြောက်သဖြင့် တဏှာအစပ်ဖြတ်နည်းကိုမသိသောပုဂ္ဂိုလ်သည် အစုန်လမ်းနှင့် အဆန်လမ်းသာသွားနေပေသည်။

မိမိတွေးဆဲ၊ ကြံဆဲ၊ ပြောဆိုဆဲ၊ ပြုလုပ်ဆဲအချိန်တိုင်း၌ လောဘ၊ ဒေါသ၊ မောဟတရားတို့ဖြင့် တွေး၊ ကြံ၊ ပြောဆို၊ ပြုလုပ်နေပါက အစုန်လမ်းသွားနေခြင်းသာဖြစ်ပေသည်။ သားရေးသမီးရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့်ကိစ္စရပ်များ တွေးဆဲ၊ ကြံဆဲ၊ ပြောဆိုဆဲ၊ ပြုလုပ်ဆဲ၊ အချိန်ကာလများသည် **အစုန်လမ်း** သွားနေသောအချိန်များပင် ဖြစ်လေသည်။ အပါယ်လေးဘုံလားရန် သတ္တိကိန်းနေတော့ပေသည်။

တွေးဆဲ၊ ကြံဆဲ၊ ပြောဆိုဆဲ၊ ပြုလုပ်ဆဲကာလ၌ အလောဘဆိုသည့် ပေးချင်ကမ်းချင်၊ လှူချင်တန်းချင်သည့် စိတ်စေတနာများ၊ အဒေါသဆိုသည့် မေတ္တာသက်ဝင်မှုများဖြစ်နေသည့်အချိန်သည် **အဆန်လမ်း** သွားနေသောအချိန်ဖြစ်သည်။ လူနတ်ဗြဟ္မာသို့လားရန် သတ္တိကိန်းနေပေသည်။

ဝိပဿနာပညာဖြင့် တဏှာအစပ်ပြတ်အောင် ပေါ်လာသည့်အာရုံပေါ်၌ နေတံမမ၊ နေသောဟမသို့၊ နမေသောအတ္တာ ဟုရှုမှတ်ပွားများနေဆဲအချိန်ကာလသည် တဏှာအစပ်ပြတ်နေသည့်အတွက် **နိဗ္ဗာန်လမ်း** သွားနေခြင်းသာဖြစ်လေသည်။

မိမိကိုယ်ကို မိမိ တစ်နေ့တစ်နေ့ ဘယ်လမ်းသွားနေသနည်းဟု ပြန်လည်သုံးသပ်သင့်ပေသည်။ အစုန်လမ်းသွားသည့်အချိန် ကာလများပါက သေလျှင်အပါယ်လေးဘုံသို့သာ သေချာရောက်ပေ

လိမ့်မည်။ အဆန်လမ်းသွားသည်အချိန်များပါက လူ၊ နတ်၊ ဗြဟ္မာထိဖြစ်နိုင်ပြီး နိဗ္ဗာန်လမ်းသွားချိန်များပါက နိဗ္ဗာန်သို့သာ ဦးတည်ပါလိမ့်မည်။ ထို့ကြောင့် အချိန်တိုင်း အစုန်လမ်းသွားနေသလား၊ အဆန်လမ်းသွားနေသလား၊ နိဗ္ဗာန်လမ်းလားဟုသိအောင် သတိထား၍၊ အစုန်လမ်းသွားနေပါက အဆန်လမ်းဘက်ပြောင်းနိုင်အောင် ကျင့်ကြံအားထုတ်ရပေမည်။ ဖြစ်နိုင်လျှင် တဏှာအစပ်ဖြတ်တတ်အောင် နာကြားသင်ယူ၍ နိဗ္ဗာန်လမ်းသို့ တက်လှမ်းနိုင်ရန် ကြိုးစားရမည်။ သို့မှသာ ကြိမ်ဖန်များစွာ တဏှာအစပ်ပြတ်သည့် အလေ့အကျင့်ရလာပေမည်။ တဒင် တဏှာအစပ်ပြတ် တဒင်္ဂနိဗ္ဗာန်ရနေပေသည်။ တဏှာအစပ်ပြတ်သည့်အချိန်တိုင်း နိဗ္ဗာန်နှင့် နီးနီးလာပြီဟု နှလုံးသွင်း ဝမ်းသာရပေမည်။ တဏှာအစပ်ဖြတ်တိုင်းဖြတ်တိုင်း အသွေးအသားမှာ သတ္တိတွေကိန်းနေပြီဟု သိသင့်ပေသည်။ သတ္တိတွေကိန်းတိုင်း နိဗ္ဗာန်နဲ့နီးနီးလာပြီဟု သိ၍ဝမ်းမြောက်ဝမ်းသာဖြစ်ရပေမည်။

ပိုင်းလော့ဆရာတော်ရှင်းပြထားသကဲ့သို့ ဓါတ်ခွဲခန်းတစ်ခုမှာ Tytration လုပ်တယ်ဆိုတာရှိပါတယ်တဲ့။ မတူညီတဲ့ဓါတ်ဆားရည်(အဖြူရောင်)ကို ဖန်ပြွန်တစ်ခုစီမှာထည့်ပြီး တစ်စက်ချင်း ရောစပ်လိုက် လှုပ်လိုက် လုပ်ရပါတယ်၊ အဲဒီလိုလုပ်လို့ရှိရင် တစ်ချိန်ချိန်မှာ အဲဒီဓါတ်ဆားရည်ဟာ အရောင်ပြောင်းသွားပါတယ်။ ဥပမာ-အစက်ပေါင်း(၁၀၀၀)ဖြည့်မှ အရောင်ပြောင်းမယ်ဆိုရင် (၉၉၉)စက်ရောက်ပေမယ့်လည်း အရောင်မပြောင်းသေးပါဘူးတဲ့။ နောက်ဆုံးတစ်စက်ချလိုက်မှ အရောင်ပြောင်းသွားပါတယ်။ အဲဒီလိုပါပဲ တဏှာအစပ်ဖြတ် နှလုံးသွင်းအားထုတ်လို့ ဘာမှ မထူးခြားဘူး မထင်ပါနဲ့တဲ့၊ အသွေးအသားမှာသတ္တိကိန်းနေပါပြီ၊ သတ္တိတွေပြည့်ဝသွားတဲ့ အချိန်ရောက်ရင် ဉာဏ်ပါပြောင်းသွားပါလိမ့်မယ်။ တဏှာအစပ်အပြီးပြတ်ပြီး အာရုံသိသဘောပေါ်တိုင်း အကောင်အထည်လုံးဝမထင်၊ ငါလို့မထင်၊ ငါ့ဥစ္စာလို့မထင်တော့ဘူးဆိုရင်တော့ တဏှာအစပ်အပြီးပြတ် သွားတဲ့အတွက် အရဟတ္တမဂ်ဖိုလ်တိုင်ဆိုက်ရောက်သွားပါပြီ။

ဒါကြောင့်တဏှာအစပ်အပြီးပြတ်အောင် ကြိမ်ဖန်များစွာ ရှုမှတ်ပွားများအားထုတ်ပေးကြပါ။

## ပိုင်းလော့ဆရာတော်ဟောတဲ့သန္ဓေလေးမျိုး

အဲ ၃၁-ဘုံမှာမှာ ဘုရားရှင်ဉာဏ်တော်နဲ့ကြည့်တော့ ပဋိသန္ဓေ(၄)မျိုးပဲရှိတာတဲ့··· ၄·မျိုး···၄·မျိုးနော်··· ဥမှာမှီတဲ့ပဋိသန္ဓေ··· သားအိမ်မှာမှီတဲ့ပဋိသန္ဓေ··· အညှိမှီတဲ့ပဋိသန္ဓေ···

ဥပပ္ပတ္တိပဋိသန္ဓေလို့ ဘယ်နှယ်မျိုးလဲ(၄)မျိုးနော်··· အဲတော့သန္ဓေ(၄)မျိုးကိုမှီတဲ့နည်းကျတော့ကာ··· ဒီအစဉ်ကိုကြည့်ရတယ်နော်···ခန္ဓာအစဉ်တန်းတာနဲ့ဆိုင်တယ်တဲ့ ရုပ်ရှင်ကြည့်သလိုပေါ့နော်··· ပေါ်တဲ့အာရုံက တကယ်တော့ကာ ခန္ဓာငါးပါးဖြစ်မနေဘူးလား တစ်လောကလုံးမှာ တကယ်ရှိတာ ခန္ဓာငါးပါးတစ်ခုပဲရှိတာ····ကိုယ့်အတွက် သေချာစဉ်းစားပါ ခုနေ···ကဲ လောကကြီးလို့ ဘုန်းကြီးက ပြောလိုက်ရင် မကြားဘူးလား···ကြားတဲ့အပြင်မနောမှာကော ကိုယ်မြင်ဘူးတဲ့မျက်နှာအမူအယာ ကော ပေါ်မလာဘူးလား····ပေါ်တာကိုနောက်စိတ်ကအကဲခတ်တဲ့အခါ အမှောင်ဖုံးထားတော့ကာ အကောင်ထင်တယ် ငါထင်တယ် ရေမြေတောတောင်တွေပေါ်မလာဘူးလား····အဲဒီလိုဖွဲ့လိုက်တာနဲ့ ဒိဋ္ဌိဖြစ်ရင် မာန တဏှာပါပြီ···တကယ်တော့ခန္ဓာငါးပါးကို အကောင်အထည်ထင်လိုက်လို့ လောက ခေါ်တာ····တကယ်ပေါ်တာက ခန္ဓာငါးပါးတစ်ခုပဲပေါ်တာ၊ ရမလား၊ အရှိကိုအရှိတိုင်းမြင်လိုက်လို့ ရှိရင်တော့ သူကပျောက်သွားမှာ ရမယ်နော်···ဉာဏ်နဲ့ဆိုရင်နော်၊ ပြတ်သွားမယ်နော်··· အဲဒီတော့ ခန္ဓာငါးပါးတစ်ခုပဲရှိပါတယ်····အဲဒါကိုအမြင် မှားတဲ့ ဒိဋ္ဌိ၊ မာန၊ တဏှာ (၃)မျိုးကြောင့်တဲ့ ဆက်တာပါတဲ့ ဆက်တော့နှလုံးသွေးပေါ်မှာတဲ့ ထပ်ခါထပ်ခါ ပေါ်တာတဲ့···အသစ်အသစ် ထပ်ဆက် ခေါ်တယ်···ဘယ်လိုခေါ်မလဲ ထပ်ဆက်ထပ်ဆက်နော် ဒီကထပ်ခါထပ်ခါ ပေါ်တာ နားလည် မလား····ဒီကထပ်ခါထပ်ခါဖွဲ့တာ စိတ်ကတော့အသစ်အသစ်ပေါ်ရင် စိတ်ကိုတော့ဒီလိုပုံလေး ဆွဲထားတာ အကြောင်းရှိတယ်နော်···ရုပ်ပုံကျတော့ကာ ပုံရိပ်ကလေးတွေက တစ်ကွက်တည်းမှာ ထပ်ခါထပ်ခါပေါ်တာ ထပ်ဆက်ခေါ်တယ်····ဒါ ဒီပဲယင်းဆရာတော်ဘုရားကြီး ဒုတိယရွှေကျင် သာသနာပိုင် ဆရာတော်ဘုရားကြီး အမိန့်ရှိခဲ့တာနော်···ပုံလေးတွေ တစ်ကွက်တည်းမှာ ထပ်ကာထပ်ကာ ပေါ်တာတော့ထပ်ဆက်····စိတ်ကျတော့အစဉ်သွားသောကြောင့် တွေ့ဆက်လို့ အမိန့်ရှိထားတယ် ဒါကြောင့် ဒီပုံဘုန်းဘုန်းဆွဲလို့ရတာနော်···· တစ်ခါထပ်ပြီးတော့ဒီနေရာမှာ တွေ့ဆက်လေးထပ်ပေါ်ပြန်တယ်····ပုံလေးတွေထပ်ထပ်ပြီးဆက် ဆွဲပေးတာ အဲဒီတော့ ဒီမှာ တစ်ချက်ပေါ်လိုက်ရင်း ခန္ဓာပေါ်လိုက်ရင်းဘဲပေါ့····အဲဒီတော့ကာ ခန္ဓာသဘောတရားက ပေါ်ပြီးရင် သူကအဆုံးသတ်ဖို့လာတာ····သို့သော် အမြင်မှားကြောင့်မို့လို့ ထပ်ပြီးတော့ဖြစ်ခွင့်ရတာ··· အမြင်မှားကြောင့် ဖြစ်ခွင့်ရတာနော်···အဲဒါကို ဒီပေါ်မှာစွဲမှီတယ်ခေါ်တယ်··· နှလုံးသွေးမှာကလည်း ပြန်ပြီး စွဲမှီတယ်ခေါ်တယ်···တစ်ဖန်စွဲမှီခြင်းလို့ အဓိပ္ပါယ်ရတယ်····တစ်ဖန်သည်ပါဋ္ဌိလို ပဋိလို့




သုံးတယ်…စွဲမှီတာက သန္တေတဲ့…ပဋိသန္ဓေလို့ခေါ်တယ်…ပဋိသန္ဓေနော်…မသေခင်ကတည်းကိုက ပဋိသန္ဓေယူနေတာတဲ့၊ ပြန်ပြောမယ်နော်၊ ဥပမာဖြင့် အိမ်အကြောင်းပြောလိုက်မယ်၊ အိမ်ကဖြင့် ဘယ်နားမှာလဲလို့မေးလိုက်ရင် မကြားဘူးလား၊ နားမှာတစ်ကြိမ်ဖြစ်လိုက်တယ်၊ မနောပေါ်လိုက်တယ်၊ ပြီးရင် သူကအဆုံးသတ်ဖြစ်ရပ်ပဲနော်။ အဲဒါကို အမှောင်ဖုံးလိုက်တော့ အဝိဇ္ဇာဖုံးလိုက်တော့ တဏှာလာမနေဘူးလား၊ ဒါဆိုရင်ထပ်ခါထပ်စွဲမှီသွားတယ်၊ မသေခင်ကတည်းက ပဋိသန္ဓေယူနေတာ၊ ရပြီနော်၊ အဲဒီပဋိသန္ဓေအရှိန်နဲ့တဲ့၊ ရုပ်ရှင်ကြည့်သလိုပဲ ဆက်ပြီ၊ ခန္ဓာအစဉ်တန်းပြီ၊ သဘောပေါက်လား၊ ဖလင်တကွက်က ခန္ဓာနော်၊ ခန္ဓာအစဉ်တန်းပြီ၊ အဲဒါကို သံသရာခေါ်တာတဲ့၊ သံသရာစတော့တာဘဲ၊ သံသရာစတာဘဲ၊ ဒီနေရာလေးဟာလိုင်းလေးဆွဲထားတာရှိတယ်နော်၊ ပရမတ္ထသဘော ပေါ်တာကို နောက်စိတ်၌အမှောင်ဖုံးသဖြင့် ဆုံးဖြတ်ချက်လွဲသွားလိုက်တာနဲ့တစ်ပြိုင်နက် မသိမှုစလိုက်တာဘဲ၊ အဲဒါသံသရာအစပဲ၊ ခန္ဓာအစဉ်တန်းခြင်းအစပဲတဲ့ နားလည်မလား၊ ဒါကြောင့်မို့လို့ လယ်တီဆရာတော်

ဘုရားကြီးအမိန့်ရှိတာ၊ ဘိုကုန်းရောက်တော့ ဘိုကုန်းဆရာတော်က နိုင်ငံလဲကျော်တော့ အရှင်ဘုရား မသိတာ မေးပါရစေတဲ့၊ အေး သိ ဖြေရတာပေါ့ကွယ်တဲ့၊မှန်ပါဘုရား။ သံသရာဘယ်မှစလို့ ဘယ်မှာဆုံးပါသလဲဘုရားတဲ့၊ ဘိုကုန်းဆရာရယ် မသိတာအစ သိတော့အဆုံးပေါ့တဲ့။ အင်မတန် ကောင်းတဲ့အဖြေနော်၊ ခန္ဓာငါးပါးပေါ်တာကို နောက်စိတ်က မသိတဲ့အဝိဇ္ဇာဖုံးလိုက်တာနဲ့ သံသရာ စတာဘဲ၊ အစဉ်တန်းပြီနော်။ ပြီးရင် ဆုံးမသွားဘူးလား၊ အဆုံးသတ်ဖြစ်ရပ်တန်းတွေ့တာဘဲ၊ ရပြီနော်။ ဟုတ်မဟုတ်ကြည့်၊ အကောင်အထည်ဖြစ်လာပုံ ကြည့်ရအောင်နော်၊ အဲဒီအတွေးအရိပ်ကနေပြီးတော့ အကောင်အထည်ဖြစ်လာပုံကြည့်ရအောင်နော်···မနောမှာတော့အရိပ်က အကောင်ထင်ပြီး ဆက်တယ် မဟုတ်လား ဆက်တော့ရေသောက်မြစ်နဲ့ ဥပမာပေးခဲ့ပြီလေ···ဓာလာပြီမဟုတ်လား ကုသိုလ် အကုသိုလ်လာပြီလေ···အဲဒီတော့ မှီဖြစ်တဲ့ဓာအရှိန်က မကျေနပ်စရာဆိုရင်အပူဓါတ်အရှိန်ဖြစ်လာတယ် ကျေနပ်စရာဆိုအအေးဓါတ်ဖြစ်မလာဘူးလာ····အဲဒါ အချိန်ကာလတစ်ခုပိုင်းလိုက်မယ်နော်····။ သေးငယ်တဲ့ အချိန်ကာလတစ်ခုမှာ ဒီကမကျေနပ်လို့ရှိရင် ခန္ဓာမီးကလောင်တဲ့အကြိမ်များမယ်···။ အကြိမ်များလို့ရှိရင် ဒီကထွက်တဲ့အရှိန်ရှိတယ်···တေဇော၊ ဝါယော ထွက်တယ်···။ဒီ··· အစာစားရင် အရသာထွက်သလိုပဲ အဲဒီမှာအရှိန်အဟုန် ပြင်းထန်တော့ကာ ဖွဲ့စည်းပုံတွေ ကြမ်းလာတယ်····။ ငါ ဘယ်လိုပြောမယ် ဘယ်လိုလုပ်လိုက်မယ်··· မကျေနပ်လို့ရှိရင်လဲ ဘယ်လိုပြောလိုက်မယ် ဆိုရင်ကြမ်းမလာဘူးလား···ကြမ်းရင်ဖွဲ့စည်းပုံအားများလာတယ် ကြမ်းတမ်းတဲ့ ဓါတ်ရိပ်ဓါတ်ခိုး ဖြစ်လာတယ်····။ မေးကရှည်လာတာ ပုခုံးတွေမြင့်လာတယ် ကြမ်းလာတယ် ဓါတ်ရိပ်ဓါတ်ခိုး ပြောင်းတာနော်····။ ကမ္ဘာဝခေါ်တယ် အဲဒီအချိန်လေးမှာ နှလုံးသွေးကပြုခဲ့တဲ့ကံ····ကဲ ကံအရှိန် ကတည်ဆောက်ထားတယ် ဆိုကတည်းက သတ်မှတ်ချက်ပါပြီးသားလေ···။ကန့်သတ်ချိန်ဆိုတာ ပါပြီသား···· ကန့်သတ်ချိန်ကုန်သွားတော့ပျက်စီးပြီ····· နှလုံးသွေးရပ်သွားပြီ····ရပ်တော့ မှီခွင့်မရတော့ဘူး····သဘောပေါက်လား··· မရသော်လည်း ဒီမှာအရှိန်ရှိနေသောကြောင့် အီးမေး နဲ့စာပို့သလိုပဲ ဒီမှာကကြမ်းတမ်းတဲ့အရှိန် ရှိနေတယ်···။ အဲဒီတော့ လှိုင်းတူရာမှာ သန္ဓေမှီတော့ တာဘဲ···။ အဲဒီနေရာမှာ ဘယ်သူမှတားလို့မရတော့ဘူး····ဥပမာ-ခွေးဖြစ်တယ် ဆိုပါတော့နော်··· ခွေးဆိုရင်စစခြင်း အကောင်ကြီးဖြစ်မလာဘူးလား····အင်မတန်သေးငယ်တဲ့ သားအိမ်မှာသွေး စက်လေးမှာသန္ဓေမှီလိုက်တာပဲ···အဲဒီမှာအရှိန်အဟုန်ပါလာတယ်···ပြီးတော့တစ်စတစ်စ

အမြုပ်သားဆိုင် ခက်မာငါးဖြာ ပြီးတော့မှ မေးကရှည်ပြီးထွက်လာတယ်··· နားကချွန်သွားတယ်···· လက်တွေကလည်းလက်သည်း ဖြစ်လာတယ်···တဖြည်းဖြည်းနဲ့ကြီးမလာဘူးလား··· ခါတ်ရိုပ်ခါတ်ခိုးတွေ တဖြည်းဖြည်းနဲ့ဖွံ့ဖြိုးကြီးထွားမှုဖြစ်လာ တာပေါ့နော်···ပုံစံပေါ်လာတာ···· ရမလား၊ ပေါ်ရင် ဒွါရ(၆)ပါးပြန်မစုံဘူးလား၊ စုံရင်ဒီအတိုင်း ပြန်သွားတော့မှာ ဒွါရ(၆)ပါးစုံလဲစုံရော ဒီအတိုင်း ပြန်ပြီး ဆက်ပြန်တာပဲ၊ ဒီအစပ်သာမသိလို့ရှိရင် သံသရာဆုံးပါ့မလား၊ အစဉ်အတန်းကြီးက မဆုံးနိုင်ဘူးလေ၊ နားလည်မလား၊ လူလဲအဲဒီအတိုင်းပဲနော်၊ ဒီကအလယ်လိုင်းမှာပေါ့၊ အလောင်နည်းတယ်လေ၊ မေတ္တာများများနဲ့ နှလုံးအေးတာများရင် ရုပ်တွေကြည်လာတာပေါ့၊ အညမည သဘောနော်၊ ဟော်မုန်းလဲကောင်းလာတာ ဖွဲ့စည်းပုံလဲကောင်းလာတယ်၊ အဲဒီအရှိန်အဟုန်ရှိတုန်းမှာ သေခဲ့သော် ဒီအရှိန်အတိုင်းဘဲ လူ့သန္ဓေမှီတော့တယ်။ နားလည်ပြီနော်၊ ဒီခန္ဓာကိုယ်တွေဟာ ပရမတ္ထအားဖြင့်ကြည့်ရင် အတုံးအခဲမဟုတ်ဘူးတဲ့၊ အမြဲတန်းအသစ်အသစ် အစားလဲတဲ့ ခါတ်ရိုပ်ခါတ်ခိုးတွေဖြစ်နေတာ မသေခင်ကတည်းကိုက တွေးတဲ့အပေါ်မူတည်ပြီးတော့ အရှိန်အဟုန် လိုက်ပြီးတော့ ဘဝပြောင်းနေတာ၊ ပုလိုကြမ်းလာလို့ရှိရင် ဖွဲ့စည်းပုံပြောင်းတော့တာပဲ၊ နားလည်မလား၊ ဒါကို တိရစ္ဆာန်ပုံနဲ့ပြရင် ပိုကောင်းမယ်နော်။




ဒီကာမဂုဏ်အာရုံတွေကိုပဲ များတဲ့ပုဂ္ဂိုလ်ကျတော့တဲ့ -

"ကာမရာဂ၊ ဗဟုလကြောင့်၊ ဝနစရကာ၊ ညစ်ညျူးစွာတိ၊ ဟသ်ာဝမ်းဘဲ၊ ချိုးမွဲခိုကြက်၊ ကျေးဇရက်နှင့်၊ ကျက်ကျက်နွေညှ၊ တရွှရွှတည်း" လို့ပြတယ်၊ ဒါ မဃဒေဝလင်္ကာမှာ မာန်လည် ဆရာတော်ဘုရားကြီး အမိန့်ရှိတာနော်၊ ဆိုလိုတာကတော့ နှလုံးသွင်းတာတွေဟာ ကာမဂုဏ် ငါးပါးခေါ်ပါတယ်။ ဥပမာအားဖြင့် မြင်ဖူးတဲ့အဆင်းဆိုတာဟာ အိမ်တွေ၊ အိုးတွေ၊ စောင်ခြင်ထောင် ခေါင်းအုံးပုံဖော်တယ်။ မြင်ဖူးတဲ့အဆင်းပေါ့နော်။ ကြားဘူးတဲ့အသံကတော့ TV အောက်စက်တွေက အသံတွေပေါ့နော် ။ နောက်နံ့ဖူးတဲ့အနံ့ ရေမွှေးပေါင်ဒါ ကောင်းတာတွေ နောက်အရသာကောင်းတာတွေ အဲဒါတွေပုံဖော်ပြီးတော့ထပ်ခါထပ်ခါ ရုပ်ရှင်ကြည့်သလိုပဲနော်၊ တဏှာ၊ ဒိဋ္ဌိ၊ မာနအစွမ်းနဲ့တဲ့ တွေးပြီပေါ့၊ ဖြစ်ချင်တာတွေများတာပေါ့၊ များရင်ဥပါဒါန်များမလာဖူးလား၊ ပုံစံချပြီး ပိုက်ဆံရှိရင် ဘာဝယ်ဦးမယ်၊ ဘာဝယ်ဦးမယ်ပေါ့နော်၊ ချတော့ ဒီမှာတင်းမလာဘူးလား၊ ဖြစ်ချင်တာ များတော့မှတ်တမ်းကများများလာတယ်၊ အဲ တကယ်တော့ ဖြစ်လာတာနည်းနည်းလိုက်လာတယ်၊ ဒီကများများဆိုတော့ ဘဝင်မြင့်တယ်ခေါ်တာပေါ့နော်၊ အဲဒီမှာ အားမရဖြစ်ပြီး အမြဲတန်း အလို မကျတော့ ကြမ်းလာတော့တာပဲ၊ အဲဒီကြမ်းတမ်းလို့ရှိရင်တဲ့ ဒီခေါင်းကနိမ့်သွားတယ်၊ မေးက ရှည်လာတယ်၊ ပခုံးကလဲ အချိုးကျမြင့်လာတယ်၊ လက်ကလဲ အတောင်လိုဖြစ်လာတယ်၊ ကြုံပြီးတော့ အကြောတင်းလာတာ၊ ဖွဲ့စည်းပုံပြောင်းသွားတယ်နော် ၊ အားများလာပြီဆိုရင် တဖြည်းဖြည်းနဲ့ ဒါ ကျစ်မာလာတာ ဒီကအပူချိန်နဲ့ ဖိအားများလာတာ အပူချိန်နဲ့ ဖိအားများလာတာ ဘယ်လိုအဓိပ္ပါယ် ရလဲဆိုတော့ကာ၊ ဥပမာပြောမှ နားလည်မယ်၊ ဒီသွေးပေါင်ချိန်တာတွေ ဖူးတယ်မဟုတ်လား၊ လက်ကိုပတ်လိုက်တယ်နော်၊ ပြီးတော့လေလေးသွင်းလိုက်လို့ရှိရင် ကွန်ယက်လို ဖြစ်နေတော့ကာ ပိုတင်းမလာဘူးလား၊ အဲဒီအတိုင်းဘဲ အာရုံကြောတွေကတကိုယ်လုံးကို ယှက်ထားတာကို ယှက်ထားတော့နော်၊ မျက်မှောင်ကုတ်လာတယ်၊ ဆိုတာ ဒီမှာအာရုံကြောရှိတာကိုး၊ အားမရလို့တွေးရင်း တွေးရင်းနဲ့မျက်မှောင်ကုတ်လာတယ်၊ စကားပြောရင်းလဲ ဒီကတင်းမလာဘူးလား၊ အားစိုက်လို့ရှိရင် အကြောတွေတင်းလာတယ်၊ သဘောပေါက်လား၊ အဲဒီတော့ ပုံစံပြောင်းတော့တာပဲ၊ ခါတ်ရိုပ်ခါတ်ခိုးက ပြောင်းပြီး ငှက်လိုဖြစ်လာတာ၊ ရမလား။ အဲဒီအဟုန်နဲ့သေတဲ့အခါ တဖြည်းဖြည်းနဲ့ကာ အဲဒီအရှိန် အတိုင်း သန္ဓေမှီတယ်။ သူ့အချိုးအစားတိုင်းပေါ်လာတာ၊ နှုတ်သီးကတော့ အတိုင်းအရှည်မျိုးစုံပဲ၊ အရောင်အသွေးလဲ မျိုးစုံပဲနော်။ သူ့ပေါ် မူတည်ပြီးဖြစ်တာ အရှိန်အတိုင်းဖြစ်တာ ပုံနဲ့ကြည့်ရအောင်နော်။

ပထမလူရဲ့ခေါင်းကမရှည်ဘူးနော်၊ တဖြည်းဖြည်းနဲ့မှရှည်လာတာကြည့် လူခေါင်းကပထမ မနိမ့်ဘဲနဲ့ မြင့်တယ်၊ ဒါလဲမရှည်ဘူးနော်၊ ပြီးတော့တဖြည်းဖြည်းနဲ့ကြမ်းတမ်းလာတယ်၊ အဲဒီလိုဟစိစိနဲ့ရှိတဲ့ ငှက်တွေလဲရှိတယ်နော်၊ နောက်ဒီထက်ပိုပြီရှည်လာတယ်၊ နားလည်မလား၊ ပိုကြမ်းကြမ်းလာတော့ နောက်ဆုံးချွန်ပြီးတော့မာသွားတယ်၊ ကျန်တဲ့ခန္ဓာကိုယ်ကလဲ အချိုးကျ ပြောင်းသွားတာပဲ၊ အဲဒီနေရာမှာ ဘယ်သူမှမကယ်နိုင်ဘူးနော်၊ မှီတဲ့အခါအဲဒီအရှိန်အတိုင်း ဟိတ်က အင်မတန် ခိုင်မြဲတဲ့သဘော ရှိတယ်မဟုတ်လား သန္ဓေမှီတဲ့အခါမှာ အမြစ်တွယ်သလိုပြန်စတော့တာပဲ၊ ဟေတုပဋ္ဌာန်းက အကျယ်ကြီးပဲနော် သန္ဓေမှီလဲမှီရော အဲဒီပုံစံဟိတ်အတိုင်းပြန်ပြီးပေါ်တော့တာဘဲ၊ နှုတ်သီးမဖြစ်မခြင်းက ပွားနေတုန်းဘဲ။ ဆဲလ်တွေကပွားတုန်းဘဲ နောက်ဆုံးပိတ်မာပြီး ကျစ်တဲ့အထိ ပွားသွားတာ၊ ဆဲလ်တွေ ပွားတယ်ဆိုတာ အဲဒီအရှိန်နဲ့ပွားတာ နားလည်မလား သူ့ရဲ့အရှိန်ပါလာတာကိုး အဲဒီတော့ အလုပ်တွေ များလိုက်တာ ရှုပ်နေတာပဲ ငါရှိမှဖြစ်မယ်ဆိုတဲ့ တွေးပြီးပူတဲ့ပုဂ္ဂိုလ်က အခြေအနေသိပ်မကောင်းဘူး၊ ငါပါမှဖြစ်မှာလို့ အကြောတွေတင်းပြီး မျက်မှောင်ကုတ်နေရင် အခြေအနေမကောင်းဘူး၊ နားလည်မလား၊ သဘောပေါက်တယ်နော်၊ ပီတိနဲ့ဆိုအကြောင်းမဟုတ်ဘူးနော်၊ ပီတိနဲ့ဆုံးတာတောင်မှ ဒါလည်းပဲ ကုသိုလ်နဲ့ရောသေးတယ်၊ ကုသိုလ်နဲ့ရောလို့ရှိရင်တဲ့ မှတ်ပါဦး။ အဲဒီလိုအာရုံတွေကိုလည်းပဲ အများကြီး ပုံဖော်ထားတယ်၊ စီမံကိန်းလည်းများတယ်၊ ကုသိုလ်လဲရှိတယ်ဆိုရင်တော့တဲ့ ကုသိုလ်ကနတ်တဲ့ အဲဒီတော့ အေးတော့ အရောင်တောက်တယ်ပေါ့၊ ကြီးတယ်နော်။ သို့သော် မေးရှည်တာရှည်တာပဲ၊ အတောင်ကအတောင်ပဲ မရဘူးနော်၊ အဲဒီတော့ ဘာဖြစ်တတ်လဲဆိုရင် ဘုရားကဂဠုန်ဖြစ်လိမ့်မယ်တဲ့။ ဂဠုန်ကတန်ခိုးကြီးတယ်နော်၊ လူယောင်ဖန်ဆင်းနိုင်တယ်၊ အကြီးကြီးတွေဘဲ၊ ဒါပေမယ့် ဂဠုန်ဖြစ်တော့ အခြေအနေကောင်းလား ကုသိုလ်နဲ့ဇောတွေ တအားများလည်းဟန်မကျဘူး၊ သဘောပေါက်လား၊ နားလည်တယ်နော်။ မယ်တော်ကြီးစောင်းပြောတာမဟုတ်ပါဘူးနော် မယ်တော်ကြီးက အေးပါတယ် နော်၊ ဖြေးဖြေးသာသာ စိတ်ကိုလျှော့ထားရတယ်နော်၊ မမြန်ရဘူးနော်၊ စိတ်ကိုလျှော့နော် ။ ပုံစံချပြီးတော့ အားစိုက်တာများလို့ရှိရင် အကြောတင်းလို့ရှိရင် အော် မဟုတ်သေးဘူး၊ မာန်လေး ပြန်လျှော့ထား။ အေးအေးဆေးဆေးစီမံပေါ့၊ ကုသိုလ်တော့များပါတယ်နော် ဇောရင်မရဘူး၊ ဇောတဲ့ အရှိန်က ဟော်မုန်းနည်းနည်း ညှံတတ်တာကိုး ဂဠုန်ဆိုရင် မင်္ဂဉာဏ်ဖိုလ်ဉာဏ်မရဘူး၊ သဘော ပေါက်ရဲ့လား ။ တချို့ကျတော့ ဒါကာမဂုဏ်သဘော သိပြီလား၊ တစ်ဆင့်တက်လိုက်ပါအုန်း၊

ရာဂ ၊ ရာဂပြင်းထန်တဲ့ပုဂ္ဂိုလ်က-




" ရာဂကြီးမား၊ တပ်မက်များသား၊ မြည်းလားသိုးဆိတ်၊ အဟိတ်ဇာတိ၊ ဖြစ်တုံပေ၏"

တဲ့။

တစ်ခုခုကိုအရမ်းစွဲလန်းတာ ရာဂဆိုတာ ဆေးစွဲသလိုပေါ့၊ တနည်းအားဖြင့် အဝတ်ကို ဆေးဆိုးသလိုပေါ့၊ အစွဲနာတာပြောတာ Pressure များများနဲ့ ဒီလျှပ်စစ်ဓါတ်ပေါ့ Voltage များများနဲ့ အခွေထဲဖမ်းလို့ရှိရင် ပိုစွဲသလို သူကတစ်ခုတစ်ခုကို အရမ်းအစွဲနာတာ၊ အရှိန်ပြင်းတာ ခေါ်တယ်။ သဘောပေါက်လား၊ စကားပြောလဲပဲ မကျေနပ်ရင် တအားပြောချလိုက်တာပဲ၊ အဲဒီလို အရှိန်ပြင်းပြင်းသမားတွေ ပြောတာနော်။

ကြာတော့မေးကြီးတွေကတင်းလာပြီးတော့ ရှည်ထွက်လာတာ အကြီးကြီးတွေ ခိုင်ခန့်လာတာ ပုံကြည့်ရအောင်နော်။ သူကျတော့ရင့်ထော်လာတာကြည့် ၊ မေးကြီးတွေက ပိုကြီးတယ်နော်၊ ခေါင်းက နိမ့်သထက် နိမ့်ပြီးတော့ ဒီခေါင်းပိုင်းကလေးက ဒီလိုမမြင်တော့ဘူးနော်၊ တဖြည်းဖြည်းနဲ့ ဒီဘက်က ချွန်လာတယ်။

မေးက ကြီးသွားတယ်၊ နှာခေါင်းလဲအကြီးကြီးဖြစ်သွားတယ်၊ အချိုးကျလက်ကလည်း အပေါ်မြင့်ပြီးတော့ကာ လက်တွေခွါတွေ ဖြစ်ကုန်တယ်၊ ပေါင်ကြားကြီး အကြီးကြီးဖြစ်ပြီး တအားကြမ်းတာမဟုတ်လား။ အားစိုက်တာများတော့ အရာရာမှာအရှိန်ပြင်းတဲ့ပုဂ္ဂိုလ်တွေ ရာဂ ပြင်းထန်တာ။ ပြင်းထန်လို့ရှိရင် အဲဒီအရှိန်အဟုန်အတိုင်း သွားမှာပဲ၊ အဲဒါမသေခင်ကတည်းက ဘဝပြောင်းတာနော်၊ ဒီကိစ္စဟာ ကိုယ်မှား ကိုယ်ခံရမှာဘဲ၊ ဘုန်းဘုန်းတို့ အောက်ဖက် ငပုတော နယ်ဘက် ဟိုး တောတွေသွားလို့ရှိရင် သင်္ဘောနဲ့သွားရတာ တစ်ခါတလေကျရင် သင်္ဘောပေါ်မှာ ညအိပ်ရတာလည်းရှိတယ်နော်၊ မနက်စောစောထွက်မယ်ဆို ညအိပ်ရတာကိုး၊ အိပ်တဲ့အခါ တညလုံး ကုန်တင်ကုန်ချလုပ်တာ၊ နားထောင်ရင်းနဲ့ အဲဒီမှာဒီပုံပေါ်လာတာ၊ ဒါကြောင့်ဒီပုံဆွဲလို့ရတာနော်။ ဘုရားပြောတာမှန်လိုက်တာလို့ အရှိန်တအားပြင်းကြတာ ရာဂ ပြင်းထန်တယ် ခေါ်တာပေါ့။ ကုန်ထမ်းတဲ့ ပုဂ္ဂိုလ်တွေက အရက်ပြေးသောက်လိုက်၊ ကုန်တွေထမ်းလိုက်၊ ငါ့ကုန်သူ့ကုန်လုလိုက်ကြ၊ ရန်ဖြစ်လိုက်ကြနဲ့ တအားကြမ်းတမ်းတာ၊ မြီးလားသိုးဆိတ်ဆိုတာက သူများဝန် ထမ်းရတာလေ။ အသားနဲ့ လုပ်ကျွေးကြတာလေ၊ ကုန်တွေထမ်းကြတာနော်၊ ပြီးတော့တခါ အပိုကထားသေးတယ်၊ အပျော်အပါးက ပါသေးတယ်၊ ပေါက်ကရတွေ ပြောသေးတယ်၊ ရန်ဖြစ်လိုက်ကြနဲ့ တညလုံး လုပ်ကြတာ မိုးတလင်းပဲ၊ ကြည့်ပြီးတော့ အော် ဘုရားဟောတာ မှန်လိုက်တာလို့သိရတာ သူတို့ ကြည့်တော့နော် ပိုက်ဆံတော်တော်ရတာ၊ ဒါပေမယ့် အဖတ်မတင်ဘူး၊ ဆင်းရဲတာပဲ၊ ငွေတော့ ရတယ်နော်၊ ဆင်းရဲတယ်၊ သူတို့ဆွဲအားမရှိဘူးလေ။ ဒါကြောင့်မို့လို့ ဒီနေရာမှာက ကိုယ့်ဟာကို သိရမယ်နော်၊ ကိုယ်မှားရင်ကိုပဲခံရမှာဘဲ၊ တွေးရင်းတွေးရင်းဘဝ ပြောင်းတာကိုး နားလည်မလား ကဲ၊ ဆက်လိုက်ပါအုန်းနော်၊ ဒါ မောဟနော်၊-

"မောဟမိုက်ကံ၊ ပြစ်မိသော်၊ ပိုးနှံလောက်ရွှ၊ တီမျှော့စသည်၊ ဖြစ်ကြအထု၊ အဆူဆူတည်း" တဲ့။ မနေ့ကတိဿရဟန်း သန်းဖြစ်တာကြည့်လိုက်နော်၊ အဲတော့ အမြင်ကျဉ်းတာပါဘဲ၊ ဒီမြင်ကွင်း တစ်ခုလေးကို အကြီးကြီးလုပ်ပြီးတော့ မပြီးနိုင်တာ သဘောပေါက်လား။ တချို့ အိမ်ထောင်ဦးက ပန်းကန်လေးကို ကြည့်ပြီး ခဏခဏသဘောကျနေတာ။

ခါတ်ပုံလေးတွေကြည့်ပြီးသဘောကျ သေးသေးလေးကိုအကြီးကြီးလုပ်ပြီးတော့ ကမ္ဘာ လုပ်နေတာ ပြောတော့ ဖားများဟာ ရေအိုင်ပင်လယ်မှတ်သလိုတဲ့။ သူကမြင်ကွင်းသေးသေးလေးကို




အကြီးကြီးလုပ်ပြီးတော့ကာ မြင်ကွင်းမကျယ်နိုင်ဘူးနော်၊ အဲဒီပုဂ္ဂိုလ်က အကြောပိုတင်းတယ်၊ မျက်မှောင်ပိုကုတ်တယ်၊ သူ့ပစ္စည်းမှ သူ့ပစ္စည်း နားလည်မလား အရမ်းကြမ်းတမ်းတာနော်၊ တိဿရဟန်းလည်း သင်္ကန်းလေး တန်းပေါ်တင်ထားပြီးတော့ စိတ်ဝင်စားပြီ အကြိမ်ကြိမ် ပွားများတော့ ဒီမှာအားတွေကများမလာဘူးလား၊ အဲဒီတော့ သေမဲ့ဘေးကြုံတဲ့အခါ မသေမှ မသေချင်တာ စွဲလမ်းပြီးတော့ အားကကြမ်းလာတာနော်၊ ကြမ်းတော့ကာ တဖြည်းဖြည်းနဲ့ကြည့် နောက်ဆုံးပိတ်ကျတော့ကာ မျက်လုံးကပြူးတယ်၊ ပါးစပ်ကလဲ ပြဲသွားတယ်ကြည့် စဉ်းစားနော်၊ မျက်လုံးပြူးထွက်မတတ် ကြားဘူးတယ်မဟုတ်လား။ စိတ်ဝင်စားတာများလို့ ငါ့ပစ္စည်းမှ ငါ့ပစ္စည်းထင်တဲ့အခါကျတော့ ပြူးပြဲနေတယ်ဆိုတာ ကြားဘူးတယ်နော်၊ ပျောက်များပျောက်သွားရင် ပြူးပြဲရှာနေတာနော်၊ အဲဒီတော့ ခေါင်းက ကြီးသွားတယ်၊ ကိုယ်လုံးကြီးကလည်းကြီးပြီး ခါးကသိမ်သွားတယ်၊ သေးငယ်တဲ့သတ္တဝါဖြစ်သွားတယ်၊ အကြေးခွံမာတယ်၊ အရမ်းကြမ်းတမ်းတော့ကာ Pressure များတော့နော်၊ ဖိအား Pressure များတော့ မာသွားတာ အဲဒါတွေက Heat, Pressure အပူချိန် ဖိအားများတော့ပိုပြီး၊ ကျစ်သွားတာ၊ ရမလား၊ တေဇောဓါတ်၊ ဝါယောဓါတ် များတယ်ခေါ်တာပေါ့၊ တေဇော၊ ဝါယောပဲနော်၊ အပူဓါတ်များမယ် ၊ ဖိအားများမယ်ဆိုရင်ကျစ်သွားတာပဲ။ ထုံးစံပဲ၊

အပူချိန်ဖိအားများရင်ကျစ်သွားတာနော်။ ဒီ စိန်တုလုပ်တာ ရုပ်ရှင်ကြည့်ရဘူးတယ်၊ ဖိအားအရမ်းပေးရတာ၊ အပူချိန်ပေးရတာ၊ ပေါက်ကွဲသွားတာပဲ၊ ပိုကျစ်ကျစ်သွားတယ်၊ အပူချိန်ဖိအားများရင် ပိုကျစ်တာပဲ၊ ပူလာတယ်၊ ကြမ်းတမ်းလာတယ်ဆိုရင် ဖိအားများလာတာ၊ ဖိအားများလို့ရှိရင် ဘဝတစ်ဖန်ဖြစ်တဲ့အခါမှာ ကျစ်ကျစ်လာတာ၊ သဘောပေါက်ရဲ့လား၊ ဒီနေရာမှာက ကိုယ်မှားကိုယ်ခံရမှာဘဲနော်။ ဒါလဲ မဟာစည်ဆရာတော်ဘုရားကြီးတို့ ဆုံးမတယ်၊ ဘဝကူးတာတွေက နိုင်ငံခြားကနေ ခဏခဏမေးတော့ သက်သေခိုင်အောင်ဆိုပြီးတော့ ဗမာပြည်မှာ လူဝင်စားအကြောင်းကို တစ်ဝါတွင်းလုံး လေ့လာပြီးတော့မှ ဖြည်းဖြည်းဟောတာ၊ အောက်ပိုင်းမှာဖြစ်ခဲ့ဘူးတာ၊ ဘုန်းကြီးကနေပြီးတော့ တောက်တဲ့ဖြစ်တယ်၊ နောက် လူဝင်စားဖြစ်တယ်၊ ငါးနှစ်သားကျမှစကားပြောတော့ ငါ့ကျောင်းပို့လို့ပြောတယ်တဲ့။ အဲဒါလိုက်ပို့ကြတော့ ရွာဦးကျောင်း ဖြစ်နေတယ်။ ကျောင်းပေါ်ကျတော့ ခလေးလေးက ဘုန်းကြီးပုံစံနဲ့လမ်းလျှောက်နေတယ်၊ ဝိုင်းမေးတော့ ချော့မေးတော့ ရှင်းပြတယ်၊ သူက ပလ္လင်တွေမေးလဲဖြေနိုင်တယ်၊ ဒီပလ္လင်ဘယ်တုန်းကလှူတာလဲဆိုရင် ဘယ်ကောင်လှူတာ တန်းပြောတာပဲ၊ အကုန်ပြောနိုင်တော့ကာ လူဝင်စားမှန်းသေချာသွားပြီး ချော့မေးကြတာ။ ငါသေတော့တဲ့ တောက်တဲ့အရင်ဖြစ်သေးတယ်တဲ့။ ဒီဘက်သွားတာနော် ပိုးနံ့သေးငယ်တဲ့သတ္တဝါ တောက်တဲ့ရဲ့ ပုံကြည့် မျက်လုံးကပြူးတယ်၊ ပါးစပ်ကပြဲတယ်၊ အကြေးခွံကမာမသွားဘူးလား၊ လက်ကလည်းသေးသေးလေးနော်၊ ဒါ ဘာကြောင့်လည်းဆိုတော့ကာ စိတ်ဝင်စားမှုမှုတည်တာ၊ သူဝင်စားတာက ရုပ်ရှင်ကြည့်သလိုပေါ့၊ သူ့ကျောင်းလေးပဲ စိတ်ဝင်စားနေတာ၊ မြင်ကွင်းကျဉ်းတာပေါ့၊ ကျောင်းထဲကပစ္စည်းတွေပဲ စိတ်ဝင်စားပြီးတော့ကာ ကျောင်းကြီးပွားရေးနဲ့ ဒါနဲ့ အချိန်ကုန်နေတာ၊ မြင်ကွင်းကျဉ်းသွားတာ၊ ရှေးတုန်းကဘုန်းကြီးတွေက ရိက်နိုင်မှ တန်ခိုးကြီးတာ၊ ရွာထဲမှာရန်ဖြစ်လဲခေါ်ရိုက်၊ ကြမ်းတမ်းတာပေါ့နော်၊ အဲဒီတော့ ဒေါသ ပါမလာဘူးလား၊ ဒေါသ မျက်လုံးပြူးတယ်၊ မေးတွေရှည်လာတယ်၊ ကြမ်းတမ်းလာတယ်၊ နောက် အလှူအတန်း အချို့ဆရာတော်တွေနည်းတယ်လေ၊ သင်္ကန်းတွေဆို သိမ်းထားတာ၊ မုန့်တွေဆိုလည်း သိမ်းထားတာ မှိုတွေတက် အဲဒီလိုရှိတယ်နော်၊ ကြမ်းတမ်းရင် လက်ဝါးက ဘယ်လိုမှ လှလိုဖြစ်မလာဘူး၊ သဘောပေါက်လား၊ အဲဒီတော့ ကြမ်းတမ်းတာ အဲဒါတွေများလွန်းတော့ကာ သေခါနီးထိ အရှိန်အဟုန်ရှိရင် သေးငယ်တဲ့သတ္တဝါ ဖြစ်တတ်တာကိုး။ တောက်တဲ့ဥထဲမှာသွားမှီတာ တောက်တဲ့ဖြစ်တော့လဲ

ကျောင်းနဲ့သစ်ပင် ကူးနေတာပဲ၊ အဲဒါ ခုန်ကူးတာမှာ အောက်ပြုတ်ကျရင်းပေါင်ကျိုးတာ အဲဒီရောဂါနဲ့ သေသွားတာ၊ အဲ သေခါနီးတော့ မာန်နည်းနည်း လျော့သွားတယ်၊ သဘောပေါက်တယ်နော်၊ အဲဒီတော့ ဘုရားတရားတွေ သတိပြန်ရတယ်ပေါ့နော်၊ အဲဒီတော့ကာ လူပုံသဏ္ဌာန် ဥပပတ္တိဘဝ ပြိတ္တာ ဖြစ်သွားတယ်၊ အဲဒီမှာတစ်ခါ သူ့အမေဖြစ်မဲ့ ပုဂ္ဂိုလ်နဲ့ ဆက်မိသွားတာ အဲဒီမှာသန္ဓေမှီပြီးတော့ လူဖြစ်လာတာတဲ့၊ ဒါသီလတန်ခိုးတွေခံလို့နော်၊ ဒီကြားထဲမှာ နှစ်ဘဝခံတယ်၊ တောက်တဲ့ဘဝ၊ ပြိတ္တာဘဝနှစ်ခုခံတယ်၊ ပေတဆိုတာနတ်ပြိတ္တာ၊ အားနည်းတဲ့နတ်ပေါ့နော်၊ နှစ်ဆင့်ခံပြီးမှ လူဖြစ်တာ၊ သဘောပေါက်လား၊ ဒါသီလ တန်ခိုးကြောင့် ခံသာတာနော်၊ သီလတန်ခိုးသာမပါရင် မလွယ်ဘူး၊ အောက်ပဲဆင်းဘို့ အလားအလာရှိတယ်၊ အဲဒါ လူ့ဘဝရတော့မှ အကုန်ပြန်ပြောနိုင်တာ၊ တစ်ချက်မှား တစ်ချက်ခံရတာပဲနော်၊ သဘောပေါက်တယ်နော်၊ ဒါဖြင့်ကောင်းပြီ အဲဒီတော့ ရှိတဲ့ဥစ္စာပစ္စည်းတွေကို တအားကြီး စိတ်မဝင်စားနဲ့၊ ဝင်စားလိုက်ရင် အခြေအနေမကောင်းဘူး၊ သဘောပေါက်လား၊ ဘုန်းဘုန်းတို့လဲ ကြုံဘူးတယ်။ ရဟန်းဝတ်ကာစကဆိုရင်၊ ပုဝါလေးတွေလှူလို့ရှိရင် သဘောကျမိတာပေါ့၊ ပုဝါလေးသဘောကျ၊ ခါးချိတ်လိုချိတ်၊ ကိုင်လိုကိုင်၊ ပုဝါလေးကပျောက်သွားပြန်ပြီးဆိုရင် ရှာရတာ နည်းနည်းပင်ပန်းသွားတယ်၊ အဲဒီပုဝါလေးလိုက်လိုက်ရှာရတာနဲ့ ပင်ပန်းလာတော့မှ မဟုတ်သေးပါဘူးလို့ ဒါ နေ့တစ်ဝက်လောက် ပင်ပန်းတာ ပုဝါလေးပျောက်တာကို စိတ်မကောင်းဘူး၊ ကပ်နေတာနော်၊ မဟုတ်လောက်ဘူးဆိုပြီး အဲဒါ ပြန်စဉ်းစားတာ နောက်တော့သဘောပေါက်လာတယ်၊ ဘုရားကတဲ့ "ကိုယ့်ရဲ့ရှိတဲ့ပစ္စည်းတွေကို သန့်ရှင်းအောင်ထားပါ" ဆိုတဲ့စကားရှိတယ်။ အမှန်တော့ ကိလေသာအမြင်မှားနဲ့ မငြိတွယ်အောင် သန့်ရှင်းအောင် ထားခိုင်းတာကိုး။ အဲတော့မှစ လက်ထဲ ရောက်ကတည်းကိုက ပျောက်တတ်ပျက်တတ်တဲ့အရာ အဲ သင့်တော်သလိုပဲ ထိန်းတော့တယ်၊ ပျောက်သွားရင် အနေတော်ဖြစ်အောင် သဘောပေါက်တယ်နော်၊ ဘုန်းကြီးတစ်ပါးက ပြောဖူးတယ်၊ ဘုန်းဘုန်းနဲ့တောမှာ တရားကျင့်ဘက်၊ မနက်ပိုင်းဆိုရင် ဘုန်းဘုန်းတို့ ဆွမ်းခံသွားပေါ့နော်၊ ဆွမ်းစားပြီးတာနဲ့ ဒီ ရွှေမြင်တင်တောင်မှာက တစ်ယောက်တစ်ကျောင်းစီ ကျောင်းလေးတွေမှာနေပြီး တစ်နေကုန်နေကြတာ။ ညနေစောင်းကျမှပြန်ဆုံ တရားဆွေးနွေးတာကိုး ၊ တနေ့ကျတော့ အဲဒီဘုန်းကြီး က ကိုယ်တော်ရေ တပည့်တော်တဲ့ တောင်အတက်အဆင်း ဘယ်နခေါက်ကျတယ်ထင်လဲ၊ အသက်က (၇၀)ရှိပြီ၊ ရောဂါသည်၊ အမိန့်ရှိပါဘုရားဆိုတော့ ၊ လေးခေါက်ကျတယ်တဲ့ အတက်အဆင်း၊

များလှချည့်လားဘုရားဆိုတော့၊ မေးအုန်းလေတဲ့၊ ဘာကြောင့်လဲမေးအုန်းလေတဲ့၊ လက်သုတ်ပုဝါလေး ပျောက်လို့တဲ့၊ ထပ်မေးအုန်းကိုယ်တော်တဲ့၊ အသစ်လားမေး အဟောင်းတဲ့၊ အဟောင်းလေး ပျောက်တာတဲ့၊ ဘုန်းကြီးဆိုတော့ တခြားတွယ်စရာမရှိဘူးလေ၊ ဒါလေးပဲတွယ်တာပေါ့နော်၊ တွယ်စရာမရှိတစ်ခုတွယ်တယ်၊ စိတ်ကနော်။ အသစ်ရှိသားဘဲဘုန်းဘုန်းရယ်ဆိုတော့ ဟုတ်တယ်လေ အသစ်ကခေါက်ရိုးမကျိုးဘူးမာတယ်လေ၊ သူကအသားကျတာဆိုတော့ အမြဲတန်း သုံးတာလေးက ဒီမှာစွဲနေတာပေါ့တဲ့။ အဲဒါလေးကို တပည့်တော်ရှာတာ လေးခေါက်ကျတယ်၊ ထိုင်ပြီးစဉ်းစား မောတော့မှစဉ်းစားရတယ်၊ ငါဘာဖြစ်လဲ စဉ်းစားရတယ်တဲ့။ အဲဒီတော့မှ သဘောတရားတစ်ခု ပေါ်လာတယ်။ ကိုယ်တော်ရေတဲ့၊ တော်တော်ကောင်းတယ်၊ သူပြောတာနော်၊ တကယ်တော့ ပစ္စည်းတွေဟာ ဆိုင်မှာရှိတော့ ဆိုင်ကပစ္စည်းပေါ့၊ ဟုတ်တယ်နော်၊ ဒီလိုပန်းကန်လေးကစ၊ ဒီလိုရေခွက်လေးကအစပေါ့နော်၊ ဆိုင်မှာနေတော့ ဆိုင်ကပစ္စည်းပေါ့၊ တစ်ခါစက်ရုံမှာရှိတော့ စက်ရုံပစ္စည်းပေါ့နော် တစ်ခါကိုယ်ကဝယ်လိုက်တော့ ငါ့ပစ္စည်း လို့ပြောတယ်၊ သူကစကားပြောလား၊ ဘုန်းကြီးပေးတော့ ဘုန်းကြီးက ငါ့ပစ္စည်းလုပ်ပြန်ရော၊ အဲဒီတော့ အဲဒါတွေက အခွေဖမ်းသလို၊ သွေးထဲကိန်းတာကို အကြိမ်များများသဘောကျပြီး သုံးတော့ ဒီမှာစွဲမသွားဘူးလား၊ ဒီမှာ သတ္တိကိန်းတာကို စွဲတယ်ခေါ်တာ၊ အဲဒါကိုစွဲလမ်းတယ်ခေါ်တာနော်၊ အချိန်ကျတော့သုံးရင် အဲဒါတွေက ပြန်ပြန်ပေါ်တာ၊ သဘောပေါက်လား၊ ပေါ်တော့ အဲဒါလေးကိုပြန်လိုချင်တာ၊ ရှာတာ၊ အသစ်ကို မသုံးနိုင်ဘူး၊ အဆင်ပြေတာ၊ ဒါနဲ့အဆင်ပြေနေတာကို အဲတော့ သက်မဲ့လဲမလွယ်ဘူးနော်၊ ကြာကြာ သတိမထားဘဲသုံးရင် စွဲတာပဲ၊ သဘောပေါက်လား၊ ဒီမှာက အမြဲတန်းအကောင်းလေး ပုံဖော်ထား တယ်၊ ပျက်စီးသွားလို့ အခိုးခံရရင် ဒီမှာခံစားရတယ်၊ ဘယ်ဟာဖြစ်ဖြစ် ကြာကြာနှလုံးသွင်းရင် ဒုက္ခရောက်တတ်တယ်၊ သဘောပေါက်လား၊ သဘောကျပြီး ကြာကြာလေးသွင်းထားလို့ရှိရင် အခြေအနေမကောင်းဘူး၊ ဒါကိုဘုရားကဥပမာပေးတယ်၊ ကာမဂုဏ်အာရုံများသည်တဲ့ အဆိပ်ထည့်တဲ့ အချိုရည်ခွက်ကို သောက်သလိုပဲတဲ့။ ဒါကာမဂုဏ်ခေါ်တာနော်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ ဘုန်းကြီးတို့နှလုံးသွင်းတာက သူဘောကျနေရင် စိမ့်မဝင်ဘူးလား၊ ကျေနပ်တာနော်၊ အဆိပ်ထည့်တဲ့ အချိုရည်ခွက်နဲ့တူတယ်တဲ့၊ ချစ်သားတို့တဲ့၊ လူတစ်ယောက်ဟာကွယ်တဲ့ နေပူထဲကလာတာ၊ အရိပ်ထဲကနေပြီးတော့တဲ့ အေးပြီးချိုတဲ့ ဖျော်ရည်ခွက်ကလေးကိုချထားတယ်၊

အဲဒါ ခုသောက်လို့ရှိရင် ချက်ချင်းအမောပြေသွားမှာတဲ့ အဆိပ်ပါတယ်တဲ့၊ ဘာပါတာလဲ (အဆိပ်) အဲ သောက်ပြီးရင် တအောင့်ကြာလို့ရှိရင် အဆိပ်တက်မှာတဲ့၊ သေလောက်အောင်လဲခံစားရမယ်၊ သေလဲသေနိုင်တယ်ဆိုတော့၊ ဟိုကမအောင့်နိုင်တော့ဘူး သောက်ချလိုက်တယ်၊ ချက်ချင်းတော့ အမောပြေသွားတာပေါ့၊ တော်ကြာတော့ အဆိပ်တက်တော့တာဘဲ၊ မချိမဆန့်ခံစားရတယ်၊ ချစ်သားတို့တဲ့ သေလဲသေတယ်တဲ့၊ အဲဒီဥပမာလိုဘဲ၊ ကာမဂုဏ်အာရုံများဟာ အဲဒီအတိုင်းပဲ၊ ဥပမာ သမီးလေး သားလေးလှတယ်၊ သဘောကျပြီးချစ်နေတယ်၊ အဲဒါဆိုရင် အဆိပ်ပါတဲ့ အချိုရည် သောက်နေပြီ၊ သေချာပြီ၊ သဘောပေါက်လား၊ အဝတ်အထည်လေးလှတာ သဘောကျပြီး ခဏခဏ ဝတ်ကြည့်လိုက်၊ သဘောကျလိုက် ပီတိဖြစ်လိုက်ဆိုရင် အဆိပ်ပါတဲ့အချိုရည် သောက်နေပြီ၊ အဲဒီမှာ စွဲနေပြီး တချိန်အဲဒီပစ္စည်းပျက်စီးရင်သွားပြီ၊ ပလုပ်ပျံနေပြီ ခံစားရတာ များများစွဲရင် များများခံစားရမှာ၊ သဘောပေါက်လား နည်းနည်းစွဲရင်နည်းနည်းခံစားရတယ်၊ ဒီမှာရှိတဲ့ရုပ်တွေက Direction မမှန်တော့ ဘူးလေ၊ သူကအရှိအကောင်း ဟိုကပျက်စီးတာဆိုတော့ တည့်ပါ့မလား၊ မတည့်ရင် လျှပ်စစ်ဝါယာကြိုး များချိတ်သလို ရှော့ ဖြစ်မယ်။ လောင်တော့တာပဲ။ ဘုန်းဘုန်းရဟန်းမ တစ်ယောက်ဆိုရင် သူ့သားလေးက ကားတိုက်တော့ သူပြောပြတယ်၊ ဘုန်းဘုန်းရေ ကားတိုက်တယ်လို့ အသံကြားလဲ ကြားရော လက်တွေခြေတွေ သယ်လို့မရတော့ဘူး၊ နုံးခွေကျသွားတာတဲ့၊ ရိုးတွင်းချဉ်ဆီထိအောင် ချစ်ထားတာကိုး။ သားသမီးချစ်တဲ့ဓါတ်က အရိုးချဉ်ဆီထိရောက်နေတာ၊ အဲတော့ ဓါတ်လိုက်တဲ့ အခါကျတော့ကာ မတည့်တာကို လိုက်တာပေါ့နော်၊ ရှော့ဖြစ်တယ်ဆိုတာ လိုင်းမတည့်တာကို ဝင်ရှော့ဖြစ်တာဆိုတော့၊ အရိုးထိအောင်ချစ်တော့ ဓါတ်လိုက်သွားတော့ နုံးခွေကျသွားတာ၊ လမ်းကို မလျှောက်နိုင်တာ ဘုန်းဘုန်းရယ် ဘယ်လိုဖြစ်သွားလဲ မသိဘူးတဲ့၊ ရှော့ဖြစ်တာ အဲဒါ၊ သူကသားကို ချစ်ပြီးတော့ အမြဲတန်းအရှည်ပေါ့ တောင့်တထားတယ်။ အရိုးချဉ်ဆီထိစွဲနေတာကိုး။ ဟိုက တစ်ခုခုဖြစ်တယ်ဆိုလဲဆိုရော ဒီထဲထိဓါတ်လိုက်သွားတာ၊ ထလို့မရတော့ဘူး၊ သေတောင်သေနိုင် တာနော်၊ ကြောက်စရာကောင်းတယ်၊ အဲတော့ များများနှလုံးသွင်းလို့ အစွဲနှာလေလေ အဲဒီပစ္စည်းပျက်ရင် ခံရလေဘဲ၊ အဲဒီတော့ အဆိပ်ပါတဲ့အချိုရည်မှန်းသိရင်ကြည့်သောက်ပေါ့။ နှလုံးသွင်းများရင် များသလောက် ခံရမှာနော်၊ သတိထားကြနော်၊ အဲဒီတော့ ဘုန်းဘုန်းလဲ အဲဒါကိုသဘောပေါက် တော့ကာ၊ တစ်ခါတလေအဖိုးတွေ အဖွားတွေ မြေးတွေကြည့်ပြီး သဘောကျနေလို့ရှိရင် အခြေအနေ

မကောင်းဘူး၊ တော်တော်ခံရတော့မယ်၊ များများသဘောကျလေလေ အဲဒါ မြေးလေးပျက်ရင် ခံရတော့မယ်။ တနည်းအားဖြင့် ကိုယ်သေခါနီးပြီဆို မြေးလေးတွေနဲ့ခွဲရတော့မယ်ဆို လောင်ပြန်တာပဲ။ ခွါလို့ မရတော့ဘူး၊ အဲဒီအချိန်မှာ ဘယ်လိုနည်းနဲ့မှမရတော့ဘူးနော်၊ အကုသိုလ်ဇော လာတာပဲ။

အခံဓါတ်နဲ့ အာရုံနဲ့အဆင်မပြေဘူးဆိုရင် လာပြီ တိုက်လို့မရတော့ဘူး။ လှည့်လို့ကိုမရတာ စိတ်က ငါ့စိတ်မှမဟုတ်တာချည်းကို ရုပ်နဲ့အညမညဖြစ်နေတာ ရုပ်တွေကထည့်ထားတာက တစ်ချက်မှ သေတာမပါဘူး။ သဘောပေါက်လား ဒီထဲမှာမှတ်တမ်းက သေတာမပါဘူး၊ အရှင်ချည်းပဲ၊ အကောင်းချည်းပဲ ထည့်ထားတော့ ဟိုကအသေနဲ့ မသာနဲ့ အဆိုးကို ပေါ်လဲပေါ်ရော ဘယ်လိုမှလုပ်လို့မရတော့ဘူး၊ ဘုန်းဘုန်းလဲ ခံစားရလို့သိတာနော်၊ ရဟန်းဖြစ်ခါစမှာ တစ်ခါခံရဖူးတယ်၊ တောမှာဒီလိုပဲ တရားကျင့် နောက်မယ်တော် တရားဟောရင်းနဲ့ ကျောင်းကိုပြန်လာတာပေါ့နော်၊ တူလေးတစ်ယောက်ရှိတယ်၊ သူက ၁၃-နှစ်သား ရုတ်တရက် သေသွားတာ အဲဒီကလေးက သင်္ကန်းကြားထဲတိုးနဲ့ အရမ်းတကယ် ချစ်တတ်တာ၊ သူ့ကိုအမှတ်တမဲ့နဲ့ ကိုယ်က ပီတိဖြစ်မိတာ၊ ဒီမှာ မှတ်တမ်းလေးက သူ့ကို သေမယ်မှ မထင်ထားတာကို အဲတော့ ဒီမှာဝင်သွားတာ မသိလိုက်ဘူး၊ နောက် အသုဘ ရက်လည်လဲကျရော ရေစက်ချတုန်းမှ ပုံလေးက သူရှိတဲ့ပုံလေးပေါ်လာတာ၊ ပေါ်တော့ ဒီမှာဘယ်လို ဓါတ်လိုက်သွားမှန်း မသိဘူး၊ ဒီမှာ ပြည့်ပြီး ဆို့လာတာ၊ မလွယ်ပါ့လားဆိုပြီးတော့ ချက်ချင်းတရားပြန်မှတ်ရတာ၊ အနတ္တဆိုက်အောင်ပြန်ပွားပြီးမှ ဒီမှာ သက်သာသွားတာ၊ အဲဒီတော့မှ သဘောပေါက်သွားတယ်၊ မလွယ်ပါ့လားလို့၊ နားလည်မလား။

အဲတော့အမြဲတန်း အာရုံတစ်ခုဝင်လာလို့ရှိရင် မှတ်ထား ဒီထဲကိုသွင်းတဲ့အခါနော် လေးစားသော အားဖြင့် တရားကိုဘာလဲ လေးစားသောအားဖြင့် တရားဆိုတာ ဆောင်ခြင်းလေ၊ ဓရ ကလာတာ၊ မဟုတ်လား။ ဒီထဲကိုသွေးသားထဲကို ဆောင်တာမဟုတ်လား၊ လေးစားသောအားဖြင့် မရဏ အသုဘနဲ့တွဲထည့်လိုက်ပါ။ နားလည်မလား သေမှာကျိန်းသေပဲ၊ သေမှာရှိတယ်လို့ ဘယ်သူ့မြင်မြင် အိုနာသေနဲ့ ဆင်းရဲတယ်လို့ နှလုံးသွင်းလိုက်တော့ ကိုယ့်ကိုကိုယ်လဲ အဲဒီအတိုင်းသွင်းပါ၊ နားလည် ပြီလား၊ အဆောက်အဦတွေတွေ့လည်း အော်သေရင်ထားခဲ့ရမှာ မြေဩဇာဖြစ်မှာလို့ နှလုံးသွင်းပေးလိုက် နားလည်မလား၊ ဘာစားစား အစားအသောက်ကအစ မတပ်မက်ရဘူးနော်၊ နောက်ဆုံး မစင်ဖြစ်တဲ့ အထိ တွေးပေးလိုက်ပါ။ နားလည်ပြီလား။ အရာဝတ္ထုအားလုံး တွေးတိုင်းတွေးတိုင်းမှာ ပြင်ဆင်ပြီး

ဒီထဲကိုသွင်းပေးနော်။ တရားလေးစားလို့ရှိရင် သတ္တိကိုကောင်းအောင် နှလုံးသွင်းမလွဲစေနဲ့ အဲဒါဆိုရင် ခံသာပြီ၊ နားလည်မလား၊ ရုပ်ကငါဟုတ်ပါ့မလား၊ စိတ်ကကော ထည့်တဲ့သတ္တိအတိုင်းပြန်ပေါ်တာ ဖြစ်သောကြောင့် ကိုယ်ထည့်ထားတာက အမှားသွင်းထားတာကို အမှားသွင်းရင် တကယ့်သဘာဝ အမှန်တရားက အချိန်တန်ပျက်မှာဘဲ၊ အချိန်တန်သေမှာပဲ၊ အဲဒါကိုဒီထဲမှာ ထည့်ထားတာက အရှင်ဆိုတော့ ဘယ်တော့မှ မတည့်ဘူး၊ မတည့်ရင်ရှော့ (Shock) ဖြစ်မှာပဲ။ လောင်မှာပဲ။ အဲဒီတော့ ယောဂီလုပ်ပြီးတော့ တရားယောဂီဆိုပြီးတော့ကာ သားသမီးသေလို့ ခင်ပွန်းသေလို့ ဇနီးသည် သေလို့ ကျူကျူပါအောင်ငိုရတယ်ဆိုရင် ကြည့်မကောင်းတော့ဘူး၊ နားလည်တယ်နော်၊ ဒီမှာခါတ်လိုက်ရင် မရတော့ဘူး၊ သဘာဝတရားက မတည့်လို့ရှိရင်လောင်တာပဲလေ၊ ထိန်းလို့မရဘူးနော်၊ သဘော ပေါက်လား။ ငါမဟုတ်ဘူးနော်၊ စိတ်ကလဲငါမဟုတ်ဘူး၊ ရုပ်ကလည်းငါမဟုတ်ဘူး၊ ထည့်ထားတဲ့ သတ္တိတွေပြန်ပေါ်တာ၊ သဘောပေါက်လား၊ နှလုံးသွင်းအရေးကြီးတယ်နော်၊ အဲဒီတော့သွင်းတဲ့အခါမှာ သဘာဝအမှန်အတိုင်းကို သွင်းသွင်းပေး၊ သားသမီးတွေကြည့်ပြီးတော့လည်း ချစ်တယ်ဆိုရုပ်မထားနဲ့၊ လှတယ်ဆိုရုပ်မထားနဲ့ အော် ရုတ်တရက်သေသွားနိုင်တယ်၊ ဒီအတိုင်းနှလုံးသွင်းထားနော်၊ သတ္တိထည့်ထား၊ အကုန်လုံးက အကြောင်းညီညွတ်မှုဖြစ်တာ၊ ရုတ်တရက်လဲသွားနိုင်တာ သေရင် အကုန်ထားခဲ့ရမှာ၊ ခဏခဏ ထည့်ထားရတယ်၊ ပါးစပ်ကပြောစရာမလိုဘူး၊ နှလုံးသွင်းရုံလေးပဲနော်၊ ထည့်ထားတာကနိယာမ အမှန်ပဲ၊ စိတ်ခါတ်ကျဖို့ မဟုတ်ဘူးနော်၊ သဘောပေါက်လား၊ စိတ်ခါတ် ကျဖို့မဟုတ်ဘူးနော်၊ လောဘမလွန်အောင် တစ်နည်းအားဖြင့် သတ္တိမည့်အောင် မှန်မှန်လေး နှလုံးသွင်းသွားရတာ၊ သဘောပေါက်လား၊ ရပြီနော်။ အဲလိုသွင်းထားမှ ခံနိုင်ရည်ရှိမှာလို့မှတ်ကြ မေ့မေ့လျော့လျော့မလုပ်နဲ့နော်၊ အမြဲတန်းအကောင်းချည်းဆို မလွယ်ဘူးနော်၊ ဦးဇော်ဝင်းဆို သတိပေးရတယ်၊ သူ့စိတ်ထဲမှာ လူနည်းမှာစိုးလို့ ပူနေတာ၊ အဲဒါဘုန်းဘုန်းကကြည့်ပြီးတော့၊ ဒကာ ဦးဇော်ဝင်း လို့ ဘုန်းဘုန်းကထိုင်ပြောရတယ်၊ ဒီထဲထည့်ထားတာက ပရိသတ်အများကြီးနဲ့ မနစ်က ဟာကို ပုံဖော်ထားတာကိုး အဲဒါမပျောက်မရှိတော့ အခံကရုပ်တွေက အများဘက်လှည့်တော့ နည်းမှာကို စိုးရိမ်နေတော့ ပင်ပန်းနေတာ၊ အဲဒီလိုမလုပ်ရဘူးလို့ ဒီကအခံခါတ်ကို ဖျက်ထားရတယ်လို့ လာချင်မှလာမယ်၊ တစ်ယောက် ထည်းလည်းဖြစ်ချင်ဖြစ်မယ်လို့ ဖျက်ထားလိုက်ရတယ်လို့ ပြန်ရှုလို့ ဖျက်ထားရင် အဖြူခံထားရင် တစ်ယောက်ထဲလာတာ အမြတ်ပဲလို့ သဘောပေါက်လား မှတ်ထားနော်။

ဘုရားဟောတာ ဘုရားရှင် တရားဟောကာစဆိုရင် ၅-ယောက်ပဲရှိတာကိုး ၊ တခါတလေတယောက် တည်းလဲ တရားဟောတာမဟုတ်လား၊ နောက် အဓိကက သတ္တဝါရင်ထဲမှာ အမှန်ရဖို့အရေးကြီးတာလို့ အနည်းအများ မလိုက်ရဘူးလို့ သူနဲ့ထိုင်ပြောရတယ်။ အမှန်မှာနှလုံးသွင်းတုန်းက သတိမထားမိတာ ပရိသတ်များလို့ရှိရင် ပျော်နေလို့ရှိရင် ဒုက္ခပေးပြီ၊ နားလည်လား၊ ပရိသတ်-များလို့ရှိရင် ချက်ချင်းသတိရ ရတယ်။ အော် ဒီများများဟာပျောက် ကွယ်သွားမှာပဲ။ တချိန်တစ်ယောက်ထဲလဲ ဖြစ်ချင်ဖြစ်မှာ ပရိသတ်မများလို့ရှိရင် ဟာလာဟင်းလင်းကြီး ပြန်သွင်းရတယ်၊ တယောက်တည်းလည်း ဖြစ်ချင် ဖြစ်မယ်၊ တယောက်ထည်းလဲ သေချင်သေရမယ်၊ ပြန်သွင်းလိုက်ရတယ်၊ နားလည်ပြီနော်၊ အဲဒီလို သွင်းထားမှ ဒီထဲကိုအဝင်မှန်မှာ အဲဒီလိုမဟုတ်ရင် ပရိသတ်နည်းရင် စိတ်မကောင်းဖြစ်နေကော များအောင်ကြံဖန်လုပ်ရော အများကြိုက်အောင်ဟောရင်းဟောရင်းနဲ့ ဘုန်းကြီးလဲ ပျက်ရော၊ အဲဒီလို ဖြစ်တတ်တယ်နော်၊ ဒီထဲကသတ္တိကကြောက်စရာသိပ်ကောင်းတာ၊ သဘောပေါက်လား၊ ဒါကြောင့် ကိလေသာမာရ် ကိုယ်တွင်းရန်ခေါ်တယ်၊ မနေ့ကပြောတဲ့ကြောင်လေးလိုပေါ့နော်၊ ပညာမဲ့တဲ့ ကြောင်ကလေးက ကြွက်ကိုအားရပါးရမျိုချလိုက်တာ အရှင်မျိုမိတာကိုး၊ အရှင်မျိုတော့ အူတွေ ကိုက်တော့တာပေါ့။ မချိမဆန့်ခံစားရတယ်၊ အဲဒီအတိုင်းပဲ လူတွေက ကိလေသာအမြင်မှားနဲ့ အကောင်အထည်နဲ့ အကောင်းတွေချည်းထည့်လိုက်တဲ့အခါကျတော့ ဗိုက်ထဲကိုက်တာပဲပေါ့၊ ကြွက်လိုပဲ ဒုက္ခပေးလိမ့်မယ်။ အဲဒီတော့ သဘာဝမှန်မှန်အတိုင်းကို နှလုံးသွင်းပေးရမယ်တဲ့၊ ရမလား၊ ရပြီနော်၊ ဒါဖြင့် ကာမဂုဏ်အာရုံတွေက ပညာမဲ့တဲ့ပုဂ္ဂိုလ်များအဖို့ သူ့အတွက် အပါယ်ရိက္ခာတဲ့ အဆိပ်ပါတဲ့ အချိုရည်သောက်သလိုပဲတဲ့။ နောက်ပိုင်းမှာ ပြန်ခံရလိမ့်နော်၊ သဘောပေါက်ကြလား၊ နှလုံးသွင်း အရေးကြီးတယ်နော်၊ ဆက်ရအောင်၊ ဒီတော့ မောဟခန်းပြီးတော့ အာဃာတ အမြဲတန်းတဖက်သားကို မုန်းပြီး အာဃာတကြီးနေလို့ရှိရင် မှောင်လာတယ်နော်။ မေးတွေရှည်ပြီး ကြမ်းတမ်းလာတာ၊ နောက်ဆုံးပိတ်မြွေတောင်ဖြစ်တယ်။ မြွေထိဖြစ်နိုင်တာ။

" ကောဓုပနာ၊ ပြင်းစွာအငြိုးထား၊ ဖွဲ့သောအားဖြင့်၊ ကြီးမားမျက်သက်၊ ကံပျက်ကျိုးပေး၊ မြွေပွေး မြွေဟောက်၊ မထိစောက်အောင်၊ ဆိပ်တောက်လွန်ဆိုး၊ လူတိုင်းငြိုး၍၊ လိမ်ချိုးကြမ်းကြုတ်၊ သတ်ပုတ်ခံရ၊ ဆင်းရဲကြ၏" တဲ့။ မဃဒေဝမှာ မာန်လည်ဆရာတော်ဘုရားကြီးအမိန့်ရှိထား တယ်နော်။




မေးကရှည်ပြီး တဲ့၊ အပြင်မှာသွေးကပါ အဆိပ်ဖြစ်သွားတာ၊ အဲဒီတော့ ပါးစပ်ကပြဲတယ်၊ မျက်လုံးကပြူးတယ်၊ အထဲက အစွယ်ထိ ဖြစ်တာ၊ ပုံစံကောင်းသေးလား၊ မကောင်းဘူးနော်၊ အမြဲတန်း ဒီကြည့်နော်၊ ဒီမျက်နှာပုံစံ ခံစားကြည့်နော်၊ အတွေးမရှိတော့ဘူး၊ ကျယ်ပြန့်ပြီးတော့ အတွေးမရှိတော့ဘူး၊ အမြဲတန်းသူက တခုတည်းကိုစူးစိုက်ပြီး အငြိုးကြီးတဲ့မျက်နှာဖြစ်နေတာ၊ သဘောပေါက်လား၊ စဉ်းစားနော်၊ မျက်နှာပုံကြည့် သိသာပါတယ်နော်။ ကြည့်မှုပေါ်တာနော်၊ အငြိုးကြီးတဲ့ပုံစံ ပေါ်နေတာ၊ မျက်လုံးတည်ဆောက်ပုံ ပါးစပ်ပြဲပုံကအစ အကုန်ကြည့်လိုက်နော်၊ အဲဒီအတိုင်းသွားတာ တစ်ယောက်ပေါ်အငြိုးကြီးနေလို့ရှိရင် အခြေအနေမကောင်းဘူး၊ ဘဝပြောင်းနေပြီလို့ မှတ်ရမယ်၊ သတ္တဝါပြောင်းတာနော်၊ သွားရအောင်နော်၊ မာနခက်ထန်တဲ့သူ သွားရအောင်နော် ပုံလေးပြရအောင်-

ခြင်္သေ့ပုံကြည့်နော်-

" မာနခက်ထန်၊ သမုဋ္ဌာန်မူ၊ အလွန်ကြမ်းလှေ့၊ ဆိုးမာန်ငွေ့နှင့်၊ ခြင်္သေ့ယောနိ၊ ဖြစ်တုံဘိ၏ " လို့ ပြတယ်နော်၊ ခြင်္သေ့မျက်နှာကို ဒီမျက်နှာကြည့်မှုပေါ်တာ အားလုံးကို ဂရုမစိုက်တဲ့ပုံကြီးနော်၊ စဉ်းစားနော်၊ မျက်နှာကြီးပုံစံကိုက မျက်မှောင်ကုတ်ပြီး တမျိုးကြီးပဲနော်၊ ဘယ်သူ့မှ အရေးမလုပ်တဲ့ ပုံကြီးမဟုတ်လား၊ ဟုတ်တယ်နော်၊ သူများကိုနှိမ့်ချ၊ ကိုယ့်ကိုမြှင့်တင် ငါမှငါပဲပေါ့၊ ကြီးကြီးပေါ့၊




အဲဒီမျက်နှာမျိုးထားရင် ကောင်းပါ့မလား၊ မထားနဲ့နော်၊ အဲဒီတော့ အဲဒီအားက မသေခင်ကပြောင်းတာ၊ ပုံပြောင်းတာ၊ အဲဒီအတိုင်း ပြန်ဖြစ်တာပဲ၊ အဲဒီတော့ ဆဲလ်လေးတွေက သန္ဓေမှီလိုက်တယ်၊ သူ့အရည်အချင်းကို မမှီမခြင်းကိုပွားလာတာ၊ ပွားပြီးတော့ ခြသေ့်မဖြစ်မခြင်းက ပွားတော့တာပဲ၊ မသေခင်က အရှိန်နဲ့သွားတာကိုး၊ ဟုတ်တယ်ဗျာ၊ လူထဲကဖြစ်တာကို မသေခင်ကတည်းက ဘဝပြောင်းတာ၊ စီးပွားရေးပါပြောင်းတယ်၊ အဲ မာနအရမ်းကြီးပြီး ကုသိုလ်မပါတဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင် အရမ်းဆင်းရဲသွားတာ၊ ဘုန်းဘုန်းတို့တွေ့ဖူးတယ်၊ အညာမှာ ဒကာတစ်ယောက်လေ ကျောပိုးအိတ်လေး လွယ်ပြီး စစ်သားအဝတ်နဲ့ မချွတ်ဘူး၊ သူ တဲနဲ့နေရတာ၊ အရမ်းဆင်းရဲတာ၊ မာနကအပြည့် မျက်မှောင်ကုတ်ပြီးတော့သွားနေတာပဲ၊ စကားပြောလဲအပေါ်စီးကပဲ၊ အောက်ကမနေဘူး၊ အဲဒါ ဘုန်းဘုန်းဆီ တစ်ခါလာပြီးထိုင်တော့ သူ့မျက်နှာတွေ့တော့ ရိပ်မိတော့ သူ့အကြောင်းပြောခိုင်းလိုက်တယ်၊ သူက အင်္ဂလိပ်မင်းလက်ထက်တုန်းက သံချပ်ကာ ကားမောင်းတာကိုး၊ အဲဒီမှာ ရွှေတံဆိပ်ရဘူးတယ်၊ အဲဒီတုန်းက ဘုရင်ခံကိုယ်တိုင်က ရွှေတံဆိပ်ပေးတာကိုး၊ အဲဒါကို ပုံကမပျောက်နိုင်ဘူး သူက၊ သဘောကျပြီး အဲဒီပုံက အရိပ်လိုဖြစ်ပြီး မာနတက်နေတာ၊ ဘယ်သူနဲ့မှမယှဉ်နိုင်ဘူး၊ လူကလဲ စားစရာမရှိဘူးတဲ့ ။ ခြသေ့်လိုဖြစ်နေတာ၊ ဘယ်သူမှအရေးမလုပ်ဘူး၊ သူမှသူပဲ၊ သူအမြင့်ဆုံးပေါ့၊ ကြောက်စရာသိပ်ကောင်းတာ။ လွန်လာပြီဆိုရင် စီးပွားလဲပျက်တာပဲ၊ သဘောပေါက်လား၊

တဖက်သားမေတ္တာလဲ မထားဘူးလေ၊ ဒါနခန်းလဲမပါဘူး၊ တဖက်သားကိုနားမလည်ပေးနိုင်တာ၊ သူ့ပဲ ဝိုင်းနားလည်ပေးရမယ်၊ သူ့စကားပဲနားထောင်ဆိုတော့ ဘယ်ဟုတ်တော့မလဲ၊ နားလည်မလား၊ ခုဘဝထဲကခြသေ့်ဓါတ်ဝင်လို့ရှိရင် ဆင်းရဲတာပဲ၊ ရှာရဖွေရလဲ ကြမ်းတမ်းလာတာပဲ၊ အဲဒါနိယာမ တရားကြီးပဲ၊ ဒါကြောင့်မသေခင်က ဘဝပြောင်းတာလေ ကမ္မဘဝဆိုတာ အဲဒါပြောတာ၊ နားလည် မလား၊ ရပြီနော်၊ သတ္တဝါပြောင်းနေတာ၊ သွားလိုက်ပါအုန်းနော်၊ တဆင့် ။ အတိမာနကျတော့ ခွေးဖြစ်တတ်တာတဲ့။ လူပုံသဏ္ဍာန်ပြောင်းပြီးတော့ ခွေးပုံသဏ္ဍာန် ပြောင်းသွားတာနော်။ မေးကလည်း ရှည်သွားတယ်။

သူ့ကျတော့နည်းနည်းနိမ့်တာပေါ့၊ သဘောပေါက်လား၊ အလွန်အကဲမရှိမသေများတာ၊ အမေလဲ မရှိသေ၊ အဖေလဲမရှိသေ၊ ရဟန်းသံဃာလဲ မရှိသေ၊ ဘုရားလက်ထက်က သောဒိယျ သူဌေး ကြားဘူးတယ် မဟုတ်လား၊ (၈၇)ကုဋေချမ်းသာတာနော်၊ ဘုရင်ကိုယ်တိုင် ထီးဆောင်းလှူတယ်၊ ဘုရင်နဲ့ ရင်းနှီးတာကိုး အဲဒါဘုရားကို သူကဆန့်ကျင်ဘက်ဝါဒနဲ့ အိုးနှုတ်ခမ်းထူနဲ့ တောင်းစားတဲ့ ရဟန်းကြီးလို့ ဘုရားကိုပြောတာ အရမ်းကြမ်းတမ်းတာ သူစိတ်လှိုင်းလွှတ်တာက ဘုရားကို မရိုသေတဲ့ လှိုင်းလွှတ်တာကိုး၊ အဲဒီတော့ သေတဲ့အခါမှာ အိမ်မှာပဲစွဲလန်းတော့ အိမ်ကိုပြန်ညွှတ်တယ်၊ သို့သော် လူမဖြစ်ဘူး၊ သူရဲ့ဖွဲ့စည်းပုံအတိုင်း ခွေးဖြစ်တယ်၊ ဖြစ်ခဲ့ဘူးတယ်နော်၊ ဒီကိစ္စက နိယာမတွေက ကိုယ်မှားရင်ကိုယ်ပဲခံရမှာ နားလည်မလား အဲဆက်လိုက်ပါအုန်းနော်၊ ဣဿမစ္ဆရိယပုံလေး ပြကြည့်နော်-

အဲဒါကျတော့ မျောက်ဖြစ်တတ်တယ်တဲ့၊ အဲဒီတော့ တဖက်[illegible]း မနာလိုလို့ရှိရင် သူများအတင်းပြောရင် မျောက်ဖြစ်တတ်တယ်၊ အဲဒီတော့မျောက်မျက်နှာက ခုန ခြသေ့်နဲ့ မတူဘူး။ နည်းနည်းကွာတယ်နော်၊ သူများကို အတင်းပြောလို့ရှိရင် မျက်လုံးကကြည့်ပါလား၊ အပြစ်တွေ ရှာပြီးတော့ မျက်လုံးကအပြစ်ရှာတဲ့မျက်လုံးနော်၊ ဒီနှုတ်ခမ်းကိုကြည့်၊ အပေါ်ကမောက်မနေဘူးလား၊ သေချာမှတ်နော်၊ အဲဒီမျက်နှာနဲ့ဖွဲ့စည်းပုံ အကဲခတ်ကြည့်ရင် အမြဲတန်း ကြည့်ပြီးတော့ ဘာအပြစ် ရှာရမလဲပေါ့။ အတင်းဘဲ ပြောတာများတာကို မနာလိုစိတ်များရင် အဲဒီမျက်နှာမျိုးပဲ၊ မျက်လုံး အနေအထားကြည့်ရင် သိသာပါတယ်နော်၊ မသေခင်ကကိုက ဓါတ်ပြောင်းနေတာ၊ အဲဒီပုဂ္ဂိုလ်တွေက ပြေးလွှားရှာနေရတာတဲ့၊ မျက်လုံးအနေအထားကြည့်ရင် သိသာပါတယ်နော်၊ မသေခင်ကကိုက




ဓါတ်ပြောင်းနေတာ၊ အဲဒီပုဂ္ဂိုလ်တွေက ပြေးလွှားရှာနေရတာတဲ့၊ မချမ်းသာဘူး၊ မြန်မာပြည်မှာ တချို့ကလေးတွေ ဘုန်းဘုန်းက ဆင်းရဲတာကြည့်တော့၊ တကယ်ပဲ ပြေးလွှားပြီးတော့ ကားကို တွယ်စီးရတယ်၊ ညဘက်ဆိုလဲညနက်မှပြန်ရတယ်၊ ပိုက်ဆံအရှာရတော့လဲ အဖတ်မတင် ကုန်တာဘဲ၊ အိမ်ရောက်လဲကုန်တာဘဲ၊ ပြေးလွှားရှာပြီး မရဘူးနော်၊ သူတို့ကိုအပြစ်မတင်ပါဘူး၊ ဘယ်သူ့မှ အပြစ်တင်စရာမရှိဘူးနော်၊ ဒီထဲကဓါတ်သတ္တိပေါ့၊ သူတို့ကြည့်တော့လဲပဲ၊ စကားပြောရင် ဆယ်ခွန်း ပြောရင် ရှစ်ခွန်းကသူများအတင်းပါတယ်၊ သူများမကောင်းကြောင်းကပါတာပဲ။ အိမ်နီးနားချင်းလဲ မတည့်ဘူး၊ နည်းနည်းလေးပိုက်ဆံရှိလာရင် အတင်းပြောပြီ၊ အချင်းချင်းတောင်မှ ဆန်အိတ်လေး ဝယ်နိုင်လို့ရှိရင် အတင်းပြောပြီ၊ တော်တော်ခက်တာ၊ အဲဒီတော့ မနာလိုစိတ်က သိပ်များကြတော့ သူတို့ကို သင်နေရတာ၊ အဲဒီတော့ မနာလိုစိတ်သိပ်များကြတာ၊ တောမှဆို ဒါတွေလိုက်လိုက် သင်နေရတာ၊ မနားတမ်းသင်ရတာ၊ မလုပ်ပါနဲ့၊ မလုပ်ပါနဲ့ အတန်တန်ပြောရတယ်နော်၊ တချို့လဲဘဲ နားလည်လာတော့ ရွာတိုင်းလိုလိုကြည့်တဲ့အခါမှာ တရားဟောတဲ့အကြိမ်အခါ နှစ်နှစ်ရှိပြီးကြာလာတော့

နည်းနည်းတော့ အဆင့်အတန်းမြင့်လာကြတယ်။ မြင့်လာတယ်၊ အဆင့်အတန်းမြင့်တာပေါ့နော်၊ တွေ့ရပါတယ်၊ ဒါအခြေခံအချက်ပဲ ဘယ်သူ့မှ အပြစ်တင်စရာ မရှိဘူးနော်၊ ကိုယ်မှားလို့ခံရတာ၊ သဘောပေါက်ရဲ့လား၊ ရမယ်နော်၊ ကောင်းပြီ ။ ဆက်လိုက်ပါအုန်းနော်၊ ကြမ်းတမ်းရိုင်းပြတဲ့စကားတဲ့ အမြဲတမ်းနှုတ်ဆက်ရင်တောင် အဆဲနဲ့၊ သူငယ်ချင်းမိတ်ဆက်လဲ အဆဲနဲ့၊ တချို့ကြမ်းတမ်းတဲ့ ပုဂ္ဂိုလ် ရှိတယ်နော်၊ ဒေါသပါတဲ့အဆဲနဲ့ဆို ကျီးကန်းဖြစ်တတ်တာတဲ့။




“နုတ်ဆိုးဖရုသ၊ ကံကြမ်းကြုတ်ကား၊ ငှက်ယုတ်ကာက၊ ဘဝရန့်ရင်း၊ ဖြစ်သိမ်ဖျင်း၏”

ဒေါသကအမြဲတန်းမှောင်နေတာကို အမြဲတန်းမကျေနပ်ဖြစ်ပြီး ဒေါသနဲ့အရှိန်ပါပြီး ကြမ်းတမ်းတာ၊ အဲဒီတော့ကာ အရောင်ပါမဲ့သွားတာ ကျီးကန်းအရောင်က နောက်ဆုံးအရောင်ပဲ၊ နောက်ထပ်ပြောင်းစရာမရှိ တော့ဘူး၊ မဲမှောင်နေတာပဲနော်၊ မေးလည်းရှည်ပြီး ကြမ်းမလာဘူးလား၊ အဲ သူ့မြင်ရင်လူတိုင်းက စိတ်မဝင်စားဘူး၊ သူကလဲဘယ်သူကိုမှ စိတ်ဝင်စားတာမဟုတ်ဘူး၊ ဒေါသ သမားကိုး၊ ကျီးကန်းဆိုရင် တကယ် စိတ်မဝင်စားကြတာနော်၊ သဘောပေါက်တယ်နော်၊ ဒါနိယာမ တရားကြီးပဲ၊ မသေခင်ကတည်းက အဲဒီပုဂ္ဂိုလ်တွေဟာ လူမှုရေးမှာ ခေါင်းပါးသွားတာချည်းပဲ၊

နားလည်တယ်နော်၊ အဲဒီတော့ မသေခင်ကတည်းက ဘဝပြောင်းတာမှတ်ထားရမယ်၊ ဒါဘုရားဟောကို မာန်လည်ဆရာတော်ကြီးက သေချာရှင်းပြီး လင်္ကာပါဒီထားတာနော်၊ ကဲ ဆက်လိုက်ပါအုန်း နောက်တစ်ခုနော်၊ ဒေါသတဲ့ ဆက်ပါအုန်း။

" ဆင်မြင်းကျွဲနွား၊ စသည်များကို၊ သနားမဲ့လတ်၊ ပုတ်ခတ်ရိုက်နှက်၊ နှိပ်စက်ထန်ပြင်း၊ ပြုကြခြင်းကြောင့်၊ ကင်းနှင့်ပုစွန်၊ ဖြစ်မမွန်တည်း။ " တဲ့ -




သူကဒေါသချားပြီးတော့ နောက်ဆုံးရိုက်တဲ့အဆင့်ကိုး ကြမ်းတမ်းတာနော်၊ တအားကြမ်းတမ်းပြီဆိုရင် အပူရှိန်များမလာဘူးလား၊ ဖိအားကောများမလာဘူးလား၊ အဲတော့ အကြေးခွံဖြစ်တာပေါ့။

ဥထဲကစတာပဲ၊ အဲဒီဥထဲက အပူရှိန်ဖိအားများတဲ့ အရှိန်အဟုန်ပါသောကြောင့် ဆဲလ်လေးတွေကြီးထွားတဲ့အခါမှာ ကျစ်မာတဲ့အထိအောင် အပူရှိန်ပြောင်းသွားတာ၊ သူ့အရှိန်နဲ့သွားတာ၊ ဟိတ်ကနော်၊ ဟေတုပဋ္ဌာန်း အင်မတန်အားကောင်းတာ ရေသောက်မြစ်လိုပဲ၊ အမြစ်တွယ်ပြီဆိုရင် သူ့မျိုးစေ့အတိုင်း သွားတော့တာပဲ၊ နားလည်မလား၊ မသေခင်ပါတဲ့မျိုးစေ့သတ္တိအတိုင်းနော်၊ ကျစ်မာပြီးတော့ အကြေးခွံ

ဖြစ်တဲ့အထိသွားတာ၊ မျက်လုံးကပြူးထွက်သွားတာ၊ ဒီမှာလဲ မျက်လုံးပြူးထွက်တယ်၊ တွေ့တယ် မဟုတ်လား၊ ဒေါသများတာကိုး၊ နားလည်တယ်နော်၊ ဒီကိစ္စကဘယ်သူမှ ကယ်လို့မရဘူးနော်၊ ကိုယ်မှားရင်ကိုယ်ပဲခံရမှာ နားလည်မလားရပြီနော်၊ ရှေ့ကို ထပ်သွားလိုက်ပါအုန်းနော်၊ ဒေါသနဲ့ ကုသိုလ် ရောတာနော်၊ အဲဒါကျတော့ ဒေါသက မြွေဖြစ်တတ်တာကိုး၊ အဲဒီတော့ ကုသိုလ်နဲ့ရောလို့ရှိရင် နဂါးဖြစ်တတ်တယ်တဲ့၊ နားလည်မလား၊ အဲဒီတော့ ကုသိုလ်ဓါတ်ကတော့ အကောင်ကြီး တန်ခိုးကြီး တာကိုး၊ ဒါလဲ ဘုန်းဘုန်းတို့ ဧရကပတ္တနဂါးမင်း အကြောင်းကြားဖူးတယ်မဟုတ်လား၊ နှစ်ပေါင်း ၂၀၀၀၀ နီးပါး ကုသိုလ်ဖြည့်ခဲ့တဲ့ရဟန်းကြီးပဲ။ သို့သော် ဝိပဿနာမကျွမ်းကျင်သေးဘူးနော်၊ အဲဒီမှာ ငါနဲ့ပဲ ရောနေတာပဲ၊ သေခါနီးမှာ ငါ့သီလလုံရဲ့လားလို့ ပြန်နှလုံးသွင်းတဲ့အခါမှာ သီလပျက်တာ သွားတွေ့ရတယ်၊ အဲဒီတော့ အသေးအဖွဲ့ပါပဲ၊ သို့သော်လည်း အသေးအဖွဲ့ကို အကြီးအကျယ်လို့ နှလုံးသွင်းမိတာ၊ မြစ်ကမ်းဘေးလေးမှာ လှေနဲ့သွားတုန်း လှေလူးတော့ ပိန်းဖတ်ကလေးဆွဲလိုက်မိတာ၊ ပြတ်သွားတာ၊ ဒေသနာမကြားမိဘူး၊ ငါ့မှာအပြစ်ရှိတယ်ဆိုပြီးတော့ကာ နှလုံးသွင်းတော့ကာ ဒီမှာပူသွားတာကို ကိုယ့်ကို အပြစ်တင်တာလဲ ကြောက်ရတယ်၊ ပြုလိုက်မိတဲ့အကုသိုလ် လက်လွှတ် လိုက်တဲ့ ကုသိုလ်အခွင့်အရေးတစ်ခုကိုတဲ့ ငါညံ့တယ်လို့အပြစ်တင်လို့ရှိရင် ပူမလာဘူးလား၊ အဲဒါမလုပ်ရဘူး၊ ပြီးပြီးသား ပြီးပြီ ထားခဲ့တော့ ရှေ့ကိုကောင်းအောင်လုပ်ရင် ပြီးတဲ့ကိစ္စ အဲဒါကို ပြန်တွေးပြီးတော့ အမြဲတန်းအားမရနေတာ တော်တော်ဆိုးတယ်၊ ကုက္ကုစ္စတရားခေါ်တယ်၊ အဲဒါတွေမရှိစေနဲ့နော်၊ ပြန်ပြောမယ်နော်၊ လွန်ပြီးသားကိစ္စကိုပြန်ပြီး အားမရနေတာ ကြောက်စရာ အကောင်းဆုံးပဲ၊ ပြင်လို့လဲမရဘဲနဲ့၊ သဘောပေါက်လား၊ ပြီးပြီးသားကိစ္စ အမှားတွေရှိတယ်၊ အခွင့်အရေးလွတ်တာတွေ ရှိတယ်မဟုတ်လား၊ တွေးပြီးတော့ကာကိုယ့်ကိုအပြစ်တင်တယ်ဆိုရင် အဆိုးဆုံးဘဲနော်၊ အဲဒါငြိနေတာပဲ၊ အဲဒီအရှိန်က သူကအပူဓါတ်ဆိုတော့ကာ အပူရှိန်များမလာဘူးလား၊ ဖိအားကောများလာတော့ ဖွဲ့စည်းပုံပြောင်းသွားတာ မေးကနည်းနည်းရှည်ပြီးတော့ကာ သူကလူ မဟုတ်တော့ဘူး၊ နားလည်ပြီလား၊ ကြမ်းတမ်းတော့ အဲဒီအရှိန်အဟုန်အတိုင်းသွားတဲ့အခါ နဂါးဖြစ်သွားတာ၊ တန်ခိုးကြီးပါတယ်၊ လူယောင်ဖန်ဆင်းလို့ရတယ်၊ သို့သော်လည်း အိပ်ရင် နဂါးပြန်ဖြစ်တယ်၊ စားရင်နဂါးလိုစားရတယ်၊ ပျော်ပါးရင် နဂါးလိုပဲ ပျော်ပါးရတယ်၊ ကျန်တဲ့အချိန်မှာ လူယောင်ဖန်ဆင်းလို့ရတယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရဘူး၊ ဟော်မုန်းအနေအထားက မဂ်ဉာဏ်

ဖိုလ်ဉာဏ်ကိုဆောင်နိုင်တဲ့ အားမရှိတော့ဘူး၊ လောင်သွားတာကို သိပ္ပံဆရာတွေမှန်နေတယ်နော်။ Tension မြင့်လို့ ကြမ်းတမ်းလို့ရှိရင် အတွေးများရင် ဟော်မုန်းညံ့တယ်ဆိုတာအမှန်ဘဲ၊ နားလည်မလား၊ သူတို့တကယ်တွေ့နေပြီ၊ ဒါဘုရားဟောနဲ့ကိုက်နေတယ်၊ အရှမ်းပူပြီးကြမ်းတုန်းက သေသွားရင် သူ့အချိုးအစားအတိုင်းပဲ ဟော်မုန်းညံ့တဲ့ သတ္တဝါဖြစ်သွားတာပဲ။ အရောင်အသွေးညံ့တယ်၊ ဒီကအတွေး အခေါ်ဖြစ်တဲ့စိတ်ကပါ အရောင်အသွေးညံ့သွားတာ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်မဆောင်နိုင်ဘူး၊ ဒါဖြင့် ခဏခဏ ဒေါသဖြစ်လို့ပူလာရင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပါ့မလား၊ မရဘူး။ မိုးကုတ်ဆရာတော် ဘုရားကြီးကတော့ အမိန့်ရှိတာပဲ၊ ကိစ္စမှန်သမျှ မဂ်တားဖိုလ်တားချည်းပဲလို့ပြောတယ်၊ ကိစ္စတစ်ခုကို မကျေမနပ်တွေးနေမယ်၊ ဆက်တွေးနေမယ်ဆိုရင် ဥပါဒါန် ကံဖြစ်မနေဘူးလား၊ ဖြစ်ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် အဝေးကြီးဖြစ်သွားမှာပေ့ါ၊ အဲ ကိစ္စအဝဝမှာ အပူနဲ့ယှဉ်ပြီး တော့ကာလောင်နေမယ်ဆိုရင် စွမ်းအားကျသွားပြီးတော့ကာ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ဝေးသွားလိမ့်မယ်။ မသေခင်ဘဝပြောင်းတာနော်၊ ဒါကြောင့်ဘုန်းကြီးက စာတန်းထိုးထားတာ၊ အချိန်တိုင်း တွေးနေရင်းဘဝ ပြောင်းနေသည်။ ပြန်ဆိုပါဦး၊ (အချိန်တိုင်းတွေးနေရင်းဘဝပြောင်းနေသည်။) ရမယ်နော်၊ ကျန်သေးလား။ မကျန်တော့ဘူးလား၊ ပြီးသွားပြီနော်၊

အော် ရှိသေးတယ်နော်၊ ဥပမာဖြင့်ရင် ကုသိုလ်လဲများတယ်၊ ဝေယျာဝစ္စတွေမှာ ကာမဂုဏ် အာရုံတွေပေ့ါနော်၊ အများကြီးလဲရှိတယ်၊ ကုသိုလ်လဲများတယ်၊ ဆန္ဒလဲစောတယ်ဆိုရင် ဂဠုန်ဖြစ်တတ် တယ်တဲ့။ နားလည်မလား၊ တန်ခိုးတော့ကြီးပါတယ်၊ သို့သော် သူက မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်ဘူး။

ဒီသဘောတရားကိုဘုန်းဘုန်းတို့မသိတဲ့အခါမှာ အဲဒီတော့ အခုလို တိရစ္ဆာန်ဘုံခန်း သန္ဓေမှီတဲ့ သဘောတရားကို မသိတဲ့အခါကျတော့ကာ မကြောက်ကြဘူးလေ၊ ဒီအတွေးတွေရှိနေတာကို သူက ပေါ့ပေါ့လေးထင်တာ၊ အဲဒီတော့ကာ တစ်ယောက်တည်းအရိပ်ကို အကောင်ထင်ပြီးတော့ကာ အတွေး ဆက်လို့ရှိရင်၊ ကြီးလေးတဲ့အပြစ်ကိုကျူးလွန်တယ်လို့ မှတ်ရမယ်၊ ကြီးလေးသောအပြစ်၊ ဘာလဲ၊ ကျူးလွန်နေတာတဲ့။ အများကြီးတစ်ခုပြုလုပ်တာနော်၊ နှလုံးသွင်းတာမှားနေပြီ အဲဒီတော့ ကိုန်းသေ သန္ဓေ ၄-မျိုးလာမှာပဲ၊ ကုသိုလ်များရင်တော့ အထက်ကိုဆန်မယ်၊ အကုသိုလ်များရင်တော့ အောက်ကို စုန်မယ်၊ တနည်းအားဖြင့် တဏှာအားများရင် အထက်ကိုမဆန်ပဲ၊ အောက်ကိုစုန်မယ်၊ တဏှာပါး ရင်တော့ အထက်ကိုဆန်မယ်၊ အဲဒီတော့ ဒီထဲမှာကြည့်လိုက်တော့ သန္ဓေ ၄-မျိုးဟာ

ဒီအတိုင်းလေးကြည့်လိုက်ပါ၊ ဥမ္မီတဲ့သခွေဟာ ဥမှာပြန်မိတဲ့အပြင် ကျန်တဲ့နေရာ ၃နေရာကို သွားနိုင်တယ်။




သဘောပေါက်လား၊ ဥပမာပြရင် လူဆိုလဲ လူကလူဖြစ်တဲ့အပြင် ခွေးလဲဖြစ်နိုင်တယ်၊ နွားလည်း ဖြစ်နိုင်တယ်တဲ့၊ အပြင်ကို ဥမ္မီတဲ့သတ္တဝါ၊ ဥပပတ္တိဖြစ်တဲ့အပြင်ကို ကျန်တဲ့သုံးနေရာ သွားနိုင်တယ်၊ ဒီအဝိုင်းလေးအတိုင်း ထွက်လမ်းရှိလား၊ သံသရာစက်ခေါ်တယ်၊ ထွက်လမ်းမရှိဘူး၊ ဒီလိုနဲ့ပဲ သံသရာကျင်လည်ခဲ့ရတာများပြီတဲ့။ သဘောပေါက်လား၊ ထွက်လမ်းက ဘယ်ကထွက်ရမလဲဆိုရင် ဒီအစပ်ကထွက်ရတာ၊ မနောတံခါးမှာ တွေးစရာအစ ပေါ်တဲ့အချိန်မှာ အမှန်တွေးတဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တဲ့ အမြင်မှန်နဲ့ အမှန်ဆုံးဖြတ်ပေးရတာ၊ နေတံမမ နေသောဟာမသို့၊ နမေသောအတ္တာ၊ အမှန်ဆုံးဖြတ်တော့ သတ္တဝါရှိသေးလား မရှိမှန်းသိတဲ့အလင်းနဲ့ ရှုတာနော်···ငါ ဟုတ်ပါ့မလား···· အကြိမ်များများပွားမှ အမြင်ရှင်းရှင်းလာတာ အလင်းအားကောင်းလာတာ သီလအားလဲဖြည့်ရတယ် ဒါနအားလဲပါရတယ်နော်···ဘာဝနာလဲပါတယ် တွဲတွဲပြီးအားဖြည့်ရတယ်····အဲဒီ အားနဲ့မှ အမြင်ရှင်းသထက်ရှင်းတော့မှဒီဘက်ကို မဆက်တော့တာ ဒါဖြင့်ရင်ဒီဉာဏ်သည်ကား သံသရာစက်က ထွက်သောကြောင့် ထွက်လမ်းဉာဏ်လို့ခေါ်တာ ထွက်လမ်းလို ကုလားလိုကျတော့ကာ ပါးစပ်ပေါက် ကိုလဲ မဂ်ပေါက်လို့သုံးတယ်····နားပေါက်ကိုလဲမဂ်ပေါက်···· နှာခေါင်းပေါက်ကိုလည်း

မဂ်ပေါက်····ဒ္ဒါရတွေလည်းမဂ်ပေါက်လို့သုံးတယ်···နားလည်မလား···· အဲဒါကိုဘုရားက ထွက်လမ်းပေါက်တွေကို ထွက်လမ်းဉာဏ်မဂ်ဉာဏ်လို့ ဘုရားက ပရိယာယ်နဲ့ နာမည်ပေးခဲ့တာ။ ဒါ အခု အမှန်အတိုင်း သတ္တဝါအထည်မဟုတ်ကြောင်း ဆုံးဖြတ်ပေးတဲ့ဉာဏ်ကို ဘာဉာဏ်ခေါ်မှာလဲ၊ မဂ်ဉာဏ်တဲ့၊ ကိုယ့်ဆုတောင်းပြည့်မနေဘူးလား၊ မဂ်ဉာဏ်သတ္တိ ဒီမှာကိန်းရင် ရနိုင်တယ် ပြောတာပဲ၊ နားလည်ပြီနော်၊ အဲတော့ ကိုယ့်အတိုင်းအတာသိပြီးသား ဉာဏ်ကို ထပ်ခါထပ်ခါပွားရင် ဖိုလ်ဉာဏ်ခေါ်ပြန်တာပဲ။ အဖြေထွက်ပြီးသားကို ထပ်ခါထပ်ခါကြိုးစားနေတာက ထွက်ပြီးသားအဖြေကို လေ့ကျင့်နေတာ ဖိုလ်ဉာဏ်သဘော အကြိမ်များစွာပွားရင်းပွားရင်းနဲ့ အသားတက်တာ ပြောတာပါပဲ။ အဲတော့ မဂ်ဖိုလ်နာမည်တွေကို စီပြီးတော့လိုက်ရင်ပင်ပန်းပါတယ်၊ အမြင်ရှင်းသထက်ရှင်းတာဆိုရင် ပြီးရောပေါ့ နားလည်မလား။ ရှုစရာခန္ဓာငါးပါးတစ်ခုတည်းပဲ ရှုရမယ်၊ သောတာပန်လဲဒါပဲ၊ သကဒါဂါမ်လည်း ဒါပဲရှုရမယ်နော်၊ အနာဂါမ် ရဟန္တာလည်း ဒီတစ်မျိုးတည်းပဲရှုရမယ်၊ သဘောပေါက်လား၊ ရှုရင်းနဲ့အသားတက်လာလို့ သတ္တိများလာလို့ရှိရင်ပြီးတာပဲလို့ မှတ်ရမယ်။ နားလည်ပြီလား မှားစရာရှိသေးလား၊ ကြိုးစားကြတော့နော်၊ လက်အုပ်ချီကြတော့ ။

ဤကဲ့သို့ ဘုရားရှင်ဟောကြားဆုံးမတော်မူတဲ့အတိုင်း မိမိတို့သန္တာန်မှာ သံသရာကိုကျင်လည်စေတတ်တဲ့ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ် သံသရာချဲ့ထွင်တတ်တဲ့ တရားသုံးပါးတဲ့ စိတ်အမြင်မှားတွေပါပဲ။ ဒါကိုဘုရားရဲ့တန်ခိုးတော် ဘုရားရဲ့ကျေးဇူးကြောင့်တဲ့ ဘုန်းဘုန်းတို့တတွေက အမြင်မှန်ကိုသဘောပေါက်ပြီ နော်၊ သိပြီဆိုရင် ကျင့်တော့တဲ့ ကျင့်ရတော့မယ်နော်၊ ကြိမ်ဖန်များစွာ အမူအယာတိုင်းကျင့်ပေတော့တဲ့၊ နားလည်မလား၊ ကြိမ်ဖန်များစွာပွားတော့မှသာလျှင်တဲ့ အသွေးအသားမှာ အမြင်မှန်သတ္တိတွေ ဉာဏ်သတ္တိတွေ များသထက်များလို့ နောက်ဆုံးပိတ် ရာနှုန်းပြည့်သွားတဲ့အခါမှာ တဏှာအစပ်အပြီးပြတ်လျှက် အရဟတ္တမဂ်ဖိုလ်ဖြင့် ခန္ဓာဇာတ်သိမ်း ငြိမ်းနိုင်ကြပါစေ။

(ဆရာတော်ဘုရားပေးတဲ့ ဆုနဲ့ပြည့်ရပါလို၏ဘုရား ။ သာဓု သာဓု သာဓု)

ကျေးဇူးကြီးတဲ့ဘုရားကိုကန်တော့ရအောင်နော်-

(နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ) ၃-ခေါက်

## ခန္ဓာငါးပါးသည်“ ဆင်းရဲအမှန် ” ဖြစ်ခြင်း

ခန္ဓာငါးပါးကို ဆင်းရဲအမှန် မြင်နိုင်ရေးအတွက် ဗုဒ္ဓမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး က အနက်လေးခုနဲ့ ရှင်းလင်းဟောကြားခဲ့ပါတယ်။ ဆင်းရဲအစစ်ရဲ့ သဘောတရားသည် နှိပ်စက်တဲ့ သဘောတရားရှိသောကြောင့်“ ပီဠန ” ဆိုတဲ့အဓိပ္ပါယ် ၇စ်ခုရမယ်၊ “ ပီဠန ” = နှိပ်စက်သော သဘော ဖြစ်ပေမဲ့ နိဗ္ဗာန်နဲ့သိပ်မနီးသေးဘူး မဂ်နဲ့ ဖိုလ်နဲ့ မနီးသေးဘူးလို့ မိုးကုတ်ဆရာတော် ဘုရားကြီးလည်း အမိန့်ရှိခဲ့ပါတယ်။ နောက် အနက်တစ်ခုက ဖောက်ပြန်သောသဘောရှိတဲ့အတွက် “ ဝိပရိဏာမ ”သည် ဆင်းရဲခြင်းပဲလို့ ဟောကြားခဲ့ပါတယ်၊ ဒီအနက်ကလည်း မဂ်ဖိုလ် နိဗ္ဗာန်နဲ့ အနီးဆုံးတရားမဟုတ်သေးပါဘူး၊ နောက်အနက်တစ်ခုကတော့ “သင်္ခတပြုပြင်ခံရခြင်း” ဖြစ်တယ်၊ ပြုပြင်ခံရခြင်း ဆိုသည်မှာ ကံ၊ စိတ်၊ ဥတု၊ အဟာရ (၄)မျိုးပေါင်းပြီး ဖြစ်သောကြောင့် တစ်ခါတစ်ရဲ တိုးလောင်တယ်၊ တစ်ခါတစ်ရဲ လျော့လောင်တယ်၊ အတိုးအဆုတ်ရှိတာယ်၊ ဆင်းရဲလို့ပြောသော်ငြားလည်း သင်္ခတသည် နိဗ္ဗာန်နှင့် အနီးဆုံးမဟုတ်သေးဘူးလို့မှတ်ကြပါ။

နောက်ဆုံးအနက်ဖြစ်တဲ့“ သန္တာပဋ္ဌ ” မီးလို့ခေါ်တဲ့ဆင်းရဲခြင်းသည် မဂ်ဖိုလ်နဲ့ အနီးဆုံးတရား ဖြစ်ပါတယ်၊ မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဒါတွေကို အကုန်မြင်ပြီး အသေးစိတ်ပြန်လည် ဟောကြားနိုင်ခဲ့တယ်၊ “သန္တာပဋ္ဌမီး” လို့မြင်မှသာ ဆင်းရဲဆိုတာပေးမယ်၊ အဲဒီလိုမြင်မှ ရှုမှ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်နှင့် အနီးစပ်ဆုံးဖြစ်မှာလို့ မှတ်သားကြပါ။

အဲဒီလိုမြင်နိုင်ဖို့ ဥပမာတစ်ခုပြောမယ်၊ သားသမီး(သို့မဟုတ်) အမျိုးထဲက တစ်ဦးတစ်ယောက် သေတယ် ဆိုပါတော့၊ သေသူရဲလက်ရာ ခြေရာ၊ အမူအရာတွေပြန်တွေးကြည့်မိတိုင်း ရင်မှာပူနေမယ်၊ ပုံလေးတွေဖေါ်ဖေါ်ပြီး ပူလောင်ခြင်းသည် ခန္ဓာငါးပါးမီးဖြစ်ပါတယ်။

ဘုန်းကြီးရဲ့ ရဟန်းအမတစ်ယောက် ဖြစ်ပျက်ခဲ့တာ ကြုံဘူးတယ်၊ သူက မူလက ပြည့်ပြည့် ဖြိုးဖြိုးပဲ၊ နယ်မှာတရားစခန်းဖွင့်ပြီး ကျောင်းပြန်ရောက်တော့ ကျောင်းမှာရောက်နေတဲ့ ရဟန်းအမကို ပိန်လှီနေတာကိုတွေ့ရတယ်၊ ဘုန်းကြီးက “ ဘာအပူတွေဖြစ်နေလဲ ” လို့မေးလိုက်တော့ “ အရှင်ဘုရား တပည့်လေး သေသွားပြီဘုရား”လို့ ဖြေရင်းငိုတော့တာပဲ၊ သေတဲ့ခလေးမလေးက အသက်(၂၀)လောက် ရှိပြီး တရားလည်းဝါသနာပါတယ် ရောဂါသည်ဖြစ်ပေမဲ့ တရားအားထုတ်ပြီးသေတာဖြစ်တဲ့အတွက် အသေကောင်းပဲ မိခင်ဖြစ်သူကတော့ နှမြောပြီး ငိုနေတာကိုတွေ့တော့ ဘာလို့ပိန်တာလဲလို့ စဉ်းစားမိပြီး သဘောပေါက်မိတယ်။

မိမိသန္တာန်မှာ လောင်တဲ့နေရာက ခြောက်နေရာရှိတယ် မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဖြစ်တဲ့ ခြောက်ဒွါရ ရုပ်-နာမ်ပေါင်း ပြီးလောင်တယ် လောင်ကျွမ်းမှုနှုန်းက မျက်တောင်တစ်ခတ်ကာလမှာ ရုပ်ဘက် ကုဋေပေါင်း ငါးထောင်ကျော်၊ စိတ်ဘက်က ကုဋေပေါင်း တစ်သိန်းကျော် လောင်သွားတာဖြစ်တယ်။ အဲဒီလောင်တဲ့နေရာကို အသစ်အစားထိုးမှု ဖြစ်ပေါ်ပေးရတယ် အစားထိုးမှု မရှိရင် အားလုံးပျက်စီးကုန်မှာ ဖြစ်ပါတယ်။

ကုန်ဆုံးသွားတယ် ပထမကိုယ်ထဲမှာရှိတဲ့ ပိုးတွေစားပစ်တယ်၊ ရိုးရိုးကိုယ်ပေါ်မှာ ချွေးပျံပြီး မီးလောင်တာရယ် ဒွါရတွေဆီ အသစ်အသစ်ပျက်စီးတာတွေကို အစားထိုးသလို ရိက္ခာပို့ရတာရယ် ကျင်ကြီး၊ ကျင်ငယ် စွန့်ပစ်တာတွေ ဖြစ်ပါတယ် စားတဲ့အဟာရကို အစာအိမ်ကချက်ပြီး ပို့ရတာ ဖြစ်ပါတယ်။

## ရွာကြီး(၆)ရွာမီးလောင်ကျွမ်းခြင်း

ဒွါရ(၆)ပါးကိုဥပမာအားဖြင့် ရွာတစ်ရွာစီသတ်မှတ်လိုက်ပါ။ ရွာ (၆) ရွာမှာ ခန္ဓာငါးပါး မီးလောင်ကျွမ်းနေတယ်၊ ရွာသားတွေအတွက် ထမင်းထုပ်ပို့ပေးနေရတယ် ပိုပြီး မီးလောင်မှုများတဲ့ရွာကို ထမင်းထုပ် များများပို့ပေးရမှာဖြစ်တယ်။ မီးဘေးကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မှုလုပ်မယ်၊ ရွာ(၆)ရွာမှာ အိမ်ခြေ (၅၀) ဆယ်စီပဲလောင်ရင် အညီအမျှနီးပါးပဲ ထမင်းထုပ်မျှဝေပို့ပေးစရာလိုမယ်၊ တစ်ရွာမှာ ပိုလောင်ရင်တော့ ပိုလောင်ရတဲ့ရွာကို ထမင်းထုပ်ပိုပြီး ပို့ပေးရမှာဖြစ်တယ် ခွဲတမ်းစနစ်နဲ့ ပို့ပေးနိုင်တဲ့အခြေအနေမှာ တစ်ရွာကို ပိုပြီးပို့ပေးရရင် တခြားရွာ (၅) ရွာမှာ ထမင်းထုပ်ရိက္ခာအရ နည်းသွားမယ်လို့သဘောပေါက်ကြပါ။

မီးပိုလောင်တဲ့ရွာဘက်ကို များများပို့ရတဲ့အတွက် ကျန်ရွာတွေအရနည်းသွားတဲ့အတွက် လျော့စားရတယ် အဟာရနည်းတော့ အသစ်အစားထိုးမှု လျော့သွားမယ်။ မနောဒွါရမှာ အကြိမ်ကြိမ် မီးလောင်တဲ့အခါ အဲဒီရွာကိုပဲ ရိက္ခာပို့ရတာ ပိုများပေးရတယ်။ '' စိတ် '' တည်ရှိရာ ဟဒယရုပ်ကို ပို့ရတာများတော့'' ကိုယ် '' ဆိုတဲ့ဒွါရရွာကို ပို့ရမဲ့ရိက္ခာလည်းလျော့မယ်။ မျက်စိ ဒွါရရွာကိုလည်း ရိက္ခာလျော့ရမယ် အဲဒီတော့မျက်နှာညှိုးမယ် နွမ်းလျမယ်။ မျက်စိလည်းဝေလို့ အမြင်ကြည်လင်မှု မရှိတော့ဘူး။ ရိက္ခာအရနည်းလို့ အသစ်အစားမထိုးနိုင်လို့ နားလည်းအူ အနံ့လည်းခံနိုင်စွမ်းအားလျော့ ခံတွင်းပျက်လို့ အရသာလည်းမခံနိုင် ဖြစ်မှာပဲ ''စိတ်ထောင်းတော့ကိုယ်ကြေ'' ဆိုတဲ့စကားက ဒီနေရာမှာ ထင်ပေါ်နေတာကိုတွေ့ကြရမယ် အားလုံးသဘောပေါက်မယ်ထင်တယ်။

စိတ်မှာလောင်ကျွမ်းမှုနဲ့ ပတ်သက်လို့ အနောက်နိုင်ငံ သိပ္ပံပညာရှင်များ စမ်းသပ်မှုတစ်ခု ပြုလုပ်ခဲ့တဲ့ ဆောင်းပါးတစ်ပုဒ် ဖတ်ခဲ့ဖူးတယ် စမ်းသပ်မှုက ကြွက်ဖြူနှစ်ကောင် အတူတူ မွေးထားရာကနေ တစ်ကောင်ကို တိတ်ဆိတ်ပြီး အေးချမ်းတဲ့ ဆူညံမှုမရှိတဲ့ တောထဲမှာမွေးထားတယ် နောက်တစ်ကောင်ကိုတော့ ဆူညံနေတဲ့ စက်သံတဂြိန်းဂြိန်းနဲ့ စက်ရုံထဲမှာ မွေးထားလိုက်တယ် အမြင်ရော အကြားရော ရှုပ်နေတဲ့နေရာတစ်ခုဖြစ်တယ်။ အဲဒီကြွက်နှစ်ကောင်ကို နေ့စဉ် အလေးချိန်တူတဲ့ အဟာရတူတဲ့ အစာအညီအမျှကျွေးတယ် ခြောက်လကြာတဲ့အခါ ကြွက်နှစ်ကောင်ကို အလေးချိန် ချိန်ကြည့်တော့ တောထဲမှာ မွေးထားတဲ့ကြွက်က အလေးချိန်နှစ်ဆပိုတိုးနေတာ တွေ့ရတယ်။ စက်ရုံမှာ မွေးထားတဲ့ကြွက်မှာက နားကလောင် မျက်စိကလောင် ခန္ဓာငါးပါးမီးလောင်တာ ပိုများတော့ အာဟာရက အသစ်သစ်တွေ ပိုအစားထိုးပေးရတဲ့အတွက် အလေးချိန်မတက်နိုင်တော့ဘူး။ ခန္ဓာငါးပါး သည် " မီး " ဆိုတဲ့သဘောဖြစ်တယ်လို့ ပိုပြီးပေါ်လွင်စေတဲ့ စမ်းသပ်မှုဖြစ်ပါတယ်။

## မျက်စိရောဂါဝယ်ယူခြင်း

ခန္ဓာငါးပါးသည် ပေါ်ပြီးပျောက်ခြင်း သဘောဖြစ်ရမှာ "မီး" လောင်တဲ့သဘောဖြစ်တယ်လို့ မှတ်ကြပါ။ မျက်စေ့ဒွါရက အဆင်းကို ကြည့်တဲ့အခါ မြင်သိစိတ် ခန္ဓာငါးပါးလောင်ကျွမ်းခြင်း ဖြစ်ပါတယ် ယခုခေတ်မှာ တီဗီ ဗီဒီယိုတွေ ပေါ်လာလို့ လူတွေက မနားတမ်း ကြည့်ကြတယ်။ မနားတမ်းကြည့်ခဲ့ရင် လက်နှိပ်ဓါတ်မီးကဲ့သို့ သုံးပါများရင် အားနည်းသွားမယ်ဆိုတာ သဘော ပေါက်တဲ့သူများက သိမြင်ကြတယ်။ လက်နှိပ်ဓါတ်မီးကို အသုံးပြုရင် ဓါတ်ခဲရော မီးသီးပါ လောင်ကျွမ်းပြီး သုံးပါများလာရင် ဓါတ်ခဲလည်းအားကုန်မယ် မီးသီးလည်း ကျွမ်းမယ်။ ကြာကြာ သုံးလို့မရဘူး။ အဲဒီလိုပဲ မျက်စေ့သည် တီဗီမနားတမ်းစိုက်ကြည့်နေရင် မြင်သိစိတ်ရော မနောမှာ ကြံသိစိတ်ရော အသစ်သစ် အစားထိုးရမယ် ရုပ်မှာလည်း အစားထိုးရမယ် အာဟာရက အဆီဩဇာ ပို့ရာမှာ မျက်တောင်တစ်ခတ် ကာလလေးအတွင်းမှာ စိတ်ကကုဋေပေါင်း တစ်သိန်းကျော် ရုပ်က ကုဋေပေါင်း ငါးထောင်ကျော်နှုန်း ဖြစ်ပေါ်ပြီး ပျောက်သွားတာဖြစ်လို့ အစားထိုးပေးမှု မပြတ်လုပ် ပေးနေရတယ်။

မျက်စေ့မှာ လောင်ကျွမ်းမှုများလာခဲ့ရင် အသစ်အစားထိုးပေးနေသော်လည်း ခံနိုင်ရည်စွမ်း ရည်ထက် ပိုလောင်ရတော့ကြာရင် မျက်လုံးတွေ ကြည့်လို့မကောင်းတော့ဘူး မှုန်ဝေလာမယ် တီဗီ

ပေါ်လာတဲ့ခေတ်မှာ မျက်မှန်ဆိုင်တွေကြီးပွားကုန်ကြပြီ။ တီဗီ ဗီဒီယိုကြည့်တာများလို့ မျက်လုံးတွေ ပျက်စီးလာတဲ့အခါ ရောဂါကုရ မျက်မှန်တပ်ရနဲ့ မျက်မှန်ဆိုင်တွေပိုပွားများလာပြီး မျက်မှန်ဆိုင်တွေ ကြီးပွားနေကြတာ ဘာကြောင့်လည်းစဉ်းစားကြပါ။ တီဗီဝယ်ခြင်းသည် မတောင်းပဲနဲ့ပြည့်တဲ့ ဆုတစ်ခုရမယ်။ တီဗီဝယ်တာသည် မျက်စိရောဂါဝယ်သလိုပဲ ဖြစ်တာကို သဘောပေါက်ကြပါ။

## ကိလေသာ

ကိလေသာတွေဟာ သတ္တဝါတွေကို ပင်ပန်းညစ်နွမ်းစေတဲ့ တရားဖြစ်ပါတယ်။ ကိလေသာ (၁၅၀၀) ရှိပါတယ်။ အဲဒီကိလေသာ(၁၅၀၀)ကို ချုံ့လိုက်ရင် ကိလေသာ(၁၀)ပါး ရပါတယ်။ အဲဒီ (၁၀)ပါးကိုထပ်ချုံ့လိုက်ရင် လောဘ၊ ဒေါသ၊ မောဟ တရားသုံးပါးသာရပါတယ်။

တကယ်တော့ကိလေသာဆိုတာကလည်း ပရမတ္ထသစ္စာဖြစ်တဲ့ ခန္ဓာငါးပါး(ဝါ) စိတ် စေတသိက်၊ ရုပ်တွေကိုအခြေခံပြီး ဖြစ်ပေါ်လာတာပါ။ ကိလေသာ (၁၅၀၀)ဖြစ်လာပုံကိုပြပါမယ်။

| | | |
|---|---|---|
| စိတ် | = | ၁ |
| စေတသိက် | = + | ၅၂ |
| | | ၅၃ |
| နိပ္ဖန္နရုပ် | = + | ၁၈ |
| | | ၇၁ |
| လက္ခဏာရုပ် | = + | ၄ |
| | | ၇၅ |
| အဇ္ဈတ္တ ဗဟိဒ္ဓ | = × | ၂ |
| | | ၁၅၀ |
| ကိလေသာ | = × | ၁၀ |
| | | ၁၅၀၀ |

စိတ်(၁) စေတသိက်(၅၂)ပါးကတော့ နားလည်ပြီးသားဖြစ်မှာပါ နိပ္ဖန္နရုပ် (၁၈)ပါးကို ပြပါမယ်။ ရုပ် (၂၈)ပါးမှာ နိပ္ဖန္နရုပ် (၁၈)ပါးနဲ့ အနိပ္ဖန္နရုပ်(၁၀)ပါး စုစုပေါင်း (၂၈)ပါးဖြစ်လေသည်။ ရုပ်(၂၈)ပါး အသေးစိတ် သိရှိလိုပါက "စူဠသောတာပန်ဉာဏ်နှင့် မြတ်ဗုဒ္ဓ၏အလုပ်ပေးတရား" စာအုပ်တွင် ဖော်ပြထားပါသည်။ နိပ္ဖန္နရုပ် (၁၈)ပါးကိုသာ အကျဉ်းပြပါမည်။

**နိပ္ဖန္နရုပ်(၁၈)ပါး ( သဘာဝရုပ်ဟုလည်းခေါ်သည်)**

| | | |
|---|---|---|
| ၁။ ဘူတရုပ် | (၄) ပါး | ( ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ) |
| ၂။ ပသာဒရုပ် | (၅) ပါး | ( စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ ) |
| ၃။ ဂေါစရရုပ် | (၄) ပါး | ( ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓါရုံ၊ ဩဇာ ) |
| ၄။ ဘာဝရုပ် | (၂) ပါး | ( မိန်းမရုပ်၊ ယောကျ်ားရုပ် ) |
| ၅။ ဟာဒယရုပ် | (၁) ပါး | ( မနောဝိညာဏဓါတ် - စိတ်၊ စေတသိက် တို့မှီရာ) |
| ၆။ ဇီဝိတရုပ် | (၁) ပါး | ( ကမ္မဇရုပ်တို့၏ ရှင်သန်မှုသဘော ) |
| ၇။ အာဟာရရုပ်ဩဇာ | (၁) ပါး | ( ပထဝီ၊ အာပေါ၊ အဆီဩဇာ ) စုစုပေါင်း(၁၈)ပါးဖြစ်သည်။ |

**လက္ခဏာရုပ် (၄) ပါး**

လက္ခဏာရုပ် (၄) ပါးမှာ နိပ္ဖန္နရုပ် ( ၁၀ )ပါးထဲမှ လက္ခဏာရုပ် (၄)ပါးတို့ဖြစ်လေသည်။

၎င်းတို့မှာ- (၁) ဥပစယ = ရုပ်တို့၏အစဖြစ်ခြင်းသဘော

(၂) သန္တတိ = ရုပ်တို့၏အစဉ်မပြတ်ခြင်းသဘော

(၃) ဇရတာ = ရုပ်တို့၏ရင့်ရော်ခြင်းသဘော

(၄) အနိစ္စတာ = ရုပ်တို့၏ပျက်စီးခြင်းသဘော တို့ဖြစ်လေသည်။ အဇ္ဈတ္တ နှင့် ဗဟိဒ္ဓ တို့သည် အတွင်းကိလေသာ နှင့် အပြင်ကိလေသာတို့ကိုဆိုလိုသည်။

ကိလေသာ(၁၀) ပါးကတော့ (၁) လောဘ၊ (၂) ဒေါသ၊ (၃) မောဟ၊ (၄) မာန၊ (၅) ဒိဋ္ဌိ၊ (၆)ဝိစိကိစ္ဆာ (၇) ထိနမိဒ္ဓ၊ (၈) ဥဒ္ဓစ္စ၊ (၉) အဟိရိက၊ (၁၀) အနောတပ္ပ တို့ဖြစ်လေသည်။ ၎င်းကိလေသာ (၁၀)ပါးကိုအနုစား အလတ်စား အကြမ်းစား အနေဖြင့်(၃)မျိုးခွဲခြားနိုင်လေသည်။ ၎င်းတို့မှာ-

(၁) ပရိယုဋ္ဌာနကိလေသာ ( ကိလေသာအကြမ်းစား ) သီလနှင့်သတ်ရမည်။
(၂) ဝိတိက္ကမကိလေသာ ( ကိလေသာအလတ်စား ) သမာဓိနှင့်သတ်ရမည်။
(၃) အနုသယကိလေသာ ( ကိလေသာအနုစား )
ဝိပဿနာပညာနှင့်သာသတ်နိုင်သည်။

ကိလေသာအကြမ်းစားတွေဆိုတာ ကာယကံ၊ ဝစီကံ မြောက်အောင် ထကြွသောင်းကျန်းတဲ့ ကိလေသာတွေပါ။ အဲဒီကိလေသာကို သတ်ဖို့အတွက် ငါးပါးသီလ၊ ရှစ်ပါးသီလ စောင့်ထိန်းလိုက်ရင် အကြမ်းစား ကိလေသာတွေ မဖြစ်တော့ပါဘူး။

အလတ်စားကိလေသာဆိုတာကတော့ အတွေးတွေပါပဲ စီးပွါးရေးတွေ ကာမဂုဏ်အာရုံတွေက သားရေး၊ သမီးရေး၊ စတဲ့အတွေးတွေပုံဖေါ်စဉ်းစားတွေးခေါ်နေတာကို အလတ်စားကိလေသာလို့ ခေါ်ပါတယ် ။အဲဒီ ကိလေသာကိုသတ်ဖို့ သတိပဋ္ဌာန်၊ အာနာပါန၊ သမထဘာဝနာ စီးဖြန်းလိုက်ရင် အဲဒီ ကိလေသာတွေ သေနိုင်ပါတယ်။

အနုသယကိလေသာကတော့ အင်မတန်နုနယ်တယ် မနောမှာပေါ်တဲ့ ပုံရိပ်တွေကို ငါပိုင်တယ် ထင်နေတာ ငါလို့ထင်နေတာ၊ အကောင်အထည်အတုံးအခဲတွေထင်နေတာတွေဟာ အနုသယ ကိလေသာတွေပါ။ အင်မတန်နုနယ်သိမ်မွေ့တဲ့အတွက် ဝိဿနာပညာနဲ့သာရှုမှတ်ပွားများပြီး သတ်နိုင်ပါတယ်။ ရှုမှတ်ပွားများရမှာကတော့ နေတံမမ၊ နေသောဟမသို၊ နမေသောအတ္တာလို့သာ ရှုမှတ်ပွားများလိုက်ရင် အနုသယကိလေသာတွေ သေသွားပါပြီ။

## ဓမ္မာရုံအကြောင်း

ဓမ္မာရုံဆိုတာ ဓမ္မ + အာရုံ ဖြစ်ပါတယ်။ သဘောအားဖြင့်ဖြစ်သောအာရုံလို့ခေါ်ပါတယ်။ မျက်စိမှိတ်လို့ မနောမှာပေါ်တဲ့အာရုံ(ပုံရိပ်)ကိုဓမ္မာရုံလို့ခေါ်တယ်။ ဓမ္မာရုံကိုယူမယ်ဆိုရင် ရုပ်၊ နာမ်၊ ပညတ် နိဗ္ဗာန်ထိပါ ပါတယ်။ အဲဒီဓမ္မာရုံက သဘောမျှဖြစ်တဲ့အာရုံ ဖြစ်တဲ့အတွက် ကိုင်တွယ်လို့ မရပါဘူး။ အင်မတန်နူးညံ့တဲ့အာရုံ ဖြစ်ပါတယ်။

စိတ္တဇအာပေါလို့ခေါ်တဲ့ စိတ်ကြောင့် ဖြစ်သောအာပေါဓါတ် ဖွဲ့စည်းမှုကြောင့် ပရမာဏုမြူ ရုပ်မှုန်လေးတွေ ဖွဲ့စည်းပြီး ပုံရိပ်ပေါ်လာတဲ့ သဘောသာ ဖြစ်ပါတယ်။ သုခုမရုပ်လို့လည်း ခေါ်ပါတယ်။ မျက်စိနဲ့မကြည့်ဘဲနဲ့ ပေါ်နေတဲ့ ပုံဏ္ဍာန်မှန်သမျှ ဓမ္မာရုံထဲထည့်လိုက်ပါ။

ဒုရက်မံ ဧကစာရံ (အင်မတန်ဝေးတဲ့အရပ်ကအာရုံကိုလည်းပဲ ဆွဲယူကျက်စားနိုင်တယ်တဲ့)

အာရုံဆိုတာဒီမှာကျတော့အရိပ်ကလေးနော် ပုံရိပ်ကလေးမဟုတ်လား ပြီးရင်စိတ်က အကောင်အထည် မရှိဘူးတဲ့၊ စိတ်ကတစ်ခါပေါ်ရင် တစ်စိတ်ပဲပေါ်တယ်( ဧကစိတ္တာသမ္ပယုတ္တာ ) မှီတာသည် နှလုံးအိမ်မှာ မှီထားတာတဲ့။ အဲဒီစိတ်ကိုဆုံးမနိုင်ရင် သေခြင်းတရားကလွတ်တယ် ဇာတိမလာဘူးတဲ့။

ဒီတော့အဓိကအာရုံတွေ ဘယ်မှာသွားစုလဲဆိုရင် မနောမှာသွားစုတယ် မနောတံခါးမှာ သွားစုတာ မြင်ဖူးတာ၊ ကြားဖူးတာ၊ စားဖူးတာ၊ နံ့ဖူးတာ၊ ထိဖူးတာအစုံပေါ့နော် ကျမ်းအရ ပြန်ကြည့် ရင်လည်း ရှေ့ကငါးဒွါရ တိုက်ပြီးလို့ရှိရင် အသိပေါ်ပြီး ကာလမခြား မနောမှာပေါ်ပါတယ်တဲ့ ကာလမခြားဆိုတာ တိုက်ရိုက်ပေါ်တာကိုပြောတာ။ ဆိုလိုတာက ရှေ့ကငါးဒွါရဖြစ်တဲ့ (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် )ဆိုတာတွေကို စာရင်းထဲမထည့်တော့ဘူး။ မနောမှာပေါ်တာကိုပဲ ယူရလိမ့်မယ်။

## ဘဒ္ဒေကရတ္တသုတ္တန်

အဲဒီသုတ္တန်ကို နတ်တွေကြိုက်လွန်းလို့ ဘုရားက(၄)ခါတောင် ဟောရတဲ့တရား ဖြစ်ပါတယ် ''အတိတ်ခန္ဓာကိုလည်းအစဉ်မလိုက်ရာ၊ အနာဂတ်ခန္ဓာကိုလည်းမတောင့်တရာ'' အတိတ်ခန္ဓာသည် ချုပ်ပျောက်ပြီးပြီ၊ အနာဂတ် ခန္ဓာလည်းရောက်မလာသေး၊ ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသောပုဂ္ဂိုလ်သည် တွန့်တိုခြင်း ပျက်စီးခြင်းမရှိသော ထိုဝိပဿနာ ရှုမှုကို အဖန်ဖန်ပွားများရ၏။

တရားပွဲ စခါစက သီလယူခဲ့တာကို ပြန်တွေးမယ်။ အမူအရာတွေပေါ်မလာဘူးလား ဒီလို ပေါ်တာသည် ဟိုအချိန်က ရုပ်နာမ်တွေပြန်ပေါ်လာတာလား(အသစ်ပေါ်လာတာပါ) တွေးလို့ရတယ်နော် အတိတ်ရုပ်နာမ်က ပြန်လာပါ့မလား၊ သဘောပေါက်ပြီနော်။

အတိတ်ရုပ်နာမ် ပြန်လာပါ့မလား၊ အတိတ်ကိုတွေးလို့ကိုမရတာပဲ။ အထင်မှားမှုကြောင့် အတိတ်ထင်တာ တံလျှပ်ကို ရေမှတ်ထင်တာလိုပေါ့။ အတိတ်ထင်တာက ဟုတ်မှမဟုတ်တာဘဲ။ အခုတွေးလို့ အခုပေါ်တာကို အတိတ်လို့ ထင်နေကြတာ။

အနာဂတ်ခန္ဓာကိုမတောင့်တရဘူးတဲ့၊ ပေါ်မလာသေးလို့တဲ့၊ အာရုံဒွါရမတိုက်သေးလို့ ပေါ်လို့ မရသေးဘူး။ ဟုတ်မဟုတ်စဉ်းစား ခုနေပြောမယ်။ တရားပွဲပြီးရင်အိမ်ပြန်မယ်လို့ တွေးလိုက်တယ်

ဆိုရင်ပဲ အမှုအရာတွေ ပေါ်မလာဘူးလား ပေါ်လာတာသည်တရားပွဲပြီးမှပေါ်မဲ့ရုပ်နာမ်လား၊ အခု ပေါ်တာလား (အခုပေါ်လာတာပါ ဘုရား) အခုတွေးလို့အခုပေါင်းလောင်တာ အနာဂတ်ဟုတ်ပါ့မလား (မဟုတ်ပါဘူး) အနာဂတ်ကိုတွေးလို့ မရဘူးလေ၊ တကယ့်တရားနယ်ပယ်မှာ ပရမတ္ထတရားနယ်ပယ်မှာ အနာဂတ်ဆိုတာမှမရှိပဲ၊ အနာဂတ်ခန္ဓာ ဆိုတာမရှိဘူး။ ကာလဆိုတာသည် ပရမတ္ထတရားမဟုတ် ပညတ်တရားဖြစ်နေတယ် တကယ်မရှိဘူး။

"ကာလဆိုတာတကယ်မရှိဘူး တကယ်ဖြစ်နေတာက အာရုံသိသဘောတရားကဖြစ်နေတာ၊ စိတ်၊ စေတသိက်၊ ရုပ်တွေနဲ့တကယ်ဖြစ်နေတာ" ဒီတော့ အဲဒီသိသဘောတရားကို ကာလအထင်မှား သတ်မှတ်တာ ကာလသည် တကယ်ရှိတာမဟုတ်ဘူး၊ လောကနယ်ပယ်မှာသုံးပါ။ အလုပ်ခွင်မှာ မသုံးပါနဲ့ အလုပ်ခွင်က သိသဘောကို လောကထဲမှာသွားမသုံးနဲ့၊ မနက်ဖြန်မရှိဘူးဆိုတာမျိုး သွားမလုပ်ပါနဲ့၊ မနေ့ကအကြောင်းလာမပြောနဲ့လို့ မလုပ်ပါနဲ့ "

" သမုတိသစ္စာကိုလည်း အစူးမနာပါစေနဲ့၊ ပရမတ္ထသစ္စာလည်း နယ်မကျော်ပါစေနဲ့ "

## အဘိဇ္ဈာ

အဘိဇ္ဈာ = ရှေ့ရှုကြံစည်ခြင်းတဲ့ သူတစ်ပါးရဲ့ပစ္စည်းကိုမတရားလိုချင်တာ အဖြည့်ပုဒ် ဖြစ်ပါတယ်။ သတိပဋ္ဌာန်နဲ့ပြန်ကြည့်တော့ အမှုအရာတိုင်းမှာသူကရှိနေတယ်၊ သူပိတ်ဆို့နေတယ်၊ သူ့ကိုပယ်ရမှာ။

**ရှေ့ရှုကြံစည်ခြင်းဆိုတာ** - မလုပ်ခင်ကပြီးချင်နေတာ မသွားခင်ကရောက်ချင်နေတာ ဆန္ဒစောတာ၊ အဘိဇ္ဈာကော ရှေ့ရှုကြံစည်ခြင်းကော ရှေ့ကိုစောတာ၊ ဆန္ဒစောတာကိုဆိုလိုတာပါ။

ကိုယ်ထိုင်သာထိုင်နေတယ် အဘိဇ္ဈာဝါတ်ရှိနေတယ်။ ရှေ့ရှုကြံစည်ခြင်း ရှိနေတယ်၊ ကိုယ့်ကိုယ်ကို သေမယ် မထင်ထားရင် ကိုယ့်အတွက် နေ့ခင်းရှိနေတယ်၊ ညနေရှိနေတယ်၊ မနက်ဖြန်ရှိနေတယ်၊ အဲဒါ အဘိဇ္ဈာပဲပေါ့၊ အခုတရားပွဲနာရင်း၊ ရေချိုးရအုန်းမယ်၊ ထမင်းစားရအုန်းမယ် ဆိုတာရှိနေရင် အဲဒါအဘိဇ္ဈာပဲ အနာဂတ် ရှိတယ်ဆိုရင်ပဲ လုပ်သာလုပ်နေတယ် ရှေ့ကို ကိုင်းရှိုင်း ညွတ်နေတယ်၊ အဲဒါကိုပြောနေတာ နိဗ္ဗာန်သည် ကာလသုံးပါးမှ လွတ်ရမယ်လို့ဆိုနေတာ အနာဂတ် ရှိနေတယ်ဆိုရင်ကာလမလွတ်နိုင်ဘူး။ သွားရင်းလာရင်းနဲ့ ရှေ့မှာလုပ်စရာတွေ ရှိနေတယ်ဆိုရင် တဏှာအစပ်မပြတ်နိုင်ဘူး အကောင်းဖြစ်ချင်တာလေးရှိရင် ကာမစ္ဆန္ဒ။ ပေါ်တဲ့သဘောတရားကတော့

ခန္ဓာငါးပါးက လုံးဝစကားပြောခြင်းမရှိ အသစ်အသစ်ပဲအစားထိုးတယ် အဟောင်းတွေမရှိတော့ဘူး။ ဒါသုံးသပ်ချက်နဲ့သွားတာ သူ့သဘောမှာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်မှာလည်း အတုံးအခဲ အရည်အားဖြင့် ရှိမနေဘူး။ လွတ်မြောက်နေတယ် အရှိအရှိအတိုင်း တွေ့တဲ့အခါမှာ အဘိဇ္ဈာမပါဘူး။

## အဘိဇ္ဈာစိတ်ရဲ့အရေးကြီးပုံ

အဘိဇ္ဈာဆိုတာ ရှေ့ရှုကြံစည်ခြင်းပါ၊ ဆိုလိုတာက မလုပ်ခင်ကပြီးချင်တာ၊ မသွားခင်ကရောက်ချင်တာ။ စိတ်စောနေတာလို့လည်း ပြောလို့ရပါတယ်၊ ဝိပဿနာတရားအားထုတ်တဲ့အခါ ဒီသဘောတရားရှိရင် တရားမရနိုင်ပါဘူး။ အဘိဇ္ဈာစိတ်ကြောင့် ရှေ့ရှုကြံစည်ခြင်းရှိနေတဲ့အတွက် သူ့အတွက်အနာဂတ်ရှိနေပါတယ်။ ဝိပဿနာအားထုတ်ရာမှာ ကာလသုံးပါးမှလွတ်ရမယ်ဆိုတော့ ကာလမလွတ်တဲ့အတွက် တရားမရနိုင်ပါဘူး။

အဘိဇ္ဈာစိတ်ကြောင့် အနာဂတ်ဆိုတာရှိနေတယ်ဆိုတဲ့အတွက် အနာဂတ်ထိ ခိုင်မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိကြီးပါနေတဲ့အတွက်လည်း တရားမရနိုင်ပါဘူး။

ငါတစ်နာရီအတွင်း တရားရအောင်အားထုတ်မယ်ဆိုတဲ့ ဆုံးဆုံးဖြတ်ဖြတ် ကြံစည်ထားတဲ့ ဥပါဒါန်ရှိနေတဲ့အတွက်လည်း တရားမရနိုင်ပါဘူး။

ဒီလိုဆိုအဘိဇ္ဈာစိတ်ကို ဘယ်လိုသတ်မလဲလို့ မေးစရာရှိပါတယ်၊ အဘိဇ္ဈာစိတ်သတ်ဖို့ရာ မရဏာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းရပါမယ်။

(ငါအခုနေ သေခဲ့သော် အားလုံးကိုစွန့်ခွါသွားရမယ်၊ ငါ့သားငါ့သမီး၊ ငါ့စည်းစိမ်ဥစ္စာတွေအားလုံးကို ထားခဲ့ရပါမယ်၊ ငါ့သားငါ့သမီး ငါ့စည်းစိမ်ဥစ္စာတွေကလည်း ဘာမှအားကိုးလို့မရဘူး၊ သေရင် တစ်ယောက်တည်း သွားရမှာ၊ အခုအသက်ရှူဆဲထုတ်ဆဲမှာလဲသေသွားနိုင်တယ်၊ ဒါကြောင့် ရှူဆဲမှာနောက်ဆုံး ခံစားမှု ထုတ်ဆဲမှာနောက်ဆုံးခံစားမှုပါပဲ၊ ဒီခံစားမှုတွေက နောက်ဘယ်တော့မှ ထပ်ပေါ်မှာ မဟုတ်တော့ပါဘူး၊ အဲဒီလိုရှုလိုက်ရင် အဘိဇ္ဈာစိတ်ချုပ်သွားပါတယ်၊ အဘိဇ္ဈာစိတ်ချုပ်ရင် အနာဂတ်အတွက် ကာမစ္ဆန္ဒတွေဗျာပါဒ တွေမရှိတော့ပါဘူး……။ နီဝရဏတရားတွေ မလာတော့ပါဘူး မိုးကုတ်ဆရာတော်ဘုရားကြီးကတော့ဆောင်ပုဒ်လေး ပေးထားပါတယ်…။

**'ငါသည်မုချသေရမည် အချိန်ပိုင်းသာလိုတော့သည် အသေမဦးခင်ဉာဏ်ဦးအောင် အားထုတ်ပါတော့မည်။'**

## အခေါ်ရှိ နဲ့ တကယ်ရှိ ( ပညတ် နဲ့ ပရမတ် )

ဥပမာ- လူလို့ပြောလိုက်တယ်။ ဒါဟာစကားလုံးတစ်ခုအခေါ် လူတစ်ယောက်ရှိလားလို့ ရှာတဲ့အခါ ဒါဟာလူပါလို့ ပြောမှာ ပြမှာပေါ့ ပြောတဲ့အခါ လက်နဲ့ကိုင်ကြည့်တဲ့အခါ ပူတယ်၊ အေးတယ်၊ ပျော့တယ်၊ မာတယ်၊ ခံစားရမယ် မဟုတ်လား၊ သိလိုက်ပြီးရင် မျက်စိမှိတ်ထား။ သို့သော် မကြည့်ဘဲနဲ့ လက်တွေမျက်နှာတွေ ပေါ်မနေဘူးလား။ အဲဒါသည် ဘုရားပြောတဲ့ ခန္ဓာငါးပါး ဖြစ်တယ် အာရုံသိကတော့ ပေါ်နေမယ်တဲ့ အာရုံသိကို နောက်စိတ်နဲ့ကြည့်တဲ့အခါ ကျွန်တော်လူပါလို့အဖြေပေးသလား မပြောဘူးနော်…

အရိပ်ကအဖြေမပေးဘူးလေ၊ ဘယ်ပြောမလဲ နားကိုကိုင်ကြည့်ရင်လည်း အေးတာ၊ ပူတာ၊ ပျော့တာ၊ မာတာတွေ့နေမယ်၊ မနောမှာလည်းပုံရိပ်ပေါ်နေတယ် မဟုတ်လား။ အဲဒီအရိပ်သည် စကားပြောလားဆိုတော့ မပြောဘူး။ ဒါလူတကယ်ရှိတာလား ခန္ဓာငါးပါးကတကယ်ရှိတာလား ဒါဖြင့် အခေါ်ကသပ်သပ် တကယ့်အရှိက ခန္ဓာငါးပါးမဟုတ်လား။ ဒါသည်လောက၊ လောက ဆိုတာသည် ဘာကိုသတ်မှတ်တာလဲလို့ ဘုရားကဟောတာ ကြည့်တော့ ခန္ဓာငါးပါးကိုပြောတာပါပဲ။ ဒါကြောင့် -

" အခေါ်အရှိလိုက်စားဘိ ရောက်၏ပါယ်လေးရွာ၊
တကယ့်အရှိ လိုက်စားဘိ ရောက်၏ပါယ်လွတ်ရာ "

| | | | |
|---|---|---|---|
| အဲဒီခန္ဓာငါးပါးကို | နေတံမမ | ……. | ငါပိုင်တာလို့မပြောကြောင်း ။ |
| | နေသောဟမသ္မိ | ……. | ငါလို့မပြောကြောင်း။ |
| | နမေသောအတ္တာ | ……. | အကောင်အထည် မဟုတ်ကြောင်း သိပေးနေရုံပါပဲ။ |

တကယ်လို့များ နောက်စိတ်ကအမှောင်ဖုံးနေမယ်ဆိုရင် အကောင်အထည်ထင်တယ်တဲ့။ အကောင်အထည် ထင်တာကို " ဒိဋ္ဌိ " လို့ခေါ်တယ်။ အတုံးအခဲအစိုင်အခဲ ထင်တာကို" ဒိဋ္ဌိ " လို့ခေါ်တယ်။ သူငါထင်ရင်" မာန" ဆက်တာသည် " တဏှာ " ဖြစ်တယ်။ ဒါဆိုရင် ရုပ်ရှင် ဖလင်ကွက်ဇာတ်လမ်းလိုပဲ အတွေးတွေကရှည်ပြီး မဆုံးနိုင်တော့ဘူး ရင်ထဲမှာ စကားတွေပြောပြီး ကျန်ခဲ့တယ် သေခါနီးတောင် ရင်ထဲမှာ စကားတွေမရပ်တန့်တော့ဘူး။ လာကြပါအုန်း ကယ်ကြပါ

အုန်းနဲ့ အော်ဟာစ်ရုန်းကန်ပြီး တင်းသေတဲ့ပုဂ္ဂိုလ်သည် အပါယ်လေးပါးပါပဲ။ နှလုံးအေးပြီး ငါနဲ့ယှဉ်ရင်လည်း အထက်ဆန်ပြီးနောက် သေမှာပဲ။ အကောင်အထည် ထင်သေးတယ်။ အသက် ဝင်သေးတာကိုး အကောင်အထည်မဟုတ်ကြောင်း ဆုံးဖြတ်လို့ရှိရင် ချုပ်ငြိမ်းတာသွားပေါ်တယ်။ ဒါဆိုမဆက်တော့ဘူး။ ဒီအခါ ဇာတိမလာတော့ဘူး။ သံသရာထွက်လမ်းတဲ့။

"အသက်ရှုလိုက်လို့ကိုယ်မှာထိရင် မနောအထိပေါ်တယ်၊ အရှုခံငါးပါး၊ အဲဒါကိုနောက်စိတ်က ပညာအလင်းနဲ့ကြည့်တဲ့အခါ တံလျှပ်လိုပျောက်သွားတယ်၊ ဒါဆိုဆက်ပါဦးမလား၊ မဆက်လို့ ချုပ်တာတွေ သွားတွေ့တယ်ဆို တဏှာအစပ်ပြတ်ပြီး နိရောဓဖြစ်သွားတာပဲ။

## သောတာပတ္တိမဂ်ပုဂ္ဂိုလ် (စူဠသောတာပန်) နှင့် မဂ်(၄)ပါး ဖိုလ်(၄)ပါး

၁။ အရှုခံ ခန္ဓာငါးပါးကိုသိတယ်

၂။ သတ္တဝါအထည်မဟုတ်ကြောင်းသိတယ်

၃။ ပေါ်တိုင်း ပေါ်တိုင်းရှုတတ်ပြီဆို သောတာပတ္တိမဂ် ကိုကျင့်သောပုဂ္ဂိုလ် ဖြစ်သောကြောင့် **သောတာပတ္တိမဂ်ပုဂ္ဂိုလ်** ခေါ်သည်။ ဤကဲ့သို့ တဏှာအစပ်ပြတ်အောင် ရှုမှတ်၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရသွားပါက **သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်** ဟုခေါ်လေသည်။ သောတာပတ္တိဖိုလ်ရပြီး သကဒါဂါမိမဂ် ရအောင် ယခင်အတိုင်းပွားများအားထုတ်နေသော ပုဂ္ဂိုလ်ကို **သကဒါဂါမိမဂ်ပုဂ္ဂိုလ်**ဟုခေါ်ပြီး ရှုမှတ်ရင်း သကဒါဂါမိမဂ်ဖိုလ်ရပါက **သကဒါဂါမိဖိုလ်** ဟုခေါ်လေသည်။ ဆက်လက်၍ အနာဂါမိမဂ်ရအောင် အားထုတ်သောပုဂ္ဂိုလ်ကို **အနာဂါမိမဂ်ပုဂ္ဂိုလ်** ဟုခေါ်၍ မဂ်ဉာဏ် ဖိုလ်တည်သွားပါက **အနာဂါမိဖိုလ်ပုဂ္ဂိုလ်** ဟုခေါ်ပြန်သည်။ အရဟတ္တမဂ်ရအောင် အားထုတ်ပါက **အရဟတ္တမဂ်ပုဂ္ဂိုလ်** ဟုခေါ်၍ မဂ်ဖိုလ်တည်သွားပါက **အရဟတ္တဖိုလ်(ရဟန္တာ)** ဟုခေါ်သည်။ ပုဂ္ဂိုလ်ကို အမည်ပေးသော နာမည်များမဟုတ်ဘဲ ဉာဏ်ကိုအမည်ပေးသော နာမည်များဖြစ်လေသည်။

တဏှာ အစပ်ကိုဖြတ်တတ်၍ ကျင့်ကြံအားထုတ်နေသောယောဂီတို့သည် သေခါနီး၌တကယ့် အသေနှင့် ကပ်နေပြီး ကိုယ့်အတွက် အနာဂတ်မရှိတော့ပေ။ အနာဂတ်မရှိတော့ အဘိဇ္ဈာမလာတော့ပေ အဲဒီအချိန်၌ သံဝေဂပြင်းထန်နေ၍ အပြင်းအထန် ဉာဏ်က ဖြတ်ပါတော့သည်။ အခု ယောဂီတို့ သိပ်အားမစိုက်ကြသေးတာသည် ကိုယ့်ကိုကိုယ်သေမည်ဟုမထင်သောကြောင်းဖြစ်သည်။ သေမည်ဟုသာ အတိအကျသိပါက ယွန့်လိုမနေတော့ပေ ယွန့်ထက်ပိုပြီး အနာဂတ်ပျောက်နေသဖြင့် ရှုမှတ်အား၊

ဉာဏ်အားများ ပိုကောင်းလာလေသည်။ စောစောစီးစီး ဉာဏ်တွေရင့်ချင်တယ်ဆိုလျှင် အသေကိုပိုပြီး ကပ်ရပါမည်။ အသေများများကပ်ဖို့ မရဏ၊ အသုဘ ကမ္မဋ္ဌာန်း များများပွားများရပေမည်။

## မသေခင်ကပင်ဒိုသခွေ့ရနေပုံ

ဘဝဆိုတာကို သေသေချာချာ နားလည်ရမယ်၊ အိပ်ပျော်နေတဲ့သူဟာ ဘဝမြုံနေတာပဲ၊ အဲဒီအချိန်မှာ သူ့ရဲ့ဘဝမရှိဘူး၊ ဘဝင်စိတ်ဖြစ်တဲ့အချိန်ပေါ့၊ နိုးလာတော့မှ အာရုံကြောတွေဆက်စပ်မိပြီး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဒွါရနဲ့ အာရုံတွေတိုက်လို့ သိစိတ်ပေါ်ရတာ၊ အဲဒီသိစိတ်ပေါ်တဲ့အချိန်ဟာ အဲဒီသူရဲ့ ဘဝပဲ။ နိုးပေမယ့်လဲ အဆင်းသာရှိပြီး မျက်စိကန်းတဲ့သူ တစ်ယောက်ဆိုရင် မျက်စိနဲ့ပတ်သက်တဲ့ ဘဝကို မရနိုင်ပါဘူး၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဆိုတာတွေလဲ ဒီအတိုင်းပဲ။ မြင်စိတ်ပေါ်တဲ့ အချိန်ဟာ သူ့ရဲ့ဘဝပဲ၊ အဲဒီအချိန်မှာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ တရားတွေပေါင်းပြီး လောင်တာ။ ဒိုင်နမိုမီးစက်က တစ်စက္ကန့်မှာ အကြိမ် ၄၀၊ ၅၀ လောက် တဖျတ်ဖျတ်နဲ့ပေါ်ပြီး ချုပ်ပျောက်ကြတယ်။ ခန္ဓာငါးပါးကတော့ ရုပ်တရားက မျက်စိတစ်မှိတ်မှာ ကုဋေ ၅၀၀၀နဲ့ ၆၀၀၀ကြား ချုပ်ပျောက်ပျက်စီးပြီး၊ နာမ်တရားကတော့ ကုဋေ တစ်သိန်း ကျော်ချုပ်ပျောက်ကြတယ်။ ဒိုင်နမိုမီးစက်ကြောင့် မီးပွင့်ကလေးတွေဟာ ပေါ်လိုက် ပျောက်လိုက် အကြိမ်အလွန်မြန်နေတဲ့အတွက် မီးကတစ်ဆက်တည်းလင်းနေတယ်လို့ ထင်နေရသလို ရုပ်၊ နာမ်တွေက ဒီထက်ပိုပြီး အဆပေါင်းများစွာ လောင်နေတော့ တစ်ဆက်တည်းလို့ ပိုပြီး ထင်နေရတာပေါ့။ မြင်ခန္ဓာ၊ ကြားခန္ဓာ၊ နံခန္ဓာ၊ စားသိခန္ဓာ၊ ထိသိခန္ဓာ၊ ကြံသိခန္ဓာတွေအားလုံး အတူတူပဲ။

မြင်ခန္ဓာ၊ ကြားခန္ဓာ၊ နံခန္ဓာ၊ စားသိခန္ဓာ၊ ထိသိခန္ဓာ၊ ကြံသိခန္ဓာတွေဟာ သူ့သက်ဆိုင်ရာ ဒွါရတွေမှာ ပေါ်ရပေမယ့် ကာလမခြား မနောမှာပေါ်ပြီး ဆုံးဖြတ်ချက်ချတယ်။ အမှောင်ဓါတ် များတဲ့သူက အမှားဆုံးဖြတ်တယ်၊ အပူဓါတ်နဲ့လောင်တယ်၊ အလင်းဓါတ်ရှိတဲ့သူက အမှန်ဆုံးဖြတ် တယ်၊ အအေးဓါတ်နဲ့ လောင်တယ်၊ အလင်းဓါတ်များတဲ့သူကတော့ ဝိပဿနာပညာနဲ့ဆုံးဖြတ်တယ်။ အပူဓါတ်လောင်တဲ့သူက အကုသိုလ်တွေလုပ်မိတော့ အပါယ်လေးဘုံ၊ အအေးဓါတ်လောင်တဲ့သူကတော့ ကုသိုလ်တွေလုပ်မိလို့ သုဂတိ ၇-ဘုံနဲ့ပြဟ္မာ။ လောင်ကျွမ်းမှုမရှိမှသာ နိဗ္ဗာန်ကိုရမှာဖြစ်တယ်။

ဒါဆို အပူဓါတ်နဲ့အအေးဓါတ် ဘာကြောင့်လောင်ရသလဲဆိုရင် အာရုံသိသဘော ခန္ဓာငါးပါး ဖြစ်ပေါ်တဲ့ အချိန်မှာဆုံးဖြတ်ချက်ချတဲ့ မောဟကြောင့်ပဲဖြစ်တယ်၊ မောဟနဲ့ဆုံးဖြတ်ချက်ချလိုက်တော့ တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတဲ့ ပပဉ္စတရား(၃)ပါးပေါ်လာတယ်၊ ပပဉ္စဆိုတာ သံသရာကိုချဲ့ထွင်တတ်တဲ့ တရားပဲ၊ အဲဒီတဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ တရား(၃)ပါးမလာအောင်၊ ဝိပဿနာ အရှုဉာဏ်ဖြစ်တဲ့ နေတံမမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာ လို့ရှုဉာဏ်ကလေးနဲ့သိပေးလိုက်ရင် အမှောင်ဓါတ် ပျောက်ပြီး အလင်းရောက်လာမယ် တစ်နည်း အလင်းရောက်လို့ အမှောင်ပျောက်သွားတာ၊ တမင် အမှောင်ကို ဖျောက်ရတာမဟုတ်ပါဘူး။

| | | |
|---|---|---|
| နေတံမမ | (ငါ့ဟာမဟုတ်) လို့ရှုလိုက်တော့ | တဏှာမလာတော့ဘူး၊ |
| နေသောဟမသ္မိ | (ငါမဟုတ်)လို့ ရှုလိုက်တော့ | မာနမလာတော့ဘူး၊ |
| နမေသောအတ္တာ | (ငါ့ကိုယ်မဟုတ်)လို့ရှုလိုက်တော့ | ဒိဋ္ဌိ မရှိတော့ဘူး။ |

ဒါဆို တဏှာ၊ မာန၊ ဒိဋ္ဌိပြုတ်သွားပြီ၊ သံသရာမချဲ့တော့ဘူး၊ သံသရာမချဲ့ဘူးဆိုတာ သမုဒယသစ္စာ သေသွားတာ၊ အကြောင်းသမုဒယသစ္စာသေရင် အကျိုးဒုက္ခသစ္စာဖြစ်တဲ့ ဇာတိ မလာတော့ ဇရာမရဏလဲ မလာတော့ဘူး၊ ဒါဆို အိုနာသေလွတ်ပြီ။ အိုနာသေလွတ်ရာ နိဗ္ဗာန်ပါပဲ။

နိဗ္ဗာန်ဆိုတာကိုလဲ နားလည်ဖို့လိုပါတယ်၊ နိဗ္ဗာန်ဆိုတာကိုမသိပဲနဲ့ သေအောင်အားထုတ်နေ၊ ရမှာမဟုတ်ပါဘူး၊ ရှေ့ပိုင်းမှာရှင်းပြထားသလို၊ နိ+ဝါန ကလာတာ၊ နိဝါန ဆိုတာ တဏှာမရှိတဲ့သဘော ကိုပြောတာ။ ရှုဉာဏ်ဖြစ်တဲ့နေတံမမ က ရှုလိုက်တော့ တဏှာမလာတဲ့အချိန်မှာ နိဗ္ဗာန်ပဲ၊ တဒင်္ဂနိဗ္ဗာန်လို့ ခေါ်တယ်။ မရှုတဲ့အချိန်မှာတော့ တဏှာကပြန်ဝင်နေမှာပဲ။

တဏှာမဝင်အောင် ရှုဉာဏ်ကို ကြိမ်ဖန်များစွာ ပွားများနေရပါမယ်၊ ဒါဆို အလင်းဓါတ် အပြည့်အဝ သတ္တိတွေကိန်းသွားတဲ့အခါ တဒင်္ဂနိဗ္ဗာန်ကနေ တကယ့်နိဗ္ဗာန်ကို ရပါလိမ့်မယ်။ ဒါကြောင့် ကြိမ်ဖန်များစွာ ရှုပွားဖို့လိုပါတယ်။ ဘယ်လောက်ထိအောင် ရှုပွားရမလဲဆိုရင် မိုးကုတ်ဆရာတော် ဘုရားကြီးက ခြောက်သွေ့တဲ့ ဝါးနှစ်ချောင်းနဲ့ ဥပမာပေးထားပါတယ်၊ ဒီဝါးနှစ်ချောင်းကို ပွတ်တိုက် နေပါ၊ ပွတ်တိုက်ပါများရင်ပူပြီး မီးထွက်လာပါလိမ့်မယ်၊ မီးထွက်လာတဲ့အထိ ပွတ်တိုက်ဖို့ လိုပါ လိမ့်မယ်။ ခဏပွတ်တိုက် ချထားလိုက်လုပ်နေရင်တော့ မီးထွက်လာမှာမဟုတ်ပါဘူးတဲ့။ ပိုင်းလော့ ဆရာတော်ကတော့ ဓါတုဗေဒနည်းအရ TITRATION နည်းနဲ့ နမူနာပြပါတယ်။ မတူညီတဲ့

ဆားနှစ်ခုကို ဖန်ပြွန်တစ်ခုစီမှာ အရည်ဖျော်ထည့်ပြီး တစ်စက်ချင်း ရောစပ်ထည့်ပါတဲ့။ အစက် ၁၀၀၀ ပြည့်မှ အရောင်ပြောင်းမယ်ဆိုရင် ၉၉၉ စက်လောင်းထည့်ပေမယ့် အရောင်မပြောင်းသေးဘူး။ ၁၀၀၀ ပြည့်တော့မှ အရောင်ပြောင်းသွားတယ်လို့ နမူနာပြခဲ့ပါတယ်။

အဲဒီလိုပါပဲ တဏှာအစပ်မဝင်အောင် အာရုံဒွါရကတိုက်လို့ မွေးလာတဲ့ခန္ဓာငါးပါးကို အလင်းဓါတ်ဖြစ်တဲ့ နေတံမမ၊ နေသောဟမသို့၊ နမေသောအတ္တာ ဆိုတဲ့ ရှုဉာဏ်နဲ့ ကြိမ်ဖန်များစွာ ပွားနေဖို့ လိုပါတယ်။ အစက် ၁၀၀၀ ပြည့်တဲ့အချိန်မျိုးရောက်တဲ့အခါ တကယ့်နိဗ္ဗာန်ကိုရပါပြီတဲ့။ နိဗ္ဗာန်ကိုခံစား စရာမြင်စရာဆိုပြီး ရှာလို့မရပါဘူး၊ တဏှာမရှိရာနိဗ္ဗာန်ပါ၊ အရှုခံနဲ့ အရှုဉာဏ် တည့်နေတဲ့အချိန်မှာ တဏှာ လာလို့မရဘူး၊ အဲဒီအချိန်က နိဗ္ဗာန်ပဲ၊ ဒါကြောင့်တဏှာမလာအောင်သာ ဝိပဿနာဉာဏ်နဲ့ ရှုရမှာပါ။ တဏှာကို မလာချုပ်လို့ခေါ်တယ်၊ ခန္ဓာငါးပါးထဲက ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် တို့ကို မရှုပဲ သညာကို ရှုတာပိုပြီးလွယ်တယ်။

ရုပ်ကိုရှုရင်လည်း ရုပ်တွေရမှာမဟုတ်ဘူး၊ ရေမြှုပ်ကဲ့သို့ရှုရမယ်။ Gas ပါတဲ့ အချိုရည်ပုလင်း ဖွင့်လိုက်တဲ့အချိန်မှာ ရေမြှုပ်တွေကို တွေ့ရမှာပေါ့။ အဲဒီရေမြှုပ်တွေကပေါ်ပြီး ချက်ခြင်းပျောက်သွား တယ်။ ရုပ်ဆိုတဲ့ ပူတဲ့သဘော၊ အေးတဲ့သဘော၊ လှုပ်ရှားတဲ့သဘော၊ ရုန်းကန်တဲ့သဘော၊ မာတဲ့သဘော ပျော့တဲ့သဘောတွေဟာလည်း အဲဒီအတိုင်းပါပဲ၊ ပေါ်ပြီးပျောက်ပျောက်သွားတယ်၊ ထပ်ပေါ်၊ ထပ်ပျောက် ဖြစ်နေတာ၊ အရမ်းမြန်တော့ တစ်ဆက်တည်းလို့ ထင်နေရတယ်၊ ဒါကြောင့်ရုပ်ကိုရှုရင် ရေမြှုပ်ကဲ့သို့ ရှုရပါမယ်။

ဝေဒနာကျတော့ ရေပွက်ကဲ့သို့ရှုရပါမယ်၊ ထမင်းအိုးတည်တဲ့အခါ ဆူလာရင် ရေပွက်ကလေး ပေါ်လာမယ်၊ ပြီးရင်ပျောက်ပျောက်သွားတယ်၊ ဝေဒနာကိုမတွေ့ရဘူး၊ ရေပွက်လို့ပေါ်ပြီး ပျောက်သွား တာပဲ တွေ့ရမှာ၊ ဝေဒနာကိုတွေ့နေသေးရင်တော့ နည်းမမှန်သေးဘူး။

သညာကျတော့ တံလျှပ်ကဲ့သို့တဲ့၊ ကတ္တရာလမ်းတွေမှာ နေရောင်ကြောင့် ပေါ်နေတဲ့ တံလျှပ်တွေ တွေ့ရပါလိမ့်မယ်၊ အနီးကပ်သွားကြည့်တော့ မရှိဘူး၊ သညာကလည်း အဲဒီအတိုင်းပဲ၊ မြင်ဘူး၊ ကြားဘူး၊ နံဘူး၊ စားဘူး၊ ထိဘူးတဲ့ သဘောတွေက မှတ်သားထားပြီး ပုံရိပ်ပြန်ပေါ်နေတာ၊ တကယ်မရှိဘူး၊ အရိပ်လိုပဲ ပေါ်ပြီးပျောက်သွားတယ်၊ သညာကိုရှုရတာ ပိုပြီးလွယ်တယ်၊ ဗိုင်းလော့ဆရာတော် ဟောထားတဲ့ အထဲမှာပါတယ်၊ သညာဘက်ကရှုလို့ ရဟန္တာတာများတယ်၊

နောက်ပြီးရှုရတာလဲလွယ်တယ်ဆိုတော့ သညာကို တံလျှပ်ကဲ့သို့ ရှုဖို့ဟောထားပါတယ်၊ ရှုနည်းအသေးစိတ်ကို နောက်မှာရှင်းပြပါ့မယ်။

သင်္ခါရကတော့ ငှက်ပျောတုံးလို့ ရှုရမယ်တဲ့၊ ငှက်ပျောတုံးဆိုတာ ငှက်ပျောဖတ်တွေ တစ်ဖတ်ပြီး တစ်ဖတ်ခွါကြည့် အထဲမှာ အနှစ်မရှိဘူး၊ အနှစ်သာရခိုင်မြဲမှုမရှိဘူးလို့ပြောတာ၊ သင်္ခါရကလဲ အဲဒီလိုပါပဲ အနှစ်သာရမရှိဘူး။

ဝိညာဏ်ကိုရှုရင်တော့ မျက်လှည့်လိုသိရမယ်၊ မျက်လှည့်ဆိုတာတကယ်မဟုတ်ဘူး၊ လှည့်စားထားတဲ့ သဘောပဲ၊ ဝိညာဏ်လဲ အဲဒီအတိုင်းပဲ၊ မရှိတာကို အရှိထင်အောင်၊ ရှိတာကို မရှိထင်အောင်လှည့်စားတယ်။

အထက်က ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါးထဲက တစ်ပါးပါးကို ရှုရမှာ အားလုံးကိုရှုလို့မရဘူး၊ တစ်ခုရှုရင်လည်းအကုန်တစ်ပေါင်းတည်းပါပြီးသား၊ တပေါင်းတည်းဖြစ် တပေါင်းတည်းပျက်တဲ့သဘောရှိတယ်…ရုပ်ကိုရှုရှု၊ ဝေဒနာကိုရှုရှု၊သညာကိုရှုရှု၊ သင်္ခါရကိုရှုရှု၊ ဝိညာဏ်ကိုရှုရှု (၅)ခုထဲက တစ်ခုကိုရှုရမှာ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့လက္ခဏာကြီး(၃)ပါးမှာ သောတာပန်၊ သကဒါဂါမ် အဆင့်ထိက အနတ္တကိုပဲ အပြီးသတ်မြင်တယ် အနာဂါမ်ကျမှ အနိစ္စအပြီးသတ်မြင်ပြီး ရဟန္တာကျမှ ဒုက္ခထိအောင် အပြီးသတ်မြင်တယ်။ ဒါကြောင့် ကျွန်ုပ်တို့က အနတ္တကိုအပြီးသတ်မြင်အောင်သာ ရှုဖို့လိုပါတယ်။

အနတ္တဆိုတာ အစိုးမရတဲ့ သဘောပါ။ အတုံးအခဲပုံစံ၊ ဒြပ်ရှိတယ်ထင်တဲ့သဘော၊ ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာဆိုတာ ရှိတယ်လို့ ထင်နေရင် အနတ္တကို မမြင်နိုင်ပါဘူး။

ပိုင်းလော့ဆရာတော်ဟောတဲ့ သညာကိုရှုရင် အတုံးအခဲ၊ ဒြပ်၊ ပုဂ္ဂိုလ်သတ္တဝါ၊ အသက်၊ ဝိညာဏ်၊ လိပ်ပြာဆိုတာ မရှိဘဲ တံလျှပ်ကဲ့သို့ ပုံရိပ်သာဖြစ်ပြီး ပျောက်သွားတယ်ဆိုတာ တွေ့ရတဲ့အတွက် အနတ္တဆိုက်နေပါပြီတဲ့။ များသောအားဖြင့် ရဟန္တာတွေဟာ သညာကိုရှုပြီးကြတာဆိုတော့ ကျွန်ုပ်တို့လည်း အနတ္တကို အရင်ပေါက်အောင် သညာကိုရှုတာအကောင်းဆုံးပါပဲ။

မရှုခင်အရှုဉာဏ်နှင့်အဝိဇ္ဇာ (ဝါ) ပညာနှင့်မောဟ သဘောလေးကိုသိအောင် ပုံနှင့် ရှင်းပြပါမယ်…ဒါ ပိုင်းလော့ဆရာတော်ပြထားတဲ့နည်းပါ။




"ပညာရကြောင်း"

၁။ မိတ်ဆွေကောင်း တရားနာ။
၂။ နှလုံးသွင်းတည့်ခြင်း။

ဥပမာ။ ။ ဒွါရဆိုတဲ့မျက်စိနှင့်အာရုံဆိုတဲ့(မီးအိမ်)အဆင်းနဲ့သွားတိုက်တယ်ဆိုပါတော့ ၊ မြင်သိစိတ်ပေါ် လာမယ်၊ မြင်ခန္ဓာ(၅)ပါးဖြစ်ပေါ်လာမယ်။ စာတစ်ရာပုံတစ်ချပ်ဆိုတော့ ပုံကလေးနဲ့ပြကြည့်မယ်။



ခန္ဓာငါးပါး

၁။ ရုပ်က ရူပက္ခန္ဓာ (ဖေါက်ပြန်ပျက်စီးတတ်သောသဘော) ရေမြှုပ်ကဲ့သို့

၂။ ဝေဒနာက ဝေဒနာက္ခန္ဓာ (ခံစားတတ်သောသဘော) ရေပွက်ကဲ့သို့

၃။ သညာက သညာက္ခန္ဓာ (မှတ်သားတတ်သောသဘော) တံလျှပ်ကဲ့သို့

၄။ သင်္ခါရက သင်္ခါရက္ခန္ဓာ (ပြုပြင်တတ်သောသဘော) ငှက်ပျောတုံးကဲ့သို့

၅။ ဝိညာဏ်က ဝိညာဏက္ခန္ဓာ (သိတတ်သောသဘော) မျက်လှည့်ကဲ့သို့

ကာလမခြားဘဲ မနောမှာ ပုံရိပ်ပေါ်ပြီး ခန္ဓာငါးပါး ထပ်ဖြစ်တယ်.....။မနောမှာပေါ်တဲ့ ခန္ဓာငါးပါးက-






အဝိဇ္ဇာရှိတဲ့သူက အမှောင်ခါတ်ကိန်းနေတဲ့အတွက် မနောမှာပေါ်တဲ့ပုံရိပ်ကလေးကို-
ငါ့အထဲမှာမြင်တာလေးရှိတယ်ဆိုတဲ့ ငါ့ဟာလို့ယူဆတဲ့အတွက် (တဏှာ) ဝင်တယ်
ငါမြင်တယ်၊ ငါကိုယ်တိုင်မြင်တယ်လို့ထင်တာက (မာန) ။
မီးအိမ်ပုံရိပ်လေးမြင်တာကို အတုံးအခဲမြင်တယ်လို့ထင်တော့ (ဒိဋ္ဌိ) ။

(၃)မျိုးစလုံးဝင်လာတယ်၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတာတွေက ပ ပဥ္စတရားတွေဆိုတော့ သံသရာချဲ့ပြီ တဏှာ၊ မာန၊ ဒိဋ္ဌိကနေ ဥပါဒါန်တွေဖြစ်ပြီးတော့ ကမ္မဘဝတွေ ဖြစ်ကြတယ်…။ ကမ္မဘဝဖြစ်မှတော့ ဇာတိမလာဘဲ မနေတော့ဘူး၊ တဏှာဆိုတဲ့လောဘအုပ်ချုပ်တဲ့ ဥပါဒါန်၊ ကမ္မဘဝတွေကြောင့် ပြိတ္တာဇာတိ ဖြစ်ရတယ်။

မာနအုပ်ချုပ်တဲ့ဥပါဒါန်၊ ကမ္မဘဝတွေကြောင့် အသူရကာယ်၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ဒိဋ္ဌုပါဒါန်၊ ကမ္မဘဝတွေကြောင့် အပါယ်(၄)ဘုံဆင်းရတယ်…ဝေဒနာပိုင်းမှာဆိုရင်လည်း မီးအိမ်ကိုမြင်လို့ နှစ်သက်သဘောကျတော့ လောဘဖြစ်၊ အဲဒီလောဘကြောင့် ပြိတ္တာဇာတိရတယ်၊ မနှစ်သက်တော့ ဒေါသဖြစ် အဲဒီဒေါသကြောင့် ငရဲဇာတိ ရတယ်၊ လောဘလဲမဟုတ် ဒေါသလဲမဟုတ်တော့ မောဟ အဲဒီမောဟကြောင့် တိရစ္ဆာန်ဇာတိဖြစ်ရတယ်၊ ပညာ(ဝိဇ္ဇာ)နဲ့မရှုပဲအမှုမဲ့အမှတ်မဲ့နေလို့ကတော့ သွားရမဲ့ လားရာကတိတွေက အပါယ်လေးဘုံပဲ၊ တစ်နေ့တစ်နေ့ အပါယ်ဇာတိတွေ ဘယ်နှစ်ကြိမ် ဖြစ်ပေါ်နေသလဲ၊ စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ ဝိပဿနာဉာဏ် အလင်းဓါတ် (သို့) ဝိဇ္ဇာဉာဏ်နဲ့ မရှုလို့ကတော့ အပါယ်လေးဘုံက တက်စရာမရှိပါဘူး၊ အဲဒါ အကုသိုလ်တရားတွေဆိုတော့ အပူဓါတ်နဲ့ လောင်တာ။

အပူဓါတ် အအေးဓါတ်ဆိုတာလဲ တကယ်တော့ တေဇောဓါတ်ပါ၊ တေဇောကို မြန်မာလို ပြောရင် ရင့်ကျက်ခြင်းလို့ အဓိပ္ပါယ်ရတယ်၊ ရင့်ကျက်ခြင်းဆိုတာ၊ လောင်ကျွမ်းခြင်း၊ တစ်နည်း အားဖြင့် အိုခြင်းသဘောတရားတွေပါ။ အပူကြောင့်ပဲဖြစ်ဖြစ်၊ အအေးကြောင့်ပဲဖြစ်ဖြစ် မလောင်တာ အကောင်းဆုံးပါ။ ကုသိုလ်ဖြစ်တဲ့ ဒါန၊ သီလ၊ သမထတရားတွေ အားထုတ်နေတဲ့အချိန်မှာတော့ အပူဓါတ်မရှိဘူး၊ မေတ္တာဓါတ် အအေးဓါတ်တွေဖြစ်နေတယ်၊ အအေးဓါတ်နဲ့လောင်တော့ လူ၊ နတ်၊ ဗြဟ္မာဇာတိရတယ်၊ ဒါပေမယ့် အို၊ နာ၊သေ က မလွတ်သေးဘူး၊ လူ၊နတ်၊ ဗြဟ္မာဘဝမှာ အပူဓါတ်နဲ့လောင်လို့ တဖြည်းဖြည်း နိမ့်ကျပြီး အပါယ်ထိ ဆင်းရပါအုံးမယ်။ ဒါကြောင့် ဘယ်နည်းနဲ့

ဖြစ်ဖြစ် မလောင်အောင် ဝိပဿနာမဂ်ဉာဏ်နဲ့ တစ်နည်း ပညာ(ဝိဇ္ဇာ) နဲ့ရှုမှတ်ပွားများရပါမယ်။ ကြိမ်ဖန်များစွာ ရှုမှတ်ပွားများဖို့လိုပါတယ်။ သွားရင်း၊ လာရင်း၊ လုပ်ရင်း၊ ကိုင်ရင်း၊ စားရင်း၊ သောက်ရင်း၊ ကာယကံ၊ ဝစီကံ၊ မနောကံတွေ ပြုနေတိုင်း ရှုမှတ်နိုင်အောင် ကြိုးစားပေးရပါမယ်။ ဘယ်လိုရှုမှတ်မလဲဆိုတော့ ပုံကလေးနဲ့ပြကြည့်မယ်။




မျက်စိနဲ့အဆင်း(မီးအိမ်)တိုက်ပြီး ခန္ဓာ(၅)ပါးဖြစ်၊ ကာလမခြားဘဲ မနောမှာပုံရိပ်ပေါ်တယ်။ အဲဒီမနောနဲ့ ဓမ္မာရုံ(မီးအိမ်)နဲ့တိုက်ပြီး ခန္ဓာ(၅)ပါး ထပ်ဖြစ်တယ်။ ဘဝင်နဲ့ဓမ္မာရုံက ရူပက္ခန္ဓာ၊ နောက်ဝေဒနာက ဝေဒနက္ခန္ဓာ၊ သညာက သညက္ခန္ဓာ၊ သင်္ခါရက သင်္ခါရက္ခန္ဓာ၊ ဝိညာဏ်က ဝိညာဏက္ခန္ဓာ၊ ပေါင်းခန္ဓာငါးပါး ထပ်ပေါ်ပါတယ်။ သင်္ခါရမှာ အလင်းဓါတ်ဖြစ်တဲ့ ပညာ(ဝိဇ္ဇာ)နဲ့ ရှုရပါမယ်။ အဲဒီမနောမှာထပ်ပေါ်တဲ့ ခန္ဓာ(၅)ပါးကို နေတံမမ(ငါ့ဟာမဟုတ်)၊ နေသောဟမသ္မိ (ငါမဟုတ်)၊ နမေသောအတ္တာ(အတုံးအခဲမဟုတ်) အဲဒီလို မဟုတ်ရင် ဘာလဲဆိုတော့ တံလျှပ်ကဲ့သို့ မီးအိမ်ပုံစံလေးဟာ ရေးရေးလေးပေါ်ပြီး ပျောက်သွားတဲ့အတွက် တံလျှပ်ကဲ့သို့ ပျောက်သွားတယ်လို့ သိပေးလိုက်ရုံပဲ၊ အင်မတန်လွယ်ပါတယ်၊ လိုက်သိဖို့ သတိထားဖို့ပဲလိုတယ်၊ မေ့နေရင်တော့ မရဘူး၊ သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့စောင့်ကြည့်ဆိုတာ အဲဒါပါပဲ။ အဲဒီလိုရှုလိုက်တော့ တဏှာလာပါ

အုံးမလား၊ မာနကော၊ ဒိဋ္ဌိကောလာပါအုံးမလား၊ ဒါဆို တဏှာအစပ်ပြတ်ပြီ၊ တဏှာအစပ် ပြတ်တော့ ဥပါဒါန်၊ ကမ္မဘဝ မဖြစ်တော့ဘူး၊ မဖြစ်ရင်ဇာတိဘယ်လာတော့မလဲ။

ဒါမြတ်စွာဘုရားရဲ့ အလုပ်ပေးတရားပဲ။ တဏှာအစပ်ပြတ်အောင် ဒီနည်းက အကောင်းဆုံးပဲ။ ဒီအရှုဉာဏ်နဲ့ရှုရတာ အင်မတန်လွယ်တယ်၊ ဒီလိုရှုတတ်ရင် နိဗ္ဗာန်မြင်ရပြီသာအောက်မေ့လိုက်တော့။ လွယ်လွယ်လေးပါလားလို့ မထင်နဲ့ ဒီလိုဉာဏ်ရဖို့ ကိုယ့်မှာ ပါရမီဘယ်လောက်ဖြည့်ခဲ့ရတယ်ဆိုတာ ကိုယ်မသိနိုင်ဘူး၊ ပါရမီကောင်းခဲ့လို့သာ ဒီလိုသိရတာ၊ လူတိုင်းရတယ်လို့မထင်ပါနဲ့၊ ဒီလိုရေးပြတာ ကိုတောင် ဖတ်တဲ့သူတိုင်းနားမလည်နိုင်ဘူး၊ တစ်ချို့ အပြည့်အဝနားလည်မယ်၊ တချို့က တစ်ဝက် လောက်ပဲ နည်းနည်းပါးပါးနားလည်မယ်၊ တချို့က လုံးဝနားလည်ချင်မှလည်မယ်၊ တစ်ယောက်နဲ့ တစ်ယောက် ပါရမီချင်း မတူကြဘူး၊ အရှင်အာနန္ဒာက မြတ်စွာဘုရားကို ဒီလိုပဲ လွယ်လွယ်လေး ပါလားလို့ လျှောက်ဖူးတယ်၊ ဒီတော့မြတ်စွာဘုရားက ''ချစ်သား အာနန္ဒာ...။ ဒီလိုမဆိုနဲ့ ဒီလို မဆိုနဲ့လို့ ၂-ခါတောင်ပြောတယ်'' ''ဒီလိုသိဖို့ ချစ်သားအာနန္ဒာ ကမ္ဘာတစ်သိန်းတောင် ပါရမီ ဖြည့်ခဲ့ရတာ''လို့ မိန့်ခဲ့ဖူးပါတယ်။ ဒါကိုပိုင်းလော့ဆရာတော် ဟောပြောခဲ့တာ၊ နောက်ပြီး ''ဒီလောက် လွယ်ရင် ချက်ချင်းရဟန္တာ ဖြစ်ပါတော့လားလို့'' မိန့်ကြားခဲ့တယ်။ အဲဒီတော့မှ အရှင်အာနန္ဒာလည်း သဘောပေါက်သွားခဲ့တယ်။

ဓမ္မာရုံဆိုတာ မျက်စိမှိတ်လို့ပေါ်လာတဲ့ အာရုံတွေအားလုံးကိုခေါ်တာ၊ မြင်ဖူးတဲ့အဆင်း၊ ကြားဖူးတဲ့အသံ၊ နံဖူးတဲ့အနံ့၊ စားဖူးတဲ့အရသာ၊ ထိဖူးတဲ့အထိအတွေ့ တွေအားလုံး မနောမှာ ပုံသဏ္ဌာန်ပုံရိပ်တွေအဖြစ် ပေါ်လာတယ်၊ အဲဒါတွေအားလုံး ဓမ္မာရုံပဲ။ ဥပမာ အိမ်လို့ ပြောလိုက် တယ်ဆိုရင် နားနဲ့အသံနဲ့တိုက်ပြီးတော့ ကာလမခြား၊ မနောမှာ အိမ်ပုံသဏ္ဌာန် အမူအယာတွေ ပေါ်လာတယ်၊ အဲဒီပုံရိပ်ဆိုတဲ့ အိမ်ကို ငါ့အိမ်လို့ ထင်လိုက်တော့ တဏှာ၊ ငါဆောက်နိုင်လို့ ဆောက်ခဲ့တာ၊ ငါ့လိုဘယ်သူဆောက်နိုင်သလဲလို့ထင်တော့ မာန၊ အိမ်ပုံသဏ္ဌာန် အတုံးအခဲ၊ အထည်ဒြပ်ကြီးရှိတယ်လို့ ထင်နေတော့ ဒိဋ္ဌိ၊ စသဖြင့် အထင်မှား၊ အမြင်မှား၊ အယူမှားတွေ ဖြစ်ကုန်တယ်၊ တဏှာ၊မာန၊ ဒိဋ္ဌိဟာ တစ်ပေါင်းတည်းဖြစ်တယ်ဆိုတာ မိုးကုတ်ဆရာတော် ဘုရားကြီးဟောခဲ့တာ၊ ကိုယ့်ဖာသာကိုယ်သိဖို့ဆို နှစ်ပေါင်းအများကြီး အားထုတ်ရမှာလို့ ပိုင်းလော့ ဆရာတော်က ဟောခဲ့တယ်။

တဏှာဆိုတာပါဋ္ဌိလို၊ မြန်မာလိုပြန်ရင် အာရုံကိုကပ်ငြိတဲ့သဘောလို့ အဓိပ္ပါယ်ရတယ်၊ မြင်ဖူး၊ ကြားဖူး၊ နံဖူး၊ စားဖူး၊ ထိသိဖူးတဲ့သဘောတွေ မနောမှာပုံရိပ်တစ်ပုံပြီးတစ်ပုံ ဆက်ကာဆက်ကာပေါ်ပြီး ကပ်ငြိနေတယ်၊ စကားတွေပြောနေတယ်၊ (မနောနဲ့ပြောတာ) အနာဂတ်အတွက် စီမံချက်တွေချနေတာ၊ အဲဒီလိုအနာဂတ်တွေအတွက် စီမံချက်ချတာက ရှေးရှုကြံစည်မှုဆိုတဲ့ ဗျာပါဒတရားတွေပါ ပါဝင်လာတယ်၊ နောက်ပြီး သောက၊ ပရိဒေဝစတဲ့ ကိလေသာတွေဝင်လာတယ်၊ ဒါဆို အပူဓါတ်နဲ့လောင်နေပြီ၊ အဲဒီလို အပူဓါတ်နဲ့လောင်ရင် စွမ်းအားတွေကျလာပါရော၊ အဲဒီပူလောင်မှုတွေက ခန္ဓာကိုယ် သွေးသားတွေထဲမှာ သတ္တိတွေကိန်းပြီး မျက်မှောင်ကြုတ်လာတာ၊ ပါးစပ်က မောက်လာတယ်၊ အပူဓါတ်သတ္တိတွေကိန်းပါများရင် လူစင်စစ်ကနေ တဖြည်းဖြည်းနဲ့ တိရစ္ဆာန်ပုံ ပေါက်လာတယ်၊ အမှောင်ဓါတ်သတ္တိတွေ ကိန်းတာလွန်ကဲသွားရင်တော့ နှုတ်သီးလို ချွန်ထက်ပြီး မာကြောလာတယ်၊ လူကနေ မျောက်ပုံသဏ္ဍာန်၊ မျောက်ကနေ ငှက်ပုံသဏ္ဍာန်ဖြစ်ဖြစ်လာတယ်၊

ခန္ဓာငါးပါးက ဖြစ်ပြီးပျက်တတ်တယ်ဆိုပေမယ့် အသွေးအသားမှာတော့ သတ္တိကိန်းကျန်ခဲ့ပါတယ်။ ဒါကြောင့် သေပြီးမှဇာတိ ပဋိသန္ဓေရတာမဟုတ်ပါဘူး၊ မသေခင်ကတည်းကရနေတာပါ၊ ရုပ်တရား၊ နာမ်တရားတွေဟာ၊ ဥပါဒ်၊ ဌီ၊ ဘင် ခေါ် ခဏငယ်သုံးချက်နဲ့ ဖြစ်ပျက်နေပါတယ်။ ဥပါဒ်ဆိုတာ မွေးတာ၊ ဖြစ်လာတာ၊ ပေါ်လာတာ၊ ဘင်ကတော့ သေတာ၊ ပျက်သွားတာ၊ ပျောက်သွားတာပါ၊ ကိုယ်ပြုတဲ့ကံတိုင်း ကံတိုင်း မသေခင်ကတည်းက ဇာတိတွေရပြီး အသွေးအသားမှာ သတ္တိတွေ ကိန်းနေပါတယ်။

## ဝိပဿနာမဂ်နှင့် ဈာန်

ဝိဿနာမဂ် နှင့် ဈာန် အကြောင်းမတင်ပြမီ နီဝရဏတရားငါးပါးကို အရင်ရှင်းပါဦးမည်။

| | |
|---|---|
| ၁။ ကာမစ္ဆန္ဒနီဝရဏ | ငါးဖြာအာရုံကာမဂုဏ်တွေဖြစ်တဲ့ မြင်ဖူးတဲ့ အဆင်း၊ ကြားဖူးတဲ့ အသံ၊ နံဖူးတဲ့အနံ့၊ စားဖူးတဲ့အရသာ၊ တွေ့ထိဖူးတဲ့အတွေ့အထိတွေ အပေါ် ပုံဖော်ပြီး တောင့်တနေတာ ကာမစ္ဆန္ဒနီဝရဏတွေပါ။ |
| ၂။ ဗျာပါဒနီဝရဏ | ကိုယ်လိုချင်တာတွေ တောင့်တပြီး မနောမှာပုံတွေဖော်တဲ့အခါ လက်ရှိအခြေအနေနဲ့ ကွာဟချက်ကြောင့် ပူလောင်ရတာက ဗျာပါဒပါ။ တောင့်တလို့ မရရင်လည်း ဗျာပါဒ၊ |

တောင့်တလို့ရပြီး ပျက်စီးဆုံးရှုံးမှာစိုးတဲ့ ကြောင့်ကြမှုကလည်း ဗျာပါဒ နီဝရဏပါ။

၃။ ထိနမိဒ္ဓနီဝရဏ — ငိုက်မျဉ်းခြင်း(ကိုယ့်စိတ်၊ စေတသိက်တွေကို မနိုင်ဘဲ ငိုက်သွားခြင်း)

၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ — စိတ်ပျံ့လွင့်ခြင်း၊ စိတ်မငြိမ်ခြင်းတို့ကြောင့် အရှုခံဓာတ်ပါးပါးအပေါ် အာရုံမစိုက်ဘဲ အိမ်ထောင်ရေး၊ စီးပွားရေး၊ သားရေး၊ သမီးရေး ပုံရိပ်တွေ ဖေါ်နေခြင်း။ ၎င်းပုံတွေကို အရှုခံဟုမသိတော့ဘဲ စိတ်ပျံ့လွင့်ခြင်းသည် ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ ဖြစ်သည်။

၅။ ဝိစိကိစ္ဆာနီဝရဏ — ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအပေါ်၌ ယုံမှားခြင်း အစုန်လမ်း၊ အဆန်လမ်း နိဗ္ဗာန်လမ်းဟူသည့် လမ်း(၃)လမ်းကို မသိခြင်းသည် ဝိစိကိစ္ဆာနီဝရဏ ဖြစ်သည်။

မဂ်ဉာဏ်ကိုဖုံးအုပ်တတ်တဲ့တရားကို နီဝရဏတရားဟုခေါ်သည်။ ကြည်ကြည်လင်လင် မမြင်ရအောင် ဖုံးအုပ်ပြီး ဆင်းရဲသောသဘောသာရှိသည်။

| | မကြည်လင်ပုံ | ဆင်းရဲပုံ |
|---|---|---|
| ၁။ ကာမစ္ဆန္ဒ | ရေမှာဆေးဆိုးထားသလို | အကြွေးတင်သောသူကဲ့သို့ဆင်းရဲ၏ |
| ၂။ ဗျာပါဒ | ရေဆူပွက်နေသလို | အနာပေါက်သူကဲ့သို့ဆင်းရဲ၏ |
| ၃။ ထိနမိဒ္ဓ | ဒိုက်မှော်ဖုံးသောရေကဲ့သို့ | ကျဉ်းသောထောင်ချောက်၌ အဖမ်းခံထားရသူနှင့်တူ၏။ |
| ၄။ ဥဒ္ဓစ္စကုက္ကုစ္စ | လှိုင်းထနေသောရေကဲ့သို့ | ကျွန်ဆင်းရဲနှင့်တူ၏။ |
| ၅။ ဝိစိကိစ္ဆာ | ရွှံ့နှံပြည့်သောရေကဲ့သို့ | တောနက်ထဲ၌ မျက်စိလည်နေသောသူနှင့် တူ၏။ |

## ဈာန်အင်္ဂါ(၅)ပါး

၁။ **ဝိတက်** — များစွာသောအာရုံများထဲမှ တစ်ခုခုကိုရွေးချယ်လိုက်တာသည် ဝိတက် ဖြစ်၏။

၂။ **ဝိစာရ** — ၎င်းရွေးချယ်ပြီးသောအာရုံ၌ သုံးသပ်စူးစိုက်လိုက်ခြင်းသည် ဝိစာရ မည်၏။

၃။ **ပီတိ** တစ်ခုတည်းသောအာရုံကို သုံးသပ်ရှုးစိုက်မိသဖြင့်စိတ်နှလုံးအေးချမ်းလာခြင်းသည် **ပီတိ**ဖြစ်သည်။

၄။ **သုခ** စိတ်နှလုံးအေးချမ်းလာပြီး ကိုယ်ပါပေါ့ပါးချမ်းသာလာလျှင် **သုခ** မည်၏။

၅။ **ဧကဂ္ဂတာ** အာရုံရှုးစိုက်သည့် စိတ်တစ်စိတ်တည်းသာဖြစ်နေလျှင် **ဧကဂ္ဂတာ** မည်၏။

ဈာန်အင်္ဂါ(၅)ပါးမှ ဝိတက် ဝင်လာသောအချိန်တွင် ထိနမိဒ္ဓ သေ၏။
ဝိစာရ ဝင်လာလျှင် ဝိစိကိစ္ဆာ သေ၏။
ပီတိ ဝင်လာလျှင် ဗျာပါဒ သေ၏။
သုခ ဝင်လာလျှင် ဉဒ္ဓစ္စ ကုက္ကုစ္စ သေ၏။
ဧကဂ္ဂတာ ဝင်လာပါက ကာမစ္ဆန္ဒ သေလေသည်။

နိဝရဏတရားငါးပါးကင်းလျှင် ပဌမဈာန်ရပြီဖြစ်သလို ပဌမဈာန်ရပါက နီဝရဏ မရှိတော့ပေ ဝိပဿနာ အားထုတ်ရာတွင် ပဌမဈာန်ပါပြီးဖြစ်၏ ဝိပဿနာမှထလိုက်သောအခါ ဈာန်ကျန်ခဲ့၍ ၄င်းအချိန်၌ အေးချမ်း ပေါ့ပါးနေပေမည်။ ဒါ့ကြောင့် ဆရာတော်က တရားအားမထုတ်မီခံစားမှု အားထုတ်ပြီး ဝိပဿနာမှ ထသော အချိန်ခံစားမှုတို့ကို အမြဲနှိုင်းယှဉ်ကြည့်ခိုင်းလေသည်။ ဝိပဿနာ အားထုတ်ဆဲ၌ခံစားမှုမရှိပေ။

## ဝိပ္ပလ္လာသတရား – (၁၂) ပါး

ဝိပ္ပလ္လာသဆိုတာအမှားတရားပါ- အမှားတရား(၃)မျိုးရှိပါတယ်။

၁။ သညာဝိပ္ပလ္လာသ အမှတ်မှား

၂။ စိတ္တာဝိပ္ပလ္လာသ အသိမှား

၃။ ဒိဋ္ဌိ ဝိပ္ပလ္လာသ အယူမှား တို့ဖြစ်ပါတယ်။

ဘယ်အပေါ်မှာ အမှတ်မှား၊ အသိမှား၊ အယူမှားတာလဲဆိုလျှင် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ပေါ်မှာ အယူမှားခြင်း ဖြစ်ပါတယ်။ ခန္ဓာငါးပါးရဲ့ သဘောက အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘတရား ကြီးပါ။ ဘာကြောင့်လဲဆိုတော့ ခန္ဓာငါးပါးတည်းဟူသော ရုပ်တရား နာမ်တရားတို့သည် မျက်စိ

တစ်မိုတ် လျှပ်တပြက်၌ ကုဋေငါးထောင်ကျော်နှင့် ကုဋေတစ်သိန်းကျော် ချုပ်ပျောက်တတ်သည့် သဘောကြောင့် မမြဲသဖြင့် **အနိစ္စ** မည်၏။

ခန္ဓာ (၅)ပါးတည်းဟူသော ရုပ်တရား နာမ်တရား တို့သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်၌ ကုဋေငါးထောင်ကျော်နှင့် ကုဋေတစ်သိန်းကျော် ဖြစ်ပေါ်ချုပ်ပျောက်တတ်သည့် သဘောကြောင့် ဆင်းရဲသဖြင့် **ဒုက္ခ** မည်၏။

ခန္ဓာ (၅)ပါးတည်းဟူသော ရုပ်တရား နာမ်တရား တို့သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်၌ ကုဋေငါးထောင်ကျော်နှင့် ကုဋေတစ်သိန်းကျော် ဖြစ်ပေါ်ချုပ်ပျောက်တတ်သည့် သဘောကြောင့် အနှစ်ကင်းပ အစိုးမရသဖြင့် **အနတ္တ** မည်၏။

ခန္ဓာ(၅)ပါး တည်ရာမှီရာဖြစ်သော ဥတုဇရုပ် တရားကြီးသည် တင့်တယ်စရာ၊ ရှုချင်စရာ မရှိဘဲ မတင့်တယ် ရှုချင်စရာမကောင်းအောင် ရွံရှာဖွယ် အညစ်အကြေးတို့နှင့် ပြည့်နှက်နေသည် သဘောကြောင့် **အသုဘ** မည်၏။

ဤကဲ့သို့ ခန္ဓာ(၅)ပါး၏ သဘောတရားကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘဟုမသိဘဲ နိစ္စ၊ သုခ၊ အတ္တ၊ သုဘဟုအမှတ်မှား၊ အသိမှား၊ အယူမှားနေခြင်းသည် ဝိပ္ပလ္လာသတရားများ ဖြစ်လေသည်။

၁။ ခန္ဓာ(၅)ပါး၏ အနိစ္စသဘောကို နိစ္စ ဟု အမှတ်မှားခြင်း။
၂။ ခန္ဓာ(၅)ပါး၏ အနိစ္စသဘောကို နိစ္စ ဟု အသိမှားခြင်း။
၃။ ခန္ဓာ(၅)ပါး၏ အနိစ္စသဘောကို နိစ္စ ဟု အယူမှားခြင်း။

၄။ ခန္ဓာ(၅)ပါး၏ ဒုက္ခသဘောကို သုခ ဟု အမှတ်မှားခြင်း။
၅။ ခန္ဓာ(၅)ပါး၏ ဒုက္ခသဘောကို သုခ ဟု အသိမှားခြင်း။
၆။ ခန္ဓာ(၅)ပါး၏ ဒုက္ခသဘောကို သုခ ဟု အယူမှားခြင်း။

၇။ ခန္ဓာ(၅)ပါး၏ အနတ္တ သဘောကို အတ္တ ဟု အမှတ်မှားခြင်း။
၈။ ခန္ဓာ(၅)ပါး၏ အနတ္တ သဘောကို အတ္တ ဟု အသိမှားခြင်း။
၉။ ခန္ဓာ(၅)ပါး၏ အနတ္တ သဘောကို အတ္တ ဟု အယူမှားခြင်း။

## ဝိပ္ပလ္လာသ-၁၂ပါး




| | | |
|---|---|---|
| ၁။ အနိစ္စကို | နိစ္စလို့ | အထင်များ/အသိများ |
| ၂။ အနိစ္စကို | နိစ္စလို့ | အမှတ်များ |
| ၃။ အနိစ္စကို | နိစ္စလို့ | အယူများ |
| ၄။ ဒုက္ခကို | သုခလို့ | အထင်များ/အသိများ |
| ၅။ ဒုက္ခကို | သုခလို့ | အမှတ်များ |
| ၆။ ဒုက္ခကို | သုခလို့ | အယူများ |
| ၇။ အနတ္တကို | အတ္တလို့ | အထင်များ/အသိများ |
| ၈။ အနတ္တကို | အတ္တလို့ | အမှတ်များ |
| ၉။ အနတ္တကို | အတ္တလို့ | အယူများ |
| ၁၀။ အသုဘကို | သုဘလို့ | အထင်များ/အသိများ |
| ၁၁။ အသုဘကို | သုဘလို့ | အမှတ်များ |
| ၁၂။ အသုဘကို | သုဘလို့ | အယူများ |

၁၀။ ခန္ဓာ(၅)ပါး၏ အသုဘ သဘောကို သုဘ ဟု အမှတ်မှားခြင်း။

၁၁။ ခန္ဓာ(၅)ပါး၏ အသုဘ သဘောကို သုဘ ဟု အသိမှားခြင်း။

၁၂။ ခန္ဓာ(၅)ပါး၏ အသုဘ သဘောကို သုဘ ဟု အယူမှားခြင်း။

သောတာပန်က ခန္ဓာ(၅)ပါးရဲ့ အနိစ္စသဘောတရားကို နိစ္စလို့ အမှတ်မှား၊ အသိမှား၊ အယူမှား မရှိတော့ပါ။

သောတာပန်က ခန္ဓာ(၅)ပါးရဲ့ အနတ္တသဘောတရားကို အတ္တလို့ အမှတ်မှား၊ အသိမှား၊ အယူမှားလဲ မရှိတော့ပါ။

သောတာပန်က ခန္ဓာ(၅)ပါးရဲ့ အသုဘသဘောတရားကို သုဘလို့ အမှတ်မှား၊ အသိမှား ရှိပေမယ့် အယူမှားတော့ မရှိတော့ပါဘူး။ သောတာပန်က ခန္ဓာ(၅)ပါးရဲ့ ဒုက္ခသဘောတရားကို သုခလို့ အမှတ်မှား၊ အသိမှား၊ အယူမှားတော့ ရှိပါသေးတယ်။

**သကဒါဂါမ်**က အသုဘကို သုဘလို့ အမှတ်မှား အသိမှားရှိတဲ့ သဘောတရား နည်းပါးအောင် ပါယ်သတ်ပါတယ်။

**အနာဂါမ်** ကတော့ အသုဘကို သုဘ လို့အမှတ်မှား အသိမှားကိုအကြွင်းမရှိ အလုံးစုံပါယ်သတ် ပါတယ်။ ဒါပေမယ် ဒုက္ခကို သုခလို့ အမှတ်မှား အသိမှား အယူမှားတော့ ရှိပါသေးတယ်။

**ရဟန္တာ** ကတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ စတဲ့တရားတွေအပေါ် နိစ္စ၊ သုခ၊ အတ္တ၊ သုဘ ဆိုတဲ့ အမှတ်မှား အသိမှား အယူမှားတွေမရှိတော့ပါဘူး။ အားလုံးပါယ်သတ်ပြီးဖြစ်ပါပြီ။

## လမ်းသုံးလမ်းဖြစ်ပေါ်လာပုံ

လမ်းသုံးလမ်းမှာ အစုန်လမ်းနဲ့ အဆန်လမ်းကတော့ အဝိဇ္ဇာအမှောင်ဓါတ်ရဲ့ လက်အောက်ခံ ဖြစ်ပြီး တဏှာ၊ မာန၊ ဒိဋ္ဌိ နဲ့သွားတဲ့လမ်း(၂)လမ်းဖြစ်ပါတယ်။ အဝိဇ္ဇာ (စိတ်မှာယှဉ်တဲ့ အမှောင်ဓါတ်) ကြောင့် မိစ္ဆာပဿတိ(စိတ်အမြင်မှား)ဖြစ်ပြီး ပေါ်သမျှအာရုံတွေကို အကောင်အထည်ထင်၊ ငါထင်၊ အာရုံကိုကပ်ငြိပြီးတော့ အပူဓါတ်နဲ့လောင်တော့ လောဘ၊ ဒေါသ၊ မောဟတရားတွေဖြစ်ပေါ်လာတယ်၊ ဒါကြောင့် အပါယ်လေးဘုံဆင်းရတာပါ၊ အစုန်လမ်းလို့ခေါ်ပါတယ်။ အအေးဓါတ်နဲ့လောင်ရင်တော့ ကုသိုလ်တရားတွေဖြစ်တဲ့ အလောဘ၊ အဒေါသတရားတွေဖြစ်ပေါ်ပြီး သုဂတိဘုံရောက်ရပါတယ်၊ အဆန်လမ်းဖြစ်ပါတယ်။

# လမ်းသုံးလမ်းဖြစ်ပေါ်ပုံ




နိဗ္ဗာန်လမ်းကတော့ ဝိဇ္ဇာ(ပညာ)ရဲ့လက်အောက်ခံဖြစ်ပြီး မှန်ကန်သောအမြင်(သမ္မာဒိဋ္ဌိ) ဖြစ်သွားတဲ့အတွက် လောင်ကျွမ်းမှုမရှိတော့ မဟာကုသိုလ်(ဝိပဿနာ) ဖြစ်သွားပါတယ်။ တဏှာအစပ် အပြီးပြတ်တော့ ဇာတိမလာတော့တဲ့အတွက် နိဗ္ဗာန်ရပါပြီ၊ နိဗ္ဗာန်လမ်းလို့ခေါ်ပါတယ်။

## လမ်းသုံးလမ်းပုံစံပြရှင်းတမ်း

''အချိန်တိုင်းတွေးနေရင်း ဘဝပြောင်းနေသည်''ဆိုသည့်အတိုင်း အာရုံသိသဘော ခန္ဓာငါးပါးဟာ အချိန်တိုင်းမှာဖြစ်ပေါ်ပြီး ချုပ်ပျောက်နေတာကို သဘောပေါက်လောက်ပြီဟု ထင်ပါသည်။ ခန္ဓာငါးပါးက ဖြစ်ပျက်သွားပေမယ့် အသွေးအသားမှာ သင်္ခါကိန်းကျန်ခဲ့တာကိုလည်း နားလည်လောက်ပါပြီ၊ အဲဒီကိန်းခဲ့တဲ့ သင်္ခါတွေကြောင့် ခန္ဓာအသစ်တွေ ထပ်ခါထပ်ခါဖြစ်နေရတာပါ၊ လောဘ၊ ဒေါသ၊ မောဟသင်္ခါတွေကိန်းပြီး ရတဲ့ ဇာတိက အပါယ်လေးဘုံခန္ဓာ(အစုန်လမ်း)၊ အလောဘ၊ အဒေါသသင်္ခါတွေကိန်းပြီး ရတဲ့ဇာတိက လူ၊ နတ်၊ ဗြဟ္မာ(အဆန်လမ်း) နဲ့ တဏှာအစပ်ဖြတ်နိုင်ရင်တော့ နိဗ္ဗာန်လမ်းပါပဲ။ ဒီသဘောတရားကတော့ နားလည်လောက်ပါပြီ ။

အခုရှင်းပြမှာကတော့ ပုံစံစာရွက်မှာပြထားတဲ့အတိုင်း ဒွါရ ၆-ပေါက်မှာ ဖြစ်ပေါ်တဲ့ ခန္ဓာငါးပါး အပေါ်စိတ်အမြင်မှား (မိစ္ဆာပဿတိ)ကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ပြီး လမ်းသုံးလမ်းသွားပုံကိုရှင်းပြပါမယ်။

### ၁။ မြင်ခန္ဓာအပေါ်တဏှာ၊ မာန၊ ဒိဋ္ဌိဖြစ်ပုံ

မြင်ခန္ဓာဆိုတဲ့ခန္ဓာငါးပါး(ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) ဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းကို ကြည့်မယ်ဆိုရင်၊ မျက်စိအကြည်ရုပ်ရယ်၊ အဆင်း (ရူပါရုံ)ရယ်တိုက်ပြီး မြင်ခန္ဓာပေါ်လာပါတယ်…။ မျက်လုံးမှာပေါ်တဲ့ ခန္ဓာငါးပါးက အဆင်းကိုသိတဲ့ စိတ်ပဲရှိပါတယ်…။ ကာလမခြားမနောမှာ ဓမ္မာရုံအနေနဲ့ ပုံသဏ္ဌာန်အမူအရာပေါ်လာပြီး ကြံတွေးခန္ဓာထပ်ပေါ်ပါတယ်‥။ နှစ်ဆင့်ပေါ်ပါတယ်…ဒါကိုပဉ္စဒွါရဝီထိနဲ့ နောက်လိုက် မနောဝီထိလို့ခေါ်ပါတယ်….။ဒီအဆင့်နှစ်ဆင့်အထိကတော့ ပရမတ်သဘောပဲရှိပါသေးတယ်…ပြီးရင်ချုပ်ပျောက်သွားတဲ့ သဘောသာရှိပါတယ်….အဲဒီ အာရုံသဘောတွေဟာ ချုပ်ပျောက်သွားပြီး နောက်ထပ်ဘယ်တော့မှ ပေါ်မလာတော့ပါဘူး…ပြန်မလာသောချုပ်ပျောက်ခြင်းသဘောသာဖြစ်ပါတယ်….ဒါကိုပေါင်းလောင်သွားတဲ့သဘောလို့ယူရပါမယ်။

အဲဒါကို အဝိဇ္ဇာအမှောင်ဓါတ်ကိန်းတဲ့သူက စိတ်အမြင်မှားဖြစ်ပြီး ပေါ်လာတဲ့ပုံသဏ္ဌာန်အမူအရာ အရိပ်ကို အကောင်အထည်တွေပဲ…သက်ဝင်လှုပ်ရှားနေတယ် အတုံးအခဲတွေပဲလို့ထင်လိုက်တဲ့အတွက် ဒိဋ္ဌိ ဖြစ်သွားတာပါ။ ဒိဋ္ဌိ ဖြစ်တော့မှကြည့်နေတာက 'ငါ' အကြည့်ခံရတာက

| လမ်းသုံးလမ်း | | | | | | |
|---|---|---|---|---|---|---|
| စဉ် | ခန္ဓါငါးပါး (ရုပ်၊ဝေ၊သ၊ခ၊ဝိ) | မာန | ဒိဋ္ဌိ | တဏှာကူး | အကျိုးပေးပုံ | လမ်း |
| ၁ | မြင်ခန္ဓာ | ငါမြင်တယ် | ပုဂ္ဂိုလ်၊ သတ္တဝါ၊ အကောင်အထည် ထင်ထယ် | လောဘ၊ ဒေါသ၊မောဟ | အပါယ်လေးဘုံ | အစုန်လမ်း |
| | | | | အလောဘ၊ အဒေါသ | လူ၊နတ်၊ဗြဟ္မာ | အဆန်လမ်း |
| | | **မြင်သိစိတ်က မြင်တယ်** | **(အဆင်း) လို့သိတယ်** | **အမောဟ (ဝိဇ္ဇာ)** | **နိဗ္ဗာန်** | **နိဗ္ဗာန်လမ်း** |
| ၂ | ကြားခန္ဓာ | ငါကြားတယ် | ပုဂ္ဂိုလ်၊ သတ္တဝါ၊ အကောင်အထည် ထင်ထယ် | လောဘ၊ ဒေါသ၊မောဟ | အပါယ်လေးဘုံ | အစုန်လမ်း |
| | | | | အလောဘ၊ အဒေါသ | လူ၊နတ်၊ဗြဟ္မာ | အဆန်လမ်း |
| | | **ကြားသိစိတ်က ကြားတယ်** | **(အသံ) လို့သိတယ်** | **အမောဟ (ဝိဇ္ဇာ)** | **နိဗ္ဗာန်** | **နိဗ္ဗာန်လမ်း** |
| ၃ | နံ့ခန္ဓာ | ငါနံ့တယ် | ပုဂ္ဂိုလ်၊ သတ္တဝါ၊ အကောင်အထည် ထင်ထယ် | လောဘ၊ ဒေါသ၊မောဟ | အပါယ်လေးဘုံ | အစုန်လမ်း |
| | | | | အလောဘ၊ အဒေါသ | လူ၊နတ်၊ဗြဟ္မာ | အဆန်လမ်း |
| | | **နံ့သိစိတ်က နံ့တယ်** | **(အနံ့) လို့သိတယ်** | **အမောဟ (ဝိဇ္ဇာ)** | **နိဗ္ဗာန်** | **နိဗ္ဗာန်လမ်း** |
| ၄ | စားခန္ဓာ | ငါစားတယ် | ပုဂ္ဂိုလ်၊ သတ္တဝါ၊ အကောင်အထည် ထင်ထယ် | လောဘ၊ ဒေါသ၊မောဟ | အပါယ်လေးဘုံ | အစုန်လမ်း |
| | | | | အလောဘ၊ အဒေါသ | လူ၊နတ်၊ဗြဟ္မာ | အဆန်လမ်း |
| | | **စားသိစိတ်က စားတယ်** | **(အရသာ) လို့သိတယ်** | **အမောဟ (ဝိဇ္ဇာ)** | **နိဗ္ဗာန်** | **နိဗ္ဗာန်လမ်း** |
| ၅ | ထိသိခန္ဓာ | ငါထိတယ် | ပုဂ္ဂိုလ်၊ သတ္တဝါ၊ အကောင်အထည် ထင်ထယ် | လောဘ၊ ဒေါသ၊မောဟ | အပါယ်လေးဘုံ | အစုန်လမ်း |
| | | | | အလောဘ၊ အဒေါသ | လူ၊နတ်၊ဗြဟ္မာ | အဆန်လမ်း |
| | | **ထိသိစိတ်က ထိသိတယ်** | **(အတွေ့အထိ) လို့သိတယ်** | **အမောဟ (ဝိဇ္ဇာ)** | **နိဗ္ဗာန်** | **နိဗ္ဗာန်လမ်း** |
| ၆ | ကြံတွေးခန္ဓာ | ငါတွေးတယ် | ပုဂ္ဂိုလ်၊ သတ္တဝါ၊ အကောင်အထည် ထင်ထယ် | လောဘ၊ ဒေါသ၊မောဟ | အပါယ်လေးဘုံ | အစုန်လမ်း |
| | | | | အလောဘ၊ အဒေါသ | လူ၊နတ်၊ဗြဟ္မာ | အဆန်လမ်း |
| | | **ကြံတွေးစိတ်က တွေးတယ်** | **(ကြံတွေးစိတ်) လို့သိတယ်** | **အမောဟ (ဝိဇ္ဇာ)** | **နိဗ္ဗာန်** | **နိဗ္ဗာန်လမ်း** |

သူရယ်လို့ဖြစ်လာပြီး 'မာန' ပေါ်လာပါတယ်။ အဲဒီမာနကြောင့်ပဲ ငါ့ခေါင်း၊ ငါ့ကိုယ်၊ ငါ့သား၊ ငါ့သမီး၊ ငါ့ဆွေမျိုး၊ ငါ့ပတ်ဝန်းကျင် စသဖြင့် အာရုံတွေကပ်ငြိပြီးဆက်ပါတော့တယ်၊ အဲဒီကပ်ငြိပြီး ဆက်တာက 'တဏှာ'ပါ။

တဏှာဖြစ်ရင် ဥပါဒါန် ကမ္မဘဝသည် လျှပ်စစ်ခါတ်လိုက်သလို အင်မတန်လျှင်မြန်ပါတယ်၊ ကမ္မဘဝ ရောက်တာနဲ့ ဇာတိဆိုတာရနေပါပြီ၊ ဆိုလိုတာက အသွေးအသားမှာ သတ္တိတွေကိန်းနေပါပြီ၊ ဒါတွေက စာသဘောအရသာ အစဉ်လိုက်ပြတဲ့သဘောသာ ဖြစ်ပါတယ်၊ တကယ့်လက်တွေ့ သဘောတရားမှာတော့ အင်မတန်လျှင်မြန်စွာဖြစ်ပေါ်နေပါတယ်၊ သုံးဆင့်ပေါ်ပုံ ပြပါ့မယ် ။




နောက်စိတ်က အမှောင်ခါတ်နဲ့ ဆုံးဖြတ်တဲ့အခါ တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ပြီး
ပေါ်လာတဲ့အာရုံပေါ် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ် ဖြစ်ရင် အစုန်လမ်း
ပေါ်လာတဲ့အာရုံပေါ် အလောဘစိတ်၊ အဒေါသစိတ် ဖြစ်ရင် အဆန်လမ်း
လမ်း ၂-လမ်းရောက်သွားတော့တာပါပဲ။

ဒီသဘောတရား လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ပြီး သိတော်မူခဲ့တဲ့ မြတ်စွာဘုရားရှင် ပေးသနားတဲ့ဉာဏ်နဲ့ -

ပေါ်လာတဲ့အာရုံကို အကောင်အထည် မဟုတ်ကြောင်း၊ ငါမဟုတ်ကြောင်း၊ ငါ့ခေါင်း၊ ငါ့ကိုယ် ၊ ငါ့ပတ်ဝန်းကျင်မဟုတ်ကြောင်း နှလုံးသွင်းလိုက်တဲ့အခါ တဏှာ၊ မာန၊ ဒိဋ္ဌိ သေသွားပါတယ်၊ တဏှာ၊ ဒိဋ္ဌိ သေလို့ လောင်စရာမရှိတော့တဲ့အခါ ဥပါဒါန် ကံ မဖြောက်တော့ပါဘူး၊ ဒါဆို ဇာတိလွတ်ပါပြီ။ ဒီလမ်းကိုတော့ **နိဗ္ဗာန်လမ်း** ခေါ်ပါတယ်။

တဏှာ၊ မာန၊ ဒိဋ္ဌိထဲက **ဒိဋ္ဌိ** ကိုသတ်ရင်ပြီးပါပြီ၊ ဘာဖြစ်လို့လဲဆိုတော့ အပြီးသတ်ပြုတ်တဲ့တရားတွေကိုကြည့်မယ်ဆိုရင် -

| | |
|---|---|
| သောတာပန်နဲ့ သကဒါဂါမ်က | **ဒိဋ္ဌိ** ကို အပြီးသတ်ပြုတ်ပါတယ်။ |
| အနာဂါမ်ကတော့ | **တဏှာ** ကို အပြီးသတ်ပြုတ်ပြီး |
| ရဟန္တာမှသာ | **မာန** ကို အပြီးသတ်ပြုတ်ပါတယ်။။ |

ဒါ့အပြင် အပြီးသတ်မြင်တဲ့ တရားတွေကို ကြည့်မယ်ဆိုရင်လည်း-

| | |
|---|---|
| သောတာပန်နဲ့ သကဒါဂါမ်က | အနတ္တ (အတုံးအခဲမဟုတ်)ကို အပြီးသတ်မြင်ပါတယ်။ |
| အနာဂါမ်ကတော့ | အနိစ္စ (အမြဲမရှိ)ကို အပြီးသတ်မြင်ပြီး၊ |
| ရဟန္တာကျမှသာ | ဒုက္ခ (ဆင်းရဲခြင်း)ကို အပြီးသတ်မြင်ပါတယ်။ |

မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရဖို့ကလည်း အောက်ထစ်ဆုံး သောတာပန်ပြီးမှာ သကဒါဂါမ်၊ နောက် အနာဂါမ်နဲ့ ရဟန္တာ အဆင့်ဆင့်ရမှာဖြစ်ပါတယ်၊ ပထမဦးစွာ သောတာပန်ရဖို့အတွက် ဒိဋ္ဌိနဲ့ အနတ္တသာ အပြီးအပိုင်ပြုတ်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်၊ အဲဒီလို ပွားများနိုင်အောင် ဘုရားက နည်းပေးခဲ့ပါတယ်။

နေတံမမ (ငါ့ဟာမဟုတ်)

နေသောဟမသ္မိ (ငါမဟုတ်)

နမေသောအတ္တာ (အကောင်အထည် အတုံးအခဲမဟုတ်)လို့ ရှုမှတ်ပေးလို့ရှိရင် တဏှာအစပ်ပြတ်သွားပါပြီ၊ နိဝါန ဆိုတာ တဏှာ မရှိရာတဲ့၊ နိဗ္ဗာန်ကို နိဝါနလို့ခေါ်ပါတယ်၊ တဒင်္ဂ တဏှာအစပ်ပြတ်ရင် တဒင်္ဂ နိဗ္ဗာန်ပါ၊ တဏှာအစပ်အပြီးပြတ်ဖို့ရာ ကြိမ်ဖန်များစွာ နှလုံးသွင်းပေးရပါလိမ့်မယ်။ အဲဒီလိုရှုမှတ်ပွားများနေလို့ တဏှာအစပ်ပြတ်နေတဲ့ အချိန်ဟာ နိဗ္ဗာန်လမ်းသွားနေတာပါပဲ။

## ၂။ ကြားခန္ဓာအပေါ် တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ပုံ

ကြားခန္ဓာဆိုတဲ့ခန္ဓာငါးပါး ဖြစ်ပေါ်ရခြင်း အကြောင်းရင်းကို ကြည့်ပြန်ရင်လည်း၊ နား အကြည်ရုပ်ရယ် အသံ(သဒ္ဒါရုံ)ရယ် တိုက်ပြီး ကြားခန္ဓာပေါ်လာခြင်းဖြစ်ပါတယ်။ နားမှာပေါ်တဲ့ ခန္ဓာငါးပါးက အသံကိုပဲ သိပါတယ်၊ ကာလမခြား မနောမှာဓမ္မာရုံအနေနဲ့ ပုံသဏ္ဌာန်အမူအရာ ပေါ်လာပြီး ကြံတွေးခန္ဓာ ထပ်ပေါ်ပါတယ်။ ၂-ဆင့်ပေါ်ပါတယ်၊ ဒါကိုလည်း ပဉ္စဒွါရဝီထိနဲ့ နောက်လိုက် မနောဝီထိလို့ခေါ်ပါတယ်။ ပရမတ်သဘောပဲရှိပြီး၊ ပြီးရင်ချုပ်ပျောက်သွားပါတယ်၊ ပေါင်းလောင်ပြီး ပြန်မလာသောချုပ်ခြင်းနဲ့ ချုပ်ပျောက်သွားပါတယ်။




အဝိဇ္ဇာအမှောင်ဓါတ်ကြောင့်ပဲ စိတ်အမြင်မှားဖြစ်ပြီးပေါ်လာတဲ့ ပုံရိပ်ကို အကောင်အထည် ထင်တဲ့ ဒိဋ္ဌိ၊ ငါထင်တဲ့ 'မာန'၊ အာရုံကပ်ငြိဆက်သော သဘောဖြစ်တဲ့ **တဏှာ** ပါကူးသွားပါတယ်။ လောဘ၊ ဒေါသ၊ မောဟနဲ့ လောင်တော့ **အစုန်လမ်း** ။ အလောဘ၊ အဒေါသနဲ့လောင်တော့ အဆန်လမ်းပါ၊ ဘုရားပေးတဲ့ နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာနဲ့ ရှုလိုက်တော့၊ နိဗ္ဗာန်လမ်း ရယ်လို့ သုံးမျိုးရပါတယ်။

### ၃။ နံခန္ဓာအပေါ် တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ပုံ

နံခန္ဓာကတော့ နှာခေါင်းအကြည်ရယ် အနံ့ရယ်တိုက်ပြီး နှာခေါင်းမှာ နံခန္ဓာငါးပါးပေါ်တယ်။ ပြီးရင် ကာလမခြား မနောမှာကြွံတွေးခန္ဓာပေါ်ပြီး ပုံသဏ္ဌာန်အမှုအယာတွေ ပေါ်လာပါတယ်၊ ပဉ္စဒွါရဝီထိနဲ့ နောက်လိုက်မနောဒွါရဝီထိ ၂-ဆင့်ပေါ်ပြီး မနောမှာပေါ်တဲ့ ပုံသဏ္ဌာန်ကိုပဲ စိတ်အမြင်မှားကြောင့် ဒိဋ္ဌိ၊ မာန၊ တဏှာကူးသွားပါတယ်၊ တဏှာကူးတော့ ဥပါဒါန် ကမ္မဘဝဖြစ်ပြီး အပူဓါတ်(လောဘ၊ ဒေါသ၊ မောဟ)နဲ့ လောင်တော့ **အစုန်လမ်း** ဇာတိ။ အအေးဓါတ်(အလောဘ၊ အဒေါသ)နဲ့လောင်တော့ **အဆန်လမ်း** ဇာတိနဲ့ အမောဟဆိုတဲ့ (နေတံမမ၊ နေသောဟမသို့၊ နမေသောအတ္တာ)နဲ့ ရှုလိုက်တော့ **နိဗ္ဗာန်လမ်း** ရယ်လို့ လမ်းသုံးလမ်းဖြစ်သွားပါတယ်။




### ၄။ စားခန္ဓာအပေါ် တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ပုံ

စားခန္ဓာကတော့ လျှာအကြည်နဲ့ အရသာရယ်တိုက်ပြီး လျှာမှာအရသာသိစိတ်(ခန္ဓာငါးပါး) ပေါ်ပါတယ်။ ပြီးရင် ကာလမခြား မနောမှာကြွံတွေးခန္ဓာပေါ်ပြီး ပုံသဏ္ဌာန်အမှုအယာတွေ ပေါ်လာပါတယ်။ ပဉ္စဒွါရဝီထိနဲ့ နောက်လိုက်မနောဒွါရဝီထိ ၂-ဆင့်ပေါ်ပြီး ပေါ်လာတဲ့ ပုံသဏ္ဌာန် အမှုအယာကို စိတ်အမြင်မှား မိစ္ဆာပဿတိကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိဖြစ်တဲ့အတွက် ဥပါဒါန်၊ ကံမြောက်ပြီး ဇာတိဖြစ်ရတာပါ။ လောဘ၊ ဒေါသ၊ မောဟကြောင့် အပါယ်ဇာတိ(**အစုန်လမ်း**) ၊




အလောဘ၊ အဒေါသကြောင့် လူ၊ နတ်၊ ဗြဟ္မာ (**အဆန်လမ်း**)နဲ့ အမောဟ (ပညာ)ဆိုတဲ့ နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာနဲ့ ရှုလိုက်တော့ **နိဗ္ဗာန်လမ်း** ဖြစ်သွားပါတယ်။

## ၅။ ထိသိခန္ဓာအပေါ် တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ပုံ

ထိသိခန္ဓာက ကိုယ်အကြည်နဲ့ တွေ့ထိစရာရယ် တိုက်ပြီး ကိုယ်မှာ ထိသိစိတ်(ခန္ဓာငါးပါး) ပေါ်ပါတယ်။ ပြီးရင်ကာလမခြား မနောမှာကြံတွေးခန္ဓာပေါ်ပြီး ပုံသဏ္ဌာန်အမူအရာတွေ



ပေါ်လာပါတယ်။ ပဋ္ဌဒွါရဝီထိနဲ့ နောက်လိုက် မနောဝီထိ ၂-ဆင့်ပေါ်ပြီးတဲ့အခါ စိတ်အမြင်မှားကြောင့် ပုံရိပ်တွေအပေါ် တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်သွားပါတယ်၊ ပြီးရင် ဥပါဒါန် ကံမြောက်လို့ အပူနဲ့လောင်တော့ အပါယ်လေးဘုံဇာတိ (အစုန်လမ်း)။ အအေးနဲ့လောင်တော့ လူ၊ နတ်၊ ဗြဟ္မာဇာတိ (အဆန်လမ်း) နဲ့ (အမောဟ၊ ပညာ)နဲ့ရှုလိုက်တော့ (နိဗ္ဗာန်လမ်း) ဖြစ်သွားပါတယ်။

## ၆။ ကြံတွေးခန္ဓာအပေါ် တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ပုံ

ကြံတွေးခန္ဓာကတော့ အပြင်ဒွါရနဲ့ မတိုက်ပါဘူး၊ ဥပမာ- အဝေးမှာရောက်နေတဲ့ ကိုယ့်သား၊ သမီးအကြောင်း၊ အလုပ်အကြောင်း၊ စီးပွားရေးအကြောင်းတွေ တွေးမယ်ဆိုရင် စိတ်(ဘဝင်)နဲ့ ဓမ္မာရုံတို့ တိုက်ပြီး ကြံတွေးစိတ် (ခန္ဓာငါးပါး) ဖြစ်သွားပါတယ်။ အဲဒီကြံတွေးစိတ်က (လောဘ၊ ဒေါသ၊ မောဟ)ပေါ်ရင် အစုန်လမ်း ။ (အလောဘ၊အဒေါသ)ပေါ်ရင် အဆန်လမ်း ဖြစ်ပါတယ်။ ဘုရားပေးတဲ့ ဉာဏ်တော်ကြီးနဲ့ ရှုလိုက်တော့ (အမောဟ၊ပညာ)ကြောင့် **နိဗ္ဗာန်လမ်း** ဖြစ်သွားပါတော့တယ်။

အစုန်လမ်း၊ အဆန်လမ်း၊ နိဗ္ဗာန်လမ်းသွားပုံကို သိရှိနားလည်ပြီဖြစ်သောကြောင့် အချိန်တိုင်း တွေးနေရင်းလမ်း ၃-လမ်းမှ အကောင်းဆုံးလမ်းဖြစ်သော နိဗ္ဗာန်လမ်းပေါ်လျှောက်လှမ်းနိုင်ရန် ဘုရားပေးသော ဉာဏ်တော်အလင်းဓါတ် ပညာဖြင့် နေတံမမ၊ နေသောဟမသို၊ နမေသောအတ္တာ လို့ကြိမ်ဖန်များစွာ ရှုမှတ် ပွားများတော်မူကြပါကုန်။



## တဏှာကျော့ကွင်းမလွတ်ကင်းတရား

"ဒိဋ္ဌိဇာလနဇာလာတေ တဏှာသောတေန ဝုယှရေ၊ တဏှာသောတေန ဝုယှန္တာ နတေဒုက္ခာပမုစ္စရေ"

**ယေနရာ** အကြင်သူတို့သည်၊ **ဒိဋ္ဌိဇာလနဇာလာ** သက္ကာယဒိဋ္ဌိတည်းဟူသော ကြော့ကွင်းဖြင့် ဖွဲ့ချည်မိကြကုန်လေသော်၊ **တေနရာ** ထိုသူတို့သည်၊ **တဏှာသောတေန** တဏှာတည်းဟူသော ရေကြောင်းဖြင့်၊ **ဝုယှရေ** မျောပါ၍ နေကြလေကုန်၏၊ **တဏှာသောတေနဝုယှန္တာ** တဏှာရေကြောင်း မျော၍နေကြကုန်သော၊ **တေ** ထိုသူတို့သည်၊ **ဒုက္ခာ** ဆင်းရဲအပေါင်းမှ၊ **နပမုစ္စရေ** မလွတ်ကင်းနိုင် ကြလေကုန်။

(ဝိသုဒ္ဓိမဂ်)

အကြင်ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဒွါရ ၆-ပေါက်၌ အာရုံတိုက်၍ဖြစ်သော ခန္ဓာငါးပါးကို အကောင်အထည် အတုံးအခဲ၊ အသက်ဝင်လှုပ်ရှား၊ ပုဂ္ဂိုလ်သတ္တဝါ၊ လူနတ်ဗြဟ္မာရယ်လို့ထင်သော သက္ကာယဒိဋ္ဌိဖြင့် ချည်နှောင်ဖွဲ့ချည်မိပါက အာရုံကပ်ငြိခြင်းသဘောဖြစ်သော တဏှာရေယဉ်ကြောတွင် မျောပါရလေသည်။ ထိုကဲ့သို့ တဏှာရေယဉ်ကြောမျောပါသူတို့သည် ဥပါဒါန် ကံမြောက်သဖြင့် ဇာတိထပ်မံရလေသည်။ ဇာတိရပါက ဇရာမရဏ၊ အပြင် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ပါယာသ တည်းဟူသော (၁၁)မီးဖြစ်သော ဒုက္ခဆင်းရဲအတွင်းမှ မလွတ်ကင်းနိုင်ကြတော့ပေ။

**မီး(၁၁)မီး**

| | | | |
|---|---|---|---|
| ၁။ | ရာဂ | - | တပ်မက်ခြင်း |
| ၂။ | ဒေါသ | - | အမျက်ထွက်ခြင်း |
| ၃။ | မောဟ | - | မသိခြင်း |
| ၄။ | ဇာတိ | - | မွေးဖွားခြင်း |
| ၅။ | ဇရာ | - | အိုခြင်း |
| ၆။ | မရဏ | - | သေခြင်း |
| ၇။ | သောက | - | စိုးရိမ်ခြင်း |
| ၈။ | ပရိဒေဝ | - | ပူဆွေးခြင်း |

၉။ ဒုက္ခ - ကိုယ်ဆင်းရဲခြင်း
၁၀။ ဒေါမနဿ - စိတ်ဆင်းရဲခြင်း
၁၁။ ဥပါယာသ - ပြင်းစွာပူလောင်ခြင်း တို့ဖြစ်လေသည်။

## ပုဂ္ဂိုလ်သတ္တဝါ သူငါမဟုတ် နာမ်ရုပ်မျှသာ

သွားလိုရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟုသိ။
စိတ်ကြောင့်ဖြစ်သောဓါတ်ဝါယော နှံ့နှောကိုယ်ဝယ်ပြည့်။
ဝါယောပြည့်သော် ဝိညာဏ်ပေါ် ရုပ်သော်သွားလေ၏။

| | | |
|---|---|---|
| ပုဂ္ဂိုလ်မသွား၊ | ငါမသွား၊ | ရုပ်သွား ဉာဏ်ဖြင့်သိ။ |
| ပုဂ္ဂိုလ်မရပ်၊ | ငါမရပ်၊ | ရုပ်ရပ် ဉာဏ်ဖြင့်သိ။ |
| ပုဂ္ဂိုလ်မထိုင်၊ | ငါမထိုင်၊ | ရုပ်ထိုင် ဉာဏ်ဖြင့်သိ။ |
| ပုဂ္ဂိုလ်မအိပ်၊ | ငါမအိပ်၊ | ရုပ်အိပ် ဉာဏ်ဖြင့်သိ။ |
| ပုဂ္ဂိုလ်မကွေး၊ | ငါမကွေး၊ | ရုပ်ကွေး ဉာဏ်ဖြင့်သိ။ |
| ပုဂ္ဂိုလ်မဆန့်၊ | ငါမဆန့်၊ | ရုပ်ဆန့် ဉာဏ်ဖြင့်သိ။ |
| ပုဂ္ဂိုလ်မဖြန့်၊ | ငါမဖြန့်၊ | ရုပ်ဖြန့် ဉာဏ်ဖြင့်သိ။ |

လယ်တီဆရာတော်ဘုရားကြီး ရေးစပ်သီးကုံးတော်မူခဲ့သော သတ္တဝါတို့တွင် ပုဂ္ဂိုလ်သတ္တဝါ၊ အသက်လိပ်ပြာ၊ အကောင်အထည်အတုံးအခဲ ဆိုသည့် ပညတ်သဘောအရမရှိပဲ၊ ပရမတ်သဘော အနေဖြင့် ရုပ်တရားနှင့် နာမ်တရား ၂-ပါးသာရှိကြောင်းဖေါ်ပြသည့် လင်္ကာဆောင်ပုဒ် ဖြစ်ပေသည်။ အဓိပ္ပါယ်ဆိုလိုရင်းမှာ-

**သွားလို၊ ရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟုသိ-** ဆိုသည်မှာ

သွားချင်၊ လာချင်၊ ထိုင်ချင်၊ အိပ်ချင်သော သဘောတို့သည် စိတ်ဟူသော နာမ်တရား ဖြစ်ပါသည်။စိတ်ဟုသုံးနှုန်းထားသော်လည်း ၄င်းစိတ်ကိုမှီတွယ် စိတ်ကိုချယ်လှယ်နေသည့် စေတသိက်များဖြစ်သော (ဝေဒနာ၊ သညာ၊ သင်္ခါရ)တို့လည်း ပါဝင်ပြီးဖြစ်သည်ဟု မှတ်ပါ။

**စိတ်ကြောင့်ဖြစ်သော၊ ဓါတ်ဝါယော၊ နှံ့နှောကိုယ်ဝယ်ပြည့်**

အထက်ပါ သွားချင်၊ လာချင်၊ ထိုင်ချင်၊ အိပ်ချင်သော(စိတ်၊ စေတသိက်)များကြောင့် လှုပ်ရှားရုန်းကန်မှုသဘော(ဝါယောဓါတ်)သည် ခန္ဓာကိုယ်တစ်ခုလုံး အသွေးအသား ရိုးတွင်းချဉ်ဆီပါ မကျန် အကုန်ပျံ့နှံ့ သွားပေတော့သည်။

**ဝါယောပြည့်သော် ဝိညာဏ်ပေါ် ရုပ်သော်သွားလေ၏**

လှုပ်ရှားရုန်းကန်မှုသဘော (ဝါယောဓါတ်)သည် ခန္ဓာကိုယ်တစ်ခုလုံး၌ အပြည့်အဝပျံ့နှံ့ သွားသောအခါ သွားသိစိတ်ပေါ်လာပြီး ရုပ်ခန္ဓာကြီး လှုပ်ရှားသွားလာလေတော့သည်။

**ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွားဉာဏ်ဖြင့်သိ**

အသုတဝါ၊ ပုထုဇနော ဖြစ်သည့် ပညာဗဟုသုတမရှိသော ပုထုဇဉ်တို့သည် ငါသွားသည်၊ ပုဂ္ဂိုလ်သတ္တဝါတွေ သွားနေသည်ဟု ထင်မြင်ယူဆကြလေသည်။ သုတဝါအရိယာသာဝကော (ပညာဗဟုသုတ နှင့်ပြည့်စုံသော အရိယာပုဂ္ဂိုလ်တို့သည် ပုဂ္ဂိုလ်သတ္တဝါ သူငါသွားသည်ဟု မမြင်တော့ဘဲ၊ ခန္ဓာကိုယ်တွင်းရှိသော စိတ္တဇဝါယော(စိတ်ကြောင့်ဖြစ်သောဓါတ်ဝါယော) ကြောင့် လှုပ်ရှားသွားလာသည့်ဟန် ဖြစ်သည်ဟု ဉာဏ်ဖြင့် သိရလေသည်။

**ပုဂ္ဂိုလ်မရုပ်၊ ငါမရုပ်၊ ရုပ်ရုပ်ဉာဏ်ဖြင့်သိ**

ပုထုဇဉ်တို့က ငါရုပ်နေသည်၊ ပုဂ္ဂိုလ်သတ္တဝါရုပ်နေသည်ဟု ထင်မြင်ကြပေသည်။ ပရမတ် သဘောကို အရိယာမျက်လုံးဖြင့်ကြည့်ပါက၊ ပုဂ္ဂိုလ်သတ္တဝါ သူငါရုပ်နေခြင်းမဟုတ်ဘဲ၊ စိတ်ကြောင့် ဖြစ်သော ဝါယော (စိတ္တဇဝါယော)ကြောင့် ရုပ်တရား၏ရုပ်တဲ့ဟန် ပေါ်ခြင်းဖြစ်ကြောင်း ဉာဏ်ဖြင့် သိရလေသည်။

| | | | | | | |
|---|---|---|---|---|---|---|
| | မအိပ် | | မအိပ် | | အိပ် | |
| | မထိုင် | | မထိုင် | | ထိုင် | |
| ပုဂ္ဂိုလ် | မကွေး | ငါ | မကွေး | ရုပ် | ကွေး | ဉာဏ်ဖြင့်သိ |
| | မဆန့် | | မဆန့် | | ဆန့် | |
| | မဖြန့် | | မဖြန့် | | ဖြန့် | |

ပုထုဇဉ်တို့သည် ပုဂ္ဂိုလ်သတ္တဝါ သူငါ (အိပ်၊ ထိုင်၊ ကွေး၊ ဆန့်၊ ဖြန့်)သည်ဟု မြင်ကြသည်။

အရိယာသူတော်ကောင်း မျက်လုံးဖြင့် ကြည့်ပါက ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ(အိပ်၊ ထိုင်၊ ကွေး၊ ဆန့် ဖြန့်)သည်ဟု မမြင်ဘဲ၊ စိတ္တဇဝါယော ဓါတ်ကြောင့် လှုပ်ရှားမှုသဘောဖြစ်ပေါ်သည်ဟု ဉာဏ်ဖြင့်မြင်လေသည်။

ထို့ကြောင့် ၃၁-ဘုံ၌ ရှိကြကုန်သော သတ္တဝါဟူ၍မရှိဘဲ သိတတ်သော (စိတ်)၊ စေ့ဆော်တိုက်တွန်းတတ်သော (စေတသိက်)နှင့် ဖောက်ပြန်ပျက်စီးတတ်သော (ရုပ်)သဘောတရားများသာ ရှိလေသည်။ ထိုရုပ်သဘော နာမ်သဘောတို့၏ အနက်အဓိပ္ပါယ်ပေါ်လွင်စေရန် ခွဲခြားရှင်းပြခြင်း ဖြစ်သော်လည်း **ရုပ်သပ်သပ် နာမ်သပ်သပ်ဟု ခွဲခြား၍ မရစကောင်းပေ၊ အာရုံဒွါရတိုက်ပြီး တစ်ပေါင်းတည်းဖြစ်၊ တစ်ပေါင်းတည်းသာချုပ်လေသည်**။ ရုပ်သပ်သပ်၊ နာမ်သပ်သပ်၊ ယူဆပါက မှားယွင်းပေလိမ့်မည်။ စိတ်ကသပ်သပ်ပြေးနေသည်ဟုလည်း မယူစကောင်းပေ၊ ရုပ်နှင့်နာမ်သည်-

တူသောအာရုံ

တူသောမှီရာ

တူသောဖြစ်ခြင်း

တူသောချုပ်ခြင်း ဟူ၍ တူခြင်း (၄)မျိုးရှိသည်၊ ကိုသတိပြုသင့်ပေသည်။ ပုဂ္ဂိုလ်သတ္တဝါ အသက်လိပ်ပြာမရှိကြောင်းကို အဓိကထား ဉာဏ်ဖြင့်ရှုရန်သာဖြစ်ပေသည်။

## ဖြစ်ပျက်မြင်မှနိဗ္ဗာန်ရ

**အနိစ္စဝတသင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။**

**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။** (သဂါထာဝဂ္ဂသံယုတ်၊ ပရိနိဗ္ဗာနသုတ်)

**ဘော** အရှင်တို့၊ **သင်္ခါရာ** သင်္ခါရတရားတို့သည်၊ **အနိစ္စဝတ** အမြဲမရှိကုန်စွတကား၊ **ဥပ္ပါဒဝယဓမ္မိနော** ဖြစ်ခြင်းပျက်ခြင်းသဘောရှိကုန်၏။ **ဥပ္ပဇ္ဇိတွာ** ဖြစ်ကုန်ပြီး၍ **နိရုဇ္ဈန္တိ** ချုပ်ပျောက်တတ်ကုန်၏၊ **တေသံ** ထိုသို့ဖြစ်တတ်ပျက်တတ်သော သဘောတရားတို့၏ **ဝူပသမော** ငြိမ်းရာဖြစ်သောနိဗ္ဗာန်သည်၊ **သုခေါ** ချမ်းသာ၏။ (ဤဂါထာ၌ အနိစ္စ တစ်ချက်၊ ဥပ္ပါဒဝယ တစ်ချက်၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တစ်ချက် ဟူ၍ ဖြစ်ပျက် သုံးချက်ဟောသည်။)

**သဗ္ဗေသင်္ခါရာ အနိစ္စာ၊ ယဒါပညာယ ပဿတိ၊**
**အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။** (ဓမ္မပဒ)

**ဘိက္ခဝေ**- ရဟန်းတို့၊ **သဗ္ဗေ** ခပ်သိမ်းကုန်သော၊ **သင်္ခါရာ** ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့သည်၊ **အနိစ္စ** ဖြစ်ပေါ်ပြီးကချုပ်ကုန်ကြ၍ မမြဲကြပါကုန်၊ **ယဒါ** အကြင်အခါ၌၊ **ပညာယ** ဝိပဿနာပညာဖြင့်၊ **ပဿတိ** မမြဲမှုကို ရှုမြင်၏။ (ယထာဘူတ ဖြစ်ပျက်မြင်ဉာဏ်) **အထ** ထိုသို့ရှုမြင်သည်ရှိသော်၊ **ဒုက္ခေ** ဖြစ်ပျက်ဆင်းရဲ၌၊ **နိဗ္ဗိန္ဒတိ** ငြီးငွေ့၏။ (ဖြစ်ပျက်မုန်း နိဗ္ဗိန္ဒဉာဏ်) **ဧသ ဧသော** ဤသို့ ငြီးငွေ့ခြင်းသည်၊ **ဝိသုဒ္ဓိယာ** စင်ကြယ် သောနိဗ္ဗာန်၏အကျိုးငှာ၊ **မဂ္ဂေါ** လမ်းကြောင်းသည်၊ **ဟောတိ** ဖြစ်၏။(ဖြစ်ပျက်ဆုံး မဂ်ဉာဏ်)

**ဟန္ဒဒါနိဘိက္ခဝေ၊ အာမန္တယာမိဝေါ**
**ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။** (မဟာဗုဒ္ဓဝင် ၊ ပရိနိဗ္ဗာနအခန်း)

**ဘိက္ခဝေ** ရဟန်းတို့၊ **ဒါနိ-ဣဒါနိ** ယခုအခါ၌၊ **ဟန္ဒ** အကျဉ်းအားဖြင့်၊ **ဝါ** ငါဘုရား၏ အလိုအားဖြင့်၊ **ဝေါ** သင်တို့ကို၊ **အဟံ** ငါဘုရားသည်၊ **အာမန္တယာမိ** တိုက်တွန်းမှာထားတော်မူ၏။ **သင်္ခါရာ** ကံ၊စိတ်၊ဥတု၊ အာဟာရကြောင်းလေးဖြာကြောင့် ဖြစ်ပေါ်လာကြရုပ်ဓမ္မနှင့်၊ အာရုံဒွါရဆုံမိကြ ဖြစ်ပေါ်လာကြ နာမ်ဓမ္မ ဟုဆိုအပ်သော သင်္ခါရတရားတို့သည်၊ **ဝယဓမ္မာ** ပျက်တတ်သောသဘော ရှိကုန်၏၊ **တုမှေ** သင်တို့သည်၊ **အပ္ပမာဒေန** ပျက်တတ်သောသဘောကို မမေ့ကြသော သတိတရားဖြင့်၊ **သမ္ပာဒေထ** ပြည့်စုံစေကြကုန်လော့။

ဘုရားရှင်ဟောထားတဲ့ ပါဠိစာပိုဒ် ၃-ပိုဒ်ပါ၊ ဒါကို မိုးကုတ်ဆရာတော်ဘုရားကြီးက ပြန်ဟောထားပေးပါတယ်။ ခန္ဓာငါးပါး ရုပ်နာမ် ၂-ပါးတို့ရဲ့ဖြစ်ပြီးပျက်တဲ့ သဘောတရားကို ဉာဏ်နဲ့မြင်ပြီး ရှုမှတ်ပွားများ ရမယ်လို့ဆိုပါတယ်။ နောက်ပြီး အနိစ္စ(အမြဲမရှိ)၊ ဒုက္ခ(ဆင်းရဲ၏)၊ အနတ္တ(အနှစ်ကင်းပအစိုးမရ) ဆိုတဲ့ လက္ခဏာရေး ၃-ပါးဟာလည်း ဖြစ်ပျက်တရားထဲ အကုန်ဝင် သွားပါတယ်လို့ ဆရာတော်ကြီးက ဟောခဲ့ပါသေးတယ်။

(က) ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးသည် ဖြစ် ပြီး ပျက် တတ်သောသဘောကြောင့် မမြဲသဖြင့် **အနိစ္စ** မည်၏။

(က) ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးသည် **ဖြစ်** **ပြီး** **ပျက်** တတ်သောသဘောကြောင့် ဆင်းရဲသဖြင့် **ဒုက္ခ** မည်၏။

(က) ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးသည် **ဖြစ်** **ပြီး** **ပျက်** တတ်သောသဘောကြောင့် အစိုးမရ အကောင်အထည် အတုံးအခဲမဟုတ်သဖြင့် **အနတ္တ** မည်၏။

ထို့ကြောင့် ခန္ဓာငါးပါး၏ဖြစ်ပျက်ကို တကယ်မြင်ပါက မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုရနိုင်လေသည်။ တရားစခန်းပွဲတိုင်း၌ ဓမ္မကထိကဆရာတော်တွေ ဟောသောအခါ တရားပွဲ သိမ်းခါနီး သစ္စာကိုက်ဟော၍ အဆုံးသတ်သည်ကို ကျွန်ုပ်အပါဝင် ယောဂီတို့သည် လိုက်ဆိုဖူးကြပါလိမ့်မည်။

ခန္ဓာငါးပါးကဖြစ်ပျက်မို့ - ဒုက္ခသစ္စာ
သိတဲ့ဉာဏ်က - မဂ္ဂသစ္စာ
သေသွားတာက - သမုဒယသစ္စာ
နောင်ခန္ဓာမလာတာက - နိရောဓသစ္စာ ကဲ သစ္စာလေးချက်လည်း တစ်ပြိုင်နက်ကိုက်ပြီ။ တရားပွဲဒီမှာပဲ သိမ်းကြပါဦးစို့ ။

သာဓု သာဓု သာဓု ။

တရားပွဲပြီးခါနီးတိုင်း ဆရာတော်များက သစ္စာကိုက် ဟောကြား၍တရားပွဲသိမ်းကြလေသည်။ ကျွန်ုပ်လည်း အများတကာနှင့်ရောနှောကာ လိုက်ဆိုရင်း သစ္စာကိုက်တရားရွတ်ဆိုခဲ့ဘူးလေသည်။ သို့သော် ကျွန်ုပ်ကိုယ်တိုင် အဓိပ္ပါယ်ရှင်းရှင်းလင်းလင်းနားမလည်ခဲ့ပါ။ ကျွန်ုပ်ကဲ့သို့ နားမလည်ဘဲ လိုက်ဆိုနေသော ယောဂီများလည်း ရှိပါလိမ့်မည်။ သို့အတွက် သစ္စာ ( ၄ ) ချက် ကိုက်ပုံကို သေချာစွာ နားလည်စေရန် ရှင်းလင်းတင်ပြလိုက်ရပါတော့သည်။

## ခန္ဓာငါးပါးက ဖြစ်ပျက်မို့ ဒုက္ခသစ္စာကိုရှင်းခြင်း

ခန္ဓာငါးပါးဆိုတာသည်၊ ခန္ဓာ = အပေါင်းအစု၊ (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ဝိညာဏ်) ဆိုသော ခန္ဓာ ၅-ခုပေါင်းစုထားသဖြင့် ခန္ဓာငါးပါးဟုခေါ်လေသည်။ ခန္ဓာငါးပါး ဖြစ်ခွင့်ရသောနေရာ ၆-နေရာရှိသည်-

| | | |
|---|---|---|
| ပဉ္စဒွါရဝီထိ | မျက်လုံး၌ မြင်ခန္ဓာငါးပါး၊<br>နား၌ ကြားခန္ဓာငါးပါး၊<br>နှာခေါင်း၌ နံခန္ဓာငါးပါး၊<br>လျှာ၌ စားခန္ဓာငါးပါး၊<br>ကိုယ်၌ ထိသိခန္ဓာငါးပါး၊ | နောက်လိုက်မနောဒွါရဝီထိ |

အပြင်ပဉ္စဒွါရငါးခု၌ပေါ်ပြီးလျှင် ကာလမခြား မနောဒွါရ၌ ထပ်ဖြစ်သည်ကို နားလည်ပြီး ဖြစ်ပါလိမ့်မည်။ ဥပမာအားဖြင့် မျက်စေ့၌ပေါ်သောခန္ဓာငါးပါးနှင့် ကာလမခြားမနော၌ပေါ်သော ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်မှုသဘောကို ရှင်းပြလိုပါသည်။ ၎င်းသဘောကိုနားလည်ပါက ကျန်သော နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့၌ပေါ်သော ခန္ဓာတို့၏ ဖြစ်ပျက်ကိုလည်း နားလည်ပါလိမ့်မည်။ အားလုံးသဘောအတူတူသာ ဖြစ်လေသည်။ မျက်စေ့၌ပေါ်သော ခန္ဓာငါးပါးကိုပြသော် ။

ကျောက်ခဲနှစ်လုံးအားနဲ့ ခတ်လိုက်၍ မီးပွင့်ပြီးတစ်ပြိုင်နက်ဖြစ်၊ တစ်ပြိုင်နက်ပျက်သွားသလို မျက်လုံးအကြည်နှင့် အဆင်းတိုက်၍ နာမ်ခန္ဓာ၄-ပါးဖြစ်သည့်(ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) တို့ ပေါ်လာပြီး တစ်ပြိုင်နက်ဖြစ် တစ်ပြိုင်နက်ချုပ်ကြလေသည်။

မျက်စိအကြည်(ရုပ်)နှင့် အဆင်း(ရုပ်)တိုက်လိုက်သောအချိန်၌ ၎င်း ရုပ်တရားတို့သည်၊ မျက်စိတမှိတ် လျှပ်တပြက်လျှင် ကုဋေငါးထောင်ကျော်နှုန်းနှင့် ချုပ်ပျောက်ပျက်စီးသွားပေသည်။ ထို့အတူ ၎င်းရုပ်တရားနှစ်ခု တိုက်၍ပေါ်လာသော နာမ်ခန္ဓာများဖြစ်ကြသည့် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့သည်လည်း မျက်စိတမှိတ်လျှပ်တပြက်တွင် ကုဋေတစ်သိန်းကျော် ချုပ်ပျောက် ပျက်စီးသွားပေသည်။ ဆိုလိုသည်မှာ အာရုံသိသဘောတစ်ခုသည် မျက်စိတမှိတ်လျှပ်တပြက်၌ အကြိမ်ပေါင်းကုဋေတစ်သိန်းကျော် ဖြစ်လိုက်ပျက်လိုက် ဖြစ်ပြီးသွားပြီး ကာလမခြား စိတ်(ဘဝင်)နှင့် ဓမ္မာရုံ (ပုံသဏ္ဌာန်အမှုအရာ) တို့တိုက်ပြီး နာမ်ခန္ဓာလေးပါးဖြစ်သည့် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်)တို့ ပေါ်လာပြန်သည်။ ထိုမနောတွင်ပေါ်သော ခန္ဓာငါးပါး၌လည်း စိတ်(ဘဝင်)နှင့် ဓမ္မာရုံ (ပုံသဏ္ဌာန်အမှုအရာ)တို့သည် ရုပ်(ရူပက္ခန္ဓာ) များဖြစ်ကြ၍ ရုပ်၏ဖြစ်ပျက်နှုန်း မျက်စိတမှိတ် လျှပ်တပြက်တွင် ကုဋေငါးထောင်ကျော်ဖြင့် ဖြစ်လိုက်ပျက်လိုက်နှင့် ချုပ်ပျောက်ပျက်စီးကြလေသည်။ ထို့အတူ စိတ်(ဘဝင်)နှင့် ဓမ္မာရုံတို့တိုက်၍ပေါ်လာသော နာမ်ခန္ဓာ ၄-ပါး ဖြစ်သည့် (ဝေဒနာ၊

သညာ၊ သင်္ခါရ၊ ဝိညာဏ်)တို့သည်လည်း မျက်စိတမှိတ်လျှပ်တပြက်တွင် ကုဋေတစ်သိန်းကျော်နှုန်းဖြင့် ဖြစ်ပေါ်ချုပ်ပျောက်သွားပေသည်။

၄င်းနှစ်ဆင့်အထိ ပရမတ်သဘောသာ ရှိနေပေသေးသည်၊ **"ခန္ဓာငါးပါးပေါ်လာသည့် သဘောမှာ ချုပ်ပျောက်ဖို့သာ"** ဖြစ်လေသည်၊ ၄င်းကို အဝိဇ္ဇာအမှောင်ဓါတ်ရှိသူများက အကောင် အထည်ထင်၊ သူငါထင်ပြီး အာရုံဆက်သည့်သဘောတွေကြောင့် ထပ်ခါထပ်ခါပေါ်နေရခြင်း ဖြစ်လေ သည်။ ခန္ဓာငါးပါးကို ဤသဘော အတိုင်းဖြစ်လိုက်ပျက်လိုက်နှင့် ချုပ်ပျောက်ပျက်စီးသည်ကို ဉာဏ်ဖြင့်သိပါမှ ခန္ဓာငါးပါး၏ ဖြစ်ပျက်ကို ဉာဏ်အမြင်ဖြင့် မြင်ပါလိမ့်မည်။ ဖြစ်ပျက်နှုန်းသည် အင်မတန် မြန်ဆန်လွန်းသောကြောင့် ကျွန်ုပ်တို့ မမြင်နိုင်ပါ။ အချိန်ကာလကုန်ဆုံးသလို ကုန်ဆုံး ချုပ်ပျောက်သည့် သဘောကိုသာ ဉာဏ်ဖြင့်သိနိုင်ပေသည်။

ထိုသို့ဖြစ်ပေါ်လာလိုက် ပျက်သွားလိုက်နှင့် အလွန်လျှင်မြန်စွာ ဖြစ်ပျက်နေသောကြောင့် ဒုက္ခသစ္စာ (ဆင်းရဲခြင်းအမှန်) တရားသာဖြစ်ပေသည်။ ဤသဘောကိုနားလည်မှ (ခန္ဓာငါးပါးက ဖြစ်ပျက်မို့ ဒုက္ခသစ္စာ)ဆိုသည့် သဘောအဓိပ္ပါယ်ကို နားလည်မည်ဖြစ်ပါသည်။

## သိတဲ့ဉာဏ်ကမဂ္ဂသစ္စာ

ဤသဘောတရားကိုသိရန်မလွယ်ကူချေ။ အဝိဇ္ဇာအမှောင်ဓါတ်ရှိသူ၊ သစ္စာတရားများကို သေချာစွာ မနာကြားဘူးသူများ မသိနိုင်ပါ။ သမ္မာဒိဋ္ဌိ(မှန်ကန်သောအယူအဆအမြင်) မရှိသူများလည်း မသိနိုင်ပေ။ ထို့ကြောင့် ထိုကဲ့သို့ ရုပ်နာမ်ဖြစ်ပျက်သဘောတရားကို ဉာဏ်အမြင်ဖြင့် တကယ်မြင်သော ပုဂ္ဂိုလ်များသည် သမ္မာဒိဋ္ဌိ (မှန်ကန်သောအမြင်)၊ သမ္မာသင်္ကပ္ပ(မှန်ကန်သောအကြံအစည်)၊ သမ္မာဝါယမ (မှန်ကန်သော အားထုတ်မှု)၊ သမ္မာသတိ (မှန်ကန်သောအောက်မေ့မှု)၊ သမ္မာသမာဓိ (မှန်ကန်သော တည်ကြည်မှု) ဟု ဆိုသော အရှုဉာဏ်မဂ္ဂင်ငါးပါး (တစ်နည်း) ပဉ္စင်္ဂိကမဂ်ဟုခေါ်သော ၄င်းအသိသည် မဂ္ဂင် ကိုက်နေသဖြင့် သိတဲ့ဉာဏ်က မဂ္ဂသစ္စာဟု ဆိုခြင်းဖြစ်ပေသည်။

## သေသွားတာကသမုဒယသစ္စာ

ဤကဲ့သို့ သမ္မာဒိဋ္ဌိအမြင်မှန်(လောကီဝိပဿနာမဂ္ဂင်)ဖြင့် သိမြင်နေသောအခါ၌ အာရုံ ကပ်ငြိခြင်း သဘောတဏှာမကူးတော့သည့်အတွက် ဥပါဒါန်၊ ကမ္မဘဝ မဖြစ်တော့ပေ။ တဏှာ၊

ဥပါဒါန်၊ ကမ္မဘဝ တို့သည် သမုဒယသစ္စာ(ဒုက္ခဖြစ်ကြောင်း အကြောင်းသစ္စာ)များ ဖြစ်ကြလေသည်။ အမှန်အတိုင်းသိ၍ တဏှာ ဥပါဒါန်၊ ကမ္မဘဝ၊ မဖြစ်တော့သည်ကို သမုဒယသစ္စာသေသည်ဟု ဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် သေသွားတာက သမုဒယသစ္စာဟုခေါ်ဆိုခြင်းဖြစ်သည်။

## နောင်ခန္ဓာမလာတော့တာက နိရောဓသစ္စာ

ပဋိစ္စသမုပ္ပါဒ်အကွက်(၄)တွင် ဇရာမရဏ ဖြစ်ရခြင်းသည် ဇာတိရှိ၍သာ ဖြစ်ရလေသည်။ ဇာတိသည် အကွက်(၃)တွင်ရှိသော ကမ္မဘဝကြောင့်ဖြစ်ရသည်။ ကမ္မဘဝသည် ဥပါဒါန်ကြောင့် ဖြစ်ရပြီး၊ ဥပါဒါန်သည် တဏှာကြောင့်ဖြစ်ရလေသည်။ ထို့ကြောင့်နောင်ခန္ဓာဖြစ်သည့် ဇာတိ မလာရခြင်း၏အကြောင်းသည် သမုဒယသစ္စာများဖြစ်သော (တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ) တို့ကြောင့်သာ ဖြစ်ရခြင်းဖြစ်သည်။ ခန္ဓာငါးပါး၏ ဖြစ်ပျက်မို့ ဒုက္ခသစ္စာကို အမှန်အတိုင်း သိလိုက်သော မဂ္ဂသစ္စာကြောင့် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ မကူးတော့သည့်အတွက် သမုဒယသစ္စာ သေသွားလေသည်။ ထိုသမုဒယသစ္စာသေသွားသဖြင့် ဇာတိမဖြစ်တော့၊ ဇရာမရဏ မလာတော့ပေ၊ ထိုသို့ ဇာတိ မလာသည်ကို နောင်ခန္ဓာမလာခြင်းဟု ဆိုလိုခြင်း ဖြစ်လေသည်။

## သစ္စာလေးချက် တစ်ပြိုင်နက်ကိုက်ညီပုံ

ခန္ဓာငါးပါးဖြစ်ပျက်၏ ဒုက္ခသစ္စာကို အမှန်အတိုင်းသိသော မဂ္ဂသစ္စာကြောင့် သမုဒယသစ္စာ သေပြီး နောင်ခန္ဓာမလာသော နိရောဓသစ္စာ ဆိုက်ရောက်ခြင်းဖြစ်သည်။ သစ္စာ ၄-ချက် တစ်ပြိုင်နက် ကိုက်သည့်သဘောပင် ဖြစ်သည်။ မှောင်နေသောအခန်းထဲတွင် ဆီမီးထွန်းလိုက်သလို-

၁။ အမှောင်ဓါတ်ပျောက်သွားသည်။

၂။ အလင်းဓါတ် ရောက်လာသည်။

၃။ မီးစာလည်း ကုန်သွားသည်။

၄။ ဆီလည်းခန်းတော့သည်။

ဤသဘောအတိုင်း ၄-ချက်ကိုက်ညီခြင်းဖြစ်ပေသည်။

ဤသဘောတရားကိုမြင်မှသာ ဖြစ်ပျက်မြင်သည်ဟု ဆိုနိုင်ပေသည်။ ဒါမှသာ အနုသယ ကိလေသာကိုသတ်သည့် ဝိပဿနာစစ်စစ်ဖြစ်ပေသည်။ ကြားစိတ်ပေါ်၊ ဖြစ်ပျက်၊ နံစိတ်ပေါ် ဖြစ်ပျက်

စသည့်ဖြင့် ရှုမှတ်နေခြင်းသည် အကြမ်းစားဝိပဿနာရှုနည်းသာ ဖြစ်သည်။ ပြီးမှ ပြန်သုံးသပ်သည့် သဘောသာဖြစ်ပြီး ပစ္စုပ္ပန်တည့်တည့်မကျသဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်မရနိုင်ပါ။ အသေးဆုံး အချိန်ကာလမှာပင် ဖြစ်ပျက်သဘော တရားရှိနေသဖြင့် ပြန်သုံးသပ်သည့်သဘောဖြင့်ရှုပါက ကြားကာလတွင် ဖြစ်ပျက်မရှိသည့်သဘော ဖြစ်နေပေလိမ့်မည်၊ ထို့ကြောင့် ပိုင်းလော့ဆရာတော်က ဝိပဿနာရှုမှတ်ရင် နေရာနဲ့မလိုက်ပါနဲ့ အချိန်နဲ့သာ ရှုမှတ်ဖို့ ဘုရားကသင်ထားပါတယ်လို့ ဆိုပါတယ်၊ အချိန်ကာလတွေဟာ အချိန်တိုင်းမှာ ကုန်ဆုံးချုပ်ပျောက်နေပါတယ်။ ဒီသဘောတရားအတိုင်း ခန္ဓာငါးပါးကို အချိန်လို့ထားပြီး ရှုမှတ်မယ်ဆိုရင် ပစ္စုပ္ပန်တည့်သွားပါပြီ။

သို့သော်လည်း စစချင်းအားထုတ်တဲ့ယောဂီအဖို့ ဖြစ်ပျက်ကိုမမြင်နိုင်ပါဘူး၊ ဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက တရားအားထုတ်တဲ့ယောဂီတွေကို စစချင်း ဖြစ်ပျက်မရှုခိုင်းပါဘူး။ ခန္ဓာငါးပါးရဲ့ သဘောကို အရင်နားလည်အောင် သင်ပေးပါတယ်၊ ပြီးရင် ဒိဋ္ဌိအရင်ဖြုတ်တတ်အောင် သင်ပေးပါတယ်၊ ဒိဋ္ဌိဖြုတ်တတ်ပြီဆိုတော့မှသာ ဖြစ်ပျက်ရှုမှတ်ခိုင်းတာ ဖြစ်ပါတယ်။

ပိုင်းလော့ဆရာတော်ကလည်း ပထမဦးစွာ အာယတန၊ ဓါတ်၊ သက္ကာယဒိဋ္ဌိ၊ စတဲ့အခြေခံတွေ နားလည်အောင် အရင်သင်ပေးတယ်၊ ပြီးမှ တဏှာ၊ မာန၊ ဒိဋ္ဌိဖြုတ်အောင် ဘုရားပေးတဲ့နည်းအတိုင်း နေတံမမ၊ နေသောဟမသ္မိ၊ နမေသေအတ္တာ ဆိုတဲ့နည်းအတိုင်း ရှုခိုင်းပါတယ်၊ ကြိမ်ဖန်များစွာ ရှုမှတ်ခိုင်းပါတယ်၊ အဲဒီလို ရှုမှတ်လို့ အကောင်အထည်မဟုတ်မှန်းသိတဲ့ဒိဋ္ဌိ၊ အသွေးအသားမှာ သတ္တိကိန်းသွားပြီဆိုတော့မှသာ အချိန်ကာလနဲ့အတူ တရစပ်ချုပ်ပျောက်နေတဲ့ ဖြစ်ပျက်သဘောကို ရှုခိုင်းပါတယ်။ အဲဒီလိုမဟုတ်ပဲ စစချင်း ဖြစ်ပျက်ရှုနေရင် ပါးစပ်ဖြစ်ပျက် နှုတ်ဖြစ်ပျက်ပဲ ဖြစ်ပါလိမ့်မယ်။ တကယ့်ဉာဏ်နဲ့မြင်တဲ့ ဖြစ်ပျက်သဘော မဖြစ်နိုင်ပါဘူး၊ အထူးအားဖြင့် မိုးကုတ်ယောဂီတွေကို သိစေချင်တဲ့အတွက် ရှင်းလင်းတင်ပြရခြင်းသာ ဖြစ်ပါတယ်။

တရားအားထုတ်တဲ့အခါ ကိုယ်မှာပေါ်တဲ့ခန္ဓာငါးပါး ထိသိခန္ဓာကိုပဲယူပါတယ်၊ သူကအိမ်သည် ဖြစ်ပါတယ်။ ကိုယ်မှာပေါ်ရင်တွေ့မှာက ဓါတ်(၃)ပါးပဲရှိပါတယ်၊ ပထဝီရယ်၊ တေဇောရယ်၊ ဝါယောရယ်ဖြစ်ပါတယ်။ အာပေါဓါတ် မတွေ့ပါဘူး။ ထိသိခန္ဓာ(မာတဲ့သဘော၊ ပျော့တဲ့သဘော) (ပူတဲ့သဘော၊ အေးတဲ့သဘော)နဲ့ (ငြိမ်သဘော၊ လှုပ်သဘော) တွေပေါ်လာရင် ကာလမခြားမနေခမှာ မိမိရဲ့မျက်နှာ လည်ပင်း၊ လည်ဂုတ်၊ ရင်ဘတ်၊ ကျောပြင်၊ ဝမ်းဗိုက်နဲ့ခါး၊ တင်ပါး၊ ခြေထောက်ပိုင်း၊

တစ်ကိုယ်လုံးပေါ်ပေါ်လာပါတယ်၊ မျက်စိနဲ့ မြင်တာမဟုတ်ပါဘူး၊ မျက်စိမှိတ်လို့ပေါ်လာတဲ့အာရုံတွေကို မမှာရုံလို့ခေါ်ပါတယ်။ အဲဒါကိုပြောတာပါ။ အဲဒီပေါ်လာတဲ့အာရုံကို စိတ်မှာယှဉ်တဲ့ အမှောင်ဓါတ်ကြောင့် အကောင်အထည်ထင်တဲ့ဒိဋ္ဌိ ဖြစ်လာပါတယ်။ ဒိဋ္ဌိကြောင့် မာန၊ မာနကြောင့်တဏှာ ကူးသွားတဲ့ သဘောပါ၊ ဒါကို ပထမဦးစွာ ဘုရားပေးတဲ့နည်း ဆရာတော် သင်ပြပေးလို့သိရတဲ့အတိုင်း နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာလို့ ရှုမှတ်ပွားများပေးရပါမယ်။ အဲဒီလို ရှုမှတ်ဆဲကာလမှာ အသွေးအသားမှာ ကိန်းနေတဲ့ အမှောင်ဓါတ် သတ္တိတွေကြောင့် အကောင်အထည်ထင်တဲ့အမြင်၊ ငါထင်တဲ့အမြင်၊ ငါ့ဥစ္စာလို့ထင်တဲ့အမြင်တွေ သတ္တိတွေကို ချေဖျက်လိုက်တာပါ။ ဆရာတော် ဥပမာ ပေးထားတာကတော့ အခုခေတ်ပေါ်နေတဲ့ Digital Camera တွေမှာပါသလို ကင်မရာ Memory ထဲမှာထည့်ထားတဲ့ပုံတွေ မကောင်းလျှင် Delete လုပ်ပြီးဖျက်လိုက်သလိုပဲ၊ အသွေးအသားမှာ အမှောင်ဓါတ်နဲ့ သွင်းထားတဲ့သတ္တိတွေကို ချေဖျက်လိုက်တာပါ၊ အလင်းရောက်ရင် အမှောင် ပျောက်သွားတဲ့သဘောပါပဲ။ အလင်းတွေရောက်လာတော့ အသွေးအသားမှာ အလင်းဓါတ်အားတွေ ကောင်းလာပါတယ်၊ ကြိမ်ဖန်များစွာ အားထုတ်လို့ အလင်းဓါတ်ပြည့်သွားတဲ့အချိန်ကျရင် အကောင် အထည်လို့ လုံးဝမယူတော့ဘူး၊ ငါမဟုတ်ဘူးလို့လည်း သိသွားသလို၊ ငါ့ဥစ္စာမဟုတ်ဘူးလို့ ဆုံးဖြတ်ချက် ခိုင်မာစွာချနိုင်သွားတယ်၊ အသိတရားဉာဏ်တွေ ရှင်းသထက်ရှင်းလာပါတယ်၊ အဲဒီလို အထည်မယူတော့ဘူး၊ တဏှာအစပ် တကယ်အပြီးပြတ်သွားပြီဆိုရင်တော့ အရဟတ္တမဂ်/ဖိုလ် ရဟန္တာဖြစ်သွားတယ်လို့ ဆိုရပါမယ်၊ ဉာဏ်ကိုပေးတဲ့အမည်ပါ။

ဒါကြောင့်မို့ ဖြစ်ပျက်ကို နောက်မှရှုပါ၊ ဒိဋ္ဌိတကယ်ပြုတ်အောင် ဉာတပရိညာနဲ့ အရင်ဖြုတ်၊ တိရဏ ပရိညာနဲ့ (နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာ)လို့ ပွားများအားထုတ်ပြီး အကောင်အထည် မဟုတ်မှန်း တကယ်သိသွားပြီး ဖြစ်ပျက်သဘောကို အချိန်ကာလနဲ့အတူ ချုပ်ပျောက်နေကြောင်း ရှုမှတ်ပေးပါ၊ လျှောင်း၊ ထိုင်၊ ရပ်၊ သွား၊ဣရိယာပုတ် ၄-ပါးနဲ့ တရစပ် ရှုမှတ်ပွားများနိုင်ရင် ၇-ရက်အတွင်း အနာဂါမ်၊ ရဟန္တာ ဖြစ်နိုင်ပါတယ်လို့ ဆိုထားပါတယ်၊ ဒါဆိုတဏှာအစပ် အပြီးပြတ်ပြီး ခန္ဓာဇာတ်သိမ်းငြိမ်းနိုင်ပါတယ်၊ ခန္ဓာဇာတ်သိမ်းရင်၊ နိဗ္ဗာန်ပါ၊ ဒါကြောင့် ဖြစ်ပျက်မြင်မှ နိဗ္ဗာန်ရလို့ ဆိုရပါတော့မယ်၊ ရှုမှတ်ပွားများနိုင်ကြပါစေ။

## အလှူခံပုဂ္ဂိုလ်(၁၄)ဦး (ဝါ) အပြစ်မှားခံပုဂ္ဂိုလ်(၁၄)ဦး

သုံးဆယ့်တစ်ဘုံ၌ကျင်လည်ကြကုန်သော သတ္တဝါတွေမှန်သမျှ နေ့စဉ်ပြုလုပ်နေတဲ့ ကံက နှစ်မျိုးပဲ ရှိပါတယ်(အလောဘ၊ အဒေါသ)ဦးစီးတဲ့ကုသိုလ်ကံတွေနဲ့(လောဘ၊ဒေါသ၊မောဟ)ဦးစီးတဲ့ အကုသိုလ်ကံတရားတွေပဲ ဖြစ်ပါတယ်။ ပြုခဲ့တဲ့ ကုသိုလ်ကံတွေကြောင့် တန်ပြန်အကျိုးတွေ ရရှိမှာဖြစ်သလို ပြုခဲ့တဲ့ အကုသိုလ်ကံတွေအတွက်လည်း တန်ပြန်အကျိုးရရှိမှာ ဖြစ်ပါတယ်။

| အလှူခံ ပုဂ္ဂိုလ်(ဝါ) အပြစ်မှားခံပုဂ္ဂိုလ်(၁၄)ဦး | တန်ပြန်အကျိုးပေးမှု အဆ/ဘဝ | တန်ပြန်အကျိုးပေးသည့် အရည်အတွက် အဆ/ဘဝ |
|---|---|---|
| သမ္မာသမ္ဗုဒ္ဓ | အထူးဆိုဖွယ်မရှိ | မိဘ |
| ပစ္စေကဗုဒ္ဓါ | အထူးဆိုဖွယ်မရှိ | ဆိုဖွယ်မရှိ |
| အရဟတ္တ | မဂ်–ဖိုလ် | ဆိုဖွယ်မရှိ |
| အနာဂါမိ | မဂ်–ဖိုလ် | ဆိုဖွယ်မရှိ |
| သကဒါဂါမိ | မဂ်–ဖိုလ် | ဆိုဖွယ်မရှိ |
| သောတာပတ္တိ | မဂ်–ဖိုလ် | အသင်္ချေယျ |
| သီလ+သမာဓိရှာန် | အဆ–ဘဝ | ကုဋေတစ်သိန်း |
| သီလရှိသူ | အဆ–ဘဝ | သိန်းဂဏန်း |
| သီလမဲ့သူ | အဆ–ဘဝ | ထောင်ဂဏန်း |
| တိရစ္ဆာန် | အဆ–ဘဝ | ရာဂဏန်း |

ကုသိုလ်ကံတွေကတော့ သုစရိုက်(၁၀)ပါးလို့ခေါ်ပြီး၊ အကုသိုလ်ကံတွေကိုတော့ ဒုစရိုက်(၁၀)ပါးလို့ ခေါ်ပါတယ်။ 'သု'ဆိုတာကောင်းသော 'စရိုက်'ဆိုတာအကျင့်ဖြစ်တဲ့အတွက် သုစရိုက်(ကောင်းသောအကျင့်) နဲ့ဒုစရိုက်(မကောင်းသောအကျင့်) ရယ်လို့နှစ်မျိုးသာ ရပါတယ်…။ ဒုစရိုက်နဲ့ သုစရိုက်တရားတွေပြုလုပ်တဲ့အတွက် တန်ပြန်ရရှိမဲ့အကျိုးတရားတွေကတော့ မတူကြပါဘူး…။ အလှူခံပုဂ္ဂိုလ် အပြစ်မှားခံပုဂ္ဂိုလ်အမျိုးအစားအလိုက် အကျိုးပေးတွေ ကွာခြားသလို မိမိပြုလုပ်တဲ့စေတနာ ကံ အနည်းအများပေါ်မူတည်ပြီးလည်းကွာခြားမှုရှိပါတယ်… ။ အလှူခံပုဂ္ဂိုလ်

(ဝါ) အပြစ်မှားခံပုဂ္ဂိုလ် အပေါ်ပြုခဲ့တဲ့ ကံ တွေရဲ့အကျိုးပေးမှုတွေကတော့ အထက်မှာဖော်ပြထားတဲ့အတိုင်း····

၁။ တိရစ္ဆာန်အပေါ် လှူတန်းပေးကမ်းရင်(ဝါ) ပြစ်မှားခဲ့ရင် အကျိုးပေးက(အဆ···ဘ၀)ပေါင်းရာဂဏန်းရှိပါတယ်။

၂။ သီလမရှိတဲ့လူပုဂ္ဂိုလ်ဆိုရင်တော့ (အဆ···ဘ၀)ထောင်ဂဏန်း။

၃။ သီလရှိတဲ့ပုဂ္ဂိုလ်ဆိုရင် (အဆ···ဘ၀) သိန်းဂဏန်း။

၄။ သီလနဲ့သမာဓိချာန်ရ ပုဂ္ဂိုလ်ဆိုရင် (အဆ···ဘ၀)ကုဋေတစ်သိန်း။

၅။ သောတာပတ္တိမဂ်ဖိုလ်ရ ပုဂ္ဂိုလ်ဆိုရင် (အဆ ••• ဘ၀) အသင်္ချေယျ။

၆။ သကဒါဂါမိ၊ အနာဂါမိ၊ အရဟတ္တဆိုရင် (အဆ···ဘ၀) ဆိုဖွယ်မရှိ။

၇။ ပစ္စေကဗုဒ္ဓနှင့်သမ္မာသမ္ဗုဒ္ဓ၊ မိဘဆိုရင်တော့ (အဆ···ဘ၀) အထူးဆိုဖွယ်မရှိပါ။

အလှူခံပုဂ္ဂိုလ် (ဝါ) အပြစ်မှားခံပုဂ္ဂိုလ်မြင့်ရင် မြင့်သလိုအကျိုးပေးများပါတယ်။

ဥပမာ ။ ။ လမ်းဘေးကအရက်သမားတစ်ယောက်ကိုဆဲတာနဲ့ လူကောင်းတစ်ယောက်ကိုသွားဆဲတာဒိဋ္ဌဓမ္မအနေ နဲ့အကျိုးပေးမတူသလို····

လူကောင်းတစ်ယောက်ကိုဆဲတာနဲ့ ရပ်ကွက်လူကြီးတစ်ယောက်ဆဲတာက ပိုမိုတန်ပြန်အားများပါတယ်···။ ရပ်ကွက်လူကြီးတစ်ယောက်ထက် မြို့နယ်လူကြီးတစ်ယောက်ကို ပြစ်မှားရင် ပိုအပြစ်ကြီးတယ်···။ ဒီထက်ပိုမိုမြင့်တဲ့ ခရိုင်၊ တိုင်း၊ နိုင်ငံအဆင့်ရှိ ပုဂ္ဂိုလ်တွေဆိုရင်တော့ ပြောစရာမရှိတော့ပါဘူး····။ အဲဒီလိုပါပဲ လမ်းဘေးက လူတစ်ယောက်ကို ပူဇော်ခြင်း၊ ချဉ်းကပ်တာထက် ရပ်ကွက်လူကြီးကို ချဉ်းကပ်ရင် ပိုအကျိုးရှိပါတယ်···။ ရပ်ကွက်လူကြီးထက် မြို့နယ်လူကြီး၊ မြို့နယ်ထက်ခရိုင်၊ ခရိုင်ထက်တိုင်း၊ တိုင်းထက်နိုင်ငံ အဆင့်မြင့်ရင်မြင့်သလောက် ပိုပြီး အကျိုးကျေးဇူးရနိုင်ပါတယ်။

## သံသရာရှည်လျားလှပုံ

ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာကြီးတွင် ဘုရား ၅-ဆူ ပွင့်မည်ဖြစ်ပြီး၊ ပွင့်ခဲ့ပြီးသော ဘုရားရှင်တို့မှာ ကကုသန်ဘုရား၊ ဂေါဏဂုဏ်ဘုရား၊ ကဿပဘုရားနှင့် အခုနောက်ဆုံးပွင့်တော်မူခဲ့သည့်

ဂေါတမမြတ်စွာဘုရားရှင်တို့ပင် ဖြစ်သည်။ ဂေါတမမြတ်စွာဘုရားရှင်သည် သက်တမ်း(၁၀၀)တမ်းတွင် ပွင့်ခဲ့ပြီး အခုဆိုလျှင် လူတို့၏သက်တမ်းမှာ (၇၅)နှစ်တန်းသာရှိတော့လေသည်။ (၇၅)နှစ်တန်းမှ (၁၀)နှစ်တန်းအထိ သက်တမ်းကျ သွားမည်ဖြစ်ပြီး ၎င်းမှတက်ကပ်ကာလတွင် သက်တမ်း အသင်္ချေယျ ထိအောင် တက်မည်ဖြစ်ပါသည်။ ၎င်းအသင်္ချေယျတန်းမှ နှစ်(၁၀၀)နှင့်တစ်နှစ်လျော့ပြီး ဆုတ်ကပ် ကာလ လူ့သက်တမ်းတစ်သိန်းတမ်းတွင် အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူမည်ဖြစ်ပါသည်။ ဘုရား တစ်ဆူပွင့်ရန် အနည်းဆုံး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ ဖြစ်ပါသည်။ ယနေ့ထိ ပွင့်တော် မူခဲ့သော ဘုရားရှင်အပေါင်းတို့မှာ ဂင်္ဂါဝါဠုသဲစုမက ပွင့်ခဲ့ကြပြီး ဖြစ်ပါသည်။ ဤမျှလောက် ပွင့်တော်မူခဲ့သည့် ဘုရားရှင်တို့၏ ပါရမီဖြည့်ကာလနှင့် တွက်ကြည့်ပါက သံသရာမည်မျှရှည်သည်ကို ခန့်မှန်းနိုင်လေသည်။

မြတ်စွာဘုရားရှင်သည် ဉာဏ်တော်နှင့်ကြည့်ပါက သတ္တဝါတစ်ဦး၏ ဖြစ်ခဲ့သောဘဝများကို မျက်စိတစ်မှိတ် လျှပ်တပြက်တွင် ကုဋေတစ်သိန်းပုံတစ်ပုံဟုခေါ်သော တစ်ဝီထိ၌ ထိုသတ္တဝါ၏ဘဝကို လွန်ခဲ့သောဘဝကမ္ဘာပေါင်းသိန်းချီ၍ မြင်တော်မူလေသည်။ ဤမျှလောက် မြင်နိုင်သောစွမ်းအားဖြင့် အတိတ်ဘဝများကို ပြန်ကြည့်ပါက မြတ်စွာဘုရားသက်တမ်းစေ့သော ကုန်သွားပေမည်၊ ထိုသတ္တဝါ၏ ဘဝအစကို ရှာမတွေ့နိုင်သေးပေ။ လောကအတွက် အကျိုးမရှိသဖြင့် သံသရာ၏အစကို ပုဂ္ဂိုလ်သတ္တဝါ အနေနှင့် မဟောနိုင်ပဲ ဓမ္မသဘောအနေဖြင့်သာ အဝိဇ္ဇာကစသည်ဟုသာ ဟောတော်မူခဲ့လေသည်။

ဤမျှလောက်ရှည်လျားသော ဘဝပေါင်းများစွာတွင် ကျွန်ုပ်တို့အားလုံးသည် အပါယ်လေးဘုံ၌ အကြိမ်ကြိမ် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာပြည်တို့၌ အကြိမ်ကြိမ်ဖြစ်ခဲ့ကြပြီး နောက်ဆုံးအိုနာသေနှင့် အဆုံးသတ်ကာ မြုပ်မျောပေါ်မျော မျောခဲ့ရလေသည်။ မြတ်စွာဘုရားဟောကြားသော သစ္စာတရား များကို မနာကြား၊ မကျင့်ကြံ၊ အားမထုတ်ဘဲ နေခဲ့ပါလျှင် ရှည်လျားလှသော သံသရာတွင်လည်း ထိုကဲ့သို့ပင် မြုပ်မျော ပေါ်မျော မျောရပေဦး မည်။ ဘဝပေါင်းများစွာ အအိုအနာအသေတွေ ထပ်ခဲ့ပါပြီ၊ တော်လောက်ပါပြီ၊ ပင်ပန်းလှပါပြီ၊ အအိုအနာ အသေလွတ်ရာနိဗ္ဗာန်ကိုသာ ရောက်အောင်ကြိုးစား အားထုတ်သင့်ပေသည်။ အပါယ်လေးဘုံ၏ဆင်းရဲဒုက္ခကို လည်းသိနေကြပါပြီ၊ အပါယ်ကိုကျသွားလျှင် ကောင်းသောသုဂတိဘုံသို့ တော်တော်နှင့် မတက်နိုင်တော့ပါ။ (ကစ္ဆပသုတ္တန်)၊ အပါယ်ဘုံ၏ ဆင်းရဲသည်လည်း အင်မတန်ကြောက်မက်ဖွယ် ကောင်းပေသည်။ ဘုရားတစ်ဆူနှင့် တစ်ဆူကြား ဆင်းရဲဒုက္ခသည် အပါယ်ဘုံသားများလည်း များစွာရှိလေသည်။

မြတ်စွာဘုရားရှင်လက်ထက် ရဟန်းအချို့သည် မြတ်စွာဘုရားကျောင်းတော်ကိုသွားရင်း တောလမ်း တစ်ခု၌ မျက်စိလည်လမ်းမှားကြလေသည်။ တစ်နေရာရောက်သောအခါ ကျောက်နွားကြီး နှစ်ကောင်နှင့် လယ်ထွန်နေသော ပြိတ္တာကြီးတစ်ယောက်ကို တွေ့ရလေသည်။ ရဟန်းတွေက "ဒကာကြီး…။ ကျုပ်တို့မျက်စိလည် လမ်းမှားလာလို့ မြတ်စွာဘုရားကျောင်းတော်ကို သွားတဲ့လမ်း ပြပေးပါ" လို့ပြောသောအခါ ပြိတ္တာကြီးက "အရှင်ဘုရားတို့က အခုမှလမ်းမှားလာတာ၊ တပည့်တော်က လမ်းမှားလာတာ ကဿပဘုရားရှင်လက်ထက် ကတည်းက ခုထိပဲ" လို့ လျှောက်တယ်။ ရဟန်းတွေဟာ ဘုရားကျောင်းတော်ရောက်တော့ ဘုရားရှင်ကို လမ်းမှာတွေ့ခဲ့တဲ့ လယ်ထွန်နေတဲ့ ပြိတ္တာအကြောင်း မေးလျှောက်တဲ့အခါ ဘုရားရှင်က အဲဒီလယ်ထွန်နေတဲ့ ပြိတ္တာကြီး ဟာ ပြီးခဲ့တဲ့ဘုရားရှင်လက်ထက်က လယ်သမားတစ်ဦး ဖြစ်ခဲ့တယ်တဲ့။ တစ်နေ့ သူက လယ်ထွန်နေ တုန်း သူငယ်ချင်းဖြစ်သူက ဘုရားကျောင်းသွား တရားနာဖို့ ဖြတ်သွားရင်း "သူငယ်ချင်း…။ ငါ ဘုရားကျောင်းသွား တရားနာမလို့ လိုက်မလား" လို့ ခေါ်ပါတယ်။ အဲဒီတော့ သူက "ငါ ဘုရားကျောင်းသွားရင် မင်းတို့ဘုရားက ငါ့လယ် လာထွန်ပေးမှာလား" လို့ပြောလိုက်တယ်၊ "ဝစီဗေဒထိတိုင်းရှ"တဲ့၊ သူပြစ်မှားခဲ့တဲ့ ဝစီကံကြောင့် ဘုရားတစ်ဆူနဲ့တစ်ဆူကြား လယ်ထွန်နေရတဲ့ ပြိတ္တာကြီး ဖြစ်နေရရှာတယ်လို့ ဟောပြလိုက်ပါတယ်။ အပြစ်မှားခံပုဂ္ဂိုလ်က ဘုရားရှင်ဖြစ်နေတော့ တန်ပြန်အား အင်မတန်များတဲ့အတွက် ဘုရားတစ်ဆူနဲ့ တစ်ဆူကြား အစာရေစာငတ်ပြတ်ပြီး ပြိတ္တာဘဝဖြစ်နေရပါတယ်။

ဒါကြောင့် ရှည်လျားလှတဲ့ သံသရာမှာ အခုလိုပြိတ္တာဘဝမျိုး မရောက်ရအောင် ဝစီကံတင် မကဘဲ မနောကံ၊ ကာယကံတို့ကို မပြစ်မှားမိစေရန်အတွက် အသိတရားရစေရန် တင်ပြလိုက်ပါသည်။

## ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်း

ဒီခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်းဖြစ်ပေါ်လာပုံကို ဆရာတော်ကရှင်းပြပါတယ်။ ဆရာတော်ကျောင်းမှာတရားစခန်းဖွင့်တဲ့အခါ တချို့ယောဂီတွေဟာ လူငယ်လူရွယ်တွေဖြစ်သလို ရုပ်ဆင်းအင်္ဂါတွေလည်း ကောင်းကြပါတယ်။ ခေတ်ပညာတတ်ပုဂ္ဂိုလ်တွေလည်း ဖြစ်ကြပါတယ်။ ဒါပေမယ့် သစ္စာတရားတွေ ဟောတဲ့အခါ နားမလည်ကြဘူးတဲ့။ ဘာအကြောင်းကြောင့်လဲဆိုတာ ရှာကြည့်တော့မှ တွေ့ရပါတယ်။ အဲဒီလူငယ်လူရွယ်တွေဟာ အဖေနဲ့သေခန်းပြတ်၊ အမေနဲ့သေခန်းပြတ်ဆိုတဲ့သူတွေ ဖြစ်နေကြတယ်။ ဒီတော့မှ ဆရာတော်က ဘုရားကျမ်းဂန်တွေမှာ ပြန်ရှာကြည့်တဲ့အခါ ဒီလိုပြစ်မှားခဲ့တဲ့ အပြစ်တွေကျေဖို့ရာအတွက် အပြစ်မှားခဲ့ပုဂ္ဂိုလ်တွေကို တိုက်ရိုက်ဝန်ချတောင်းပန်ရင်လည်း အပြစ်ကျေပါတယ်။ ဒါမှမဟုတ် ဘုရားဓါတ်တော်ကိန်းရာမှာ ပန်း(၁၀)မျိုး အမွေးတိုင်(၁၀)တိုင်၊ သစ်သီး(၁၀)မျိုး သောက်တော်ရေ(၁၀)ခွက် စသည်တို့နဲ့ ပူဇော်ကန်တော့ရင်လည်း ကြေတယ်ဆိုတာတွေ့ရတဲ့အတွက် ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်း ဖြစ်လာရခြင်း ဖြစ်ပါတယ်။ ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားရင် ဒဏ်ဆယ်ပါးသင့်ပါတယ်တဲ့၊ ဒါကို ဆရာတော်က အတိုကောက် လင်္ကာစပ်ထားပေးပါတယ်၊ ဆိုကြည့်ပါဦး။

"သွေးအန်ဖြစ်လွယ်၊ ရောင်းဝယ်ရှုံးခြင်း၊ ချို့ယွင်းအင်္ဂါ၊ နူနာကုဋ္ဌ၊ ရှုံးကြဖေါက်ပြန်၊ မင်းဒဏ်သင့်ခန်း၊ ကြမ်းတမ်းစွပ်စွဲ၊ သေကွဲသားခြင်း၊ ပျက်ခြင်းစည်းစိမ်၊ နေအိမ်မီးလောင်၊ ဒုက္ခကောင်သည်၊ လူ့ဘောင်ဒိဋ္ဌ၊ တွေ့ကြုံရ၍၊ သေကငရဲ ကမ္ဘာစွဲ၏"
တဲ့။

အထက်ပါဒဏ်ဆယ်ပါးအပြင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုပါတားဆီးပါသေးတယ်တဲ့။

### ဒဏ်ဆယ်ပါး

၁။ သွေးအန်ဖြစ်လွယ် - သွေးအန်တဲ့ရောဂါတွေ၊ ယခုခေတ်ဆိုလျှင် ဒီထက်ဆိုးတဲ့ ရောဂါတွေဖြစ်တဲ့ ကင်ဆာ အေအိုင်ဒီအက်စ်ရောဂါ စသည့် ရောဂါဆိုးကြီးတွေပါ ဖြစ်တတ်ပါတယ်။

၂။ ရောင်ဝယ်ရှုံးခြင်း - ကုန်စည်ကူးသန်းရောင်းဝယ်ခြင်း၊ အခြားစီးပွားရေး လုပ်ငန်းများ ရှုံးတတ်ပါသည်။

၃။ ချို့ယွင်းအင်္ဂါ - ကိုယ်လက်အင်္ဂါတွေ ချို့ယွင်းတတ်ပါတယ်။ လက်ကျိုး၊ ခြေကျိုး၊ မျက်စိကန်းစသည့် အင်္ဂါမျိုးစုံ ချို့ယွင်းပျက်စီးနိုင်ပါတယ်။

၄။ နူနာကုဋ္ဌ - နူနာကုဋ္ဌ ရောဂါတွေ စွဲကပ်တတ်ပါတယ်။

၅။ ရူးကြဖေါက်ပြန် - ရူးသွပ်ရောဂါများ ဖြစ်ပွားတတ်ပါတယ်။

၆။ မင်းဒဏ်သင့်ခန်း - မင်းပြစ်မင်းဒဏ်သင့်တတ်ပါတယ်၊ အချုပ်၊ ထောင် ကျတတ်ပါတယ်။

၇။ ကြမ်းတမ်းစွပ်စွဲ - မဟုတ်မတရားကြမ်းတမ်းစွာ ပြောဆိုစွပ်စွဲခံရတတ်ပါတယ်။

၈။ သေကွဲသားချင်း - မိဘ၊ ဆွေမျိုးသားချင်းများနဲ့ သေကွဲကွဲတတ်ပါတယ်။

၉။ ပျက်ခြင်းစည်းစိမ် - မိမိပိုင်တဲ့စည်းစိမ်ဥစ္စာ ရတနာတွေပျက်စီးဆုံးရှုံးတတ်ပါတယ်။

၁၀။ နေအိမ်မီးလောင် - မိမိပိုင်ဆိုင်တဲ့နေအိမ်၊ အဆောက်အဦ မီးလောင်တတ်ပါတယ်၊ မိုးကြိုးခတတ်ပါတယ်။

အထက်ပါဒဏ်ဆယ်ပါးသင့်တဲ့အပြင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုပါတားဆီးနိုင်တဲ့အတွက် သံသရာအစမှ ယနေ့ထိအောင် ပြစ်မှားခဲ့တဲ့အပြစ်တွေကြောင့် ခင်ပွန်းကြီးဆယ်ပါးကို ကြိမ်ဖန်များစွာ ပူဇော်ကန်တော့သင့်ပါတယ်။

ခင်ပွန်းကြီးဆယ်ပါးတို့မှာ-

၁။ သမ္မာသမ္ဗုဒ္ဓဘုရားရှင် ။

၂။ ပစ္စေကဗုဒ္ဓါဘုရားငယ် ။

၃။ အဂ္ဂသာဝက နှင့် မဟာသာဝက ရဟန္တာ ။

၄။ ရိုးရိုးရဟန္တာ ။

၅။ မိခင် ။

၆။ ဖခင် ။

၇။ လိမ္မာစေရန်ကျိုးကြောင်းပြ၍ ဆုံးမပေးတတ်သောဆရာသမား ။

၈။ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ကို ဆည်းပူးဖြည့်ကျင့်နေသော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ် ။

၉။ တရားဓမ္မတို့ကို ဟောပြောပြသ ဆုံးမပေးတတ်သော ဆရာသမား ။
၁၀။ ထွင်းတစ်လုပ် ရေတစ်မှုတ် တစ်လုပ်စားဖူးကျေးဇူးရှင် တို့ဖြစ်လေသည် ။

ခင်ပွန်းကြီးဆယ်ပါးနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆရာတော်ရေးသားသော ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်းစာအုပ်နှင့် ဗီစီဒီ တရားခွေများနာယူပါက ကောင်းစွာ နားလည်သဘောပေါက်ပါလိမ့်မည်။

## ခင်ပွန်းကြီးဆယ်ပါးကန်တော့ရန်ပြင်ဆင်ပုံ

သစ်သီးဆယ်မျိုးအား တတ်နိုင်လျှင် တစ်မျိုးလျှင် တစ်ပန်းကန်စီ ထည့်ရပါမည်။ အသီးအရွယ်အစားပေါ် မူတည်၍အရည်အတွက် သင့်တော်သလို ထည့်နိုင်ပါသည်။

ပန်းဆယ်မျိုး…အမျိုးမတူသော ပန်းဆယ်မျိုး ပန်းအိုးကြီးကြီးတစ်လုံးတွင် ပေါင်းထည့်၍လည်းကောင်း၊ ပန်းအိုးတစ်အိုးစီတွင် ထည့်၍သော်လည်းကောင်း ပူဇော်နိုင်ပါသည်။ အမွှေးတိုင် (၁၀)တိုင် ပူဇော်ရပါမည်။

သောက်တော်ရေ (၁၀)ခွက်ကို ဖန်ခွက်သေးသေးဖြင့် မထည့်ရပါ။ ကျွန်ုပ်တို့ ရေသောက်သော ဖန်ခွက်မျိုး ဖြစ်ရပါမည်။

နံနက် (ဝါ) နေ့လည်ဆိုရင် ဆွမ်း(၁၀)ခွက်နှင့်ဆွမ်းဟင်း(၁၀)ခွက် ။ညနေ(ဝါ) ညကန်တော့လျှင် အချိုရည် (၁၀)ခွက်ဖြင့် ပူဇော်ကန်တော့နိုင်လေသည်။

အားလုံးနေသားတကျပြင်ဆင်ပြီးပါက ခင်ပွန်းကြီး(၁၀)ပါးတို့အား လှူဒါန်းပူဇော်ထားသော ပန်း၊ အမွှေးတိုင်၊ ဖယောင်းတိုင် စသည်တို့ကို ဆက်ကပ်ရလေသည်။ ပြီးလျှင် အောက်တွင် ရေးသားဖော်ပြထားသည့်အတိုင်း ရွတ်ဆိုပြီး ရှိခိုးပူဇော်ကန်တော့ရလေသည်။ ကန်တော့သည့်အခါတိုင်း ဘုရားရှင်၏ ခြေဖမိုးပေါ်နဖူးနှင့်ထိပြီး ကန်တော့သကဲ့သို့ အာရုံပြု၍ ရင်ထဲအေးအောင် ကန်တော့ရလေသည်။ ဖြစ်နိုင်လျှင်ဆရာတော် ဟောကြားထားသော ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်း အခွေ(VCD)အခွေကို ဖွင့်၍ နောက်မှလိုက်ဆိုပြီး ပူဇော်ကန်တော့လျှင် ပို၍အကျိုးရှိလေသည်။

## ခင်ပွန်းကြီးဆယ်ပါးကန်တော့ပုံ

နမောတဿဘုရားရှိခိုး

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

( ၃-ခေါက်ရွတ်ဆိုရန် )

အရဟတော တစ်ထောင့်ငါးရာကိလေသာတို့မှ ကင်းဝေးသန့်ရှင်းတော်မူ၍ မကောင်းမှု တရားတို့ကို ဆိတ်ကွယ်ရာ၌ပင် ပြုတော်မမူ ပြောတော်မမူ စိတ်တော်မှပင် ကြံစည်တော်မမူသဖြင့် ပြဟ္မာနတ်လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ပါပေထသော၊

သမ္မာသမ္ဗုဒ္ဓဿ သစ္စာလေးပါး မြတ်တရားနှင့် အလုံးစုံသော တရားတော်မြတ်တို့ကို ဆရာမကူ သယမ္ဘူဉာဏ်မြတ်ဖြင့် ကိုယ်တော်တိုင် တတ်အပ်ထင်ထင် သိမြင်တော်မူနိုင်ပါပေ ထသော၊ တဿဘဂဝတော ထိုဘုန်းတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ၊နမော ရိုသေမြတ်နိုး မာန်ညွှန့်ချိုး၍ ရှိခိုးခြင်းသည်၊

အတ္တုဘာဝန္တု စင်စစ်မသွေဖြစ်ကြပါစေကုန်သတည်း . . .။

သာဓု . . . သာဓု . . . သာဓု ။

## အာဒီဝဋ္ဋမကာသီလဆောက်တည်ပုံ

အဟံဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ တိသရဏေနသဟ အဋ္ဌင်္ဂသမန္နာဂတံ အာဇီဝဋ္ဌမကသီလံ သမာဒိယာမိ ..... .။ ဣဒံမေပုညံ အာသဝက္ခယံ ဝဟံဟောတု ဣဒံမေပုညံ နိဗ္ဗာနဿ ပစ္စယောဟောတု ။ (အာမဘန္တေပါဘုရား )

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ( ၃-ခေါက်ရွတ်ဆိုရန် )

ဗုဒ္ဓံသရဏံဂစ္ဆာမိ ဓမ္မံသရဏံဂစ္ဆာမိ သံဃံသရဏံဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ ဒုတိယမ္ပိဓမ္မံသရဏံဂစ္ဆာမိ ဒုတိယမ္ပိသံဃံ သရဏံဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံသရဏံဂစ္ဆာမိ တတိယမ္ပိဓမ္မံသရဏံဂစ္ဆာမိ တတိယမ္ပိ သံဃံသရဏံဂစ္ဆာမိ။

(အာမဘန္တေပါဘုရား )

## အာဇီဝဋ္ဌမကသီလ

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(သူတစ်ပါး၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏)

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(သူတစ်ပါး၏ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏)

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(သူတစ်ပါးအိမ်ယာကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ပါ၏)

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(သူတစ်ပါးအားလိမ်လည်ပြောဆိုခြင်းမှရှောင်ကြဉ်ပါ၏။)

၅။ ပိသုဏာဝါစါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(တစ်ဦးနှင့်တစ်ဦးမတည့်အောင် ကုန်းတိုက်ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏)

၆။ ဖရုသဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(ရိုင်းစိုင်းစွာဆဲရေးပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏)

၇။ သမ္ဖပ္ပလာပ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(သိမ်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏)

၈။ မိစ္ဆာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(မကောင်းမှုဖြင့် သက်မွေးဝမ်းကြောင်း ရှာဖွေစားသောက်ခြင်းမှ ရှောင်ကြဉ်ပါ၏)

(သာဓု)[၃]

## ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်း

တပည့်တော်တို့သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏ အပေါ်၌၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတို့၏ အပေါ်၌ အဂ္ဂသာဝက၊ မဟာသာဝက၊ ရဟန္တာအရှင်မြတ်ကြီးတို့အပေါ်၌ ကာယကံ ဝစီကံ မနောကံ သုံးပါးသော ကံတို့ဖြင့် ပြစ်မှား ကျူးလွန်မိသည် ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။ ဦး ၃-ကြိမ်ချ ( နဖူးနှင့် ဘုရားခြေဖမိုးတော်ကို ထိတွေ့သကဲ့သို့ အာရုံပြုပြီးကန်တော့ကြ) ။

ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော ရဟန္တာအရှင်မြတ်ကြီးတို့ အပေါ်၌၊ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော မိခင်တို့၏အပေါ်၌ ဖခင်တို့၏အပေါ်၌ ကာယကံ ဝစီကံ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား . . .။ (ဦး ၃-ကြိမ်ချ )

ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူး ကြီးမားကြကုန်သောလိမ္မာစေရန်ကျိုးကြောင်းပြ၍ ဆုံးမပေးတတ်သော ဆရာသမားတို့၏အပေါ်၌ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ကို ဖြည့်ကျင့်လျက်ရှိကြကုန်သော လူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်တို့၏အပေါ်၌ ဂုဏ်ကျေးဇူး ကြီးမားကြကုန်သောတရားဓမ္မတို့ကို ဟောပြောပြသ ဆုံးမပေးတတ်သော ဆရာသမားတို့၏အပေါ်၌ ကာယကံ ဝစီကံ မနောကံ သုံးပါးသော ကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား ။( ဦး ၃-ကြိမ်ချ )

ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ထမင်းတစ်လုပ်၊ ရေတစ်မှုတ်စသည်ဖြင့် ပေးကမ်းချီးမြှင့် ထောက်ပံ့ဘူးသော ကျေးဇူးရှင်ပုဂ္ဂိုလ်တို့၏အပေါ်၌ ကာယကံ ဝစီကံ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရှိသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏မြတ်စွာဘုရား ။ ( ဦး ၃-ကြိမ်ချ )

## ငါးမာန်အောင်မြင်ဘုရားရှိခိုး

၁။ ငါးမာန်အောင်မြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား ။ (၂- ခေါက်စီ)

၂။ ကိလေသာကင်းစင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား ။ (၂- ခေါက်စီ)

၃။ သစ္စာသိမြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား ။ (၂- ခေါက်စီ)

၄။ အနန္တဂုဏ်အင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။ (၂- ခေါက်စီ)

၅။ ငြိမ်းအေးသခင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။ (၂- ခေါက်စီ)

၆။ သံသရာကယ်တင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား ။ (၂- ခေါက်စီ)

၇။ နိဗ္ဗာန်စံဝင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား ။ (၂- ခေါက်စီ)

၈။ ပရိနိဗ္ဗာန်စံဝင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။ (၂- ခေါက်စီ)

သာဓု . . . သာဓု . . . သာဓု ပါဘုရား ။

## ဆုတောင်း

ဤကဲ့သို့ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ရသော ကောင်းမှုကံစေတနာတို့ကြောင့် တပည့်တော်တို့သည် အလုံးစုံသော ဘေးရောဂါအန္တရာယ် အသွယ်သွယ်တို့မှ ကင်းဝေးပြီးလျှင် မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော သစ္စာလေးပါးမြတ်တရားကို ကောင်းစွာသိမြင်နိုင်၍ နိဗ္ဗာန်သို့စံဝင်နိုင်သောကိုယ် ဖြစ်ရပါစေသား မြတ်စွာဘုရား။ လောကီမင်္ဂလာအဖြာဖြာတို့သည်လည်း စိတ်ကြံတိုင်း တောင့်တတိုင်း လွယ်ကူလျင်မြန်စွာ ပြည့်စုံ၍ နှလုံးစိတ်ဝမ်း အေးချမ်းရပါစေသား မြတ်စွာဘုရား ။ ၃-ကြိမ်ကန်တော့ရန် ။

## ဉာတပရိညာဖြင့် နှလုံးသွင်း ခိဋ္ဌိဖြုတ်ခြင်း

ဤကိုယ်ကာယ တစ်လံမျှ၌ နှစ်ဝနာမ်ရုပ် ဖြစ်၍ချုပ်၏ နာမ်ရုပ် နှစ်ပါးအလွတ်ထား၍ ဤကား လိပ်ပြာ ဤကားငါတည်း ဤမှာဇီဝ ဤအတ္တဟု ညွှန်ပြဖွယ်ရာ မရှိပါသည် ခန္ဓာနာမ်ရုပ်မျှသာတည်း ။

ခန္ဓာငါးမည် ရုပ်နာမ်သည်ကား မြင့်ရှည်ကာလ မတည်ထဘဲ ခဏဖြစ်လျှက် ခဏပျက်၏ ဖြစ်ပျက်နှစ်တန် နိုပ်စက်ဒါဏ်ကြောင့် အလျှံမစဲ လွန်ဆင်းရဲ၍ ခိုင်မြဲကြောမာ အနှစ်မပါဘူး၊ ပညာစက္ခု၊ မျှော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စနှင့်ဒုက္ခ အနတ္တ မှန်လှပါ၏၊ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတစ်ခုမှ မဟုတ်ကြဘူး ဓမ္မသက်သက်ပါတကား ။

## ရတနာသုံးပါးအားပူဇော်ခြင်း

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်တည်းဟူသော ဤလောကုတ္တရာတရားကိုးပါးအားလျှော်သော ကျင့်ဝတ်ပဋိပတ်ဖြင့် ဗုဒ္ဓံ မြတ်စွာဘုရားကို ဓမ္မံ တရားတော်မြတ်ကို သံဃံ သံဃာတော်မြတ်ကို ပူဇေမိ ပူဇော်ပါ၏အရှင်ဘုရား ...။

## မေတ္တာပို့ အမျှဝေ

ဤသို့ပြုရ မြတ်ပုညကြောင့် ချမ်းမြအေးကြည် ဘေးမဲ့မည်သည် ရွှေပြည်ထုတ်ချောက်၊ လမ်းမကောက်ဘဲ ရောက်ရပါလို၊ ထိုထိုဘဝ ကျင်လည်ရလည်း အနိဋ္ဌဘေးဒဏ် ရန်မာန်အပေါင်း၊ မကောင်းဟူသမျှ မတွေ့ရဘဲ၊ သဗ္ဗဏ္ဏုဉ္စာ မင်္ဂလာကို ရွယ်ကာတတိုင်းရစေသော် . . . ။ ယနေ့ယခု ပြုပြုသမျှ မြတ်ဘာဂကို မိဘဆရာ၊ မျိုးသဟာနှင့် ကိုယ်မှာစောင့်ကြပ် ကိုယ်စောင့်နတ်က အရင်းစ၍ ရှိသမျှလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျတို့ ရကြပါစေ ပေးမျှဝေသည် များထွေသာခု ခေါ်စေသော် ...။ ဝသုန္ဓရေ ဤမြေပံသု သီလာထုလည်း သက်သေအမှု၌ တည်စေသော် . . .။

ကုသိုလ် . . . အမျှ . . . အမျှ . . . အမျှ ယူတော်မူကြပါကုန်လော့ ...၊
(သာဓု . . . သာဓု . . . သာဓု။)[၁]

- အမှားကြာတော့အမှန်ဖြစ်၊ အမှန်စင်စစ်တော့အမှားထင်၊ ဘုရားရှင်ပင်ချွတ်၍မရ။
- တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မမှတ်၊ ပဋိပတ်ကျွာ ဤငါးဖြာ သာသနာကွယ်ကြောင်းတည်း။
- အချိန်တိုင်းတွေးနေရင်း ဘဝပြောင်းနေသည်။
- နိဗ္ဗာန်လိုချင်ရင် သူများအတင်းမပြောနဲ့၊ ချမ်းသာလိုချင်ရင် သူများအတင်းမပြောနဲ့။
- အမေမှားလည်း အမေမှန်တယ်၊ အဖေမှားလည်း အဖေမှန်တယ်။

## ကျေးရှူးပြစ်မှားဒဏ်ဆယ်ပါး

သွေးအန်ဖြစ်လွယ်၊ ရောင်းဝယ်ရှုံးခြင်း၊ ချို့ယွင်းအင်္ဂါ၊ နူနာကုဋ္ဌ၊ ရူးကြဖေါက်ပြန်၊ မင်းဒဏ်သင့်ခန်း၊ ကြမ်းတမ်းစွပ်စွဲ၊ သေကွဲသားချင်း၊ ပျက်ခြင်းစည်းစိမ်၊ နေအိမ်မီးလောင်၊ ဒုက္ခကောင်သည်၊ လူ့ဘောင်ဒိဋ္ဌ၊ တွေ့ကြုံရ၍၊ သေကငရဲ ကမ္ဘာစွဲ၏။

ဤဒဏ်ဆယ်ပါးအပြင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုပါတားဆီးနိုင်ပါသည်။

## မြတ်စွာဘုရားရှင်၏ တိုက်ရိုက်အလုပ်ပေးတရားတော်အရ ဝိပဿနာရှုပွားပုံ

ပုံတွင်ပြထားသည့်အတိုင်း မျက်စိမှိတ်ပြီး တရားထိုင်လိုက်တာနဲ့ ပဋ္ဌါရဝီထိမှာ အိမ်သည်ဖြစ်တဲ့ ထိသိခန္ဓာငါးပါးပေါ်ပြီး ကာလမခြားမနောမှာ ကြံတွေးခန္ဓာငါးပါး ထပ်ပေါ်သလို မိမိရဲ့ မျက်နှာအမူအယာ ရင်ဘတ်၊ ပခုံး၊ ဝမ်းဗိုက်နဲ့ကျော စတဲ့အမူအရာတွေ မိမိရဲ့တကိုယ်လုံးပုံတွေ မနောမှာပေါ်နေပါတယ်။ အဲဒီပေါ်လာတဲ့ပုံရိပ်ကို အကောင်အထည်ထင်မှ ဒိဋ္ဌိ၊ ငါထင်မှ မာနနဲ့ အာရုံတွေဆက်ကာဆက်ကာပေါ်နေမှ တဏှာကူးပါတယ်၊ တဏှာကူးရင် ဥပါဒါန်၊ ကမ္မဘဝက လျှပ်စစ်ခါတ်လိုက်သလို အင်မတန်လျှင်မြန်စွာ ရောက်သွားပါတယ်၊ ကမ္မဘဝဖြစ်ရင် ဇာတိဖြစ်မှာမို့ ဇာတိဖြစ်ရင် ဇရာမရဏမလွတ်တော့ပါဘူး၊ ဒါကြောင့် ပေါ်လာသမျှပုံရိပ်တွေကို အကောင်အထည်မထင်အောင်၊ 'ငါ' လို့မထင်အောင်၊ တဏှာမကူးအောင် ဘုရားပေးတဲ့နည်းအတိုင်း နေတံမမ၊ နေသောဟမသို့၊ နမေသောအတ္တာလို့သာ ရှုမှတ်ပွားများပေးနေပါ၊ ဒါဆို ခန္ဓာငါးပါးအပေါ် အမှန်အတိုင်းမြင်တဲ့ သမ္မာဒိဋ္ဌိကြောင့် တဏှာမာန၊ ဒိဋ္ဌိမကူးတဲ့အတွက် ဥပါဒါန် ကံ မပြောက်တော့ပါဘူး၊ ကံမပြောက်ရင်ဇာတိမရတဲ့အတွက် အိုနာသေလွတ်ပါပြီ၊ အိုနာသေလွတ်ရာနိဗ္ဗာန်ပါ။

## တဏှာအစပ်ဖြတ် ဝိပဿနာရှုပွားပုံ အလုပ်ပေးတရား

ဝိပဿနာအစ သံဝေဂလို့ ဆရာတော်က ဆိုပါတယ်။ သံဝေဂ ပြင်းထန်မှ ဝိပဿနာကို တကယ်ရှုပ်ရှုပ်ချွံချွံ အားထုတ်ပါတယ်။ ဒါကြောင့် ဆရာတော်ဟောထားတဲ့ သံဝေဂဂါထာ အလုပ်ပေးတရားကို တရားထိုင် နာကြားပြီး ဝိပဿနာအလုပ်ပေးတရားကို ဆက်လက်နာကြားကာ ဝိပဿနာတရား အားထုတ်သင့်ပေသည်။ ဖြစ်နိုင်လျှင် ဆရာတော်ဟောကြားသော အခွေကိုတိုက်ရိုက်ဖွင့်ပြီးနာကြားကာ တရားထိုင်လျှင် ပို၍ထိရောက်ပါလိမ့်မည်။ တရားမရှုတတ်ခင် အခွေဖွင့်၍ နာကြားပြီးထိုင်၍ တကယ်ရှုတတ်သွားသောအခါ အလွတ်ထိုင်နိုင်လေသည်။ တရားအားထုတ်ရာတွင် အားထုတ်နည်းကို သဘောပေါက်နားလည်မှသာ တရားရနိုင်ပေသည်။ သို့ပါ၍ သံဝေဂ အလုပ်ပေးတရားနှင့် ဝိပဿနာအလုပ်ပေးတရားတို့ကို ဆရာတော် ဟောကြားထားသည့်အတိုင်း တင်ပြလိုက်ရပါသည်။ ယောဂီများရှုမှတ်ပွါးများနိုင်ကြပါစေ .........။

## ဝိပဿနာအားထုတ်ရာတွင် သတိပြုရမည့်အချက်များ

အရှုခံခန္ဓာငါးပါး: မနောတွင်ပေါ်သော ခန္ဓာ(၅)ပါး ( ခံစားမှုနဲ့သိ )

ရှုဉာဏ်ငါးပါး: ငါရှုတာမဟုတ်၊အမောဟ(ပညာ)၊ ဝိရိယ(တနည်း) စိတ်မှာယှဉ်တဲ့ အလင်းဓါတ်နဲ့ ရှုတာ။

အဘိဇ္ဈာဓါတ်: ရှေ့ရှုကြံစည်ခြင်း (မလုပ်ခင်ကပြီးချင်နေတာ၊ မသွားခင်က ရောက်ချင်နေတာ) အဘိဇ္ဈာဓါတ်ရှိရင် သူ့အတွက် အနာဂတ်ဆိုတာ ရှိနေတယ်။ အနာဂတ်ရှိနေတာကြောင့် ကာမစ္ဆန္ဒနဲ့ ဗျာပါဒတွေ ရှိနေတယ်။ (တောင့်တ၊ကြောင့်ကြ) နိုင်တယ်၊ မြဲတယ် ဆိုတဲ့ သဿတဒိဋ္ဌိကြီးလဲ ရှိနေတယ်။ ဒါဆိုတရားမရနိုင်ဘူး။ အဘိဇ္ဈာဓါတ်ကိုသတ်ဖို့ရာ ''ငါအခုနေ သေခဲ့သော် အားလုံးကိုစွန့်ခွါသွားရမယ်၊ သေချိန်လို့ အနေကပ်ထားပါ'' တစ်နည်း ''ငါသည်မုချ သေရမည် အချိန်ပိုင်းသာ လိုတော့သည်'' လို့နှလုံးသွင်းလိုက်ရင် အဘိဇ္ဈာဓါတ်ချုပ်သွားပါတယ်။

### ဖယ်ခွါရမည့်ပညတ်

(၁) ဝစီပညတ်: ငါ့ဟာလို့မပြောကြောင်း(နေတံမမ)၊ ငါလို့မပြောကြောင်း သိပေးနေပါ (နေသောဟမသွိ)

(၂) အထည်ပညတ်: အကောင်အထည် အတုံးအခဲ မဟုတ်ကြောင်း တံလျှပ်အငွေ့လို တဖြည်းဖြည်းနဲ့ ပျောက်သွားတယ်လို့ သိပေးနေပါ။(နမေသောအတ္တာ)

(၃) ကာလပညတ်: အာရုံသိသဘော ခံစားမှုတွေဟာ အချိန်ကာလနဲ့အတူ ချုပ်ပျောက်နေကြောင်း အတိတ်တွေမှာ ဖြစ်ပျက်ရှိတာ ခလေးတောင်သိတယ်။ ခြေထောက်ကနာရင် ကာလမခြား မနောမှာ ခြေထောက်ပုံသဏ္ဍာန် ပေါ်တယ်။ ခံစားမှုကိုလည်းသိနေတယ် အဲဒီခံစားမှုက အချိန်ကာလနဲ့ အတူ ချုပ်ပျောက်နေတာ ပြန်မလာဘူး။ ကာလမခြား မနောမှာပေါ်တဲ့ ပုံရိပ်ကို ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ အတုံးအခဲမဟုတ် တံလျှပ်ကဲ့သို့ ပျောက်သွားတယ်လို့ သိပေးနေရင်ရပါပြီ။

## ဝိပဿနာအားမထုတ်မီပြုရမည့်ပုဗ္ဗကိစ္စများ

၁။ နမောတဿဖြင့် ဘုရားရှိခိုး၊ အာဇီဝဋ္ဌမကသီလဆောက်တယ်၊ သရဏဂုံဆောက်တည်၊ သီလရွက်ဆိုပါ။

၂။ ခင်ပွန်းကြီး(၁၀)ပါးကန်တော့နိုင်ရင်ကန်တော့ပေးပါ။

၃။ ဉာတပရိညာဖြင့် သက္ကာယဒိဋ္ဌိဖြုတ်ပါ။

၄။ မိမိခန္ဓာကိုဘုရားကိုလှူပါ။

၅။ တရားစထိုင်နိုင်ပါပြီ။

## ဝိပဿနာအားထုတ်ပြီးပြုရမည့်ကိစ္စများ

၁။ ငါးမာရ်အောင်မြင် ဘုရားရှိခိုးဖြင့်ပူဇော်ပါ။

၂။ ဆုတောင်းရွတ်ဆိုပါ။

၃။ ရတနာသုံးပါးအားပူဇော်ပါ။

၄။ မေတ္တာပို့အမျှဝေပါ။

## သံဝေဂလင်္ကာ(၄)ပိုဒ်

၁။ အိုနာသေသို့မောင်းနှင်ပို့ လူတို့မမြဲပါတကား ......(၂) ခေါက်။

၂။ နိုကိုးရာမဲ့ တွယ်ရာမဲ့ အားနွဲ့လှချေပါတကား ......(၂) ခေါက်။

၃။ ကိုယ်ပိုင် ဥစ္စာ မရှိပါ ထားကာသွားရမှာပါတကား ......(၂) ခေါက်။

၄။ လိုမပြည့်ဝ အားမရ တဏှာ့ကျွန်ချည့်ပါတကား ......(၂) ခေါက်။

## နေ့စဉ်ဆင်ခြင်ပွါးများရမည့်တရား

အိုခြင်းတဖြာ၊ နာခြင်းတသွေ၊ သေခြင်းတခြား၊ ကွဲပြားတတန်၊ ကံလျှင်ဥစ္စာ ဤငါးဖြာကို မကွာနေ့ည ဉာဏ်သက်ဝင်၍ ဆင်ခြင်ကြ။

×××××××××××××

## " ပိုင်းလော့ဆရာတော်၏ သံဝေဂအလုပ်ပေးတရားတော် "

အားလုံးသက်သာသလို ပြောင်းထိုင်နော်။ ဒီညတိုက်ရိုက် အလုပ် လုပ်ကြရအောင်နော် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူတဲ့ သုတ္တန် နဲ့ သတိပဋ္ဌာန်မှာပါတဲ့ အသုဘ လူသေ(၉)မျိုး အဆင့်ဆင့်ရှုပွားပုံ၊ ဝိဇယ သုတ္တန်မှာပါတဲ့ ရှုပွားပုံ နောက်အသီးသီး အခြားခြား သုတ္တန်တွေမှာလည်း ဟောတဲ့ရှုပွားပုံတွေနဲ့ ပေါင်းစပ်ပြီးတော့ကာ ဘုန်းဘုန်းတို့ သင်ကြမယ်နော်။ ပွါးရအောင်နော် ကဲ သက်သာသလိုထိုင်ပြီးတော့ကာ မျက်စိလေးမှိတ်ပြီးတော့ အာရုံယူကြရအောင်နော်။မိုးကုတ် ဆရာတော်ကြီး ဟောတော်မူတဲ့ သံဝေဂလေးကိုဆိုရအောင်နော်......

" ငါသည်မုချသေရမည် အချိန်ပိုင်းသာ လိုတော့သည် အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားအားထုတ် ပါတော့မည် " တစ်ခေါက်ဆိုကြပါဦး၊ " ငါသည်မုချသေရမည် အချိန်ပိုင်းသာ လိုတော့သည် အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားအားထုတ်ပါတော့မည် " ဟုတ်ပြီ မျက်စိမှိတ်ပြီး အာရုံပြုကြနော် .....

ဘုရားရှင်မိန့်တော်မူတာက ခုချိန်မှာသေချိန်လို့စိတ်ကိုချထားရမှာတဲ့ နေရာတိုင်း နေရာတိုင်း ဤကမ္ဘာအတွင်းမှာပင် မသေဘူးတဲ့နေရာမရှိပါဘူးတဲ့ ခြေချတဲ့နေရာတိုင်း နေရာတိုင်းဟာ သတ္တဝါ ပုံစံမျိုးစုံနဲ့သေခဲ့တဲ့ သင်္ချိုင်းမြေ နေရာဟောင်းလို့ ပွားရပါတယ်တဲ့။ အခုထိုင်နေတဲ့နေရာသည် ဤကမ္ဘာတွင်းမှာပင် အကြိမ်များစွာ ပုံသဏ္ဍာန်မျိုးစုံနဲ့ သေခဲ့ဖူးတဲ့နေရာဟောင်းပါလို့ ဆင်ခြင်ကြရမယ် ငါ့အိမ်၊ ငါ့ယာ မဟုတ်ဘူးလို့မယူပါနဲ့ ခေါင်းချခဲ့ဖူးတဲ့ နောက်ဆုံးသေခဲ့ဖူးတဲ့နေရာဟောင်း ဒီနေရာမှာ အကြိမ်များစွာ အလောင်းချင်းထပ်အောင် မြုပ်ခဲ့ဖူးပြီလို့ဆင်ခြင်ရမယ်။

ဘဝတစ်ခုမှာ ရှင်ဘုရင်တစ်ပါးနတ်ရွာစံတော့ မိဖုရားဟာ ဥယျာဉ်ထဲမှာအလောင်းကို ဂူသွင်းပြီးတော့ ငိုတာ ဘယ်သူမှတားမရ နေ့စဉ်ငိုပြီးတော့ တစ်နေ့ဘုရားအလောင်းရသေ့ ဥယျာဉ်ထဲ ကြွလာတဲ့အခါမှာ သူ့ရဲ့သောကကို ဖျောက်ခဲ့ဖူးတယ်တဲ့။ အသင်မိဘုရား ဘာအတွက်ငိုပါသလဲ၊ တပည့်တော်ရဲ့ခင်ပွန်းသည် ဘုရင်မင်းအတွက် ငိုပါသည်ဘုရားလို့ဖြေတယ်။ သင့်ရဲ့ခင်ပွန်းသည် ဘယ်ခင်ပွန်းအတွက် ငိုတာတုန်းလို့ ထပ်မေးတော့ ဖြေရခက်သွားတယ်။ ဒီနေရာမှာ သင့်ရဲ့ ခင်ပွန်းသည်ပေါင်းများစွာ မြှုပ်ခဲ့ဖူးတဲ့နေရာတဲ့ အဲဒီတော့ ဘယ်ခင်ပွန်းသည်အတွက် ငိုတာလဲလို့ မေးတဲ့အခါမှာ မိဘုရားက စဉ်းစားရခက်လာတယ်။ အဲဒီတော့မှ ရှင်းပြတယ်။ ဤကမ္ဘာတွင်းမှာပင်

ကိုယ့်ရဲ့ခင်ပွန်းသည်ယောက်ျားဟာ တော်ခဲ့ပေါင်းများပြီတဲ့ သေခဲ့ပေါင်းလည်း များပြီ။ ဒီတစ်နေရာ တည်းမှာဘဲ မြုပ်ခဲ့ပေါင်းလည်းများပြီတဲ့ အကြိမ်ကြိမ်ငိုခဲ့ရတဲ့ မျက်ရည်ဟာလည်းပဲ မနည်းတော့ ပါဘူးလို့ဆုံးမတော်မူတယ်။ ဒါကြောင့် ဒီကျမ်းတွေကိုးကားလျှက် ကိုယ်ထိုင်တဲ့နေရာလေးသည် အကြိမ်များစွာ အလောင်းချင်းထပ်အောင် မြုပ်ခဲ့ဖူးတဲ့နေရာဟောင်းလို့ဆင်ခြင်ကြပါ၊ ဤကိုယ်ကြီးသည် ပညတ်အားဖြင့် 'ငါ' လို့ခေါ်ဝေါ်သမုတ်တဲ့ ကိုယ်လုံး တကယ့်အနှစ်သာရအမာခံကိုရှာကြည့်မယ်ဆိုရင် အရိုးစုတွေပဲရှိပါတယ် ခေါင်းမှာဆိုခေါင်းခွံရိုးကြီးပဲ ရှိပါတယ်။ နောက် လည်ပင်းရိုး ထောက်ကန် ထားတယ်။ နောက်ညှပ်ရိုး ပုခုံးရိုးတွေဆက်သွယ်ထားတယ်။ နောက်ညာဘက်မှာက လက်မောင်းရိုး တစ်ချောင်း တတောင်ဆစ်ကနေ လက်ဖျံရိုးနှစ်ချောင်း နောက်လက်ဖဝါးမှာလည်း အရိုး၊ အဆစ် လေးတွေ လက်ချောင်းကလေးတွေဟာ အပိုင်းပိုင်းအပြတ်ပြတ် အဆစ်ကလေးတွေဖြစ်နေပါတယ်။ ဒါတွေကိုဆက်စပ်ထားတာ၊ နောက် ဘယ်ဘက်မှာလည်းပဲ လက်မောင်းရိုးကတစ်ချောင်း နောက် တတောင်ဆစ်ကနေ လက်ဖျံရိုးနှစ်ချောင်း နောက်လက်အဆစ်ရိုးလေးတွေ အတိုအထွာ အပိုင်းအစ လေးတွေ ဆက်စပ်ထားတာ၊ ခေါင်း၊ ခါး၊ ခြေ၊ လက် နောက် လည်ဂုတ် နားကနေ ဆက်ပြီးတော့ကာ အရိုးအဆစ်တွေ ဆင့်ဆင့်ပြီးတော့ စီသွားလိုက်တာ ဟိုးအောက် မီးဆုံရိုးအထိ ဆက်ထားပါတယ်၊ ဘေးမှာနံရိုးတွေထောက်ကန် ရှေ့ကရင်ညွန့်ရိုးကြီးနဲ့ဆက်၊ နောက်ရှေ့မှာ ဝမ်းခေါင်းကြီး ဖြစ်သွား ပါတယ်၊ ပြီးရင် ဝမ်းဗိုက်နေရာကျတော့ ဟောင်းလောင်းကြီးပါပဲ၊ အောက်ဖက်မှာ တင်ပဆုံရိုး ခံစားကြည့်သိပါတယ်၊ လေးလံတဲ့ အရိုးကြီးက အထဲမှာရှိတော့ အောက်မှာလည်း ကြမ်းပြင်ကအမာ ဒီကြားထဲမှာရှိတဲ့ အသားတွေက ဘယ်ခံနိုင်မလဲ၊ ကြာကြာဖိထားရင် သွေးလေတွေပိတ်လို့ ထုံတာကျင်တာ ဖြစ်လာတာပေါ့၊ နာလည်းနာတတ်တဲ့ ခန္ဓာကိုယ်လို့ နားလည်ထားရမှာ တင်ပါးဆုံရိုးရဲ့ တစ်ဖက်တချက်စီမှာ ပေါင်ရိုးတစ်ချောင်းစီ ဆက်သွယ်ထားတာ၊ ညာဘက်ပေါင်ရိုးတစ်ချောင်း၊ နောက်ဒူးခေါင်းရိုး ခြေသလုံးရိုးကနှစ်ချောင်း နောက်ဖနောင့်ရိုးတွေ ခြေဖဝါးတွေက အပိုင်းပိုင်း အပြတ်ပြတ် အဆစ်ကလေးတွေ ဆက်ထားတာ နောက်ဘယ်ဘက်မှာလည်း ပေါင်ရိုးတစ်ချောင်း နောက်ဒူးခေါင်းရိုး ခြေသလုံးရိုးကနှစ်ချောင်း ဖနောင့်ရိုးကလေးတွေ ခြေဖဝါးရိုးကလေးတွေကလည်း အပိုင်းအပြတ်ကလေးတွေ ဆက်ကာထားတာဖြစ်ပါတယ်၊ ဤကိုယ်ကြီးသည် အရိုးစုများနဲ့ စိုက်ထောင်ထားတဲ့ ခန္ဓာအိမ် ဤပေါ်မှာမှ အင်္ဂတေကျန်သကဲ့သို့ အသားများ တွယ်ကပ်ပြီးတော့

နေတာ လိမ်းကျံထားသကဲ့သို့ပဲတဲ့၊ ပြီးတော့ အကြောတွေဖွဲ့လို့ ချည်ပတ်ထားတာ၊ ပြီးတော့ အရေထူ အရေပါး ဖုံးထားတာကြောင့် အထဲမှာရှိတဲ့သဘောအမှန်ကို မျက်စိနဲ့မမြင်ကြရတာဖြစ်ပါတယ်တဲ့၊ ခေါင်းခွံရိုးထဲမှာက ဦးဏှောက်တွေညီစိုစိုအနံ့နဲ့ရှိနေပါတယ်၊ နောက်ဝမ်းထဲမှာတော့ ပါးစပ်ကနေ စအိုဝတိုင်အောင် ဒါကတော့ ဘုန်းကြီးတို့ စကားကျစ်လိုက်တာပါပဲ။ အူမအူသိမ် အသည်းအဖျဉ်း စသဖြင့် အမဲအူတွဲတွေလို ဆိတ်ကလီစာ အူတွဲတွေလို ကြက်အူတွဲတွေလိုပါပဲ၊ ရှိနေပါတယ်။ အရိအရွဲတွေပြည့်လို့ ရွံစရာဖြစ်နေပါတယ်။ ဝမ်းထဲမှာ ရှိနေကြပါတယ်၊ အဲ ပါးစပ်ကနေဝါးမျိုလိုက်တဲ့ အစာသစ်များသည် အချွဲအာစည်းတွေနဲ့ရောထွေးလို့ ခွေးအန်ဖတ်အလား ဖြစ်သွားပါတယ်၊ ဒါကို တံတွေးသလိပ်တွေနဲ့ ရောထွေးပေါင်းရောပြီးတော့ မျိုချလိုက်ကြတာ အစာအိမ်ထဲမှာ အစာသစ်တွေက ခွေးအန်ဖတ်လိုတည်နေပါပြီ၊ ရှိနေပါတယ်၊ အပေါ်က အချိုရေတွေ လှောက်ရည် ရေနွေးကြမ်း ရေ စသဖြင့် ဒါတွေကိုလောင်းထည့်ပြီးတော့ကာ မွှေနှောက်တော့ကာ တကယ့်ကို ရွံစရာကောင်းတဲ့ ခွေးအန်ဖတ်နဲ့ တူပါတယ်။ အရောင်မျိုးစုံ ပုံသဏ္ဌာန်မျိုးစုံနဲ့ ရွံစရာကောင်းအောင် ရှိနေပါတယ်၊ အူနံရံက လှုပ်ရှားရိုက်ခတ်တွန်းပို့တာကြောင့် အောက်ဖက် အူမ အူသိမ်ထဲဆင်းပါတယ်၊ နံရံကလည်းပဲ ရေငွေ့တွေကို စုပ်စုပ်ပြီးတော့ကာ လိုအပ်သည်များကို ထုတ်နုတ်ပြီးတော့ပို့နေတာ လိုအပ်တဲ့နေရာ ပို့နေတာဖြစ်ပါတယ်၊ နောက်တဖြည်းဖြည်းနဲ့ ခြောက်သွေ့ခြောက်သွေ့ပြီးတော့ကာ ကျစ်ကျစ်လာတာ၊ အောက်ပိုင်းကျတော့ အစာဟောင်းဆိုတာ မစင်ကျင်ကြီးဖြစ်သွားတာပါဘဲ၊ အပုပ်နံ့လှိုင်နေပါတယ်လို့ မှတ်ကြပါ။ အရည်များကတော့ ကျင်ငယ်အိမ်မှာသွားစုပြီးတော့ကာ ရွံစရာအနံ့ဖြစ်နေပါပြီ။ ကျင်ကြီး ကျင်ငယ်တွေသည် ဤဝမ်းထဲမှာ ရှိနေပါတယ်လို့မှတ်ကြပါ။ အစာသစ်အစာဟောင်း အစာသစ်ကတော့ ရွံစရာကောင်းတဲ့ ခွေးအန်ဖတ်လို အစာဟောင်းကတော့ ကျင်ကြီးအသွင် ကျင်ငယ်အိမ်မှာလည်း ကျင်ငယ်တွေပြည့်လို့ မစင်ထည့်ထားသော အိုးနဲ့လည်း တူပါတယ်တဲ့။

တစ်နည်းအားဖြင့် မြွေသေကောင်ပုပ်ကြီးကို ထည့်ထားတဲ့အိုးနဲ့လည်း တူပါတယ်တဲ့၊ မြွေသေကောင် ထည့်ထားတဲ့အိုးနဲ့လည်းတူပါတယ်၊ ခွေးသေကောင်ထည့်ထားတဲ့ အိုးနဲ့လည်း တူပါတယ်လို့ ပြပါတယ်။ ရွံစရာ အတိပါပဲ၊ အပုပ်နံ့များသည် ဒီအတိုင်းမနေပါဘူးတဲ့၊ ထက်ဝန်းကျင်ကို စိမ့်ပျံ့ပြီးတော့ ထွက်နေပါတယ်။ မျက်လုံးအိမ်ကနေ စိမ့်ပျံ့တဲ့အခါ မျက်ချေးအသွင် စိမ့်ထွက်ပါတယ်၊ တစိမ့်စိမ့်နဲ့ တစိုစိုနဲ့ ထွက်နေပါတယ်။ နားကနေစိမ့်ထွက်တဲ့အခါကျတော့ နားဖာချေးအသွင် စိမ့်ထွက်

ပါတယ်၊ နှာခေါင်းအရိုးစုလေးကနေ စိမ့်ထွက်တော့လည်းပဲ နှပ်အသွင် စိမ့်ထွက်ပါတယ်၊ ပါးစပ်ကလည်း သွားချေးရည်တွေ စိမ့်ထွက်ပါတယ်တဲ့၊ တစ်ခါတရံ လေလမ်းကြောင်းပြောင်းလို့ နှာခေါင်းက ထွက်မဲ့နှပ်ကလည်း သလိပ်အသွင် ပါးစပ်ကနေထွက်တဲ့အခါ ထွက်ပါသေးတယ်၊ ကျန်တဲ့မွေးညှင်းပေါက် တွေကလည်းပဲ ချွေးနဲ့အတူ အပုပ်အခိုးတွေဟာ တစိမ့်စိမ့်နဲ့ တရှိန်းရှိန်းနဲ့ ထွက်နေပါတယ်တဲ့၊ တရှိန်းရှိန်းနဲ့ခံစားကြည့်ကြပါ၊ အခိုးအငွေ့ကောင်းတယ်၊ ကောင်းတယ်ဆိုတာက အပုပ်အခိုး အငွေ့တွေပါပဲလို့ ဆင်ခြင်ကြပါ။ ကျန်တဲ့ဒွါရကြီးတွေကလည်းပဲ၊ ကျင်ကြီးကျင်ငယ်၊ အပုပ်ခဲအပုပ်ရည်အဖြစ်နဲ့ နေ့စဉ်လို ယိုစီးထွက်နေပါတယ်တဲ့။ ဤကိုယ်ကြီးသည် နာလည်းနာတတ်ပါတယ်၊ ဒါကြောင့် ကိုးပေါက်သော အနာဝရှိသော ပြည်တည်နေတဲ့ အိုင်းနာကြီးနဲ့တူပါတယ်လို့လဲ ဘုရားရှင် မိန့်တော်မူပါတယ်။ ဤကိုယ်ကြီးကို အမြင်မရှိတဲ့ အမှန်အတိုင်းကိုလည်း မမြင်ကြတဲ့ အမှောင်ခါတ် အမိုက်ခါတ် စိတ်မှာဖုံးကွယ်ထားကြတဲ့ ပုဂ္ဂိုလ်တွေကတော့ တင့်တယ်တယ်၊ လှပတယ်လို့ ထင်ကြတယ်၊ တစ်ငါငါနဲ့ မာနတက်ကြတယ်၊ ဤကိုယ်ကြီးကို အမှန်အတိုင်း မမြင်တာကြောင့် ငါကဘာရာထူး၊ ငါကဘာမျိုး၊ ငါလှတယ်၊ ငါအားရှိတယ် စသဖြင့် မာနတွေတက်ပြီး နေကြတာတဲ့၊ ဤမာနတရားများဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ ဝေးသထက်ဝေး အပါယ်လေးပါးသွားမယ့် မာနလို့ မှတ်ကြပါ၊ အခြားအခြားကျမ်းနဲ့ ပြန်ပေါင်းရင်တော့ ဘယ်လောက်ပဲတန်ဖိုးကြီးမားတဲ့ အိမ်ကြီးတွေနဲ့ပဲ ဒီကိုယ်ကြီးကိုထား၊ ကုတင်၊ ခြင်ထောင်မွေ့ယာတွေ သိန်းပေါင်းများစွာတန်တာနဲ့ ထားလည်းပဲ တစိမ့်စိမ့်နဲ့ မတင့်မတယ် ရွံဖွယ်ရာကိုပဲ စိမ့်ထွက်နေပါလိမ့်မယ်၊ တန်ဖိုးကြီးမားတဲ့သိန်းပေါင်းများစွာတန်တဲ့ ရတနာတွေကို လည်ပင်းမှာဆွဲ နားမှာဖေါက်စွပ်ပေး လက်မှာလည်းဆွဲကြ ခြေထောက်မှာလည်းစွပ်ကြနဲ့ ဘယ်လိုပဲတန်ဆာ ဆင်ပေးပေး ဤကိုယ်ကြီးကတော့ ရွှေပြန်မထွက်ပါဘူး၊ မတင့်မတယ် ရွံဖွယ်ရာတွေပဲ စိမ့်ထွက်နေပါလိမ့်မယ်၊ သိန်းပေါင်းများစွာတန်တဲ့ ကားတွေနဲ့ထားလည်းပဲ၊ ကားပေါ်မှာ ချွေးတွေပျံလို့ တစိမ့်စိမ့်နဲ့ မတင့်မတယ် ရွံဖွယ်ရာကိုပဲ စိမ့်ထွက်ပါလိမ့်မယ်၊ အဝတ်အထည်တွေ ဘယ်လောက်တန်ဖိုးကြီးတာပဲ ပတ်ထားထား အနာတုံးကို ပတ်တီး ပတ်သလိုပါပဲနော်၊ တစိမ့်စိမ့်နဲ့ စိမ့်ထွက်တဲ့ အပုပ်အခိုးတွေကြောင့် အဝတ်အထည်သာလျှင် ညစ်နွမ်းခြင်း ရောက်ရပါတယ်၊ စင်စစ်တော့ အဝတ်အထည်ထက်ပို၍ညစ်နွမ်းတဲ့ ရွံစရာကောင်းသော မတင့်မတယ် ရွံစရာဖြစ်သော ခန္ဓာအိမ်လို့ မှတ်ကြပါ။ တန်ဘိုးကြီးမားတဲ့ ရေမွှေးပေါင်ဒါ နံ့သာတွေ ဘယ်လိုပဲလိမ်းချယ် လိမ်းချယ်

မွေးညှင်းပေါက်ကနေ စိမ့်ထွက်ကြတဲ့ ချွေးနဲ့အတူ အပုပ်အခိုးတွေရဲ့ အရှိန်အဟုန်ကြောင့် တကိုယ်လုံး အမွေးနံ့သာတွေက ပျက်ပြယ်ကြရတာ။ တကယ်တော့ မတင့်မတယ်ရွံဖွယ်ရာသာ စိမ့်ထွက်တဲ့ ခန္ဓာအိမ်ပါပဲလို့ မှတ်ကြပါ၊ တစ်စတစ်စ ရင့်ရော်အိုမင်းလာတဲ့အခါကျတော့ အင်မတန် ညှိုမည်းပြီး တော့ကာ ပိတုန်းရောင် တောက်ပတဲ့ဆံပင်တွေကလည်း ဖြူဖွေးလို့ ကြည့်မကောင်းတော့ပါဘူး။ အမ္ဗပါလီရဟန္တာမကြီး ဥဒါန်းထဲမှာ ပါပါတယ်၊ ပြောင်းဖူးက ပြောင်းပင်ကအမွေးများ ဖြူဖွေးတဲ့ အမွေးများလိုပဲတဲ့။ ဟိုတုန်းက အင်မတန်လှပပြီး မည်းပြောင်နေတဲ့ဆံပင်ဟာလည်း ခုတော့ဖြူဖွေး ကုန်ပြီတဲ့၊ မလှတော့ဘူး၊ တောက်ပပြီးလှပတယ်ဆိုတဲ့ မျက်လုံးကလည်း ခုတော့ မျက်ချေးတပေပေနဲ့ မျက်ခွံကအိကျလို့ ရွံစရာကောင်းနေပြီတဲ့၊ တင်ဖေါင်းပြီး လှပတဲ့ ပါးပြင်တွေကလည်း အိတွဲလို့ ကြည့်မကောင်းတော့ဘူးတဲ့၊ စီးတန်းပြီးလှတဲ့ သွားတွေကလည်းပဲ ခယိုခယိုင်နဲ့ ကြည့်ရှုမကောင်း တော့ပါ။

ရုပ်ပျက်ကုန်ပါပြီတဲ့၊ လက်မောင်းကလေးတွေ ပေါင်တံလေးတွေကလည်းပဲ ဆင်နှာမောင်းလို သွယ်ပြောင်းတယ်လို့ဆိုသော်လည်းပဲ ခုချိန်မှာတော့ ခြောက်သွေ့တဲ့ကြံချောင်းကြီး အဆစ်များနဲ့ တကွ ကြံချောင်းလိုဖြစ်သွားပြီ၊ ခြောက်သွေ့တဲ့ကြံချောင်းလို ဖြစ်ကုန်ပြီ မလှတော့ပါဘူးတဲ့။ တင့်တယ် လှပတယ်ဆိုတဲ့ ရင်သားနှစ်မွှာကလည်းပဲ သုံးမရလို့ပစ်ထားတဲ့ ရေစစ်ပမာလို ရှုံ့တွလို့ ကြည့်မကောင်း တော့ပါ၊ ခါးတွေလည်းကိုင်း ယိမ်းယိုင်လို့ မလှတော့ဘူး၊ ကြည့်မကောင်းတော့ပါဘူးတဲ့။အိုမင်းခြင်းရဲ့ ဒုက္ခ၊ နောက်တဖြည်းဖြည်းနဲ့ နာလိမ့်အုန်းမယ်၊ ရောဂါဘယတွေကြောင့် ငြီးတွားရအုန်းမယ်၊ အိပ်လို့ လည်းမကောင်း၊ စားလို့လည်းမကောင်း နောက်ဆုံး ရောဂါဘယတွေနဲ့ ကိုယ့်ကျင်ကြီးကိုယ်မနိုင် သူများထူမှ ထရတဲ့ဘဝ ဖြစ်ရလိမ့်အုန်းမယ်၊ စုတေမနေ သေလွန်ကာနီးအခါကျတော့ အသက်ကို ဆောင်လောက်အောင် ဓါတ်လေးပါးက ဖောက်ပြန်လို့ နာကျင်ပြီးတော့မှ နောက်ဆုံးသေရမှာ တစ်ရက်က နှစ်ရက် သုံးရက်ဆိုရင်ပဲ ဝါဝင်းတောင့်တင်းရာကနေပြီးတော့ကာ လေထိုးထားတဲ့ သားရေအိတ်ကြီးပမာလိုတဲ့ ညှိုမည်းဖောင်းကားပြီးတော့ကာ အက်ကွဲကုန်ပြီတဲ့၊ သွေးတွေပြည်တွေ ဖြစ်လာပြီ၊ ပိုးလောက်တွေ စားကုန်ကြပြီ၊ လှပပါတယ်လို့ ထင်ခဲ့တဲ့ ပါးပြင်တွေမှာလည်းပဲ၊ အက်ကွဲလို့ သွေးတွေပြည်တွေနဲ့ ရွံစရာအတိဖြစ်ပြီ၊ မျက်လုံးများလည်း ပြူးအန်ထွက်လို့ မလှတော့ပါဘူး၊ ပါးစပ် ဟောင်းလောင်းနဲ့ ပိုးလောက်တွေလည်း စားကုန်ကြပါပြီ။ လက်မောင်းလက်ဖျံတွေလည်း အက်ကွဲလို့

သွေးတွေပြည်တွေနဲ့ ဒွါရတစ်စိုစိုနဲ့ ပိုးလောက်တွေစားလို့ ရွံစရာဖြစ်ပါပြီ၊ တစ်စတစ်စနဲ့ အရေပြားတွေ ပြတ်ကျကုန်ခမ်းသွားမယ်၊ နောက်အသားတွေလည်း ကုန်ခမ်း၊ နောက် အကြောတွေပါ ကုန်ခမ်းပြီး တော့ကာ ညီစိုစို အရိုးပဲကျန်ပါလိမ့်မယ်၊ အရိုးများကလည်း တစတစနဲ့ ဆွေးမြေ့ပြီးတော့ကာ အဆစ်တွေပြုတ်လို့ ခေါင်းကတခြား လည်ပင်းရိုးတခြား လက်မောင်း လက်ဖျံတွေ တခြားစီပဲ ပြန့်ကျဲပြီးတော့နေပါလိမ့်မယ်၊ ခါးဆစ်ရိုးလည်း တခြားစီ ဖြစ်သွားပြီ၊ တင်ပါးဆုံရိုးလည်း တခြားစီ ပေါင်၊ ဒူးခေါင်း၊ ခြေဖဝါး အားလုံးဟာ အဆစ်တွေပြုတ်ပြီးတော့ကာ ပြန့်ကျဲ၍ နေလိမ့်မယ်တဲ့။ ဤကဲ့သို့ဖြစ်ရလိမ့်အုန်းမယ်လို့ ဆင်ခြင်ပါလို့ ဘုရားရှင်မိန့်တော်မူပါတယ်။ နောက် ခရုသင်းပွတ်စကဲ့သို့ ဖြူဖွေးပြီးတော့ကာ ဆွေးမြေ့တဲ့အရိုး ဖြစ်အုန်းမယ်၊ ဤအတိုင်း ဖြစ်လိမ့်အုန်းမယ်လို့ ဆင်ခြင်ပါ၊ နောက်မြေကြီးထဲတစ်ပိုင်း မြေပေါ်မှာတစ်ပိုင်း မြေကြီးတစ်ပိုင်း ဆွေးမြေ့ပြီးတော့ကာ နေလိမ့်အုန်းမယ်လို့ နောက်ဆုံးတော့ လုံးဝမြေကြီးဩဇာအဖြစ်နဲ့ပဲ လမ်းဆုံး ပါလိမ့်မယ်။

ဤကိုယ်ကြီးရဲ့သွားရာလမ်း ဤအတိုင်းပဲရှိပါတယ်လို့ ဆင်ခြင်ကြပါ၊ ဤကဲ့သို့သေခဲ့ပေါင်း သံသရာမှာ အကြိမ်များစွာရှိခဲ့ပါပြီ၊ သတ္တဝါမျိုးစုံ ခန္ဓာအိမ်မျိုးစုံနဲ့ မြေဩဇာဖြစ်ခဲ့ပေါင်းလည်းများလှပြီ၊ အကြိမ်ကြိမ် ပင်ပန်းခဲ့လှပါပြီ၊ သေခါနီးကာလမှာလည်းပဲ မခွဲချင်ပဲ ခွဲရ မခွါချင်ပဲ ခွါရတော့ ဤကိုယ်ကြီးကိုလည်း တွယ်တာတာဖြစ်သောကြောင့် မခံစားချင်ဘဲခံစားရတော့ အကုသိုလ်ဇောပဲ လာပါတယ်။ မြေမှာကျတဲ့ မျက်ရည်ဟာလည်းပဲ မနည်းတော့ပါဘူးတဲ့၊ ပင်ပန်းလှပါပြီ သံသရာ အရှည်ကြီးမှာ အကြိမ်များစွာ သေဘေးဟာ ကြုံခဲ့ရပြီ။ ပင်ပန်းလှပါပြီ၊ တွေးကြပါ၊ ဆင်ခြင်ကြပါ၊ သေကာလမှာလည်း တဏှာအစပ် မပြတ်နိုင်ခဲ့တာကြောင့် ဥပါဒါန် ကမ္မဘဝဆိုတာ ရှိခဲ့တာပဲ၊ ကုသိုလ်ဇောအရှိန် အကုသိုလ်ဇောအရှိန်နဲ့ သေကြတာမို့ တခါတရံ ကုသိုလ်ဇော အရှိန်က ထောက်ပံ့ လိုက်လို့ အထက်ဆန်ပြီးတော့ကာ ဖွားသေ သေခဲ့ရတယ်၊ ဗြဟ္မာဖြစ်လည်းသေလိုက် နတ်ဖြစ်လည်း သေလိုက်၊ အကြိမ်ကြိမ် ဖြစ်ရာဘဝတိုင်းမှာလည်း ဒီလိုပဲ အာရုံတွေကျက်စား၊ တငါငါနဲ့ငြီတွယ် ပြီးတဲ့အခါ သေတဲ့အခါမှာလည်း ပူလောင်လို့ ပင်ပန်းခဲ့လှပြီ နတ်ဖြစ်လည်း နတ်စည်းစိမ်နဲ့ နတ် ချမ်းသာနဲ့ အဟုတ်မှတ်ပြီးတော့ကာ ပင်ပန်းခဲ့လှပြီ ပြီးတော့စွန့်ခဲ့ရပြန်တာပဲ။ စကြာမင်း ဖြစ်လည်း ဒီလိုပါပဲ၊ မင်းအို မင်းနာ မင်းသေဘဝနဲ့ နောက်ဆုံးမှာ စွန့်ခဲ့ရတာပဲ။ စကြာမင်းရဲ့ မိဖုရားတွေလည်း ဖြစ်ခဲ့ဘူးတယ်၊ နောက်ဆုံးတော့ အိုနာသေနဲ့ပဲ အဆုံးသတ်ခဲ့ရတယ်၊ စွန့်ခဲ့ရပါပြီ၊ ပင်ပန်းလှပါပြီ၊

ဧကရာဇ်မင်း ပဒေသရာဇ်မင်းစတဲ့ မင်းတွေ မိဖုရားတွေလည်း ဖြစ်ခဲ့ပေါင်းများလှပေါ့၊ သေလည်း သေခဲ့ပေါင်း များလှပေါ့လို့ ဆင်ခြင်ကြပါ၊ ကြိမ်ဖန်များစွာ ဖွားလိုက်သေလိုက်နဲ့ လာခဲ့ကြရတာ၊ ပင်ပန်းလှပါပြီ။

သူဌေးဘဝ သူကြွယ်ဘဝ အကြိမ်ကြိမ်ဖြစ်ခဲ့ပါပြီ၊ လယ်သမားဘဝ ကုန်သည်ဘဝဖြစ်ခဲ့ပြီးပြီ၊ ဆင်းရဲသားဘဝဖြစ်ခဲ့ပြီးပြီ၊ သူတောင်းစားဘဝဖြစ်ခဲ့ပြီးပြီ၊ အနူအရွဲ့ အကျိုးအကန်းဘဝ ဖြစ်ခဲ့ပြီးပြီ၊ ဆင်းရဲမျိုးစုံ ကြုံခဲ့ရပြီးပြီ၊ နောက်ဆုံး ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘဝတွေလည်းပဲ မရေနိုင်တော့ပါဘူး၊ ပင်ပန်းလှပါပြီ။ ဖြစ်ရာဘဝတိုင်း ဘဝတိုင်းမှာ ပေါင်းကြသင်းကြ ရှာကြဖွေကြနဲ့ နောက်ဆုံးအကုန်ထားခဲ့ရတာ ချမ်းသာလည်း မျိုးစုံ စုံခဲ့ကြပါပြီ၊ ဆင်းရဲလည်းမျိုးစုံ စုံခဲ့ပါပြီ ပင်ပန်းလှပါပြီ ။ ဘဒ္ဒဝတီညီနောင်သုံးဆယ်ကို သံဝေဂကထာ ဟောပုံကျတော့ ပို၍နက်နဲလှပါတယ်။ အင်မတန်ရှည်ကြာတဲ့သံသရာလမ်းကလည်းပဲ သချေ်ပေါင်းအနန္တလို့ ဆိုထားတော့ မရေနိုင်တဲ့ ကမ္ဘာတွေက အများကြီးပါပဲ။ ထိုထိုဘဝတွေ ဘဝတွေမှာ ခုလိုပဲ အစုန်အဆန်ကျင်လည်လို့ ဖွါးလိုက် သေလိုက် ဖွားလိုက်သေလိုက်လာခဲ့ကြတာ သက်တမ်းတွက်ပြီး ဘုရားရှင်ကအမိန့်ရှိပါတယ်၊ ချစ်သားတို့ နှစ်သက်သလိုဖြေကြတဲ့ ၊ အင်မတန်ရှည်ကြာတဲ့ သံသရာကြီးမှာ ဘဝတွေ မရေနိုင်အောင်ဖြစ်ခဲ့တော့ ထိုထိုဘဝတွေထဲမှာ နွားဘဝတစ်ခုတည်း နှလုံးသွင်းကြည့်ကြပါတဲ့၊ နွားတောင်မှ အဖြူတစ်ခုတည်းပဲ ဆင်ခြင်ကြည့်ပါအုန်းတဲ့၊ နွားအဖြူဘဝနဲ့ သူများက လည်လှီးလို့ ကျတဲ့သွေးတွေ သေခါနီးမှာ ကျတဲ့သွေးတွေ ပေါင်းထားမယ်။ ဤကမ္ဘာမှာရှိတဲ့ သမုဒ္ဒရာရေနဲ့ ထိုသွေးနဲ့ ယှဉ်ကြည့်ရင် ဘယ်ဟာ များမယ်ထင်သလဲလို့ ဘုရားရှင်ကအမိန့်ရှိတော့ မှန်လှပါဘုရား၊ နွားအဖြူသွေးက များပါလိမ့်မယ်လို့ ဖြေကြရတယ်။ ကောင်းပြီ နွားအနီတစ်မျိုးတည်းပဲ ပြန်တွေးကြအုန်းတဲ့၊ ဘဝအဆက်ဆက်မှာ နွားဖြစ်ခဲ့တဲ့ဘဝမှာ နွားနီတစ်မျိုးတည်းမှာပဲ သူများသတ်လို့ ကျတဲ့ သွေးတွေ ပေါင်းထားမယ်ဆိုရင် ပင်လယ်ရေနဲ့နှိုင်းယှဉ်ကြည့်ကြ၊ နှစ်သက်သလိုဖြေကြပါတဲ့၊ ဘယ်ဟာများမယ် ထင်သလဲလို့ မေးတော် မူတဲ့အခါမှာ မှန်လှပါဘုရား ပင်လယ်ရေထက် သွေးကများပါလိမ့်မယ်လို့ ဖြေရှာပါတယ်။ နွားအနက် စသဖြင့် ပြီးရင် ဆိတ်ဘဝ သိုးဘဝ အကြိမ်ကြိမ်ဘုရားဟောတော်မူတယ်။ နောက်ဆုံးလူ့ဘဝ ရောက်လာပြီ၊ လူ့ဘဝမှာလည်းပဲ တောလမ်းခရီးတွေမှာ ဓါးပြသူပုန်တွေက လည်လှီးလို့ သတ်တဲ့ သွေးတွေ ပေါင်းထားမယ်ဆိုရင် ဒီသွေးတွေနဲ့ ကမ္ဘာမှာရှိတဲ့ သမုဒ္ဒရာပင်လယ်ရေနဲ့ နှိုင်းယှဉ်ကြည့်ရင်

ဘယ်ဟာက များမယ်ထင်လဲလို့ မေးတော်မူတယ်။ မှန်လှပါဘုရား သွေးကများပါလိမ့်မယ်လို့ ဖြေကြရှာတယ်၊ ဒါကိုဘုရားက တော်လောက်ပါပြီကွယ် သံသရာဖြတ်ဖို့သင့်ပါပြီ ပင်ပန်းလှပါပြီလို့ မိန့်တော်မူပါတယ်။ သေခါနီးမှာကျတဲ့ မျက်ရည်တွေလည်း မနည်းတော့ပါဘူး၊ ဒါကြောင့် အားလုံး ကိုယ့်ကိုယ်ကိုဆုံးမကြပါ၊ အော်…တော်လောက်ပြီ၊ ပင်ပန်းလှပါပြီလို့ ဆင်ခြင်ကြပါ၊ ဤကဲ့သို့ ဆင်းရဲများ ကုန်ဖို့ကတော့တဲ့ တဏှာအစပ်ပြတ်မှ အေးတော့မယ်လို့ ဆင်ခြင်ရမယ်၊ ဆင်းရဲဖြစ်တဲ့ အနီးကပ်ဆုံးအကြောင်းကဇာတိပါပဲ၊ ဘယ်ဇာတိရရ အို နာ သေ ဆင်းရဲနဲ့ပဲ အဆုံးသတ်ရမှာ ဇာတိမရရန်ကလည်း ကမ္မဘဝကိုသတ်မှဖြစ်မယ်။ ကမ္မဘဝမလာအောင်ကလည်း ဥပါဒါန်ကို သတ်မှဖြစ်မယ်၊ ဥပါဒါန်ကိုသတ်ချင်ရင်လည်း တဏှာကိုသတ်မှ ဥပါဒါန်မလာမှာ အကြောင်းကိုပဲ သတ်ရမယ်၊ အကြောင်းရင်းကတော့ တဏှာသတ် တဏှာအစပ်ဖြတ်ဖို့ပဲ၊ တဏှာကလည်း ဘယ်လို ဖြတ်ရမလဲ ဆင်ခြင်တော့ ဘုရားရှင်မိန့်တော်မူခဲ့တဲ့အတိုင်း အာရုံဒွါရ မွေးတဲ့ခန္ဓာ ဟိုးဘဝကပြုခဲ့တဲ့ ကံအရှိန်ကြောင့်ဖြစ်တဲ့ ဝိပါကအကျိုးဖြစ်တဲ့ ခန္ဓာ၊ နံပါတ်(၂)အကွက်နော် မမေ့ပါနဲ့ အာရုံဒွါရ တိုက်တော့ ငါးဒွါရမှာဖြင့် အဆင်း၊ အသံ၊ အနံ့ အရသာ၊ အတွေ့အထိတွေတဲ့ သိဆိုရင် စိတ် စေတသိက် ရုပ်တွေ ပေါင်းစပ်လောင်ကျွမ်းလို့ ကာလမခြား မနောတံခါးပွင့်အောင် လောင်ပါတယ်၊ မနောတံခါးမှာကျတော့ မျက်နှာကိုယ်အမူအယာ၊ ပတ်ဝန်းကျင် အမူအယာတွေ ပေါ်လာတယ်၊ ဒါ 'သိ' ဆိုရင်ခန္ဓာငါးပါးတစ်ပေါင်းတည်းဖြစ် တစ်ပေါင်းတည်းချုပ်ပါပဲ၊ ပေါ်တဲ့အမူအယာကို ကာလ မခြား နောက်စိတ်အစုက လက်ခံဆုံးဖြတ်လေ့ရှိတယ်၊ အဘိဓမ္မာနည်းအားဖြင့် ဘုရားရှင်ဟောတော်မူခဲ့ ပါတယ်။ စိတ်မှာယှဉ်ထားတဲ့ မောဟအမှောင်ဓါတ် လွှမ်းမိုးနေရင်တော့ အတုံးအခဲအထည်လို့ ထင်မှတ်ပြီး ငါ့ခေါင်း ငါ့ကိုယ် ငါ့လက် ငါ့ခြေ အတုံးအခဲထင်ပြီး မာနပါ ပါလာတယ်၊ ဒီတော့မှ ငါ့အတွက်ဆိုပြီးတော့ အနာဂတ် အတိတ် ပစ္စုပ္ပန်ကာလဆက်တော့တာပဲ၊ ပတ်ဝန်းကျင် ပေါ်လာပြီး တော့ကာ၊ 'ငါ'ပေါ်ရင် ပတ်ဝန်းကျင် ပေါ်တော့တာပဲ၊ ငါ့အိုးငါ့အိမ် ငါ့သားသမီး ငါ့ဆွေငါ့မျိုး အဲဒီအတွက် ဖြစ်ချင်တဲ့ပုံစံချပြီး၊ ဒီပုံစံတွေ ဖြစ်ရမယ်လို့ စွဲလန်းတဲ့ဥပါဒါန် ၊ စိမ်ကိန်းချရင် ဥပါဒါန်ဖြစ်ပြီ၊ ဥပါဒါန်ဆိုရင်ဖြင့် နှလုံးအိမ် စိတ်မှီတဲ့ ဟဒယမှာ ဓာအရှိန်အဟုန် ထွက်ပါပြီ၊ ဒီအရှိန်အဟုန်နဲ့ပဲ၊ သဟဇာတ နိဿယအညမညအားဖြင့် တကိုယ်လုံး ဓါတ်ရိပ်ဓါတ်ခိုးတွေ ပြောင်းတော့တာပဲ၊ ဘဝ ပြောင်းတယ် ခေါ်ပါတယ်၊ အရှိန်ပြင်းပူ ပူသလောက်အရှိန်ပြင်း ပြင်းသလောက်ညှိဖျင်းပြီးတော့ကာ

အရောင်မှိန် အနံ့ဆိုး ဖွဲ့စည်းပုံကြမ်းလျှက် မသေခင်ကကိုက အပါယ်လေးဘုံသားဘဝ၊ ဇာတိယူနေပါပြီလို့ ဆင်ခြင်ကြပါ၊ အဲ မေတ္တာနဲ့ယှဉ်ဆက်လိုက်ပြန်တော့လည်း အအေးဓါတ်အရှိန်နဲ့ အထက်ကိုဆန်မယ်၊ အထက်ဆန်ပြီးသေရမယ့် အထက်ဇာတိယူပြန်တာပါပဲ၊ ဤအဖြစ်ကို သေသေချာချာ စဉ်းစားဆင်ခြင်လျှက် တဏှာအစပ်ပြတ်မှ အေးမှာပါလားလို့ နှလုံးသွင်းကြပါ။ ဤကဲ့သို့ ဖြစ်ခဲ့တဲ့အကြိမ်ပေါင်းဟာလည်း မရေနိုင်တော့ပါဘူး၊ ပင်ပန်းလှပါပြီ၊ ဒါကြောင့် ဘုရားရှင်မိန့်တော်မူတဲ့ အလုပ်ပေးတရားအတိုင်း ဆင်ခြင်ရမယ်၊ ရှုမှတ်ရမယ်၊ အိမ်သည်စိတ်ယူပါ၊ ရှူဆဲ ထုတ်ဆဲငြိမ်ဆဲအမူအယာမှာ ဆံပင်ကိုဖယ်ထား၊ လက်သည်းခြေသည်းကိုဖယ်ပါ၊ အရေပြား ခြောက်တွေဖယ်ပါ၊ လေဖြတ်တဲ့အင်္ဂါကြီးငယ်ဖယ်လျှက် ကျန်တဲ့နေရာအားလုံးမှာ ကာယပသာဒ အကြည်ဓါတ် အာရုံကြောအဖျားပိုင်းလေးတွေ အဆုံးသတ်ထားပါတယ်။ မပြတ်လောင်တော့ တေဇောဓါတ် ဝါယောဓါတ် ပထဝီဓါတ် ဓါတ်သုံးပါးကို သိခွင့်ရပါပြီ။ ခန္ဓာမီးလောင်တော့ ဓါတ်သုံးပါးသိတယ်၊ ကာလမခြား မနောမှာ မျက်နှာအမူအယာ ကိုယ်အမူအယာ လက်ခြေအမူအယာ ရှူဆဲ့အမူအယာ ထုတ်ဆဲအမူအယာ ငြိမ်ဆဲ လှုပ်ရှားဆဲအမူအယာဟာ တစ်စပ်တည်းဆိုသလို ကာလမခြား ပေါ်နေပါတယ်၊ ဒါကိုနောက်စိတ်အစုမှ ဘုရားပေးတဲ့ပညာနဲ့ ရှုမှတ်တဲ့အခါ နေတံမမ နေသောဟမသို့ နမေသောအတ္တာ ဆိုကြည့်ပါအုန်း၊ နေတံမမ၊ နေသောဟမသို့၊ နမေသောအတ္တာ၊ အော် မျက်နှာကိုယ်အမူအယာတွေက ခင်ဗျားပိုင်တဲ့ နဖူးပါ၊ ခင်ဗျားပိုင်တဲ့ မျက်ခုံး မျက်လုံးတွေပါ၊ ခင်ဗျားပိုင်တဲ့မျက်နှာပါ၊ နှာခေါင်းပါ၊ ပါးစပ်ပါ၊ ခင်ဗျားပိုင်တဲ့နားရွက်ပါ၊ ခင်ဗျားပိုင်တဲ့ ခေါင်းပါလို့ စကားပြောတဲ့အသံ မပါပါဘူး၊ ရှူဆဲ ထုတ်ဆဲငြိမ်ဆဲမှာ အသစ်အသစ် တံလျှပ်ကဲ့သို့ ပေါ်တဲ့ အမူအယာသည် 'ငါ'ဖြစ်နေပါတယ်၊ ငါပါလို့ ဝန်ခံစကားပြောတဲ့အသံ ပညတ်ပါမသွားပါဘူး၊ နမေသောအတ္တာ၊ အသက်လိပ်ပြာ အသက်ရှိတဲ့ အတုံးအခဲမဟုတ်၊ မဟုတ်ရင် ဟုတ်တာက တံလျှပ်လိုတဲ့ အသစ်အသစ်လောင်ရင်း ကုန်နေတာပါ၊ တရှိန်ရှိန်နဲ့ မီးတောက်ပမာလိုပါပဲ၊ အချိန်နဲ့ ယှဉ်ကြည့်တော့ကာ တောက်လျှောက် ဝယမွှာ သင်္ခါရ စကားအတိုင်း ချုပ်ငြိမ်းနေပါတယ်၊ အချိန်ကုန်ဘိသကဲ့သို့ ရှူဆဲ ထုတ်ဆဲ ငြိမ်ဆဲမှာ တောက်လျှောက် ထိရင်းပျောက် လောင်ရင်းကုန် ဖွားသေသေနေပါတယ်။ အနာဂတ်လည်းမရှိ၊ အနာဂတ်မှာလည်း ခန္ဓာ ကြုံမပေါ် အတိတ်ခန္ဓာလည်း ဘယ်တော့မှ ပြန်မလာ၊ ပေါ်ဆဲမှာလည်းပဲ လောင်ရင်းကုန် ထိရင်းပျောက် ဘယ်တော့မှပြန်မလာ

သောပျောက်ခြင်းနဲ့ ပျောက်နေတာကြောင့် ချုပ်ငြိမ်းနေပါတယ်၊ တရိပ်ရိပ်နဲ့ပေါ်သမျှ တံလျှပ်ကဲ့သို့ ချုပ်ငြိမ်းခြင်းပဲ ရှိပါတယ်၊ ဘုရားရှင် ကျေးဇူးကြောင့် ခန္ဓာအဆုံး သံသရာအဆုံး ဝဋ်ကထွက်မြောက်ခြင်း သိမြင်တဲ့ဉာဏ် ရပါတယ်လို့လဲ ဆင်ခြင်ပြီးတော့ ဘုရားကိုကြည်ညိုကြပါ၊ ဤအတိုင်းပဲ မသိခဲ့ကြလို့ သံသရာရှည်ခဲ့တာလည်းများပေါ့၊ ပင်ပန်းလှပေါ့၊ အခုတော့လွတ်ပြီလို့လည်း ဆင်ခြင်ပြီးတော့ ပီတိဖြစ်ပါ အဖေါ်ကောင်းလည်းရပြီလို့ ပီတိဖြစ်ကြပါ၊ စိတ်ရဲ့ကျက်စားရာအဖေါ်ကောင်း၊ တိတ်ဆိတ်နေပါတယ်၊ စကားပြောတဲ့အသံမပါပါ၊ သက်ဝင်လှုပ်ရှားတဲ့ အမူအရာမရှိပါ၊ တရိပ်ရိပ်နဲ့ လောင်ရင်းကုန် ထိရင်းပျောက် ချုပ်ငြိမ်းခြင်းပဲ ရှိပါတယ်၊ ဆိတ်သုဉ်းတယ် ခေါ်ပါတယ်၊ ကာလသုံးပါးလည်း မငြိတွယ်တာကြောင့် ဝိမုတ္တိဓါတ်လို့လည်း ခေါ်ပါတယ်၊ စိတ်ရဲ့လွတ်မြောက်ခြင်းလို့လည်းခေါ်ပါတယ်၊ တဏှာမရှိတာကြောင့် နိဝါနလို့လည်းခေါ်ကြပါတယ်၊ ဗမာတွေက နိဗ္ဗာန်လို့လည်း သုံးကြပါတယ်၊ ဒိဋ္ဌိမရှိတာကြောင့် မာနမရှိတာကြောင့် တဏှာမရှိပါ၊ ကြိမ်ဖန်များစွာ အသစ်အသစ်နော် ခန္ဓာပေါ်တိုင်းပေါ်တိုင်း အရှုဉာဏ် အရှုခံတည့်ရင်ဖြင့် လွတ်မြောက်ပါပြီ၊ နောက်ဆုံး အပြီးသေလို့ ခေါ်ပါတယ်။ ဘဝတစ်ခုလုံးရဲ့ဖွားသေ အဖေါ်ကောင်းဖြစ်ပါတယ်၊ အဖေါ်ကောင်းဖြစ်ပါတယ်။ ဒါကြောင့် ပဋ္ဌာစာရီကို ဘုရားရှင် ဆုံးမတုန်းက ချစ်သမီး ကိုယ့်ရဲ့ဖခင် မိခင်ကိုလည်း အားကိုးထင်ကြ၊ အစ်ကိုအစ်မတွေကိုလည်း အားကိုးထင်ကြ၊ ခင်ပွန်းသည်၊ ခင်ပွန်းမ၊ သားသမီးတွေကိုလည်း အားကိုးထင်ကြ၊ စီးပွားဉစ္စာလည်း အားကိုးထင်ကြတယ်တဲ့၊ ထိုအရာတွေဟာ အားကိုးအစစ်လည်းမဟုတ်ပါ၊ အဖေါ်ကောင်းလည်းမဟုတ်ပါ၊ ဒါကြောင့်မို့လို့ ပညာရှိများသည် တဏှာမရှိရာ နိဗ္ဗာန်လမ်းကို သုတ်သင်ရှင်းလင်းလို့ သွားကြပါတယ်၊ ရှင်းရှင်းလင်းလင်း ရှင်းလင်းပြီးတော့ကာ လျှောက်ကြပါတယ်လို့ အမိန့်ရှိတော်မူပါတယ်၊ အဖေါ်ကောင်းပါပဲ၊ အာနန္ဒာမထေရ် မြတ်စွာဘုရားမရှိတဲ့နောက်မှာ အင်မတန်သောကရောက်ခဲ့ရပါတယ်၊ အားကိုးမဲ့ကာ၊ အဖေါ်မရှိတော့ ပင်ပန်းခဲ့ပါတယ်။ နောက်တဏှာအစပ်ပြတ်တော့မှ ဘုရားမရှိတဲ့နောက်တဲ့ ကာယကထာသတိသည်သာ အကောင်းဆုံး အဖေါ်မွန်ပါပဲလို့ ဥဒါန်းကျူးရပါတယ်၊ မပြတ်မလပ် အရှုခံပေါ်တာကတော့ အိမ်သည်စိတ် ကိုယ်မှာပေါ်တာပါပဲ၊ မနောအထိကာလမခြားပေါ်တာကို အမူအယာတိုင်း အမူအယာတိုင်း အချိန်တိုင်းမှာပဲ ဉာဏ်တည့်ပြီးတော့ကာ အရှုခံ အရှုဉာဏ်တည့်လျှက် အရှိကိုအရှိအတိုင်း ရှုမြင်တဲ့ ဉာဏ်ကို အဖေါ်လို့ပဲ ပွားများခြင်းမှတစ်ပါး ကောင်းသောအဖေါ် မရှိပါ၊ အကောင်းဆုံးအဖေါ်ပါပဲ။

အမြတ်လည်းအမြတ်ဆုံးပါပဲ၊ ကံဟောင်းလည်းကုန် ကံသစ်လည်း မလာ၊ လွတ်မြောက်ရာဖြစ်ပါတယ်၊ တန်ဘိုးလည်း အင်မတန်ကြီးလှပါတယ်၊ ဘုရားရှင်ရဲ့ ခါတ်ပါပဲ၊ မြတ်စွာဘုရားရှင်ကို ကိုယ်တိုင် ပင့်ထားသလိုပါပဲ၊ ဘုရားဓါတ်ပင့်ထားတာပါပဲ။ တိုက်ရိုက်ဘုရားဖူးနေတာ၊ ဝက္ကလိရဟန်းကို မိန့်တော်မူတာက အပုပ်ကောင်ကြီးကိုမြင်လို့ ဘုရားမြင်တယ် မယူနဲ့တဲ့ ဤတရားမြင်မှ ဘုရားမြင်တယ် ခေါ်ပါတယ်လို့ မိန့်တော်မူခဲ့ပါတယ်၊ ဒါကြောင့် အားလုံးသည် ရှုမှတ်ဆဲမှာ ဘုရားကိုယ်တော်တိုင် ဖူးနေရပါတယ်၊ ဘုရားဓါတ် ကိန်းနေပါပြီလို့ ဝမ်းသာကြပါ၊ ပင့်ထားပါတယ်တဲ့ ဘုရားကိုပင့်ပြီးသား ဖြစ်နေပါတယ်၊ တိုက်ရိုက်ပူဇော်ပြီးသား ဖြစ်နေပါတယ်၊ အကောင်းဆုံးအမြတ်ဆုံး နေခြင်းပါပဲလို့ ဝမ်းသာပီတိဖြစ်ပြီး တိုး၍တိုး၍ကျင့်ကြပါ၊ ရှုမှတ်ဆဲမှာပင်လျှင် မဟာကုသိုလ်တွဲ ပါနေတာကြောင့် စွမ်းအားတွေလည်း ပြည့်ပြည့်လာပါတယ်၊ အသွေးအသား ချဉ်ဆီမှာ အင်မတန်ကောင်းတဲ့သတ္တိတွေ တိုး၍တိုး၍လာနေပါတယ်၊ ဖွံ့စည်းပုံ နူးညံ့သည်ထက်နူးညံ့၊ အရောင်တောက်သည်ထက်တောက်လို့ တန်ခိုးကြီးသည်ထက် ကြီးလာပါတယ်၊ ဘဝပြောင်းနေပါတယ်၊ နောက်ဆုံး ဖွံ့စည်းပုံ ပျောက်လောက် အောင်အထိ ပြောင်းလဲလျှက် ခန္ဓာဇာတ်သိမ်းပါလိမ့်မယ်၊ အကောင်းဆုံးအဖော်ပါပဲ၊ အော် . . . အတွေးနယ်မှာပေါ်တဲ့ မနောတံခါးမှာပေါ်တဲ့ မျက်နှာအမူအရာ ကိုယ်အမူအရာကို အတုံးအခဲအထည် ငါလို့ထင်မိတာကြောင့် ငါ့အိုးငါ့အိမ်ငါ့သားသမီး ငါ့ဆွေမျိုး တောင့်တ ကြောင့်ကြမျိုးစုံနဲ့ သံသရာမှာ ကပြောင်းကပြန် ချားရဟတ်လို ပင်ပန်းခဲ့တာကြာခဲ့ပေါ့၊ ခုတော့လွတ်ပြီလို့ ဆင်ခြင်ကြပါ၊ ပီတိ ဖြစ်ကြပါ၊ ဝစီပညတ် စကားလုံး လုံးဝမရှိပါ။ လှုပ်ရှားတဲ့အမူအရာလုံးဝမရှိပါ၊ အသစ်အသစ်တံလျှပ် ကဲ့သို့ တရိပ်ရိပ်နဲ့ပေါ်ရင်းပျောက် လောင်ရင်းကုန်။

ဤကဲ့သို့ ကြိမ်ဖန်များစွာ ပွားများကြကုန်လျှက် စိတ်မှီရာ အသွေးအသားချဉ်ဆီတွေမှာ ရုပ်တွေမှာ အညမညအားဖြင့် ဉာဏ်သတ္တိတွေ တိုးသည်ထက်တိုး၊ တိုးသည်ထက်တိုးပြီးလျှင် ဉာဏ်ရင့်သန်ကာ နောက်ဆုံး တဏှာအစပ် အပြီးပြတ်နိုင်သော ဉာဏ်အလင်းထိအောင် ပေါက်မြောက် ၍ အရဟတ္တဖိုလ်ဖြင့် ခန္ဓာဇာတ်သိမ်း ငြိမ်းနိုင်ကြပါစေ ။

( သာဓု . . . သာဓု . . . သာဓု )

## အလုပ်ပေးတရား

မျက်စိကလေးတွေ မိုတ်လိုက်ကြရအောင် မျက်စိမိုတ်တော့ မကြည့်ဘဲနဲ့ ကိုယ်မှာလောင်တာနဲ့ မိမိရဲ့ ရင်ဘတ်၊ ပုခုံး၊ မျက်နှာ တကိုယ်လုံးပေါ်ပေါ်လာပါလိမ့်မယ်၊ ဆက်ဆက်ပြီးတော့ ရှေ့နောက်ဝဲယာမှာပေါ်တယ်၊ ရှေ့မှာ ဆရာဘုန်းကြီးရှိနေသယောင်ယောင်၊ နောက်ဘယ်ညာဝဲယာမှာလဲ ယောဂီတွေ အကောင်အထည် ရှိနေသယောင်ယောင် ရှိတာရှိပါစေ၊ ပညာအလင်းဦးစီးသောစိတ်နဲ့အမှန်ဆုံးဖြတ်မယ်၊ ပုစ္ဆာအဖြေထုတ်ပါ၊ ရှုဆဲ ထုတ်ဆဲ ငြိမ်ဆဲ ကာလထားလိုက်ပါ၊ နေတံမမနဇတံမမ ထိုသဘောတရားတို့သည် ကျွန်တော်ဟာ ခင်ဗျားရဲ့ပတ်ဝန်းကျင်ပါ၊ ခင်ဗျားတို့ရဲ့ ကမ္ဘာကြီးပါ၊ ခင်ဗျားတို့ရဲ့ မြို့ပါ၊ ခင်ဗျားတို့ရဲ့ တိုင်းပြည်ပါ၊ ခင်ဗျားတို့ရဲ့ရပ်ကွက်ပါ၊ ခင်ဗျားတို့ရဲ့အိမ်ပါ၊ ခင်ဗျားတို့အားထုတ်တဲ့ ဓမ္မာရုံပတ်ဝန်းကျင်ပါ၊ လမ်းပါလို့ ထိုထိုအမှုအယာအရိပ်က စကားပြောတဲ့အသံ ပါမပါကို ခွဲခြားဆုံးဖြတ်ပါ၊ တိတ်ဆိတ်နေပါတယ်၊ ရှုဆဲကာလနဲ့အတူ အသစ်အသစ်ဖြစ်ပေါ်တဲ့ သဘောတရားဟာ ဖလင်ကွက်ကဲ့သို့ပါပဲ၊ တရိပ်ရိပ်ပေါ်သမျှတို့သည် တံလျှပ်ကဲ့သို့ ဖြစ်နေပါတယ်၊ ခင်ဗျားရဲ့ခေါင်းပါ၊ ခင်ဗျားရဲ့ နှာခေါင်းပါ၊ ခင်ဗျားပိုင်တဲ့ ကိုယ်လုံးပါ၊ ခင်ဗျားပိုင်တဲ့ လက်ပါ၊ ခင်ဗျားရဲ့ ခါး၊ခင်ဗျားရဲ့ ဝမ်းဗိုက်၊ခ င်ဗျားရဲ့ တင်ပါး၊ ခင်ဗျားရဲ့ ခြေထောက်ပိုင်း ထိုထိုအမှုအယာ အရိပ်က စကားပြောတဲ့ အသံပါသလားလို့ ခွဲခြားဆုံးဖြတ်ပါ၊ ပြီးရင်ငါဆိုတဲ့စကား ပါသလားလို့ ခွဲခြားကြည့်ပါ၊ ဉာဏ်ကလေးနဲ့နော် ပုစ္ဆာအဖြေထုတ်သလိုပါပဲ၊ စိတ်မှာယှဉ်တဲ့ အလင်းဓါတ်နဲ့ ရှုဆဲအမှုအယာ၊ ထုတ်ဆဲ အမှုအယာ အသစ်အသစ်ဖြစ်ပေါ်တဲ့ အမှုအယာအသစ်က ငါပါဖို့လို့ဝန်ခံတဲ့အသံ ပါသွားသလား ဆုံးဖြတ်ပါ၊ ခွဲခြားဆုံးဖြတ်ပါ နားထောင်ကြည့်ပါ၊ ပြီးရင်အသက်ဝင်သလား၊ အကောင်အထည်တွေလား၊ တံလျှပ်ကဲ့သို့လား လို့ခွဲခြားဆုံးဖြတ်ပါအုံး။

တရိပ်ရိပ်နဲ့မနောတံခါးမှာ တံလျှပ်ကဲ့သို့အသစ်အသစ်ပေါ်တာပဲရှိတယ်၊ လှုပ်ရှားနိုင်စွမ်းမရှိ အငွေ့လိုဖြစ်နေတယ်၊ တံလျှပ်အငွေ့လို ဖြစ်နေပါတယ်။ အသစ်အသစ် အစားလဲသွားတာပါ၊ အဟောင်းမရှိပါဘူး၊ ဘယ်တော့မှ ပြန်မလာတော့ပါဘူး၊ ရှုဆဲအချိန် ပေါ်သမျှအားလုံးတို့ဟာ ထိုအချိန်နဲ့ပင် ပြီးဆုံးသွားတယ်၊ ထုတ်ဆဲအချိန် ပေါ်သမျှအားလုံးဟာလဲ ထိုအချိန်နဲ့အတူ ပြီးဆုံးသွားပါတယ်၊ ဘယ်တော့မှမလာတော့ပါဘူး၊ အသစ်အသစ်ထိရင်းပျောက်လောင်ရင်းနဲ့ကုန် အားလုံးတိတ်ဆိတ်နေတယ်၊ အဲဒါကို ဘုရားပေးတဲ့ ဉာဏ်တော်ကြီးနဲ့ ကြည့်လိုက်တော့ သတ္တဝါအထည်

ပျောက်ထွက်သွားတယ်နော်၊ ငါ့ဘဝင်ပုံရိပ်ဘဝင်အားလုံးဟာ တီဗီစက်မြင်ကွင်းမှာ လာစုသလိုပဲ မနောမှာပဲလာစုတယ်၊ စုသမျှကိုနောက်စိတ်က ပညာအလင်းနဲ့ပြန်ခွဲကြည့်တဲ့အခါကျတော့ကာ အထည်ရှာမရဘူး၊ အကောင်အထည်အတုံးအခဲ ရှာမရဘူး၊ ဒွါရ(၆)ပါးဆိုတာ (၆)ခုဆိုတော့များတယ်၊ သတ္တဝါအားလုံးကို ချုံကြည့်တော့ဒွါရ(၆)ပါးပဲရှိတော့ (၆)နေရာမှာပေါ်တယ်ဆိုရင်တောင် များပါ သေးတယ်၊ တကယ်တော့ အချိန်နဲ့ပိုင်းရတာ ယောဂီတွေမှတ်ပါ၊ နေရာနဲ့မလိုက်ပါနဲ့ သဘောသာ ဖြစ်သောကြောင့် ဘုရားကအချိန်နဲ့ပိုင်းခြားပြီးတော့ ရှုဖို့ပဲသင်ထားပါတယ်၊ နေရာနဲ့လိုက်ဖို့ ဘုရားမသင်ပါဘူး။

အရှုခံသဘော ခန္ဓာငါးပါးသဘော ဖြစ်နေသောကြောင့် အထည်မဟုတ်သောကြောင့်နေရာနဲ့ လိုက်ရှုဖို့ ဘုရားမသင်ပါဘူး၊ အချိန်နဲ့ပိုင်းခြားရှုဖို့သာ ဘုရားသင်ထားတာတွေ့ရတယ်၊ သေသေချာချာ မှတ်ပါ၊ အတိတ်ခန္ဓာ အစဉ်မလိုက်ပါနဲ့ အနာဂတ်ခန္ဓာကို မတောင့်တရဘူး၊ အတိတ်ခန္ဓာချုပ်ပျောက် ပြီးပြီ၊ အနာဂတ်ခန္ဓာ မပေါ်လာသေးဘူး၊ ထိုထိုပေါ်ဆဲအခြေအနေမှာ ဝိပဿနာပညာနဲ့ရှုမှတ်ရမယ်၊ ပစ္စုပ္ပန်ကိုခွာ အရှိအရှိတိုင်း ရှုမှတ်ရမယ်၊ အသေးဆုံးအချိန်နဲ့ကြည့်ရမှာ အသေးဆုံးအချိန် တပြိုင်နက်မှာ နှစ်စိတ်ပေါ်ပါ့မလား၊ တစ်စိတ်ပဲပေါ်ရင် ခန္ဓာငါးပါးတစ်ခုပဲရပါမယ်၊ အာရုံဒွါရတိုက်မှပေါ်ခွင့်ရတာကို သိဆိုရင်ခန္ဓာငါးပါးဖြစ်မသွားဘူးလား၊ တစ်ကြိမ်ပေါ်ပြီးရင် ပေါ်နေချိန်မှာ ကျန်တဲ့ခန္ဓာရှိပါ့မလား၊ ဒါဖြင့်ရင် (၆)ပါးများတယ်၊ တကယ်တော့ တစ်ခုပဲ ပေါ်တာ ကာလမခြားဖြစ်လို့ ဆက်တယ်ထင်ရတာ၊ ထိုသဘောတရားများကို နောက်စိတ်က ပညာအလင်းနဲ့ကြည့်တော့ နေတံမမ ကျွန်တော်သည် ခင်ဗျားရဲ့ ခေါင်းပါ၊ လက်ပါ၊ ခြေပါ၊ ခင်ဗျားပိုင်တာပါဟု ပြောတဲ့အသံ ပါသလား၊ ငါလို့ဝန်ခံတာပါသလား၊ တံလျှပ်ကဲ့သို့ဆိုတော့ ထိုသဘောတရားဟာ အသက်မဝင်ဘဲနဲ့ အသစ်အသစ်ပဲ အစားထိုးတာ အဟောင်းမရှိတာကို ဉာဏ်ကတွေ့နေတယ်၊ ပေါ်ရင်းပျောက်တာကို သိသွားပြီ၊ ဒါဖြင့် ထိုသဘောတရား အမှန်ကိုက ပေါ်ရင်ပျောက်မှာမို့ ပျောက်ဖို့လာတာပါ၊ ပျောက်ပြီးရင်နောက်ထပ် ပြန်မလာတော့ဘူး၊ ဒါကို မျောတယ်လို့ခေါ်တယ်၊ အချိန်နဲ့ကြည့်ရမှာ၊ အချိန်ဆိုတာလဲ ကာလပညတ် တကယ်မရှိဘူး၊ သို့သော်တရားတည်တဲ့အခါ စိန်ဖူးတင်တဲ့အထိ ငြမ်းက ဆင်ထားရတာ ဒီလိုပဲ အချိန်ကာလကို ဘုရားက ပညတ်အဖြစ်သုံးရတာ။

ဒီနေရာမှာ ခန္ဓာငါးပါးကိုပဲ အချိန်လို့သတ်မှတ်လို့ရတယ်၊ ဘုရားသတ်မှတ်ခဲ့တာ အတိတ်ခန္ဓာဆိုတာ ဘုရားက အချိန်သတ်မှတ်လိုက်တာ၊ အတိတ်ခန္ဓာက ပြန်မတွေးနဲ့ မလိုက်နဲ့ မရှိတော့ဘူးဟု ပြန်မလာတော့ဘူးလို့ ဘုရားကပြောတယ်၊ ဟုတ်မဟုတ်စဉ်းစား၊ ပြီးခဲ့တဲ့အကြောင်းအရာတွေကို တွေးလို့မရဘူး၊ ယောဂီတို့ဘုန်းကြီးတို့ တရားမရတဲ့အကြောင်းက အဲဒါပဲ၊ ပြီးခဲ့တဲ့အကြောင်းအရာတွေးလို့မရဘူးလား၊ ရသလား၊ ဘုရားကမရဘူးတဲ့ ကျုပ်တို့ကရနေတယ်၊ သစ္စာဉာဏ်မလာလို့ အဲဒီမှာကွာတာ၊ ပြန်ပြောမယ် အတိတ်ခန္ဓာအတိတ်မှာပင် ချုပ်ပျောက်ခဲ့ပြီးပြီ၊ အတိတ်ခန္ဓာကိုပြန်တွေးရင် အခုတွေးလို့ အခုပေါ်တဲ့ ခန္ဓာအသစ်သာဖြစ်တယ်၊ အတိတ်ခန္ဓာမဟုတ်ဘူး၊ အနာဂတ်ခန္ဓာလဲ ရောက်မလာလို့ တွေးလို့မရဘူး၊ မနက်ဖြန်အကြောင်း တွေးတယ်ဆိုတာ အခုတွေးလို့ အခုပေါ်တဲ့ ခန္ဓာအသစ်သာဖြစ်တယ်၊ ဘုရားကအတိတ်ခန္ဓာအတိတ်အကြောင်းအရာ တွေးလို့မရဘူးလို့ ဘုရားက ပြောတယ်၊ ကျွန်ုပ်တို့က ရနေတယ် တကယ်တော့မဟုတ်ပါဘူး၊ အခုတွေးလို့ အခုပေါ်၊ မနက်က ရုပ်/နာမ် မရှိတော့ဘူး၊ မနက်ဖြန်ဖြစ်မဲ့ ရုပ်/နာမ်ရောက်မလာသေးဘူး၊ မနက်တုန်းက ရုပ်/နာမ် ပေါ်တာမဟုတ်ဘူး၊ အခုအသစ်ပေါ်တာ၊ မနက်တုန်းက ဘာနဲ့စားခဲ့သလဲလို့ အသံကြားလိုက်လို့ စိတ်က ညွှတ်လိုက်ကာမှ အခုတွေးလို့အခုပေါ်တဲ့ ရုပ်/နာမ်အသစ် အဲဒီသဘောကလဲ ပျောက်ဖို့ပေါ်လာတာ၊ မနက်တုန်းက အရဏ်မှာ ဘာနဲ့စားခဲ့သလဲလို့ ပြောလိုက်လို့ အတွေးပုံပေါ်မလာဘူးလား၊ အခုကြားတယ် ရုပ်/နာမ် ပေါင်းလောင်တယ်၊ မနောမှာအခုပေါ်တယ်၊ မနက်တုန်းကရုပ်/နာမ်မရှိတော့ဘူး၊ အခုအသစ်ပေါ်တာ အတိတ်မဟုတ်ဘူး၊ အတိတ်က တွေးလို့မရဘူး အခုတွေးလို့ရတာပုံရိပ်ကို အတိတ်လို့ စိတ်အမြင်မှားသွားတာ၊ အတိတ်မဟုတ်ဘူး နားလည်ပြီးလား၊ ခန္ဓာငါးပါး ဖြစ်/ပျက်ရှုတာ မလွယ်ဘူးနော်၊ ကာလကို နားလည်မှရှုလို့ရမှာ လွယ်လွယ်မထင်ပါနဲ့၊ နေရာနဲ့ လိုက်တော့ကာ ခလေးတောင် လိုက်တတ်သေးတယ်၊ နေရာမှာ ဖြစ်/ပျက် ရှိတာပေါင်တွေ၊ ခါးတွေ၊ ခြေထောက်တွေ၊ လက်တွေ၊ ဒါတွေခလေးတောင်ရတယ်၊ ဒါလွယ်လွယ်လေး…ပြီးတော့အလုပ်မဖြစ်ဘူး၊ ခန္ဓာငါးပါးရဲ့ ဖြစ်/ပျက်က ကာလနဲ့ဖြတ်ရမှာ၊ ဒါမှ ဖြစ်/ပျက် ရှုတတ်မှာဖြစ်တယ်။

မျက်စိမှိတ်နေဆဲမှာပဲ မကြည့်ဘဲနဲ့ မျက်နှာအမူအယာ၊ ကိုယ်လက်အမူအယာတွေ မနောမှာပေါ်နေတယ်၊ အထူးသဖြင့်တော့ အဘိဓမ္မာဓါတ်ကိုသတိထားပါ၊ ငါ့အတွက်တော်တော်ကြာရင် သေမယ်မထင်ထားတော့ကာ၊ အနာဂတ်လဲရှိနေတယ် မသေနိုင်သေးဘူးဆိုတာ အထင်

အနာဂတ်ရှိနေပါတယ်၊ အနာဂတ် ရှိသောကြောင့် မှတ်ပါ၊ ဒိဋ္ဌိရော၊ တဏှာရော၊ မာနရော ပါးပါးလေးရှိနေပါတယ်၊ မျက်လုံးအိမ်တဝိုက်မှာရှိတဲ့ ကြွက်သား အာရုံကြော၊ နားအုံတဝိုက်၊ လည်ပင်း၊ လည်ဂုတ်တဝိုက်ရှိတဲ့ ကြွက်သားအာရုံကြော၊ ရင်ဘတ်နှင့်ကျော၊ ဝမ်းဗိုက်နှင့်ခါး၊ ကြွက်သားအာရုံကြောတွေ၊ ပေါင်နှစ်ဖက်၊ မြီးဆုံကြောတွေ ခံစားကြည့်ပါ၊ နှလုံးအိမ်တဝိုက်မှာရှိတဲ့ အပူအအေးကို ခံစားကြည့်ပါ၊ ထိုခံစားမှုထဲမှာသိမ့်မွေ့တဲ့ ရှေ့ရှုကြဲစည်ခြင်းဆိုတာ ရှိနေတယ်လို့ သိထားရမယ်၊ ရှိနေတယ်လို့ သိထားရပါမယ်၊ အဲဒါကို ပယ်တာလဲ မခက်တော့ပါဘူး၊ ကာမစ္ဆန္ဒ ဆိုတဲ့အမည်ကို ဖျောက်လိုက်ပါ၊ အဘိဇ္ဈာဆိုတဲ့အမည်ကို ဖျောက်လိုက်ပါ၊ ကောင်းမကောင်း ဆိုတဲ့အမည်ကိုဖျောက်လိုက်ပါ၊ အရှုခံခန္ဓာအဖြစ် တည့်လိုက်ပါ၊ ရှုဆဲထုတ်ဆဲငြိမ်ဆဲမှာ ဖြစ်ပေါ်တဲ့ သဘောသက်သက်လေးသည် ကောင်းကောင်းဆိုးဆိုး အမည်မပါပါဘူး၊ နေတံမမ ငါ့ဟာ မဟုတ်၊ နေသောဟမသ္မိ ငါမဟုတ်၊ နမေသောအတ္တာ အတုံးအခဲမဟုတ်၊ တံလျှပ်ကဲ့သို့ပျောက်သွားတယ်လို့ ရှုရမယ်။

ရှုဆဲ ထုတ်ဆဲ ငြိမ်ဆဲ အသစ်အသစ်ဖြစ်ပေါ်တဲ့ခံစားမှုနဲ့ တွဲလျှက်ပါပဲ၊ မနောမှာ ထပ်ပြီး တော့ကာ ကိုယ်လက်အမူအယာ ကိုယ်အောက်ပိုင်းအမူအယာ၊ အားလုံးက တိတ်ဆိတ်နေတယ်၊ ကျွန်တော်သည် ခင်ဗျားပိုင်တဲ့ ကိုယ်လုံးပါ၊ ခေါင်းပါ၊ခြေပါ၊ လက်ပါလို့ မပြောပါ၊ ငါလို့လဲ စကားပါ မလာပါဘူး၊ ဘာမှတောင်းဆိုချက်မရှိပါဘူး၊ တံလျှပ်ကဲ့သို့အသက်ဝင်ခြင်းမရှိ၊ အသစ်အသစ် ဖြစ်ပေါ်တဲ့သဘောတရားဟာ နောက်ဆုံးခံစားမှုပါပဲ၊ နောက်ဆုံးခံစားမှုပါပဲ၊ ရှုဆဲမှာဖြစ်သမျှ သိသဘောတွေဟာ နောက်ဆုံးခံစားမှု၊ ထုတ်ဆဲမှာဖြစ်သမျှ သိသဘောတွေဟာလဲ နောက်ဆုံးခံစားမှု၊ နောက်ထပ်ဘယ်တော့မှပေါ်မှာ မဟုတ်တော့ဘူး၊ နောက်ဆုံးခံစားမှု၊ တစ်နည်းအားဖြင့်တော့ အပြီးသတ်ခံစားမှုလို့လဲခေါ်တယ်၊ နောက်ဆုံးခံစားမှုလို့ပြောလို့ရတယ်၊ အားလုံးတိတ်ဆိတ်နေပါတယ်၊ ဘာမှတောင်းဆိုချက်မရှိ၊ အသက်ဝင်ခြင်းမရှိ၊ လှုပ်ရှားနိုင်စွမ်းမရှိ၊ တင်းလိုက် လျော့လိုက်နဲ့အတူ တစ်ဆက်တည်း ဆိုသလိုကပ်ပါနေတဲ့ အမူအယာအားလုံးတို့ဟာ သတ္တဝါတို့ရဲ့အထည်မဟုတ်၊ သူငါမဟုတ်တဲ့အပြင် တစ်ရိပ်ရိပ်နဲ့ နောက်ဆုံးခံစားမှုပါပဲ၊ ဤကဲ့သို့ အမှန်အတိုင်းမသိခဲ့လို့ သံသရာရှည်ကြာခဲ့တာ ပင်ပန်းလှပါပြီ၊ သံဝေဂလေးထပ်ထပ်ဖြည့်ပါ၊ အခုနေသေခဲ့သော်လို့ အသေကပ်ထားပါ၊ သေချိန်လို့ကပ်ထားပါ၊ သေခါနီးနောက်ဆုံး ရှုခွင့်ရတဲ့အနေအထားပါပဲ၊

နောက်ဆုံးခံစားမှုပါပဲ၊ ရှုဆဲနောက်ဆုံးခံစားမှု ထုတ်ဆဲ နောက်ဆုံးခံစားမှု၊ ဒီသဘောတရားလေးတွေဟာ ဝယမ္မော သန်္တိရာနဲ့ကိုက်ပါတယ်၊ နိဝါနနဲ့လည်း ကိုက်ညီပါတယ်၊ တဏှာမရှိရာနဲ့လည်း ကိုက်သွားပါပြီ၊ တဏှာနိရောဓနဲ့လည်း ကိုက်ညီနေပါတယ်။

တော်လောက်ပါပြီ၊ ပင်ပန်းလှပါပြီ၊ ဘဝအဆက်ဆက် ရာကြ၊ ဖွေကြ၊ စုကြ၊ ဆောင်းကြနဲ့ နောက်ဆုံးတော့ အိုးနာ၊သေနဲ့အဆုံးသတ်ပြီးလာခဲ့ကြတယ်၊ ပင်ပန်းလှပါပြီ၊ အသက်ရှုလို့ကိုယ်မှာ လောင်တာနဲ့မနောမှာ မိမိတို့ရဲ့မျက်နှာအမူအယာ၊ မိမိတို့ရဲ့ လည်ပင်း၊ လည်ဂုတ်၊ ရင်ဘတ်၊ ကျောပြင်၊ ခြေထောက်၊ ကိုယ်လုံးကိုယ်ထည် ပုံသဏ္ဌာန်တွေ မနောမှာပေါ်နေပါတယ်၊ ဒီပေါ်လာတဲ့ သဘောတရားတွေကို စိတ်မှာယှဉ်တဲ့ အမှောင်ဓါတ်နဲ့ အဝိဇ္ဇာမောဟ ရှိသူတွေက ပေါ်လာတဲ့ပုံရိပ်ကို အကောင်အထည် အတုံးအခဲထင်လိုက်တယ်၊ အဲဒီလို အကောင်အထည် အတုံးအခဲ ထင်လိုက်ရင် ဒိဋ္ဌိဖြစ်သွားပြီ၊ ဒိဋ္ဌိကြောင့်ပဲ ရှုနေတာ ငါလို့ ထင်တဲ့မာန၊ ငါ့ခေါင်း၊ ငါ့ခြေ၊ ငါ့လက်၊ ငါ့မျက်နှာ၊ ငါ့ကိုယ်လုံးကိုယ်ထည်လို့ ထင်တာကတဏှာ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ကူးသွားပါပြီ၊ တဏှာကူးသွားရင် ဥပါဒါန်ကမ္မဘဝသည် လျှပ်စစ်ဓါတ်လိုက်သလို အင်မတန်လျင်မြန်တယ်၊ ကမ္မဘဝမြောက်သွားတာနဲ့ ဇာတိဆိုတာရနေပြီ၊ ဇာတိရရင် အိုနာသေ မလွတ်တော့ပါဘူး၊ ဒီသဘောတရားကြောင့် သတ္တဝါတွေ သံသရာကမလွတ်နိုင်ဘဲ ဘဝတွေဆက်ခါဆက်ခါ ရရှိနေတာဖြစ်တယ်၊ ဒါကိုလေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ပြီး ပွင့်တော်မူခဲ့တဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဉာဏ်တော်အလင်းဓါတ်နဲ့ရှုလိုက်တဲ့အခါမှာ ပေါ်လာတဲ့ပုံရိပ်တို့ဟာ အကောင်အထည် အတုံးအခဲ မဟုတ်ကြောင်း၊ ငါလို့မပြောကြောင်း၊ ငါ့ခေါင်း၊ ငါ့ခြေ၊ ငါ့လက်လို့ မပြောကြောင်း ဆုံးဖြတ်နေဖို့လိုပါတယ်၊ အတုံးအခဲမဟုတ်ဘဲ ပုံရိပ်တွေသည် တံလျှပ်အငွေ့တွေလိုပေါ်ပြီး တရိပ်ရိပ်နဲ့ ပျောက်သွားတဲ့သဘောသာ ရှိနေတယ်၊ ဒါကြောင့်သမ္မာဒိဋ္ဌိ အမြင်မှန်နဲ့ရှုမှတ်မယ်ဆိုရင် ပေါ်လာတဲ့ပုံရိပ်တွေကို ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ အတုံးအခဲမဟုတ် တံလျှပ်ကဲ့သို့ ပျောက်သွားတယ်လို့ ရှုမှတ်ပေးနေဖို့လိုပါတယ်၊ အဲဒီလို ရှုမှတ်ပေးနေရင် ခန္ဓာငါးပါးသိသဘောပေါ်တာနဲ့ ပေါ်လာတဲ့ပုံရိပ်ကို အမှန်အတိုင်းဆုံးဖြတ်ပေးနေတဲ့ အခါ အကောင်အထည်မဟုတ်မှန်းသိတော့ ဒိဋ္ဌိပြုတ်သွားပါတယ်၊ ဒိဋ္ဌိပြုတ်ရင် ငါဆိုတဲ့မာနလဲ မလာတော့ပါဘူး၊ ငါမလာရင် ငါ့ဥစ္စာလို့ခေါ်တဲ့ ငါ့ခေါင်း၊ ငါ့ခြေ၊ ငါ့လက် တဏှာလဲ မကူးတော့ပါဘူး၊ တဏှာ၊ မာန၊ ဒိဋ္ဌိမလာတော့ပါဘူး၊ နိဝါနဆိုတာတဏှာမရှိရာတဲ့၊ နိဗ္ဗာန်ကို နိဝါနလို့ခေါ်တယ်၊

ဒါကြောင့် တဏှာမရှိရာ နိဗ္ဗာန်ဆိုတော့ အခုလိုရှုမှတ်လိုက်တဲ့အချိန်မှာ တဏှာမကူးတော့တဲ့ အတွက် တဒင်္ဂနိဗ္ဗာန် ရရှိနေတာပါ။

ဒီလိုနဲ့ကြိမ်ဖန်များစွာရှုမှတ်နေရင် ကြိမ်ဖန်များစွာနိဗ္ဗာန်ရရှိနေတာပါပဲ၊ ဒါကြောင့်တဒင်္ဂ နိဗ္ဗာန်ကနေ ထာဝရနိဗ္ဗာန်ရရှိဖို့ ကြိမ်ဖန်များစွာ ရှုမှတ်ပွားများနေဖို့လိုပါတယ်၊ ပေါ်လာသမျှပုံရိပ်တွေကို ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ အတုံးအခဲမဟုတ်၊ တံလျှပ်ကဲ့သို့ ပျောက်သွားတယ်လို့ ရှုမှတ်ပေးနေကြပါ၊ တဏှာ၊ မာန ဒိဋ္ဌိမကူးရင် ဥပါဒါန်မခြောက် ဥပါဒါန်မခြောက်ရင် ကမ္မဘဝမဖြစ်တော့ဘူး၊ ကမ္မဘဝ မဖြစ်ရင် ဇာတိဆိုတာမလာတော့ဘူး၊ ဇာတိမလာရင် အိုနာသေ လွတ်ပါပြီ၊ အိုနာသေ လွတ်ရာနိဗ္ဗာန်ပါပဲ၊ ဒါကြောင့် ဇာတိအပြီးအပိုင်မလာရေးအတွက် ပေါ်လာသမျှပုံရိပ်တွေကို ဘုရားပေးတဲ့ ဉာဏ်တော် အလင်းဓါတ်ကြီးနဲ့သုံးသပ်ပြီး မှန်ကန်စွာဆုံးဖြတ်ပေးနေဖို့ လိုပါတယ်၊ ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ အတုံးအခဲမဟုတ်၊ တံလျှပ်ကဲ့သို့ပျောက်သွားတယ်လို့ ရှုမှတ်ပွားများပေးနေကြပါ။

ကဲ····ပြန်အကဲခတ်မယ်ခံစားမှု၊ ဖွဲ့စည်းမှုပြန်အကဲခတ်မယ်၊ ဘဝအပြောင်းအလဲ ခံစား ကြည့်မယ်၊ မိမိတို့ရဲ့လက်ဖျား၊ ခြေဖျား၊ ကြွက်သားအာရုံကြောတွေ လျော့လာပါလိမ့်မယ်····။ နှလုံးအိမ် မှာလည်း အပူဓါတ်အစား သိမ့်မွေ့တဲ့ပီတိအရှိန်အဟုန်ကြောင့် အအေးဓါတ်အရှိန်ထွက်လာတာ ခံစားရပါလိမ့်မယ်၊ ဓါတ်ရိုပ်ဓါတ်ခိုး ကံရိပ်ကံခိုးများသည် နူးညံ့နေတာကြောင့်မို့လို့ ဝိပဿနာနဲ့ ပယ်တဲ့အခါမှာကျတော့ကာ ဗြဟ္မာကဲ့သို့ပဲလို့မှတ်ပါ၊ နူးညံ့တဲ့ဖွဲ့စည်းပုံတွေ ပြောင်းသွားပါတယ်။

မြတ်စွာဘုရားရှင် ဟောကြားဆုံးမတော်မူတဲ့အတိုင်း မိမိတို့သန္တာန်မှာကြိမ်ဖန်များစွာ မသေ အသေ မပါဘဲနဲ့ ကိုယ့်ကို အရှင်၊ တိုးတက်အောင်မြင်မှုတွေ၊ စီးပွားတွေ၊ တောင့်တခဲ့တာတွေဟာ များစွာ သတ္တိကိန်းထားတာကို သံဝေဂဉာဏ်ရင့်သန်စွာဖြင့် ဘုရားဟောတော်မူတဲ့အတိုင်း ပွားများအားထုတ်နိုင်ပြီးလျှင် ဖြတ်နိုင်ပယ်နိုင်ကြပါစေ၊ အကြွင်းအကျန်မရှိအောင် ဝိပဿနာပညာဖြင့် ဖယ်ရှားလျှက် ဉာဏ်ရင်သထက်ရင့်လို့ မဂ်ဖိုလ်တိုင် ပေါက်ပြီးတော့ကာ ခန္ဓာဇာတ်သိမ်း ငြိမ်းနိုင် ကြပါစေ။

## နိဂုံး

"တကယ်တန်းကျတော့ ဝိပဿနာတရားကို အချိန်တိုင်းပွားမယ်ဆိုရင်မနိုင်ကြသေးဘူး၊ ဒီတော့ ဝိပဿနာတရား လွတ်နေတဲ့အချိန်မှာ ကုသိုလ်စိတ်နဲ့ နေတတ်ဖို့လဲလိုအပ်တယ် "

ပိုင်းလော့ဆရာတော် ဟောကြားထားသောတရားတစ်ပိုဒ်ဖြစ်လေသည်။ ကျွန်ုပ်အပါအဝင် ယောဂီအချို့တို့သည် ဝိပဿနာတရား အားထုတ်နေပြီဖြစ်သောကြောင့် ကုသိုလ်စိတ် ဖြစ်ပေါ်လာမည့် ဒါန၊ သီလ၊ သမထ၊ ဘာဝနာတရားများကို ကျင့်ကြံအားထုတ်ရန်မလိုဟု ထင်မှတ်ကြပေသည်။ စိတ်၏သဘောတရားမှာ ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ် နှစ်မျိုးသာရှိလေသည်။ ကုသိုလ်စိတ်ဖြစ်ပေါ်မည့် ဒါန၊ သီလ၊ ဘာဝနာတရားတို့ကို ကျင့်ကြံအားထုတ်ခြင်း မရှိပါက ကုသိုလ်စိတ် မဖြစ်ပေါ်နိုင်သဖြင့် အကုသိုလ်စိတ်သာ အစားထိုးဝင်ရောက်ပေလိမ့်မည်။ တဖြည်းဖြည်းနှင့် အကုသိုလ်စိတ်ဝင်ရောက်ရင်း များလာပြီဆိုပါက အောက်သံသရာ ရေအလျဉ်ကြောခွဲသာ မြုပ်မျောမျောရမည် ဖြစ်ပါသည်။

အစုန်လမ်း၊ အဆန်လမ်း၊ နိဗ္ဗာန်လမ်းရှိသည့်အနက် နိဗ္ဗာန်လမ်း မလျှောက်နိုင်လျှင်တောင် အနည်းဆုံး အဆန်လမ်းကိုတော့ လျှောက်လှမ်းသင့်ပေသည်။ အပါယ်လေးဘုံထက်စာလျှင် လူ၊ နတ်၊ ဗြဟ္မာဖြစ်သည်က တော်ပါသေးသည်။ ကုသိုလ်ဓါတ်သည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ဆောင်နိုင်သော အထောက်အပံ့ အင်အားတစ်ခု ဖြစ်ပေသည်။ ကုသိုလ်စိတ်ဓါတ် အားကောင်းပါမှ ဉာဏ်တွေ ပွင့်လင်းလာမည်၊ အရောင်တွေတောက်လာမည်၊ ဟော်မုန်းတွေကောင်းလာပြီး ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လာကာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ဆောင်နိုင်မည်ဖြစ်ပါသည်။ ကျွန်ုပ်အပါအဝင် ယောဂီအပေါင်းတို့သည် ဘဒ္ဒကမ္ဘာတွင် လူဖြစ်လာရခြင်း၊ မြတ်စွာဘုရားသာသနာနှင့် ကြုံကြိုက်ခြင်း၊ ဗုဒ္ဓသာသနာထွန်းကားသောနိုင်ငံ၌ လူဖြစ်လာရခြင်း၊ ဗုဒ္ဓဘာသာဝင် သားသမီးဖြစ်ရခြင်း၊ ဝိမုတ္တိခေတ်တစ်ပါတ်လည်ကာလနှင့် ကြုံကြိုက်ခြင်း၊ သစ္စာတရားများ ဟောပြနိုင်သော ဆရာကောင်းသမားကောင်းများနှင့် ဆုံတွေ့ရခြင်းတည်းဟူသော အကျိုးတရားများကို ပြန်သုံးသပ်ကြည့်ပါက အတိတ်ဘဝပေါင်းများစုမှ ပြုလုပ်ခဲ့သော ကုသိုလ်တရားတို့ကြောင့်ပင် ဖြစ်လေသည်။ ဤကုသိုလ်တရားတို့၏ အထောက်အပံ့ကြောင့် သစ္စာတရားနှင့်တွေ့ကာ မဂ်ရေအလျဉ် လမ်းကြောင်းပေါ်သို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ကုသိုလ်စေတနာ၏စွမ်းအားကြောင့် ရဟန္တာဖြစ်သွားသော သီဟိုဠ်ကျွန်းမှ ရဟန်းတစ်ပါး အကြောင်း ဆရာတော် ဟောပြောဖူးလေသည်။ သီဟိုဠ်ကျွန်း၌ ရဟန္တာမထေရ်ကြီးတစ်ပါးသည် သူ၏တပည့် ရဟန်းတစ်ပါးအား ဝိပဿနာအားထုတ်နည်းပေး၍ ဝါတွင်းသုံးလတိုင်တိုင် ရဟန်းတရား အားထုတ်စေလေသည်။ ဝါလွန်သောအခါ ထိုရဟန်းသည် တရားမရနိုင်သဖြင့် လူထွက်ခွင့်ပြုရန် ရဟန္တာမထေရ်ကြီးအား လျှောက်ထားလေသည်။ ဒီတော့ မထေရ်ကြီးက ထွက်လိုက ထွက်နိုင် ကြောင်း၊ ဒါပေမဲ့ လူမထွက်ခင် ငါ့အတွက် ဂူလေးတစ်လုံးလောက် ထွင်းခဲ့ပေးပါလို့ မိန့်ကြားတဲ့အတွက် ကျောက်ဂူတစ်လုံးကိုထွင်းလေသည်။ ဂူထွင်းသောအခါ သူ့ဆရာ ရဟန္တာမထေရ်ကြီး အေးချမ်းစွာ သီတင်းသုံးနေထိုင်ရန် စေတနာဖြင့် ကျောက်နံရံများကို ချောမွတ်နေအောင် ထွင်းပေးလေသည်။ တစ်လပြည့်၍ဂူပြီးဆုံးသွားသည့်အခါ မထေရ်ကြီးထံလျှောက်၍ လူထွက်ခွင့်တောင်းလေသည်။ မထေရ်ကြီးက "တပည့်ရဟန်း လူမထွက်ခင် သင်ထွင်းထားသော ကျောက်ဂူထဲမှာ တရားအားထုတ် ပြီးမှ ထွက်ပါ"လို့ မိန့်ကြားသောအခါ ဆရာကိုချစ်လည်းချစ် ရိုလည်းရိုသေသဖြင့် သွားရောက် အားထုတ်လိုက်ရာ ၇-ရက်အတွင်း တဏှာအစပ်ပြတ်ကာ ရဟန်းကိစ္စ ပြီးသွားပေသည်။

ဤဖြစ်ရပ်ကိုကြည့်ခြင်းအားဖြင့် ဆရာ့အတွက်အေးချမ်းစွာ သီတင်းသုံးရန်ဂူထွင်းပေးသော ကုသိုလ်ဓါတ် စိတ်စေတနာကြောင့် အသွေးအသား ဟော်မုန်းတွေကောင်းလာပြီး အလင်းဓါတ် အအေးဓါတ်များ ထွက်လာကာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ဆောင်နိုင်သွားခြင်းဖြစ်ပေသည်။ ကုသိုလ်တရားတို့သည် အဆန်လမ်းတက်နိုင်သလို နိဗ္ဗာန်လမ်းကိုလည်း ကောင်းစွာထောက်ပံ့ပေးသဖြင့် ဝိပဿနာတရားကို မပွားနိုင်သောအချိန်များတွင် ဒါန၊ သီလ၊ ဘာဝနာ အားတို့ဖြင့်ဖြည့်ဆည်းပေးရန် လိုအပ်ပေသည်။ ဆွမ်းတော်ကပ်ခြင်း၊ ဆွမ်းလောင်းခြင်း၊ လှူဒါန်းပေးကမ်းခြင်းတည်းဟူသော ဒါန၊ ငါးပါးသီလ၊ အာဇီဝဋ္ဌမကသီလ၊ ဥပုသ်သီလများ ဆောက်တည်ခြင်းတည်း ဟူသော သီလနှင့် မေတ္တာပို့ အမျှဝေ၊ ဘုရား၊ တရား သံဃာ ဂုဏ်တော်များ ရွတ်ဆိုပွားများခြင်းတည်းဟူသော ဘာဝနာတရားတို့ဖြင့် အားဖြည့်ပေးရန် လိုပေသည်။ လက်နိပ်ဓါတ်မီး၌ ဓါတ်ခဲအားနည်းနေပါက ကောင်းစွာ မလင်းနိုင်၊ အလင်းအားနည်းလျှင် အမြင်အားနည်းပေမည် အမှန်ကိုမမြင်နိုင် အမှန် မမြင်သော သမ္မာဒိဋ္ဌိဉာဏ် မရှိရင်ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရန်မဖြစ်နိုင်ပေ၊ ဓါတ်ခဲအားနည်း သည်ကို အားသွင်းဖို့လိုသလို ရှုဉာဏ်အား အလင်းအားနည်းနေခြင်းကိုလည်း ဒါန၊ သီလ၊ ဘာဝနာ

တို့ဖြင့် အားဖြည့်ပေးရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဝိပဿနာတရားကို အချိန်တိုင်း မရှုပွားနိုင်သည့်အတွက် ဝိပဿနာလွတ်နေသောအချိန်များတွင် အကုသိုလ်စိတ် မဖြစ်စေဘဲ ကုသိုလ်စိတ်နှင့်နေနိုင်အောင် အထူးလိုအပ်ပေတော့သည်။

ဆရာတော်ဟောကြားဆုံးမသောတရားဖြင့် ဝိပဿနာလွတ်နေသောအချိန်များတွင် အစုန်လမ်းကို ရောက်စေမည့် အကုသိုလ်စိတ်များမဝင်အောင် အဆန်လမ်းဖြစ်သော ကုသိုလ်စိတ်များ ဖြစ်ပေါ်စေမည့် ဒါန၊ သီလ၊ ဘာဝနာ တရားတို့ဖြင့် အားဖြည့်ကာ နိဗ္ဗာန်လမ်းကိုရစေမည့် တဏှာအစပ်အပြီးပြတ်ကျင့်စဉ်အတိုင်း ခန္ဓာဇာတ်သိမ်းငြိမ်းသည်အထိ ကျင့်ကြံပွားများ အားထုတ်နိုင်ကြပါစေလို့ ဆုတောင်းဆန္ဒပြုလိုက်ရပါသည်။

" ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု "

ဝေယျာမင်း( ကေတု )
၂၀၀၈-ခုနှစ်၊ဒီဇင်ဘာလ(၃၁)ရက်

## သံဝေဂသက်ာများ

### ၁။ သေတာဘာဆန်းလဲ

သေတာ ဘာမှမဆန်းဘူး
သေပြီး အပါယ်ကျမှာသာဆန်းတာ။

### ၂။ သောက်သာသောက်

အရက်သောက်တော့ ငမူး
အသက်ပျောက်တော့ အရူး

### ၃။ ကိလေသာ

ကိလေသာရှိလျှင် အရူးပင် ခေါ်တွင်ရမည်မှတ်
ကိလေသာကင်းမှ အရိယ နိဗ္ဗာန်လမ်းကိုရ

### ၄။ မွေးသေ

မွေးနေ့သာသိတာ
သေနေ့မသိနိုင်ဘူး
ဒါပေမယ့်
ပရမတ်မွေးသေကိုတော့ သိဖို့လိုတယ်။

### ၅။ အော်...ကောင်းလေစွ

ဇနီးမယား သမီးသားတို့ရေ
ရပ်ရှင်သွားကြည့်မယ် လိုက်မလား(လိုက်မယ်)
အဖေ သေရွာသွားတော့မယ် လိုက်မလား(ဟင့်အင်း)။

### ၆။ မွေးနေ့

ကိုယ့်မွေးနေ့ ကိုယ်လုပ်ပေါ့
ကိုယ့်သေနေ့ သူများလုပ်လိမ့်မယ်။

**၇။ လမ်း(၃)လမ်း**

တဏှာအစပ်မဖြတ်က အစုန်အဆန်ရ
တဏှာအစပ် ဖြတ်ကာမှ နိဗ္ဗာန်လမ်းကိုရ။

**၈။ လူ**

ရတနာသုံးပါးပြည့်စုံခြား လူကားမဖြစ်ပေ
တိသရဏငါးပါးသီလ ပြည့်ဝလူခေါ်ပေ။

**၉။ အကုန်သတ်မှ နိဗ္ဗာန်ရ**

မိသားစုတွေ အားလုံးသေအောင်
ငါသတ်ခဲ့ပြီး ငါ့ပစ္စည်းတွေ
အကုန်ကြေအောင် ငါပင်ဖျက်ဆီးလေသည်။
တကယ်သေပြီး ငါချည်းကျန်က
မဖြစ်လှ၍ ငါ့ကိုယ်ငါပင်
အကုန်စင်အောင် ငါပင်သတ်ခဲ့ပြီးလေသည်။
အားလုံးသတ်ကာ အားလုံးသေမှ
သံဝေဂဉာဏ် ရင့်သန်စွာဖြင့်
မှန်စွာအယူ ဒိဋ္ဌိဖြုတ်ကို
မငြိုဝိပဿ် တရားမြတ်၏
ရှုမှတ်ပွားများ ရှုဉာဏ်အားကြောင့်
တရားနိဗ္ဗာန် ရပေသတည်း။

**၁၀။ မင်္ဂလာဆောင်**

မင်္ဂလာဆောင် လက်ထပ်
အကျိုးအမြတ်က ဘာလဲ
တို့ရတာ တို့လို့တွဲလဲ
ဒုက္ခပဲပိုတယ်။

## ၁၁။ ခင်းသေမှအေးမည်

ငါ့စိတ်ထဲမှာ ခင်းရှိပါလျှင်
ငါပင်ခင်းဘဝ ဖြစ်နေရသည်
ဒေါသတဏှာ ကပ်ငြိတာကြောင့်
မသာအကုန် ဆဲမျိုးစုံသည်
ဤအပါယ်လမ်း သွားမှန်းမသိ
သွားသည့်ငါပင် မသိချေ။
ပိုင်းလော့ဆရာတော် သင်တော်မူထား
မြတ်တရားပါ တဏှာအစပ်
အပြီးပြတ်သည့် ဝိပဿနာ
ရှုမှတ်ပါမှ သွားတော့ခင်းရုပ် ပျောက်စေသတည်း။

## ၁၂။ အပါယ်ခရီး

ခိုးဝှက်လိမ်ပတ် သူ့သက်သတ်ကာ
မပြတ်စည်းစိမ် တိုက်တာအိမ်နှင့်
မနိမ်လူ့ဘဝ အောက်မကျအောင်
ဒီမောင်ငမိုက်သား ရှာဖွေထားပြီး
ဇနီးမယား သမီးသားတို့
ပျော်ဖို့ရွှင်ဖို့ ပြုံးပျော်ဖို့အတွက်
အသက်ပါရင်း ရှာခဲ့တယ်။
တနေ့သောအခါ ငါသေပါလျှင်
မကြင်သားသမီး ချစ်ဇနီးတို့
ငါ့ဖို့အိမ်စရာ သုံးရက်သာထား
မတရားမောင်းထုတ် အတင်းပို့သုသာန်
ကမ္ဘာဝါညှပ် ရွတ်ဖတ်ကြပြီး
ခရီးအပါယ် သွားလေဟယ်ဟု
ဂရုဏာကင်း အသေဆိုးခြင်း။

## ဒေါသစိတ်ကူး

စိတ်ကူးယဉ်ပြီး မကျေမနပ်ဖြစ်နေတာဟာ
တီဗီထဲကလူကြမ်းကို မကျေနပ်လို့ ဆဲနေတာနဲ့တူတယ်
ဟိုကဘာမှမဖြစ်ဘူး ကိုယ်ပဲအပါယ်ကျမှာ
အရိပ်ကိုအကောင်မထင်နဲ့လေ။

## ခံပေရော့

ငါ့သားသမီး ငါ့ဇနီးနှင့်
ပစ္စည်းဥစ္စာ ငါပိုင်တာလို့
ငါဟာအမြဲ စိတ်မှာစွဲပြီး
မနည်းပုံတွေ ဖော်ခဲ့တယ်
သေနီးအခါ ငါခေါ်ပါလည်း
လိုက်ပါမည့်သူ မရှိမှု၍
ဘယ်သူမလိုက် ကိုယ့်ထိုက်ကိုယ့်ကံ
ခံပါပေရော ခံပေရော။

ဇေယျာမင်း(ကေတု)

# မိုငြမ်းကိုးကားကျမ်းဂန်များ

| | |
|---|---|
| ၁။ ကမ္ဘာစောင့်တရား(၂)ပါး | ဆုထူးပန်ဆရာဟန် |
| ၂။ ပခုက္ကူဝိပဿနာသင်တန်းတိပ်ခွေ | ဆရာကြီးဦးကြင်ရွှေ |
| ၃။ ဒိဋ္ဌိဓမ္မော | သစ္စာဒီပကဆရာကြီးဦးကြည် |
| ၄။ နရသာသနာဗုဒ္ဓဝန္တနာမာန ဘုရားရှိခိုးကျမ်း | အရှင်တေဇိန္ဒ(ဝိဘီတက) |
| ၅။ အပါယ်ပိတ်တရားခွေ (VCD) | ဦးမြင့်လွင်(သန့်၊တည်၊ပွား) |
| ၆။ ဝိပဿနာအခြေခံနှင့်အဖြေမှန် | ဝိပဿနာဆရာကြီးဦးပဂျိုင် |
| ၇။ စူဋသောတာပန်ဖြစ်ခန်း(ဓါတ်ကမ္မဋ္ဌာန်း) | ဦးကိတ္တိ(သပိတ်အိုင်တောရဆရာတော်) |
| ၈။ တက္ကသိုလ်အဘိဓမ္မာပေါင်းချုပ် | ဒေါက်တာမင်းတင်မွန်(မဟာသဒ္ဓမ္မဇောတိက) |
| ၉။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အနှိုင်းမဲ့သစ္စာ | ပိုင်းလော့ဆရာတော်အရှင်ဇေယျပဏ္ဍိတ |
| ၁၀။ ဇာတိမလာရေးနှင့်နိဗ္ဗာန်အမြင် | ။ |
| ၁၁။ တုနှိုင်းမဲ့ကြည်ညိုဖွယ်မြတ်ဗုဒ္ဓနှင့် မြတ်ဗုဒ္ဓ၏အလုပ်ပေးတရား | ။ |
| ၁၂။ သက္ကာယဒိဋ္ဌိ(၂၀)နှင့် သံသရာမှထွက်လမ်းမြင်သောဉာဏ် | ။ |
| ၁၃။ ယောဂီများအတွက်အခြေခံသိမှတ်စရာ | ။ |
| ၁၄။ ''တရားမွန်'' ပုံပြသင်တန်းမှတ်စု | ။ |

| | | | |
|---|---|---|---|
| ၃၆။ | ဦးအောင်ကြည်ဝင်း+ဒေါ်အေးရီ မိသားစု | ငွေကြည်ဖြူ ကားဝပ်ရှော့ | ၂၀၀၀၀ |
| ၃၇။ | ဦးစိုင်းဇော်မိုး+ဒေါ်မငယ် မိသားစု | မယ်ခေါင်ရပ်၊ တာချီလိတ် | ၁၅၀၀၀ |
| ၃၈။ | ဦးသိန်းဝင်း+ဒေါ်ခင်ဆွေသက် မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၁၅၀၀၀ |
| ၃၉။ | ဦးဇော်နိုင်ဦး+မအေးမိုးမိုးသွယ် မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၁၅၀၀၀ |
| ၄၀။ | ဦးသန့်လွင်မိုး+ဒေါ်အေးအေးသန်း မိသားစု | ကားဝပ်ရှော့၊ ရန်ကုန် | ၁၅၀၀၀ |
| ၄၁။ | ဦးဆန်းဝင်း မိသားစု | (ရွှေသဲ) အိမ်ဆောက်ပစ္စည်းဆိုင် | ၁၄၀၀၀ |
| ၄၂။ | မန်နေဂျာ နှင့် ရုံးအဖွဲ့(မြန်မာ့လေကြောင်း) | တာလော့ရပ်၊ တာချီလိတ် | ၁၂၀၀၀ |
| ၄၃။ | ဦးစန်းမောင်+ဒေါ်ဝင်းနု မိသားစု | ကြယ်နီလာကုမ္ပဏီ၊ ရန်ကုန် | ၁၀၀၀၀ |
| ၄၄။ | ဦးခင်မောင်နိုင်+ဒေါ်အေးအေးတင့် မိသားစု | ကြယ်နီလာကုမ္ပဏီ၊ ရန်ကုန် | ၁၀၀၀၀ |
| ၄၅။ | ဒေါ်ဝင်းမာ မိသားစု (တော်ဝင်အိမ်ဆောက်ပစ္စည်းဆိုင်) | ဝိန်းကျောက်ရပ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၄၆။ | ဦးအောင်မျိုးဝင်း+ဒေါ်စိုးဥမ္မာ မိသားစု | ဆန်ဆိုင်း၊ တာချီလိတ် | ၁၀၀၀၀ |
| ၄၇။ | ဦးမြင့်ဌေး မိသားစု | ခမရ(၃၃၁)အုတ်လုပ်ငန်း | ၁၀၀၀၀ |
| ၄၈။ | ဦးဝင်းဌေး+ဒေါ်နုနုထွေး မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၄၉။ | ဦးတင်ဝင်း+မလှသန်းယဉ် မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၀။ | ဦးကျော်မိုးညွန့်+မကြူကြူမွေး မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၁။ | ဦးဘိုဘိုလတ်+ဒေါ်ဇောင်းယန်း မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၂။ | ဦးဖြူဝင်း+မထွေးခိုင် မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၃။ | ဦးနေလင်း မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၄။ | ဦးထွန်းဇော်ဝင်း+မစန်းစန်းဝင်း မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၅။ | ဦးတုတ်×(ဒေါ်နန်းခမ်းပန်) မိသားစု | ဝမ်ကောင်းရပ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၆။ | ဦးတိုးမြင့်+ဒေါ်လှဌေး မိသားစု | ပုန်းထွန်ရပ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၇။ | ဦးကျော်ဆွေ+ဒေါ်မြတင် မိသားစု | ဝမ်ကောင်းရပ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၈။ | ဒေါ်နန်းအွေ့ မိသားစု | တော်ကော့၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၉။ | ယမင်းလှိုင်၊ ညီမလေး-ယမင်းကိုကို မိသားစု | တော်ကော့၊ တာချီလိတ် | ၁၀၀၀၀ |

| | | | |
|---|---|---|---|
| ၆၀။ | ဦးအောင်ဖေယျ+မခင်မျိုးအေး မိသားစု | အီးပီစီဝင်း၊ တာချီလိတ် | ၁၀၀၀ဝိ |
| ၆၁။ | ဦးသိန်းဝင်း(၂)+ဒေါ်ဘူးရယ် မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀ဝိ |
| ၆၂။ | ဦးတင်စိန် မိသားစု | ကွမ်းခြံကုန်းမြို့ | ၁၀၀၀ဝိ |
| ၆၃။ | ဦးဝင်းနိုင်+ဒေါ်ခင်သန်းငွေ မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀ဝိ |
| ၆၄။ | ဦးလှမြင့်+မအေးအေးစန်း မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀ဝိ |
| ၆၅။ | ဦးဆုစိန္တာ+(ဒေါ်နန်းပန်) မိသားစု | စွန်မွန်းရပ်၊ ကျိုင်းတုံ | ၁၀၀၀ဝိ |
| ၆၆။ | ဦးစိုင်းတစ်+ဒေါ်နန်းဖူး မိသားစု | နောင်ရေးရပ်၊ ကျိုင်းတုံ | ၁၀၀၀ဝိ |
| ၆၇။ | ဦးမြင့်အောင်+ဒေါ်တင်တင်ဝင်း မိသားစု | ၂၃၈၊ အခန်း(၅) စိန်ပန်းမြိုင်လမ်း သုဝဏ္ဏ၊ ရန်ကုန် | ၁၀၀၀ဝိ |
| ၆၈။ | ဦးကျော်(တရားရုံးချုပ်ရှေ့နေ) | ရန်ကုန် | ၁၀၀၀ဝိ |
| ၆၉။ | ဦးမိုးအောင် မိသားစု | ဟိုတယ်ခရီး(မန်နေဂျာ) | ၁၀၀၀ဝိ |
| ၇၀။ | ဦးမြင့်လှိုင်+ဒေါ်နန်းယုံ မိသားစု | ဝိန်းကျောက်၊ တာချီလိတ် | ၁၀၀၀ဝိ |
| ၇၁။ | ဦးထွေး+ဒေါ်ခင်ညို မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀ဝိ |
| ၇၂။ | ဦးမောင်သိန်း+ဒေါ်စန်းတင် မိသားစု | ပုန်းထွန်ရပ်၊ တာချီလိတ်မြို့ | ၁၀၀၀ဝိ |
| ၇၃။ | ဦးအောင်ကြည်တင် မိသားစု | ကြယ်နီလာကုမ္ပဏီ၊ တာချီလိတ် | ၁၀၀၀ဝိ |
| ၇၄။ | (ဦးကျော်ခင်)+ဒေါ်စိန်မေ မိသားစု | ချီရွာ၊ စေတုတ္တရာမြို့နယ် | ၁၀၀၀ဝိ |
| ၇၅။ | ကိုအောင်မွန်ဦး+မသက်သက်မာ မိသားစု | ကြယ်နီလာကုမ္ပဏီ၊ ရန်ကုန် | ၅၀၀ဝိ |
| ၇၆။ | ဦးမောင်လင်း+ဒေါ်ခင်ထားရီ မိသားစု | (ရွှေသဲ)အိမ်ဆောက်ပစ္စည်းဆိုင် | ၅၀၀ဝိ |
| ၇၇။ | ဦးချစ်ထွန်း+ဒေါ်ခင်စော မိသားစု | မကဖ(၈)၊ တံတား(၁) | ၅၀၀ဝိ |
| ၇၈။ | ဦးစည်သူထက် မိသားစု | မြန်မာ့အာမခံလုပ်ငန်း | ၅၀၀ဝိ |
| ၇၉။ | ဦးအောင်လှိုင် မိသားစု | (လဝက)တံတား(၁)၊ တာချီလိတ် | ၃၀၀ဝိ |
| ၈၀။ | ဦးကျော်နိုင်ဝင်း မိသားစု | (လဝက)တံတား(၁)၊ တာချီလိတ် | ၃၀၀ဝိ |
| ၈၁။ | ဦးခင်စိုး+ဒေါ်ခင်ဆွေဦး မိသားစု | ကြယ်နီလာကုမ္ပဏီ၊ ရန်ကုန် | ၃၀၀ဝိ |
| ၈၂။ | ကိုမင်းမင်းဦး+မမီမီသိန်း မိသားစု | ကြယ်နီလာကုမ္ပဏီ၊ ရန်ကုန် | ၃၀၀ဝိ |
| ၈၃။ | ကိုဝေဖြိုးအောင် | ကြယ်နီလာကုမ္ပဏီ၊ ရန်ကုန် | ၃၀၀ဝိ |

| | | | |
|---|---|---|---|
| ၁၈၄။ | ကိုတင့်လွင်ဦး | ကြယ်နီလာကုမ္ပဏီ၊ ရန်ကုန် | ၃၀၀၀ိ |
| ၁၈၅။ | မခိုင်ငင့်မွန် | ကြယ်နီလာကုမ္ပဏီ၊ ရန်ကုန် | ၃၀၀၀ိ |
| ၁၈၆။ | ဦးစိုးနိုင်+မသင်းသင်းလှ မိသားစု | ကြယ်နီလာကုမ္ပဏီ၊ ရန်ကုန် | ၃၀၀၀ိ |
| ၁၈၇။ | မစိုးစိုးဝတ်ရည်မော် မိသားစု | ကြယ်နီလာကုမ္ပဏီ၊ ရန်ကုန် | ၃၀၀၀ိ |
| ၁၈၈။ | ဦးမောင်အေး+ဒေါ်သိန်းသိန်း မိသားစု | တော်ကျော့အတွင်း၊ တာချီလိတ် | ၃၀၀၀ိ |
| ၁၈၉။ | မတိုးတိုးအောင် | ကြယ်နီလာကုမ္ပဏီ၊ ရန်ကုန် | ၂၀၀၀ိ |
| ၁၉၀။ | မဥမ္မာသက် | ကြယ်နီလာကုမ္ပဏီ၊ ရန်ကုန် | ၁၅၀၀ိ |
| ၁၉၁။ | ဆရာလေး ဒေါ်နန္ဒာထေရိကာ | ဝေဠုဝန် ဝါတွင်းယောဂီ | ၃၀၀၀ိ |
| ၁၉၂။ | ဒေါ်နန်းမိုးခမ်း | ဝေဠုဝန် ဝါတွင်းယောဂီ | ၃၀၀၀ိ |
| ၁၉၃။ | ဆရာလေး ဒေါ်အဂ္ဂစာရီ | ဝေဠုဝန် ဝါတွင်းယောဂီ | ၆၀၀၀ိ |
| ၁၉၄။ | ဒေါ်နန်းကွီ | ဝေဠုဝန် ဝါတွင်းယောဂီ | ၃၀၀၀ိ |
| ၁၉၅။ | ဒေါ်နန်းငွေး | ဝေဠုဝန် ဝါတွင်းယောဂီ | ၃၀၀၀ိ |
| ၁၉၆။ | ဒေါ်မြင့်မြင့် | ဝေဠုဝန် ဝါတွင်းယောဂီ | ၃၀၀၀ိ |
| ၁၉၇။ | ဒေါ်ရွှေထား | ဝေဠုဝန် ဝါတွင်းယောဂီ | ၃၀၀၀ိ |
| ၁၉၈။ | ဒေါ်သန်းနွဲ့ | ဝေဠုဝန် ဝါတွင်းယောဂီ | ၃၀၀၀ိ |
| ၁၉၉။ | ဒေါ်ငွေရင် | ဝေဠုဝန် ဝါတွင်းယောဂီ | ၃၀၀၀ိ |
| ၂၀၀။ | ဒေါ်သီတာကြည် | ဝေဠုဝန် ဝါတွင်းယောဂီ | ၃၀၀၀ိ |
| ၂၀၁။ | ဒေါ်တင်ညွန့် | ဝေဠုဝန် ဝါတွင်းယောဂီ | ၃၀၀၀ိ |
| ၂၀၂။ | ဒေါ်ခင်ခင်ထွေး | ဝေဠုဝန် ဝါတွင်းယောဂီ | ၃၀၀၀ိ |

အမှတ် ........
ရက်စွဲ ........

ဤစာအုပ်မှာ. . .

တန်ဘိုး မဖြတ်နိုင်တဲ့

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့

အဆုံးအမများကို သိပ္ပံအမြင် နှင့် ယှဉ်ပြီး

လက်လှမ်းမှီသမျှ ထဲထဲဝင်ဝင် စုဆောင်းတင်ပြ

မှတ်တမ်းတင်ထားတာမို့

ယောဂီ သူတော်စင်တို့အတွက်

အားထားထိုက်တဲ့

စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါတယ် လို့

ရှုမြင်ခံစားမိပါတယ်။